# သစ္စာအနက်
# တဆယ့်ခြောက်ချက်

## အမှတ်စဉ်-(၁)



ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရား။

# ပဋိစ္စသမုပ္ပါဒ်တရား၊ ၁၂-ပါး၊ ထင်ရှားပေါ်လွင်-ဓာတ်အစဉ်

အမရပူရမြို့၊ မင်္ဂလာတိုက်ဟောင်း၊ မိုးကုတ်ဆရာတော် ဦးဝိမလ၏
ပဋိစ္စသမုပ္ပါဒ် ဖြတ်လမ်းကြည့်ရှုစရာ စက်ဝိုင်းဒေသနာ။




အဝိဇ္ဇာနှင့်၊ တဏှာရင်းခံ၊ ဥပါဒါန်၊ ကံကြောင့်-ရုပ်နာမ်ပေါ်၊ အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန်၊ ကံကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဖန်ဖန်၊ ဖြစ်ပြန်နည်းအလျှော်။ ဖြဟ္ဘာ-သိကြ၊၊ စသည်များက၊ ထင်ရှားပြုပြင်၊ ဖန်ဆင်း၊၊ အကြောင်းရင်းကြောင့်၊ လူနတ်များ၊ ရွာ၊ သတ္တဝါတို့၊ ဖြစ်လာရဟူ၊ မဟုတ်ဟု၊ ဉာဏ်ဖြင့်ရှု၍မြော်။
(သင်္ခါရဆောင်ပုဒ်) ဗူလနှစ်ပြ၊ သင်္ဂဟနှင့်၊ လေးခုအလွှာ၊ အင်္ဂါတဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့်၊ သုံးပါးအစပ်၊ နှစ်ရစ်မှုဝဋ်သုံး၊ ဝနှင့်၊ ကာလသုံးပြာ ဖြင့်၊ ဤနှစ်ဆယ် ဤရှုစ်သွယ်ကို အလွယ်ကျက်မှတ်၊ သိစေအစ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

အမရပူရမြို့ မဂ်လာတိုက်ဟောင်း

ကျေးဇူးတော်ရှင်

# အဂ္ဂမဟာပဏ္ဍိတ

# မိုးကုတ်ဆရာတော်ဘုရား

ဟောကြားတော်မူသော

# သစ္စာအာနက်

# တဆယ့်ခြောက်ချက်

ခန္ဓာ၁၁ချက်ရောက်

ဟောစဉ် ကျင့်စဉ် တရားတော်

## အမှတ်စဉ်-(၁)

အမရပူရမြို့
မဂ်လာတိုက်ဟောင်း မိုးကုတ်ဆရာတော်ဘုရားကြီး၏
ဝိပဿနာပြန့်ပွါးရေးအဖွဲ့၏ မူပိုင်ဖြစ်ပါသည်။

အဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ
ကူးယူ ထုတ်ဝေ၊ ဖြန့်ချီခြင်းမပြုရန်၊ လေးနက်စွာ
သတိပေးအပ်ပါသည်။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် ( ၁၅၂၃ )

ထုတ်ဝေသူ—
ဦးမောင်ကို
မောင်ကိုစာစဉ်
ယာယီထုတ်ဝေခွင့် မှတ်ပုံတင်နံပါတ် (၀၉၀၆)
၀၃—၃၅ အောလမ်း၊ မန္တလေး။

ပုံနှိပ်သူ—
ဦးမောင်ကို
မောင်ကိုပုံနှိပ်တိုက်
ယာယီမှတ်ပုံတင်နံပါတ် (၀၀၆၀)
၀၃—၃၅ အောလမ်း၊ မန္တလေးမှ/ရိုက်နှိပ်သည်။

ပဉ္စမနှိပ်ခြင်း အုပ်ရေ (၅၀၀၀)
၆—၁၂—၆၇

ကျေးဇူးတော်ရှင် မိုးကုတ် ဆရာ တော် ဘုရား ကြီး သည် အမရပူရမြို့၊ မန္တလေးမြို့၊ မိုးကုတ်မြို့ စသော မြို့ကြီးများတွင် အလှည့်ကျ၊ ရဟန်း ရှင် လူ၊ တရားနာ ပရိသတ်၊ ထောင်ပေါင်း များစွာကို၊ ခန္ဓာဉာဏ် ရောက် အောင်၊ ထိုးထိုး ထွင်းထွင်း အလုပ်စဉ်၌၊ အဟုတ်ပင် ရုပ်, နာမ် တို့, ဖြစ် အင် ကို၊ သိမြင် ရှုပွါး တရားများကို ကြိုးစား အားထုတ်နိုင်ကြစေရန်အတွက် လွန်မင်းစွာ အပင်ပန်းခံကာ၊ တရားဟောကြား နည်းပေး ဆုံးမတော်မူခဲ့ရာ၊ တပည့် တကာ တကာမ အပေါင်း၊ မရေ မတွက် နိုင် လောက် အောင် အသိ တရား ရကြ သ လောက် ဟောကြားဆုံးမတော်မူခဲ့သော တရားတော်များမှာ အတော် များများကို၊ လက်ရေးမူဖြင့် ရေး၍၎င်း၊ အသံဖမ်းစက်ပေါင်း များစွာဖြင့်၎င်း၊ အသံဖမ်းသွင်း ကူးယူထားခဲ့ကြပါသည်။

ယခုအချိန် ဆ ရာ တော် ဘု ရား ကြီး ၏ တပည့်ရင်းချာ တကာ· တကာမပေါင်း များစွာတို့က ဆရာတော်ဘုရားကြီး ဟောကြားထားခဲ့သော တရားတော်များကို၊ မပျောက်ပျက် နိုင်စေခြင်းငှါ ကျောက်တက် အက္ခရာ တင်၍၎င်း၊ အများ ပြည်သူတို့ အကျိုးများ၍၊ အသိတရား ရစေနိုင်ရန် အတွက် စေတနာ ရှေ့ထား၍၊ ဟောစဉ်တရားများကို၊ စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေ ဖြန့်ချိခဲ့ရာ လုပ်သား ပြည်သူများမှာ အလွန့် အလွန် အ ကျိုး ကျေး ဇူး များ ပြီး၊ အသိတရား ရရှိခဲ့ကြပါ သည်။

သို့သော် တရားစာအုပ်များ လေ့လာဖတ်ရှု၊ ထိုးထိုးထွင်းထွင်း၊ သိမြင်နိုင်ရန်သော်၎င်း။

တရားစာအုပ်များကို လေ့လာဖတ်ရှုပြီးနောက်၊ တကယ်ပေါက်ရောက်အောင် တရားအားထုတ်နိုင်ရန်သော်၎င်း။

ဤသစ္စာအနက် တဆယ့်ခြောက်ချက် စာအုပ်၌ပါရှိသော သစ္စာတရားကို အသေအချာ သိရှိပါမှ၊ တကယ် သိ, မြင်, ရှု, ပွါး, ပေါက်မြောက်နိုင်မည်လို့.....၊

(သစ္စာ ဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ)

ဟူသောဝစနတ္ထနှင့်အညီ ယခုထုတ်ဝေသော သစ္စာအနက်တဆယ့်ခြောက်ချက် ဟောစဉ် တရားတော် စာအုပ်ကို အမြဲလက်ကိုင်ထားပြီး အရင်ဖတ်ရှု မှတ်သားပြီးမှသာ တရားအားထုတ်ရာ၌ လိုရင်း ဆိုက်ရောက်မည်ဖြစ်ပါ၍၊ တရားလိုက်စား လေ့လာ အားထုတ် ပွါးများသူတိုင်း အိပ်ဆောင် အဖြစ်ဤစာအုပ် မပါလျှင် မလေ့လာ မဖတ်ရှုလျှင် မပြီးနိုင်သော စာအုပ်ဖြစ်ပါသည် သို့ပါ၍ ဤသစ္စာအနက်တဆယ့်ခြောက်ချက် တရားတော်စာအုပ်ကို၊ လေ့လာဖတ်ရှု၊ ပွါးများ၊ အားထုတ်ကြပါရန် လေးစားစွာ တိုက်တွန်းအပ်ပါသည်။

ကျော်သိန်း၊
6-12-67

# သစ္စာအနက်တဆယ့်ခြောက်ချက်မှာ

| | |
|---|---|
| ၁။ ဒုက္ခသစ္စာအနက် (၄) ချက်<br>၂။ သမုဒယသစ္စာအနက် (၄) ချက် | အမှတ်စဉ် (၁) |
| ၃။ နိရောဓ သစ္စာအနက် (၄) ချက်<br>၄။ မဂ္ဂ သစ္စာ အနက် (၄) ချက် | အမှတ်စဉ် (၂) |
| ၁။ ပီဠနဋ္ဌော<br>၂။ သင်္ခတဋ္ဌော<br>၃။ သန္တာပဋ္ဌော<br>၄။ ဝိပရိဏာမဋ္ဌော | ၁ |
| ၁။ အာယူဟနဋ္ဌော<br>၂။ နိဒါနဋ္ဌော<br>၃။ သံယောဂဋ္ဌော<br>၄။ ပလိဗောဓဋ္ဌော | ၂ |
| ၁။ နိဿရဏဋ္ဌော<br>၂။ ဝိဝေကဋ္ဌော<br>၃။ အသင်္ခတဋ္ဌော<br>၄။ အမတဋ္ဌော | ၃ |
| ၁။ နိယျာနဋ္ဌော<br>၂။ ဟေတွဋ္ဌော<br>၃။ ဒဿနဋ္ဌော<br>၄။ အဓိပတေယျဋ္ဌော | ၄ |

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း

ကျေးဇူးတော်ရှင်

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား

ဟောကြားတော်မူသော

# သစ္စာအနက် တဆယ့်ခြောက်ချက်

## ဒုက္ခသစ္စာ၏

## ပီဠနဋ္ဌအနက် တရားတော်

ယနေ့ အနုဗောဓဉာဏ်နှင့် ပဋိဝေဓဉာဏ်ကိုဟောမယ်လို့ မှတ်ထားပါ။

အနုဗောဓဉာဏ်နှင့် ပဋိဝေဓဉာဏ် ဤဉာဏ်နှစ်ပါးကို ဒုက္ခသစ္စာတခုတည်းမှာ ဤဉာဏ်နှစ်ပါးရှိတယ်လို့ မှတ်ပါ။ သစ္စာကတော့ ဒုက္ခသစ္စာဘဲ၊ ဒုက္ခသစ္စာကို ဉာဏ်နှစ်ပါးနှင့် ကြည့်ရမယ်၊ အနုဗောဓဉာဏ်ဆိုတာက ဆရာသမား ဟောတာကို အစဉ်လျှောက်ပြီးသကာလ ကြောက် ၊နဲ့ပြီးကြည့်လို့ ဖြစ်လာတာ။ ပဋိဝေဓဉာဏ်ဆိုတာက ကိုယ်တိုင်ကို ဝေဘန်ပြီးသကာလ ဖြစ်ထိုက်လို့ဖြစ်တဲ့အကြောင်း ကောင်းကောင်း သိတာ ပဋိဝေဓဉာဏ်။

အဲဒီတော့ သစ္စာသိတာသည် အနုဗောဓဉာဏ် တမျိုး၊ ပဋိဝေဓဉာဏ်ကော(တမျိုးပါဘုရား) မှတ်ထားကြပါ၊ အနုဗောဓဉာဏ်တမျိုး၊ ပဋိဝေဓဉာဏ်ကော (တမျိုးပါဘုရား)၊ ဒါလေးကို ရှေးဦးစွာ မှတ်ထားလိုက်စမ်းပါ။ ခြေ....ဒီနေ့ တည့်ဟာ ဒီအနုဗောဓဉာဏ်နဲ့ ပဋိဝေဓဉာဏ် ဟောပြီး သကာလနေမှာဘဲ။

အနုဗောဓဉာဏ်သည် တရားနာလို့ စာအုပ်ကြည့်လို့ရတဲ့ ဉာဏ်၊ ပဋိဝေဓဉာဏ်သည် ခန္ဓာထဲမှ မဂ်ဉာဏ်နဲ့ သေသေချာချာကြည့်လို့ တကယ်တန်း ဒုက္ခသစ္စာအစစ်ကို မြင်တာလို့မှတ်ပါ။ ဒါဖြင့် စာတတ်လို့ ကိစ္စမပြီးသေးဘူး၊ စာကြည့်တတ်လို့ ကိစ္စမပြီးသေးဘူး၊ ဝိပဿနာပွား ဉာဏ်ပွားတတ်ရုံနဲ့ ကိစ္စမပြီးသေးဘူး၊ ဒုက္ခသစ္စာကို(ဒုက္ခသစ္စာလို့ ပိုင်းခြား) သိတဲ့ ပဋိဝေဓဉာဏ်ရောက်မှ ကိစ္စပြီးမယ်လို့ ဒကာ ဒကာမတွေက မှတ်ထားကြပါ။

အဲဒီတော့ ဒီပဋိဝေဓဉာဏ်ဟာ တည တလုံးနှစ်လုံး ဟောနေတယ်ဆိုတာ ဦးဝတို့ သိလိမ့်မယ်၊ ဦးခင်မောင်တို့ သိမှာဘဲ၊ တည့်နှစ်လုံးထက်မပိုရဘူး နှစ်လုံးဘဲဟောတာ၊ဘယ်လောက်ဘဲ နာရီက (၁၀)မိနစ် ပိုသွားသွား၊ (၁၅)မိနစ်ဘဲ ပိုသွားသွား ပိုချင်ပိုပါစေ၊ ဟောတာကတော့ ဒီနှစ်လုံးဘဲ၊ သည့်ပြင် ဘယ်မှ မထွက်ဘူး၊ အဲဒီတော့ အနုဗောဓဉာဏ်ရဘို့သည် သာသနာတွင်းကြုံမှ၊ ပဋိဝေဓဉာဏ်ရဘို့သည် ကိုယ်တိုင် သာသနာကြုံရုံနှင့် မပြီးသေးဘူး ကိုယ်တိုင် အားထုတ်မှ မှတ်ထားကြစမ်းပါ (တင်ပါ့)၊အနုဗောဓဉာဏ်က သာသနာထွန်းကြုံလျှင် ကြားရ

နာမ်ရှိပါတယ်။ ပစ္စဝေက္ခဏာဉာဏ်က ကိုယ်တိုင်ကို အားထုတ်ကြည့်မှ....(မှန်လှပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ အနုဗောဓဉာဏ်နဲ့ ပစ္စဝေက္ခဏာဉာဏ်ကို ယနေ့ ဝေဘန်ပြီးသကာလ ဟောတော့မယ်လို့ ဆိုသဖြင့် ဒါ ဒုက္ခသစ္စာက စ ကိုင်မှာဘဲ၊ ဟောဒါက အနုဗောဓဉာဏ်နဲ့ အသိ၊ ဟောဒါက ပစ္စဝေက္ခဏာဉာဏ်နဲ့ အသိ ဆိုတာ ဒကာဒကာမတွေ ယနေ့ ဝေဘန်ပြမယ်။

အဲဒီတော့... ဒီခန္ဓာကိုယ်မှာ နာမ်ရုပ်ဘဲ ရှိတယ်ဆိုတာ လူတိုင်းသိတယ်၊ ဒီဘက်ကရုပ်၊ ဒီဘက်က နာမက္ခန္ဓာလေးပါး ခန္ဓာကိုယ်မှာ ဘာရှိကြ....(ရုပ်နှင့် နာမက္ခန္ဓာ လေးပါး ရှိပါဘုရား)၊ အဲ...ရုပ်နာမ်နှစ်ပါးဘဲရှိတယ်၊ ရုပ်ကတပါး၊ နာမ်က လေးပါး ဒါဘဲရှိတယ်လို့ မနေ့ကလဲ ဝေဘန်ပြခဲ့တယ်။

အဲဒီတော့ ဒီအတိုင်းသိတာသည် ဪ....သူလဲဖြစ်ပျက်မို့ ဒုက္ခသစ္စာဘဲ သူလဲဖြစ်ပျက်မို့ ဒုက္ခသစ္စာဘဲလို့ ဆရာသမားက ဟောထားတော့ ဒါ....အနုဗောဓဉာဏ် အသိပါ(မှန်လှပါ)၊ အနုဗောဓဉာဏ်သိလို့ အားလုံး မှတ်ထားကြစမ်းပါ။

ပစ္စဝေက္ခဏာဉာဏ်သိ ဆိုတာက ဒီလိုမဟုတ်ဘူး၊ ဒုက္ခသာ ပိဋကနဲ့ သိမှ ကိုထွန်းဦး(မှန်လှပါ)၊ ပိဋကနဲ့ သိမှ ကောင်းပြီ၊ ဒါ...ဖြစ်ပျက်မို့ ဒုက္ခသစ္စာ၊ သူလဲ ဖြစ်ပျက်မို့ ဒုက္ခသစ္စာ၊ ဖြစ်ဒုက္ခ ပျက်ဒုက္ခမို့ ဒုက္ခသစ္စာ သည်လိုသိကာမျှ မဟုတ်နဲ့ ဆိုတော့ ဝိပဿနာဉာဏ်ဖြစ်နေပြီ ဖြစ်ပျက်ကို ဖြစ်ပျက် ဆိုတော့ ဝိပဿနာဉာဏ်ဖြစ်နေတယ်၊ အဲဒီတော့ ဘုန်းကြီးတို့

ဒကာဒကာမတွေ အင်း ဒါ ဆရာသမားကလဲ ဖြစ်ပျက်ကို ကြည့်လိုက်တဲ့ အခါလဲ ဖြစ်ပျက်ဘဲ သိတယ်၊ ဒုက္ခသစ္စာကို မရောက်ဘူး၊ ဖြစ်ပျက်ဘဲ သူရောက်နေတယ်။ ဒါ....ဘာဉာဏ် ခေါ်ကြပါမယ်.... (အနုပဿနာဉာဏ်ပါဘုရား)၊ အနုပဿနာဘဲ ရှိသေးတယ်၊ အနုက အစဉ် ပဿနာ သိတာ။

ဪ.... ဆရာရဲ့ဉာဏ်ကို အစဉ်လျှောက်ပြီး သကာလ သက်ကြီးသူမတို့ ပြောတဲ့ဉာဏ် အစဉ်လျှောက်ပြီးသကာလ သိတဲ့အသိမျိုးဖြစ်သောကြောင့် ဒါ အနုပဿနာဉာဏ်လို့ သိပါ

ပဋိဝေဓဉာဏ်သိဘို့ ဒကာဒကာမတို့ တက်ပြတော့မယ်။ အနုပဿနာဉာဏ်က ဖြစ်ပျက်ကို သိမှုနော်။ ပဋိဝေဓဉာဏ်၊ သိမှုက သည်လို သိရတယ်.... သူဟာ နှိပ်စက်တတ်တဲ့တရား သူလဲ နှိပ်စက်တတ်တဲ့တရား ခန္ဓာကိုယ်ထဲမှာရှိနေတယ်၊ ရုပ်ကလဲ(နှိပ်စက်တတ်တဲ့တရား)၊ နာမ်ကကော(နှိပ်စက်တတ်တဲ့ တရား)ကဲ ...နှိပ်စက်တတ်တဲ့တရားလို့ဆိုတော့ ဪ ဒုက္ခသာ ပီဠနဋ္ဌော၊ ပီဠနဋ္ဌော သတ္တဝါကို ညှဉ်းတာမဖက် အမြဲနှိပ်စက် တတ်တယ်ဆိုတော့ အဲ့တော့ ဒကာဒကာမတွေ ထင်ရှား သထက် ထင်ရှားအောင် နှိပ်စက်ပုံကို ခင်ဗျားတို့ရထားတဲ့ ရုပ်နဲ့နာမ်ဟာ နှိပ်စက်ပုံရှင်းပြပါမယ်တဲ့။

အမေတယောက် ကလေး အမွှာပူးလေး မွေးလာ....၊ အမေတယောက်မှာ ကလေးအမွှာပူးမွေးတယ်၊ မွေးတဲ့ကလေး ထဲမှ တယောက်သောကလေးက ဘာပါလိမ့်မတုံး မေးတော့ ခြေကျိုးလက်ကျိုးနဲ့ သူငယ်နာဝမ်းပျက် ပါတယ်၊ ဒကာ ဒကာမတို့ တယောက်သောကလေးက ခြေကျိုးလက်ကျိုးရယ်

ဒီကလေးက သည်းခြေပျက်လဲ ပါတယ်၊ တယောက်သော ကလေးက ရှင်းပလား တယောက်သောကလေးက ဘာပါ လိမ့် မွေးလာကတည်းက (ခြေကျိုးလက်ကျိုး သည်းခြေပျက် ပါဘုရား)၊ ခြေကျိုး လက်ကျိုး သည်းခြေပျက် မွေးလာ ကတည်းက ခင်ဗျားတို့ စဉ်းစားကြည့်မယ်ဆိုလို့ရှိရင် သိပါ လိမ့်မယ်တဲ့။

တယောက်သော ကလေးကတော့ ခြေတော့လက်တော့ သန်မာရဲ့ မျက်လုံးနှစ်ကွင်းက အလင်းမရဘူး....(မှန်လှပါ)၊ သူငယ်နာဝမ်းပျက်က ပါလာသေးတယ် တယောက်သော ကလေးက (မှန်လှပါ)၊ ဒကာဒကာမတို့ မွေးလာကတည်းက သည်ကလေးတွေ သိကြပလား (သိပါပြီဘုရား)။

တယောက်သောကလေးက ဘာတဲ့ (ခြေကျိုး လက်ကျိုး သည်းခြေပျက်ပါဘုရား)၊ သူက ခြေကျိုးလက်ကျိုးနဲ့ သည်း ခြေပျက်၊ နာမက္ခန္ဓာလေးပါးက ခြေကျိုးလက်ကျိုးသည်းခြေ ပျက် ဝိပ္ပလ္လာသပါတယ် (မှန်လှပါ)၊ သေသေချာချာ နား ထောင်ကြ ဒကာဒကာမတို့ ကိုယ့်အဖြစ်ဆိုး သည်ကနေ့တော့ ကောင်းကောင်းကြီး ပေါ်တော့မယ်။

ဒုက္ခသစ္စာဆိုတာ ပေါ်တော့မယ်၊ ပဋိစ္စဆိုတော့.... ကိုထွန်းဦး ပဋိစ္စဆိုက်အောင် ဟောတော့မယ်(မှန်လှပါ)၊ ပဋိစ္စဆိုက်အောင် ထိုးထွင်းသိကိုရောက်အောင် သည်နေ့ ဟောလိမ့်မယ်၊ ထိုးထွင်းသိကို ခင်ဗျားတို့ ရောက်လို့ရှိရင် ဒါကြီးလိုချင်တယ်ဆိုတာ လာဦးမှာလား (မလာပါဘုရား)။

ရုပ်နာမ်ကို နောက်ထပ် ဆုတောင်းဦးမှာလား(မတောင်းတော့ပါဘုရား)၊ ဘာရုပ်နာမ်များ ဖြစ်ချင်သေးတုံး(ဘာရုပ်နာမ်မှမဖြစ်ချင်ပါဘုရား)၊ကိုင်း....ဟောဒီနာမ်ဓမ္မက ခြေကျိုးလက်ကျိုးနဲ့ သည်းခြေပျက် ဝမ်းတွင်းရှူးပေါ့ဗျာ၊ ရိုပ်မိကြပလား (မှန်လှပါဘုရား)၊ သူကဘာတဲ့... (သည်းခြေပျက်နဲ့ ဝမ်းတွင်းရှူးပါ ဘုရား)၊ ရုပ်လား နာမ်လား မေးတော့.... (နာမက္ခန္ဓာ လေးပါးပါဘုရား)။

အင်း ...ခြေကျိုးလက်ကျိုး သူကဘာတဲ့ (သည်းခြေပျက်ပါဘုရား)၊ သူကတော့ ခြေကောင်း လက်ကောင်း မျက်စိနှစ်ကွင်း အလင်းမရတဲ့ ရုပ်ကိုး .. (မှန်လှပါ)၊ ဘာမှ မသိဘူး ရုပ်ဆိုတာက ဆိုးတာဘဲ၊ ရုပ်ကတော့ဖြင့် မျက်စိနှစ်ကွင်း အလင်းမရဘူး မွေးကတည်းကနေ၁်။

သည်အထဲ ဘာပါလာတုံးဆိုတော့ သူငယ်နာဝမ်းပျက်ပါလာ၊ အုံ့ခလေး ရုပ်ဓမ္မကလဲ ဆိုးလိုက်တာ ကိုထွန်းဦးရယ် (မှန်လှပါဘုရား)။ ဒကာဒကာမတို့ ရုပ်ဓမ္မဆိုတော့ သည်ရုပ်ဓမ္မကတော့ ခြေကျိုး လက်ကျိုး မဟုတ်ပါဘူးတဲ့ မျက်စိနှစ်ကွင်း အလင်းမရတာပါ၊ ရုပ်ဆိုတာ မျက်စိမပါဘူး မျက်စိနှစ်ကွင်း အလင်းမရဘူးတဲ့။ သို့သော် ဘာပါလာ အဆိုးကဘာပါလာတုံး.... (သူငယ်နာဝမ်းပျက်ပါဘုရား)၊ သူငယ်နာဝမ်းပျက်ပါလာ ကောင်းပြီ။

ဒါ ခင်ဗျားတို့သဏ္ဌာန်မှာလဲ သည်နှစ်ခုရှိတယ်(မှန်လှပါ) နာမ်ဓမ္မနဲ့ ရုပ်ဓမ္မဘဲရှိဘယ် ကိုထွန်းဦးရ(မှန်လှပါ)၊ သည့်ပြင်ဘာများရှိသေး.... (မရှိပါဘုရား)။

ချုံးလိုက်တော့ နာမ်နဲ့ ရုပ်ရှိတယ်၊ အဲဒီတော့.... နှိပ်စက်ပုံကို ပေါ်အောင်ပြောရလိမ့်မယ်၊ ပဋိသန္ဓေ သူ့ကို ထိန်းကြောင်းနေတဲ့ပုဂ္ဂိုလ် နှိပ်စက်တော့မယ်ဆိုတာ ခင်ဗျားတို့ ခုကတည်းက ရိပ်မိတော့(မှန်လှပါ)၊ တော်တော်သေချာ ပြီလား (မှန်လှပါဘုရား)၊ နှိပ်စက်တော့မယ် ဒကာဒကာမတွေ.... နှိပ်စက်တော့မယ် ဦးဘဒင် (မှန်လှပါ)၊ ခြေကျိုး လက်ကျိုး သည်ဘက်က ခြေကျိုးလက်ကျိုး သည်းခြေရူး....(မှန်လှပါ)၊ အဲဒီတော့ ဒကာဒကာမတွေ ခြေကျိုးလက်ကျိုးဖြစ်တဲ့ သားကလေးကို ဒါ ငါ့ကိုယ်လုပ်နေတဲ့ပုဂ္ဂိုလ် ရှိသေးတာကိုး။

ဒါဖြင့်... ငါ့ကိုယ် လုပ်နေတဲ့ပုဂ္ဂိုလ်က အထိန်းသမား အကြောင်းသမား အမေနဲ့ မတူပေဘူးလား.... (တူပါတယ်ဘုရား)၊ ဒါလဲမည်သူတုံးဆို ငါဘဲ၊ ဒါလဲ (ငါဘဲ)၊ ဒါလဲ ငါ့ဥစ္စာဘဲ၊ ဒါကော(ငါ့ဥစ္စာပါဘုရား)၊ ဦးဘအုန်းကျုပ်တို့က ကျုပ်တို့ကိုက သားနှစ်ယောက်ကို တကယ်ကို အရေးတကြီး ခင်မင်ကြင်နာ နှစ်သက်ပြီးသကာလ နေလိုက်တဲ့ဖြစ်ခြင်း။

လာပုံကတော့ မွေးကတည်းက အမွှာပူးလေး မွေးလာပြန်၊ ရုပ်နဲ့ နာမ်က ပဋိသန္ဓေ ဝမ်းခေါင်းထဲနေတော့ အတူတူနေတာကိုး(တင်ပါ့)၊ ဒါကြောင့် အမွှာပူးလို့ ဆိုလိုက်တယ်။

ပြင်ဘက် မွေးဖွားလာပြန်တော့လဲ အမွှာပူးဘဲ(မှန်လှပါ) ရုပ်နဲ့ နာမ် တွဲမွေးတာဘဲ ရိပ်မိကြပလား (မှန်လှပါဘုရား)၊ အဲဒါကြီး ကျုပ်တို့ရထားသူက ဘယ့်နှယ်ကြောင့် ခြေကျိုး လက်ကျိုး ဆိုရပါလိမ့်မတုံးဆိုတော့ နာမ်ချည်းသက်သက်ဟာ

ရုပ်မပါဘဲနဲ့ ဖြင့် လိုရာအိမ်တအိမ်ကို သွားနိုင် မသွားနိုင်.. (မသွားနိုင်ပါဘုရား)၊ မသွားနိုင်ဘူး ရောက်အောင်ကို မသွားနိုင်ဘူး။ လှမ်းပြီး သူသွားချင်တဲ့ သဘောတော့ရှိရဲ့၊ ရောက်အောင်သွားနိုင်ရဲ့လား (မသွားနိုင်ပါဘုရား)၊ ဘာပြုလို့.. ခြေကျိုး လက်ကျိုး.... (မှန်လှပါဘုရား)၊ ရိပ်မိကြပလား..... (ရိပ်မိပါဘုရား)။

နာမ်က ဘာပါလိမ့် ( ခြေကျိုးလက်ကျိုးပါဘုရား ) သည် အထဲမှာ ဝေဒနာက ဘာပါလိမ့် ( သည်းခြေပျက်ပါဘုရား သည်း ခြေ ပျက် ရောဂါ ပါ လာ ဆို....၊ သည်းခြေပျက်ဆိုတ ရူးတာကို ခေါ်တယ် ဟုတ်လား။

သည့် ရုပ် နာမ် အနိစ္စတွေကိုဘဲ ယောကျ်ားထင်ချင်ထင် မိန်းမထင်ချင်ထင်၊ ကလေးထင်ချင်ထင်၊ မြေးထင်ချင်ထင်၊ မြစ် ထင် ချင် ထင်၊ ဟုတ် လား၊ အ ထွေး လေး ထင် ချင် ထ.. သားဦးလေး ထင်ချင်ထင် မလာဘူးလား.... (လာပါတယ် ဘုရား )၊ ဒါဖြင့် ရုပ်က ထင်တာလား၊ နာမ်က ထင်တာလား ( နာမ်က ထင်တာပါဘုရား )။

ဒါဖြင့် ဒကာ ဒကာမတို့ ... သူထင်နေတော့ကို သူထင်တဲ့ အတိုင်း ကျုပ်တို့ကလဲ လိုက်လုပ်နေရတော့ သူ့ကို၊ ထိ ကြောင်းရတဲ့ အမေမိဘနှင့်ဘူတဲ့ ငါထင်နေတဲ့ပုဂ္ဂိုလ်တွေပ.. ဒါတွေ .... ထင် နေ ရ တ ာ နှ င့် ကော အား ပါ အုံး မလ.. (မအားပါဘုရား)။

သူသည်းခြေရူးကို တခါတည်းအရူးပျောက်အောင် မဟုတ် ပါဘူးကွယ်၊ သည်လောက် မရူးပါနှင့် ဆိုပြီးသကာလ၊ သူ့ ထိန်းရ ကြောင်းရတာ လွယ်လိမ့်မယ် ထင်သလား၊ မလွယ်ဘူး

သင်သလား (မလွယ်ပါဘုရား) မလွယ်ဘူးနော် မလွယ်ဘူး။ မလွယ်ဘူး ဝမ်းတွင်းကလဲ ပါလာတာကိုး၊ ဝမ်းတွင်းကလဲ ပါလာတယ် ရိပ်မိကြပလား။ ?

နာမ်ရုပ်ဆုတောင်းချင်တဲ့ပုဂ္ဂိုလ်တွေနော် သတိထားလိုက်စမ်းပါ၊ ပင်ဂိုရိက ဒါအမှန်ပြောတာနော်။ နှိပ်စက်တော့မယ်ဆိုတော့ သူ့ကို ထိန်းကြောင်းနေရတဲ့ ယောကျာ်းဖြင့်လဲ ဥပမာမယ်.... ဒကာဝဖြင့် ဒကာဝက ထိန်း၊ ဦးဘကြည်ဖြင့် ဦးဘကြည်ကထိန်း၊ သူ့ ထိန်းကြောင်းနေရတဲ့ပုဂ္ဂိုလ်များမှာ ဆိုးလိုက်တာ ဝေဒနာကလဲ ဆိုးလိုက်တာ လွန် လို့ ဟုတ်လား။

အင်္ဂါ ကြီးငယ်လဲ မစုံဘူး၊ စုံသေးရဲ့လား(မစုံပါဘုရား)၊ အင်္ဂါကြီးငယ်ကလဲ မစုံ၊ အရှူးထ့တာကလဲခဏခဏ အားကြသေးရဲ့လား ?(မအားပါဘုရား)၊ အဲဒီ တော့ခင်ဗျားတို့တစု အရှူးထ ထားကြတာနဲ့ သားပူ သမီးပူ ဆွေပူ မျိုးပူတွေ ကိုင်း....အရင်က ဒါတွေပါရဲ့လား(မပါပါဘုရား)။

သည်းခြေရှူးထလိုက်တာ(မှန်လှပါဘုရား)နာမ်ဓမ္မလဲသည်းခြေရှူးထလိုက်တာ၊ အခုတော့ဖြင့်....သားကြောင့်ဖြင့် အပါယ်ကျရတော့မယ်၊ သမီးကြောင့်ဖြင့် အပါယ် ကျရတော့မယ်၊ သားကြောင့်လဲ သေခြင်းဆိုး သေရ၊ သမီးကြောင့်လဲ သေခြင်းဆိုးသေရ၊ ခင်ပွန်းမကြောင့် သေခြင်းဆိုး သေရတော့မဲ့ပုံတွေလဲ ခင်ဗျားတို့ သည်းခြေထလို့ ဒါကို သဘောကျကြပလား (ကျပါပြီဘုရား)။

ခြေကျိုး လက်ကျိုးတဲ့ ကျိုးတော့ မကျိုးဘူးလား (ကျိုးပါတယ်ဘုရား)၊ သူ့ချည်းသက်သက်ကော သွားနိုင်ရဲ့လား (မသွားနိုင်ပါဘုရား)။

မသွားနိုင်တော့ ခြေကျိုးလက်ကျိုးလဲ ဖြစ်ပြန်၊ ခြေကျိုးလက်ကျိုးမို့လဲ အမေမိဘက ပိုချစ်သကိုးဗျ (မှန်လှပါ)၊ သည့်ပြင်ကလေးထက် ပိုချစ်တယ်(တင်ပါ) ဒကာ ဒကာမတွေ ဟုတ်မှ ဟုတ်ကြရဲ့လား?(ဟုတ်ပါတယ်ဘုရား)။

သည့်ပြင်ကလေးထက် ပိုချစ်တယ်နော်၊ သည်းခြေရှုးလေးမို့လဲ တခါထဲ အမေမိဘလုပ်တဲ့ပုဂ္ဂိုလ်က ဘယ့်နှယ်နေတုံး (ပိုချစ်ပါတယ်ဘုရား)၊ ပိုချစ်တော့ သက္ကာယဒိဋ္ဌိက သူ့ပေါ်မှာ သိပ်စွဲတယ်။ နှိပ်စက်လိုက်တာလဲ သည်းခြေမှုးမို့ အချိုပေးလဲခါးတယ် ပြောချင်ပြောတယ်၊ ဟင် အချဉ်ကျွေးလဲ ဖန်တယ်လို့ ပြောချင်ပြော၊ ဝိပ္ပလ္လာသပါတယ် (မှန် လှ ပါ) မပါဘူးလား (ပါပါတယ်ဘုရား)။

အဲသည်တော့ သူဟာ ကိန်းရာအမေမိဘလုပ်သူကို ပေးဒါနဲ့ တော်ပြီတန်ပြီလို့ လာရဲ့လား၊ မဟုတ်ဘူးချည့်ညင်းနေသလား (မဟုတ်ဘူးချည့် ညင်းနေပါတယ် ဘုရား)၊ နေတော့ ကိန်းရာပုဂ္ဂိုလ်ကို သူတို့သည်ကားဆိုရင် သူတို့အလိုလိုက် သူတို့အကြိုက်နေရတာနှင့် သည်ပုဂ္ဂိုလ် အပါယ်ကျသင့် မကျသင့် (ကျသင့်ပါတယ်ဘုရား)။

တ ကယ် နှိပ် စက် ပုံ ရိပ်မိကြပလား (ရိပ်မိပါပြီဘုရား)၊ ဘယ်သူကနှိပ်စက်တာတုံး( ဝမ်းတွင်းရှုးနှိပ်စက်တာပါဘုရား) အဲဒါခင်ဗျားတို့ ယခုကလေးမဖြစ်စေချင်လို့ လူကြီးဖြစ်အောင်

လို့ နှိပ်စက်တတ်တဲ့တရားကိုအောင်....တယ်နှိပ်စက်ပါလား ပိဋ္ဌနဋ္ဌောဆိုတဲ့အတိုင်း သည်းခြေရှုံး ခြေကျိုးလက်ကျိုးက တို့အပေါ်မှ ဘယ်မှ မသွားနိုင်လို့ သူ့ပြုနေရတာနှင့်ကော အားကြွသေးရဲ့လား (မအားပါဘုရား)။

မယုံလို့ရှိရင် မနေ့ကပြောတဲ့ မျက်လုံးပေါက်တခုထဲက နေလိုရာပေးကြည့် မအားဘူး၊ မျက်လုံးပေါက် တ ခု ထဲ က တော်ပြီတန်ပြီလို့မျှား လာရဲ့လား (မလာပါဘုရား)၊ နားပေါက်တခုထဲကရော (မလာပါဘုရား)၊ ကနေ့ဘဲ ရေဒီယိုဖွင့်ပြန့်ပြီ (မှန်လှပါ)၊ နောက်တနေ့ကြပြန်တော့ကော (ဖွင့်ပါတယ်ဘုရား)၊နားပေါက်အခွန်ဆက်နေရဒါတွေလေ သည်းခြေရှုံးကိုးဗျ(မှန်လှပါ) ရိပ်မိကြပလား(မှန်လှပါဘုရား)။

အဲသည်လောက်တောင် အခွန်ဆက်လို့တောင်မှ သည်းခြေရှုံးကလဲ ပျောက်ကဲ့လားလို့မေးစမ်းပါအုံး(မပျောက်ပါဘုရား)။

ဒါဖြင့်.... သည်အမေလုပ်တဲ့ ပုဂ္ဂိုလ်မှာ သူတို့အကြိုက်ကိုလိုက်လုပ်ပေးနေရတာနဲ့ ဦးဘကြည် ဘယ်တော့အားမတုံး (မအားပါဘုရား) ဒါ....ဒုက္ခသစ္စာပေါ်စေချင်လို့ ပြောနေတာ၊ ကိန်းရာခင်တဲ့ပုဂ္ဂိုလ်ကို နှိပ် စက် တတ် တယ် ဆို တာသဘောကျပလား (ကျပါပြီခင်ဗျား)။

ဒါဖြင့် ဘယ်ပုဂ္ဂိုလ်မဆို နှိပ်စက်မှာဘဲ၊ သူ့ကို ခင်နေကြလို့ရှိရင်(မှန်လှပါဘုရား)၊ဘယ်သူ့ချန်အုံးမှာတုံး(ဘယ်သူမှမချန်ပါဘုရား) ဘယ်သူမှ မချန်ဘူးနော်။

ဒကာ ဒကာမတို့ နှာမ်မွေလေးက ကိုယ့်စိတ်ကလေးကိုဘဲ အင်း-ဝမ်းသာရသေးတယ်၊ ကိုယ့်စိတ်ကလေးကို ဝမ်းသာပြီး သကာလ ခင်နေတယ်၊ ကိုယ့်ရုပ်ကလေး ကြည့်တဲ့ကြည့်တဲ့ပြီး သကာလ တော်တော်သေးတယ် ကျန်းမာသေးလို့ဟုတ်လား၊ ကိုယ့်စိတ်ကလေးကလဲ စိတ်ကောင်းကလေး မွေးလိုက်လို့ တော်တော်သေးတယ်။ နှိပ်စက်တယ်လို့ "တခါမှမလာဘူး" တော်သေးရဲ့ချည့်ဘဲ (မှန်လှပါဘုရား)။

ယခုတော့ဖြင့် မွေးလာထဲက ခင်ဗျားတို့ ကြည့်ပါတော့တဲ့။ ဘာလေးမွေးလာတယ်ဆိုတာ ပေါ်ကြပလား (ပေါ်ကြပါပြီ ဘုရား)၊ ဘာလေးတုံး ခြေကျိုးလက်ကျိုးနှင့် သည်းခြေပျက် လေးမွေးလာ(တင်ပါ) ဦးသာငွေး အားပါအုန်းမလား ထိန်း ရတဲ့အမေမိဘ ဘယ့်နှယ်နေပါ(မအားတော့ပါဘုရား)။

ဒါကြောင့်.... ခင်ဗျားတို့ နေ့တိုင်းလိုလိုဘဲ သူ့အတွက်၊ သည်းခြေပျက်အတွက်ကို တခါထဲ အချိုဆိုလို့ရှိရင်လဲ ချို လွန်းတယ်ဆိုပြီး မစားပြန်လို့ဟုတ်လား၊ အချိုလျှော့ချက် ရတာနဲ့ အင်း ...လျှော့ချက်ရတာနှင့် အားကြသေးရဲ့လား (မအားပါဘုရား)။

ဘယ့်နှယ်ဖြစ်နေလို့ ဒါလောက်တောင် ပြုစုရတာတုံး၊ ကိန်းရာအမေမိဘနှင့်တူဘဲ့ ပုဂ္ဂိုလ်က (သည်းခြေပျက်မို့ပါ ဘုရား)၊ သည်းခြေပျက်ကို ချစ်မိလို့(မှန်လှပါဘုရား)။

ဒါဖြင့် သည်းခြေပျက်ကိုချစ်နေတဲ့ ပုဂ္ဂိုလ်တဦးတယောက် သည် သည်းခြေပျက်နှိပ်စက်တာ အကုန်ခံရမယ်။ ခံရမလား မခံရဘူးလား(ခံရပါတယ်ဘုရား)၊ နေလို့ကော အားမလား (မအားပါဘုရား)။

သူက တောင်သွားချင် မြောက်သွားချင်၊ စိတ်ကလေ.... တောင်သွားချင် မြောက်သွားချင် ခင်ဗျားတို့က ပိုနိုင်ရဲ့လား (မပိုနိုင်ပါဘုရား)၊ မပိုနိုင်လို့ရှိရင် သူက မသွားရလို့ ဝမ်းနည်းတာနှင့် မသွားရလို့ မြေလှိမ့်ချင်တာနှင့် သူကလာပြီ၊ မလာဘူးလား—လာမလား(လာပါတယ်ဘုရား)။

လာတော့ ခင်ဗျားတို့က ဒါလောက်တောင် သွားချင်လှ သွားလိုက်အုံးမယ်ကွ ဆိုပြီး သူ့လိုက်ပို့ရတာနဲ့ မအားလှဘူး၊ နှေးတယ်ထင်လို့ မော်တော်ကား ဝယ်ပေးရတယ်၊ တခါတလေ ကိစ္စကြီးတယ်လို့ သူကပြောတာနှင့် လေယာဉ်ပျံနှင့်သွားရတယ်(မှန်လှပါဘုရား)။

သေချင်လဲ သေပစေတော့ကွာ မတတ်နိုင်ဘူး (မှန်လှပါ) ဒါလောက်တောင် သည်းခြေပျက်က နှိပ်စက်တာ ပေါ်ပလား ဦးဘတင်ရ (ပေါ်ပါပြီဘုရား)။

သည်းခြေပျက်နှိပ်စက်ပုံပေါ်ကြပလား(ပေါ်ပါပြီဘုရား) အမယ်လေး ဒကာဒကာမတွေက ခင်ဗျားတို့ခန္ဓာက နှိပ်စက်ပုံကို မသိလို့ နှိပ်စက်ပုံပြောနေတာ။

ဒါဖြင့်.... ဒုက္ခဿ ဒုက္ခသစ္စာ၏ ဒါက ဒုက္ခသစ္စာဘဲ၊ ပီဠနဋ္ဌော ခင်ရာပုဂ္ဂိုလ်ကို ညှာတာမဘာက် အမြဲနှိပ်စက်တယ် (မှန်လှပါဘုရား)။ သူ့ကို နှစ်သက်ဘဲ့ အမေကို ဘာတုံး (နှိပ်စက်ပါတယ်ဘုရား) နှိပ်စက်နေတယ်။

မွေးထုတ်ဘဲ့ အမေကလဲ ခင်ဗျားတို့သိဘဲ့အတိုင်း ဘာတဲ့ ခြေကျိုးလက်ကျိုးလဲဖြစ်ပြန်၊ သည်းခြေပျက်ကလေးကလဲဖြစ်ပြန်ဆိုတော့ အော်...သူ့ပိုယုယရမယ်ဆိုပြီး ခင်ဗျားတို့ကလဲ

ပိုခင်နေတာဘဲ (မှန်လှပါဘုရား)၊ ရိပ်မိကြပလား(မှန်လှပါဘုရား)၊ ယုယတာပေါ့ဗျာ ကြိုက်တာ ဝယ်ပေးနေရတာ (တင်ပါဘုရား)။

အစားဘက်ကကော (ပေးရပါဘုရား)၊ အဝတ်ဘက်ကကော (ပေးရပါဘုရား)၊ ကြိုက်တာဝယ်ပေး ကြိုက်နေရက်နှင့်မတ်တ သည်းခြေက ထ,လာလို့ ဟာ ဒါကြီးက ခေတ်နောက်ကျသွားပြီ မဝတ်တော့ဘူး၊ ဒါ....သည်းခြေပျက် ထလာတာ (မှန်လှပါဘုရား)၊ ရိပ်မိပလား (မှန်လှပါဘုရား)။ ဘာဖြစ်တာတုံး (သည်းခြေပျက်ထ,လာတာပါဘုရား)သည်းခြေပျက်ထ,လာတာ ဒကာ ဒကာမတို့ရဲ့။

အဲ ...သည်လောက် နှိပ်စက်တော့ ခင်ဗျားတို့မှာ သူ့ပြုဘို့စုဘို့ဟာနဲ့ဘဲ.... ပြုလို့ စုလို့ အားသေးရဲ့လား (မအားပါဘုရား)၊ ရုပ်ခမ္မ မထိသေးပါဘူး၊ နှိပ်စက်ပုံ၊ နာမ်က နှိပ်စက်ပုံကိုပြောတာ။

ဦးဘရီ နာမ်က ဘယ်လောက်နှိပ်စက်တုံး(အင်မတန် နှိပ်စက်ပါတယ်ဘုရား) အင် မ တန် နှိပ် စက် တယ် ဟုတ်လား၊ နောက်ကားဝယ်နိုင်ဘဲ့ ပုဂ္ဂိုလ်ဖြစ်ရင် အရင်ကား မစီးချင်ဘူး နောက်ကားမှ စီးချင်တယ်၊ သည်းခြေထလာပြီ ရိပ်မိကြပလား(မှန်လှပါဘုရား)။

ဘာဖြစ်လာတယ်သင်ဟုံး (သည်း ခြေ ထ လာ လို့ ပါဘုရား)၊ နဂိုရှိကမွေးလာထဲကပါတယ်ဗျ ဒီဝေဒနာ(မှန်လှပါဘုရား)၊ ဝိပ္ပလ္လာသပါတယ်(မှန်လှပါဘုရား)၊ ဝိပ္ပလ္လာသစွန့်ပြီး မွေးတာလား၊ မစွန့်ဘဲ မွေးတာလား(မစွန့်ဘဲနှင့် မွေးတာပါဘုရား)။

မစွန့်ဘဲနှင့်မွေးတော့ သည်းခြေပျက်လို့ ဥပမာထားပြီး မဟောထိုက်ဘူးလား (ဟောထိုက်ပါတယ်ဘုရား)၊ ရှင်းကြပလား (ရှင်းပါပြီဘုရား)။

အော်....ဒါကြောင့် ဒကာ ဒကာမတွေမှာ သူ့ကိုခင်နေတဲ့ အမေမိဘဖြင့်ဗျာ နေ့လဲ မအားတော့ဘူး၊ ညကော(မအားတော့ပါဘုရား)၊ ရှာဟဲ့ ဖွေဟဲ့ လုပ်ဟဲ့ ကိုင်ဟဲ့ ပြုဟဲ့ စုဟဲ့.... ဟုတ်လား(မှန်လှပါဘုရား)။

သို့သော်....သူက မျက်နှာကြည်ကြည်သာသာနှင့် လက်ခံသလားတဲ့ ဟုတ်လား၊ မကြည်မသာနှင့်ဘဲ ပြုရစုရတာ၊ ချစ်တာနှင့်ဘဲ အောင့်အီးသည်းခံပြီး ပေးလိုက်ရတာ ဘယ်တော့မှ အလိုပြည့်တယ်မရှိဘူး(မှန်လှပါ)။

သည်းခြေပျက် ဘယ်တော့ အလို ပြည့်မှာတုံး(မပြည့်ပါဘုရား) ဒါနှင့်သာ အင်း....မောလှန်းလို့ အိပ်လိုက်ရတာ၊ တော်ပြီကွာ မင်းတို့ခိုင်းတာတွေလဲ အကုန်လုပ်ပြီးပါပြီ၊ ဝမ်းပြည့်အောင်လဲ အခွန်တွေဘာတွေ ဆက်ပြီးပါပြီ မောလှချီသေးရဲ့ ဆိုပြီးသာ အိပ်လိုက်ရတာ၊ သူတို့က မအိပ်ဘူး (မှန်လှပါ)။

ဘယ်နှယ်နေတုံး(မအိပ်ပါဘုရား) သူက မအိပ်သေးဘူး၊ သူက သည်လောကီအာရုံတွေကို ပြုနေရလျှင်ပြု၊ မပြုရလို့ရှိရင် အတိတ်ဘဝက အာရုံတွေ သွားပြုတယ် (မှန်လှပါဘုရား)သူက မအိပ်ဘူး (မအိပ်ပါဘုရား)၊ အောင်မယ်လေး ခက်လိုက်တဲ့ဖြစ်ခြင်း၊ သူကကျုပ်တို့ ပြုစုတဲ့လူ၊ နားလို့သာ နားလိုက်တယ် သူက အိပ်ကဲ့လား(မအိပ်ပါဘုရား)။

သူက ယခုလိုအခါကြတော့ ဇောစိတ်နဲ့ သဘောကျပလား (မှန်လှပါဘုရား)၊ အိပ်နေတော့ သူဘဝင်စိတ်နှင့်မဟုတ်ဘူးလား၊ အဲသည်တော့.... သူကတော့ ဘဝင်စိတ်နှင့်ဆိုတော့ အတိတ်ဘဝကအာရုံတွေ အကုန်သွားပြီး ကြက်စားနေလိုက်တာ၊ ပစ္စုပ္ပန်တော့ဖြင့် ကိန်းရာပုဂ္ဂိုလ် ခိုင်းနေလိုက်တာ ရိုပ်မိကြပလား(မှန်လှပါဘုရား)။

ဘယ်တော့မျှ အားကြမှာတုံး(မအားပါဘုရား)၊ ဟာအဖိုးကြီးတွေဖြစ်ပြီ အဖွားကြီးတွေဖြစ်ပြီ၊ အဲသည် အဖိုးကြီးအဖွားကြီး အသာချိတ်ထား၊ အဖိုးကြီးခိုင်းခိုင်းပါအုန်းမယ် ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။အဖွားကြီးဖြစ်ပြန်တော့ကော (အဖွားကြီးခိုင်း ခိုင်းပါဘုရား)။

အဖွားကြီးခိုင်း ခိုင်းမယ်၊ တောင်ဝှေးထောက်ပြီး နင့်မြေးအိမ် သွားပါလား၊ နင်သွားနိုင်တုံး သွားရတာဆို ခိုင်းတော့ (မှန်လှပါဘုရား) ရိပ်မိပလား(ရိပ်မိပါပြီဘုရား)။

အဲ....သည်လောက်တောင် အရုပ်ဆိုးနေတယ်၊ သည်းခြေပျက်သွားကို မွေးမိသည့်အတွက် ခင်ဗျားတို့မှာ ယခုနေ့တိုင်းမအားတာ၊ ရိပ်မိကြပလား (ရိပ်မိပါပြီဘုရား)၊ ကြည့်လေ ရိပ်မိပလား(ရိပ်မိပါဘုရား)။

ဒါဖြင့် ဘယ်ပုဂ္ဂိုလ် ညာသတုံး (ဘယ်ပုဂ္ဂိုလ်မှ မညာပါဘုရား)။ သူ့မွေးမိတဲ့ပုဂ္ဂိုလ်၊ မွေးမိတဲ့ အမေအဖေကို ညာတာရိုး ထုံးစံရှိရဲ့လား (မရှိပါဘုရား)၊ ဒါဖြင့် သူနှိပ်စက်တာ မှန်ပါရဲ့လား(မှန်ပါတယ်ဘုရား)။

ဒါဖြင့် ပီဋ္ဌနဋ္ဌေဘဆိုတာ သူဘဲ၊ သတ္တဝါကို ညှာတာမဖက် အမြဲနှိပ်စက်တတ်တယ်ဆိုတာ ဒကာ ဒကာမတွေ ကြေနပ်ကြပလား (ကြေနပ်ပါပြီဘုရား)။

သေသည့်တိုင်အောင် နှိပ်စက်တယ်၊ ဘိုင်းဘိုင်းလဲသေသူကတော့သေ သူကတော့ နှိပ်စက်တာကတော့ မလျှော့ဘူး "သစ္စာ"ဘာတဲ့တုံး (သစ္စာပါဘုရား)။

သစ္စာဆိုတော့.... ဘယ်သူ့ ငွေအုံးမှာတုံး(မငဲ့ပါဘုရား)၊ ဘုရားကိုယ်တော်ကြီးတောင်မှ ခမြာမှာ နှိပ်စက်ခံရသေးတာဘဲ။ ကိုယ်တော်ကြီး ဟိုကြွလိုက် သည်ကြွလိုက်နဲ့ ခိုင်းလိုက်တာဘဲ(မှန်လှပါ)၊ မခိုင်းဘူးလား(ခိုင်းပါတယ်ဘုရား)။

အဲဒါဝိပ္ပလ္လာသစွန့်ပြီးသားမို့ လမ်းဖြောင့်နိုင်းလို့ တော်တော်သေးရဲ့ (မှန်လှပါဘုရား)၊ ကျုပ်တို့တော့ သေလမ်းချည်းဘဲတွန်းတာ သူက ရိပ်မိကြပလား(ရိပ်မိပါပြီဘုရား)။

မိုးရွာထဲ သွားကွ မိုးရွာတာမျှား အရေးလုပ်မနေနဲ့ (မှန်လှပါ) ဟုတ်လား၊ နေပူပြန်တော့လဲ (ခိုင်းပါဘုရား)။ သူခိုး ဒါးပြတွေ ထူတော့ကော (ခိုင်းဒါဘဲဘုရား)၊ ရေထဲ.... မိုးထဲကော (ခိုင်းပါဘုရား)၊ လှိုင်းတွေ ဝဲတွေရှိသကွ ဆိုရင်ကော(ခိုင်းပါဘုရား)။

"သည်းခြေရူး"က ခိုင်းတာ၊ ခင်ဗျားတို့မို့ လုပ်နိုင်တာ၊ အဲ့လွန်းလို့ ရိပ်မိပလား?(ရိပ်မိပါဘုရား)၊ ဘယ်သူက ခိုင်းတာတုံး(သည်းခြေရူးက ခိုင်းတာပါဘုရား)၊ သည်းခြေရူးက

ခိုင်းတဲ့ဥစ္စာ....ခင်ဗျားတို့ တော်တော်ကြာ ဟိုအလုပ်ပြောင်းခိုင်း၊ သည်အလုပ်ပြောင်းခိုင်း အော် ...ဘယ်သူက ပြောင်းခိုင်းနေတာပါလိမ့် ?(သည်းခြေရူးကပါဘုရား)။

ရိပ်မိကြပလား၊ စိတ်သွားတိုင်း ကိုယ်ပါပြီးသကာလ....နေရတာဘဲရှိတယ်၊ ကြာတော့ ...စိတ်ကသာ ပန်းပန်းနေတယ်၊ ကိုယ်က မလိုက်နိုင်တာနဲ့ ဘုတ်ထိုင်များ ထိုင်လိုက်ရတယ်။ ခိုင်းတာတော့လွန်နေတာဘဲ(မှန်လှပါဘုရား)။

ဟိုသွဲ မင်းသွားလိုက်၊ သည်လဲ မင်းသွားလိုက် သွားစရာတွေက တနေ့(၉)ခု (၁၀)ခု၊ သဘောကျပလား ? (ကျပါဘုရား)။ ကြာတော့ ...သွားနိုင်သေးရဲ့လား ? (မသွားနိုင်ပါဘုရား)။

သည်းခြေရူး ခိုင်းသလောက် ခင်ဗျားတို့က ဘာလို့လိုက်နာနေရတာလဲ(မှန်လှပါ)၊ ဒါဖြင့်....နာမ်ဓမ္မသည် ဘာနဲ့တူသတုံးဆိုရင်ဖြင့် သူကတော့ ခြေကျိုးလက်ကျိုးဘဲ(မှန်လှပါဘုရား) ဟုတ်ပလား။

သည်းခြေရူးလေး ပါတဲ့အတွက် သူ့အမေကို အမြဲအပြုအစုခိုင်းနေတယ်၊ သူ့အမေဆိုတာ တခြားမဟုတ်ဘူး နာမ်ဓမ္မ ခင်နေတဲ့သူ ဟုတ်ပါသလား။

ဒါ....သူက အမေကြီး မှတ်နေတာ၊ ကိုယ့်စိတ်ကလေး၊ ကိုယ့်နာမ်ကလေးကို ငါထင်နေလို့ရှိရင် ဘာဆိုကြမတုံး ?၊ ဒါအမေဘဲ။ ကိုယ့်ရုပ်ဓမ္မကလေးကို (ကိုယ်)ထင်နေလို့ရှိရင် ဒါ—မွေးသမိခင်ဘဲ သူမွေးထားတာကိုး ရိပ်မိကြပလား။ ?

ဒီကာ ဒကာမတို့ အော် .... ခင်ဗျားတို့ ကံမကောင်း အကြောင်း မသင့်ကြလို့ ခြေကျိုးလက်ကျိုး သည်းခြေရူး မွေးမိတာလား။ ဆုတောင်း ယူထားတာလား၊ ဖြေရော့.... (ဆုတောင်းယူထားတာပါဘုရား)။

အမယ်လေး... ဦးဘကြည် ဒါလောက်သိရင် ဆုမတောင်းဘူး၊ ဒုက္ခသစ္စာကို ဒါလောက် နှိပ်စက်တတ်တယ်ဆိုဒါ သိလို့ ရှိရင် ဦးဘကြည်... ဘယ်သူ တောင်းမှာတုံး (မတောင်းပါဘုရား)။

ဒါဖြင့်....သစ္စာ ကျုပ်တို့ လုံးလုံးမသိခဲ့ဘူး၊ ပေါ်ပလား ဦးဘကြည် (ပေါ်ပါပြီဘုရား)၊ သစ္စာမျှား သိခဲ့မယ်ဆိုရင် ဦးစံရီ ဘယ်သူဆုတောင်းမှာတုံး(မတောင်းပါဘုရား)။

ခြေကျိုးလက်ကျိုးမှန်းသဲ သိမယ်ဗျာ... သည်းခြေရူး၏ အမေသဲဖြစ်ရမယ်ဆိုရင် မမွေးတော့ပါဘူး ဟုတ်လား(မှန်လှပါဘုရား)။ သည်.... သားဆိုးသမီးဆိုးဖြင့် မမွေးတော့ပါဘူး၊ ဘယ်သူဖြစ်ဖြစ် သူ့မွေးချင်တယ်လို့ ဘယ်သူရှိပါ့မတုံး၊ တာဝန်က အမေချည့်ဘဲ ထမ်းရမှာကိုး၊ မထမ်းရပေဘူးလား? (ထမ်းရပါမယ်ဘုရား)။

သူ့ခြေ,လက် မသန်ရှာဘူး၊ ဒါ အမေ့တာဝန်ချည်းဘဲဆို တော့ဘာမျှား မလုပ်ရတာရှိသေးတုံး (အကုန်လုပ်ပေးရဒါပါ ဘုရား)၊ ဟာင်....(အကုန် လုပ်ပေးရပါဘုရား) အကုန်လုံး လုပ်ပေး အကုန်လုံးလုပ်ပေးကြတော့.... အကောင်းလုပ်ပေး ပြန်တော့လဲ သူဟာသည်းခြေရူးဖြစ်နေလို့ မကြိုက်ဘူး။

အဆိုးလုပ်ပေးပြန်လို့ ကြိုက်ပြန်တော့လဲ သူ့နှင့်မတဲ့ဘူး (သည်းခြေထလို့)ဖြစ်နေတာ ဦးဘကြည်ရ၊ စဉ်းစားကြည့်စမ်းပါ၊ ဘယ့်နှယ် လုပ်ကြမတုံး တတ်နိုင်ကြသေးရဲ့လား၊ ခင်ဗျားတို့ (မတတ်နိုင်တော့ပါဘုရား)၊ ဘုတ်ထိုင့်ထိုင်တော့မယ်၊ ဒါဘဲရှိတယ်။

ဒါ... ဒုက္ခသစ္စာအစစ်ကြီးမို့ ပြောနေတာနော် ဒကာ— ဒကာမတို့(မှန်လှပါဘုရား)၊ သည်ဒုက္ခသစ္စာကို ခင်ဗျားတို့က အော်...ဆင်းရဲတာ ဒုက္ခသစ္စာလို့မှတ်နေရုံနှင့် မပြီးသေးဘူး၊ ညာတာမဖက် အမြဲနှိပ်စက်တဲ့(သစ္စာအနက် ၁၆-ချက်)ပထမအနက်ကို ဟောတာကိုး (မှန်လှပါ)၊ ရိပ်မိပလား (ရိပ်မိပါဘုရား)။

နှိပ်စက်ပုံ ပေါ်ပလား (ပေါ်ပါပြီဘုရား)၊ သူကဘာတဲ့ နာမ်ဓမ္မက(ခြေကျိုးလက်ကျိုးပါဘုရား)၊ ခြေကျိုးလက်ကျိုးပြီးတော့ကော (သည်းခြေရူးပါ ဘုရား)၊ သည်းခြေပျက်၊ သည်းခြေပျက်ဆိုတာ (ဝိပ္ပလ္လာသ) ရိပ်မိကြပလား (မှန်လှပါဘုရား)။

အဲသည်တော့ ခင်ဗျားတို့ သည်ဘဝမှာ ကိုယ့်လက်.... ကိုယ့်ခြေ သယ်နိုင်တဲ့အချိန်ကစပြီးသကာလ သည်ခန္ဓာကိုယ်ကြီး ခိုင်းစေချက်ကို လုပ်ပြီးသကာလ နေရတာ။

အကောင်းလဲ တခုမှမပါဘူး၊ မပါဘူး ဦးသာငွေးရ(မပါပါဘုရား)၊ သဘောကျပလား နိဗ္ဗာန်ရောက်ကြောင်းများပါသလား(မပါပါဘူးဘုရား)၊ သည်းခြေပျက် ခိုင်းနေတာဗျ ကိုထွန်းဦးရ။

ခင်ဗျား ဆိစက်တည်တာ....ဘယ်သူ ခိုင်းတယ်ထင်သတုံး (သည်းခြေပျက်ပါဘုရား)၊ သည်းခြေပျက်ကခိုင်းတာ ခင်ဗျား လဲ တည်ဖြစ်အောင် တယ်ရတယ်၊ "မတော်"သည်းခြေပျက် ကလေးများ ငိုသွားရင် ခက်ရချည့်ရဲ့။

သည်းခြေပျက်ငိုမှာ စိုးရိမ်လိုက်သေးတယ်၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)၊ ဒါနာမ်ဓမ္မတင် ဟောသေးတာ ဒကာ ဒကာမတို့၊ နာမ် ဓမ္မ အကြောင်း ကောင်းကောင်း သိကြ ပလား(သိပါပြီဘုရား)။

ဒါဖြင့် သူဟာ'သတ္တဝါဟာ'ခင်ဗျားတို့မွေးထုတ်ဘဲ့ အမေ အဖေဆိုတာ.... သူ့ကို နာမ်ရုပ်ခင်ဘဲ့ပုဂ္ဂိုလ်ကို ဆိုတာနော်။ အဲသည်တော့နာမ်ရုပ်ခင်တဲ့ပုဂ္ဂိုလ်တဦးတယောက်သည် သည်း ခြေပျက်နာမ်မွေ၊ ခြေကျိုးလက်ကျိုး နာမ်ဓမ္မ၏ နှိပ်စက်မှုကို ဖြင့် ခင်ဗျားတို့ခံကြပေတော့။

သူ့ခင်တဲ့ပုဂ္ဂိုလ် ခံသာခံ ရှင်းပလား (ရှင်းပါပြီဘုရား)၊ သူ့ ဆု တောင်း ယူ တဲ့ ပုဂ္ဂိုလ် (ခံရပါမည်ဘုရား)၊ အော်.... ဦးဘကြည် သည်လိုသိရင် ဘယ်သူမှဆုမတောင်းဘူး၊ တောင်း မလား ဦးဘကြည်(မတောင်းပါဘုရား)။

ဒါဖြင့်'သစ္စာ'နောက်တုံးက နည်းနည်းလေးမှ မရိပ်မိဘူး၊ သည် ပိဋကနဋကများ ရှယ်တောင်မှမရှယ်ဘူး ဆိုကြပါစို့(မှန်လှ ပါ) အိပ်မက်တောင် မမက်ဘူးဘူး၊ မက်ဘူးကြရဲ့လား.... (မမက်ဘူးပါဘုရား)။

မမက်ဘူးဆိုလို့ရှိရင် သည်ပိဋကနဋော သဘောတလုံးနှင့်ပင် ခင်ဗျားတို့ တော်ပြီတန်ပြီ၊ ဒုက္ခသစ္စာမှန်း သိပြီ၊ ဒုက္ခပေး

တတ်တဲ့ သစ္စာမှန်း သိပြီးသည့်နောက်ဖြင့် သူ့(နာမ်ဓမ္မ)မယူတော့ပါဘူး၊ လာမလား—မလာဘူးလား(လာပါမယ်ဘုရား)။

မြင်တိုးကထဲက သူ့စက်ဆုပ်ပြီး စက်ဆုပ်တော့ စက်ဆုပ်ကထဲကိုက ဒုက္ခသစ္စာမို့ မကြိုက်တော့ပါဘူး၊ ဒုက္ခသစ္စာမို့ မကြိုက်တော့ပါဘူး ဆိုကထဲက (မကြိုက်တယ်ဆိုတဲ့ဥစ္စာ၊ မကြိုက်တဲ့ဉာဏ်)၊ ဒီမကြိုက်တာ (မကြိုက်တဲ့ ဉာဏ်ဟာ) မဂ္ဂသစ္စာ။ ဟုတ်ပလား(မှန်လှပါဘုရား)၊ မကြိုက်ဘဲ့ဉာဏ်ဟာ ဘာသစ္စာတုံး(မဂ္ဂသစ္စာပါဘုရား)။

အဲသည်မဂ္ဂသစ္စာ ပေါ်ကို မပေါ်ဘူးဘူး(မှန်လှပါဘုရား) အင်း... ဖြစ်လာပေါ့ ပြဘိုစဘိုဆိုတာ ဒို့ဝဟ္တာရား၊ ဦးဘကြည်ချောင်ကြည်သာလိုက်ဘဲ့ဖြစ်ခြင်း မပြောပါနှင့်တော့ ရိပ်မိကြပလား(ရိပ်မိပါပြီဘုရား)။

ကြည်သာလိုက်တာ သည်ခန္ဓာကြီးများ ပြုစုပြီးသကာလ နေတော့(သည်းခြေပျက်)ခိုင်းတာများ ရှောက်လုပ်နေရလို့ အဆင်များ ပြေပြီးသကာလ သူကစိတ်တိုင်းကြကလေးများ ဖြစ်နေမယ် ဆိုလို့ရှိရင်ဖြင့် အင်း....သေပျော်ပြီလို့တောင် အောင့်မေ့နေရသေး၊ ဦးဘဒင်.... တို့ဖြစ်ထွေ ပြောပါတယ်၊ ရိပ်မိပလား(ရိပ်မိပါပြီဘုရား)။

သည်းခြေပျက်ကယ်လို့ သိရဲ့လား(မသိပါဘုရား)၊ အဲ.... မသိတော့ သည်းခြေပျက် ခိုင်းတာဟူသ၍ အမှန်ဟုတ်ပါရဲ့လား(အမှန်မဟုတ်ပါဘုရား)။

အမှန်မဟုတ်ဘူး ခင်ဗျားတို့လုပ်နေ့တာ တခုမှ အမှန်မဟုတ်ဘူး၊ ရောင်းနေတာလဲ အမှန်မဟုတ်ဘူး၊ ဝယ်နေတာလဲ အမှန်မဟုတ်ဘူး၊ လှူနေတာလဲ အမှန်မဟုတ်သေးဘူး။

လှုနေတာ အမှန် မဟုတ်သေးဘူးဆိုတော့.... နဲနဲ ဒကာ ဒကာမတွေက ကိုယ့်ဆရာသမားအရင်းမို့သာ ခံလိုက်ရတယ်၊ လှူနေတာ အမှန် မဟုတ်သေးဘူး။ ဟို(သည်းခြေပျက်)က နတ်ပြည်ဆုတောင်းလိုက်ကွဆိုတော့....သည် သား့သမီးမွေးအုံး ပြောတာ(မှန်လှပါဘုရား) ရိပ်မိပလား (ရိပ်မိပါဘုရား)။

သည် သား့သမီး မွေးအုံး၊ သည်လို နှိပ်စက်ခံအုံး၊ ဟော လှူတဲ့ဒါန်းတဲ့ အထဲတောင် သည်းခြေပျက် လှူတဲ့အလှူဖြင့် မဟန်သေးဘူး၊ ရိပ်မိပလား ?(ရိပ်မိပါပြီဘုရား)။

ဘယ်သူက လှူတာတုံး.... ( သည်းခြေပျက်က လှူတာပါ ဘုရား)၊ ကဲဒါဖြင့်.... ခင်ဗျားတို့ သည်ဆရာကောင်း သမား ကောင်း မတွေ့ခင်က လှူကြ့ဒါန်းကြ့ပေးကြ့ကမ်းကြတာ ဘယ်သူ့အလှူတုံး(သည်းခြေပျက် အလှူပါဘုရား)။

ဖြစ်မှဖြစ်ရလေ.... အရှုး အလှူပေါ့ဗျာ (တင်ပါ့ဘုရား)၊ နှိပ်စက်မှန်း မသိလို့၊ နှိပ်စက်တဲ့ ခန္ဓာကြီး အဆက်ပြတ်သွား မှာစိုးလို့ ထပ်တောင်းတာ၊ သည်းခြေပျက်နဲ့ဘဲ နေပါရစေ တော့ ဟုတ်လား ?။

သည်သားမျိုးဖြင့် တထောင် မွေးရ-မွေးရလား ?၊ သည်လို များ ကျ့မနေဘူးလား(ကျပါဘုရား)၊ အတော် ဆိုးမနေဘူး လား(ဆိုးပါဘုရား)။

ကဲ....ခုသည်နေ့ညတော့ဖြင့် အော်—မောင်မင်းကြီးသား နာမက္ခန္ဓာလေးပါး ခြေကျိုးလက်ကျိုးဆိုတာ မင်းဘယ်မှလဲ မသွားနိုင်လို့ ခြေကျိုးလက်ကျိုး ဟုတ်လား။ မင့်ဟာ အမှန်

အကန်သစ္စာကို မသိတတ်သောကြောင့်လဲ ဦးဘကြည် ဘယ်လိုဆိုမတုံး(သည်းခြေပျက်ပါဘုရား)၊ သည်းခြေပျက် ရှင်းကြပလား(ရှင်းပါဘုရား)။

ရှင်းပြီ—ရှင်းပြီ ဒါက ပဋိဝေဓဉာဏ်၊ ခုနင်က ဖြစ် ပျက်သိတာက အနုဗောဓဉာဏ်။ နှိပ်စက်ပုံ သိတာက (ပဋိဝေဓဉာဏ်ပါဘုရား)။

ဒါ.... အနုဗောဓနှင့် ပဋိဝေဓ သစ္စာ သိပြီးတာဘဲဆိုရုံနဲ့ မပြီးသေးဘူး၊ သစ္စာနှစ်လမ်းသိရမှာ၊ ကိုင်း....ဒကာ ဒကာမတွေဘက်က ရိပ်မိကြပလား။ ဒါဖြင့်.... ခင်ဗျားတို့သဏ္ဍာန်သည်လေးပါးများ ရှိကြရဲ့လား(ရှိပါတယ်ဘုရား)။

ရှိတယ်တဲ့ ဒါဖြင့် ဘယ်သူတဲ့သူ့နာမည်က (နာမက္ခန္ဓာ)၊ နာမက္ခန္ဓာမှာ သူ့အင်္ဂါကြီးငယ်စုံ ပါရဲ့လား(မစုံပါဘုရား)၊ ဟာ....ခြေကျိုးလက်ကျိုးဘဲ သူ့စိတ်ကလေးက ဘယ့်နှယ်နေတုံး(သည်းခြေပျက်ပါဘုရား)။

သည်းခြေပျက်လေး၊ ဒါလေးကို ခင်ဗျားတို့ အလိုလိုက်နေကြ ဟုတ်လား။ ဟိုနား ပန်းအိုးလေးထားလိုက်၊ သူက ရွှေ့လိုက်ဆိုတော့(ရွှေ့ရပါဘုရား....)၊ ရွှေ့ပေးရ၊ ဟိုရွှေ့လိုက်ရ၊ သည်ရွှေ့လိုက်ရ။ အမယ်လေး....ဒါ ဘယ်သူခိုင်းလို့နေတာတုံး၊ သည်းခြေပျက်ခိုင်းနေတာ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)....။

ဘယ်သူက ခိုင်းတာပါလိမ့် (သည်းခြေပျက် ခိုင်းတာပါဘုရား)၊ သည်းခြေပျက်ခိုင်းနေတာ၊ ခင်ဗျားတို့လဲ.... တော်တော်ကြာ ဟိုအဝတ် လဲလိုက်၊ သည်အဝတ် လဲလိုက်၊ ဟိုဟင်းခွက် နှိုက်လိုက်၊ သည်ဟင်းခွက် နှိုက်လိုက် ဟုတ်လား။

သည်ပုဂံကြီးတွေနဲ့ မစားချင်ဘူး၊ ဟိုပုဂံနဲ့မှ စားချင်တယ်၊ ကလေးလိုပေါ့ဗျာ (မှန်လှပါဘုရား) ဟုတ်လား၊ အဲဒီတော့ ခင်ဗျားတို့ဘဲ ပုဂံအမျိုးမျိုးတွေ လဲပေးရတာ ဘယ်လောက်များတုံး (မရေမတွက်နိုင်ပါဘုရား)။

အထည်တွေ အမျိုးမျိုးကော (လဲခဲ့ရပါဘုရား)၊ ဟင်.... ဘယ်သူ အလိုလိုက်နေရတာတုံး (သည်းခြေပျက် အလိုပါဘုရား)၊ ဖြစ်မှဖြစ်ရလေဗျာ သည်းခြေပျက်ဆိုတာ အိမ်ကနှင်ထုတ်ရတယ် မွေးမထားရဘူးဗျ၊ ရိပ်မိကြပလား (ရိပ်မိပါဘုရား....)။

သည်းခြေပျက်ဆိုရင် ဘာလုပ်ရမတုံး(အိမ်ကနှင်ထုတ်ရပါတယ်ဘုရား)နှင်ထုတ်ရမယ်။ မင်းဒုက္ခပေးသကွာ နေရစ်တော့ သည်လိုသွားရမယ်။ ဒါ ဒုက္ခပိုင်းခြားလိုက်တာ (မှန်လှပါ)၊ ရိပ်မိပလား(ရိပ်မိပါဘုရား)။

အဲသည်တော့ ...ပီဋကနဲ့ သဘောကျမှ ခင်ဗျားတို့ နေရစ်တော့ဆိုတဲ့ စကားသုံးမှာဗျ(တင်ပါးဘုရား)၊ ပီဋကနှင့် နှိပ်စက်တာ သဘောမကျရင် နေရစ်တော့ဆိုတဲ့စကား မသုံးချင်ဘူး။ ငှက်ဖြစ်တာတောင် တကိုင်းထဲက လာသေးတာ၊ မလာဘူးလား—လာမလား (လာပါတယ်ဘုရား)။ အတော်မဆိုးဘူးလား (ဆိုးပါဘုရား)။

ပီဋကနှင့် တလုံးသဘောကျရင် ခင်ဗျားတို့ ကိစ္စပြီးတယ်နော် ကိုထွန်းဦး မပြီးဘူးလား—ပြီးမလား (ပြီးပါတယ်ဘုရား)၊ ကိုဘကြည် ပြီးရမယ်၊ ဦးသာဌေး ပြီးမယ်(ပြီးပါမယ်ဘုရား)၊

ပီဋကနင္ဘော သဘောကို နှိပ်စက်နေတာကို ခင်ဗျားတို့က အလို အတိုင်း လိုက်ပြီးသကာလ အလိုက်ပြုစုနေရင်တော့ဖြင့် ပြီးပ မလား(မပြီးပါဘုရား) မပြီးဘူး....။

သည်းခြေရှူးသလောက် ခင်ဗျားတို့က ကျွန်ပြုပါပေတယ် (မှန်လှပါဘုရား)ဆိုထိုက်•မဆိုထိုက်(ဆိုထိုက်ပါတယ်ဘုရား)၊ သည်နာမက္ခန္ဓာက ဘာဘဲ့တုံး သည်းခြေရှူး (သည်းခြေရှူးပါ ဘုရား)၊ သည်းခြေရှူးအကြိုက်တွေကို ခင်ဗျားတို့က အကုန် လုပ်နိုင်လို့ရှိရင်ဖြင့် ကျွန်ပီလို့ဘဲ(မှန်လှပါဘုရား)။

မေးဘဲ့အမေးသဲ စစ်ပါပေတယ်ဗျာ...၊ အကျိုးလေးမေး ပိုချစ်၊ အရှူးမေးတော့ကော (ပိုချစ်ပါတယ်ဘုရား)၊ ဖြစ်မှ ဖြစ်ရလေ ဟုတ်လား။ ဒါကြတော့ ကံဆိုးမိုးမှောင်ဘဲ။

အဲသည်တော့ သူ့ကို ထိန်းရ ကြောင်းရတာ ဦးဘကြည် ဘယ်အချိန် အားမတုံး(မအားပါဘုရား)၊ နေ့ ခိုင်းနိုင်သမျှ ခိုင်းနေတယ်၊ အလုပ်တွေဟူသမျှ သည်းခြေရှူးကြောင့် လုပ် ဖြစ်နေတာချည့်မှတ်။

စာရေးကြီးဘဲလုပ်လုပ်၊ တရားသူကြီးဘဲ လုပ်လုပ်ပေါ့ဗျာ ရိပ်မိပလား(ရိပ်မိပါဘုရား)၊ ဦးခင်မောင် (တင်ပါးဘုရား)၊ ဘာဘဲလုပ်လုပ် လုပ်ဖြစ်တာဟူသရွေ့ ဘယ်သူ့ကြောင့် လုပ် ဖြစ်တာထင်သတုံး(သည်းခြေပျက်ကြောင့်ပါဘုရား)။

သည်းခြေပျက်ခိုင်းသလောက် လိုက်နာနေရ ဘာပြုလို့ ချစ်လှန်းလို့။ သူ့ပြုဘို့ကို(မှန်လှပါဘုရား)၊ သူ့ပြုဘို့ သူ့ အကြိုက် ဖြစ်ပါစေတော့လို့၊ စိတ်ကြိုက် ကိုယ်စိတ်ကြိုက် ကလေး နေရပါစေလို့ သည်အမိပ္ပါယ် မကျဘူးလား(ကျပါ တယ်ဘုရား)။

ဒါဖြင့်သည်းခြေပျက်ကို အလိုဖြေ့နေတာ(မှန်လှပါဘုရား) ဘာကြောင့်ပါလိမ့်.... (သည်းခြေပျက် အလိုဖြည့်နေတာပါ ဘုရား) သည်းခြေပျက်အလိုဖြည့်နေ။

အဲဒါ နိပ်စက်တာပေါ်အောင်လို့ ဘုရားသခင်ကိုယ်တော် မြတ်ကြီးက ဟောတာနော်၊ ရိပ်မိကြပလား(ရိပ်မိပါဘုရား)။ သို့သော် ...ဒါ သည်အသံမျိုးက ကြားခဲ့တယ်၊ သည်အသံမျိုး ကကြားခဲ့တယ်၊ ဒုက္ခသစ္စာလို့တော့ ကြားရမှာဘဲ ဟုတ်လား၊ ပီဠနဋ္ဌ နိပ်စက်ပုံကို အခြင်းအရာ အာကာရ ပေါ်အောင်ဆို တော့(မကြားရပါဘုရား)။

အခုတော့ ကြားရပြီ(ကြားရပါဘုရား) အော်....ကြားရ တော့ ဒကာ—ဒကာမတွေ ဘာဖြစ်ပါလိမ့်မတုံးလို့ မေးခွန်း ထုတ်လို့ရှိရင်ဖြင့် တော်ပြီတန်ပြီဆိုတဲ့စိတ် လာမယ်။

ဒုက္ခပေးလေသမျှ ခြေ,လက်မပါတဲ့ သည်းခြေပျက်က ရိပ်မိပလား (ရိပ်မိပါဘုရား)။ ဒုက္ခပေးလေသမျှ ဘာတုံး.... (ခြေ,လက်မပါတဲ့ သည်းခြေပျက်ကပါဘုရား)။

ခြေ,လက်မပါတဲ့...."သည်းခြေပျက်"ဆိုတာ ခင်ဗျားတို့ စိတ်တွေချည့်မှတ်။ ရှင်းပလား(ရှင်းပါပြီဘုရား)။

အင်း....ဒို့ဟာ အဲသည်ထဲက ပုထုဇဉ်အရှုးဆိုတာ သည် လိုမှ ပေါ်တယ်(မှန်ပါဘုရား) သဘောကျပလား။ အဲဒါ.... အရှုးသိရုံနဲ့လဲမပြီးသေးဘူး၊ အရှုးနှိပ်စက်ခြင်းကို မခံတော့ ဘူးကွလို့ ဆုံးဖြတ်ချက်ချ သိကြမှပြီးမှာ(တင်ပါးဘုရား)။

ဒါမပါရင် မပြီးသေးဘူး၊ သည်လိုဆိုရင် နာမ်ရုပ်ရဲ့ အပြစ်တွေ မမြင်သေးဘူး(မမြင်သေးပါဘုရား)၊ ဟုတ်လား (မမြင်ပါဘုရား)။ ကဲ..ဦးစံရီ ကျေနပ်ပလား (ကျေနပ်ပါ ဘုရား ...)။

သည် သည်းခြေချုး ဘယ့်နှယ်တုံးခင်ဗျာ ဘဝများစွာ သံသရာမှာ နေချင်သေး(မနေချင်တော့ပါဘုရား)၊ မနေချင် တော့ဘူးနော်...၊ အိမ်ကြ ထပ်မရှုးကြပါနဲ့တော့၊ ဒါတွေ စိုးရိမ်ရသေးတာကိုးဗျ။

သည်တော့ ...ဆရာဘုန်းကြီးက ဒါတွေဟောနေလို့ စိတ် ကသဲ ဘယ်အခါမဆို ဟုတ်သားဘဲ-ဟုတ်သားဘဲ တို့မရိပ်မိလို့ သာဆိုတော့၊ သည်လိုတော့ ... အမှန်သား မဟုတ်ဘူးလား (ဟုတ်ပါဘုရား)။

အဲ . သည်နောက်တော့ တရားကလေး လက်လွှတ်သွား သည်နဲ့ တပိုင်ထဲ 'သည်းခြေရှုး'က ထလာမယ်။ သူ မ့ထ ဘူးလား-ထမလား?(ထပါတယ်ဘုရား)။

အနုဗောဓ ပဋ္ဌိဝေဓဉာဏ်ကလေးနဲ့မင်ဆိုက်ဖိုလ်ဆိုက်ကလဲ မဟုတ်သေးတော့၊ ပဋိဝေဓဉာဏ် သာမည အနုစားလေး ရနေတော့ ဦး ဘ ကြည် တော် တော် ကြာ ဖေါက်သွား.... (မှန်လှပါ) မဟုတ်ဘူးလား(ဖေါက်ပါဘုရား)။

ဖေါက်ထွက် သွားတယ်ဆိုတော့.... သည်းခြေရှုးအကြိုက် လိုက်ပြီး သည်းခြေရှုးအကြိုက်ကို အကုန်မလိုက်ရပေဘူးလား (လိုက်ရပါဘုရား)။

အဲ....သည်တော့ ခင်ဗျားတို့ ဘယ်သူ့ အပြစ် ပြောနေတာ တုံးဆိုတော့ ...ယနေ့မှတ်ပါ ခင်ဗျားတို့ (နာမ်ဓမ္မ) ရထားတဲ့ ပုဂ္ဂိုလ်၏ အပြစ်(မှန်လှပါဘုရား)၊ ရှင်းပလား(ရှင်းပါဘုရား)

ဘယ်သူ့ အပြစ်ပါလိမ့် (နာမ်ဓမ္မရထားတဲ့သူ အပြစ်ပါ ဘုရား)၊ ကိုင်း ... သည်အထဲမှာ နာမ်ဓမ္မရထားတဲ့ပုဂ္ဂိုလ်တွေ အကုန်ပါတယ်၊ နာမ်ပါလို့ တရားနာနိုင်ကြတာဘဲ(မှန်လှပါ) နာမ်ပါလို့ တရားနာ လာနိုင်ကြတာဘဲ(မှန်လှပါ)၊ မဆိုနိုင် ဘူးလား (ဆိုနိုင်ပါဘုရား)။

အဲသည် ပုဂ္ဂိုလ်တွေဟာ သူ၏အနှိပ်အစက်ကိုခံရဘဲ့ ပုဂ္ဂိုလ် တွေချည့်ဘဲဘဲ့ ဟုတ်လား။ တနေ့လာလဲ ကိုထွန်းဦး နက်ဖြန် ဘာလုပ်မှာတုံး သည်းခြေရှူးဘဲ။ သဘက်ခါ ဘာလုပ်မှာတုံး သည်လောက်တောင် ပေနေဘဲ့ပစ္စည်းကို ခင်ဗျားဘဲ ဒီထက် ပေအောင် လုပ်နိုင်လွန်းတယ်ဆိုလို့ ရှိရင် သူ့ပြုဘို့ဘဲ မဆိုနိုင် ဘူးလား....။

မနက်ဖြန်လဲ သည်လို (ပြုရပါဘုရား)၊ သဘက်ခါကော (ပြုရပါဘုရား)၊ ဖနှဲ့ခါကြတော့ကော (ပြုရပါဘုရား)၊ မဟုတ်သေးပါဘူး၊ ဘာလို့ သွားပြုခိုင်းစုခိုင်းတာတုံး ခင်ဗျား တို့ဟာ....(ရှူးနေလို့ပါဘုရား)။

ရှူးနေလို့ ရိပ်မိကြပလား ဒကာ ဒကာမတို့၊ ခင်ဗျားတို့.... နေ့တိုင်းနေ့တိုင်းသွားပြီး သား၊သမီး ဝတ်ကို ပြုနိုင်ကြတာ၊ ခင်ပွန်းဝတ်ကို ပြုနိုင်ကြတာဟာ တနေ့လဲမဟုတ် ဘယ်နှယ် ကြောင့် ပြုနိုင်ကြတာတုံးမေးကြည့် (ရှူးလို့ပါဘုရား)။

ပေါ်ကြပလား (ပေါ်ပါဘုရား)၊ ဦးဘတင် (တင်ပါး)၊ မပြုရမှာ စိုးလို့တောင်မှ လိုက်ရှာသေး။ ဟင်....အမိပွါယ်က သည်မရောက်ကြဘူးလား (ရောက်ပါဘုရား)။

မပြုရမှာစိုးလို့ အိမ်မှာ သား သ္မီး မရှိလို့ရှိရင် သူများ သား သ္မီးကို မွေးစားချင်သေးတယ်၊ ဘာကြောင့်ပါလိမ့်.... 'သည်းခြေရူး' ထလာတာကိုး၊ သည်းခြေရူး ထလာတဲ့အခါ ကြလို့ရှိရင်ဖြင့် ကဲ....သူမှ ကျေနပ်ပါစေတော့ဆိုပြီး စိတ်က လေးမှ ကောင်းစေတော့ပေါ့ဗျာ (မှန်လှပါ)၊ သူက ပင်ဂိုရ် မကောင်းဒါကို ခင်ဗျားတို့က စိတ်ကလေးမှကောင်းစေတော့ ဆိုတော့ ဖြစ်အုံးမလား (မဖြစ်ပါဘုရား)။

သူက ပင်ဂိုရ်ကဘာကုံး (မကောင်းပါဘုရား)၊ ပင်ဂိုရ်က သည်းခြေရူး၊ မွေးကထဲက သည်းခြေရူး၊ သူ့ကောင်းအောင် ဆိုလို့ ဘယ်တော့မှ မဖြစ်နိုင်ဘူး။ ရိပ်မိပလား(ရိပ်မိပါဘုရား) ဒါဖြင့် သူမကောင်းတိုင်း ခင်ဗျားတို့ ထ လုပ်နေသည့်အတွက် ပျိုရွယ်စဉ်ကလဲ မနေသာ၊ အိုလာတော့လဲ.... (မနေသာပါ ဘုရား....)။

ဘယ်နှယ်ကြောင့် မနေသာပါလိမ့်(သည်းခြေရူး ထလို့ပါ ဘုရား)၊ "သည်းခြေရူး" သည် သည်းခြေရူးမှန်း မသိဘဲနဲ့ ပြုချင်တဲ့စိတ်ကသာ သန်နေလို့ဆိုတော့ သစ္စာမသိလို့(မှန်လှ ပါဘုရား)၊ ပေါ်ပလား(ပေါ်ပါဘုရား)။

သတ္တဝါကို ညာတာမဖက် အမြဲနှိပ်စက်ဘဲ့ သစ္စာကိုမသိတဲ့ အတွက် ခင်ဗျားတို့ သည်းခြေရူး၏ အလိုကို အလိုက်အတိုင်း၊ အကြိုက်အတိုင်း ပြုပေါ်ရပေတယ်။

ကျေးဇူးများတင်သလားလို့ မေးကြည့်စမ်းပါ(မတင်ပါဘုရား)၊ မတင်ပေမဲ့ ခင်ဗျားတို့ရဲ့ချစ်မှုက ကိုယ်မွေးထားတဲ့ သား သမီး ဖြစ် နေ တော့ ချစ်မှုက မလျော့ဘူး (မလျော့ပါဘုရား)။

နှိပ်စက်တယ်လို့လာရဲ့လား(မလာပါဘုရား)နှိပ်စက်တယ်လို့ မလာရင် သစ္စာမသိတော့ဘူး(မှန်လှပါ)၊ ပေါ်ပလား ?။ နှိပ်စက်တယ်လို့မှ ဒကာ-ဒကာမတွေ ဉာဏ်ထဲမှာ ပေါ်မလာတော့ဘူးဆိုရင်ဖြင့် ဘယ့်နှယ်ဆိုကြမယ်.... (သစ္စာမသိလို့ပါဘုရား....)။

ပေါ်ကြပလား၊ နှိပ်စက်တယ်လို့မှ ဒကာ—ဒကာမတွေ ဉာဏ်ထဲမှာ ပေါ်မလာတော့ဘူး ဆိုရင်ဖြင့် ဘယ်နှယ်ဆိုကြမယ်(သစ္စာမသိလို့ပါ ဘုရား)။ ဘုရားရှင်က ငါလဲ....သစ္စာမသိခင်တုံးက သံသရာရှည်ခဲ့တယ်လို့ ဟောခဲ့တယ်။

အင်း....မင်းတို့လဲ သစ္စာမသိရင် ရှည်အုံးတော့ကွာ....၊ဘာလူလူ၊ ဘာဒါန်းဒါန်း လိုရင်းမဟုတ်ဘူး၊ သစ္စာ မသိလို့ရှိရင် ရှည်မှာဘဲတဲ့ (တင်ပါးဘုရား)။

သစ္စာသိရင်ဖြင့် (မရှည်ပါဘုရား)၊ တိုပါလိမ့်မယ်ဆိုတာ ရိပ်မိကြပလား(ရိပ်မိပါဘုရား)။

သည်ကြအောင်ဟောနေဒါ ဒကာ-ဒကာမတွေ ဘုန်းကြီးက အင်မတန် သဘောပါအောင်လို့။ အော်....တို့ကို နှိပ်စက်နေတာပါလားဆိုတာ ပေါ်အောင်လို့ဗျ။ နို့မို့ရှိရင် ကိုယ့်စိတ်နှင့် ကိုယ့်ကိုယ် ဘယ်သူ့ လူထင်ရအုံးမှာတုံး ဆိုပြီး.... အမယ်လေး ထ,ကြွား နေလိုက်သေးတယ်၊ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

ပေါ်အောင်ပြောဘို့ မလွယ်ကူဘူးဗျ....။ အခုတော့ မေး မိခင်လုပ်ထားလို့ (မှန်လှပါ)၊ မိခင်ဆိုတော့ စွန့်နိုင်ကြရဲ့လား (မစွန့်နိုင်ပါဘူးရှား)။

မစွန့်နိုင်တော့ ပိုချစ်(မှန်လှပါ)၊ ဘာပြုလို့ သူက အကျိုး ကလေးဖြစ်နေ။ အကျိုးလေးနဲ့ အရှုံးကလေးဆိုတော့ မေးတဲ့ အမေ သွားမေးကြည့်ပါ၊ သည့်ပြင်သားတွေက ခြေကောင်း လက်ကောင်းနဲ့ဆိုတော့ သူ့ဘို့အတွက် ကျုပ်စိတ်ချပါတယ်။ ဒါမေမဲ့ ဒီအကျိုးအကန်း သားသမီးအတွက်တော့ စိတ်ချ ပြီး မျက်လုံးမှိတ်သွားဘို့ အတော်ခဲရင်းတယ်။ ဒါ အမေမိဘ ထုံးစံ ရိုပ်မိပလား ?(ရိပ်မိပါပြီဘုရား)။

သူ့အချစ်ဆုံးဆိုရင် လွဲပါ့မလား(မလွဲပါဘုရား)၊ ဒါဖြင့် သူ့အချစ်ဆုံးဆိုတော့ သူက ဒုက္ခသစ္စာကိုပင်လျှင် သမုဒယ သစ္စာက အမြဲချစ်နေတော့ ဘယ်မှာတုံးဗျ နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာ ပေါ်ပါအုံးပမလား(မပေါ်ပါဘုရား)။

သမုဒယနဲ့ သူက ဒုက္ခသစ္စာကို သူ့ကလေးမို့ ခြေကျိုး လက်ကျိုးလဲဖြစ်ပြန်၊ သည်းခြေရှုံးလဲဖြစ်ပြန် သူ့အတွက်.... မျက်လုံးမှိတ်ဘို့ရာ ကျုပ်အခက်ဆုံး၊ မျက်လုံးအမြဲဖွင့်နေချင် တယ်၊ သူနဲ့ဘဲ ခင်ခင်မင်မင် သူ့အလိုလိုက်ပြုစုနေချင်တယ်၊ သည်အခါပွါယ် မပါဘူးလား (ပါ့ပါတယ်ဘုရား)။

ပါတော့.... သူနဲ့ ခွဲချင်တဲ့သဘောကို ပါရဲ့လား (မပါပါ ဘုရား)၊ ဒါဖြင့် သစ္စာသိသေးရဲ့လား (မသိပါဘုရား)၊ နှိပ် စက်တယ်ဆိုတာကို လာသေးရဲ့လား(မလာပါဘုရား)။

ဒါဖြင့်.... မီငြှိမ်းနေ့သာဆိုတာ ခင်ဗျားတို့ အကုန် ကွယ်နေတယ်(တင်ပါး)၊ မကွယ်ဘူးလား? (ကွယ်ပါတယ်ဘုရား)။ ကွယ်လို့ရှိရင် ဘာကွယ်တာတုံးမေးတော့ ဘယ့်နှယ်ဖြေမတုံး (သစ္စာကွယ်တာပါဘုရား)။

သစ္စာကွယ်ရင် နိဗ္ဗာန်မရဘူး၊ ရိပ်မိကြပလား(ရိပ်မိပါဘုရား)၊ ဒကာ-ဒကာမတွေဘက်က ဘယ့်နှယ်နေကြတုံး.... (သစ္စာကွယ်ပါတယ်ဘုရား)။

သစ္စာကွယ်ရင် နိဗ္ဗာန် ရပါ့မလား (မရပါဘုရား) ကဲ.... ခင်ဗျားတို့ ခန္ဓာကိုယ်ကို ယောကျ်ားနဲ့ မိန်းမ ဆိုလို့ရှိရင် မိန်းမတွေက ပိုမိုပြီးသကာလ ပြုပြင်ရတယ်(မှန်လှပါ)၊ မပြုရဘူးလား(ပြုရပါတယ်ဘုရား)။

စိတ်ကလေး အေးအေးချမ်းချမ်းသာသာ ဖြစ်အောင်လို့နေ....ဟုတ်လား?။ သည့်စိတ်က ဘာစိတ်တုံး(သည်းခြေပျက်ပါဘုရား)....။

သည်းခြေပျက်စိတ်ကို လိုက်ပြီးသကာလ ခင်ဗျားတို့ဆင်ပြင်ပြီးသကာလ ပေးနေရလို့ရှိရင်ဖြင့် အဝတ်အထည်ပေါင်းလဲ လောက်မှာမဟုတ်ဘူး။ မျှားချင်တိုင်းမျှား၊ ပေါ်ချင်တိုင်းပေါ် သူ့လောဘက လုံလောက်ပါ့မလား?....(မလောက်ပါဘုရား)....။

သည်း ခြေ ပျက် က အရင်ဟာ မကြိုက်ဘူး နောက်ဟာဝယ်ပေး၊ အရင်ဟာမကြိုက်ဘူး နောက်ဟာဝယ်ပေးအုံးလို့ ဘယ်သူကတောင်းနေတာတုံး(သည်းခြေပျက်ကပါဘုရား)။

အဲဒါနဲ့ဘဲ ခင်ဗျားတို့ လုပ်လို့ကိုင်လို့ကော အားပါအုံး မလား(မအားပါဘုရား)၊ မအားဘူး မအားသာမအားတယ် တော်ပြီ—တန်ပြီလို့များ သည်းခြေပျက်က လာရဲ့လား (မလာပါဘုရား)။

ဒါဖြင့်....ခင်ဗျားတို့ သည့်နာမ်ဓမ္မမရှိမှ စိတ်အေးကိုယ် အေး နေရတော့မှာ။ သည်းခြေပျက်ချုပ်မှ သည်းခြေပျက် မချုပ်သမျှကာလပတ်လုံး (နှိပ်စက်မှာပါဘုရား)။ နှိပ်စက် မယ်ဆိုတာ ပေါ်ပလား(ပေါ်ပါပြီဘုရား)။

အော်ဒါဖြင့်.... ပိဋ္ဋကတ္တော သတ္တဝါကိုညှာတာမဖက် အမြဲ နှိပ်စက်တတ်သည်။ ခင်ဗျားတို့က မင်းမကောင်းလို့၊ စိုး— မကောင်းလို့၊ ဥတုရာသီ မကောင်းလို့ ဟုတ်လား၊ နက္ခတ် တာရာတွေက ဘယ်သူက ကောင်း နေ တာ လိုလို၊ နှိပ်စက် သလိုလို အမျိုးမျိုး ထင်မြင်ပြီးသကာလ ထင်ညားသော်လဲ စင်စစ်တော့ နာမ်ဓမ္မသည်းခြေရှူး နှိပ်စက်နေတာ....(သည်း ခြေရှူးပါဘုရား)။

အဲသည် သည်းခြေရှူးက ဝမ်းထဲမှာရှိဘဲ့ စိတ်တွေဟူသ၍၊ သစ္စာမသိတဲ့ စိတ်တွေဟူသ၍ 'သည်းခြေရှူး'၏ စိတ်ချည့်မှတ် (မှန်လှပါ)၊ ဦးဘကြည် မှတ်မိပလား(မှတ်မိပါဘုရား)။

ဘာစိတ်ပါလိမ့်(သည်းခြေရှူးစိတ်ပါဘုရား)၊ သစ္စာသိတဲ့ စိတ်တခုသာလျှင် အမှန်ကိုဗျ(မှန်လှပါဘုရား)၊ သည်းခြေရှူး ပျောက်တဲ့စိတ်(မှန်လှပါဘုရား)။ သစ္စာ မသိသေးတဲ့ပုဂ္ဂိုလ် ဟူသ၍သည် (သည်းခြေရှူးပါဘုရား)။

ငအောင်ဆွမ်းလှူပြန်လဲ မောက်မောက်ကလေး လှူပေးနော်။ လာပြီ သည်းခြေရှူး ထ,လာပြီ ဟုတ်လား၊ ဒါမှ နောက်ဘဝ အကျိုးပေးတော့မောက်မောက်ကလေး အကျိုးပေးအောင်ဆို တော့သည်းခြေရှူးကခန္ဓာပြန်ရအောင်ပြောတာဟုတ်ဖူးလား။

နောက်ဘဝ ဆိုကထဲက ရုပ် နာမ် ပေါ်စေတော့ဆိုတဲ့ အဓိပ္ပါယ် ရောက် မရောက် (ရောက်ပါတယ်ဘုရား)။ ရောက် လျှင် သည်းခြေရှူး ပါ မပါ (ပါပါတယ်ဘုရား)။ သည်းခြေရှူး ပါနေ ရှင်းကြပလား ဒကာ ဒကာမတို့။

ဘယ်အထဲ ပါနေတုံး (လှူတဲ့အထဲ ပါနေတာပါဘုရား)၊ လှူတဲ့အထဲ ခင်ဗျားတို့ စိတ်ကောင်းနဲ့ လှူတာလား၊ စိတ်ရှူးနဲ့ လှူတာလား ?(စိတ်ရှူးနဲ့ လှူတာပါဘုရား)။

သစ္စာမသိတဲ့ အလှူဟူသမျှကို နိဗ္ဗာန် ရောက်လိမ့်မယ်လို့ ဦးသာငွေး သွားမဟောနဲ့ (မဟောပါဘုရား)၊ ဦးဘဒင်ကော ဟောသင့်ရဲ့လား(မဟောသင့်ပါဘုရား)၊ မဟောသင့်ဘူးဘဲ့။ ဒါ အစစ်ကိုပြောလို့ရှိရင် မဟောသင့်ဘူးနော်။

အတုကို ခင်ဗျားတို့ တခြားသော ဆရာသမားကတော့.... လှူလဲရောက်တာဘဲ ဆိုရင်တော့ဖြင့် ယုံ တော့ယုံပေါ့ဗျာ၊ ဝေး တော့ အင်မတန်ဝေးသွားတယ်၊ မဝေးဘူးလား ? (ဝေးပါ ဘုရား)။ အာပြုလို့ သည်းခြေရှူးအလှူကိုဗျ။ ''သစ္စာ''သိမှ သည်းခြေရှူးပျောက်မှာ (မှန်လှပါ)၊ သစ္စာမသိရင်(မပျောက် ပါဘုရား)။

သူ့သိမှ ခင်ဗျားတို့ ဝိပ္ပလ္လာသ(၁၂)ချက်တွေ ပယ်တယ်ဆိုတာ သောတာပန်မှ ပယ်နိုင်မှာကိုဗျ(မှန်လှပါ)၊ အဲသည်တော့ ပဋိဝေဓနှင့်သိမှသာလျှင် ပယ်နိုင်တယ် အရှူးကတော့ (မှန်လှပါဘုရား....)။

အဲဒီတော့.... လုံလောက်ပလား၊ အခု အကိုးအကား (လုံလောက်ပါဘုရား)၊ လုံလောက်ပြီ။ သော တာ ပ တ္တိ မဂ် ရ မှ သူ့ကို နှိပ်စက်တတ်တဲ့ အကြောင်း ကောင်းကောင်းသိတဲ့ အခြေအနေကြတော့မှ ဝိပ္ပလ္လာသ ၁၂ ပါး ပါယ်ချလိုက်တယ် (မှန်လှပါ) ရှင်းပလား(ရှင်းပါပြီဘုရား)။

သူရှိသ၍ ကာလပတ်လုံး ဝိပ္ပလ္လာသ သည်းခြေရှူး ရှိ—မရှိ (ရှိပါဘုရား)၊ ပေါ်ကြပလား(ပေါ်ပါပြီဘုရား)။

အဲဒါ နောက်ကိုလဲ ခင်ဗျားတို့ ရှင်းသထက်ရှင်း၊ လင်းသထက် လင်းအောင်လဲ ပြောပေးပါ့မယ်....။ ခင်ဗျားတို့ကို ခင်ဗျားတို့က ကိုယ့် ကိုယ် ကိုတော့ အတော်ဘဲ ရှေ့ရေး နောက်ရေး ချိန်တတ်ပြီလို့ ထင်ချင်ထင်နေမှာ (ထင်ပါတယ်ဘုရား....)။

ထင်ပေမဲ့လဲ အခု သေသေချာချာဟောတော့ ဘာဖြစ်တုံး (သည်းခြေရှူး ဖြစ်နေပါတယ်ဘုရား)၊ အင်း.... ကိုယ့်ကိုယ်ကို အထင်ကြီးနေ သည်းခြေရှူး မပျောက်သေးပါလား၊ မဟော ထိုက်ဘူးလား – ဟောထိုက်သလား? (ဟောထိုက်ပါဘုရား)၊ ရိမ်မိပလား(ရိပ်မိပါဘုရား)။

ဦးဝ အသက်ဘယ်လောက်ရှိပြီတုံး၊ ရှုးတုံးပါဘဲ၊ နောက် ထပ် ဆက်ရုံဘဲရှိတယ်။ အသက် မေးမနေနဲ့တော့ ကြီးနေ ပေမဲ့ သစ္စာမသိသေး ဘယ့်နှယ်ဆိုရပါ့(ရှုးတုံးပါဘုရား)။

ရှုးတုံးပါဘဲ၊ ရှေ့ရေး၊ နောက်ရေးဆိုတဲ့ ခင်ဗျားတို့ ပြောဆို နေကြစကားဟာ ရှေ့ရှုးနဲ့ နောက်ရှုး ပြောကြတာပါဘဲ(မှန် လှပါ) ရိပ်မိပလား(ရိပ်မိပါဘုရား)။

ရှေ့ရေး–နောက်ရေးဆိုတာတော့ ငယ်ရွယ်သူတွေအတွက် ဘယ်လိုဘယ်ညာ ဟုတ်လား၊ကိုယ်သွားရာလမ်းခရီးကဘယ်လို ဒါနတွေဘယ်လို၊ သီလတွေ ဆောက်တည်ပြီးသကာလ အဘယ် ကဲ့သို့ သွားမယ်။ သွားပေမဲ့ သည်းခြေရှုးသဘောက နောင် ကောင်းစားရေးပါ ဒါချည့်ဘဲ မပါဘူးလား (ပါ၊ပါတယ် ဘုရား... )။

အေး....သူကောင်းစားရေးတွင် မကဘူး၊ သားသမီးတွေလဲ လုံလောက်ပြည့်ဖြိုးရေးတွေကော (ပါပါတယ်ဘုရား)၊ အော် ဒါဘာပါလိမ့်(သည်းခြေရှုးပါဘုရား)၊ သည်းခြေရှုးက အလို ဆွဲနေတယ် ရိပ်မိကြပလား(ရိပ်မိပါဘုရား)။

ဒါဖြင့်.... ဒကာ ဒကာတွေ သည်းခြေရှုးပျောက်အောင် သည်နေ့တော့ တရားနာမှဘဲ ခင်ဗျားတို့ဖြစ်မယ် ဟုတ်လား (မှန်လှပါဘုရား)။

သည်းခြေရှုးက မဂ်ရေစဉ်တိုက်မှ ပျောက်မယ် (မှန်လှပါ ဘုရား)၊ မဂ်ရေစဉ် မတိုက်နိုင်ရင်.... (မပျောက်ပါဘုရား)၊

ကိုင်း.... သည်းခြေရှူး ပျောက်တဲ့ဆေးကော သိကြပလား (သိပါပြီဘုရား)၊ မဂ်ရေစဉ်ဘဲ တိုက်ရမယ်(မှန်လှပါ)၊ မဂ်ရေစဉ် မရှိသေးရင်(မပျောက်ပါဘုရား)။

ဘယ်နည်းနဲ့မှ မဂ်မှတပါးပျောက်နိုင်တဲ့တရား ကိုထွန်းဦး ရှာချင်ရှာရော့ ပိဋကတ်သုံးပုံ ရှာချင်ရာရှာ (မရှိပါဘုရား)။ ဦးသာဌေးရဲ့ ရှိကို မရှိဘူး၊ ဦးဘဒင်ရှိပါ့မလား(မရှိပါဘုရား) မရှိဘူး မဂ်မှ ဝိပ္ပလ္လာသပယ်နိုင်မယ်(မှန်လှပါ)၊ ကျန်တာတွေက ပယ်နိုင်ရဲ့လား (မပယ်နိုင်ပါဘုရား)။

ဝိသုနာဉာဏ်တွေများ ချိတ်ထားလိုက်စမ်းပါဗျာ၊ မလုပ်နိုင်ပါဘူး၊ မပယ်နိုင်ပါဘူး၊ သည်းခြေရှူးကို ရိပ်မိကြပလား (ရိပ်မိပါဘုရား)။

အင်း....ဒါဖြင့် တို့သည်ကား ဆိုလို့ရှိရင်ဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဥမ္မတ္တကလို့ ပြောတာ တို့ကသာ အမည်ရှိုးရိုးအောင့်မေ့နေတာကိုး။ မဟုတ်ဘူး ဒို့ရှူးပုံ သည် ထက် နက်သေး တယ် ဒကာ ဒကာမတို့ ရိပ်မိကြပလား.... (ရိပ်မိပါဘုရား)။

ခင်ဗျားတို့ရှူးပုံ အခု ဘုရားဟောတာနဲ့ ကိုယ်ရှူးပုံနဲ့ ဘယ့်နှယ်နေကြတုံး (ပိုပါတယ်ဘုရား)။ ပိုတယ်လို့ ယူကြစမ်းပါ၊ သည်လိုသစ္စာနဲ့ဟောတော့ ပိုနေတယ်ဆိုတာ မပေါ်ဘူးလား(ပေါ်ပါတယ်ဘုရား)။

ကိုင်းဒါဖြင့်.... ဒကာ ဒကာမတို့ သည်နာမ်ဓမ္မသည် သူ့ပင်ကိုရိုသဘောက ဘာတဲ့ (ခြေကျိုးလက်ကျိုး သည်းခြေရှူးပါဘုရား)၊ ခြေကျိုးလက်ကျိုးနော်....ပြီးတော့ သူ့သဘောတခု ထည့်လိုက်ပါအုံး(သည်းခြေရှူးပါဘုရား)။

အော်.... ခြေကျိုးလက်ကျိုးဆိုတော့ သူ့ချည့်သက်သက် ရုပ်ကိုယ်ထည်ကြီးနဲ့ မတွဲရလို့ရှိရင် ဘယ်မှ မသွားနိုင်ဘူး (မှန်လှပါဘုရား)။

ရှင်းပလား နာမ်ဓမ္မဟာ သူ့ ချည့် သက်သက်ဆိုလို့ရှိရင် ခင်ဗျားတို့ ဟိုနားမှာ လက်မှတ်ထိုးဘို့ ပြုဘို့ဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါဘုရား)။ စိတ်ကူးပေါ့ဗျာ ကျုပ်စိတ်ကတော့ ရောက်ပါရဲ့လို့ ပြောရုံဘဲရှိတယ် (မှန်လှပါဘုရား)၊ အလုပ် ဖြစ်ပါ့မလား(မဖြစ်ပါဘုရား)။

ဒါဖြင့် သူ ခြေကျိုးလက်ကျိုး ဟုတ်မဟုတ်(ဟုတ်ပါတယ် ဘုရား)၊ သူကတော့ ရောက်ရာသွားတာဘဲ(မှန်လှပါဘုရား) ရောက်ရာသွားညားသော်လဲ တကယ်ရောက်ကဲ့လား(မရောက် ပါဘုရား) သွားချင်တယ်လာချင်တယ် ဒါလောက်ရှိတာဘဲတဲ့ အဲဒီတော့ သူ ခြေကျိုးလက်ကျိုး ဟုတ်မဟုတ်(ဟုတ်ပါတယ် ဘုရား)၊ သည်းခြေနူးကရော (ဟုတ်ပါတယ်ဘုရား)။

သည်းခြေရှူးလဲ မပြောပါနဲ့တော့ဗျာ သေချာလွန်းပါ တယ်၊ ရိပ်မိပလား(ရိပ်မိပါဘုရား)၊ သားမဟုတ်ဘဲ သား တွေလုပ်နေတယ်ဗျ(မှန်လှပါဘုရား)၊ ဘယ်သူကပါလိမ့်၊ ရုပ် က လုပ်တာလား—နာမ်က လုပ်တာလား(နာမ်က လုပ်တာပါ ဘုရား) ။

ဒါဖြင့် သည်းခြေရှူးပေါ့(မှန်လှပါဘုရား)၊သမီးမဟုတ်တာ သမီးလုပ်နေရင်(သည်းခြေရှူးပါဘုရား)၊ ဆွေမျိုးမဟုတ်တာကို သူနဲ့တော့ ဆွေမျိုးလိုပါဘဲလို့ ပြောချင် ပြောလိုက်သေး တယ်(ပြောပါ့ဘုရား)။

ဆွေမျိုးစစ်ကြတော့ ပြောစရာမရှိပါဘူး(မရှိပါဘုရား)၊ ဆွေမျိုး မဟုတ်တာလဲ ဆွေမျိုးလို့ပြော၊ ဆွေမျိုး အစစ်ကိုလဲ ပိုမိုပြီးသကာလ ဆွေမျိုးအစစ်လို့ဘဲ မှတ်ပြန်။ တယ်ဆိုးလှတဲ့ ဒါတွေဟာ ဒုက္ခသစ္စာအနိစ္စ ဒုက္ခသစ္စာအနတ္တလို့ လာရဲ့လား(မလာပါဘုရား)။

မလာတော့ ရှိတာနဲ့ ထင်တာနဲ့ အများကြီးကွာသွား.... ပေါ်ကြပလား (ပေါ်ပါပြီဘုရား)၊ ဒါဖြင့် ဆွေမျိုးဆိုသွားအုံး၊ ဆွေမျိုးလုပ်တဲ့ဆိုဖြင့် ဆွေမျိုးဝတ္တရား ရှိတယ်ကွ၊ မင်္ဂလာတရားတော်ရှိနေသေးတယ်။

အင်း....သူက ဟောမဲ့ လောကုတ္တရာ တရားစာနဲ့—ဘာနဲ့ ရိပ်မိပလား(ရိပ်မိပါဘုရား)၊ "ဉာတကာနဉ္စသင်္ဂဟော"တွေ ဘာတွေနဲ့ လုပ်လိမ့်မယ်....၊ မလုပ်ဘူးလား ? (လုပ်ပါတယ်ဘုရား)....။

ဒါ....သစ္စာဟောတော့ အဲဒါတွေကို ကျော်လွန်ရမယ်.... (မှန်လှပါ) ရိပ်မိကြပလား (ရိပ်မိပါဘုရား)၊ သစ္စာဟောတော့ ခုနင်က မင်္ဂလသုတ်မှာဟောထားတဲ့ လောကဝတ်တွေ ပေါ့များ(မှန်လှပါ လောကဝတ်တွေပါဘုရား)။

ဒါတွေကို ဒီအချိန် ဒီအဆင့်အတန်းမှာ အသားယူဟောနေလို့ တော်ပါ့မလား (မတော်ပါဘုရား)၊ အသားယူဟောနေတော့ သည်အထဲပြန်ပြီး ဝဲလှည့်လည်နေမှာ (မှန်လှပါ)၊ ရိပ်မိကြပလား(ရိပ်မိပါဘုရား)။

အခု မင်္ဂလသုတ်က သည်လိုလာတာဘဲဆိုတော့ အထက်တရား မဟုတ်ဘူးတဲ့။ အဲ့ဒါ အောက်တရား ဖြစ်သွားလိမ့်မယ် (မှန်လှပါဘုရား)။

ကိုင်းဒါဖြင့်…. ဒကာ ဒကာမတို့ သည်းခြေရှုး ခြေကျိုး လက်ကျိုး(သည်းခြေရှုး)ဖြင့် အော် နာရီဝက်လောက်သာ ပြောလိုက်လို့ ကျေနပ်လောက်ပါပြီ။

မကျေနပ်သေးဘူးလား၊ နောက်တဦး သူကဘာတဲ့တုံး…. (မျက်စေ့နှစ်ကွင်း အလင်းမရပါဘုရား)၊ မျက်စေ့နှစ်ကွင်း အလင်းမရဘူးတဲ့(မရပါဘုရား)၊ဘာဝေဒနာ ပါသေးတုံးဟင် (သူငယ်နာဝမ်းပျက်ပါဘုရား)၊ အေး…. သူငယ်နာဝမ်းကျ ပါတယ် ရိုပ်မိကြပလား(ရိပ်မိပါဘုရား)။

ဘာဝမ်းတဲ့(သူငယ်နာဝမ်းပါဘုရား)၊ သူငယ်နာဝမ်းကွ ကောင်းသေးရဲ့လား(မကောင်းပါဘုရား)၊ မျက်စေ့နှစ်ကွင်း ကလဲ ကောင်းသေးရဲ့လား (မကောင်းပါဘုရား)။ မျက်စေ့ နှစ်ကွင်းကလဲ အလင်းမရဘူး သည်ကလေးမွေးရတာ ဟုတ် လား သူငယ်နာဝမ်းပျက်ကလဲ ပါပြန်သေးတယ်ဆိုတော့…. ဘယ့်နှယ် လုပ်ကြမတုံး သူခိုင်းသမျှ အလိုကျ ပြုစုရုံဘဲ ရှိတော့….(မှန်လှပါဘုရား)။

ဒကာ ဒကာမတို့ သဘောပါကျပလား (မှန်လှပါ)၊ ဘာ လုပ်ရမယ် သူ့အတွက်(ပြုရုံပါဘဲဘုရား)၊ သူ့ကို ပိုချစ်ရမယ် လေ၊ သည့်ပြင် သားသမီးတွေထက် သူ့ကို ဘယ်နှယ်လုပ်ရမယ် (ပိုချစ်ရပါမယ်ဘုရား)။

ပိုချစ်ရမယ်ဆိုတော့ ဦးဘကြည် ဒါသေသေချာချာမှတ် နော်။ သေသေချာချာ မှတ်ပါတဲ့၊ မျက်စိနှစ်ကွင်း အလင်း မရဘူးဆိုတော့ သူ့မှာနာမ်ပါရဲ့လား၊ ရုပ်သက်သက် ဟော တာလား(နာမ် မပါပါဘုရား)။

မျက်စိနှစ်ကွင်း အလင်းမရဘူးဆိုတာ အများသွားလာနေတဲ့ ဈေးထဲ သူ့ချည့်လွှတ်ကြည့် ဟုတ်တိုက် သည်တိုက်ဘဲ... (တင်ပါးဘုရား)၊ မတိုက်ပေဘူးလား(တိုက်ပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့ .. ရုပ်ဆိုတာ သူ့ချည့်သက်သက်ဟာခင်ဗျားတို့အသုဘအလောင်းပြင်ထားတဲ့အချိန် သွားကြည့် ဒါ ရုပ်ချည့်သက်သက်ပါ။ မျက်စိနှစ်ကွင်း မြင်ခါတ် အလင်းမရဘူး(မရပါဘုရား)၊၊ ရသေးရဲ့လား(မရပါဘုရား)။ မရဘူးဘဲ့။ ရူပက္ခန္ဓာတော့ မဖွဲ့နိုင်ဘူးလား(ဖွဲ့နိုင်ပါတယ်ဘုရား)။

ကောင်းပြီ... သူက သူငယ်နာဝမ်းပျက် ပါလာသေးတယ်ဆိုတော့ တော်တော်ကြာ ပထဝီခါတ်ပျက်၊ တော်တော်ကြာ တေဇောခါတ်ပျက်၊ တော်တော်ကြာ ဝါယောခါတ်ပျက်၊ ခါတ်လေးပါး ဆက်ပျက်နေတာဘဲ(မှန်လှပါ)။ မပျက်ဘူးလား(ပျက်ပါတယ်ဘုရား)။

အဲဒီတော့....ပထဝီပျက်တယ်ဆိုတော့ ဝမ်းလျှောတာပေါ့ဗျာ(မှန်လှပါ) မဟုတ်ဘူးလား။ ပထဝီခိုင်ရင် ဝမ်းချုပ်တာပေါ့။ ကဲဒါဖြင့်....ဒကာ ဒကာမတို့ သည်းခြေကလေးဟာကောင်းတာများ ပါရဲ့လား(မပါပါဘုရား)။

ပင်ဂိုရ်က ဘာတဲ့ သူ့မှာ (မျက်စိနှစ်ကွင်း အလင်းမရပါဘုရား)၊ မျက်စိနှစ်ကွင်း အလင်းမရတာရယ်၊ သူငယ်နာ ဝမ်းပျက်ကယ်ပါတယ် ရှင်းပလား(ရှင်းပါဘုရား)။

ဒါဖြင့် မျက်စိနှစ်ကွင်း အလင်းမရတာကလဲ အမေကြီးကို ခိုင်းမှာဘဲ ကျုပ်ဘာပေးပါအုံး၊ ကျုပ်အတွက် ဗိုက်ထဲ ဘာ ဖြစ်မှန်း မသိဘူး၊ သူ ဘယ်သူ့ခိုင်းမယ်ထင်သတုံး(အမေဘဲ ခိုင်းပါတယ်)၊ အမေဆိုတာ တခြားမဟုတ်ပါဘူး ရုပ်ကိုခင်တဲ့ (ပုဂ္ဂိုလ်)ဟာ အမေပါဘဲ(မှန်လှပါ)၊ရှင်းပလား(ရှင်းပါပြီ)။

ရုပ်ကိုခင်တဲ့ပုဂ္ဂိုလ် ဘာဆိုကြမယ်(အမေပါဘုရား)၊ဒါဖြင့် သည်အမေချည်းဘဲ အမေတာဝန်လုံးလုံး ဖြစ်လိမ့်မယ်၊ မျက် စိနှစ်ကွင်း အလင်းမရဘဲ့အတွက်(မှန်လှပါ)၊ သူငယ်နာဝမ်း ပျက်ကို သူကြုံးမှာလား? သူ့အမေကြုံးမှာလား?(သူ့အမေ ကြုံးရမှာပါဘုရား)။

ဖြစ်မှဖြစ်ရလေ သားထူးသားမြတ် မွေးမိရက်ကြုံနေ.... ရိပ်မိပလား(ရိပ်မိပါဘုရား)။ သားထူးသားမြတ် မွေးမိရက် ကြုံမနေဘူးသား။ ဒါ ရုပ်ဆုတောင်းလို့ နာမ်ဆုတောင်းလို့ နှိပ်စက်ပုံ မပေါ်-ပေါ်အောင် ပြောနေတာ(မှန်လှပါ)၊ ရှင်း ပလား(ရှင်းပါပြီဘုရား)။

ဒါဆိုတော့ ဒကာ ဒကာမတွေ အော်.... ပိဋ္ဋနဋ္ဌောဆိုတဲ့ သဘောလေးတလုံးကို ခုဆရာဘုန်းကြီးဟောနေတာ တနာရီ နီးနေပြီနော်၊ ဦးစံရီရေ နှိပ်စက်ပုံကော ပေါ်ရဲ့လား (ပေါ် ပါပြီဘုရား)။

အင်မတန် နှိပ်စက်တယ်ဗျ၊ နှိပ်စက် ိုက်တာ ဦးသာငွေး ဘယ်အချိန် အားမတုံး(မအားပါဘုရား)၊ အချိန်တိုင်း နှိပ် စက်နေတယ်။

မျက်လုံးက ပါရဲ့လားဆိုတော့ မပါဘူး။ ကိန်းတဲ့အဒမ ကတော့ ပြုစုပေတော့(မှန်လှပါ)၊ ရေတောင်းလဲပေး ဟုတ် ဘူးလား၊ အဝတ်တောင်းလဲ (ပေးရပါဘုရား)၊ ချမ်းတယ် ဆိုလဲ ထူတဲ့အထည် ထုတ်ပေး(မှန်လှပါ)။

အဲ....အိုက်လှချီရဲ့ဆိုရင်ကော အထည်လဲလှယ် ... (ထုတ် ပေးရပါဘုရား)၊ သူ့ခင်တဲ့ပုဂ္ဂိုလ်က ချွင်းချက်မရှိ အကုန် လုပ်ပေးရတယ်၊ သူ ဝမ်းပျက်ဝေဒနာကလဲ ပါလာသေးတယ် ဆိုတော့ ခဏခဏကျင်ကြီးစွန့်သေး(မှန်လှပါဘုရား)။

ဒါ....ဘယ်သူက ကြုံးရမှာတုံး(ခင်တဲ့ပုဂ္ဂိုလ်ကပါဘုရား)၊ အဲ သူ့ခင်တဲ့ပုဂ္ဂိုလ်က ကြုံးသာကြုံး မငြီးနဲ့ မွေးမိပေါ့ကိုး ချိပ်မိကြပလား(ရိပ်မိပါဘုရား)။

အမယ်လေး ... ကြောက်စရာကောင်းလိုက်တဲ့တရား ကိုထွန်းဦး ပီဋ္ဋနှဋ္ဌ မပေါ်-ပေါ်အောင် ပြောနေတာ(မှန်လှပါ ဘုရား)၊ ပရမတ်လဲ ဆိုက်နေတာဘဲ (မှန်လှပါ)၊ ဦးဘရီ.... မဆိုက်ဘူးလား (ဆိုက်ပါဘုရား)။ ပီဋ္ဋနှဋ္ဌကော ဟုတ်ပါရဲ့ လား(ဟုတ်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒီခုနင်က မျက်စိနှစ်ကွင်း အလင်းမရ တာရယ်၊ ဒကာ ဒကာမတို့ သူငယ်နာဝမ်းပျက်ကယ် ခင်ဗျား တို့ သဏ္ဍာန်မှာရှိပါရဲ့လား(ရှိပါတယ်ဘုရား)။

ဒါကြောင့် ရုပ်တရားကြီးကို တော်တော်ကြာ နဖူးစမ်းရ၊ ခြေဖျားစမ်းရ၊ လက်ဖျားစမ်းရ၊ ခြေတို့လက်တို့တော့ မကျိုး ပါဘူး၊ သူက မျက်လုံးက ကန်းနေတော့ ဘယ်နေရာ ဘာ

ရှိမှန်း မသိဘူး၊ ဟိုဟာနဲ့တိုက်မိ၊ သည်ဟာနဲ့တိုက်မိ၊ အမေ လုပ်တဲ့ပုဂ္ဂိုလ်က ဟိုနေရာ ပတ်တီးစီးပေးရ၊ သည်နေရာ ဆေး ထည့်ပေးရ၊ သည်လို မနေရဘူးလား (နေပါတယ်ဘုရား)။ ခင်မင်သကိုးဗျ။

ခင်ဗျားတို့က ခလုပ်မထိ ဆူးမငြိပါစေနဲ့ဆုတောင်းလိုက် သေး၊ မတောင်းဘူးလား(တောင်းပါတယ်ဘုရား)၊ သူကလဲ မျက်လုံးကန်း တိုက်ချင်ရာ တိုက်တော့တာဘဲ ရိပ်မိပလား (ရိပ်မိပါဘုရား)။

သူက ဘာတဲ့တုံး ?(မျက်စိကန်းပါဘုရား)၊ မျက်စိမမြင် တော့ တိုက်ချင်ရာတိုက်၊ လဲချင်ရာ လဲလိုက်တာဘဲ ရုပ်ခမ္မ ထုံးစံက(မှန်လှပါ)၊ ဖေါက်ချင်သလို ဖေါက်တယ်ပြောတာ ပေါ့ဗျာ(မှန်လှပါ)၊ ရှင်းကြပလား(ရှင်းကြပါဘုရား)။

ဖေါက်ချင်သလို ဖေါက်တယ်ဆိုသဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေက သူ့ကိုမခင်တဲ့ပုဂ္ဂိုလ်ဖြင့် သူ့ဆေးကုပေးစရာလဲ မလိုဘူး၊ သူ့ကျင်ကြီး ကြုံးစရာလဲ မလိုဘူး။ မင်း....နှိပ်စက်တဲ့ သား သွားရေ့ကွာသည်လို နှင်ထုတ်ဘို့ကောင်း....(တင်ပါး) ထုတ်နိုင်ကြရဲ့လား(မထုတ်နိုင်ပါဘုရား)။

ဒါဖြင့် မထုတ်နိုင်.... ပီဠနဋ္ဌ သဘောမကျလို့ ရှင်းပလား (ရှင်းပါပြီဘုရား)၊ မထုတ်နိုင်ကထဲက ဦးခင်မောင် ဘယ့်နှယ် ဆိုမယ်(ပီဠနဋ္ဌ သဘောမကျလို့ပါဘုရား)။

ဒါဖြင့် ပီဠနဋ္ဌော သဘောမကျရင် ပူမြဲ စုမြဲတိုင်း ရှိသေ ကြပေတော့၊ ဝတ်မပျက်ကြစေနဲ့(မှန်လှပါ)၊ ဝတ်ပျက်ရင် သူက ကန်ကြောတွာ်လိုက်လိမ့်မယ်(မှန်လှပါဘုရား)။

ဟင်း....သည်ကြွအောင် မသိဘူးတဲ့၊ ခင်ဗျားတို့'သစ္စာ' သိဆိုတာ သည်ကြွအောင်သိမှ အဖိုးတန်တာကိုဗျ(မှန်လှပါ) ဒကာ ဒကာမတို့ သဘောပါကြရဲ့လား(ပါပါတယ်ဘုရား)။

သည်ကြွအောင် မသိသေးလို့ရှိရင်.... ဦးဘကြည် သည် ခန္ဓာကြီးက လိုချင်ရက်တန်းလန်း လက်လှမ်းတုံးဘဲ(တင်ပါး ဘုရား)....။

သည်ဘဝကစုတေ မနေသေးလွန်လို့ရှိရင်ဖြင့် သည်ထက် ကြီးကျယ်တဲ့ ဟုတ်လား....(မှန်လှပါ) ခြေကျိုးလက်ကျိုးနဲ့ သည်းခြေရှူး ရ-ရပါလို၏ နတ်ပေါ့ဗျာ ဟုတ်လား (မှန်လှပါ ဘုရား) .. ။

သည့်ထက်ကြီးကျယ်တဲ့ ပြဿနာကြီးဖြစ်ရပါလို၏၊ ခြေကျိုး လက်ကျိုးနဲ့ သည်ခြေရှူး ရ,ရပါလို၏။ သည်းခြေရှူးတောင် အငယ်မကြိုက်ဘူး၊ သဘောကျရဲ့လား(မှန်ပါဘုရား)။ ဘာ ကြိုက်ချဲ့နေတုံး ဦးဘအုန်းတို့က (အကြီးစားပါ ဘုရား....) အကြီးစားထဲက ဟုတ်ပလား။

မျက်လုံးနှစ်ကွင်း အလင်းမရတဲ့အပေါ် မျက်လုံးကြီး ကန်းနေတဲ့ပုဂ္ဂိုလ်၊ ဝမ်းပျက်နေတဲ့ပုဂ္ဂိုလ် ဟုတ်ပလား၊ ဒါ တွေဘဲ ရချင်နေ အမိပ္ပါယ် မရောက်ဘူးလား—ရောက်သလား (ရောက်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ သည်ပိဋ္ဌနဋ္ဌော ညာတာမဖက် အမြဲ နှိပ်စက်ဆိုဘဲ့ သစ္စာအနက်(၁၆)ချက်မှာ ဒါ ၁ နံပါတ် ဟော လိုက်တာ (မှန်လှပါ)၊ ၁—နံပါတ် သဘောကျလို့ရှိရင်.... ဦးဘကြည် ကျန်တာ အကုန်သဘောကျတယ်.... (မှန်လှပါ ဘုရား....)။

ကဲ ဒါဖြင့် ခင်ဗျားတို့ အခုခန္ဓာကိုယ်ကြီးသည် အကောင်း တခုပါရဲ့လား(မပါပါဘုရား)၊ ရှိတာက ဘာရှိ နာမ်နဲ့ရုပ်ဘဲ ရှိတယ်(နာမ်နဲ့ရုပ်ပါဘုရား)။ ရုပ်က မျက်စိနှစ်ကွင်း အလင်း မရတာရယ်၊ သူငယ်နာ ဝမ်းပျက်ရယ် ခါတ်လေးပါးကိုဗျ။ ဓါတ်လေးပါး အမြဲဖေါက်ပြန်နေတယ်(မှန်လှပါဘုရား)။

ဒကာ ဒကာမတို့ သည်နာမ်ခမ္မက ဘာတုံး(ခြေကျိုး လက် ကျိုးပါဘုရား)၊ ခြေကျိုးလက်ကျိုးဝမ်းတွင်းရှူး၊ အမယ်လေး ဖြစ်မှဖြစ်ရလေ.... ခြေကျိုးလက်ကျိုး ဝမ်းတွင်းရှူးက ဘာပါ လိမ့်(နာမ်ခမ္မပါဘုရား)။ မျက်စိနှစ်ကွင်း အလင်းမရဘဲနဲ့ သည်းခြေပျက်က ဘာပါလိမ့်(ရုပ်ခမ္မပါဘုရား)။

အေး....သူငယ်နာဝမ်း ပါလာတာလေ (မှန်လှပါဘုရား) ဒါကရုပ်ခမ္မ မဟုတ်လား(မှန်လှပါ)၊ အဲသည်နှစ်ခု ပေါင်းပါ တဲ့။ ခင်ဗျားတို့ အဲသည်နှစ်ခုပေါင်းတော့မှ ခက်တာဘဲဗျ။ မပေါင်းခင်တုံးက တယောက်စီ ပြုနေရတုံးက ပြုနိုင်လိမ့်ဦး မယ်(တင်ပါး)၊ ပေါင်းမိပြီ(မှန်လှပါ) ရိပ်မိပလား (ရိပ်မိ ပါဘုရား....)။

ဒကာ ဒကာမတို့ မပေါင်းခင်တုံးက တော်သေးတယ်နော် (မှန်လှပါ) အခု ပေါင်းမိပြီ။ ပေါင်းမိတော့ ခက်တာဘဲ၊ မခက်သေးဘူးလား(ခက်ပါတယ်ဘုရား)။

မပေါင်းမိခင်တုံးက သူ့အကြိုက် သူ့အလိုက်ဆိုလို့ရှိရင် တော်တော်သေးရဲ့။ ဟိုကူပြုလိုက်၊ သည်ကူပြုလိုက် ဟုတ်ဘူး လား အမေလုပ်တဲ့ပုဂ္ဂိုလ်က (မှန်လှပါ)။

သည်ဘက် သည်းခြေရှူး အလို လိုက်လိုက်ရ၊ ဟိုဘက်က ဝမ်းပျက်ကို သွားကြူးလိုက်ရ ပေါ်ကြပလား (ပေါ်ပါပြီ ဘုရား....)။

ကိုင်း....ခင်ဗျားတို့ ဆုတောင်းထားတာက တယောက်စီ မွေးချင်တာလား၊ နှစ်ယောက် မွေးပါရစေ ဆုတောင်းတာ လား?(နှစ်ယောက် မွေးပါရစေ ဆုတောင်းတာပါဘုရား)။ သွားပြီ—သွားပြီ မရတော့ဘူး သွားပြီတဲ့။ နှစ်ယောက်မွေးပါ ရစေဆို၊ နာမ်ရုပ် ဖြစ်ရပါလို၏ကိုးဗျ (မှန်လှပါဘုရား)။

နာမ်ရုပ် ဖြစ်ရပါလို၏ဆိုတော့ ဒကာ-ဒကာမတို့ သေမှ.... ပြင်ကြပေတော့(မှန်လှပါဘုရား)၊ ဘယ်လောက်များ ဆိုး သွားသလဲ မပေါ်သေးဘူးလား(ပေါ်ပါပြီဘုရား)။

အမယ်လေး ဟောကို မဟောဝန့်အောင်ဖြစ်နေ....အကျိုး နဲ့ အကန်းဆုံမိပြီ၊ တယောက်မှ အကောင်းမပါဘူး၊ ပါသေး ရဲ့လား (မပါပါဘူးဘုရား)၊ မပါတော့ပါဘူး။ ဒါ.... ဒကာ ဒကာမတို့ ကိုယ်ရထားတဲ့ ခန္ဓာဟောနေတာနော်၊ သူများ ဟောနေတယ်များ ထင်မနေနဲ့ ရိပ်မိပလား(ရိပ်မိပါဘုရား)။

ကိုင်းဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့ ဆုတောင်းထား တာ ပြည့်မှသဲ ကောင်းမယ်၊ မပြည့်ရင် ကောင်းပါ့မလား (မကောင်းပါဘုရား)။ ကဲ....တခါထဲ ဝမ်းပျက်ရယ်၊ သည်း ခြေရှူးရယ် ပေါင်းကြပေတော့ ရိပ်မိပလား(ရိပ်မိပါဘုရား)။

ဟင်....အကျိုးနဲ့အကန်း၊ အကျိုးနဲ့အကန်းပေါ် ဘုန်း ကြီးကထည့်ထားတာ သည်းခြေပျက်က ဖါလိုက်သေးတယ်၊

ဝမ်းပျက်ကရော (ပါ,ပါတယ်ဘုရား)၊ ပါသေးတာဘဲ....၊ ဝိပ္ပလ္လာသ မကင်းသေးလို့ ထည့်ထားတာ(မှန်လှပါ) ဟုတ်လား။ ခုနင်က ဝမ်းပျက်ဆိုတာက ဓါတ်လေးပါး ဘယ်တော့မှ တည့်အောင်မပေါင်းနိုင်ဘူး(မှန်လှပါဘုရား)။

မြေလေးစင်း ဟောထားတဲ့နေရာ မပါသေး ဘူး လား (တင်ပါဘုရား)၊ ဘယ်တော့မှ မတည့်ဘူးဆိုတာမှတ်ထား (ပါပါတယ်ဘုရား)။

အဲဒီတော့ ဝမ်းပျက် မဟုတ်ဘူးလားဗျ (မှန်လှပါဘုရား)၊ ကောင်းပြီ ဒါဖြင့်... ဒကာ-ဒကာမတို့ ခင်ဗျားတို့ ဆုတောင်း ပြည့်ထားတဲ့ သားနှစ်ယောက်ကဖြင့် ဘယ်သားသည်ကား ဆိုလို့ရှိရင် ကောင်းကျိုးပေးမဲ့သားလဲ(ဘယ်သားမှ ကောင်းကျိုး မပေးပါဘုရား)။

ဘယ်တော့မျှား တပည့်တော်တို့ (၁၅)နှစ် (၁၆)နှစ်ဆို မှီရကောင်းပါရဲ့ စိတ်မျှား မကူးလိုက်ပါနဲ့—စိတ်မျှား မကူး လိုက်ပါနဲ့ ရိပ်မိပလား(ရိပ်မိပါဘုရား)။

စိတ်မကူးလိုက်ပါနဲ့တဲ့.... ခင်ဗျားတို့ စိတ်ကူးက သည် ထက် ဖြောင့်တယ်အောင့်မေ့ ရိပ်မိပလား(ရိပ်မိပါဘုရား)၊ သည်ထက် သေသေချာချာ နိုပ်စက်မယ်ဆိုတာကော(သေချာ ပါဘုရား)။

ဟာ ဒါဖြင့်အသက်ကြီးတော့နောင်တကလေးမျှားရကောင်း ပါရဲ့ဆိုတော့ ဘယ်တော့မှ နောင်တမရဘူး (မရပါဘုရား) သည်းခြေပျက်ကျော နောင်တရရဲ့လား(မရပါဘုရား)။

ဝမ်းပျက်ကရော (မရပါဘူးရှား)၊ ဝမ်းပျက်ကလဲ သေအောင်ပျက်မှာ(မှန်လှပါ)၊ ပြုနိုင်ပါ့မလား(မပြုနိုင်ပါဘူးရှား) မပြုနိုင်တာချည့် ဆုတောင်းယူတာကို (မှန်လှပါ)၊ နိပ်စက်မှာချည့် ဆုတောင်းယူတယ်လို့ အဓိပ္ပါယ် မရောက်ဘူးလား? (ရောက်ပါတယ်ဘုရား)။

ဒကာ ဒကာမတွေ ဘာဆုတောင်းယူကြတုံး (နှိပ်စက်မှာချည့် ဆုတောင်းယူပါဘုရား)၊ နတ်ဖြစ်လဲ သည်နှစ်ခုဘဲ(မှန်လှပါ)၊ ပြဟ္မာဖြစ်တော့ကော (သည်နှစ်ခုပါဘဲဘုရား)၊ ဘာတဲ့တုံး သူတို့က(ရုပ်နာမ်ပါဘုရား) ရုပ်နာမ် ..။

ရုပ်နဲ့နာမ်သည် သူ့ခင်တဲ့ပုဂ္ဂိုလ်ကို ဘာလုပ်မယ်ထင်တုံး (နှိပ်စက်ပါမယ်ဘုရား) ဒါဖြင့် ခင်ဗျားတို့က ဟဲ ဆုတောင်းထားတာက မမွေးခင်ကထဲက သူတို့နှစ်ယောက်ကို အတော်ကြည်ညိုနေတယ်၊ ကိုယ်တိုင်များ မွေးရတော့မယ်ဆိုတော့.... ကိုယ်တိုင်ဖြစ်ရပြီဆိုတော့ သည်ထက် ကြည်ညိုကဲသွားတာပေါ့ဗျာ(မှန်လှပါဘုရား)။ မဟုတ်ဘူးလား?။

သည်ဘဝမှာ ဆွမ်းတွေကွမ်းတွေနဲ့ သည်သားနှစ်ယောက်ဖြင့် မွေးပါရစေ ဟုတ်လား၊ သားနှစ်ယောက် တောင်းကြသလား—မတောင်းဘူးလား (တောင်းပါတယ်ဘုရား)၊ မသိသေးခင်က 'သစ္စာ'မသိသေးခင်က တောင်းတယ်(မှန်လှပါ)။

သစ္စာသိပြီးသားပုဂ္ဂိုလ်တောင်မှ ကြားမှာသူတို့နဲ့ ကဲ့နေမလားလို့ လာသေး.... မလာဘူးလား နိဗ္ဗာန်မရောက်မှီ စပ်ကြား , သူတို့နဲ့နေရပါစေလို့ (မှန်လှပါ)၊ မလာဘူးလား— (လာပါတယ်ဘုရား)။

နိဗ္ဗာန်မရောက်မီစပ်ကြား သည်အကျိုးနဲ့ သည်အကန်းနဲ့ ဘာတဲ့တုံး(တွေ့ရပါလို၏ပါဘုရား)၊ တွေ့ရ ကြုံရ ဆုံရပါလို၏ သဘောကျပလား(ကျပါပြီဘုရား)။

အတော်ကို ကြောက်စရာကောင်းတဲ့ တရားပါလားဆိုတာ ပိဋ္ဌနဋ္ဌတလုံးထဲ ဟောနေတာ(မှန်လှပါ)၊ ကဲ.... ဦးဘကြည် ဘယ်လောက်အဘိုးတန်တုံး(မဖြတ်နိုင်ပါဘုရား)၊ ဒါ သိလိုက်ရတာနဲ့ တော်ပြီကွ—တန်ပြီကွလို့ကဲ ဦးသာဋ္ဌေး လာထိုက် မလာထိုက်(လာထိုက်ပါတယ်ဘုရား)။

ဒါ ခန္ဓာကိုကြည့်လိုက်တော့မှ သူကနှိပ်စက်တဲ့အချိန်ချည့်ဘဲ သူကရေတိုက်ပါဦး၊ နို့တိုက်ပါဦး ဟုတ်လား၊ တိုက်ပေးပြန်လဲ ခင်ဗျားရေနောက်ကြီး မတိုက်ပါနဲ့၊ ရေကြည်မှ တိုက် ဆိုချင် ဆိုတယ် (ဆိုပါတယ်ဘုရား)။

သည့်ပြင် နေရာကြတော့လဲ အဖတ်ပါအောင်ထည့်ခဲ့၊ ရေချည့် မယူခဲ့နဲ့၊ ဖါလူဒါတို့ ဘာတို့ကြတော့ (မှန်လှပါ)၊ ရေချည့် မယူခဲ့နဲ့၊ ရေချည့် မသောက်ချင်ဘူးတဲ့။ အဲဒါကြတော့ အဖတ်ကလေးပါမှ။ ခင်ဗျားတို့ သည်းခြေရှူး ဟုတ်—မဟုတ်(ဟုတ်ပါတယ်ဘုရား)၊ ရိပ်မိပလား(ရိပ်မိပါဘုရား)။

တခါတလေကြတော့ သူက အကြည်ယူခဲ့၊ တခါတလေ ကြတော့အဖတ်ရောပြီးယူခဲ့ဟုတ်လား(မှန်လှပါ)တခါတလေ ကြတော့ ရေချည့်ယူခဲ့၊ တခါတလေကြတော့ ရေချိုယူခဲ့။ တခါတလေကြ ရေချိုမသောက်ချင်ဘူး၊ ရေချဉ်သောက်ချင် တယ်တဲ့ ဘယ်လောက်များ ရှူးတယ်ဆိုတာ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

အဲဒီတော့ အားသေးရဲ့လား(မအားပါဘုရား)၊ နွေအခွန်ဆက်ရ၊ မိုးအခွန်ဆက်ရ၊ လမ်းသွားရင်းများ ဇီဇာကြောင်နေလိုက်တာဗျာ မပြောပါနဲ့တော့။

သည်ခွက်နဲ့ မသောက်ချင်ဘူး၊ ဘယ်တော့မှ မသောက်ဖူးဘူး။ အမယ်...ရှမ်းပြည်လို ဝါးခွက်လေးတွေနဲ့ မသောက်ချင်ဘူး ဇီဇာကြောင်နေလိုက်တာများ၊ သည်းခြေ ထနေတာကိုး(မှန်လှပါ)၊ ရိပ်မိကြပလား(ရိပ်မိပါဘုရား)။

ကဲ...ဒါဖြင့် ဒကာ ဒကာမတို့ ကိုယ့်အိမ်မှာရှိတဲ့ အိမ်မှာနေ့တိုင်း သုံးနေတဲ့ ပုဂံခွက်ရောက်တောင်မှ ပဲ့တယ်ရွဲ့တယ်ဆိုပြီး ဘယ့်နှယ် သုံးကြသေးရဲ့လား?(မသုံးတော့ပါဘုရား)ဘာပြုလို့ မသုံးတာတုံး(သည်းခြေရူး ထလို့ပါဘုရား)။

သည်းခြေရူး ထလို့ နဂိုရ်က ကိုယ်ကြိုက်တာ ကိုယ်ဝယ်ထားပြီး(မှန်လှပါ)၊ ဒီပုံကလေးက လှတယ်၊ သည်ပန်းခက်ကလေးတွေနဲ့ ဒီအချိုးက အင်မတန်နေရာကြတာ ဟုတ်လားအဲဒါ အစတုံးက သိပ်ပြီး ပဏာရနေတာ။ တော်တော်ကြာဘာဖြစ်လာပြန်တုံး(သည်းခြေရူး ထလာပါဘုရား)။

သည်းခြေရူး ထလာလို့ ခေတ်နောက်ကျပြီတဲ့..။ မသုံးနိုင်တဲ့အဝတ်တွေ အိမ်ထဲ တပုံကြီးဘဲ၊ သည်းခြေထလာလို့အိမ်မှာမရှိလို့ လိုက်ဝယ်ရတဲ့ အဝတ်တွေကော....(မနည်းပါဘုရား)။ အမယ်လေး....တယ်ပေါပါလား။ မဆိုးဘူးလား—ဆိုးသလား ဒကာ ဒကာမတို့ (အလွန်ဆိုးပါဘုရား)။

အလွန်ဆိုးဆိုတော့ သူ့နှိပ်စက်တာဘာယ်သူကိုဘုံးမေးစမ်း (သူ့ကိုခင်ဘဲသူပါဘုရား)၊ သူ့ခင်တဲ့သူဆိုတော့ သူ့ကို ဆု တောင်းယူတဲ့ ကျုပ်တို့ ခင်ဗျားတို့ကို ဆိုပါတယ် (မှန်လှပါ) သဘောကျကြပလား(ကြပါဘုရား)။

ဒါဖြင့်.... ရုပ်နာမ်သည် သဏ္ဌာဝါကို (ကိန်းရာပုဂ္ဂိုလ်ကို) ဘာလုပ်တတ်တုံး (နှိပ်စက်တတ်ပါတယ်ဘုရား)၊ သွားများ ယောင်လို့ ဆုမတောင်းကြနဲ့နော်.... နတ်“ရုပ်နာမ်” ရ ရ ပါလို၏၊ နတ်ကလေးဆိုင်းဘုတ်ဆွဲ .... သွားများဆုမတောင်း ကြနဲ့၊ ဗြဟ္မာဆိုင်းဘုတ်ကော (မတောင်းတော့ပါဘုရား)။

နှိပ်စက်တာချည့်ဘဲ ဆိုင်းဘုတ်ကတော့ ရေးချင်ရာ ရေး လိမ့်မယ်၊ မရေးပေဘူးလား? (ရေးပါတယ်ဘုရား)၊ စကြာ ဝတေးလို့လဲ ရေးချင် ရေးလိုက်လိမ့်မယ်၊ ရေးပင် ရေးငြား သော်လဲ ဒါဘဲ(မှန်လှပါဘုရား)။

သည်အကျိုးနဲ့ သည်အကန်း ရမှာဘဲ၊ ဒကာ ဒကာမတို့ သဘောကျပလား (ကျပါဘုရား)။ ဒါဖြင့်....ဘာဆုများ တောင်းချင်သလဲ (ဘာဆုမှ မတောင်းချင်ပါဘုရား)။

သည်နှိပ်စက်ခြင်းမှ လွတ်ရပါလို၏ ဒါ ဘဲ ဆု တောင်း.... ရှင်းပလား(ရှင်းပါပြီဘုရား)၊ ညာတာမဖက် အမြဲနှိပ်စက်တဲ့ သည်ဝဋ်ကြီးမှ ကျွတ်ရပါလို၏ ဆိုတော့.... လာစရာ ရှိသေး သလား၊ သည့်ပြင် မကောင်းတာတွေကော လာအုံးမှာလား (မလာပါဘုရား)၊ ကဲ... ဦးစံရီတို့ ရိပ်မိကြပလား(ရိပ်မိပါ ဘုရား)....။

ကဲ.... ရုပ်နဲ့နာမ် နှစ်ခုပေါင်းလို့ရှိရင် သည်အမေတော့ သေပေတော့.... ဦးခင်မောင်(မှန်လှပါ)၊ သူက ခြေသန့်တဲ့ ပုဂ္ဂိုလ် မျက်စိသာ မမြင်တာကိုး။ နောက်တယောက်က မျက်စိတော့ မြင်တယ်၊ ခြေထောက်က မပါဘူး။

ပေါင်းပေးလိုက်ပြီ...ပေါင်းပြီးသည့်ကာလ သူတို့သွားချင်တဲ့ဆီ သွားကြလိမ့်မယ်။ အရှယ်ကသဲ ရောက်လာကြပြီကိုး (မှန်လှပါ)၊ သူတို့ လိုချင်တာတွေ ကြိုက်တာတွေ အကုန်ယူလိမ့်မယ်၊ မတဲ့တာ အကုန်စားလိမ့်မယ်၊ တဲ့တာလဲ စားလိမ့်မယ်။ မသွားစေချင်တဲ့လမ်း သွားလိမ့်မယ်၊ သွားစေချင်တဲ့လမ်း မသွားဘူး၊ ပေါင်းမိပါကောဗျ။

အင်း....တရားနာတို့ တရားအားထုတ်ဘိုကြတော့ မသွားချင်ဘူး၊ နှစ်ယောက် ပေါင်းမိပါကော(မှန်လှပါ)၊ သည့်ပြင် နေရာကြလို့ရှိရင်ဖြင့် မကောင်းတဲ့လမ်း၊ အရုပ်ဆိုးတဲ့လမ်း အကျည်းတန်မဲ့လမ်း၊ ကံမကောင်း အကြောင်းမသင့်တဲ့လမ်း ကြတော့(သွားပါတယ်ဘုရား)။

အဲဒီတော့ ...တားမရ·ဆီးမရ ဆိုတော့(ကိန်းတဲ့အမေ)မှာ ဖြစ်မှုဖြစ်ရလေခြင်းဆိုပြီး ရင်မနေရတော့တာဘဲ၊ မနေရဘူးလား(နေရပါတယ်ဘုရား)။

နာမ်နဲ့ရုပ် ပေါင်းမိသွားပြီလေ၊ လိုချင်တဲ့နေရာကို သူတို့ သွားနိုင်ပြီ...တယောက်က အပေါ်က၊ တယောက်က အောက်က အသွားသမား၊ တယောက်က လမ်းပြဆိုတော့ နာမ်နဲ့ရုပ် မပေါင်းမိသေးဘူးလား?(ပေါင်းမိပါဘုရား)။

ပေါင်းမိတဲ့အခါကြတော့ – သုံးဆယ့်တဘုံထဲမှာ ဒယ်အိုး (ငရဲ)ကုန် လှည့်ဒါဘဲ၊ ရိပ်မိပလား(ရိပ်မိပါဘုရား)။ ဒယ်အိုးကုန်လှည့်တယ်ဆိုတာ အရမ်း သွားဖြစ်လိုက်တာ၊ တားလို့ရသေးရဲ့လား(မရပါဘုရား)။

အရမ်း သွားဖြစ်လိုက်တော့ အမေဖြစ်သူက ရုပ်အလိုလိုက် လိုက်ရ၊ နာမ်အလို လိုက်-လိုက်ရဆိုတော့ အမေလုပ်တဲ့ ပုဂ္ဂိုလ်ပါ ဒယ်အိုးထဲ ဆင်းလိုက်ရတာဘဲ(မှန်လှပါ)။

သူကဝမ်းခေါင်းမဟုတ်တာတွေ ရှောက်အောင်းပြန်တော့ ကော(လိုက်ရပါဘုရား)၊ သူ့ခင်တဲ့ပုဂ္ဂိုလ်က လိုက်ရတာဘဲ၊ အဲဒီတော့.... ခင်ဗျားတို့ သားဆိုးနှစ်ယောက် နှိပ်စက်တာကို မသိသေးသမျှ ကာလပတ်လုံးဖြင့် ကျန်နေရာဟူသ၍ ကောင်းမကောင်း မရွေးနဲ့ ဒို့နေရာချည့်ဘဲဟု ဆုံးဖြတ်ချက်ချ။

ကျင်ကြီးပုံလဲ ဒို့နေရာ၊ ရေပုတ်ထဲလဲ ဒို့နေရာဘဲ....၊ ပိုးလောက် ဖြစ်ရအုံးမှာကိုး၊ နေရာရွေးအုံးမယ် ထင်သလား ?.... ရွေးမယ် မရွေးဘူးဆိုတာ ဘုန်းကြီးရှင်းပြမယ်....။

ခင်ဗျားတို့ အိပ်ရာထဲရောက်ရင် စိတ်ကူးနေလိုက်တာဖြစ်ခြင်း၊ ဟိုဟာစိတ်ကူး၊ ဒီဟာစိတ်ကူး၊ သားကူး၊ သမီးကူး၊ ဆွေကူး၊ မျိုးကူး ဒီစိတ်ကူးတွေဟာ ဘာတုံးလို့ မေးခဲ့ရင်.... သည်းခြေရှူးထ,နေတာ ရိပ်မိပလား(ရိပ်မိပါဘုရား)။

သည်းခြေရှူး ထ,နေလိုက်တာ မနက်မိုးလင်းတော့ ညက အရှူးထ ထားတဲ့အတိုင်းဘဲ နှစ်ယောက်ပေါင်းပြီး သကာလ ကားနဲ့ ဟိုသွားလိုက်၊ သည်သွားလိုက်၊ ခြေကျင် ဟိုပြေး

လိုက်၊ ဒီပြေးလိုက် နှစ်ယောက်ပေါင်းမိသွားပြီး သည်းခြေရှူး ထနေလိုက်ကြတာ။ သူ့ခင်တဲ့ အမေကဆိုရင် ဒီလမ်းသွားတာ အန္တရာယ်မှ ကင်း ပါ့မလား၊ ငါ့သား ငါ့သမီးတွေ နေရာမှကျ ပါ့မလား၊ သူခိုး ဓါးပြနဲ့များ တွေ့နေကြမလားလို့ မစိုးရိမ် ရဘူးလား ?(စိုးရိမ်ရပါဘုရား)။

ဘယ်တော့များ အားကြအုံးမတုံး ... ?(မအားပါဘုရား) ဘယ်သူ့များ ညာသေးတုံး (ဘယ်သူ့မှ မညာပါဘုရား)။ ဘုရားတော့ကော (မညာပါဘုရား)၊ မညာဘူး ကိုယ်တော် ကြီးပေမဲ့ ညာတယ်လို့ အောင့်မေ့မနေနဲ့။

ဘုရားကိုယ်တော်ကြီး သည်းကားဆိုလို့ ရှိရင်.... ဂဇ္ဇဂုတ် တောင်ခြေအောက် ကြွတော်မူရတယ်၊ ဒါမှ.... ဒေဝဒတ်က ကျောက်မောင်းဆင်ပြီး ချမှာ မဟုတ်လား၊ နှစ်ပါးပေါင်းမိ သွားတာ(မှန်လှပါဘုရား)။

နှစ်ပါးပေါင်းမိသွားတော့ ဟိုမှ ဒါဏ်ပိလို့ဗျာ၊ မနေရ ဘူးလား (နေ ရပါ ဘု ရား)၊ ဒါ ... ဝိပ္ပလ္လာသ ပယ်ပြီးသား နောက် နောက်က ဝိပ္ပလ္လာသ အရှိန်အစော်ကြောင့် သွားရ တာ.... (မှန်လှပါဘုရား)။

အရှိန်အစော် ရှိနေသေးတယ်....။ ဝိပ္ပလ္လာသကို ပယ်ပြီး သား အရှိန်ကျန်နေတယ်၊ ဏ်ကိုပယ်ပြီးသား(ဝိပါက)ကျန် နေသေးတယ်၊ ရှင်းကြပလား (ရှင်းပါပြီဘုရား)။ ကံဆိုတဲ့ ဝိပ္ပလ္လာသတော့ ပယ်လိုက်တယ်၊ ဝိပါကဆိုတဲ့ ဝိပ္ပလ္လာသတော့ (မပယ်သေးပါဘုရား)။

မပယ်နိုင်တော့ သူတို့နှစ်ယောက် ပေါင်းသွားလိုက်တော့ ဇီဝက မနည်း ကုယူရပါလား (မှန်လှပါ)၊ ရိပ်မိကြပလား နှစ်ယောက်ပေါင်းသွားလိုက်မိတော့....။

သည်မှာလဲ ခင်ဗျားတို့ အခုထိန်းနေရတာ ဘယ်သူ့ထိန်း နေရတယ်ဆိုတာ သိကြပလား(သိပါဘုရား)၊ ဟင်....နာမ်နဲ့ ရုပ်ဘဲ မဟုတ်လား(တင်ပါးဘုရား)၊ ပင်ဂိုရှိသဘော ပြောရ လျှင် သည်းခြေရှူးနဲ့ ဝမ်းပျက်ဘဲ(မှန်လှပါ)။ ဘာနဲ့ဘာတဲ့ (သည်းခြေရှူးနဲ့ ဝမ်းပျက်ပါဘုရား)။

သည်းခြေရှူးနဲ့ဝမ်းပျက်ကို ခင်ဗျားတို့ သေသေချာချာ တွေးပါ၊ ဟုတ်ပါတယ် နာမ်ဓမ္မကတော့ ဘာပစ္စည်းဖြစ်ဖြစ် ဟောင်းဟောင်းနွမ်းနွမ်း စုတ်စုတ်ပြတ်ပြတ် လိုရစေ ကြိုးနဲ့ ခွေဆိုပြီး အကုန်သိမ်းခိုင်းတာဘဲ (မှန်လှပါဘုရား)။

(နာမ်ဓမ္မက ဘယ်တော့မှ လွှင့်ပစ်တယ် မရှိပါဘုရား)၊ မရှိဘူး ခင်ဗျားတို့ ဘာပြစ်လိုက်တာမှ မရှိဘူး၊ သည်းခြေရှူး ခိုင်းလိုက်တဲ့ဥစ္စာ.... ဘယ်တော့မျှား သူကြိုက်တာရယ်လို့ ရှိသေးရဲ့လား ?(မရှိပါဘုရား)။

တကယ်ကြိုက်ရမဲ့ ပစ္စည်းကြတော့ လုပ်ရမဲ့အလုပ်ကြတော့ အချိန်ဆွဲနေ....။ သည်းခြေရှူးမို့ ဒုက္ခသစ္စာတွေ (တင်ပါး) နားထောင်ရမဲ့သဘော ဒါတွေကြတော့ ဟောရင် မကြိုက် ဘူး၊ ဒါတွေဟာ ကြီးမှ အိုကြီးအိုမှကြရင် လုပ်ရတော့မလိုလို ဟုတ်လား၊ အခု စီးပွားရှာနေတုံး၊ နောက်မှဆိုပြီး ဆင်ခြေ တွေ ပေးနေလိုက်တာ။

ငယ်တုံးတော့ ပညာ၊ အလတ်ပိုင်းကြတော့ စီးပွား ဟုတ်လား၊ ကြီးတော့တဲ့အခါကြမှ သံသရာရေး(တင်ပါး)၊ သည်းခြေရှုး ထ လိုက်တာဗျာ မပြောပါနဲ့တော့၊ ဒကာ ဒကာမတွေ ဟုတ်ပလား (မှန်လှပါဘုရား)။

ဒါဖြင့်....ခင်ဗျားတို့ သည်းခြေရှုးဝမ်းပျက်ကို ဘယ်အခါမှ မတွေ့ရင် ချမ်းသာတော့မယ်ဆိုတာ ဆုံးဖြတ်ချက်ချ(မှန်လှပါ) ရှင်းပလား(ရှင်းပါပြီဘုရား)။

ဒီသည်းခြေရှုးနဲ့ ဝမ်းပျက်ကိုသာ ခင်ဗျားတို့ အမြဲတန်း တွေ့ရပါလို၏ဆိုရင်ဖြင့် ဦးသာဋ္ဌေး ...သေပြစ်လိုက်ဒါတောင် မပြီးသေးပါဘူး၊ သဘော ပေါက်ကဲ့လား ? (သဘောပေါက်ပါပြီဘုရား)....။

သည်ရုပ်သည်ကားဆိုလို့ရှိရင် အမြဲ ဝမ်းပျက်နေတယ် ဆိုတာတော့.... ဓါတ်လေးပါး ဘယ်တော့မှ မညီညွတ်ဘူး.... (တင်ပါးဘုရား)။

မယုံရင် တခုပြပေးစမ်းပါမယ်.... ပထဝီဓါတ်ဆိုတော့ မြေဓါတ်၊ အာပေါဓါတ်ဆိုတော့ဓါတ်ဆီ၊ ဝါယောဆိုတော့ လေ၊ တေဇောဆိုတော့ မီး၊ ဓါတ်လေးပါးက အဝိနိဘောဂ မခွဲရဘူး တဲ့ရမယ်....၊ တခုနဲ့တခု ဘယ်ဟာမှ အမြဲမတည်ဘူး (မတည်ပါဘုရား)။ ဝမ်းလျှောရင် ခံနိုင်ပါအုံးမလား ?(မခံနိုင်ပါဘုရား)။

ဓါတ်ဆီနဲ့ မီးကော တွဲရဲ့လား(မတွဲပါဘုရား)၊ လေနဲ့ ကော တွဲရဲ့လာ(မတွဲပါဘုရား)၊ ထင်းနဲ့ကော တွဲရဲ့လား.... (မတွဲပါဘုရား)၊ ကဲ .. မတွဲတာတွေ ခဏခဏပြနေကြရမှာဘဲ (မှန်လှပါဘုရား)၊ မတွဲတာတွေ တမျိုးပြီး တမျိုးပြနေကြရင် အမေမိဘ ငိုလို့ အားပါ့မလား ?(မအားပါဘုရား)။

အဲဒီတော့ အမေနဲ့တူတဲ့ သမုဒယသစ္စာ၊(သမုဒယသစ္စာ) အမေဘဲ။ သူ့ခင်နေလို့ ခင်ဗျားတို့ခက်နေတာ၊ ရှင်းကြပြီ လား(ရှင်းပါပြီဘုရား)။

ဒါဖြင့် ရုပ်နာမ်သည် သတ္တဝါကို ဘာလုပ်တတ်(နှိပ်စက် တတ်ပါဘုရား)၊ အခုမှ ပေါ်လာတယ်၊ ဒါဖြင့်....ခင်ဗျားတို့ ရုပ်နာမ်ဟာ နှိပ်စက်တတ်တယ်လို့ သိရသဖြင့် ဦးသာဌေးတို့ အများကြီးတော်လာပြီ(မှန်လှပါ)၊ အများကြီးတော်လာပြီ။

ဘယ်လောက်နှိပ်စက်မယ်....(မှန်လှပါ)၊ ရုပ်နာမ်သတ္တဝါ တို့ ကိန်းရာပုဂ္ဂိုလ်ကို သည့်ပြင် ဘာများချီးမြှောက်သေးတုံး (ဘာမှ မချီးမြှောက်တတ်ပါဘုရား)၊ နှိပ်စက်တတ်တာ သက် သက်ဘဲလား ? (သက်သက်ပါဘုရား)။

ဒါဖြင့်....ဒုက္ခသစ္စာအစစ်ဘဲ၊ နှိပ်စက်တတ်တာအစစ်ဆိုရင် ဒုက္ခသစ္စာအစစ်ဘဲ ဒကာ ဒကာမတို့(မှန်လှပါ)၊ ဦးဘကြည် ရိပ်မိပလား(ရိပ်မိပါဘုရား)။ ဒါဖြင့်.... သူ့မှာ သူ့ဝတ္တရား ဘာတုံး?(နှိပ်စက်တတ်တဲ့ ဝတ္တရားပါဘုရား)။

ရုပ်ကလဲ နှိပ်စက်တတ်တဲ့ ဝတ္တရား(တင်ပါ့)၊ နာမ်က ကော.... (နှိပ်စက်တတ်တဲ့ ဝတ္တရားပါဘုရား)၊ သူတို့ခြင်း

ပေါင်းမိပြန်တော့(ပိုမိုနှိပ်စက်ပါတယ်ဘုရား)၊ ဒါဖြင့် ဘုရား သခင်ကိုယ်တော်မြတ်ကြီးတို့သည် သည်နယ်ကမျှားထွက်သွား ကြတာ မအံ့သြနဲ့တော့ (မအံ့သြပါဘုရား)။

ခင်ဗျားတို့လဲ ဒီနယ်ကထွက်အောင်တော့ လုပ်ပါ၊ နှိပ်စက် တတ်တဲ့သဘောကို သိပါပြီ၊ အလုပ် လုပ် ဘို့ ဘဲ လို တော့ .... (မှန်လှပါ)၊ ဒါဖြင့်.... ယခု ဒကာ ဒကာမတို့ တရားနာနေတဲ့ အချိန်တောင် တကယ် နှိပ်စက်တာသိရဲ့လား။

တော်တော်ကြာ.... ကွေးပေး၊ ဆန့်ပေး၊ ဟိုဘက်လှည့်၊ ဒီဘက်လှည့်ရ နှိပ်စက်နေကြတာ နာမ်ဓမ္မတွေကလဲ တရား နာရင်းတောင် အိမ်ရောက်ချင် ရောက်နေတာ....၊ ဒီတော့.... မင်းတို့အင်မတန် နှိပ်စက်တဲ့တရားတွေ နှိပ်စက်တတ်တဲ့တရားမှ တပါး မင်းတို့ကို ဘယ်လိုမှ အမှန်းတင်လို့ မရတော့ဘူး။

ချောလဲ မချောဘူး၊ လှလဲ မလှဘူး နှိပ်စက်တာသက်သက် ဘဲလို့ သိတာက ဒကာ ဒကာမတွေ ဒါမဂ္ဂင်ရစ်ပါး၊ အောင် ကိုယ်မကြိုက်ပေမဲ့လဲ ကိုယ့်ကိုယ်ကို သနားသဖြင့် ကြိုးစား ပါ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒကာ ဒကာမတို့.... နှိပ်စက်တာ ဘယ်အချိန် ဘယ်အချိန် မှာ နှိပ်စက်သလဲလို့ မေးခွန်းထုတ်ရင် ဘယ့်နှယ်ဖြေကြမယ် (ဘယ်အချိန်မှ မရှိပါဘုရား)၊ အိပ်နေတုံးလဲ နှိပ်စက်တာဘဲ၊ ထိုင်နေလဲ နှိပ်စက်တာဘဲ။

ခင်ဗျားတို့ အခု ခဏခဏပြောင်းနေရတာဟာ ဒုက္ခသစ္စာဝင်မှု ကျွတ်အောင်လုပ်နေတုံး နည်းနည်းများဆိုင်းပါအုံးလို့ တားလို့များ ရကြရဲ့လား ? (မရပါဘုရား)၊

မင်းတို့နဲ့ ကျွတ်ချင်လို့ ဆရာကောင်း သမားကောင်းတွေလို့ ငါ့မှာ ဉာဏ်ကောင်းလေးပေါ်တဲ့ဆီ သွားနေတုံး၊ မနှိပ်စက်ပါနဲ့လို့ တားလို့ရရဲ့လား ?(မရပါဘုရား)။

မရဘူးတဲ့ ဒါဖြင့်... ခင်ဗျားတို့ သားဆိုး နှစ်ယောက် အဓိပ္ပါယ် ရှင်းကြပလား (ရှင်းပါပြီဘုရား)၊ နာမ်လဲ သားဆိုး၊ ရုပ်ကရော(သားဆိုးပါဘုရား)။ အဲသည်တော့ သားဆိုးအမေ တပေပေပေါ့။

ကဲ....ဒါဖြင့် ဒကာ ဒကာမတို့ ဒါတွေ သားဆိုးတွေ ဟုတ်ပါရဲ့လား ? (ဟုတ်ပါတယ်ဘုရား)၊ အခု ခင်ဗျားတို့ ဘယ်အချိန်အထိ နှိပ်စက်ခံနေရပါသလဲ (သေသည်အထိ ခံရမှာပါဘုရား)။ ဒါဖြင့် သူ့ကျွတ်လွတ်မှသာလျှင် နေရာကြမယ် ဆိုတာကော ပေါ်ပလား(ပေါ်ပါပြီဘုရား)။

ကျွတ်လွတ်အောင်လဲ ကြိုးစားကြရမယ်နော်၊ ခင်ဗျားတို့ ကာမာဝစရ ကုသိုလ်လောက်များတော့ သူက နှိပ်စက်မှာ၊ ရူပါဝစရကုသိုလ်ကော (နှိပ်စက်ပါဘုရား)၊ သူက နှိပ်စက်မှန်းကော သိရဲ့လား၊ မသိဘူးဗျ။

ကဲ....မဂ်ကုသိုလ် ဝိပဿနာကုသိုလ်က ကျေးဇူးပြုလိုက်တဲ့ (မဂ်ကုသိုလ်)ကြမှ အော်....နှိပ်စက်တဲ့တရား မင်းတို့ကြိုးစားမှ ဒုက္ခသစ္စာကွ ရှင်းပလား(ရှင်းပါဘုရား)၊ ရုပ်ရော နာမ်ရော ဒုက္ခသစ္စာကွဆိုတာ သေချာပီလား(သေချာပါပြီဘုရား)။

အဲဒီအချက်တွေ ဆရာကောင်း သမားကောင်း ကလျာဏ မိတ္တကို မတွေ့လျှင် သိကိုမသိနိုင်ဘူး။ အားလုံး ဒကာ— ဒကာမတွေ ရိပ်မိကြပလား၊ ခင်ဗျားတို့ မဂ္ဂင်လေးရတာ ဘာကြောင့်ရတာတုံး(ကလျာဏမိတ္တ ပြီးတော့ သဒ္ဓမ္မသာဝန ဆိုတဲ့ တရားနာမှုကြောင့် ရတာ)၊ ကလျာဏမိတ္တနဲ့ ပေါင်းရုံလေးနဲ့တော့ ဒီဉစ္စာမရနိုင်ဘူး။ ရှေးဦးစွာ ကလျာဏမိတ္တနဲ့ ရင်းနှီးအောင်လုပ်၊ သဘောကျပလား(တင်ပါ)။

ပြီးတော့မှ ခင်ဗျားတို့ တရားနာ.... (မှန်လှပါဘုရား)၊ သဘောကျပလား(ကျပါဘုရား)၊ ကလျာဏမိတ္တနဲ့ ရှေးဦးစွာ ပေါင်းရမယ်၊ ပြီးတော့မှ တရားနာဟုတ်လား။

ဒါဖြင့် သောတာပတ္တိမဂ် အင်္ဂါပြည့်မပြည့်.... ?(ပြည့်ပါပြီဘုရား)၊ ခင်ဗျားတို့ ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက (သပ္ပုရိသ သံသေဝေါ သောတာပတ္တိ အင်္ဂံ၊ သဒ္ဓမ္မ သာဝနံ သောတာပတ္တိ အင်္ဂံ)တဲ့ ရှင်းပလား။

ဒါဖြင့်....သည်ရုပ်နာမ်က ဘာလုပ်တတ် ? (နှိပ်စက်တတ်ပါဘုရား)၊ ခင်ဗျားတို့က နှိပ်စက်တယ်လို့ မထင်ဘူး။ ကိုယ့်ရုပ်နာမ် ကိုယ့်ခန္ဓာလေး ကျန်းမာမှ သူကျန်းမာမှ သူ့မကျန်းမာရင် ခက်တယ်။

သည်လိုဆိုတော့ နှိပ်စက်ဘဲ့သဘော သိသေးရဲ့လား....၊ နှိပ်စက်တယ်လို့ ယူသေးရဲ့လား(မယူပါဘုရား)၊ ဒါကြောင့် အနာကင်း—ရှင်ဗါကူ ခင်ဗျားတို့က သဘော ကျ ပ လား (ကျပါဘုရား)....။

ဒါဖြင့် အခုသစ္စာပေါ်တော့ ရှင်ဗါကူ ဆုမျှားတောင်းချင်ကြသေးလား ?(မတောင်းချင်ပါဘုရား)၊ ရှင်ဗါကူသည်ကား အဝတ်မခြုံဘဲ နေနိုင်ရဲ့လား (မနေနိုင်ပါဘုရား)၊ မနေနိုင်ဘူးဆိုတော့ နှိပ်စက်ခံရတယ်၊ ရှင်ဗါကူနှိပ်စက်ခံလိုက်ရတာမှ ငါးမျိုးခံရတယ်၊ ဒကာ ဒကာမတို့ ငါးမျိုးခံရတယ်(မှန်လှပါ)။

ငါးမျိုးခံရဘယ်ဆိုတော့ ရှင်ဗါကူ အနာ ကင်းသလား– မကင်းဘူးလား ?(မကင်းပါဘုရား) ဝိပါကဝဋ်ဗျ။ ငါးမျိုးခံရသေးတယ်ဆိုကထဲက ရှင်ဗါကူမျှား ဖြစ်ချင်သေးလား (မဖြစ်ချင်ပါဘုရား)။ ရှင်ဗါကူ ဖြစ်ချင်ရင် ငါးမျိုးခံနိုင်မှ ကိုက်မှာ။ သည့်ပြင် နည်းနဲ့တော့ မရဘူး၊ ကဲ....သဘောကျပလား (ကျပါပြီဘုရား)။

ဒါဖြင့်.... သည်နာမ်ဓမ္မက သည်းခြေရှုးအဖြစ်နဲ့ နှိပ်စက်တယ်လို့ မြင်ရဲ့လား။ ရုပ်ဓမ္မက သူငယ်နာဝမ်းပျက်နဲ့ နှိပ်စက်တယ်ဆိုတာ သဘောကျရဲ့လား။

အဲဒါ....(နာမ်နှိပ်စက်တာ ရုပ်နှိပ်စက်တာ)က နေ့တိုင်းဖြစ်နေတယ်။ ဟာ....သူငယ်နာဝမ်းက တယ်နှိပ်စက်ပါလား။ နာမ်ဓမ္မက ဟိုဟာမှတ်ချင်တယ်၊ သည်ဟာ မှတ်ချင်တယ်။ စားပွဲခင်း ဘယ်လိုခင်းလိုက်။ စားမဲ့သောက်မဲ့နေရာ ဘယ်လိုလုပ်လိုက်၊ သည့်ပြင်နေရာ ဘယ်လို ခင်းခဲ့-ခင်းခဲ့ ဟုတ်လား၊ ဘယ်လိုလုပ်လိုက်၊ ဘယ်လိုကိုင်လိုက် ဟင်....အရှုးထနေလိုက်တဲ့ဖြစ်ခြင်း မပြောပါနဲ့တော့ ရိပ်မိပလား(ရိပ်မိပါဘုရား)။

ဘယ်သူ အရှူးထနေတာတုံး ? (နာမ်ဓမ္မကပါ)၊ ဟယ်.... နှိပ်စက်ပြန်ပြီ–နှိပ်စက်ပြန်ပြီလို့ လုပ်ပေးနော်။

အဲသည်.... နိုပ်စက်ပြန်ပြီ–နှိပ်စက်ပြန်ပြီလို့ သိတဲ့အခါ ကြတော့မှ ရုပ်လဲ နှိပ်စက်တဲ့တရား၊ နာမ်လဲ နှိပ်စက်တဲ့တရား ညာဘာမဖက် အမြဲနှိပ်စက်တဲ့တရား၊ မင်းတို့ကိုဖြင့် နှိပ်စက် မှန်းသိလို့ မလိုချင်တော့ပါဘူး။

နှိပ်စက်မှန်းသိတာ (မဂ်ဉာဏ်)၊ နှိပ်စက်မှန်းသိလို့ မလို ချင်တာက ယခင်က အမေလုပ်တဲ့ တဏှာသေသွားတယ်၊ သဘောကျပလား(ကျပါဘုရား)။

အဲဒီ.... တဏှာသေသွားတဲ့အခါ ကြလို့ရှိရင်ဖြင့် တဏှာ အမေချော့မဲ့သူ မရှိတဲ့အတွက် သားတွေလဲ သူတို့ဝေဒနာနဲ့ သူတို့နေကြရတယ်၊ အမေလုပ်တဲ့ ပုဂ္ဂိုလ်က ပြုသေးရဲ့လား။ မပြုတော့ သူငယ်နာရှူးကလဲ ဂျွန်းထိုးမှောက်ခုံသွား၊ ဝမ်း ပျက်ကလဲ သူ့အဝတ်ကို ဘယ်သူမှ ပြင်ပေးမဲ့သူ မရှိတာနဲ့ သေချင်းဆိုးသေလိုက် ရှင်းပလား။

အဲသည်တော့ သူတို့နှစ်ခု ဒုက္ခချုပ်သွားတာဘဲ ရှင်ပလား အဲသည်တော့ ဒုက္ခချုပ်သွားတာ သူတို့နှစ်ခု မရှိတာ။ သူတို့ နှစ်ခုမရှိတာကို အမှန်သိနေတာက မဂ္ဂသစ္စာ။ သူတို့မရှိလို့ ချမ်းသာတဲ့နေရာက (နိဗ္ဗာန်) ဆိုတာ ရိပ်မိပလား(ရိပ်မိပါ ဘုရား) ကိုင်း....ယနေ့သည်တွင် တော်ကြစို့။

**သာဓု–သာဓု–သာဓု–။**

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အမရပူရမြို့ မဂ်လာတိုက်ဟောင်း

ကျောင်းထိုင်ဆရာတော်ရှင်

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား

ဟောကြားတော်မူသော

# ဒုက္ခသစ္စာ၏ အနက်လေးချက်

တို့တွင်

ဒုတိယမြောက်

## သန္တာပအနက် တရားတော်

ဒကာ ဒကာမတွေ.... မနေ့ကဟောခဲ့တဲ့ သာဝကပါရမီဉာဏ်မှာ သောတာပန်ဖြစ်ကြောင်း အင်္ဂါဘယ်နှစ်ပါး ရှိပါသလဲ?(နှစ်ပါးပါဘုရား)၊ နှစ်ပါးတဲ့။

သစ္စာတရားနာမှုနဲ့ ခန္ဓာကိုယ်နှလုံးသွင်းမှန်ကန်မှု၊ သည်နှစ်ပါးနဲ့ပြည့်စုံလျှင် သောတာပန်ဖြစ်နိုင်တယ်ဆိုတာ ဒကာဒကာမတွေမှတ်ပါ(မှန်လှပါ)၊ ဦးဘကြည် မဖြစ်နိုင်ဘူးလား(ဖြစ်နိုင်ပါဘုရား)၊ ဖြစ်ပါတယ်တဲ့....။

တခုက ဘာပါလိမ့်မတုံး ဆိုလို့ရှိရင် သစ္စာတရား နာမှု တစ်နံပါတ်နော်၊ ၎င်းသစ္စာတရားကို ယောနိသော မနသိကာရ နှလုံးသွင်းမှန်မှုရယ် သည်နှစ်ခုရှိလျှင် သာဝကမှာပါရမီပြည့်စုံပါတယ်၊ သည်ဘဝက ကျွတ်တန်း ဝင်နိုင်ပါတယ်ဆိုတာ.... ဒကာ ဒကာမတို့ မှတ်ထားရမယ်(မှန်လှပါဘုရား)။

သစ္စာတရား နာမှုရယ်၊ သစ္စာကို နှလုံးသွင်းမှုရယ် သည်နှစ်ခုပြည့်စုံက သည်ဘဝတွင် သောတာပန် ဖြစ်နိုင်ပါတယ်၊ တခြားရှာပြီးသကာလ မနေပါနဲ့တော့လို့ ဒကာ ဒကာမတွေ သတိပေးလိုက်ပါတယ်(မှန်လှပါဘုရား)။

ဒါဖြင့်.... လ ပေါင်းများစွာ နှစ်ပေါင်းများစွာ တပည့်တော်တို့ အားထုတ်ရမှာလားလို့ မေးလို့ရှိရင် ဘယ့်နှယ် ဖြေပါ့။ သစ္စာတရားနာမှု ပြည့်စုံပြီး ၎င်းသစ္စာကို အမှန်အတိုင်း နှလုံးသွင်းလို့ရှိရင်ဖြင့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဖြစ်ဘို့ဘဲလို့ ဆုံးဖြတ်ချက်ချပါ ဒကာ ဒကာမတို့။

အဲဒါ....အကျယ်တဝင့်ကလေး နဲနဲပြောချင်တယ်၊ ဒကာ ဒကာမတွေ မှတ်မိသထက် မှတ်မိအောင် မနေ့က သစ္စာတရားဘွန်းကြီးကစပြီးတော့ တော်တော်လေး ကျယ်ကျယ်ပြန့်ပြန့် ပြောလိုက်တယ်။

မနေ့ကပြောလိုက်တာက နာမ်ဓမ္မလေးခုက ဒကာ ဒကာမတွေ ခြေကျိုးလက်ကျိုး သည်းခြေရူးလို့ ပြောထားတယ်၊ နာမ်ဓမ္မ လေးခုကဘာတဲ့(ခြေကျိုးလက်ကျိုး သည်းခြေရူးပါဘုရား)....။

ဟုတ်တယ်တဲ့.... ခြေကျိုးလက်ကျိုးဆိုတာ သူ့ချည့်သက်သက် ဘယ်အလုပ်ကို လုပ်နိုင်သတုံး၊ အထ ့မြောက်အောင် လုပ်နိုင်သတုံးတဲ့၊ ဘယ်အရပ် ဘယ်ဒေသ သွားနိုင်သတုံး မေးရင် ဘယ့်နှယ်ဖြေကြ....(မသွားနိုင်ပါဘုရား)။

သည်းခြေရူး ဟုတ်-မဟုတ်ကို ဘုန်းကြီးတို့ ဒကာ ဒကာမတွေ စဉ်းစားလိုက်ပြန်တော့ ဝိပ္ပလ္လာသ မကင်းသေးလို့ အားလုံး ဒကာ ဒကာမတွေ ဖေါက်ပြန်မှု မကင်းသေးတာ၊ အနိစ္စကို နိစ္စထင်တဲ့ဥစ္စာလဲ နာမ်ဓမ္မက၊ ဒုက္ခကို သုခလို့ ထင်နေတာကော(နာမ်ဓမ္မကပါဘုရား)။

သည်နာမ်ဓမ္မဘဲ ပုထုဇဉ်မှာရှိတဲ့ နာမ်ဓမ္မကတော့ သည်အတိုင်းပေါ့ဗျာ။ အနတ္တ အတ္တ ့ထင်တာရော သည်နာမ်ဓမ္မဘဲတဲ့....၊ အသုဘ သုဘ ထင်နေတာကော (သည်နာမ်ဓမ္မပါဘဲဘုရား....)။

ဒါဖြင့် — သည်နာမ်ဓမ္မသည်ကား ဒကာ ဒကာမတွေ စဉ်းစားရမယ်၊ သည်နာမ်ဓမ္မ ဘာပါလိမ့်မတုံးလို့ မေးခွန်းထုတ်လို့ရှိရင် "သည်းခြေရူး"ဘဲ မဆိုထိုက်ဘူးလား ဆိုထိုက်သလား ?(ဆိုထိုက်ပါဘုရား)။

ဒါဖြင့်....သည်းခြေရူးကား ဆိုလို့ရှိရင်ဖြင့် အားလုံးဒကာ ဒကာမတို့ နာမက္ခန္ဓာလေးပါးသည် ခြေကျိုးလက်ကျိုး သည်းခြေရူးဆိုတာဖြင့် သိလောက်ပါပြီ....။

ရုပ်ဓမ္မကတော့ ဒကာ ဒကာမတို့ မနေ့က ဘယ့်နှယ်ဟောထား.... ?(မျက်စိနှစ်ကွင်း အလင်းမရပါဘုရား)။

မျက်စိနှပ်ကွင်း အလင်းမရတဲ့ သူငယ်နာဝမ်းပျက်လို့ မနေ့ကပြောထားတယ်။ မျက်စိအလင်းလဲ မရဘူး၊ သူငယ်နာဝမ်းပျက်လဲ ဖြစ်ပါတယ်ဆိုတာ ဒကာ ဒကာမတွေ သိလောက်ပါပြီ။

သိလောက်တော့ အဲဒါက နာမည်ပေးကာမျှရှိသေးတော့ ပီဋကနဲ့ မကိုက်လို့ရှိရင် မရပေဘူး။ ပီဋကစွေ့ ဉာဏ်တာ မဖက် အမြဲနှိပ်စက်တတ်တယ်လို့ မနေ့ကပြောခဲ့တယ်။ ဉာဏ်တာမဖက် အမြဲနှိပ်စက်တယ်ဆိုတာ ဘယ်သူက နှိပ်စက်တာတုံးလို့မေးတော့ သည်သည်းခြေပျက်က နှိပ်စက်တာ၊ ခြေလက်မပါတဲ့ သည်းခြေပျက်ဆိုတဲ့ နာမက္ခန္ဓာလေးပါးက နှိပ်စက်တာဘဲလို့ မှတ်ထားကြပါ။

သည်ဘက်ကလဲ တခါစဉ်းစားလိုက်တဲ့ အခါကြလို့ရှိရင် ဖြင့် အင်း....မျက်စိနှစ်ကွင်း အလင်းမရတာရယ်၊ သူငယ်နာဝမ်းပျက်ရယ် ရုပ်ခန္ဓာကလေ (မှန်လှပါ) သူငယ်နာဝမ်းပျက်ဆိုတာက ခေါ်လေးပါး ဖေါက်ပြန်တာပေါ့။

အဲသည်တော့ကို သူသည် ဘာသစ္စာတုံးလို့မေးလို့ရှိရင် ဒကာဒကာမတွေက သည်ဘက်က ရုပ်ခန္ဓာဆိုတာလဲ ဒုက္ခသစ္စာ။ ဟိုဘက်က နာမက္ခန္ဓာ လေးပါးကရော (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာဘဲ ဖြေကြရတော့မှာဘဲ ဟုတ်လား။

ဒုက္ခသစ္စာဘဲ ဖြေကြရမယ်.... ခုနင်က ဒကာ ဒကာမတွေ ရှေးဦးစွာပြောထားတာက ခင်ဗျားတို့ သည်ဘဝမှာ ဆုကြီးပန် မဟုတ်လို့ သေတာပန် တည်ချင်ရင် 'သစ္စာတရားနာမှု

ရယ်၊ သဘောကျပလား (ကျပါဘုရား)၊ သစ္စာတရား နာမှု ရှိရမယ်လို့ဆိုထားတော့ သစ္စာတရားမှ နာမှုမရှိလို့ရှိရင်.... သစ္စာတရား နှလုံးသွင်းမှုဆိုတာ ပေါ်နိုင်ကြပါ့မလား....? (မပေါ်နိုင်ပါဘုရား)။

မပေါ်နိုင်ရင် သာဝကပါရမီဉာဏ် မပြည့်သေးဘူး၊ သစ္စာတရားနာမှုနဲ့ သစ္စာတရား နှလုံးသွင်းမှုရှိလို့ရှိရင်ဖြင့်၊ ဆုကြီးပန် မဟုတ်လို့ရှိရင် သည်ဘဝ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာ ဖြစ်နိုင်တယ်လို့ ဆုံးဖြတ်ချက်ချ (မှန်လှပါဘုရား)။

ပေဋကော ပဒေသမှာ သည်အတိုင်း လာပါတယ် ရှင်းပလား(ရှင်းပါဘုရား)၊ ဒါဖြင့် သည်ဥစ္စာ သစ္စာတရား မနေ့ညက နာကြရတယ် (နာရပါဘုရား) နာကြရတော့ သူဟာ ဘာသတ္တိရှိသတုံးဆိုတော့ သူ့ကိုခင်တဲ့ပုဂ္ဂိုလ် ဉာဏ်တာမဖက် အမြဲနှိပ်စက်တတ်တဲ့ သတ္တိရှိတယ်(မှန်လှပါဘုရား)။

သူ့ကိုခင်တဲ့ပုဂ္ဂိုလ်လေ သူ့ကခင်တဲ့ပုဂ္ဂိုလ်ဖြင့် ဉာဏ်တာ မဖက် အမြဲနှိပ်စက်တယ်ဆိုတော့ နှိပ်စက်တဲ့သဘောတရားဟာ သည်နှစ်ခုဘဲလို့ မှတ်ကြပါ။

အော်....နှိပ်စက်တာ ဘယ်သူက နှိပ်စက်ပါလိမ့်မတုံးလို့ မေးခွန်းထုတ်တော့ မိမိဆုတောင်းယူထားတဲ့ ရုပ်နာမ်က နှိပ်စက်တာဘဲ (မှန်လှပါ)၊ သဘောကျပလား (ကျပါဘုရား)။

ဘယ်သူကနှိပ်စက်တယ်?(ရုပ်နဲ့နာမ်ကပါဘုရား)၊ ရုပ်နဲ့ နာမ်ကိုလဲ ဘာပြုလို့ဆုတောင်းယူမိသတုံး မေးခွန်းထုတ်လို့ရှိ ရင် ပိဋ္ဌနဋ္ဌဆိုတဲ့ နှိပ်စက်တတ်တဲ့သဘောကိုမသိလို့ ဆုတောင်း

ယူကြတာ။ လူဖြစ်ရပါလို၏၊ နတ်ဖြစ်ရပါလို၏၊ ဗြဟ္မာဖြစ်ရပါလို၏ဆိုရင် ဒကာ ဒကာမတွေ ရုပ်နာမ်ကို ဆုတောင်းယူတာဘဲ ရှင်းနေတာ....။

ဒါဖြင့်... ဘာသဘောကျလို့ ဆုတောင်းတာတုံးဆိုရင်.... "ဒုက္ခသ ပိဋ္ဌနဋ္ဌော"သဘောကျလို့ တောင်းတာ၊ ဒါဖြင့် သစ္စာ မသိသေးလို့ တောင်းတာ ဦးဘကြည် ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အော်....ဒါဖြင့် ခင်ဗျားတို့ သစ္စာမသိသေးသ၍၊ သည်သူငယ်နာဝမ်းပျက်နဲ့ ဟုတ်လား သည်းခြေရူးကို အမြဲတန်း ခင်ဗျားတို့ ကိုယ်တိုင်လဲဖြစ်ချင်တယ်၊ အနှိပ်စက်လဲ ခံချင်မှာဘဲဆိုတာ သေချာနေတယ်၊ မသေချာဘူးလား ?(သေချာပါဘုရား ...)။

သည်ဟာ သေသေချာချာ တွေးကြည့်တော့ ဘာမသိလို့ ရုပ်နာမ်တွေ ဆုတောင်း ဆုတောင်းပြီးသကာလ ကိုယ့်ကိုယ်တိုင် ရနေကြသလဲလို့ မေးခွန်းထုတ်တော့ရင် ဘယ့်နှယ် ဖြေကြမလဲ(သစ္စာမသိလို့ပါဘုရား)၊ သည်အတိုင်းဘဲ ပေဋကော ပဒေသမှာ ဟောကြားတော်မူထားတယ်။

ကဲ...သစ္စာမသိလို့ သစ္စာနှလုံးမသွင်းသေးလို့ ရှိရင်.... ဘာအားထုတ် အားထုတ် အပိုပါဘဲ၊ နိဗ္ဗာန်မရောက်မှာ သေချာတယ်၊ သစ္စာမသိလို့ နှလုံးမသွင်းကဲ့လို့ရှိရင် သောတာပန်ဆိုတဲ့ သာဝကကို မဖြစ်နိုင်ဘူးကွ၊ ရိပ်မိပလား....(ရိပ်မိပါဘုရား....)။

ဒါဖြင့်....သောတာပန် စ,တည်မှုလဲ သာဝကပါရမီဆိုတဲ့ သောတာပန် စ,တည်မှု အလုပ်ပြည့်မှုသည်ကားလို့ ဆိုရင်ဖြင့် နှစ်ချက်ထဲဘဲ များများမရှိဘူးလို့ ဆိုတာတော့ ကြေနပ်ပလား?(ကြေနပ်ပါဘုရား)။

နှစ်ချက်ထဲဘဲဟောတယ် ဘာတဲ့တုံး....ဦးဘကြည်တို့(သစ္စာတရားနာမှုရယ် ခန္ဓာနှလုံးသွင်း မှန်ကန်မှုရယ် ပါဘုရား)။ ဘုံဘဝတွေကို ကျုပ်တို့ အစဉ်လျှောက်ပြီးလာခဲ့တဲ့ပုဂ္ဂိုလ်တွေဟာ သံသရာမှာ ကျုပ်တို့မျက်ရေသည် အဖေသေလို့ငိုရတာနဲ့ ကိုယ့်သားသမီးသေလို့ ငိုရတာနဲ့ သမုဒ္ဒရာလေးစင်း ရေက နည်းသေးတယ်။ ဒါမသိခဲ့လို့ သည်လောက် ဆုတောင်းယူနေတာ၊ ဒါရလို့ ငိုကြရတာ ... ဦးဘအုန်း ရိပ်မိကြပလား(ရိပ်မိပါဘုရား)၊ ဦးမောင်လေး ရိပ်မိပလား(ရိပ်မိပါဘုရား)။

ဘယ့်နှယ် သစ္စာမသိတဲ့ပုဂ္ဂိုလ်ဟာ သည်နာမ်ရုပ်ကိုဘဲ ကျွေးခြင်း,အင်မတန်သဒ္ဓါ၊ အင်မတန် သူ့ကို ယုယပြီး ပြုချင်စုချင်တာ ဘာကြောင့်လဲ (ရူးလို့ပါဘုရား)။

ဒါဖြင့်.... သည်း ခြေ ရူး မှန်း ကော သိကြပလား(သိပါပြီဘုရား)၊ သည်ဘက်က သူငယ်နာဝမ်းပျက်ကော သိကြပလား(သိပါဘုရား)၊ ဓါတ်လေးပါး ပျက်တာကိုးဗျ။

ကောင်းပြီ.... ဘာပြုလို့ ပေဋကောပဒေသက "သစ္စာသိ သစ္စာနှလုံးသွင်းလို့"ရှိရင်ဖြင့် အရိယာ ဖြစ်ရသတုံးမေးတဲ့ အခါကြတော့ ပေဋကောပဒေသကဘဲ ရှင်းပြတယ်။ ဘယ်လို ရှင်းပြသတုံးဆို ဒကာ ဒကာမတို့ သူရှင်းပြပုံလေးဟာ သစ်

သွားတာဟာ ရှိပါတယ်၊ ရေထဲကဆယ်ပါ၊ သို့မဟုတ်ရင် ကုန်းပေါ်က ခုတ်ပါ၊ ခြောက်အောင် နေလှမ်းပါ၊ ခြောက်အောင်နေလှမ်းလို့ ရှိရင်ဖြင့် မီးရှို့တဲ့အခါမှာ လောင်ပါလိမ့်မယ် ဆို တဲ့ ဥစ္စာ သေ ချာ တယ် နော်။ အစိုကို မီးရှို့ရင်.... (မလောင်ပါဘုရား)။

အခြောက်ကို မီးရှို့ရင်.... (လောင်ပါဘုရား)၊ အော်.... ဟုတ်ပြီကွဲ့ သစ္စာတရားနာနေတဲ့အခါကိလေသာက ခြောက်နေတယ်။ သစ္စာတရား နာနေကထဲကိုက ဘယ့်နှယ်နေတုံး.... (ကိလေသာ ခြောက်နေပါဘုရား)။

ဒါနတရားတို့လို နတ်ပြည်ရောက်ဆိုတော့ ဘယ်လောက်ကောင်းမတုံး ဟုတ်လား (တင်ပါဘုရား)၊ ဟုတ်ပါ့မလား (ဟုတ်ပါတယ်ဘုရား)၊ သီလများ အသက်ရှည်လိမ့်မယ်တဲ့ကွ ကိလေသာ ခြောက်—မခြောက်(မခြောက်ပါဘုရား)။

သမထတရားဟာ ဗြဟ္မာဖြစ်နိုင်တယ်ဘဲ့ကွ၊ အင်း....လက်ညှိုးတချောင်း ထောင်ရင် နှစ်မှာကာ့သုံးကမ္ဘာလင်းသတဲ့ကွ ငါတံခိုးကြီးအုံးမှာဆိုတော့ သက္ကာယဒိဋ္ဌိ ဝင်ပြီ၊တဏှာကကော တဏှာကလဲ ဝင်ပြီး ချယ်လှယ်တော့မယ် ဟုတ်လား(တင်ပါ)။

ဒုက္ခပေးနေတဲ့ တရားပါလားလို့ သည်လိုနှလုံးသွင်းနေတော့ ဝမ်းထဲမှာ ကိလေသာ ဘယ့်နှယ်နေကြတုံး ?(ခြောက်နေပါဘုရား)၊ ခြောက်နေတယ် နာတုံးတော့ ခြောက်နေပြီ (မှန်လှပါဘုရား)၊ ဦးဘကြည် မခြောက်ဘူးလား ? နာတုံးတော့ ခြောက်နေပြီဆိုတော့ ကိုင်း – ဆရာဘုန်းကြီးကတော့ ပြောတာ ခဏခဏ၊ ဖြစ်နေပြီ ခဏခဏ၊ ပျက်နေပြီ ခဏခဏ ဒုက္ခသစ္စာဘဲ။

ဒါလဲ.... ခဏခဏဖြစ်ပြီး ခဏခဏပျက်နေတယ်.... "ဝိပရိနာမလက္ခဏံ ဒုက္ခသစ္စံ" ဆိုတဲ့အတိုင်း ခင်ဗျားတို့က ဒါတွေ ဖြစ်ပျက်ကို ဘုန်းကြီးဟောတဲ့အတိုင်း အရင်က ကျင့်နည်းတွေကိုလဲ ဟောပြီးသားဖြစ်နေတော့ သည်အတိုင်း ကျင့်လိုက်တဲ့အခါကျတော့ အော်....ဒုက္ခဟာ သူများပြောလား အောက်မေ့တယ်၊ ကိုယ်တိုင် အစစ်တွေတာကိုး၊ မလာဘူးလား?(လာပါတယ်ဘုရား)၊ အဲသည် လာတဲ့အချိန်ကျတော့ သောတာပန်တည်တယ် ရှင်းပလား ?(ရှင်းပါပြီဘုရား)။

ဟောနေစဉ် ကိလေသာ ခင်ဗျားတို့သန္တာန်မှာ ဘာဖြစ်နေတုံး(ခြောက်နေပါတယ်ဘုရား)၊ နဂိုရ်က ခြောက်နေတာ မဂ်မီးနဲ့ ရှို့လိုက်တဲ့ အခါကြလို့ရှိရင်ဖြင့် ခြောက်နေတဲ့ ကိလေသာ ပျောက်ဘို့ဘဲရှိတယ်၊ရိပ်မိပလား(ရိပ်မိပါဘုရား)။

ဒါကြောင့်.... မူလစကားနဲ့ ဒုတိယဥပမာစကားနဲ့ ပေဠကော ပဒေသမှာ နှစ်ချက်ပြောလိုက်တာ မကိုက်ဘူးလား.... (ကိုက်ပါဘုရား)။ သစ္စာတရား နာမှုရယ်၊ သစ္စာတရား နှလုံးသွင်းမှုရယ် ရှိရင် သောတာပန် တည်မယ်က္ခ....၊ သဘောကျပလား(ကျပါဘုရား)၊ အပါယ်လေးပါး တံခါးပိတ်တယ်ကွ (တင်ပါဘုရား)။

ဥပမာပြလို့ရှိရင်.... ပေဠကောပဒေသဘဲ ခြောက်နေတဲ့ သစ်တုံး မီးရှို့ရင် လောင်တယ်ကွ၊ ပြာကျရမယ် မဆိုနိုင်ဘူးလား ?(ဆိုနိုင်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့သည် သစ္စာကိုနှလုံးသွင်းပြီး သကာလ ခန္ဓာကိုယ်ထဲကြည့်ပါ၊ သူနှိပ်စက်နေသလား မနှိပ်စက်ဘူးလား ဆိုတာ ခင်ဗျားတို့ကြည့်ပါ (မှန်လှပါ)၊ ကြည့်လိုက်တဲ့အခါ ကျတော့ နှိပ်စက်တာတွေ မ တွေ့ ဘူး လား — တွေ့မလား? (တွေ့ပါဘုရား)။

နှိပ်စက်တာတွေ ခဏခဏ တွေ့နေတယ်....၊ မတွေ့ဘူးလား ဆိုလို့ရှိရင်ဖြင့် တွေ့ရ၍တွေ့ရ၍နေသဖြင့် သည်းခြေရှူးမပျောက် သေးလို့ဘဲ (မှန်လှပါ)၊ မဟုတ်ဖူးလားဗျာ ခင်ဗျားတို့၊ အခု ရောင်းဝယ်လုပ်ကိုင်နေရတာ သည်အထဲမှာရှိတဲ့ တရားတွေရဲ့ ဆူပူမှုကြောင့် လုပ်ရတာ ဝေဒနာကလဲ ခံစားချင်တယ်။ သညာကလဲ မှတ်သားချင်တယ်၊ သင်္ခါရကလဲ စေ့ဆော်ချင် တယ်၊ ဝိညာဏ်ကလဲနေရာတိုင်း သိချင်တယ်၊ မဟုတ်ဘူးလား။

အဲသည်တော့ ခင်ဗျားတို့ သွားမှု လာမှု ရောင်းမှု ဝယ်မှု ရပ်စဲရသေးလား?(မရပ်စဲပါဘုရား)၊ မရပ်စဲရတော့ အော်— သူတို့ဒဏ်ချက်ကြောင့် ခင်ဗျားတို့ ဒုက္ခရောက်နေတယ်။ သူ့ ခင်ဘဲ့ပုဂ္ဂိုလ် ဒုက္ခရောက်နေတာဘဲ၊ မရောက်ဘူးလား-ရောက် မလား?(ရောက်ပါဘုရား)။

နာမက္ခန္ဓာလေးပါး ခင်မင်နေတဲ့ မွေးမေသည် ဒုက္ခရောက် ထိုက်—မရောက်ထိုက် ဒကာ ဒကာမတို့(ရောက်ထိုက်ပါဘုရား) ဒါဖြင့် သူနှိပ်စက်တာ ဟုတ်ပါရဲ့လား(ဟုတ်ပါတယ်ဘုရား)။

ကောင်းပြီ.... ခင်ဗျားတို့က ဉာဏ်နဲ့ကြည့်ပေးပါ၊ သွား တော့မယ်ဆိုရင် သူနှိပ်စက်လို့၊ လာတော့မယ်ဆိုရင် သူနှိပ် စက်လို့ ဆိုတာကို ဉာဏ်နဲ့ကြည့်ပေတော့....။

သူ၏ ပင်ကိုရိသဘောကို တခါထိုးထွင်းပြီး ကြည့်လိုက်ပြန် တော့လဲ ခဏခဏဝိပရိနာမ ဒုက္ခသစ္စာကြီးလို့ သူက မပြဘူး လား—ပြမလား (ပြပါဘုရား)၊ ခဏခဏ "ဝိပရိနာမ လက္ခဏံ ဒုက္ခသစ္စံ" ဆိုတာကြီးကို ပြပြီး သကာလ နေတဲ့အတွက် အောင်....ဒုက္ခသစ္စာဆိုတာ မည်သူတဦးတယောက်ကိုမှ ညာတာ ခွင့်မပေးပါလား၊ ခဏခဏ ဖေါက်ပြန်ပျက်စီးနေတဲ့ သဘော ပါလားလို့ ထိုးထွင်းသိ ပဋိဝေဓသိနဲ့ သိပြီဆိုမှဖြင့် ဒကာ ဒကာမတို့ သိတဲ့အခါမှာ တကြိမ်သိလား အဖန်ဖန်သိလား လို့ မေးကြည့် အဖန်ဖန် ကြည့်သာနေ၊ အဖန်ဖန် သူ၏ နှိပ်စက်မှုကို မတွေ့ရဘူးလား —တွေ့ရမလား ? (တွေ့ရပါ ဘုရား....)။

တွေ့ရတဲ့အခါ ကြလို့ရှိရင်ဖြင့် ဘာဝေတဗ္ဗကိစ္စနဲ့ သည် ကနေ အဖန်ဖန်ကြည့်ပေးနော်၊ အဖန်ဖန် ကြည့်ပေးတော့ မဂ်၏ရှေ့ပြေး သမ္မာဒိဋ္ဌိ မဖြစ်သေးဘူးလား ဖြစ်မှာလား....? (ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့်....မဂ်စစ်ဖြစ်တဲ့အခါကြတော့ တကြိမ်ထဲနဲ့ဘဲ မင်း နှိပ်စက်တဲ့တရားကြီးဖြင့် မရချင်တော့ပါဘူး မလိုချင်တော့ ပါဘူး ဆိုတဲ့အချိန်ကြရင် ချုပ်မလား — မချုပ်ဘူးလား ? (ချုပ်ပါဘုရား)။

ချုပ်တဲ့အခါကြလို့ရှိရင်ဖြင့် ဒကာ ဒကာမတွေ ဘယ်သူ ချုပ်သွားတာတုံးမေးရင် ဘယ့်နှယ်ဖြေမယ်....၊ ဒုက္ခသစ္စာ ချုပ်သွားတာဘဲ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါဘုရား)၊ ကြည့် ရင်းမတ္တနဲ့ ဒုက္ခသိမ်းမသွားဘူးလား ?(သိမ်းပါဘုရား)။

အဲသည်တော့ ဒုက္ခသိမ်းသွားတာသည် သည်နေရာ နဂိုရ်က ဒုက္ခရှိတယ်၊ ကြည့်နေတယ်၊ ဒုက္ခရှိတယ်၊ ခဏခဏ ဖြစ်ပျက်တဲ့ ဒုက္ခသစ္စာကြီးကို ဦးဘကြည်တို့က ကြည့်နေတယ်။

ကြည့်ရင်းမတ္တနဲ့ ... အဲသည်ဒုက္ခသစ္စာကြီးကို မင်းနဲ့ဖြင့် အတူမနေချင်တော့ပါဘူး၊ စွန့်ချင်တဲ့ ဝိဇ္ဇာဆိုတဲ့အတိုင်း.... နိဗ္ဗိန္ဒ္ဒေတွေ့ဝိရဇ္ဇတိ၊ နိဗ္ဗိန္ဒတွေ့—သူ့ကိုကြည့်ရတာ မုန်းလာပြီ ရွံလာပြီဆိုတော့၊ ဝိရဇ္ဇတိ—သူ့အပေါ်မှာ လိုချင်ခြင်းကင်းပြီ ဒါကြီး လိုချင်သေးရဲ့လား ?(မလိုချင်ပါဘုရား)။

မလိုချင်တော့ နဂိုရ်တုံးက ကြည့်ဆိုတုံးက မုန်းနေတဲ့အထဲ နှင့်မလိုချင်တော့ဘူးဆိုတော့ မနေ့ကပြောခဲ့တဲ့ မဂ္ဂင်ရှစ်ပါး သည်မှာ ရောက်လာလိမ့်မယ်၊ ယထာဘူတ ဉာဏ်ကနေ နိဗ္ဗိန္ဒဉာဏ်၊ နိဗ္ဗိန္ဒဉာဏ်ကနေ မဂ်ဉာဏ် မလာပေဘူးလား (လာပါဘုရား)။

မနေ့က ဉာဏ်သုံးဆင့်ပြပြီး ...(မှန်လှပါ)၊ သူသည် မဂ္ဂင်ရှစ်ပါး ဝင်လာတဲ့အချိန်မှာ ဒကာ ဒကာမတို့ သည်က ဖြစ်ပျက် ဒုက္ခသစ္စာ ရှိ—မရှိ (မရှိတော့ပါဘုရား)၊ မရှိတော့ဘူး ဖြစ်ပျက်ဒုက္ခသစ္စာ ချုပ်ရတော့မယ်၊ နို့မို့ရင် မဂ်က ဒုက္ခ အာရုံပြုတဲ့အခိုပ္ပါယ် ရောက်သွားလိမ့်မယ်၊ မဂ်က ဒုက္ခချုပ်ရာကို အာရုံပြုရမှာ(မှန်လှပါ)။

ဘာအာရုံပြုရမယ်(ဒုက္ခချုပ်ရာကိုပါဘုရား)၊ ဒုက္ခချုပ်ရာကို အာရုံပြုရမယ်ဆိုတော့ မဂ်ရတဲ့ပုဂ္ဂိုလ် မှန်လို့ရှိရင် ရှေ့နားမှာရှိတဲ့ ဖြစ်ပျက်တွေ အကုန်သိမ်းတယ်သာမှတ်တော့(မှန်လှပါဘုရား) သဘောကျပလား(ကျပါဘုရား)။

မဂ်ရတဲ့ပုဂ္ဂိုလ် ဘာသိမ်းသွားတုံး ရွှေနားလေးက (ဖြစ်ပျက်သိမ်းပါဘုရား)၊ ဖြစ်ပျက်သိမ်းသွား.... ဘာပြုလို့ ဖြစ်ပျက် သိမ်းသွားသတုံး မေးလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ မှတ်စရာက မင်းကို နဂိုရိုက မုန်းလာတဲ့အထဲ မင်းနဲ့ဖြင့်.... အတူတူမနေချင်၊ မင်းကို ရကို မရချင်၊ လိုကို မလိုချင်ဆိုကထဲက.... သည်မဂ္ဂင်ငါးပါးဟာ ရှစ်ပါး ဖြစ်မလာဘူးလား.... (လာပါဘုရား)။ တနေ့က သင်ပြီးပြီနော်(တင်ပါ)၊ မဂ္ဂင်ငါးပါးက ရှစ်ပါးဖြစ်လာတဲ့ အခါကြတော့ လိုချင်သေးရဲ့လား (မလိုချင်ပါဘုရား)၊ မလိုချင်လို့ချုပ်သွားတယ်လို့မှတ်ပါ။

ခုနင်က ဒုက္ခချုပ်သွားတာသည် ဘာပြုလို့ ချုပ်သွားတာတုံး(မလိုချင်လို့ပါဘုရား)၊ မလိုချင်လို့ ဒုက္ခချုပ်သွားတာ ...၊ ကိုယ့်ခန္ဓာထဲမှာဘဲ ဒုက္ခချုပ်သွားတာ၊ ဒကာ ဒကာမတို့ ကြည့်ရင်းမဟုတ်နဲ့ ချုပ်သွားတယ် (တင်ပါဘုရား)။

ချုပ်သွားတော့ ချုပ်သွားတဲ့နေရာ ဘယ်သူ့ အစားထိုးတုံးလို့ မေးလို့ရှိရင်ဖြင့် အနာပေါက်တဲ့ပုဂ္ဂိုလ် အနာပျောက်တော့ ဘယ်သူ့အစားထိုးသတုံးလို့ မေးသလိုပေါ့ဗျာ။

အနာပေါက်နေတုံးကတော့ အနာပေါက်နေတာဘဲ ကျုပ်တို့ကြည့်နေရတယ်နော်၊ အနာပျောက်တဲ့အခါကြရင် ပျောက်တာ အစားထိုးတယ်ဆိုသဖြင့်၊ ဆင်းရဲတာပျောက်ပြီး ချမ်းသာတာ အစားထိုးတယ်လို့ ယူရမယ်။ သဘောကျပလား.... (ကျပါဘုရား)၊ အနာပေါက်တာက ဘာတုံး ? (ဆင်းရဲတာပါ

ဘုရား)၊ အဲသည် အနာပျောက်သွားတော့ ဒကာ ဒကာမတွေ ဘယ့်နှယ်ဆိုမတုံး (ချမ်းသာပါဘုရား)၊ ချမ်းသာတာအစား ထိုးတယ်....။

ချမ်းသာတာ အစားထိုးတယ်ဆိုသဖြင့် ဒကာ ဒကာမတို့.... ချမ်းသာတာသည်ကား ဆိုလို့ရှိရင်ဖြင့် ဘာပါလိမ့်မလဲ မေး တဲ့အခါ ဖြစ်ပျက် မရှိတာ ချမ်းသာတာ(မှန်လှပါဘုရား)။

ဘယ်အချိန်ကြည့်ကြည့် အရိယာမျက်လုံး တတ်ကြည့်လို့ ရှိရင်ဖြင့် ဖြစ်ပျက် ဒုက္ခသစ္စာ ရှိရက်ချည့်ဘဲ ဟုတ်လား.... (မှန်လှပါဘုရား)၊ မဂ်စစ် မလာသေးဘဲနဲ့ ဝိပဿနာဉာဏ် နဲ့ကြည့်ရင် ဖြစ်ပျက် ရှိရက်ချည့်ဘဲဆိုရင် လွဲသလား (မလွဲ ပါဘုရား)။

ဟုတ်လား.... သူမလိုချင်တော့ ရှေးက ခါတိုင်းရှုနေတဲ့ သည်ဖြစ်ပျက်ကြီးဟာ ဘာဖြစ်သွားမယ်(ချုပ်သွားပါဘုရား) ချုပ်သွားလို့ရှိရင်ဖြင့် သည်ဟာ ဆင်းရဲပျောက်သွားတာဘဲ၊ ဖြစ်ပျက် ဘာသစ္စာတုံး(ဒုက္ခသစ္စာပါဘုရား)။

ပျောက်သွားပြီ ...၊ ဦးဘကြည်တို့ ဘယ့်နှယ်ဆိုကြမယ် ပျောက်သွားတော့ကို ဒုက္ခပျောက်တော့ "ဒုက္ခဿ အန္တံ ကရိဿတိ" ဘုရားက သံယုတ်ပါဠိတော်မှာ ဒုက္ခဿ၊ ဒုက္ခ၏။ သန္တံ၊ အဆုံးကို။ ကရိဿတိ၊ မင်းတို့မြင်နိုင်လတံ့။

ဒုက္ခအဆုံး မြင်နိုင်လတံ့လို့ ဆိုသဖြင့် ဒုက္ခအဆုံးဟာ ဘာတုံးဆိုတော့ နိဗ္ဗာန်၊ အဲသည် နိဗ္ဗာန်ကို မြင်လတံ့ဆိုသဖြင့် ခင်ဗျားတို့ ရှုရင်းမတ္တနဲ့ ဒုက္ခချုပ်သွားလို့ရှိရင်ဖြင့် ဒုက္ခ

ချုပ်တဲ့နေရာ နိရောဓသစ္စာဆိုတာ ခင်ဗျားတို့ သေသေချာချာ မြင်လာလိမ့်မယ် ဒုက္ခချုပ်အောင်သာရှု သဘောကျပလား.... (ကျပါဘုရား)။

ဒုက္ခချုပ်တဲ့နိဗ္ဗာန်ကိုလဲ ဘယ်နှယ်တုံး 'မြင်ပါလိမ့်မယ်' မြင်ရမှာဘဲ။ ဘာနဲ့မြင်ရမှာတုံးလို့ မေးတော့ ခုနင်တုံးက ဒုက္ခမြင်နေတာက မဂ္ဂင်ငါးပါး၊ ဒုက္ခချုပ်သွားတာကို မြင်တော့မယ်ဆိုတော့ မဂ္ဂင်ဘယ်နှစ်ပါး ဖြစ်သွားတုံး? (ရှစ်ပါး ပါဘုရား)။

ဒုက္ခချုပ်သွားဘာ မြင်တော့မယ်ဆိုရင် မဂ္ဂင်ရှစ်ပါး ဖြစ်ပြီး မဂ္ဂင်ရှစ်ပါး ဖြစ်လာတဲ့အချိန်မှာ "နိဗ္ဗာနံ မဂ္ဂဿ" လို့ ဘုရားဟောလိုက်တယ်၊ သဘောကျပလား(ကျပါဘုရား)။

"နိဗ္ဗာနံမဂ္ဂဿ" နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ မဂ္ဂဿ၊ မဂ်အား။ အာရမ္မဏပစ္စယေန၊ အာရမ္မဏ ပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဒါဖြင့်....နိဗ္ဗာန်နဲ့ မဂ်ပေါ့ဗျာ။ ဒါဖြင့် ဖြစ်ပျက်က သည် ဘက်နားမှာ အာရုံကရှိသေးတယ် ထားပါတော့၊ မချုပ်ခင်က သည်နေရာ မရှိပေဘူးလား (ရှိပါဘုရား)။

ရှိတဲ့အခါကြတော့ နိဗ္ဗာန်ဟုတ်လား၊ သည်နိဗ္ဗာန် ဟုတ်တဲ့အတွက် သခ်ါရေဝိပဿနာ ဒါ....ဖြစ်ပျက် ကင်းရဲ့လား၊ ဒုက္ခသစ္စာ သခ်ါရတရား မဟုတ်ဘူးလား (ဟုတ်ပါဘုရား)။

သင်္ခါရဝိပဿတိ နဂိုရ်က သည်လိုနေတာ (မှန်လှပါ)၊ သင်္ခါရဝိပဿတိ ဖြစ်ပြီး....၊ အော်....ရှေးက ဝိပဿနာဉာဏ် ပါလာလို့ မဆိုနိုင်ဘူးလား?(ဆိုနိုင်ပါဘုရား)။

ကောင်းပြီ.... ဝိပဿနာဉာဏ် ရင့်လာတဲ့အခါကြတော့ သည်ဟာကြီးကို လိုဘဲ မလိုချင်တော့ပါဘူးဆိုတော့.... နိဗ္ဗိန္ဒဉာဏ်က ငြီးငွေ့၊ သင်္ခါရုပေက္ခာဉာဏ်က တခါထဲ လစ်လျူရှုပြီးသကာလ နောက်မလိုချင်ဘဲ့ စိတ္တုပ္ပါဒ်တွေ ခွဲမလာဘူးလား(ခွဲလာပါဘုရား)။

ခွဲလာသည်နဲ့ တပြိုင်ထဲ မလိုချင်တဲ့ သဘောလဲ ပေါ်လာပါရော၊ သည်ဥစ္စာ ချုပ်သွားဘယ် သဘောကျပလား....? (ကျပါဘုရား)။

မလိုချင်တဲ့သဘော ပေါ်လို့ရှိရင် ဖြစ်ပျက်ချုပ်၊ ဖြစ်ပျက်ချုပ်သည်နဲ့တပြိုင်ထဲ ဖြစ်ပျက်ချုပ်တာနဲ့ ဖြစ်,ပျက် မရှိတဲ့ နိရောဓအစားထိုးလာတာနဲ့ တပြိုင်ထဲ မှတ်ပါ (မှန်လှပါ) သဘောကျပလား(ကျပါဘုရား)။

ဖြစ်ပျက်ချုပ်တာနဲ့ နောက်က အမှောင်ပျောက်၍ အလင်းပေါ်တာလဲ တပြိုင်ထဲ ဆိုကြမလား? ဒကာ ဒကာမတို့.... (တပြိုင်ထဲပါဘုရား)။

တပြိုင်ထဲဆိုသဖြင့် အဲသည်ကြတော့ သည်ဘက်က ဖြစ်, ပျက်က ဝိပဿနာစိတ်၏ အာရုံလို့မှတ်ထားကြပါ(မှန်လှပါ) ရှင်းပလား(ရှင်းပါဘုရား)။ နိဗ္ဗာန်က မဂ်၏အာရုံလို့ မှတ်ပါ မကွဲကြသေးဘူးလား (ကွဲပါပြီဘုရား)။

ဖြစ်,ပျက်က ဘယ်စိတ်၏ အာရုံပြုရာဌာနလဲ? (ဝိပဿနာ စိတ်၏ အာရုံပြုရာဌာနပါဘုရား)၊ ဝိပဿနာစိတ်၏ အာရုံပြု ရာဌာန ဖြစ်ပျက်ချုပ်သွားတဲ့ သဘောလေးက....(မဂ်၏အာရုံ ပါဘုရား)၊ မဂ်အာရုံပြုရာဌာန ရှင်းကြပလား(ရှင်းပါဘုရား) ဘယ်သူ၏ အာရုံပြုရာဌာနပါလိမ့် (မဂ်၏ အာရုံပြုရာဌာနပါ ဘုရား....)။

ဒါကြောင့်....ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ပဋ္ဌာန်း ပါဠိတော်မှာ "သင်္ခါရေ ဝိပဿတိ နိဗ္ဗာနံမဂ္ဂဿ"၊ သည်ကြ တော့ သင်္ခါရေ၊ သင်္ခါရတရားတို့ကို။ ဝိပဿတိ၊ ဝိပဿနာရှု.... သဘောကျပလား....? (ကျပါဘုရား)၊ သင်္ခါရတရားတို့ကို ဝိပဿနာရှုတဲ့ ဟုတ်လား(တင်ပါဘုရား)။

သင်္ခါရချုပ်သွားတဲ့ ဥစ္စာကို အသေအချာ ချုပ်သွားတဲ့ အချိန်ကြတော့ ဘုရားက ဘယ်လိုဟောလိုက်တုံးလို့ မေးတဲ့ အခါ "နိဗ္ဗာနံ မဂ္ဂဿ၊ နိဗ္ဗာနံ ဖလဿ"အစရှိသဖြင့် ဟော လေရဲ့ မဟောဘူးလား? (ဟောပါဘုရား)။

အဲသည့်တော့.... ဒကာ ဒကာမတွေကို ဘုန်းကြီးက အတို ချုပ်သင်ထားတာ ခင်ဗျားတို့ မှတ်မိလိမ့်ဦးမယ်....(မှတ်မိပါ ဘုရား)၊ ဖြစ်ပျက် မြင်အောင် ကြည့်ပါ(၁)နံပါတ်၊ ဖြစ်ပျက် မုန်းအောင် ကြည့်ပါ ဘာနံပါတ် ပါလိမ့်....(၂—နံပါတ်ပါ ဘုရား)၊ ဖြစ်ပျက် ဆုံးအောင်ကြည့်ပါ ဘာနံပါတ်ပါလိမ့်.... (၃—နံပါတ်ပါဘုရား)။

သုံးနံပါတ် သည်သုံးနံပါတ်နဲ့ ဟောလိုက်တယ်(မှန်လှပါ) ဒါဖြင့်.... ဖြစ်ပျက်ကို မြင်အောင်ကြည့်တာလဲ နံပါတ်ဆဲ့ရင် ဘာပါလိမ့် (၁—နံပါတ်ပါဘုရား)၊ ဖြစ်ပျက်ကို မှန်းအောင် ကြည့်နိုင်တာက ဘာပါလိမ့်(၂-နံပါတ်ပါဘုရား)၊ ဖြစ်ပျက် ဆုံးအောင် ကြည့်နိုင်တာက (၃-နံပါတ်ပါဘုရား)။

အဲသည်တော့ ခင်ဗျားတို့က ရှင်းပြီးသားဖြစ်နေပါတယ်၊ ဖြစ်ပျက် မြင်အောင်ကြည့်တာက ယထာဘူတဉာဏ်က ကြည့် တာ သဘောကျပလား(ကျပါဘုရား)၊ ဖြစ်ပျက် မှန်းအောင် ကြည့်တာက နိဗ္ဗိန္ဒဉာဏ်က ကြည့်တာ(မှန်လှပါ)၊ ဖြစ်ပျက် ဆုံးအောင်လုပ်ပြီး အဆုံးကို မြင်တာက မဂ်ဉာဏ်ကလုပ်တာ၊ သူ့ဟာနဲ့သူ လုပ်ရတယ်(မှန်လှပါဘုရား)။

ဒကာ ဒကာမတို့ .. အလုပ်စဉ်မှာ ဉာဏ်ဘယ်နှစ်မျိုးနဲ့ တက်လို့ရှိရင် ဒုက္ခကိစ္စပြီးသလဲဆိုတာကို ရိပ်မိကြပလား?(ရိပ်မိ ပါဘုရား)။

ဘယ်နှစ်မျိုးလဲ (သုံးမျိုးပါဘုရား)၊ ဒါက ဘာဉာဏ်တဲ့ (ယထာဘူတ ဉာဏ်ပါဘုရား)၊ သည်က ဘာတုံး(နိဗ္ဗိန္ဒဉာဏ် ပါဘုရား)၊ သည်က(မဂ်ဉာဏ်ပါဘုရား)၊ မဂ်ဉာဏ်သည်ဘက် က ဟာတွေကတော့ ဖိုလ်ဉာဏ်တွေ၊ သို့သော်.... ကိစ္စပြီးပြီး သားမို့ ဘုန်းကြီးက မထည့်တော့ဘူး။

ဘယ်များ ဟောပါလိမ့်မတုံးဘုရားလို့ မေးကဲ့လို့ရှိရင် အရှင်ဘုရားဆိုကြမှ ဉာဏ်သုံးဉာဏ်နဲ့သာ ကိစ္စပြီးရတယ် ဆိုတော့ ခင်ဗျားတို့ အလွတ်ရထားတဲ့ အနတ္တလက္ခဏာသုတ်မှာ

ကြည့်ချင် ကြည့်၊ ကြည့်ချင်တဲ့သုတ်မှာ ကြည့်ပါ....၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီး သည်အတိုင်းဘဲ ဉာဏ်စဉ် တက်သွားတယ်၊ ရှင်းပလား ? (ရှင်းပါဘုရား)။

ပါဠိတော်သိချင်လို့ရှိရင် "ဧဝမေတံ ယထာဘူတံ၊ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ" ဒဋ္ဌဗ္ဗံဆိုတာ ရှုပါ၊ ပဌမရှေးဦးစွာ ဘယ်ဉာဏ်နဲ့ ရှုရမယ် (ယထာဘူတဉာဏ်နဲ့ ရှုရမယ်ဘုရား ..)၊ "ဧဝံပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော" ဝေဒနာရှုရင် ဝေဒနာယပိ နိဗ္ဗိန္ဒတိကို တခါထဲ ထိုးတက်သွားတယ်၊ နိဗ္ဗိန္ဒတက်ပါတယ်....။ သည်ဟာ အနတ္တလက္ခဏသုတ်ကို ကြည့်ပါ၊ သည်အတိုင်းဘဲ ဆိုကြပါစို့နော်။

ဒါဖြင့်....ဒုတိယဉာဏ်က ဘာဉာဏ်တဲ့.... (နိဗ္ဗိန္ဒဉာဏ်ပါဘုရား)၊ ဒါဖြင့် နှစ်ခုစလုံး ဝိပဿနာဉာဏ်ချည့်ဘဲ။ ဘာပြုလို့တုံး....ဖြစ်ပျက်ကို အာရုံပြု၊ သင်္ခါရကို အာရုံပြုတာချည့်ဘဲ။ အသင်္ခတပြုရဲ့လား ? (မပြုပါဘုရား)။

မပြုတော့ ကောင်းပြီ....နိဗ္ဗိန္ဒဉာဏ်ပြီးတော့ကို "နိဗ္ဗိန္ဒံ ဝိရစ္စတိ" နိဗ္ဗိန္ဒံ၊ ငြီးငွေ့ပြီးသည်ရှိသော်။ ဝိရစ္စတိ၊ တပ်မက်ခြင်းကင်း၏၊ မဂ်ပေါ်၏။ သဘောကျပလား ?(ကျပါဘုရား)၊ ငြီးငွေ့ပြီးသည်ရှိသော် ဘာပေါ်ရ.... (မဂ်ပေါ်ရပါတယ်ဘုရား....)။

တပ်မက်ခြင်းကင်းတဲ့ မဂ် ပေါ်ရမယ်ဆိုသဖြင့် သည်က အာရုံသည် မလိုချင်လို့ ချုပ်သွားပြီလို့ ဆုံးဖြတ်ချက်ချ.... (မှန်လှပါဘုရား)၊ မလို့ချင်လို့ ချုပ်သွားတယ်။

သည်နိဗ္ဗာန်ပြီးငွေ့လာကထဲက ဒါလေးဖြစ်ဖြစ်ခြင်းဘဲ မလို ချင်ပြီး သူလဲပေါ်ရော သည်ကလဲ ချုပ်တော့တာဘဲ၊ သည် ချုပ်သွားတဲ့နေရာမှာ အမှောင် ပျောက်သွားလို့ အလင်း ကလဲ တခါထဲ အစားထိုးလာတာဘဲ သဘောကျပလား.... (ကျပါဘုရား)။

အဲသည်တော့ ခင်ဗျားတို့ သည်လိုလုပ်မယ် ဆိုလို့ရှိရင်ဖြင့် သာဝက ပါရမီဉာဏ်ဟာ ဒကာဒကာမတို့ ဝေးသလားလို့ မေးရင် ဘယ့်နှယ်ဖြေကြမယ်(မဝေးပါဘုရား)၊ မဝေးတော့ သည်အထဲက ကိလေသာ ခြောက်ခဲ့ပြီ(မှန်လှပါ)၊ သည်ကြ တော့ မီးရှို့ပြီးပြီ ရိပ်မိပလား(ရိပ်မိပါဘုရား)။

သည်တုံးကတော့ ကိလေသာခြောက်ခဲ့ပြီဆိုတာ သေချာ တယ်။ ပွားများနေကထဲက ပွားများတယ်ဆိုတာ တရား နာတဲ့ ဉာဏ်အတိုင်းဘဲ ပွားများနေတာ၊ သဘောကျပလား? (ကျပါဘုရား)။

ဒါဖြင့် တရားနာတဲ့ ဉာဏ်အတိုင်း ပွားများနေတော့.... ကိလေသာ ဘယ့်နှယ်နေတုံး ဒီကြားမှာရှိတဲ့ ကိလေသာတွေ ဟာ....(ခြောက်နေပါဘုရား)၊ ခြောက်နေတယ်။

သည်ဘက်ကျလာတဲ့အခါ မင်းတို့ မလိုချင်ဘူးဆိုတော့ ကိလေသာတည်းဟူသော ရန်ကြောင့်ဖြစ်ဘဲ့ ဒုက္ခဟာ မလို ချင်တော့ပါဘူးဆိုသဖြင့် သူသည်ကားဆိုရင် လိုချင်ဘဲ့ဘဏ္ဍာ နေနိုင်သေးရဲ့လား? (မနေနိုင်ပါဘုရား)။

မလိုချင်တဲ့ မဂ်က သတ်ပြစ်လိုက်တယ်၊ သတ်ပြစ်လိုက်တော့ သူက တဏှာအကြောင်း သတ်ပြစ်လိုက်တော့ သည်က ဖြစ်ပျက် အကျိုးကလဲ ချုပ်ရမယ်၊ မချုပ်သေးဘူးလား....? (ချုပ်ပါဘုရား)။

အဲသည်ကဲ့သို့ ချုပ်တဲ့အခါ ကြလို့ရှိရင်ဖြင့် ပေါ် သည်နဲ့ တပြိုင်ထဲချုပ်တော့ သူသည် ဘယ်သူနဲ့ နေရစ်သတုံးဆိုတာ သာ မေးပေတော့ ရှင်းပလား(ရှင်းပါဘုရား)။

ဘယ်သူနဲ့ နေရစ်သတုံးဆိုတာသာမေးတော့(နိဗ္ဗာန်)နဲ့ နေရစ်....ရှင်းပလား။ ဘယ်သူနဲ့ နေရစ်ပါလိမ့်(နိဗ္ဗာန်နဲ့ပါ ဘုရား)။ နိဗ္ဗာန်နဲ့ နေ ရစ် တယ် ဆို တော့.... ခင်ဗျားတို့ သည်ဉစ္စာ လုပ်ထိုက် မလုပ်ထိုက် (လုပ်ထိုက်ပါဘုရား)။

သိပ်ပြီးတော့ ပင်ပင်ပန်းပန်း လုပ်ရမယ်လို့ထင်သလား၊ ပင်ပင်ပန်းပန်း မလုပ်ရပါဘူး(မှန်လှပါ)၊ ယထာဘူတဉာဏ် ရအောင် လုပ်ပါ။

ယထာဘူတဉာဏ်ဆိုတာ ဘာတုံးဆိုရင်....ခန္ဓာကိုယ်ထဲမှာ ဝေဒနာရှိတဲ့ ပုဂ္ဂိုလ်ဟာ ဝေဒနာ ဖြစ်ပျက်ကိုမြင်ရမယ်၊ ရုပ် ရှိတဲ့ပုဂ္ဂိုလ်ဟာ ရုပ် ဖြစ်ပျက်ကို မြင်ရမယ်၊ သညာရှိတဲ့ပုဂ္ဂိုလ် က သညာ ဖြစ်ပျက်ကို မြင်ရမယ်၊ စိတ် ရှိတဲ့ပုဂ္ဂိုလ်က စိတ် ဖြစ်ပျက်ကို မြင်ရမယ်။ သတိပဋ္ဌာန်လေးပါး တပါးပါး၏ ဖြစ်ပျက်ကို မြင်ရင် ပြီးတာဘဲ။ ဒါဟာ.... ယထာဘူတဉာဏ် ဖြစ်တာဘဲ(မှန်လှပါဘုရား)။

သတိပဋ္ဌာန်လေးပါးထဲက တပါးပါးကို အားထုတ်လို့ တပါးပါးကို မုန်းလို့ရှိရင်သဲ နိဗ္ဗန္ဒဉာဏ်ဖြစ်တာဘဲ။ တပါးပါး ဆုံးလို့ရှိရင်လဲ မဂ်ဉာဏ်ဖြစ်ရမယ်။ တပါးပါးဆုံးတော့.... ရုပ်နဲ့နာမ်ဆိုတဲ့ဥစ္စာက နဂိုရ်ကမှ နှစ်ယောက်တယောက်ထင် ပြီး မှီနေကြတာ သဘောကျပလား(ကျပါဘုရား)။

နှစ်ယောက် မှီနေကြရာက တယောက်ကို မုန်းလိုက်လို့ တယောက်ကို မလိုချင်ဘူးဆိုတော့၊ သဟဇာတ အတူတကွ ဖြစ်တဲ့ နာမ်ကိုမလိုချင်တော့....ဟုတ်လား၊ ဒကာ ဒကာမတို့ ဝိပဿနာနေရာမှာတော့ဖြင့် နှစ်ခုတွဲရလိမ့်မယ်။

ရုပ်ကိုမလိုချင်လဲ ရုပ်ကနာမ်ကို တွဲမှီနေရဘဲ့အတွက် သည် ပဋ္ဌဝေါကာရဘုံမှာတော့ နှစ်ခုစလုံး ချုပ်ရမှာဘဲ၊ နှစ်ခုစလုံး မလိုချင်စရာချည့် မဖြစ်ပေဘူးလား ?(ဖြစ်ပါဘုရား)၊ သဘော ကျပလား(ကျပါဘုရား)။

ဒါဖြင့်.... သတိပဋ္ဌာန်လေးပါးကို တပါးပါး ကြိုးစားရင် လေးပါးစလုံး ပါတယ်ဆိုတာလဲ နာမ်ရုပ်နှစ်ပါးမှာ နာမ်ကို မလိုချင်လျှင်(ရုပ်ကိုမလိုချင်တာ)အကျုံးဝင်သွားတဲ့အတွက် သတိပဋ္ဌာန်လေးပါး ထားတာဘဲ (မှန်လှပါ)၊ သဘောကျ ပလား ? (ကျပါဘုရား)။

ဒါဖြင့် တပါးအားထုတ်ရင်.... သတိပဋ္ဌာန်သုံးပါးပါ ပါ သွားတယ်ဆိုတာကော ကျေနပ်ပလား? (ကျေနပ်ပါဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတို့ ယခုအားထုတ်နည်းကလေးကို ရှေ့ပိုင်း ကနေပြမဲ့ ဝေဒနာရှုတဲ့ပုဂ္ဂိုလ်က ရှေးဦးစွာ ဝေဒနာကို ဘာ မြင်အောင် ကြည့်ရမတုံး? (ဖြစ်ပျက် မြင်အောင် ကြည့်ရပါ မယ်ဘုရား)။

ဒုတိယ ဘယ်လိုဉာဏ်ပြောင်းရ....(ဖြစ်ပျက်ပေါ်မှာ မှန်းရပါဘုရား)၊ ဝေဒနာပေါ်မှာ မှန်းရမယ်၊ ဖြစ်ပျက်ပေါ်မှာ မှန်းရမယ်၊ တရားသဘောနဲ့ အ လို လို မှန်း လာ ရ မယ်.... (မှန်လှပါ)၊ သဘောကျပလား(ကျပါဘုရား)။

နောက်တော့ သည်ဝေဒနက္ခန္ဓာကြီးသည်ကားဆိုလို့ရှိရင် ဖြင့် ဒို့သတ်နေတာ သည်ဝေနက္ခန္ဓာဘဲလို့ ဆိုပြီးသကာလ သည်ဝေဒနာကြီးကို မလိုချင်တဲ့ဉာဏ်ပေါ်အောင် ရှု။ ရှုရင်း သည်ဝေဒနာ ဘာဖြစ်လာမယ် (ချုပ်သွားပါဘုရား)။ ချုပ်သွားမယ်....သဘောကျပလား (ကျပါဘုရား)။

ဒါကြောင့် မနေ့က ပါဠိတော်ကိုပြလိုက်တယ် "ဝေဒနာနံ ခယော ဘိက္ခု အနိစ္စတော ပရိနိဗ္ဗုတော" ဝေ ဒ နာ ကုန် အောင်ရှုနိုင်တဲ့ ပုဂ္ဂိုလ်ဟာ အနိစ္စတော တဏှာမရှိသည်ဖြစ်၍ ကိလေသာ ပရိနိဗ္ဗာန်စံ၏လို့ ဘုရားမဟောဘူးလား ?(ဟောပါဘုရား)။ သဘောကျပလား(ကျပါဘုရား)။

အဲသည်တော့ ဝေဒနာချုပ်အောင်ရှုတဲ့ပုဂ္ဂိုလ်ဟာ ဝေဒနာကို မရှိသည့်အတွက် ဝေဒနာနိရောဓေါ၊ တဏှာနိရောဓေါ နဲ့ ကိုက် မကိုက် ပြန်စဉ်းစား....(ကိုက်ပါဘုရား)၊ သဘောကျပလား(ကျပါဘုရား)။

ဝေဒနာနိရောဓေါ ဘယ်နှယ်ဆိုကြမယ် ? (တဏှာနိရောဓေါပါဘုရား)၊ ကြည့်ရင်းမတ္တနဲ့ ချုပ်သွားပြီး ဒါမလိုချင်တော့ဘူးလား(မလိုချင်ပါဘုရား)၊ ချုပ်သွားတော့ ဝေဒနာနိရောဓေါ ဖြစ်ခဲ့လို့ရှိရင်.... ဘုရားက သူ့ချည့် ချုပ်တယ်လို့ အောက်မေ့မနေနဲ့ကွ၊ တဏှာနိရောဓေါ၊ ဉပါဒါနနိရောဓေါ

ဘဝကော.... (နိုရောဓေါပါဘုရား)။ ဇာတိကော(နိုရောဓေါ ပါဘုရား)၊ အကုန်ဒုက္ခအစု ဘယ်နှယ်ဆိုကြ (နိုရောဓေါပါ ဘုရား)၊ နိုရောဓေါချည့် ဖြစ်တယ်ဆိုတာကော....သေချာကြ ပလား ? (သေချာပါဘုရား)။

ဒါကြောင့် ဝေဒနာနုပဿနာကို အထူးဂရုစိုက်ပါဆိုတာ ကိုလဲ ဆရာဘုန်းကြီးကပြောတဲ့ဥစ္စာ ဦးဘကြည်တို့ ရှင်းကြ ပလား(ရှင်းပါဘုရား)။

ကောင်းပြီ....ဒါဖြင့် ဒကာ ဒကာမတို့ သည်နေ့ ပြောရ မှာက ကိလေသာခြောက်မှ မီးတောက်နိုင်ပါတယ်လို့ ပဋ္ဌ ကောပဒေသက ဟောသောကြောင့် အခု သည်နေ့ည တရား အစမှာ သည်ဥာဏ်နှစ်ခုက ကိလေသာ ခြောက်နေတယ်.... ရှင်းပလား(ရှင်းပါဘုရား)။

ကိလေသာဟာ မီးရှို့လို့လောင်ပြီး ပြောင်သွားပြီ....။ သည်ဥာဏ်နှစ်ခုစလုံးကတော့ ကိလေသာ ဘယ့်နှယ်နေတုံး (ခြောက်ပါဘုရား)။

ခြောက်သယောင်းနေတဲ့အခါ သည်ဘက်ဥာဏ် ကျတဲ့ အခါကြတော့ ခုနင်ကလို ခြောက်သယောင်းနေတဲ့ သစ်တုံး ကြီးဟာ မီးတိုက်လိုက်တဲ့အခါမှာ မလောင်ပေဘူးလား....? (လောင်ပါဘုရား)။

အဲသည်တော့.... ရှေးဦးစွာ ခင်ဗျားတို့ တစ်နံပါတ်အရေး ကြီးတာက ကိလေသာခြောက်ဘို့ အရေးကြီးတယ် (တင်ပါ ဘုရား)၊ နှစ်နံပါတ်ဟာ ခြောက်တဲ့ကိလေသာတုံးကြီးကို မီး ရှို့ဘို့အရေးကြီးတယ်။

အစိုတုံးကြီးတော့ ရှို့လို့မရဘူး၊ ရှင်းကြပလား(ရှင်းပါဘုရား)၊ အစိုတုံးတော့ ရှို့လို့မရဘူး.... အခြောက်တုံးဆိုရင် (ရပါဘုရား)၊ ဒါဖြင့်.... အစိုတုံးဆိုတာ ခင်ဗျားတို့ ကိလေသာ ရှိရက်နဲ့ ခင်ဗျားတို့သည်ကားဆိုလို့ရှိရင်ဖြင့် နိဗ္ဗာန်ဆုတောင်းလို့ရှိရင် အစိုတုံးကြီးနဲ့တောင်းတာ ဖြစ်နေတယ်၊ မရဘူး မီးရှို့လို့ ဘယ့်နှယ်နေပါ့....(မရပါဘုရား)။

တောင်းကထဲက ဘာနဲ့တောင်းတုံး ? လူ့ပြည်....ဗြဟ္မာပြည်....နိဗ္ဗာန် ရရပါလို၏လို့ တခါထဲ ဟိုဟာတွေနဲ့ရောပြီး ထည့်လိုက်သည့်အတွက် တဏှာတွေချည့် ဖြစ်မနေဘူးလား ? (ဖြစ်ပါဘုရား)။

ဖြစ်နေတော့ အစိုတုံးကြီးနဲ့ နိဗ္ဗာန်ရောက်ဘို့ရာ ဘယ့်နှယ်နေမလဲ (မရောက်နိုင်ပါဘုရား)၊ မဂ် မပေါ်နိုင်ဘူး၊ မဂ် မီးပေါ်နိုင်ပါ့မလား ? (မပေါ်နိုင်ပါဘုရား)။ မဂ် မီးမပေါ်နိုင်တော့၊ မီးမရှို့နိုင်တော့၊ မီးမှ မတောက်နိုင်လို့ရှိရင်ဖြင့် ကိလေသာမရှိမှ နိဗ္ဗာန်ရမဲ့ဥစ္စာ.... ကိလေသာမှ မီးမရှို့နိုင်လို့ရှိရင်ဖြင့်လဲ အားလုံး ဒကာ ဒကာမတို့ နိဗ္ဗာန်ရဘို့အရေး ဝေးပါသေးရဲ့ဗျာ....၊ ရပါ့မလား ? (မရပါဘုရား)။

ဒါဖြင့်.... နိဗ္ဗာန်သည် ဒကာ ဒကာမတို့ ကိလေသာတုံး ခြောက်မှ ရမယ်ဆိုတာကော ရှင်းကြပလား ? (ရှင်းပါဘုရား) ကောင်းပြီ....ဒါဖြင့် မနေ့က ဒုက္ခသစ္စာ ပီဠနဋ္ဌကို ဟောလိုက်တယ်နော်....(မှန်လှပါဘုရား)။

သည်နေ့တော့ သန္တာပဋ္ဌကို နဲနဲ တက်လိုက်ပါအုံးစို့.... ဘယ့်နှယ်ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သည်ဟာတွေကို အကျယ်တဝင့် ချဲ့ထွင်ပြီးသကာလ ခန္ဓာငါးပါးကို မနေ့ကတော့ သုနိုပ်စက်ပုံ အားကြီးပြောခဲ့တယ်။

ယနေ့တော့ သုနိုပ်စက်ပုံ ဒကာ ဒကာမတွေ နာရလိမ့်မယ် (မှန်လှပါ)၊ သဘောကျပလား ? (ကျပါဘုရား)။

ဒါက ရုပက္ခန္ဓာ၊ ဒါက နာမက္ခန္ဓာလေးပါး ပေါင်းလိုက်တော့ ခန္ဓာဘယ်လောက်တုံး....(ငါးပါးပါဘုရား)၊ မနေ့ကတော့ သုကနိုပ်စက်တယ်နော် (မှန်လှပါဘုရား)။

နာမက္ခန္ဓာလေးပါးကလဲ သူ့ခင်တဲ့အမေကို....(နှိပ်စက်ပါဘုရား)၊ ရုပက္ခန္ဓာကလဲ သူ့ ခင်တဲ့အမေကို.... (နှိပ်စက်ပါဘုရား)၊ နှိပ်စက်တယ်....၊ သည်နေ့တော့ မဟုတ်ဘူး သုက နှိပ်စက်ခံဘဲ့သဘောကို ဘုရားဟောတော့မယ်။

သည်နေ့ သုကနှိပ်စက်အပ်တဲ့သဘောကို သုအနှိပ်စက်ခံတဲ့ဘက်ကနေ ဟောလိမ့်မယ်(မှန်လှပါ)၊ ရိပ်မိကြပလား.... ? (ရိပ်မိပါဘုရား....)။

မနေ့ကတော့ သုကဘာတုံး ?(နှိပ်စက်တတ်တဲ့သဘောပါဘုရား)၊ နှိပ်စက်တတ်တဲ့သဘောကို ခင်ဗျားတို့သိအောင်လို့ ဟောလိုက်တယ်။ သည်နေ့ ဘာဟောမှာတုံးဆိုတော့....(နှိပ်စက်ခံရတဲ့ သဘောပါဘုရား)၊ နှိပ် စက် ခံ ရ တဲ့ သ ဘော ကို ဟောတော့မယ်။

ဒကာ ဒကာမတို့ ခင်ဗျားတို့သဏ္ဌာန်မှာ သည်ခန္ဓာငါးပါး မှတပါး ဘာများရှိသလဲ(ဘာမျှမရှိပါဘုရား)၊ ဘာမျှမရှိဘူး ကောင်းပြီ.... ခန္ဓာငါးပါးမှတပါး ဒကာ ဒကာမတို့ ဘာမျှ မရှိတော့ သည်ခန္ဓာငါးပါးဆိုလို့ရှိရင်ဖြင့် အနှိပ်စက်ခံဘို့ရာ ဖြစ်ပေါ်လာတာလို့ ဘုရားဟောတယ်။

မနေ့က "ဒုက္ခသာ ပိဠနဋ္ဌော"၊ သည်နေ့တော့.... "သင်္ခတဋ္ဌော"၊ သင်္ခတဋ္ဌော တဏှာယောကျ်ား လက်သမား၏ ဆိုးဝါးယုတ်မာပုံပြင်ရာကို ရံခါမသွေ အမြဲခံနေရတဲ့သဘော သည် ဒါသင်္ခတဋ္ဌော၏ အဓိပ္ပါယ်။

တဏှာယောကျ်ား လက်သမား၏ ဆိုးဝါးယုတ်မာပုံပြင် ရာကို အမြဲခံနေရသောကြောင့် ခံနေရတဲ့ခင်ဗျားတို့ ခန္ဓာ ငါးပါးဟာ.... (မှန်လှပါ)၊ တဏှာယောကျ်ား လက်သမား ပုံပြင်ရာကို ဘာလုပ်နေရ (အမြဲခံနေရပါဘုရား)။

ကောင်းပြီ....ဒါဖြင့် တဏှာယောကျ်ား လက်သမား၏ ဆိုးဝါးယုတ်မာပုံပြင်ရာကို အမြဲခံနေရသောကြောင့် နှိပ်စက် ခံနေရသောကြောင့် သူဟာ ဘာသစ္စာဖွဲ့ရ (ဒုက္ခသစ္စာဖွဲ့ရပါ မယ်ဘုရား)။

ခင်ဗျားတို့ ယခုရထားတဲ့ခန္ဓာငါးပါး ဘယ်နှယ်ဆိုကြ ပါ့မယ်(ဒုက္ခသစ္စာပါဘုရား)၊ ဘာဖြစ်လို့(အမြဲနှိပ်စက်ခံနေ ရလို့ပါဘုရား)၊ အမြဲနှိပ်စက်ခံနေရလို့....။ အော်....ဒါဖြင့် လူဆိုတာလဲ သည်ခန္ဓာငါးပါးဘဲ၊ နတ်ဆိုတာကော....(သည်

ခန္ဓာငါးပါးပါဘုရား)၊ ဖြဟ္မာဆိုတာကော....(ခန္ဓာငါးပါးပါဘုရား)။ အော်....ခန္ဓာ ဆုတောင်းယူတဲ့ပုဂ္ဂိုလ်များ နိဗ္ဗာန်စက် ခံဘို့ရာ တောင်းတာ သဘောကျပလား ? (ကျပါဘုရား)။

မနေ့တုံးကတော့ ခန္ဓာငါးပါးဆုတောင်းယူတဲ့ပုဂ္ဂိုလ်များ ဦးဘကြည် ဘာတဲ့....နိဗ္ဗာန်စက်ဘို့ ဆုတောင်းယူနေတာ၊ ယနေ့တော့.... (အနိဗ္ဗာန်စက်ခံဘို့ပါဘုရား)။ အနိဗ္ဗာန်စက်ခံရဘို့ ခံစရာ ပစ္စည်းမရှိလို့ ဟုတ်လား၊အနိဗ္ဗာန်စက် ခံရတာလက်စ ပြတ်သွားမှာစိုးလို့ အနိဗ္ဗာန်စက်ခံစရာပစ္စည်းကိုဆုတောင်းတာ(မှန်လှပါ) ပေါ်ပလား ? (ပေါ်ပါပြီဘုရား)။

ဘာဆုတောင်းယူတာတုံး ? (အနိဗ္ဗာန်စက်ခံစရာ ပစ္စည်းပါဘုရား)၊ အနိဗ္ဗာန်စက်ခံစရာပစ္စည်းကို တခါထဲ ဆုတောင်းပြီး သကာလ ယူတယ်ဆိုတော့ အော်... ခန္ဓာငါးပါးသည်ကား ဆိုလို့ရှိရင် အဘယ်အကျိုးငှါ ဖြစ်ပေါ်လာပါသလဲလို့.... မေခွန်းထုတ်ရင် အနိဗ္ဗာန်စက်ခံဘို့ ဖြစ်ပေါ်လာတယ်လို့မှတ်ပါ၊ ရှင်းပလား ? ။

ဇာတိမီးဟာ မီးလောင်စရာမရှိရင် ဘယ်သွား လောင်မတုံး ဇရာမီးဟာ ဦးဘကြည်....(လောင်စရာမရှိရင် မလောင်နိုင်ပါဘုရား)၊ ဗျာဓိမီး၊ မရဏမီး လောင် စ ရာ မ ရှိ ရင်.... (မလောင်နိုင်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ လောင်စာ ဆုတောင်းယူနေကြတာ.... (မှန်လှပါ)၊ ပေါ်ပလား (ပေါ်ပါဘုရား)၊ ဘာဆုတောင်းကြတုံး ? (လောင်စာ ဆုတောင်းပါတယ်ဘုရား)။

အော်....လောင်စာအဖြစ်နဲ့ သေခြင်းဆိုး သေရပါလို၏ မပါဘူးလား—ပါသလား ? (ပါ,ပါတယ်ဘုရား)၊ လူ့ဘုံ ဆုတောင်းတဲ့ပုဂ္ဂိုလ်၊ နတ်ဘုံ ဆုတောင်းတဲ့ပုဂ္ဂိုလ်၊ ဗြဟ္မာ့ဘုံ ဆုတောင်းတဲ့ပုဂ္ဂိုလ် ဒကာ ဒကာမတွေ ဘယ်လိုဆုံးဖြတ်ချက် ချမယ်(လောင်စာ ဆုတောင်းတဲ့ပုဂ္ဂိုလ်ပါဘုရား)။

လောင်စာအဖြစ်နဲ့ သေခြင်းဆိုးသေရပါလို၏လို့ဆိုတော့ အဲသည်လို သစ္စာသိထားတဲ့ပုဂ္ဂိုလ်က သည်တဏှာ သေ့မသေ (သေပါတယ်ဘုရား)၊ ယခု ပြောလိုက်တာနဲ့ဘဲ ကိလေသာ ခြောက်,မခြောက် (ခြောက်ပါတယ်ဘုရား)၊ မခြောက်ဘူး လား — ခြောက်သလား ? (ခြောက်ပါဘုရား)၊ ဒါမျိုး.... နောက်ထပ် လိုချင်သေးသလား(မလိုချင်တော့ပါဘုရား)။

လိုချင်ကြသေးရဲ့လား ? (မလိုချင်ပါ ဘုရား)၊ ဘယ့် နှယ်ကြောင့် မလိုချင်တော့ဘူးလို့ မေးခွန်း ထုတ်လို့ရှိရင် အော်....သူများနှိပ်စက်ခံတို့ လောင်စာကြီးဘုရား၊ ဒုက္ခရောက် ခံရမဲ့သဘောကြီး ဘယ်တပည့်တော်တို့ မလိုချင်ပါဘူးဆိုက ထဲက အခုကို သစ္စာတရားနာရတာနဲ့ ကိလေသာ ခြောက်— မခြောက်(ခြောက်ပါတယ်ဘုရား)။

တကယ်ဘဲ ဉာဏ်သုံးဆင့်နဲ့ ပွားလိုက်မယ်ဆိုရင် ဘယ့် နှယ်တုံး မဂ်ဆိုက်မယ် မဆိုက်ဘူးလား ?(ဆိုက်ပါတယ်ဘုရား) ဒါဖြင့် ပေဋကော ပဒေသမှာဟောတဲ့ မင်းတို့ကွာ သေတာ ပန်တည်ဘို့ ဘာခဲရင်းတာမှတ်လို့ ပဌမ သစ္စာတရားနာကွာ၊ သစ္စာတရားအတိုင်း နှလုံးသွင်းပြီးနေသွားရင် ပြီးတာဘဲကွ။

သည်နှစ်ချက်ထဲ ဟောတယ်(မှန်လှပါဘုရား)၊ မဟုတ်ဖူး လား....၊ အဲသည်တော့ ဦးဘတင်တို့ မလွယ်လားဗျာ (လွယ် ပါတယ်ဘုရား)၊ လွယ်ပင် လွယ်ညားသော်လဲ ခင်ဗျားတို့က အသိုင်းအဝန်း များနေလို့ မရောက်တာဘဲဆိုတော့ ဟုတ် လား....ရှင်လောင်းလှည့်တာတောင် အသိုင်းအဝန်း များလို့ ရှိရင် တော်တော်နဲ့ လိုချင်တဲ့ဆီရောက်ပါ့မလား? (မရောက် ပါဘုရား)။

အဲသည်အတိုင်းဘဲ အသိုင်းအဝန်း များလို့ရှိရင် ဟိုင့်.... သည်စောင်းနဲ့ ရှုပ်မနေဘူးလား (ရှုပ်ပါဘုရား)၊ အဲသည်လို ရှုပ်နေတဲ့အတွက် မရနိုင်ဘူး သဘောကျပလား ? (ကျပါ ဘုရား)....။

ဒါဖြင့် တပည့်တော်တို့ မဂ်ဆိုက်ချင်ပါတယ်၊ ဖိုလ်ဆိုက် ချင်ပါတယ် ဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတွေ နှစ်မျိုးထဲ မှတ်လိုက်ရင် မပြီးဘူးလား ? (ပြီးပါဘုရား)။

သစ္စာနာမှုရယ်၊ သစ္စာနှလုံးသွင်းမှုရယ် မပြီးသေးဘူးလား (ပြီးပါဘုရား)၊ ဒါနဲ့ပြီးတဲ့ဥစ္စာ ခင်ဗျားတို့က လျှာရှည်, လူရှည်တွေ ဖြစ်နေတော့ ခက်နေတယ် ဦးဘအုန်းရ။ နောက် မရှည်နဲ့ ဦးမောင်လေးတို့၊ ဟင်....ရှည်စရာ ရှိသေးသလား (မရှိပါဘုရား)။ ရှည်စရာမလိုပါဘူးတဲ့။....

ကိုင်းဒါဖြင့်....ယခု သခ်တဗ္ဗော တဏှာယောကျ်ား လက် သမား၏ ဆိုးဝါးယုတ်မာပုံပြင်ရာကို ရဲဥါမသွေ အမြဲခံနေ

ရတဲ့သဘောရင်း....ဆိုတာ ခန္ဓာငါးပါးက တဏှာပြုပြင်သလို ခံနေရတာ၊ ခန္ဓာငါးပါး ဘယ်သူပြုပြင်သလို ခံနေရ(တဏှာ ပြုပြင်သလို ခံနေရပါဘုရား)။

တဏှာပြုပြင်သလို ခံနေရတယ်၊ တဏှာပြုပြင်သလို ခံနေရတော့ ...တဏှာက ဘယ်ဘုံသွား သေလိုက်ဆို၊ ဘယ်နှယ်တုံး ဦးဘကြည်(သေရပါဘုရား)၊ မသေရဘူးလား- သေရသလား (သေရပါဘုရား)။

ဘယ်ဘုံသွား ထောင်ကျလိုက် ... အမိဝမ်းခေါင်းထဲကိုဆိုတော့.... (သွားရပါဘုရား)၊ ခင်ဗျားတို့က သူနဲ့ဆုတောင်းထားတာကို (မှန်လှပါ)၊ အဲသည်တော့ သူနဲ့ဆုတောင်းထားတော့ ခင်ဗျားတို့ကဘဲ စဉ်းစားပါတော့၊ အော်....သူစီမံသလို ခံနေတာလို့ မဆိုနိုင်ဘူးလား(ဆိုနိုင်ပါဘုရား)။

သူက ခြေလေးချောင်းနဲ့ဖြစ်လိုက် ဆိုရင်ကော (ဖြစ်ရပါဘုရား)၊ ခြေ နှစ်ချောင်းနဲ့ ဖြစ်လိုက်.... (ဖြစ်ရပါဘုရား)၊ နကင်းကြီးတွေဖြစ်လိုက် ...ကဲ သူစီမံနေတာပါလား၊ ၃၁-ဘုံ (မှန်လှပါ)၊ ၃၁-ဘုံ ဘုရင်လုပ်ပြီး အုပ်ချုပ်နေတာ ခင်ဗျားတို့ သိကြပလား? (သိပါပြီဘုရား)။

ဘယ်သူပါလိမ့် (တဏှာပါဘုရား)၊ တဏှာဘဲ ဒါကြောင့် အကုသိုလ်စိတ် ၁၂–ခု၊ တထောင့်ငါးရာ ကိလေသာ များ ချင်တိုင်းများ ဘုရားက သစ္စာကြတော့ တလုံးထဲ ချုပ်ကိုင်လိုက်တယ်(မှန်လှပါ)၊ ရှင်းပလား ? (ရှင်းပါဘုရား)။

သစ္စာကြတော့ သမုဒယသစ္စာ၊ တဏှာ အဆိုးဆုံးပါကွာ ဆိုပြီး သူ့သတ်ရင် အကုန်သွားတာဘဲ၊ တထောင့်ငါးရာတွေ မဆိုနိုင်ဘူးလား ? (ဆိုနိုင်ပါဘုရား)။

ကောင်းပြီ.... ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့အပေါ်မှာ ဒုက္ခမျိုးစုံပေးနေတာ ဘယ်သူတုံး ? (တဏှာပါဘုရား) ရိပ်မိကြပလား (ရိပ်မိပါပြီဘုရား)၊ ဒုက္ခမျိုးစုံ ပေးနေတာ တဏှာဘဲဆိုတာ ရိပ်မိပလား ? (ရိပ်မိပါဘုရား)၊ ဒုက္ခမျိုးစုံ ပေးနေတဲ့ဥစ္စာ ခင်ဗျားတို့ မနိုင်ဝန် အထမ်းခိုင်းတာလဲ သူဘဲ၊ နိုင်တဲ့ဝန် ထမ်းခိုင်းတာကော....(သူပါဘဲဘုရား)။

ဒါဖြင့် ခင်ဗျားတို့မှာ ကောင်းကောင်း နေရတဲ့အချိန်လို့ ရှိသေးရဲ့လား ? (မရှိပါဘုရား)၊ တဏှာဘုရင် အောက်မှာ နေရတဲ့ ကျွန်သဘောက်သည် ဘယ်အချိန်များ စိတ်ချမ်း သာမတုံးလို့ မေးကြစမ်းပါ....(မချမ်းသာပါဘုရား)၊ ဘယ် အချိန် အားမတုံးလို့ မေးကြည့်စမ်း (မအားပါဘုရား)။

အော်....ခင်ဗျားတို့ကား ဆိုလို့ရှိရင် ညာတာမဖက်အမြဲ နှိပ်စက်ခံရတဲ့ ဒုက္ခသစ္စာကြီးရထားလို့ မဆိုနိုင်ဘူးလား....? (ဆိုနိုင်ပါတယ်ဘုရား)။ ညာတာမဖက် အမြဲနှိပ်စက်ခံထိုက်တဲ့ ဒုက္ခသစ္စာကြီး ခင်ဗျားတို့ရထားတယ်။

နာမ်လဲ ဒုက္ခသစ္စာ၊ ရုပ်ကော.... (ဒုက္ခသစ္စာပါဘုရား)။ သူက လောကီချည့်ဘဲ၊ လောကုတ္တရာ နည်းနည်းမှ မပါဘူး၊ ရိပ်မိကြပလား ? (ရိပ်မိပါဘုရား)။

ဒါဖြင့်....သူ့ ဘာသစ္စာဆိုမတုံး ? (ဒုက္ခသစ္စာပါ ဘုရား)၊ ဘယ့်နှယ်ကြောင့် ဒုက္ခသစ္စာဖွဲ့ရသတုံး.... (တဏှာစီမံသလို ခံနေရလို့ပါဘုရား)၊ ရိုပ်မိကြပလား ? (ရိပ်မိပါဘုရား)။

ဒကာ ဒကာမတွေ ခင်ဗျားတို့ခန္ဓာငါးပါးကြီးဟာ တဏှာ စီမံသလို ခံနေရတယ်ဆိုတော့ ဟုတ်မှ ဟုတ်ကြရဲ့လား....?၊ နေပူမရှောင် မိုးရွာမရှောင် လုပ်ကြကိုင်ကြရတာလဲ တဏှာ ခိုင်းတာ.... ဒါလုပ်မှရမှာ ဒါကိုင်မှရမှာ သဘောကျပလား၊ ခင်ဗျားတို့ ဖီဆန်ရဲရဲ့လား ? (မဖီဆန်ရဲပါဘုရား)။

မဖီဆန်ရဲပါဘူး၊ ဘာပြုလို့ မဖီဆန်ရဲတာတုံး....(တဏှာ က မျက်နှာကြီးမျိုးပါဘုရား)၊ မျက်နှာကြီးမျိုးမို့ သဘော ကျပလား ?(ကျပါဘုရား)၊ မျက်နှာကြီးမို့ သူ့ကို ခင်ဗျား တို့က တနည်းအားဖြင့် ယခု ဘုန်းကြီးပြောတာကို ဂရုစိုက် နားထောင်လိုက်တော့ ဖီဆန်ကောင်းတယ်လို့ကို မသိဘူး၊ ဘယ်လောကမျှား အုပ်ချုပ်ရေး ပိတုံး၊ ပိတယ် မပိဘူးဆိုတာ သူ့ကို ဖီဆန်ကောင်းတယ်လို့မှ သိကြရဲ့လား ? (မသိကြပါ ဘုရား)။

လူဖြစ်ရင် လုပ်စားရလိမ့်မယ်သာ သိတယ်၊ သည့်ပြင် ဘာသိသေးတုံး၊ သူများ ရှာသလို ရှာရလိမ့်မယ်ဆိုတာ မသိ ဘူးလား(သိပါဘုရား)။ သိတယ်တဲ့... အဲသည်တော့ သူ့ ကြောင့်လို့ စွဲချက်တင်ရဲရဲ့လား ? (မတင်ရဲပါဘုရား)။

သူ့သာ သတ်လိုက်ရလို့ရှိရင် တို့ချမ်းချမ်းသာသာ နေရရဲ့လို့ သည်လိုကော လာရဲ့လား (မလာပါဘုရား)။ မှန်ပါဘုရား၊ ဟုတ်ပါဘုရားချည့်လိုသာ နေရတယ် ရိပ်မိပလား? (ရိပ်မိပါဘုရား)။

ဘယ်သူ့ကို မှန်ပါဘုရား ဟုတ်ပါဘုရားလို့ လိုက်ရတာတုံး ? (တဏှာကိုပါဘုရား)။ ဖြစ်မှ ဖြစ်ရလေ ရှိခိုးထိုက်သလား—ရှိမခိုးထိုက်ဘူးလား၊ ခင်ဗျားတို့ မှန် ပါ ဘု ရား .... ဟုတ်ပါဘုရားလို့ လိုက်ထိုက်—မလိုက်ထိုက် (မလိုက်ထိုက်ပါဘုရား)။ မလိုက်ထိုက်ဘူး၊ အကုသိုလ်တရားကြီးမို့ သဘောကျပလား ? (ကျပါဘုရား)။

အကုသိုလ်တရားကို ခင်ဗျားတို့က မှန်ပါဘုရား လိုက်ထိုက်သင့် မလိုက်ထိုက်သင့်(မလိုက်သင့်ပါဘုရား)၊ အကုသိုလ်တရားဆိုတာ ခင်ဗျားတို့ ချေမှုန်းပြစ်ဘို့ဘဲ၊ သူ့ကို ဦးတင်နေဘို့ လိုသေးသလား ? (မလိုပါဘုရား)။

အခုတော့ ...ခင်ဗျားတို့ ဘယ့်နှယ်ဖြစ်နေတုံး၊ ဦးတင်နေတယ်.... ဘယ့်နှယ်ကြောင့် ဦးတင်နေတုံးဆိုတော့ တနေ့က ကျုပ်သည် လောဘကလေးထွက်လာလို့ သည်ဟာကလေး စားလိုက်ရတာ သည်ဟာကလေး ကျေး ဇူး တင် ရ သေး။

သည်အကြံအစီလေး၊ သည်အကြံအစီ ဆိုတာက သည်လောဘကိုဆိုတာ ရိပ်မိပလား ?(ရိပ်မိပါဘုရား)၊ သည်အကြံအစီလေးဟာ ဘယ်သူနဲ့ ကြံစီတာတုံး ?(တဏှာနဲ့ပါဘုရား)

တဏှာနဲ့ ကြံတယ်၊ သည်အကြံအစီလေး တဲ့သွားတော့ ကိုယ့်စိတ်ကူးလေးကို ကြည်ညိုလာတယ်၊ လေးစားလာတယ်။

ဦးတင်ထိုက်တယ်ဆိုပြီး ဦးတိုက်ထားတာကိုးဗျ ရိပ်မိကြပလား....။ မှန်းချေပေါက်တဲ့အချိန်ကြတော့ ဘယ့်နှယ်ဖြစ်လာ(လေးစားလာပါဘုရား)၊ လေးစား ဦးတိုက်ပြီးလာတယ်ဆိုတဲ့ အဓိပ္ပါယ် ရှင်းပလား ? (ရှင်းပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ သူပြုပြင်သလိုခံနေရတယ်ဆိုတာကို သူ ရန်သူလုပ်ပြီးသကာလ ဘုရားကသမုဒယသစ္စာဆိုတာ ပဟာတဗ္ဗ ပယ်ရမှာကွ ...မဟောဘူးလား?(ဟောပါဘုရား)၊ ခင်ဗျားတို့က မပယ်နိုင်ဘူး ဦးတိုက်နေရတယ်၊ ပြောင်းပြန်ကို လုပ်နေရတယ် (ရိပ်မိပါဘုရား)။

ခင်ဗျားတို့ ဘာလုပ်နေတုံး(ပြောင်းပြန်လုပ်နေပါဘုရား) ပြောင်းပြန် ဦးတိုက်နေတဲ့ အဓိပ္ပါယ်ကော မဆိုက်ဘူးလား? (ဆိုက်ပါဘုရား)၊ ဆိုက်တယ်.... ဒါဖြင့် သင်္ခတဓမ္မဆိုတာ ဟောထိုက်–မဟောထိုက်(ဟောထိုက်ပါဘုရား)။

တဏှာယောကျ်ား လက်သမား၏ ဆိုးဝါးယုတ်မာပုံပြင်ရာကို ရံခါမသွေ အမြဲခံနေရသော ခန္ဓာငါးပါးသည်ရင်း ပေါ်ကြပလား? (ပေါ်ပါပြီဘုရား)။ သည်ခန္ဓာငါးပါးသည် ဘယ်သူ့ အကြိုက် လိုက် ပြီး ဘယ်လိုလုပ်နေရ..(တဏှာ အကြိုက်ပါဘုရား)၊ တဏှာအကြိုက်လိုက်နေရတယ်နော်... မယုံလို့ရှိရင် ၃၁ ဘုံသားတွေ မေးကြည့်ကြပါ။ ဦးဘကြည်တို့ မေးကြည့်ကြပါ၊ အားလုံး မေးကြည့်ကြပါ။

မင်း ဘယ်သူ့ ပို့လိုက်တာတုံး သည်ဘို ရောက်အောင်.... တဏှာပို့လိုက်တာ.... (တဏှာ ပို့ လိုက် တာ ပါဘုရား)၊ ငရဲပို့လိုက်တာကော မင်းမသွားချင်ဘဲနဲ့ ပို့လိုက်တာ ဘယ်သူ့ပို့လိုက်တာတုံး ဟိုက သတ္တိနဲ့ ပို့လိုက်တာ (တင်ပါဘုရား)။

မင်းသည် လိမ်လည် ကောက်ကျစ်ပြီးသကာလ စားဖြစ်အောင်သာ စားပါ၊ စားဖြစ်အောင်စားတော့ အပါယ်သွားရမယ်ဆိုတာ မသေချာဘူးလား (သေချာပါဘုရား)၊ သေချာတာ ဘယ်သူ့ပို့လိုက်တာတုံး ? (တဏှာပါဘုရား)။

တဏှာပို့လိုက်တော့ အော်....၃၁-ဘုံမှာ ပုပ္ပရွှရွှမြင်သမျှတွေသည် တဏှာစီမံသလို ခံနေရတာ၊ တဏှာက အသွားခိုင်းသွားရ၊ တဏှာက လာခဲ့ဆို လာခဲ့ရ၊ တဏှာက ဂျွန်းထိုးနေလိုက်ဆို ဂျွန်းထိုးနေရတယ် မခံကြရဘူးလား ? (ခံကြရပါဘုရား)။

ခံကြရတော့ ခင်ဗျားတို့ ခန္ဓာငါးပါးဟာ ဒုက္ခရောက်—မရောက်(ရောက်ပါဘုရား)၊ စဉ်းစားမိပလား... (စဉ်းစားမိပါဘုရား)၊ ဒုက္ခအမြဲခံရသလား—မခံရဘူးလား ?(ခံရပါဘုရား)၊ အမြဲခံရတော့ သူသည် အနှိပ်စက်ခံရသောကြောင့် သူ့ကို ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့်.... ခန္ဓာငါးပါး ဘာခန္ဓာဖြစ်ချင်တုံးလို့ အားလုံးဒကာ ဒကာမတွေမေးလိုက်ရင် ဘယ့်နှယ်ဖြေကြ....(ဘာခန္ဓာငါးပါးမှ မဖြစ်ချင်ပါဘုရား)၊ ဆုတောင်းလိုက်ရင် ကျွန်ုပ်ဆုတောင်းတာ ရှင်းပလား ?(ရှင်းပါဘုရား)။

ဘာဆုတောင်းကြ.... (ကျွန်ဆု တောင်းတာပါဘုရား)၊ အဲ—ကျွန်ဆုတောင်းတဲ့သဘောကို အခုတော့ဖြင့် ဘုရား.... သစ္စာသိသည့်အတွက် တပည့်တော်တို့ အနှိပ်စက်ခံရမဲ့ ခန္ဓာငါးပါးကြီး သိနေတဲ့အတွက် ကျွန်ဆုတော့ မတောင်းတော့ပါဘူးဆိုတော့ တဏှာသေ့မသေ စဉ်းစား....(သေပါဘုရား)

ဒါ—နာဘုံး သေတာနော်(တင်ပါဘုရား)၊ ဒကာ ဒကာမတို့ ဘယ်အချိန်သေတာတုံး ? (နာတုံး သေတာပါဘုရား)။ နာတုံးသေတော့ ပွားတဲ့အချိန်မှာ တကယ့်နှိပ်စက်တာကြီးကို တကယ်မြင်နေမယ်ဆိုလို့ရှိရင် တကယ်နှိပ်စက်ခံရတဲ့ ဇာတိဇရာ့မရဏနဲ့ မီးတိုက်လိုက်တော့ ဖြုတ်ခနဲဖြုတ်ခနဲ လောင်လောင်သွားတာကော မရှိဘူးလား ? (ရှိပါဘုရား)။ ဇာတိ, ဇရာ့မရဏဘို့၏ နှိပ်စက်ဘဲ့သဘော မခံရဘူးလား ? (ခံရပါဘုရား)၊ ခံရတော့ သူ—ပြောင်း ပြောင်း မသွားဘူးလား? (သွားပါဘုရား)။

အဲ....အဲဒါက တကယ်ကြည့်တဲ့ ဘာဝနာမယဉာဏ်နဲ့ ကြည့်လိုက်တာ သဘောကျပလား ? (ကျပါဘုရား)၊ ကြည့်လိုက်တဲ့အခါကြတော့ကို ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အော် ...တဏှာ စိမ်ရာလဲ သူခံရတယ်၊ ဇာတိ,ဇရာ့မရဏ စိမ့်သလိုကော.... (ခံရပါဘုရား)၊ သူခံရတယ်၊ သူက ခံဘက်က ချည့်ဘဲ (မှန်လှပါ)၊ ဟုတ်လား တော်လှန်နိုင်ဘဲ့အချိန်ကို ပါရဲ့လား ? (မပါပါဘုရား)။

မပါတော့ ဒါကြီးမြင်နေတော့ အော်....သည်ဥစ္စာ လိုချင်စရာ ရချင်စရာ မရှိဘူး၊ ဒုက္ခရောက်နေတဲ့ ဒုက္ခခံနေရတဲ့

ပစ္စည်းမှတပါး ဒုက္ခရောက်ခြင်းကို အမြဲခံနေရတဲ့ ပစ္စည်းမှ တပါး ဘာမှ မရှိဘူးဆိုတာ ခင်ဗျားတို့ နာရင်းမတ္တနဲ့ကော သေချာမလာဘူးလား ? (သေချာလာပါဘုရား)။

ပွားရင်းမတ္တနဲ့ဆိုတော့ လုံးဝ သည်ဟာကြီး လိုချင်သေးရဲ့လား ? (မလိုချင်တော့ပါဘုရား)၊ ဒါဖြင့် နာရင်းမတ္တက ကိလေသာခြောက်တယ်(တင်ပါဘုရား)၊ ပွားတဲ့အခါ ကိလေသာ မီးလောင်လို့ ပြောင်ရော ရိပ်မိပလား (ရိပ်မိပါဘုရား)။

ပေဒ္ဒကော ပဒေသမှာဟောတဲ့ အဓိပ္ပါယ် သည်နေ့ည ဦးဘကြည်တို့ ရှင်းရောပေါ့ (ရှင်းပါဘုရား)၊ သစ္စာနာရင်း ကိလေသာ ဘာတဲ့တုံး ? (ခြောက်ပါဘုရား)၊ သစ္စာအတိုင်း အားထုတ်ရလို့ရှိရင်.... (ကိလေသာ ကုန်ပါဘုရား)၊ သစ္စာ မြင်အောင်သာ အားထုတ်ရလို့ရှိရင် ကိလေသာမီး လောင် လို့ ပြောင်သွားတယ်(တင်ပါဘုရား)။

ဒါဖြင့် အားလုံး ဒကာ ဒကာမတွေ စဉ်းစားကြည့်ပါ၊ အင်း....နိဗ္ဗာန်ရောက်ဘို့အလုပ်ဟာ ကိလေသာခြောက်ဘို့ရယ်၊ ကိလေသာ ပြောင်လို့ရှိရင်ဖြင့် "တဏှာနိရောဓေါ နိဗ္ဗာန်" လို့ ဘုရားက ဟောလိုက်တော့ ကိလေသာပြောင်သွားတော့ကို တဏှာနိရောဓေါ မဟုတ်ဘူး လား ? (ဟုတ်ပါတယ်ဘုရား)။ ဒါဖြင့် "တဏှာနိရောဓေါ နိဗ္ဗာန်" ဆိုတော့ သောတာပတ္တိနိဗ္ဗာန်တော့ မရဘူးလား (ရပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့သည် အင်း....ဝဋ္ဋဘဝတိုတိုနဲ့ မဂ်ဖိုလ်ရဘို့ အလုပ်သည်ကားဆိုရင်ဖြင့် သည်ထက်တော့ ဘုန်းကြီးက တိုအောင် မဟောနိုင်တော့ဘူး၊ ကျမ်းဂန်နဲ့ကော ညီတယ်၊ မှန်ကော မှန်ပလား ? (မှန်ပါဘုရား)။

နာရင်းမတ္တာနဲ့ ကိလေသာ ဘာဖြစ်သတုံး (ခြောက်ပါဘုရား)၊ အဲ....နာရင်းမတ္တာနဲ့ ကိလေသာခြောက်တယ်၊ ကိုယ်တိုင်ပွားများလိုက်လို့ရှိရင်....(ပြောင်သွားပါဘုရား)၊ ပြောင်သွားတာဘဲတဲ့၊ ခြောက်နေတုံး မီးရှို့လိုက်တာကိုးဗျ။ မဂ်မီးနဲ့ ရှို့ချလိုက်တယ် မပြောင်ဘူးလား?(ပြောင်ပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ သည်ဥစ္စာ နိဗ္ဗာန်ဟာ အဝေးကြီးလား....၊ တစ,တစ ပါရမီ ဖြည့်နေဘို့လားလို့ ဆိုတော့ ခင်ဗျားတို့ တစတစတွေ သာဝကကြီးတွေ၊ ဆုတောင်းတဲ့ ပုဂ္ဂိုလ်တွေ အကုန်ဖြုတ်။

သာဝကပါရမီဉာဏ် တက်တော့ကွာ....၊ ပထမပေဋကော ပဒေသကရိုပ်မိပလား(ရိပ်မိပါဘုရား)၊ နိဗ္ဗာန်တစ,တစရောက်ရမယ်ဆိုလို့ ရှေးလူကြီးတွေ ပြောတဲ့စကား၊ ပါရမီ တစတစ ဖြည့်ရမယ်ဆိုတော့ ပါရမီဖြည့်ရမဲ့ ပုဂ္ဂိုလ်ရှိတယ်။ ပါရမီမပြည့်ဘဲနဲ့ သည်နှစ်ခုနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ရှိတယ်၊ သူက နှစ်ခုရှိတာ တခုထဲယူပြီး မှတ်သားတော့ သူ့အယူလွဲတယ်လို့ မဆိုထိုက်ဘူးလား (ဆိုထိုက်ပါဘုရား)။

ဒါဖြင့် အားလုံး ဒကာ ဒကာမတို့ ဘယ်လိုလုပ်ကြမှာတုံးတဲ့....ခင်ဗျားတို့ သောတာပန် အမြန်တည်ချင်ရင် ဘယ်လိုလုပ်ရမှာတုံး(နာမှုရှေ့က ထားရပါမယ်ဘုရား)။

နာမှုရှေ့က ထားပါတဲ့ ဒကာ ဒကာမတို့ (နာမှု ရှေ့ကထားရပါမယ်ဘုရား)၊ ဘယ်တရားတုံး....(သစ္စာတရားပါဘုရား)။

သည့်ပြင်တရားမပါဘူး သည်အထဲမှာ (မှန်လှပါ)၊ သည့်ပြင်တရား ပါကို မပါဘူး။ သည့်ပြင်တရားက နာရင်းမှတ္တာနဲ့ ကိလေသာ ခြောက်သလား၊ ကိလေသာ ပွားသလားလို့.... ဦးဘကြည်တို့က စဉ်းစားဘို့အရေးကြီးတယ်၊ ဘယ့်နှယ်နေကြ...(ပွားပါဘုရား)။

မျှားသောအားဖြင့် ဒါနတရားကို ဟောတော့မယ်.... ဦးဘကြည် ဘယ်လိုအကျိုးပေးတွေ ဟောလိုက်တယ်၊ခင်ဗျား ဘယ်လို ဖြစ်မယ်သင်.... (ကိလေသာ ပွားပါမယ်ဘုရား)၊ မဟုတ်ဘူးလား ? လူ့အကျိုးပေးတွေ ဟောလိုက်၊ နတ်ပြည် အကျိုးပေးလိုက်၊ နတ်ပြည်ကပြန်လာ ဘယ်လို၊ လူ့ပြည်ကြ ဘာဖြစ်သေးသက္က ဆိုလို့ရှိရင် ဒါကိလေသာရဲ့ အားပေးမှုတွေ ဖြစ်ထိုက်—မဖြစ်ထိုက်(ဖြစ်ထိုက်ပါတယ်ဘုရား)။

ဒါဖြင့်....အစိုတ်းဟာ ပေါ်နေတာဘဲ၊ စိုသထက်စိုတဲ့အထဲ ရေလောင်းပြန်တာဘဲ၊ ခင်ဗျားတို့က နဂိုရ်တုံးက ကိလေသာ ချုပ်ပလား ? (မချုပ်သေးပါဘုရား)။

မချုပ်သေးတဲ့အထဲမှာ ခုနင်က ဒါနအကျိုးပေးတွေ သာယာလိုက်တဲ့ သည်လိုဖြစ်ချင်တယ်လို့ တောင့်တလိုက်ပြီ ဆိုမှဖြင့် မချုပ်သေးတဲ့ အစိုတ်းကြီးဟာ ဘာဖြစ်ပြန်တုံး....? (ရေလောင်းပါတယ်ဘုရား)။

ကိလေသာတွေ ထပ်လောင်းတာ.... ကိလေသာရေ ထပ်လောင်းတော့ ဘယ်တော့မှ လောင်တော့မှာ မဟုတ်ပါဘူး၊ ကိလေသာတုံးကြီး ဘယ်တော့ ခြောက်မတုံး ? (မခြောက်ပါဘုရား....)။

ခြောက်စရာ မြင်သေးရဲ့လား? (မမြင်ပါဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတို့ ပေဋကော ပဒေသမှာ ဟောတာက သစ္စာ တရားနာမှုဆိုတာ တရားပေမဲ့ သည့်ပြင်တရား မရဘူးကွ။ ဒါ မရိပ်မိဘူးလား?(ရိပ်မိပါဘုရား)။

တရားပေမဲ့ သည့်ပြင်တရားတော့ နာလို့မရဘူး၊ သစ္စာ တရားနာမှ သစ္စာ တရားနာတော့ ဘာဖြစ်တုံး ဆိုတော့... ကိလေသာ ခြောက်တယ်....၊ သစ္စာတရား အားထုတ်တော့ ဘာဖြစ်သတုံးမေးတော့ ကိလေသာကုန်တယ် ရှင်းပလား?။

ခြောက်သောအသား မီးရှို့လိုက်တော့ ဘယ့်နှယ်နေတုံး (လောင်ကုန်ပါတယ် ဘုရား)။ လောင်ကုန်ပါတယ်ဆိုတော့ အော်....ဒကာ ဒကာမတို့ အင်မတန် အဖိုးတန်ပါလား....။ ယခု ထူးထူးခြားခြား သိရတဲ့အတွက် တရားလဲ မရှည်လှပါ ဘူး၊ သစ္စာတရား နာပြီးသကာလ သစ္စာကိုက်အောင် ဉာဏ် သုံးဆင့်နှင့်ကိုက်အောင် တက်လိုက်၊ ဆရာဘုန်းကြီးက ဒါဘဲ ပေးလိုက်တယ်.... မပေးဘူးလား ? (ပေးပါတယ် ဘုရား)။ ရှင်းကြပလား (ရှင်းပါဘုရား)။

ဒါဖြင့် သခ်တဋ္ဌော အဓိပ္ပါယ် ခွဲရှုံဘဲကျန်တော့တယ်....၊ တဏှာယောကျ်ားလက်သမား၏ ဆိုးဝါးယုတ်မာ ပြုပြင်ရာကို ရံခါမသေအမြဲခံနေသောသဘောသည်လည်းကောင်းဆိုတော့ ခန္ဓာငါးပါးကိုဆိုတာ ဘယ်သူ ပြုပြင်ခံနေရသတုံး....(တဏှာ ပြုပြင်ခံနေရပါဘုရား)။

တဏှာပြုပြင်ရာကို ခံနေရတယ်....၊ တခါတလေ တဏှာက ဘောလုံးလိုဘဲ ကန်တင်လိုက်တာ နတ်ပြည်များ ရောက်သွားတယ် (မှန်လှပါ)၊ တခါတလေ တဏှာက နတ်ပြည်က ကန်ချလိုက်တာ ဒယ်အိုးထဲများ ရောက်သွား.... မရှိဘူးလား—ရှိသလား ? (ရှိပါဘုရား)။

သုပြဟ္မာနတ်သားတို့ တခါထဲ ကန်တင်လိုက်တာ နတ်ပြည်...ဦးဘကြည်ရေ ဟင်—တခါထဲ နတ်ပြည်ကနေ နတ်သမီးငါးရာကို တဏှာကကန်ပြီးသကာလ တဏှာဒိဋ္ဌိက ဆွဲချလိုက်တာ တခါထဲ ဒယ်အိုးထဲမှာ တပြုံကြီး မရောက်ပေဘူးလား ? (ရောက်ပါဘုရား)၊ ဒါဖြင့်.... ဘယ်သူစီမံရာ ခံနေရသတုံး.... (တဏှာစီမံရာပါ ဘုရား)။

တင်တုံးကလဲ တဏှာကတင်လိုက်တယ်၊ ဘယ့်နှယ် တဏှာ သက်သက်နဲ့လားဆို အို ...တဏှာသက်သက်နဲ့တော့ ဘယ်ရောက်မတုံး၊ ကုသိုလ်ပေါ်မှာ သူကအုပ်ချုပ်ပြီး တက်သွားတယ်၊ ကုသိုလ်ပေါ်မှာ တဏှာရိပ်က လွှမ်းမိုးတယ်(မှန်လှပါ) သည်ကုသိုလ်က 'အာသဝါပုညဘာဂီလို့' ဟောလိုက်တယ်။ ခင်ဗျားတို့ပြုထားတဲ့ ဒါနကုသိုလ် ဟုတ်လား....သီလကုသိုလ်တွေဟာ အာသဝါ အာသဝေါတရားတို့၏ အာရုံဖြစ်တယ်ဘဲ့ ဆိုတော့ ကာမာသဝ.... တဏှာ၏ အာရုံမဖြစ်ဘူးလား—ဖြစ်သလား ? (ဖြစ်ပါတယ်ဘုရား)။

ပုညဘာဂီယာ.... ကုသိုလ် တော့ ဟုတ်ပါ တယ် ကွဲ့၊ သို့သော် တဏှာရိပ်က မကင်းသေးဘူးဟော့၊ ကင်းကြရဲ့လား (မကင်းပါဘုရား)။

အဲသည်တော့.... ဘာအကျိုး ပေးရမတုံးလို့ ငါဘုရား ဟောလို့ရှိရင်ဖြင့် ခန္ဓာငါးပါး ပြန်ရမယ်၊ နိဗ္ဗာန်မရဘူးတဲ့ ရှင်းကြပလား ?(ရှင်းပါဘုရား)တဏှာအုပ်ချုပ်ရေးမကင်းတဲ့ ကုသိုလ်ဟူသရွေ့ဟာ ဘာရကြမတုံး ?(ခန္ဓာငါးပါးပါဘုရား) ခန္ဓာငါးပါး ဘာသစ္စာဖွဲ့ကြမယ် ?(ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာကိုမရချင်လို့ မလိုချင်လို့ ဒုက္ခကိုခင်ဗျား တို့ သေသေချာချာ ကြောက်ကြလို့ရှိရင်ဖြင့် တဏှာ မခြံရံ စေနဲ့ဆိုတဲ့ အဓိပ္ပါယ် ဟောထိုက်—မဟောထိုက် (ဟောထိုက် ပါဘုရား)၊ ရှင်းပလား ?(ရှင်းပါဘုရား)။

တဏှာ မခြံရံကြပါနဲ့လို့ ပဋ္ဌာန ပါဠိတော်မှာ သည် အတိုင်းဘဲ လာပါတယ် မင်းတို့ ပြုတဲ့ကုသိုလ်၊ လောဘနဲ့ ဆုတောင်းတဲ့ကုသိုလ် ဟုတ်လားဗျာ.... ဒေါသနဲ့ ဆုတောင်း တာလဲ ရှိတာပေါ့ဗျာ၊ မရှိဘူးလား ?(ရှိပါဘုရား)။

သည်သား သည်မယားနဲ့ဖြင့် ဘယ်တော့မှ မတွေ့ရပါ စေနဲ့လို့ ဒေါသတွေနဲ့ ဆုတောင်းတာတွေလဲရှိသေးတယ်ဗျ— (တင်ပါဘုရား)၊ မတွေ့ရဘူးလား ?(တွေ့ရပါဘုရား)။

အဲသည်လို.... လောဘနဲ့ တောင်း၊ ဒေါသနဲ့ တောင်း၊ မောဟနဲ့တောင်း ဆိုတော့ သူတို့သည် အာသဝနယ်က လွတ် မလွတ် (မလွတ်ပါဘုရား)၊ လွတ်ကြရဲ့လား ? (မလွတ်ပါ ဘုရား)၊ မလွတ်လို့ရှိရင်ဖြင့် အာသဝနယ်က မလွတ်တဲ့တရား ဟူသရွေ့ကို အာသဝနယ်ထဲဘဲ ခန္ဓာငါးပါးဖြစ်ရမယ်၊ သဘော ကျပလား ?(ကျပါဘုရား)။

ဘာဖြစ်ရမယ်.... (ခန္ဓာငါးပါး ဖြစ်ရပါမယ် ဘုရား)၊ အာသဝနယ်ထဲ ဘာဖြစ်ရမတုံး ? (ခန္ဓာငါးပါး ဖြစ်ရမယ်ပါ ဘုရား)၊ ခန္ဓာငါးပါး ဘာသစ္စာ ... (ဒုက္ခသစ္စာပါဘုရား)။ ဘယ့်နှယ်ကြောင့်ဗျာ... လုလဲလုရသေး၊ ပေးလဲပေးရသေး၊ ကမ်းလဲ ကမ်းရသေး၊ ဒုက္ခလဲရောက်ရသေး၊ ဒုက္ခသစ္စာကြီးလဲ ကျုပ်တို့ကိုယ်ပိုင်ရသေး၊ဘယ့်နှယ်များဖြစ်နေကြပါလိမ့်မတုံး ဆို မင်းတို့က အာသဝအုပ်ချုပ်ရေး မကောင်းတဲ့ ကုသိုလ်ကိုး လို့ မဆိုနိုင်ဘူးလား ? (ဆိုနိုင်ပါဘုရား)။

သီလ ဆောက်တည်ပြန်လဲ အာသဝေါမကင်းတဲ့ သီလ ဟုတ်လား ...၊ အသက်ရှည်ချင်လို့လာ ဆောက်တည်ကြတာ ခင်ဗျားတို့ အသက် ရှည်ချင်တာက သည်ဘဝ ရှည်ချင်တာ လား၊ နောက်ဘဝများစွာ ရှည်ချင်တာလား ? (ဘဝများစွာ ပါ ဘုရား)။

အဲသည် ဘဝပါနေတယ် မပါဘူးလား ? (ပါပါဘုရား)။ အာသဝ လွတ်ပါရဲ့လား ? (မလွတ်ပါဘုရား)၊ မလွတ်ဘူးတဲ့ ဟုတ်လား.... (မလွတ်ပါဘုရား)။

ဗြဟ္မာကြီးဖြစ်ချင်တယ်... တန်ခိုးကြီးတဲ့ ဗြဟ္မာကြီးဖြစ်ချင် တယ်ဆိုတော့ ဖြစ်ချင်တာက ဘယ်သူတုံး တဏှာ....သဘော ကျပလား ? အဲသည် တဏှာက အားထုတ်ပြီး ဈာန် တရား မဂ်တရားတွေ ပွားများလိုက် ဟုတ်လား.... မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ တခုခုပွားများလိုက်၊ တတ်နိုင်ရင် လေးပါး စလုံးဘဲ ပွား၊ ပွားပင်ပွားသော်လဲ သည်အပေါ်မှာ ဗြဟ္မာ

ဖြစ်ချင်တဲ့ ကာမာသဝအုပ်ချုပ်လျှက်ရှိနေတယ်၊ မရှိဘူးလား ရှိသလား ? (ရှိပါဘုရား)။

အဝိဇ္ဇာသဝ ကော.... (ရှိပါဘုရား)၊ ရှိနေတော့ ဗြဟ္မာ တော့ဖြစ်ပါရဲ့ ဘာသစ္စာတုံး ခန္ဓာငါးပါး....(ဒုက္ခသစ္စာပါ ဘုရား)၊ ရှင်းပလား ? (ရှင်းပါဘုရား)။

ဒါဖြင့်....ခင်ဗျားတို့သည် "သာသဝါ ပုညဘာဂိယာ ဥပဓိ ဘူသက္ကာ" ဆိုတဲ့အတိုင်း ဥပဓိပဏ္ဏာသ ပါဠိတော်မှာ ကိုယ် တော်မြတ်ကြီးကိုယ်တိုင် ဟောပြီးသကာလ ထားလေသော ကြောင့်ခင်ဗျားတို့လုပ်နေတဲ့အလုပ်တွေဒုက္ခသစ္စာကြောက်လို့ လုပ်နေတဲ့အလုပ်တွေမဟုတ်ပါဘူး၊ ဒုက္ခသစ္စာကြီးကြီး ကျယ် ကျယ်ရဘို့ အလုပ်တွေလုပ်တာက များနေတယ်(မှန်လှပါ)၊ ဆိုထိုက်—မဆိုထိုက် (ဆိုထိုက်ပါဘုရား)။

တ၂ည့်တော်တို့ ယခုရတဲ့ ဒုက္ခခန္ဓာက လေးတောင် လောက်ရှိတယ်။ နတ်ခန္ဓာကြတော့ သုံးဂါဝုတ်လောက်ရှိတယ် မဟုတ်ပါလား....။ နတ်ခန္ဓာကြတော့ သုံးဂါဝုတ်လောက် ရှိတယ်ဆိုတော့ ဒုက္ခကြီးကြီး မီးများများ အလောင်အကျွမ်း ခံရပါလို၏ သည်အခိပ္ပါယ် မရောက်ဘူး လား(ရောက်ပါတယ် ဘုရား)။

ဗြဟ္မာဆိုတော့ သည်ထက် ကြီးတယ် မကြီးဘူးလား.... (ကြီးပါဘုရား)၊ ကဲ....ဒါဖြင့် ဒကာ ဒကာမတို့ သည်ဒုက္ခ သစ္စာကို မသိလို့တောင်းတာလား.... (မသိလို့ တောင်းပါ ဘုရား)။

ဒါဖြင့် ကုသိုလ်လုပ်သာနေ ကိလေသာပွားတာဘဲ.... မပွားဘူးလား(ပွါးပါဘုရား)၊ ဒါဖြင့် သစ္စာ နာကြည့်စမ်းတဲ့ ခင်ဗျား ယခု ခန္ဓာငါးပါးကြီးရ ထားပါတယ်။

ဒကာ ဒကာမတွေ ခန္ဓာငါးပါး ရထားတယ်.... တဏှာ ယောကျ်ားလက်သမား၏ ဆိုး ဝါးယုတ်မာပြုပြင်ရာကို ရုံခါ မသေ့ အမြဲခံ၍နေရခြင်းသည်လည်းကောင်း ဆိုတော့ တဏှာ သခင် အရှင်ကြီးက ခင်ဗျားတို့ ဝမ်း ထဲ က နေ ပြီး သကာလ တခါထဲ စီမံလိုက်ပါတယ်။

စီမံလိုက်တယ်...ဘယ်ကုန်ကို ရောင်းလိုက်၊ ဘယ်ကုန်ကို ဝယ်လိုက်၊ ဟုတ်လား.... ဘယ်လို ပြောလိုက်၊ ဘယ်လို ဆို လိုက်၊ ဘယ်လိုထိုင်လိုက်၊ ဘယ်လိုသွားလိုက်၊ ဘယ်လို ချိန် လိုက်၊ ဘယ်လိုတွယ်လိုက် ဘယ်သူကခိုင်းတာတုံး (တဏှာက ပါဘုရား)၊ ခန္ဓာငါးပါးက ဘာလုပ်နေကြရတုံး (တဏှာခိုင်း ရာ လိုက်လုပ်နေရပါဘုရား)၊ သဘောကျပလား.... (ကျပါ ဘုရား....)။

တဏှာခိုင်းတဲ့အတိုင်းမှတပါး ဘယ်များ ရှေ့နိုင်သေးတုံး တောင်ဘက်မှာ ဈေးကောင်း တောင်ဘက် သွားရောင်းရ၊ မြောက်ဘက်မှာ ဈေးကောင်း မြောက်ဘက် သွားရောင်းရ၊ အရှေ့ဘက်မှာ ဈေးကောင်းရင်....(အရှေ့ဘက် သွားရောင်းရ ပါဘုရား)၊ အနောက်ဘက်မှာ ဈေးကောင်းရင်....(အနောက် ဘက်မှာ သွားရောင်းရပါဘုရား)။

အောက်မှာ ကောင်းရင်–(အောက်မှာ ရောင်းရပါဘုရား) အထက်ပြည်မှာ ကောင်းရင်.... (အထက်ပြည်မှာ သွားရောင်း ရပါဘုရား)၊ ဒါဖြင့်.... ပြေးရတဲ့ ခန္ဓာငါးပါးကြီးက ဒကာ ဒကာမတို့ မင်းဘေး၊ စိုးဘေး၊ သူခိုးဘေး၊ ဓါးပြဘေးထဲမှာ ပြေးရတာ.... မပြေးရဘူးလား (ပြေးရပါဘုရား)။

ဒါဖြင့် သည်အမေ သည်ခန္ဓာငါးပါးကြီးသည်ကားဆိုလို့ ရှိရင်ဖြင့် သူထွက်တဲ့လမ်းတွေ အန္တရာယ်ကင်း ဘေးရှင်းပါရဲ့ လား ဆိုလို့ရှိရင် ဘယ့်နှယ်ဖြေကြမတုံး (မရှင်းပါဘုရား)၊ မရှင်းပေမဲ့ အတင်းခိုင်းတယ်.... မွေးတနေ့ သေတနေ့ သွား မှာ သွားပါကွ အစရှိသဖြင့် မခိုင်းဘူးလား ခိုင်းသလား.... (ခိုင်းပါဘုရား)။

ဘယ့်နှယ်ကြောင့် သည်လောက်ခိုင်းပါလိမ့်မတုံး ဆိုလို့ ရှိရင် သူအခိုင်းခံဘို့ ဆုတောင်းထားတဲ့ တဏှာယောကျ်ား လက်သမား၏ ဆိုးဝါးယုတ်မာပုံပြင်ရာကို ရုံခါမသွေ့ အမြဲ ခံရမယ်လို့ နဂိုရ်က ဆုတောင်းထားတာကိုး.... (မှန်လှပါ)၊ မပါဘူးလား....(ပါ့ပါတယ်ဘုရား)။

ဖြစ်မှဖြစ်ရလေဗျာ.... ဦးဘကြည်တို့ တောင်းတဲ့ဆုကဖြင့် လွန်သွားပြီထင်တယ် ဟင်... မဆိုထိုက်ဘူးလား (ဆိုထိုက်ပါ ဘုရား)၊ အားလုံး ဒကာ ဒကာမတွေ မဆိုထိုက်ဘူးလား.... (ဆိုထိုက်ပါဘုရား)။

သည်ဘဝဖြင့် အပြေးအလွှား လုပ်စားရတဲ့ ခန္ဓာကိုယ်ကြီး ဖြစ်ရပါလို၏ ဆိုတာ မပါဘူးလား-ပါမလား....(ပါပါတယ် ဘုရား)၊ ပါတယ်တဲ့....။

တဏှာကလဲ သည်ဘဝမှာ ခင်ဗျားတို့ကို အိုလဲမရှောင်ဘူး ပျိုကော....(မရှောင်ပါဘုရား)၊ ပျိုလဲ ခိုင်းတယ်၊ အိုကော (ခိုင်းပါဘုရား)၊ ဟာ ... အသက်ကြီးပြီးနေတာ ဆရာကြီးက သိပ်ခိုင်းတာဘဲလို့များ ခင်ဗျားတို့ ပြန် ပြော ရဲ ရဲ့ လား.... (မပြောရဲပါဘုရား)။

မျက်စိတွေ မှုံကုန်ပြီ ဟာ—မျက်မှန် တပ်လုပ်လက္ခာ....၊ ရိပ်မိပလား ? ဘယ်သူက ခိုင်းတာပါလိမ့် (တဏှာက ခိုင်းတာ ပါဘုရား)။ တဏှာခိုင်းတာတဲ့ နေရဲကြရဲ့လား ?(မနေရဲပါ ဘုရား....)။

ဟုတ်ပြီ ...ခင်ဗျား မျက်မှန်ကောင်းဝယ်ပြီး လုပ်ဖြစ်အောင် လုပ်ပါ့မယ်ဆိုတာ သည်အတိုင်းကော မလိုက်ရဘူးလား ? (လိုက်ရပါတယ်ဘုရား)၊ ဒါဖြင့် သည်ခန္ဓာငါးပါးကြီးသည် အိုခြင်းဆိုးနဲ့တွေ့တော့ကော တဏှာက ချမ်းသာများပေးရဲ့ လား ? (မပေးပါဘုရား)။

နေမကောင်း ထိုင်မသာလို့ နေပါရစေအုံး ဆိုတော့.... ဟ—နေမကောင်းဘူးလို့ ဆင်ခြေလဲနေရင် မင်းမွဲမှာပေါ့.... သွားမြန်မြန် ဟုတ်လား.... ကဗျာကရာ ဆေးထိုး၊ ဆေးဘိုး မနှမြောနဲ့ မင်းမြန်မြန် ပြေးဘို့သာအရေးကြီးတယ် ဆိုပြီး သကာလ သည်ခန္ဓာကြီးသည်ကားဆိုလို့ရှိရင် မပြေးမလွှားဘဲ ကို နေရတဲ့အချိန်များ တွေ့ကြရဲ့လား ?(မတွေ့ပါဘုရား)။ စိတ်အိုက် ကိုယ်ပူနဲ့ကော မနေရဘူးလား ? (နေရပါတယ် ဘုရား)၊ ဘယ်သူစီမံတာတုံး (တဏှာပါဘုရား)။

အင်း....ခင်ဗျားတို့ သည်ဟာကြီးများဗျာ အနှိပ်စက်ခံရတဲ့ ခန္ဓာငါးပါးဆိုတာကော ရိပ်မိကြပလား ? (ရိပ်မိပါဘုရား)၊ ဒါဖြင့် အနှိပ်စက်ခံရတဲ့ ခန္ဓာငါးပါဆိုတော့ သူကို ဘာသစ္စာ ဖွဲ့မယ်(ဒုက္ခသစ္စာပါဘုရား)၊ ဘယ်လိုကြောင့် ဒုက္ခသစ္စာတုံး တဲ့ အနှိပ်စက်ခံရသောကြောင့် ဒုက္ခသစ္စာ....။

မနေ့ကတော့ နှိပ်စက်တတ်သောကြောင့်....(ဒုက္ခသစ္စာပါဘုရား)၊ သည်နေ့တော့ အနှိပ်စက်ခံရသောကြောင့် ဒုက္ခသစ္စာ၊ ကောင်းပြီ သည်လို သိသွားတော့ အော်....သည်ခန္ဓာကြီးဟာ ဒုက္ခသစ္စာဘဲလို့ ခင်ဗျားတို့ သိပါပြီ။

ကိုယ့်ခန္ဓာကို ကြည့်လိုက်လို့ရှိရင်လဲ ဒုက္ခသစ္စာကြီးဘဲ၊ တဏှာကျွန်ကြီးဘဲ မသိသေးဘူးလား ? (သိပါဘုရား)၊ တဏှာကျွန်ကြီးပါတကား ဒကာ ဒကာမတွေ ဟုတ်လား.... တဏှာကျွန်ဖြစ်ပြီးသကာလနေတော့ ဘယ်အချိန်က ကျွန်ဖြစ်ရသတုံး လူလားမြောက်ကထဲက ဆိုပါတော့....။

ဘယ်အချိန်ကစ.... (လူလားမြောက်ကထဲကပါ ဘုရား)။ လူလား မြောက်ကထဲက.... လူလား မြောက်ဆိုတာ မျက်မြင်အပြောပါ၊ လူလား မမြောက်ခင်က ကျွန်ဖြစ်တာ (မှန်လှပါဘုရား)၊ မျိုးရိုးကိုက ကျွန်မျိုးဗျ ရိပ်မိကြပလား.... ? (ရိပ်မိပါဘုရား)။

ဘာတဲ့တုံး....(ကျွန်မျိုးရိုးပါဘုရား)၊ ကျွန်မျိုးရိုးဆိုတော့ အစက ဖြတ်ကနဲ ပဋိသန္ဓေနေတယ် အမိဝမ်းခေါင်းထဲမှာ.... (မှန်လှပါ)၊ သဘောကျပလား ? ပဋိသန္ဓေနေပြီးတော့ ပဋိသန္ဓေက တစ်နှမ်ဆို ချုပ်သွားတာ။

ချုပ်သွားပြီး ဘဝင်က(၁၆)ချက်လာတာ၊ ဘဝင်(၁၆) ချက်ဆိုတာကတော့ သူ တဏှာ လွတ်နေတယ်နော်။ ဘဝင် (၁၆)ပြီးတော့ မနောဒွါရာဝဇ္ဇန်းဆိုတာ လာပြီးတော့.... ဘဝနက္ကိက လောဘဇော ဆိုသူက အရင်ပြေးလာတယ် (မှန်လှပါဘုရား)၊ သဘောကျပလား ?(ကျပါဘုရား)။

ဒါဖြင့် ဘယ်တုံးက စပြီး ခင်ဗျားတို့သည် သူ့အုပ်ချုပ် ရေး ခံခဲ့ရပါသတုံး။ သူနဲ့ ဘယ်တုံးကမျှား ဘယ်အချိန်က စပြီး ပေါင်းသင်းခါ သူ့ကျွန် ဖြစ်ခဲ့ရပါလိမ့်မတုံးဆိုတော့.... သည်ဘဝ ရောက်ခါစက ပါဘဲဗျာလို့သာ ဖြေပေတော့(မှန် လှပါ)၊ ရှင်းပလား ? (ရှင်းပါဘုရား)။

ဘယ်အချိန်က ပါလိမ့်.... (ရောက်ခါစ က ပါ ဘုရား)၊ ရောက်ခါစကနော်.... အခုတော့ ဘယ့်နှယ်တုံး၊ ခုတော့.... ''သားပေါက်''ဖြစ်ပါပေါ့ဘုရား သည်အတိုင်း ဖြေရမယ်ဆိုတဲ့ အခိပ္ပါယ် မရောက်ဘူးလား ? (ရောက်ပါဘုရား)။

ကိုင်း....ဒါဖြင့် ဒကာ ဒကာမတို့ အစက ရောက်ခါစတုံး ကတော့ ကျွန်၊ ယခုအချိန်တော့ သားပေါက်တွေ ဖြစ်ပြီး သကာလနေကြတော့ သည်လိုနဲ့ သေသွားတဲ့ပုဂ္ဂိုလ်ကြတော့ သားပေါက်သေ မသာကြီး ( အ သု ဘ ကြီး) ဖြစ် နေ တာ သဘောကျပလား ? (ကျပါဘုရား)။

ဘာမသာကြီးဖြစ်နေ....(သားပေါက်သေ မသာကြီး ဖြစ် နေပါဘုရား)၊ ခင်ဗျားတို့ ဘိတ်စာ ဘယ်လိုချွဲချွဲ သေပုံက တော့ သည်အတိုင်းဘဲ၊ ဘိတ်စာတွေ ဘာတွေ ချွဲချင်ရာချွဲ

မချုံချင်နေ သေတာကတော့ ဒါဘဲ၊ သဘောကျပလား....? (ကျပါဘုရား)။

ကိုင်း....ဒါဖြင့် ဘာကြောင့် သားပေါက်သေလို့ ပြော သတုံးဆိုရင် ဘုန်းကြီးတို့ ဒကာဒကာမတွေက(လောကုတ္တရာ) အလုပ်လုပ်တာ ကိစ္စပြီးပြီ ချုပ်ပြီးပြီ ဆိုပြီး သေသွားတာ လား ?၊ (လောကီအလုပ်)တန်းလန်းနဲ့ သေသွားတာလား ? (တန်းလန်းနဲ့ သေသွားတာပါဘုရား)။

ဟာ....သားပေါက်မို့ သည်လိုသေတာ ဒုက္ခချုပ်ပြီး သေ ရတာ ဟုတ်ကဲ့လား ?(မဟုတ်ပါဘုရား)၊ ကျွန်စာရင်းကလွတ် ကင်းပြီး သေသွားတာ ဟုတ်ကဲ့လား ? (မဟုတ်ပါဘုရား)၊ ရ စရာကောတန်းလန်းမရှိဘူးလား ?(ရှိပါဘုရား)ပေးစရာကော (တန်းလန်းပါဘုရား)၊ ခင်မင်စရာကော.... (တန်းလန်းရှိပါ ဘုရား)။

ခင်မင်စရာလဲ တန်းလန်းဘဲ၊ အဲသည်တန်းလန်းတွေ အကုန် ဇာတ်သိမ်းပါရဲ့လား(မသိမ်းပါဘုရား)၊ မသိမ်းတော့ သည် ပုဂ္ဂိုလ်သည်ကားဆိုလို့ရှိရင် ကျွန်ကိစ္စသိမ်းပြီး သေတာလား ကျွန်ကိစ္စ တန်းလန်းနဲ့ သေတာလား ? (ကျွန်ကိစ္စ တန်းလန်း နဲ့ သေတာပါဘုရား)။

ဒါဖြင့် သားပေါက်သေ ဆိုးဖြတ်ချက်ချ၊ ရိပ်မိပလား ? ဘာသေဆိုကြ....(သားပေါက်သေပါဘုရား)၊ ဒါနှိမ်ချဟော တယ်လို့ မယူလိုက်ပါနဲ့တဲ့။ သူမချုပ်သေးသ၍ ကာလပတ် လုံး ကျွန်သေနဲ့ သားပေါက်သေဘဲ ရှိတယ်။

သူက တဏှာယောက်ျားလက်သမားကိုဗျ။ သူပြုပြင်သလို ဘယ့်နှယ်တုံး ခန္ဓာငါးပါးက....(ခံနေရပါဘုရား)၊ မခံရဘူးလား ? (ခံရပါဘုရား)၊ ခန္ဓာငါးပါးက ခံနေရတော့ သူဟာ ခင်ဗျားတို့အပေါ်မှာ အရှင်သခင်....(တင်ပါဘုရား)၊ ယခုအခါမှာ အရှင်သခင် သဘောကျပလား ? (ကျပါဘုရား)။

အရှင်သခင်ဆို မျက်နှာမော်ကြည့်ရဲရဲ့လား ? (မကြည့်ရဲပါဘုရား)၊ သွားဆိုရင် ရေကြောင်း, ကုန်းကြောင်း, လေကြောင်း ဘယ့်နှယ်တုံး....(သွားရပါဘုရား)၊ ဟာ—ကျုပ်တို့ရေကြောင်းဖြင့် မသွားချင်ပါဘူး၊ ဟာ—သွားသာ သွား အစရှိသည်နဲ့ ဘယ်သူက ခိုင်းတုံး ? (တဏှာက ခိုင်းတာပါဘုရား)။

တဏှာကခိုင်းတော့ ခင်ဗျားတို့ လမ်းမှာ ဟတ်ထိုးလဲတဲ့ အခါလဲရှိတယ်၊ ရန်သူမျိုးငါးပါးနဲ့ တွေ့ဘဲ့အခါလဲ ရှိတယ်၊ မရှိဘူးလား ?(ရှိပါဘုရား)။ ရွှေမယ် ဒါတွေ—ဒါတွေ ရန်တွေရှိပါတယ်၊ သူခိုးတွေရှိပါတယ်၊ ဓါးပြတွေရှိပါတယ်၊ သူပုန်တွေရှိပါတယ် မသွားပါရစေနဲ့လို့ဆိုလို့ရသလား။အို....မွေးတနေ့ သေတနေ့ကွာ သွားတိုင်းတွေ့တာ မဟုတ်ပါဘူး....၊ သွားမယ် ကျွန်ပိပိကိုဗျ (မှန်လှပါ)၊ မျက်နှာကောင်း ရကြအောင်လို့ လုပ်ကြရတာ ရိုပ်မိကြပလား ?(ရိပ်မိပါဘုရား)။

ဒါဖြင့် ... ခင်ဗျားတို့ ခန္ဓာငါးပါးသည် ဘယ်သူ့စီမံသလို ခံနေရ ...(တဏှာစီမံသလို ခံနေရပါဘုရား)၊ တဏှာစီမံသလို ခံနေရ၊ ကိုင်း... ဒါက အကုသိုလ် စီးပွားဥစ္စာရှာတဲ့ဘက်ထားလိုက်ပါ။

ခင်ဗျားတို့က သတိလေးရ၊ ကုသိုလ်လေးများလဲ လုပ်အုံး မှပေါ့ကွာ....၊ ကိုယ့်ပစ္စည်းလေးများလဲ အသင့်အတင့်ရှိလာပြီ ဟုတ်လား.... သားလေးလဲ ရှင်ပြု၊ သမီးလေးလဲ နားထွင်းဘို့ အချိန်ရောက် တသက်တခါတော့ လုပ်ဘို့သင့်တယ်၊ သည်လို ချည့် မပြီးနိုင်သေး....။

အမယ် အသံကတော့ အတော်ကောင်းတယ် (မှန်လှပါ) အသံကောင်းပေမဲ့ ခင်ဗျားတို့က အလှူစိမ်ပါပြီ ဆိုကထဲက သူကခေါင်းဆောင်လာတာ၊ တဏှာက ခေါင်းဆောင်လာတာ ဟုတ်လား.... ?။

စားစရာမရှိရင် နေပေစေတော့၊ ကုန်ချင်သလောက် ကုန် ကွာဆိုတော့ ဘယ်သူက ခေါင်းဆောင်လာ.... (တဏှာကပါ ဘုရား)၊ လှူမယ်ကြံခါရှိသေး သူက အရင်ပေါ်ပေါက်လာ ရိပ်မိပလား၊ အင်း... သည်အလှူကြီးဖြင့် သာဓုခေါ်စရာ တကွက်မှ မပါဘူး၊ အုပ်ချုပ်ရေးတွေက အတော်ဆိုးနေပြီ၊ မဆိုးဘူးလား—ဆိုးသလား ? (ဆိုးပါဘုရား)။ ရိပ်မိပလား ဒကာ ဒကာမတို့ (ရိပ်မိပါဘုရား)။

သူက အရင် ပေါ်ပေါက်လာတယ်၊ မလာဘူးလား—လာ သလား ? (လာပါဘုရား)၊ ကိုယ့်သားကိုယ် ချီးမြှောက်တာ များကွာ တွန့်တိုနေဘို့ မလိုပါဘူး၊ သားယောကျ်ားဆိုတာ မွေးဖွားခဲ့ပါတယ်၊ ကိုယ့်သားဆိုပြီးတော့ လုပ်တာ ခင်လို့ လုပ်တာလား—မခင်လို့ လုပ်တာလား မေးကြည့်ပါ။ သည်

သားလေး ကြည်ညိုလို့လား၊ သို့မဟုတ် ခင်လို့လား သည် နှစ်ခုသာ မေးကြည့်တော့ ကြည်ညိုလို့မဟုတ်ပါ၊ ကြည်ညို လို့ဖြင့် ဘုန်းကြီးပါဦးမှာပေါ့ဗျာ မဟုတ်ဘူးလား ?။

ယခုတော့ ဘယ်အတွက်ကြောင့်တုံးဆိုတော့ ခင်လို့(မှန် လှပါ)၊ ဒါဖြင့် လူ့မလူရသေးဘူး မောင်မင်းကြီးသားက အရင်ရောက်လာတယ် (မှန်လှပါ)၊ မှန်းကာရှိသေး ငွေကို သေတ္တာထဲက မထုတ်ရသေးဘူး၊ အလုပ်ခွင် ဘာမှ မစီစဉ်ရ သေးခင်က ဘယ်သူ ရောက်လာတုံး ?(တဏှာပါဘုရား)။

ဒါဖြင့် သည်အလှူကို (တဏှာ)စီမံတော့မယ် ရှင်းပလား (ရှင်းပါဘုရား)။ သည်အလှူ ဘယ်သူစီမံမယ်ထင်သတုံး....? (တဏှာ စီမံမှာပါ ဘုရား)၊ ကောင်းစေဘို့ မြင်ကြသေးရဲ့ လား....(မမြင်ပါဘုရား)၊ ဟင်—အာသဝ ဟုတ်ပါရဲ့လား.... (ဟုတ်ပါဘုရား)။

ပုညဘာဂီယာတော့ ကုသိုလ်လုပ်မယ်ဆိုတော့ ပုညဘာဂီ ယာတော့ မဟုတ်ဘူးလား? (ဟုတ်ပါဘုရား)၊ အကျိုးပေး ဥပဓိရှုပ်ကွာတဲ့ သူ ဥပဓိကိုဘဲ အကျိုးပေးရမယ်တဲ့။ ခန္ဓာ ငါးပါးဘဲ ပြန်ရမယ်တဲ့။ သူ သည့်ပြင် ဘာမှ မရနိုင်ဘူးတဲ့။ သည်အလှူ(သူ)အုပ်ချုပ်ပြီးပြီတဲ့ ရှင်းပလား ?(ရှင်းပါဘုရား)

တဏှာကအုပ်ချုပ်တော့ ဒကာ ဒကာမတို့ တဏှာဆိုတာ အုပ်ချုပ်ပေမဲ့လဲ သူသဲ လေးလေးစားစားရှိအောင် အဝိဇ္ဇာ လေးနဲ့တွဲပြီး နှစ်ယောက် အုပ်ချုပ်ရလို့ရှိရင် ပိုကောင်းမှာ ဘဲတဲ့၊ အဖေါ်နဲ့သာ အုပ်ချုပ်ရရင် ရိပ်မိပလား ?။

မဏ္ဍုပ် စန္ဒလီများ စောင့်သလိုပေါ့ဗျာ နှစ်ယောက်အုပ်တာဘဲဆိုတာ ပေါ်ပလား....(ပေါ်ပါဘုရား)၊ ကဲ....ဒါဖြင့် ဒကာ ဒကာမတို့ သည်အလှူကြီး လှူတော့မယ်ဆိုလို့ရှိရင်လဲ အုပ်ချုပ်ရေးဆရာ အဝိဇ္ဇာနဲ့တဏှာ မလာဘူးလား(လာပါတယ်ဘုရား)။

ဒါဖြင့်.... သူတို့သည် တဏှာသံယောဇဉ်တွေ စီမံသလို သည်အလှူကြီးဖြစ်ရတော့မယ် မဟုတ်လား....၊ ဘယ်ဟာလေး အဝယ်ခိုင်းလိုက်၊ သင်္ကန်း အဝယ်ခိုင်းခိုင်း၊ ထီးအဝယ်ခိုင်းခိုင်း၊ ဘိနပ် အဝယ်ခိုင်းခိုင်း၊ သည့်ပြင် ကုတင့်ခြင်ထောင် စသည်တို့ကို အဝယ်ခိုင်းခိုင်း လှူလှူဝယ်ဟော့၊ နောက် လှူလှူ ဖြစ်အောင် သူ့ဒဏ်ချက်ချည့်ဘဲ၊ မပါဘူးလား—ပါသလား (ပါ့ပါဘုရား)။ ဟုတ်လား(မှန်ပါဘုရား)။

ဘာဖြစ်ဖြစ် ပြည့်ပြည့်ဝဝ လိုချင် သောက်ချင် စားချင် ကြတာဘဲကွ.... (မှန်လှပါ)၊ ပြည့်ပြည့်ဝဝ ဆိုကထဲက သူ ခန္ဓာရှိတာ ပါပြီ.... မပါဘူးလား (ပါ့ပါဘုရား)။ ခန္ဓာက စားမယ် သုံးမယ်ဆိုတာကို မပါဘူးလား....(ပါပါဘုရား)။

ဒါဖြင့် ဘယ်သူ့အလှူပါလိမ့်.... (တဏှာအလှူပါဘုရား)၊ တော်တော်ကြာ ခင်ဗျားတို့က အမျှယူကြပါဗျို့လို့ ဆိုချင်သေး၊ အတော်ဆိုးသေးတာ၊ မဆိုးဘူးလား-ဆိုးသလား.... ဦးဘကြည်တို့ ဟင်....(ဆိုးပါတယ်ဘုရား)။

ဘယ်သူ အုပ်ချုပ်တဲ့အလှူ အမျှယူရမှာတုံးဗျ(အဝိဇ္ဇာနဲ့ တဏှာပါဘုရား)၊ အဝိဇ္ဇာနဲ့တဏှာ အုပ်ချုပ်တဲ့အလှူ အမျှ

ယူကြပါဆိုတော့ ဦးဘကြည် ကောင်းသေးရဲ့လား(မကောင်းတော့ပါဘုရား)၊ ကဲ....သစ္စာမသိဘဲနဲ့ အလှူပေးရင် သည်အပေး ပေးရမှာဘဲ၊ သဘောကျပလား(မှန်လှပါ)။

ဟောဒီ ခန္ဓာကြီးမရချင်လို့ ဒုက္ခခံနေရတာကြီးကိုဖြင့် မကြုံချင် မဆုံချင်လို့ သူတို့နှစ်ယောက်က ပြေးတာဗျ၊ နို့ မို့ ရင် ပြေးပါ့မလား ? (မပြေးပါဘုရား)၊ သည်ကြတော့မှ.... သမ္မာဒိဋ္ဌိနဲ့ သမ္မာသကပ္ပ ဝင်လာတာ၊ အကြံကောင်းနဲ့ အမြင်ကောင်းက.... သူတို့နှစ်ခုက အကြံမှန်နဲ့ အမြင်မှန် ဝင်လာတာ ရိပ်မိပလား ? (ရိပ်မိပါဘုရား)။

သူတို့ ဟိုလူနှစ်ယောက်သာ အုပ်ချုပ်လို့ရှိရင် သည်အလှူ မပျောသေးဘူးလား ? (ပျောပါဘုရား)။ နောက် သည်လူနှစ်ယောက်က သည်ခန္ဓာကြီးကို ဒုက္ခသစ္စာ ဟုတ်ပါတယ်.... ဒုက္ခခံနေရတာ။

မနေ့က ဟောတဲ့တရားဆိုတော့ သူက နှိပ်စက်တတ်တဲ့ တရား၊ ယနေ့ ဟောတဲ့တရားဆိုတော့ သူက အနှိပ်စက်ခံရမဲ့ တရား။ အဲသည် နှိပ်စက်တတ်တဲ့တရား၊ နှိပ်စက်အပ်တဲ့တရား၊ တတ်ဆိုတာ သူဘဲ သူက စီးတဲ့ဘက်က။ အပ်ဆိုတာ သူက ခံတာနော် (မှန်လှပါဘုရား)။

ဒါဖြင့်.... နှိပ်စက်အပ် နှိပ်စက်တတ်တဲ့ ဒုက္ခသစ္စာကြီးမှ ကျွတ်လွတ်ချင်လို့ လှူပါတယ်ဆိုတော့ သမ္မာသကပ္ပနဲ့ သမ္မာ ဒိဋ္ဌိ သူတို့ဦးစီးနေတယ် (မှန်လှပါ)။ သဘောကျပလား....? (ကျပါဘုရား)။

သည်လို လုပ်လို့ရှိရင် ခင်ဗျားတို့ ဝင်္ကျတ်ပါတယ်....၊ ခန္ဓာငါးပါး ရအုံးမလား ?(မရပါဘုရား)၊ ဒါ—အရိယာတို့၏ စိတ်တွေက အနာသဝါ လောကုတ္တရာ မဂ္ဂင်ပေါ့ကွာ....။ ဒါ ဒုက္ခသစ္စာသိပြီး လုပ်တာဘဲ သဘောကျပလား ?(မှန်လှပါ)။

အဲသည်တော့.... ခန္ဓာငါးပါး လာအုံးမလား—မလာဘူး လား ?(မလာပါဘုရား)၊ အဲဒါလေးကို ထည့်ပြောချင်တာက ခင်ဗျားတို့ တခြားကြောင့် မဟုတ်ပါဘူး၊ စင်စစ် ဒုက္ခသစ္စာ ဟောဘို့ပါဘဲနော်။ သို့သော်လဲ ခင်ဗျားတို့ အမှားတွေ ကြိုး စားနေကြလို့ ပြင်ကြပါ—ပြင်ကြပါလို့ ဘုန်းကြီးတို့က ဒကာ ရင်း ဒကာမရင်းတွေမို့ ပြင်ပေးရတယ်....၊ အမှား လုပ်နေ တာက မသေချာကြဘူးလား ?(သေချာပါဘုရား)။

သည်အလှူ ဘယ်သူအုပ်သတုံးမေးတော့ ခုနင်ကပြောပြ.... (အဝိဇ္ဇာနဲ့ တဏှာပါဘုရား)၊ ဟင်....အဝိဇ္ဇာနဲ့တဏှာ အုပ် ချုပ်တာ မသေချာဘူးလား ?(သေချာပါဘုရား)၊ မသိလို့ ဟုတ်လား....(မှန်လှပါဘုရား)။

နေ့ခင်ကြီးပွားရေး မမြော်လင့်ဘူးလား-မြော်လင့်သလား (မြော်လင့်ပါဘုရား)၊ ဟင်....ဒါဖြင့် နေ့ခင် ကြီး ပွား ရေး ဆိုတာက သူ့ကြီးပွားရေး ခန္ဓာကြီးပွားရေးဘဲနော်။ ဒါဖြင့် ခန္ဓာကြီးပွားရေးကို ဒုက္ခသစ္စာလို့ သိသလား—မသိဘူးလား (မသိပါဘုရား)၊ မသိတာ အဝိဇ္ဇာ....၊ မသိတာ ဘာဆိုကြ မယ် ?(အဝိဇ္ဇာပါဘုရား)။

မသိတာကြီးကိုဘဲ လိုချင့်ရချင်လို့ရှိရင် သူ့ဘယ့်နှယ် ဆိုကြမယ်....(တဏှာပါဘုရား)၊ ဒါဖြင့် မသိတာက အဝိဇ္ဇာ၊ လိုချင့်ရချင်တာက....(တဏှာ)၊ တဏှာဆိုတော့ နောက်ဘဝ ကိုလဲ ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် သည်သား သည် သမီး သည်မြစ်နဲ့ပေါ့ဗျာ ဟုတ်လား....၊ သည်မိတ်ဆွေသင်္ဂဟ တွေနဲ့ နောက်ဘုရားပွင့်တဲ့အခါမှာ တပြိုင်နက်ထဲ တခါထဲ အကုန် နိဗ္ဗာန်ဝင်ကြရအောင်ဆိုရင်၊ ယခုလဲ အကုန် ဒုက္ခပေး ကြရအောင်သည်အသွားလဲပါသေးတယ်၊မဆိုးဝါးဘူးလား ? (ဆိုးဝါးပါ ဘုရား)။

အဲသည်ကဲ့သို့ ဆိုးဝါးပြီးသကာလနေတော့ ဒကာ ဒကာမ တို့ သစ္စာမသိဘဲနဲ့ လူတဲ့အလူကို ခင်ဗျားတို့ ယခုအချိန်မှာ စဉ်းစား ကောင်းကျိုးပေးမလား—ဆိုးကျိုးပေးမလား ?(ဆိုး ကျိုးပေးမှာပါဘုရား)။

ဆိုးကျိုးပေးတော့ အပါယ်လောက်တော့ မဆိုးဘူးပေါ့ ဗျာ.... (တင်ပါဘုရား)၊ ခန္ဓာဒုက္ခကတော့ မလွတ်တော့ဘူး (မလွတ်ပါဘုရား)၊ အပါယ်ဒုက္ခတော့ မဟောပါဘူး.... လှူ တာ အပါယ်ရောက်တယ်လို့တော့ ဘုန်းကြီးက မဟောပါဘူး သို့သော် ဒုက္ခသစ္စာရလိမ့်မယ်လို့.... အာသဝမလွတ်ဘဲ ဟော သည်၊ အာသဝနှစ်ခု မလွတ်လို့ရှိရင် အုပ်ချုပ်ရေး ခံရလိမ့် မယ်၊ ခင်ဗျားတို့ ဒုက္ခသစ္စာတော့ ကေန်ရမယ်လို့ ဟောလိုက် တယ်၊ မဟောထိုက်ဘူးလား — ဟောထိုက်သလား ? (ဟော ထိုက်ပါဘုရား)။

သည်ဟာ ဘုန်းကြီးက ဟောဒါလားလို့ဆိုတော့ ဥပရိ ပဏ္ဏာသမှာ ဘုရားက ဟောဒါလို့မှတ်ပါ....၊ ဘုန်းကြီးက ကိုယ်စားလုပ်ပြီးတော့ ဟောဒါ ရှင်းပလား....။

သူကတော့ အနာသဝစိတ်....(မှန်လှပါ)၊ အနာသဝစိတ်က သူ့ထဲမှာ အာသဝေါ ပါသေးလား ?(မပါပါဘုရား)၊ သမ္မာသင်္ကပ္ပနဲ့ သမ္မာဒိဋ္ဌိကို အာသဝဆိုလို့ ရရဲ့လား....? (မရပါဘုရား)၊ အနာသဝက.... ဟုတ်လား ?၊ အရိယာတွေ သူ အရိယာတို့ သုံးတဲ့စိတ်မျိုး(မှန်လှပါ)၊ အရိယာစိတ်ဆိုတာ ဖြူစင်တဲ့စိတ် ကိလေသာပါသေးလား ?(မပါပါဘုရား)။

အနာသဝါတဲ့ အရိယာအနာသဝါ၊ လောကုတ္တရာမဂ္ဂင်ပါတဲ့၊ သမ္မာဒိဋ္ဌိနဲ့သမ္မာသင်္ကပ္ပဟာ လောကုတ္တရာမဂ္ဂင် မဖြစ်ဘူးလား ? (ဖြစ်ပါတယ်ဘုရား)၊ ဖြစ်တော့ လောကုတ္တရာ မဂ္ဂင်ဖြစ်တယ်ဆိုတာ တခြားကြောင့် မဟုတ်ဘူး သည်ခန္ဓာ ငါးပါး မလိုချင်လို့၊ ခန္ဓာငါးပါးကြီးကို အနှိပ်စက်ခံရမှာ စိုးလွန်းလို့၊ နှိပ်စက်တာကြီး ဘဝများစွာကြုံခဲ့ရသောကြောင့် ကျုပ်တို့သည်ကား ဆိုလို့ရှိရင် သည်ခန္ဓာငါးပါးကို သည်လို ဉာဏ်နှစ်ခုနဲ့ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပနဲ့ ကြည့်လိုက်တဲ့အခါမှာ နှိပ်စက်တတ် — နှိပ်စက်အပ်တာကို မမြင်ဘူးလား ? (မြင်ပါဘုရား)။

အဲသည် နှိပ်စက်အပ် နှိပ်စက်တတ်တဲ့ ခန္ဓာကြီးမှ လွတ်ရပါလို၏၊ သည်နှစ်ခု သဘောကျပလား ? (ကျပါဘုရား)၊ သည်လိုဆိုရင် ဦးဘအုန်း ဘယ့်နှယ်နေတုံး နောက်ခန္ဓာ ရ မရ (မရပါဘုရား)။

နောက်ခန္ဓာမရတာ ဘာမရတာတုံးမေးရင် ဘယ့်နှယ်ဖြေမယ်(ဒုက္ခသစ္စာ မရတာပါဘုရား)၊ ဒုက္ခသစ္စာ မရတာ... ဒုက္ခသစ္စာမရလို့ရှိရင် တခုခုတော့ ရ ရ တော့မယ်ဆိုတာကတော့ ဘာမှ ငြင်းနေဘို့မလိုဘူး ဟုတ်လား(မှန်ပါဘုရား)။

သုခသစ္စာ ရမယ်ဆိုတော့ ...လုပ်တုံးကထဲက ဘာဝနာမယကသိုလ် သွားဖြစ်တယ်ကွ၊ ရိပ်မိပလား ?၊ ခန္ဓာ ဒုက္ခသစ္စာမြင်တော့ သည်ခန္ဓာ မရချင်ဘူးဆိုကထဲက သည်ခန္ဓာတော့သူ မကြည့်ဘူးလား—ကြည့်မလား ? (ကြည့်ပါမယ်ဘုရား)၊ ကြည့်လို့ရှိရင် ကြည့်တဲ့အချိန်ကို သူ ဘာဆိုမတုံး.... ? (ဘာဝနာမယပါ ဘုရား)၊ ဘာဝနာမယ ရှင်းပလား။

ကြည့်တဲ့အချိန်မှာ သူ ဘာဝနာမယ ဖြစ်ပါသတဲ့။ အဲဒီဘာဝနာမယကြည့်ပြီး လုပ်ဘဲ့အတွက် ဒကာ ဒကာမတို့ ဘယ်လိုဆုံးဖြတ်ချက်ချမတုံး ဒုက္ခကျွတ်တဲ့ဆီကို ရောက်တော့မယ်၊ (ရောက်ပါဘုရား)၊ မရောက်ပေဘူးလား—ရောက်မလား.... ? (ရောက်ပါတယ်ဘုရား)။

ဒါဖြင့် ဒုက္ခကျွတ်နည်း ရပလား ?(ရပါဘုရား)၊ ဒါ ဘာသဘောကျလို့ ရတာတုံးလို့ မေးတဲ့အခါကြတော့ ခုနင်က နှိပ်စက်ဘာက မနေ့ကဟောခဲ့တဲ့ တရား၊ ယနေ့တော့ ဘာတဲ့ (နှိပ်စက်အပ်ဘဲ့ တရားပါဘုရား)။ နှိပ်စက်အပ်တဲ့တရား.... နှိပ်စက်အပ်ဘဲ့တရားဆိုတာ အနှိပ်စက်ခံဘဲ့တရားကို ဆိုလိုက်တယ်....။

ဒါဖြင့် ဒကာဒကာမတို့ သည်ခန္ဓာကြီးဟာ ဘေးတကာ ရန်တကာပါ အလုံးစုံ(၉၆)ပါးသော ရောဂါဝေဒနာနဲ့ တကွ နှစ်ဆယ့်ငါးပါးသောဘေး၊ သုံးဆယ့်နှစ်ပါးသော ကံကြမ္မာ ဟုတ်လား.... အဲသည်ဟာတွေ လာတဲ့အခါ ကြလို့ရှိရင် ရှောင်ပြေးသလား လက်ခံသလား မေးပေတော့....(လက်ခံပါ တယ်ဘုရား)။ ခန္ဓာကြီးကလေ (မှန်လှပါ)၊ ရှောင်မပြေးဘူး နော်....(မပြေးပါဘုရား)။

ဒါဖြင့် သူဟာ အနိပ်စက်ခံတတ်သောကြောင့် ဘာဆိုမယ် (ဒုက္ခသစ္စာပါဘုရား)၊ ဒုက္ခသစ္စာ နှိပ်စက်အပ်သောကြောင့် သူ့ကိုဘာဆိုမယ်?(ဒုက္ခသစ္စာပါဘုရား)၊ ဒုက္ခသစ္စာလို့ မဆို ထိုက်ဘူးလား—ဆိုထိုက်သလား? (ဆိုထိုက်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ရထားတဲ့ ခန္ဓာကြီးဟာ ဘယ်အကျိုးငှါ ရထားတာတုံးလို့ ကိုယ့်ဟာကိုယ် မေးကြည့်(အနှိပ်စက်ခံဘို့ ပါဘုရား)၊ အနှိပ်စက်ခံဘို့ ရထားပါတယ်ဘုရားလို့ ဆိုထိုက် ပလား....(ဆိုထိုက်ပါဘုရား)။

မိုးကောင်းလဲ ခင်ဗျားတို့ အအေးမိတာ ခံရတာ၊ မိုးခေါင် လဲ အပူမိတာ.... (ခံရပါတဲ့ဘုရား)၊ ခန္ဓာခင်တော့ မိုးလဲ အပြစ်မတင်နဲ့နော်။ လေလဲ အပြစ်မတင်နဲ့နော်....၊ နေလဲ အပြစ်မတင်နဲ့ ဆုတောင်းပြည့်တာလို့မှတ်ထား ရိပ်မိပလား (ရိပ်မိပါဘုရား)

ဆုတောင်းပြည့်တာလို့ ဘယ့်နှယ်ကြောင့် မှတ်ရသတုံး လို့ မေးခွန်းထုတ်လို့ရှိရင် သည်ခန္ဓာငါးပါး.... သည်ခန္ဓာ

ငါးပါး အနှိပ်စက်ခံဘို့ ခင်ဗျားတို့က ယူထားတာ၊ အဲသည်တော့ ဘယ်ဟာကို နှိပ်စက်နှိပ်စက် အော် .. ငါ ကံမကောင်း အကြောင်းမသင့်လို့ တွေ့ရတယ်လို့ မျက်ရေခံ မထိုးနဲ့.... (မှန်လှပါဘုရား)။

အင်း....တောင်းထားတဲ့ဆုဟာ အကုန် ပြည့်တာပေါ့လို့ အောက်မေ့....(မှန်လှပါဘုရား)၊ သဘောကျပလား ? (ကျပါဘုရား)၊ ဘာတုံး သည်ဥစ္စာ .. (ဆုတောင်း ပြည့်တာပါဘုရား)၊ နေပူလွန်းမက ပူတော့ကော (ဆုတောင်း ပြည့်တာပါဘုရား)၊ ကာလဝမ်းတွေ တိုက်လာတော့ကော(ဆုတောင်း ပြည့်တာပါဘုရား)။ ဆုတောင်းပြည့်တာဘဲ။

ပလိပ်တွေ ဖြစ်လာတော့ကော (ဆုတောင်း ပြည့်တာပါဘုရား)၊ ဘာပြုလို့တုံး ခံဘက်ကသက်သက်ကိုးဗျ ဟုတ်လား မစုံသေးလို့ရှိရင် သူ အသက် ရှည်သလောက် ရောဂါတွေ အကုန်ယူမှာဘဲ၊ ရောဂါတွေ မကုန်သေးလျှင် အသက်ကလဲ ရှည်တုံးဘဲဆိုတာကော ရိပ်မိကြပလား ?(ရိပ်မိပါဘုရား)။

ဒါဖြင့် သူ ဘာသစ္စာဖွဲ့ကြမယ်.... (ဒုက္ခသစ္စာပါဘုရား)၊ ဘယ်လို ဒုက္ခသစ္စာတုံးဆိုတော့ အနှိပ်စက်ခံထိုက်သောကြောင့် ဒုက္ခသစ္စာ....၊ အ နှိပ် စက် ခံ အပ် သော ကြောင့် ဒုက္ခသစ္စာ သဘောကျပလား(ကျပါဘုရား)။

ဒါဖြင့် သည်ခန္ဓာကြီးသည်ကားဆိုလို့ရှိရင် ဒကာဒကာမတို့ ဘယ်တော့မျှား ကံဇာတာ ကောင်းမှာတုံးလို့ မေးမနေနဲ့တော့ (မှန်လှပါ)၊ ရိပ်မိပလား ? (ရိပ်မိပါဘုရား)။

ဒီကာ ဒကာမတို့ ဘယ်တော့များ ကံဇာတကောင်းမှာ တုံး....(မကောင်းတော့ပါဘုရား)၊ မမေးနဲ့-မမေးနဲ့ ဘယ်သူ့သွားမေးမေး လိမ်ဟော ဟောမည်သာ သူကတော့ဖြင့် ဒါဘဲ ရိပ်မိပလား (ရိပ်မိပါဘုရား)။

သူကတော့ဖြင့် ခံဘက်ကသာ သက်သက်မနေဘူးလား.... (နေပါဘုရား)၊ `ကောင်းပြီ.... ဒါဖြင့် အနှိပ်စက်ခံအပ်သော ကြောင့် သူ့ကို ဘာသစ္စာဆိုမယ်(ဒုက္ခသစ္စာပါဘုရား)၊ မနေ့ကတော့ သူကနှိပ်စက်သောကြောင့် ဒုက္ခသစ္စာကို အကျယ်အဝင့်ဟောခဲ့တယ်(မှန်လှပါဘုရား။)

ဒါကြောင့် ယနေ့တော့ဖြင့် သူ အနှိပ်စက်ခံရသောကြောင့် ဘာဆိုကြမယ် (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာကို ခင်ဗျားတို့ သည်ကနေပြီး ကြည့်ပြီးသကာလ အော်....ခင်ဗျားတို့ ဘယ်သူလာလာ သူ ခံရမှာဘဲ။

နေပူလာလဲ ခံ၊ မိုးရွာလာလဲ ခံ၊ ဝမ်းသွေးလာလဲခံ၊ ကျောက်ပေါက်လဲခံ ဟုတ်ဘူးလား.... မျက်စိနာသဲ (ခံရပါဘုရား)၊ ခံရိဘဲ....၊ ခေါင်းဖြူလဲ ခံရိဘဲ၊ နောက် ကျော ဆွဲကော .... (ခံရိပါဘဲဘုရား)၊ သွက်ချာပါဒဖမ်းကော (ခံရပါဘုရား)၊ သူကို ညွှင်းနှိုင်တာများ ရှိသေးလား....(မရှိပါဘုရား)။ အဲဒါ ဘာဖြစ်ကြတာတုံး (ဆုတောင်းပြည့်တာပါဘုရား)။

ဆုတောင်းပြည့်တာဆိုတော့ ဟုတ်လား.... အနှိပ်စက် ခံတဲ့ ငင်ဂိုရိသဘော ရှိလို့ခံတာ၊ သဘောကျပလား.... (ကျပါဘုရား)။

ပင်ကိုရှိသဘော မရှိလို့ရှိရင် (မခံရပါဘုရား)၊ မခံရဘူး ဆိုသဖြင့် သူသည်ကားဆိုရင် သူ့ဘာသစ္စာဖွဲ့မယ် (ဒုက္ခသစ္စာပါဘုရား)၊ အနှိပ်စက်ခံအပ်တဲ့ ဒုက္ခသစ္စာ (မှန်လှပါ)၊ သည်နေ့ဖြဘာတာကနေ၁်....(မှန်လှပါ)။

အနှိပ်စက်ခံအပ်တဲ့ ဒုက္ခသစ္စာလို့ ခင်ဗျားတို့ သည်ခန္ဓာကြီး မသိသေးဘူးလား (သိပါပြီဘုရား)။

သည်ခန္ဓာကြီး အနှိပ်စက်ခံရတဲ့ ဒုက္ခသစ္စာလို့ သိတာက သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ ဟုတ်လား ? (မှန်လှပါ) သမ္မာသတိ၊ သမ္မာ သမာဓိ၊ ဟုတ်လား၊ သမ္မာဝါယမ မဂ္ဂင်ငါးပါး ပါလို့ အောင်အနှိပ်ခံတတ်ဘဲ့ သဘောပါလားလို့၊သိတာဗျ (မှန်လှပါဘုရား) မဂ်ရလို့သိတာ (မှန်လှပါ)။

လောကီမဂ် ရလို့သိတာ၊ လောကီမဂ်သာ မရသေးရင် ခင်ဗျားတို့ အခု ပြောဒါလေးကို၊ ကျုပ်တို့ နားမလည်ဘူး ပြောမှာ၊ အဲ....သည်ထဲမှာ ကျုပ် နားမလည်ဘူး ဆိုလို့ရှိရင် ဟောသည်မဂ်ကို မရဘူးမှတ်၊ သည်မဂ်ရတဲ့ ပုဂ္ဂိုလ်အပေါင်းဖြင့် (နားလည်ပါဘုရား)။

ဒါဖြင့် သိပ်ပြီးနားလည်မသွားကြနှင့်အုံး၊ ဒါလဲ ပြောရသေးတယ်၊ ကောင်းပြီ ဒါဖြင့် ဟုတ်မဟုတ်ကို ကိုယ်တိုင် စစ်ဆေးလိုက်တဲ့ အခါကြတော့၊ နေပူလို့ ရမ့်ဝေဒနာကို ခန္ဓာကြီးက တွန်းလှန်သလား ?၊ လက်ခံသလား ? မေး (လက်ခံပါဘုရား) အင်း ဒါကြောင့် အနှိပ်စက် ခံရသောကြောင့် ဒုက္ခသစ္စာ ပါလို့ ကိုယ့်ကိုယ် လက်ညှိုးထိုး မမှန်ဘူးလား ? (မှန်လှပါဘုရား)။

မိုးရွာချိန် အအေးပတ်တဲ့အခါ ဟာ....ငါ့မှာ ကမ္မဇ တေဇောတွေ ရှိသားဘဲ–ကမ္မဇ တေဇောတွေ ရှိသားဘဲ ဒါတွေ ပြန်ထုတ်ပါတော့မယ်လို့.... ပြန်ထုတ်လို့ရရဲ့လား? (မရပါဘုရား)၊ မရဘူး.... အအေးဒဏ်ကို အေးအေးသာ ခံလိုက်တော့ မဟုတ်ဘူးလား....(မှန်လှပါဘုရား)။

အဲသည်တော့ ဒကာ ဒကာမတွေ ယခုအခါ စေ်တို့ဘာတို့ ဖြစ်မယ်ဆိုရင်....(အက်တော်မစ်တို့၊ ဟိုက်ဒရိုဂျင်တို့) အနံ့တွေ အသက်တွေ ဟုတ်လား အငွေ့တွေကို သူက ရှောင်ပြေးမှာလား–လက်ခံမှာလား? (လက်ခံမှာပါဘုရား)။

ခင်ဗျားတို့ကလဲ ချစ်လှန်းလို့ သူ့ ထမ်းတော့ ထမ်းပြေးပါတယ်၊ပြေးပေမဲ့လက်ခံထားတဲ့သူ့(ခန္ဓာကြီး)ထမ်းပြေးနေကြရတယ် သဘောကျပလား ?၊ ပြေးတော့ မပြေးဘူးလား.... (ပြေးပါဘုရား)၊ပြေးတယ်ခပ်ဝေးဝေး ပြေးရအောင်ဟေ့ဆိုတော့ဒါ သူ့ထမ်းတော့ပြေးတာဘဲ၊လက်ခံ့လူထမ်းပြေးတာ အပြေးမှန်သလား–အပြေးမှားသလား ?(အပြေးမှားပါတယ် ဘုရား....)။

"ဂ"ကျလိုက်တဲ့ဖြစ်ခြင်း မပြောပါနဲ့တော့ ဦးဘကြည် ရေ့....၊ ဟင်–ရိပ်မိကြပလား? (ရိပ်မိပါဘုရား)၊ သူ ရှိသရွေ့ ကာလပတ်လုံး ဘုရားက ရေထဲပြေးနေလဲ သေမင်းလက် ခံရမှာဘဲ၊ ကုန်းပေါ် ပြေးနေလဲ ခံရမှာဘဲ၊ တောင်ခေါင်းထဲ ဝင်နေကော....(ခံရမှာပါဘုရား)။

ဘာပြုလို့ အနှိပ်စက်ခံထိုက်တဲ့ ဒုက္ခသစ္စာမို့၊ ဒါကြောင့် "နအန္တလိက္ခေ နသမုဒ္ဒမဇ္ဈေ နပဗ္ဗတာနံ ဝိဝရံ ပဝိဿ" ဆိုပြီးသကာလ ဘယ်နေနေ မလွတ်ပါဘူးဗျ၊ သည်ခန္ဓာကြီး ရထားလို့ရှိရင် အနှိပ်စက်ခံရမှာဘဲ သဘောကျပလား....? (ကျပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ သည်ခန္ဓာကြီး ဘာသစ္စာဖွဲ့ကြမယ်.... (ဒုက္ခသစ္စာပါဘုရား)၊ ဘာနဲ့ဖွဲ့တာတုံး ခင်ဗျားတို့ ဟော တဲ့ဉာဏ်အမြင် ရလို့လို့ ပြောလိုက်ပါ၊ ဒါလေးကြောင့် ဒါလေးဝင်လာလို့ ရိပ်မိပလား ?။

ဒါကြီး ဘာသစ္စာတဲ့တုံး ?(ဒုက္ခသစ္စာပါဘုရား)၊ ခင်ဗျား တို့ ခန္ဓာငါးပါး ဘာသစ္စာတဲ့တုံး.... (ဒုက္ခသစ္စာပါဘုရား) အင်း....ဘာနဲ့များ ပြောကြပါလိမ့်(လောကီမဂ်နဲ့ပါဘုရား) လောကီမဂ်ငါးပါး ခင်ဗျားတို့ ပြည့်စုံတဲ့အချိန်မှာ ပြောနိုင် တယ်၊ ဒါလေး အိမ်ရောက်လို့ ပျောက်သွားလို့ရှိရင်တော့ ဖြင့် ငါ့ကိုယ် ငါဟာ ငါ့ဉစ္စာဖြစ်တော့မှာဘဲ၊ ဒါလေး အိမ် ရောက်ရင် ပျောက်အုံးမှာကိုးဗျ။

ဟင်....အိမ်ရောက်လို့ရှိရင် မဂ်ငါးပါးပြေးပြီ.... (ပြေးပါ ဘုရား)၊ မပြေးသေးဘူးလား ?(ပြေးပါဘုရား)၊ အိမ်ရောက် ရင် မဂ်ငါးပါးပြေးမှာဘဲ၊ မဂ်ငါးပါးပြေးလို့ရှိရင် ခုနင်က ဒကာ ဒကာမတို့ ဘာလာမဘုံးဆိုတော့ ... တဏှာတို့ မာနတို့ ဒိဋ္ဌိတို့ ဆိုတာတွေ မလာပေဘူးသား ...? (လာပါဘုရား)၊ မိစ္ဆာမဂ္ဂင် မလာပေဘူးလား....(လာပါဘုရား)။

သမ္မာမဂ္ဂင်ငါးပါးလဲပြေးတော့ မိစ္ဆာမဂ္ဂင်ငါးပါး ရှောက်ထိုက်—မရှောက်ထိုက်?(ရှောက်ထိုက်ပါဘုရား)၊ ဒါ....ရှောက်သည်နဲ့တပြိုင်ထဲ ငါ့ကိုယ် ငါဟာငါ့ဥစ္စာဆိုတာ ဆွဲချလိုက်တာဘဲ၊ သဘောကျပလား .. (ကျပါဘုရား)။

ဒါဖြင့် သစ္စာနာတုံးမှာ ခုနင်က သမ္မာမဂ္ဂင်ငါးပါး လာနေတဲ့အတွက် မိစ္ဆာမဂ္ဂင်ငါးပါး.... မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါယမ၊ မိစ္ဆာသတိ၊ မိစ္ဆာသမာဓိ ဆိုတာကော မရှိဘူးလား—ရှိမလား ? (မရှိပါဘုရား)။ အဲဒါတွေ အခု ရှိမရှိ.... (မရှိပါဘုရား)။

သည်ငါးခု မရှိကထဲက ငါးခုကိလေသာ ခြောက်တယ်ဆိုတာ သေချာတယ်၊ ကိလေသာခြောက်ပုံ ပေါ်ပလား....? (ပေါ်ပါဘုရား)။ ဒါဖြင့်.... ပေဋကောပဒေမှာ ဟောတော်မူတာက ကိလေသာခြောက်ရမယ်လို့ ဟောတော်မူတယ်၊ တရားနာနေတုံးဆိုတော့ ကိလေသာ ခြောက်ကော ခြောက်ကြရဲ့လား ?(ခြောက်ပါဘုရား)၊ မိစ္ဆာမဂ္ဂင်ငါးပါး လာကော လာသေးသလား....?(မလာပါဘုရား)။ လာကို မလာဘူး ဒကာ ဒကာမတို့....။

သည်ငါးပါးကို မလွှတ်ပါဘူး၊ သမ္မာမဂ္ဂင်ငါးပါးရှိနေရင် မိစ္ဆာမဂ္ဂင်ငါးပါးသည် အနား သီသေးသလား ? (မသီပါဘုရား)၊ မသီကထဲက မိစ္ဆာမဂ္ဂင်ငါးပါးတည်းဟူသော တရားသည် ဒကာ ဒကာမတို့ ကိလေသာတွေ ခြောက်ခန်းသွားပြီလို့

ဆိုထိုက်ပလား ? (ဆိုထိုက်ပါဘုရား)၊ ရှင်းကြပလား....(ရှင်းပါဘုရား)....။

ဘယ့်နှယ်ကြောင့် အဲသည် ကိလေသာ ခြောက်ခန်းသွားပါလိမ့်မတုံး ဦးဘကြည် ( သမ္မာ မဂ္ဂင် ငါး ပါး လာလို့ပါဘုရား)၊ သမ္မာမဂ္ဂင်ငါးပါး ဆရာဘုန်းကြီးက မထင် ထင်အောင် ပြောနေတာ ရှင်းကြပလား ?(ရှင်းပါဘုရား)။

ပွားများကြည့်တော့ တကယ်နိုပ်စက်တာကြီးကို ခင်ဗျားတို့က ကိုယ်တိုင်မြင်ရမယ်။ အဲဒီ ကိုယ်တိုင်မြင်ရမှ မဂ္ဂင်ရှစ်ပါးပြည့်မယ်၊ အဲသည်ကြမှ ကိစ္စပြီးပြီလို့ ဆုံးဖြတ်ချက်ချ....(မှန်လှပါဘုရား)၊ ရှင်းကြပလား.... ? (ရှင်းကြပါဘုရား)၊ ကိုင်း....သည်တွင် ယနေ့ တော်ကြစို့....။

(သာဓု....သာဓု....သာဓု....)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း

ကျောင်းထူးတော်ရှင်

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား

ဟောကြားတော်မူသော

# ဒုက္ခသစ္စာ၏ အနက်လေးချက်

တို့တွင်

တတိယမြောက်

## သန္တာပဋ္ဌောအနက် တရားတော်

ဒကာ ဒကာမတွေက မှတ်ထားရမယ်၊ မဂ္ဂသစ္စာမှာ ဘာကိစ္စရှိသလဲ? (ဘာဝေတဗ္ဗကိစ္စပါဘုရား)၊ ဘာဝေတဗ္ဗကိစ္စဆိုတာကို ဘုန်းကြီးတို့ ဒကာ ဒကာမတွေက သည်အတိုင်း ဆုတောင်းနဲ့ နိဗ္ဗာန်ရမယ် မဟုတ်ဘူး၊ ပွားများရမယ်လို့ ဘုရားက သည့်ကိစ္စကို ဖေါ်ပြောတယ်လို့ မှတ်ပါ။

နာရုံနဲ့ မရဘူး၊ ပွားမှရမယ်၊ ပွားဆိုတာ ဘာပါလိမ့်မတုံး လို့ မေးလို့ရှိရင် စကားပြောနေတာ ပွားတာ မဟုတ်ဘူး။ စာကျက်နေတာ ပွားတာ မဟုတ်ဘူး။ စာပြန်နေတာလဲ ပွားတာ မဟုတ်ဘူး။

ဥပမာ သတိပဋ္ဌာန် လေးပါးရှိတယ်၊ အဲဒီ သတိပဋ္ဌာန် လေးပါး တပါးပါးကို စိုက်ပြီးသကာလ ရုပ်ရှုတဲ့ပုဂ္ဂိုလ်က ရုပ်တွေ့ရုံနဲ့ ပွားတယ်မဆိုနဲ့၊ ရုပ်၏အဖြစ်အပျက်တွေ့မှ ပွားတယ်လို့ မှတ်ပါ။

ဝေဒနာရှုတဲ့ ပုဂ္ဂိုလ်က ဝေဒနာတွေ့ရုံနဲ့ ပွားတယ်လို့ မမှတ်နဲ့၊ ဝေဒနာတွေ့ရင် အော်....ဝေဒနာဟာ နာမ်လို့ သိတာဘဲမှတ်။ ဝေဒနာကိုကျော်လွန်ပြီး သူ၏ အဖြစ်အပျက်ကို သိတာမှ ဖေါက်ပြန်တလဲလဲ အာရုံကပြလို့ရှိရင် ရှုတဲ့ဥာဏ်က ရှုဘဲ့မဂ္ဂင်ငါးပါးကအဖန်တလဲလဲပေါ်လာတိုင်း ပေါ်လာတိုင်း ကြည့်နေမှဘာဝေတဗ္ဗကိစ္စလို့မှတ်ပါ၊ပွါးများတယ်လို့မှတ်ပါ။

အဲသည်တော့ ဒကာ ဒကာမတွေ ဆုတောင်းအလုပ်လား၊ နိဗ္ဗာန်ရောက်မှုအလုပ်ဟာ ပွားများမှုအလုပ်လားလို့ ဆုံးဖြတ်ချက်ချကြ။ ပွားများမှု အလုပ်သာလျှင် ကေန်ဟုတ်တာ။

ဒါကြောင့် စာသင်တယ် ဘုန်းကြီးတို့ သင်ခဲ့တာဘဲ....၊ စာချတယ် ဘုန်းကြီးတို့ ချခဲ့တာဘဲ၊ သို့သော် သည်ဟာသည် ကားဆိုလို့ရှိရင် နွားကျောင်းသား အလုပ်လို့ ဘုရားက ဟောတယ်။ နွားမပျောက်အောင် စောင့်ရှောက်ရုံမျှသာ ရှိတယ်လို့ ဟောထားတယ်။

နွားနို့အရသာ နွားရှင်မှပိုင်တယ်လို့ ဆိုဘိသကဲ့သို့ ပွားများမှု အလုပ်လုပ်မှ ကိလေသာသေမှု အလုပ်သည် ကိစ္စပြီးတော့တယ်မှတ်ကြပါ။

စာသင်မှု စာတက်မှု စာချမှု ညာတပရိညာမှု ယခုကဲ့သို့ ဝေဒနာရှုတယ်၊ ဝေဒနာတင် တွေ့နေသေးတယ်ဘုရား....။ ဟာ—မင်းတို့ လိုသေးတယ်၊ ဝေဒနာဆိုတာ ပင်ဂိုရ်သဘော မဟုတ်သေးဘူး၊ ပင် ဂိုရ်သဘောကဖြင့် ဖြစ်ပြီးပျက်တဲ့ သဘောလေးကို ရှုပါလို့ ဘုန်းကြီး များ က ဒကာ ဒကာမတွေကို ဘာရှုရမှာပါလိမ့်(ဖြစ်ပြီးပျက်တဲ့ သဘောလေးပါဘုရား)

ဖြစ်ပြီးပျက်တဲ့သဘောလေးကိုရှုတော့ ဝေဒနာမဟုတ်တော့ဘူး၊ အော်....အနိစ္စပါလား ဟုတ်တယ်'အဘာဝတ္ထေနအနိစ္စံ' ဆိုတဲ့အတိုင်း ဖြစ်ပြီး မရှိတာလေးရှုမှ အနိစ္စဆိုတာ ဒကာ ဒကာမတွေက မှတ်ထားတော့ အနိစ္စဆိုတာက 'သင်္ခါရာ အနိစ္စ'လို့ ဟောထားတဲ့အတွက် ခန္ဓာကိုယ်ထဲမှာ ကြည့်ချင်တာကြည့် ရုပ်လဲမတွေ့ဘူး၊ နာမ်လဲမတွေ့ဘူး၊ ဉာတပရိညာနဲ့တော့ တွေ့လိမ့်မယ်။

တီရဏပရိညာနဲ့ စဉ်းစားလိုက်တဲ့ အခါကြလို့ရှိရင်.... အနိစ္စကြီး တွေ့မှသာလျှင် အော်.... ဒါသည်ကား ဆိုလို့ရှိရင် တီရဏပရိညာ ပွားများမှု ဘာဝေတဗ္ဗကိစ္စကို ရောက်လာပါပေါ့လားလို့ ဒကာ ဒကာမတွေက ဆုံးဖြတ်ချက်ချပါ....(မှန်လှပါဘုရား)။

အဲဒါကြောင့် အိမ်ရောက်ဘဲ့အခါ ဖြစ်စေ၊ တရားနာတဲ့ အခါဖြစ်စေ နားက ဘုန်းကြီးပြောတာ နားထောင်ပါ။ ဉာဏ်က ခန္ဓာလှည့်ထားပါ၊ ရှင်းကြပလား ?(ရှင်းပါဘုရား)။ တရားနာဘဲ့အခါ နားကဘာတဲ့တုံး.... (ဘုန်းကြီးဟောတာ နားထောင်ရပါမယ်ဘုရား)။

ဘုန်းကြီးတရားဟောတာ နားထောင်ပါ၊ ဉာဏ်ကဘယ် လှည့်ထားမယ်(ခန္ဓာကိုလှည့်ထားပါမယ်ဘုရား)ဉာဏ်ခန္ဓာကို လှည့်လိုက်သော့၊ ဘုရားက ဒေ ာ နာညာဏာနုံသရေဏညာဏ် ပေသန္တသာ ဉာနုတ္တရဿဟောတိ ဆိုတော့၊ ဒေသနာဉာဏာ နုံသာရေန၊ ဟောတဲ့ ဒေသနာဉာဏ် အစဉ် ရှောက် သဖြင့် ခင်ဗျားတို့ နားထဲကနေပြီး သကာလ၊ သည်က ဟောလိုက်တဲ့ တရားကို၊ ခင်ဗျားတို့နားထဲက ကြားကြားပြီး သကာလ၊ နား ထဲတွင် ကြားတဲ့ စိတ်ထိတွင် မနေဘဲနှင့် နောက်သော် ဒါဘာဆို နေတာဘာလိမ့်မတုံးဆိုပြီး သကာလ၊ ကြားတဲ့စိတ်ထိနှင့် ကြား ပြီး သကာလ၊ နောက်တော့ အော်....သည်ခန္ဓာ ငါးပါးထဲက ဘယ်ဟာ ဟောနေတာဘဲ၊ ဝေဒနက္ခန္ဓာဟောနေတာဘဲဆိုပြီး ဉာဏ်က ခန္ဓာကိုယ်ထဲမှာ စေခိုင်းပါ(မှန်လှပါဘုရား)။

ညာနုတ္တ သဿဟောတိဆိုသဖြင့်၊ဟောရင်းမတ္တနှင့်ခင်ဗျားတို့ ဉာဏ်တက်လာပြီး သကာလ အော်.... တကိုယ်လုံး သည်ကား ဆိုရင် အဖြစ်အပျက်မှတပါး၊ ဘာမှ မရှိပါလားဆိုပြီး အဖြစ် အပျက်မြင်တဲ့ဉာဏ် တက်လာလိမ့်မယ်၊ နောင် အဖြစ်အပျက် မုန်းတဲ့ဉာဏ် တက်လာလိမ့်မယ်၊ နောက် အဖြစ်အပျက်ကိုပင် ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခ ပါလားလို့ ပိုင်းခြားတဲ့ ဉာဏ် အလိုလို တက်ပြီး၊ဒေသနာဉာဏ် အဆုံမှာသောတာပန်တည်နိုင်တယ်။

အဲသည်တော့.... ရှေးတုန်းက ကျင့်ကြံ အားထုတ် ကျိုးကုတ်လို့ သောတာပန် တည်သွားတာနဲ့ ဒေသနာဉာဏ် အစဉ်ရှောက်ပြီး သက္ကာလ ခန္ဓာဉာဏ် ရောက်ပြီး၊ ခုနင်က ဉာဏ်သုံးဆင့်နဲ့ တက်ပြီးသက္ကာလ သွားလို့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် တည်တာနဲ့ ဘယ်သူက များတုံးလို့ ဆိုတော့ တရားတပွဲတပွဲမှာ ဘယ်လောက် ကျွတ်တယ် ဆိုတဲ့ ဥစ္စာ ဒကာဒကာမတွေ ဒေသနာဉာဏ် အစဉ်ရှောက်ပြီး ခန္ဓာထဲ ဉာဏ်က ပွါးများမှု ရောက်သွားလို့သာ ဦးဘကြည်.... ကျွတ်တန်းဝင်ကြတာပေါ့ဗျာ (မှန်လှပါဘုရား)။

အဲသည်တော့ တရားနာရင်းလို့ ဓမ္မပဒက ရေးငြားသော်လဲ ခင်ဗျားတို့က တရားနာရင် ဘယ်လိုနာလို့ ဆိုတာကိုလဲ ကိုယ်က ဝေဘန်မှတ်သားပါ (မှန်လှပါဘုရား)၊ သဘောကျပလား ?(ကျပါဘုရား)။

တရားနာရင် ဒေသနာဉာဏ် အစဉ် ရှောက်ပြီးသက္ကာလ ကိုယ့်ဉာဏ်ကို ခန္ဓာပေါ်မှာ "ညာဏံ ပေသေန္တဿ" ဆိုသဖြင့် ညာဏံ၊ ဉာဏ်ကို။ ပေသေန္တဿ၊ ခန္ဓာကိုယ်ပေါ်၌ ခိုင်းပါ၊ နားကြားတာကို ကိုယ့်ဉာဏ်နဲ့ ခန္ဓာကိုယ်ပေါ်မှာ ဉာဏ်ကို ခိုင်းကြည့်လို့ ရှိရင်ဖြင့် "ဉာနုပ္ပာရဿဟောတိ" လို့ ဆိုသဖြင့် ထက်တဲ့ဉာဏ်ကြီး ပေါ်လာလိမ့်မယ်။

သည်ထက်တဲ့ ဉာဏ်သည်ကား ဆိုလို့ရှိရင်ဖြင့် သစ္စာသိတဲ့ ဉာဏ်ဖြစ်ပြီး သစ္စာကြဲအောင် တက်လို့ရှိရင်လဲ သည်ပွဲတွင်

ကိစ္စပြီးမယ်လို့မှတ်၊ ဘာမှ ခင်ဗျားတို့ အားငယ်စရာ မလိုဘူး ဒါတော့... ဦးဘကြည်တို့ ဘုရားလက်ထက်က ဟောနည်းကို ဟောပြောပါတယ် (မှန်လှပါဘုရား)။

ဆင်ခြေတော့မလဲကြန့် အော်.... သူတို့က ရွာ မီးခဲကြီး သဲ၊ ပြာ၊ ဖုံးနေတာလို့ သည်လိုမယူနဲ့ သည်လို ယူလိုက်တော့ ခင်ဗျားတို့က အားပျော့ နေတယ်။ သည်လို ယူလိုက်တော့ ဦးဘကြည်တို့ အားပျော့ မသွားဘူးလား ?(ပျော့ပါဘုရား)၊ သူတို့က ကျက်ပြီးသားတွေ အသာကလေး ကိစ္စ ပြီးပေးရုံ ကျန်တော့တယ်....၊ တို့က ယခုမှ စပျိုးတယ်လို့ သည်လို မယူလိုက်ပါနဲ့။

ခင်ဗျားတို့ ဂင်္ဂါဝါလု သဲစုမက ဘုရားတွေ တွေ့ပြီးသား ကြုံပြီးသား လူတွေလို့ ဆုံးဖြတ်ချက်ချ၊ မတွေ့မကြုံရင် သည် ဘာ လူကိုမဖြစ်ဘူး၊ ဖြစ်ပါ့မလား ? (မဖြစ်ပါဘုရား)။

လူ ဖြစ်ပြန်တော့ ပဲ ဘာသာအမျိုးမျိုး ရှိဘဲ့အနက်က ဗုဒ္ဓဘာသာဖြစ်ဖို့ အတော်ခဲရင်းတယ်။ ဗုဒ္ဓဘာသာ ဖြစ်ပြန်လဲ တောသူ တောင်သားတွေလို တောဘုန်းကြီး တောဆရာနဲ့ လှူဒါန်းပေးကမ်းပြီးရင် နိဗ္ဗာန်ရောက်တာဘဲကွာ၊ ဒို့လဲသည်လို လာခဲ့တယ်၊ ရှေးဘုန်းကြီးတွေလဲ သည်လို သွားတာဘဲဆိုတဲ့ သည်တရားမျိုးကော ဟုတ်ရဲ့လား ?(မဟုတ်ပါဘုရား)။

မဟုတ်ဘူးဆိုတော့ ခင်ဗျားတို့ တရေးထူးနဲ့လဲ တွေ့ရတာ ထောက်ကြည့်တော့ဖြင့် ဒို့ပါရမီဟာ ရင့်ပုလား — နုသေး

သလားဆိုတာ သည်ဆရာကောင်း သွားကောင်းနဲ့ တွေ့လို့ ကြုံလို့၊ ကလျာဏမိတ္တ သစ္စာဟောတတ်တဲ့ဆရာနဲ့ တွေ့ကထဲ ကိုက ခင်ဗျားတို့ဟာ ပွင့်ရှိဘဲ ကျန်တော့တယ်ဆိုတာ ကိုယ့် ကိုယ်ကို ဆုံးဖြတ်ချက်ချ (မှန်လှပါဘုရား)။ ရှင်းကြပလား.... (ရှင်းပါဘုရား)။

အားလုံး ဒကာ ဒကာမတွေ သဘောကျပလား? (ကျပါ ဘုရား)၊ ကိုယ့်ပါရမီကော နုသေးသလားလို့ မတွေးပါနဲ့ လူ့ဘဝ ရခဲတယ်—မရခဲတယ်ဆိုတာ ဆရာတိုင်း ခင်ဗျားတို့ ဟောသွားပြီ။ လူ့ပြည် အပ်တစင်း ဗြဟ္မာ့ပြည် အပ်တစင်း ဆိုတာ ဟောပြီးသွားပြီ။

လူ့ဘဝရပြန်တော့ "သဒ္ဓါသမ္ပတ္တိဘာဝေါ ဒုလ္လဘော" ရပါရဲ့လားလို့ မေးကြည့်ကြပါအုံး၊ "သဒ္ဓါသမ္ပတ္တိ"မရှိရင် သည်ဘုန်းကြီး ရှိတဲ့ဆီကို ဒကာဒကာမတွေ တယောက်မှ မရောက်ဘူး....(မှန်လှပါ)၊ ရောက်ပါ့မလား ? (မရောက်ပါ ဘုရား)၊ မရောက်နိုင်ဘူးတဲ့....။

မနုဿတ္တဘာဝေါ ဒုလ္လဘော၊ ပဗ္ဗဇ္ဇိတဘာဝေါ ဒုလ္လဘော သဒ္ဓါသမ္ပတ္တိဘာဝေါ ဒုလ္လဘော၊ သဒ္ဓမ္မသာဝနံ အတိဒုလ္လဘံ ဆိုတာလဲ သစ္စာတရားကို နာနေရတဲ့အတွက် အတိဒုလ္လဘံ အလွန်ရခဲရဘဲ့ အထဲလဲ ခင်ဗျားတို့ ပါနေပြီလား—မပါသေး ဘူးလား ?(ပါနေပါပြီဘုရား)။

ဒါဖြင့်.... ခင်ဗျားတို့ကိစ္စ ယခု ဘုန်းကြီးသင်တဲ့အတိုင်း ပွားရုံကိစ္စလေးတခုဘဲ ကျန်တော့တယ်၊ ကျန်တာတွေ စုံပြီး

သား၊ နောက်ဘာမှ သံသယမရှိနဲ့ ကျွတ်ထိုက်လို့တွေ့တယ်လို့ အားလုံးဆုံးဖြတ်ချက်ချကြပါ၊ ဘာမှ အားငယ်နေစရာမလိုဘူးတဲ့ ဒုလ္လဘတရားငါးပါး မေးချင်တာနဲ့မေး ခင်ဗျားတို့ အကုန်စုံနေကြပြီ၊ မစုံဘူးလား ?(စုံပါဘုရား)။

ပစ္စေကဗုဒ္ဓါ ဒုလ္လဘောဆိုတာ ခင်ဗျားတို့ ပစ္စေကဗုဒ္ဓါဆိုတာက သင်္ကန်းဝတ်တာကို ပစ္စေကဗုဒ္ဓါဆိုတာ မဟုတ်ပါဘူး၊ "သံသာရဘယ ဣက္ခိတ္တု" သံသရာဘေးကြောက်ပြီးတော့ ဒီအလုပ်လုပ်တဲ့လူဟာ ဘိက္ခုကြီးဘဲ....(မှန်လှပါ)၊ ရှင်းပလား ? (ရှင်းပါဘုရား)။

သည်တော့ ပစ္စေကဗုဒ္ဓါ ဒုလ္လဘကလဲ သံသရာဘေးကြောက်တဲ့ပုဂ္ဂိုလ်ဟာ ပစ္စေကဗုဒ္ဓါ ဒုလ္လဘထဲ အပါအဝင်ဖြစ်နေတော့ ဒကာ ဒကာမတွေ သည်နေ့ည အားပေးတယ်လို့ သည်လိုမယူနဲ့ ဖြစ်ထိုက်ပြီလို့ ဆုံးဖြတ်ချက်ချ(မှန်လှပါ)။

အားပေးတယ်လို့ ယူလို့ရှိရင်ဖြင့် အော်.... ဘုန်းကြီးကအပြောကောင်းလို့၊ ဒကာ ဒကာမတွေ စိတ်ဓါတ်တက်ကြအောင်လို့ ပြောတယ်လို့ သည်လို မယူပါနဲ့.... (မှန်လှပါဘုရား)။

အားပေးတယ်လို့ ယူလို့ရှိရင်ဖြင့် မှားလိမ့်မယ်၊ ကိုယ့်အဖြစ်ကို ကိုယ်ဝေဘန်ကြည့်လို့ ယခုပြောတဲ့အတိုင်း အင်္ဂါညီ–မညီသာ အကဲခတ်ပါ၊ ကိုထွန်းဦး ဘယ့်နှယ် ဆုံးဖြတ်မလဲ....(မှန်လှပါဘုရား)၊ အင်မတန် ညီပြီးသကာလနေတော့ ကျုပ်တို့သည် ရှေးစကားတွေ နားထောင်ခဲ့နေပါနဲ့....။

ပါရမီဆိုတာ တစ,တစ ဖြည့်ရမယ်၊ ဒါကို နားမယောင်နဲ့ ဒါ—နားမယောင်ဘို့ မနေ့က ဦးဘကြည်တို့ ထိမ်းပေးလိုက်ပြီ၊ သစ္စာနာရင် ကိလေသာခြောက်တယ်၊ သစ္စာပွားရင် ကိလေသာခန်းတယ်.... (မှန်လှပါဘုရား)၊ ဒါဖြင့် ကိုယ်တိုင် တွေ့လား—သူများ ပြောသံကြားလား ?(ကိုယ်တိုင်တွေ့ပါဘုရား)၊

အဲသည်တော့ ကိုယ့်ပါရမီ ဘယ်လိုတိုးလို့ မေးနေစရာ လိုသေးသလား ? (မလိုပါဘုရား)၊ မလိုတော့ သည်ဒကာ ဒကာမတွေ အော် ...နှေးနှေးကို ကျမ်းမစုံဘဲနဲ့ ကိုယ်တိုင် အလုပ်လဲ မလုပ်ဘဲနဲ့ သည်လိုပုဂ္ဂိုလ်တွေ ပြောတာကို.... ခင်ဗျားတို့က နားဆိုးနေရင်တော့ မှားလိမ့်မယ် (မှန်လှပါ)၊ မမှားပေဘူးလား ? (မှားပါဘုရား)။ မှားမယ်တဲ့....။

ကိုယ်အင်္ဂါကို စစ်ကြည့်လိုက်တော့ ဆရာသွားကိုယ်တိုင်ဘဲ ယခုစစ်ကြည့်လိုက်တော့ ဒုလ္လဘတရားငါးပါးမှာ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော ရောက်ပါ့မလား ? ဗုဒ္ဓုပ္ပါဒဆိုတာ ငါဘုရားမရှိက ငါဘုရား၏ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် မင်းတို့ဆရာတွေ ရှိရစ်လိမ့်မယ်ဆိုတော့ ဘုရားပရိနိဗ္ဗာန် မစံသေးဘူး၊ စံပလား ? (မစံသေးပါဘုရား)။

တခါ သည်အခါမှာ သောတာပန်,သကဒါဂါမ်,အနာဂါမ် မဖြစ်တော့ဘူးဆိုပြန်တော့လဲ သုဘရဟန်း ဘုရားဟောတာလဲ အထင်အရှား "ဣမေခေါ သုဘဒ ဘိက္ခူ သမာ ဝိဟရေယျုံ အသုညောလောကော အရဟန္တေဟိ အဿ"

သည့်လိုသာ သစ္စာတရားဟောလို့ သစ္စာတရား ကျင့်ကြလို့ ရှိရင် ဘယ်အခါမှ ရဟန္တာမဆိတ်သုဉ်းဘူး အမိန့်တော် မမှတ်ခဲ့ဘူးလား? (မှတ်ခဲ့ပါဘုရား)။

အဲဒါတွေ ထောက်ကြည့်တော့ သည် ဒကာ ဒကာမတွေ ဘုန်းကြီးက အားပေးတာလား? ဘုရားက နှစ်ခွန်းသော စကားကို မပြောဘဲနဲ့ တခွန်းနဲ့အမှန်ပြောတတ်တဲ့ ပုဂ္ဂိုလ်က ပြောတာလားဆိုတာ ခင်ဗျားတို့ ဝေဘန်ကြည့်....(တခွန်းနဲ့ အမှန်ပြောတတ်ဘဲ့ပုဂ္ဂိုလ်က ပြောတာပါဘုရား)။

ဘုရား နှစ်ခွန်းမပြောဘူး (မှန်လှပါ)၊ တခွန်းနဲ့ ဘာသုံး လေ့ရှိ... (အမှန်ပြောလေ့ ရှိပါတယ် ဘုရား)။ အဲသည် စကားတွေကို ယခု ဘုန်းကြီးက အကိုးအကားထား ဟော တော့ ငါတို့ကား ဖျင်းလိုက်တာနဲ့ ပျင်းလိုက်တာနဲ့ စာ တလုံး ပေတလုံးမတတ်ဘဲနဲ့ ငါတော့ တရားနာပြီးသကာလ နေရတယ်လို့ မဆိုလိုက်နဲ့.... (မှန်လှပါ)၊ ရှင်းပလား....? (ရှင်းပါဘုရား)။

မဆိုလိုက်ပါနဲ့တဲ့.... ကလျာဏမိတ္တနဲ့တွေ့ရင် သောတာ ပန်တည်ရမယ်ဆိုတာ ပါပြီးသား.... (ပါပြီးသားပါဘုရား)။ သဘောကျပလား?(ကျပါဘုရား)၊ တခါ စာတလုံးပေတလုံး မတတ်ဘဲနဲ့ ခင်ဗျားတို့က စာခေတ်မှာမွေးလာတော့ စာ အားကိုးတာပေါ့ ဦးဘကြည်ရ...(မှန်လှပါဘုရား)။

စာဟာ ဘုရားရှိတုံးက ပေါ်ပလား ?၊ ဘုရား ပရိနိဗ္ဗာန် စံပြီး ခုနစ်ရက်ကျော်မှ သံဃာယနာတင်မှ စာပေါ်သလားလို့

ခင်ဗျားတို့ အဲဒီနှစ်ခုဘဲ ဝေဘန်ကြည့် ဦးဘကြည်ရ (မှန်လှ ပါဘုရား)၊ ဘုရားရှိတုံးက စာတွေ သံဃာယနာ တင်ပလား? ဘုရားမရှိမှ တင်သလား? ဘုရားမရှိမှ....(တင်ပါဘုရား) စာ တွေ သံဃာယနာတင်တယ်ဆိုတာ စာရှိတာကိုးဗျ(မှန်လှပါ) ရိပ်မိပလား ?(ရိပ်မိပါဘုရား)။

ဒါဖြင့် ဘုရားပွင့်တာနဲ့ စာရှိတာနဲ့ ဘယ်သူကရှေး.... ဘယ်သူက နောက်တုံး ? (ဘုရားပွင့်တာကရှေး၊ စာရှိတာက နောက်ပါဘုရား)၊ စာရှိတာက နောက်.... ဒါဖြင့် ဘုရားပွင့် ပြီး ဘုရားဖြစ်တုံးက ကျွတ်တန်းဝင်တဲ့ ပုဂ္ဂိုလ်တွေ စာမပါ ဘူး (မပါပါဘုရား)၊ ပါကြရဲ့လား ?(မပါပါဘုရား)။

သေသေချာချာဝေဘန်ပါ.... (မှန်လှပါဘုရား)၊ စာက ဟိုနေရာတပုဒ် သည်နေရာတပုဒ် အရှင်အာနန္ဒာက ရှိတယ်၊ အရှင် အာနန္ဒာစုထားခဲ့တော့ နောက် ရဟန်းကြီးတွေ၊ ဘာ ကြီးတွေက ဘုရားမရှိတော့ တော်အောင် ရော်ဒေ ်နေ.... နေချင်သလိုနေ စားချင်သလိုစား ဝါးချင်သလိုဝါး ဟို့လွယ် တာဘဲ။

ဘုရားမရှိတော့ ဟိုဟာ မတော်ဘူး သည်ဟာ တော်တယ် လို့၊ ဟိုနေရာပညတ် သည်နေရာပညတ်နဲ့ သည်တော့မှ စာ တွေ စုဖြစ်ဘို့လိုတယ်ဆိုပြီး စာတွေပြန်စုတာ စာစုတဲ့အချိန် ကြတော့ ဘုရားပရိနိဗ္ဗာန်စံပြီးပြီ သင်္ဂြိုဟ်ပြီးပြီ....(မှန်လှပါ) ရိပ်မိပလား ? (ရိပ်မိပါဘုရား)။

ဒါဖြင့် ဘုရားလက်ထက်က စာမတတ်တဲ့ပုဂ္ဂိုလ်တွေ သည် ကျမ်းစုံမတတ်ဘဲ ပုဂ္ဂိုလ်တွေ ဒေသနာဉာဏ်နဲ့ သွားလေရဲ့ လို့ ဆုံးဖြတ်ချက်ချ (မှန်လှပါဘုရား)၊ ချနိုင်ပါ့မလား....? (ချနိုင်ပါဘုရား)။

တရားကို မဟောသေးဘူး၊ ဒကာ ဒကာမတွေ တရား မဟောသေးဘူးတဲ့.... အားက နဂိုရ်ထဲက ယုတ်နေတဲ့ပုဂ္ဂိုလ် ရှိသေးတယ် (မှန်လှပါဘုရား)၊ မင်းကြီး ဦးကောင်းတို့ အင်္ဂလန်ဘက်က လက်နက်တွေထုတ်ပြတာနဲ့ သည်မှာမတိုက်နဲ့ တော့ ဆိုလိုက်တာ စိတ်အား နှိမ့်ပြစ်လိုက်တာ....။

စိတ်အား နှိမ့်ပြစ်လိုက်တော့.... ဘာမှ သေနတ်တချက်မှ မဖေါက်ရဘဲနဲ့ တိုင်းပြည်ကြီးပါ အပ်လိုက်ရတယ်ဆိုတော့ ခင်ဗျားတို့ လက်နက်ခြင်း ပြိုင်ရလို့လား? စိတ်အားနှိမ့်သွား လို့လား? (စိတ်အား နှိမ့်သွားလို့ပါဘုရား)။

အဲဒါ စိတ်အားနှိမ့်သွားတဲ့ အခိပ္ပါယ်ဟာ အင်မတန် ကြောက်စရာ မကောင်းဘူးလား....? (ကောင်းပါဘုရား)၊ အဲလည်တော့ ရှေးက ကြားထားတာတွေက သာမည ဆရာ တွေ သာမညပုဂ္ဂိုလ်တွေက ဟော့မင်းတို့က လူဝတ်ကြောင်နဲ့ ဒို့သင်္ကန်းကြီးဝတ်နေတာ နှစ်ပေါင်း လေးငါးခြောက်ဆယ် ရှိတာတောင် လုပ်ရတုံးရှိသေး၊ ဘာမှမမြင်သေးဘူး ပြော ချင်လဲပြောမယ် ဦးဘကြည်....(ပြောပါဘုရား)။ မပြောပေ ဘူးလား? (ပြောပါဘုရား)။

ထိုကဲ့သို့ ပြောတာတွေ ထောက်လိုက်ပြန်လို့ရှိရင် အင်း.... သည် ကိုယ် တော် ကြီး တွေ အရိုးကြေကြေ အရေခြောက်ခြောက် သားတွေ မယားတွေ စွန့်ပြီးသကာလ သင်္ကန်းဝတ်လာတာတောင်မှ သည်အခြေအနေ ရောက်သေးတယ်။

ဒို့ဖြင့် ဝေးပါသေးကွာ.... သည်လိုဆိုတော့ စိတ်က ငယ်သွားတယ်၊ မငယ်ဘူးလား? (ငယ်ပါဘုရား)၊ စိတ်ငယ်သွားတာ သေချာပလား? (သေချာပါဘုရား)။

ဒါဖြင့် သည်လိုစိတ်ငယ်တဲ့ သတ္တဝါဟာ မင်းကြီး ဦးကောင်းတိုင်းပြည်အပ်လိုက်တာနဲ့ အတူတူဘဲ(မှန်လှပါ)၊ ကိုယ်ဘဝအရှုံးခံလိုက်တာ(မှန်လှပါ)၊ ဒကာ ဒကာမတွေ နားလည်ကြပလား? (နားလည်ပါဘုရား)။

ခင်ဗျားတို့က သာဆိုးသေး....၊ ယော ကျ်ား တွေ တောင်တဖါးဖါးနဲ့ အတော်လုပ်ရမှာ မိန်းမဆိုတာက အင်း.... အသွားအလာနဲ့ ဗဟုသုတကနဲ့ အိမ်တွင်းမှုနဲ့ ကိစ္စပြီးပြီးဒို့သာခက်မှာဘဲလို့ သူတို့ကလဲ ပိုစိတ်ငယ်လိုက်သေးတယ်.... (မှန်လှပါဘုရား)၊ မငယ်ဘူးလား?(ငယ်ပါဘုရား)။

အဲဒါတွေ.... စိတ်ငယ်မှုကြောင့်ဘဲ၊ ဒကာ ဒကာမတွေ ခင်ဗျားတို့ လိုရင်းအလုပ်ဟာ လက်ကိုင်မရခင်က နောက်ဆုတ်ဆုတ်သွားတယ် (မှန်လှပါဘုရား)၊ မဆုတ်ဘူးလား? (ဆုတ်ပါဘုရား)။

ဒါတွေကိုလဲ ဘုန်းကြီးကမပြောလို့ ပညာရှိတဲ့ပုဂ္ဂိုလ်၊ ဗဟုသုတရှိတဲ့ပုဂ္ဂိုလ်၊ ဝေဘန်တတ်တဲ့ပုဂ္ဂိုလ်က မဝေဘန်နဲ့ သွားမယ်ဆိုက ခင်ဗျားတို့ အင်မတန် အားငယ်တာ (မှန်လှပါဘုရား)၊ မငယ်ပေဘူးလား ? (ငယ်ပါဘုရား)။ သည်လိုငယ်နေတဲ့ပုဂ္ဂိုလ်တွေ ကိုထွန်းဦး လျှောက်ရှာ အများကြီးတွေ့တယ် (တွေ့ပါဘုရား)၊ ဦးဘကြည် မတွေ့ပေဘူးလား .... ? (တွေ့ပါတယ်ဘုရား)။

ကျုပ်တို့ဆရာ ကျုပ်တို့ကိုးကွယ်ပြီး ကျောင်းထိုင်နေတာ ကြာလှပြီ ...၊ သည်ဆရာကြီးတောင်မှ ရဟန္တာမဖြစ်သေးဘူး ဆိုပြီးသကာလ ကျုပ်တို့ပုဂ္ဂိုလ် ပါမွှားဆိုရင်တော့ ခက်ရချေ ဆိုပြီး နောက်ဆုတ်နေတယ် .... (မှန်ပါဘုရား)၊ မဆုတ်ပေဘူးလား ? (ဆုတ်ပါတယ်ဘုရား)။

အဲဒါတွေက ဒကာ ဒကာမတို့ အကြောင်းကလဲ သည်ဆရာက လုံလောက်အောင် မပြနိုင်၊ မပြနိုင်တော့ ငါတောင်မှ မဖြစ်သေးဘူးဆိုတော့ အကြောင်းကလဲ လုံလောက်အောင် မပြနိုင်တဲ့အထဲမှာ ငါတောင်မှ မဖြစ်သေးဘူးဆိုတော့ ငါ့မှီတာတွေ အဝေးကြီး ကျန်သေးတယ်ဆိုတာကိုး၊ ကိုယ့်စိတ်ကိုဘဲ နောက်ဆုတ်သွားမှာကိုး (မှန်လှပါဘုရား)၊ မဆုတ်ပေဘူးလား ဒကာ ဒကာမတို့ (ဆုတ်ပါဘုရား)။

ဒါဖြင့် .... ယနေ့ညမှာ တရားမဟောမီ ရှေးအဘိုကာလ၌ အားတက်လုံးကို ပြောတာလား ? ခင်ဗျားတို့ကို မေးရလိမ့်မယ်နော်(မှန်လှပါဘုရား)၊ အားတက်လုံး ပြောတာလား ? မဟုတ်ပါဘူး၊ အားတက်လုံးကိုပြောတာ မဟုတ်ပါဘူး။

ခင်ဗျားတို့ လုပ်လို့ရှိရင် ခင်ဗျားတို့ပါရမီ ခင်ဗျားမရေ တွက်တတ်လို့ ပါရမီပြည့်ပြီးသားလို့ ဘုန်းကြီးကထောက်ခံ ချက်ပေးတာ (မှန်လှပါဘုရား)၊ သဘောကျပလား ?(ကျပါ ဘုရား....)။

နိဗ္ဗာန် မရောက်တာကလဲ ဘယ်လိုကြောင့် မရောက်တယ် ဆိုတာ ခင်ဗျားတို့ သစ္စာဆိုက်တဲ့တရား မနာဘူးခဲ့ကြလို့ဘဲ၊ ဟုတ်လား၊သည်လိုသစ္စာတရားနဲ့ သည်လိုဥစ္စာကမနာရတော့ ကွယ်ခဲ့ပြီ၊ ရိပ်မိပလား ? (ရိပ်မိပါဘုရား)၊ ကွယ်ခဲ့လို့မရောက် တာ (မှန်လှပါ)၊ ရှင်းကြပလား ? (ရှင်းပါဘုရား)။

ဒါဖြင့် အားငယ်စရာများ ပါကြရဲ့လား(မပါပါဘုရား)၊ အဲ....ပျင်းတဲ့ပုဂ္ဂိုလ်နဲ့ ဖျင်းတဲ့ပုဂ္ဂိုလ်ဆိုတော့ မဂ်ဖိုလ်ရခြင်း အကြောင်းမှာ.... ပါပမိတ္တနဲ့ ပေါင်းလို့လဲ မကောင်းတဲ့ ပုဂ္ဂိုလ်နဲ့ပေါင်းလို့ မဂ်ဖိုလ်ရခြင်းမှ ဆုတ်ယုတ်တာ တမျိုး၊ ပျင်းမှု ဖျင်းမှုကြောင့် ဆုတ်ယုတ်တာတမျိုး ပါရမီပါပြီးသား ရှိငြားသော်လည်း.... ရှင်းပလား ? (ရှင်းပါဘုရား)။

မကောင်းတဲ့ ပုဂ္ဂိုလ်နဲ့ပေါင်းပြီး ဆုတ်ယုတ်တာ တမျိုး နော် ...(မှန်လှပါ)၊ ပျင်းမှု ဖျင်းမှုကြောင့် မဂ်ဖိုလ်မှ အချည်း အနှီးဖြစ်ရတာကော မရှိဘူးလား ? (ရှိပါဘုရား)။

အဲသည်တော့.... တို့ဟာ ဘယ်အထဲကတုံးလို့ မေးသည်ရှိ သော် ပါပမိတ္တနဲ့မပေါင်းဘူး၊ ဆရာကောင်းနဲ့ ပေါင်းနေ တာ....(မှန်လှပါဘုရား)။ အင်္ဂါ ပြည့်ပါ့မလား ? (ပြည့်ပါ ဘုရား)၊ ဘာအင်္ဂါကြံနေတုံးဆို ပျင်းမှု ဖျင်းမှုလေး ရှင်းပ လား ? (ရှင်းပါဘုရား)။

ဒကာ ဒကာမတို့ ဘာလေးကျန်နေတုံး? (ပျင်းမှု ဖျင်းမှု လေးပါဘုရား)၊ အဲ....ဒါလေးကိုတော့ တာဝန်ယူကြပါ.... (မှန်လှပါဘုရား)၊ အဲ.... ဒါလေးကိုတော့ တာဝန်ယူကြပါ လို့ ဦးဘကြည် တို့ပြောရတယ်....၊ မပြောထိုက်ဘူးလား? (ပြောထိုက်ပါဘုရား)။

ပျင်းမှု ဖျင်းမှုလေးဟာတော့ ဒါ.... မဂ်ဖိုလ်အန္တရာယ် ဖြစ်ထိုက်—မဖြစ်ထိုက် ဆိုတာတော့လဲ ကိုထွန်းဦး ပြောဘို့ မလိုတော့ဘူး (မလိုပါဘုရား)၊ ဟင်....သည်တော့ ပျင်းမှု ဖျင်းမှု ရှိနေလို့ ရှိရင်ဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ရနိုင် မယ် မဟုတ်ဘူးဆိုတာကော ကျေနပ်ကြပလား ? (ကျေနပ် ပါဘုရား)။

ဒါဖြင့် ယနေ့ညမှာဖြင့် ဘယ်ဟာ စ ရမယ်၊ စ ရင်း.... စတော့ ဟောတာ စ တာလား ? ကျင့်နည်း စ တာလား ? ဟုတ်လား.... ဒို့ ဆုတ်နစ်နေတဲ့စိတ်ကို မဆုတ်နစ်ရအောင် ဟောပြောတာလား ဒါ—မေးပါ၊ ဆုတ် နစ် နေ တဲ့ စိတ် ကို (မဆုတ်နစ်ရအောင် ဟောတာ) မဆုတ်နစ်အောင်ဟောတာ ရှင်းပလား? (ရှင်းပါဘုရား)။

ဆုတ်နစ်နေလို့ ရှိရင် ဘုန်းကြီးက ရက်ပေါင်းတရာ ဟော ခင်ဗျားတို့က ဆုတ်နစ်တဲ့စိတ်နဲ့ သာ လုပ်လိုက်၊ ဖြေးဖြေးမှ လုပ်ရမှာဘဲဆိုတဲ့ တစတစ သည်လိုဘဲ ပါရမီဖြည့်ရမှာဘဲဆိုပြီး သကာလ ခင်ဗျားတို့က ဆုတ်နစ်တဲ့စိတ်တွေနဲ့ နေရင် ဘယ် တော့မှ မရဘူး၊ ရပါ့မလား? (မရပါဘုရား)။

အဲသည်တော့ကို ခင်ဗျားတို့ ရှေးကပြောထားတာတွေက ပါရမီ တစတစဖြည့်ရတယ်ကွ.... သည်အသံတွေလဲ ခင်ဗျားတို့ နားထဲမှာ ဝ,နေတယ် မဝ,ဘူးလား ? (ဝပါတယ်ဘုရား)။ အဲသည်တော့ ပါရမီမရှိဘူး၊ ဆုကြီးပန်မဟုတ်ခဲ့သော် အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝက၊ ပစ္စေကဗုဒ္ဓါ၊ ဘုရား ကျန်တာပါရမီရှိတယ်(မှန်လှပါဘုရား)။

ယခု တပည့်တော်တို့လို ရရင်ယူမယ်ဆိုတဲ့ သာဝကမှာ ပါရမီမရှိဘူးကွ ရိပ်မိပလား?(ရိပ်မိပါဘုရား)။ ယခု နိဗ္ဗာန် ရရင် ယခုယူမယ်၊ ယခု အပါယ်လေးပါး တံခါးပိတ်ရင် ယခု ကြိုက်တယ်ဆိုတဲ့ ပုဂ္ဂိုလ်ကြရင် ပါရမီ မရှိပါဘူးတဲ့ ပါရမီ မရှိ ဘာလုပ်ရမှာတုံးဆိုတော့ မနေ့ကပြောခဲ့တဲ့ သစ္စာနာမှုရယ် သစ္စာကို ယောနိသောမနသိကာရနဲ့ နှလုံးသွင်းမှုရယ် လိုတယ် ရှင်းပလား (ရှင်းပါဘုရား)။

အဲဒါ သာဝကပါရမီဉာဏ်ဖြင့် စ ဒါဘဲထားပါတော့....၊ ကျန်တဲ့ဘုရားတွေ ဘာတွေတော့ ဖြည့်ရမှာပေါ့၊ လေးသင်္ချေ နှစ်သင်္ချေ လုပ်ကြရမှာပေါ့ဗျာ....၊ သူတို့က ဘာကြောင့် သည်လောကလုပ်ရတုံးဆို ဂုဏ်ထူး ဘွဲ့ထူးတွေ ငဲ့လို့....(မှန်လှ ပါဘုရား)၊ ရှင်းပလား? (ရှင်းပါဘုရား)။

သူတို့က ဘာငဲ့လို့ပါလိမ့် (ဂုဏ်ထူး ဘွဲ့ထူးတွေငဲ့လို့ပါ ဘုရား)၊ လက်ျာရံကွ လက်ဝဲရံကွဆိုတော့ ဆုတောင်းကိုက တခါထဲ ဘယ်လက်ျာရံ မြင်လို့ ဘယ်လက်ျာရံ ဆုတောင်း တယ်ဆိုတာ သူတို့ဇတ္တု အတ္တုပ္ပတ္တိကို လျှောက်ကြည့် ခင်ဗျား

တို့ အဲဒါ ပါလေရဲ့ (မှန်လှပါ)၊ မပါဘူးလား ?(ပါပါဘုရား) ဒါဖြင့် ဂုဏ်လိုချင်တဲ့ပုဂ္ဂိုလ်မို့ကြာတာ ဟုတ်လား....(မှန်လှပါဘုရား....)။

အာသဝေါဖြိမ်း ပြီးရောဆိုတဲ့ပုဂ္ဂိုလ်ကြရင်....(မကြာပါဘုရား)၊ ကြာစရာ လိုသေးသလား ? (မလိုပါဘုရား)၊ ဒါဖြင့် သာ၀ကပါရမီဉာဏ်မှာ ပေဋ္ဌကော ပဒေသဟောတာ ကျေနပ်ပလား ? (ကျေနပ်ပါဘုရား)။

သာ၀ကသာဆိုရင်ဖြင့် ကြုံရာကို နိဗ္ဗာန်ရတဲ့အချိန်ယူပါမယ် ဘုရား ...၊ အပါယ်လေးပါး တံခါးပိတ်ရင်ပြီးရော နိဗ္ဗာန်ရတဲ့ အချိန်သာယူမယ်ဆိုလို့ရှိရင်ဖြင့် သစ္စာတရားသာနာ၍ သစ္စာတရားသာနှလုံးသွင်းတော့.... (မှန်လှပါဘုရား)၊ နှစ်ပိုင်း လပိုင်း မရှိဘူးကွ ရှင်းပလား (ရှင်းပါဘုရား)။

အဲဒါ တစတစ လုပ်ရတယ်ဆိုတဲ့ ဟောပြောချက်များနဲ့ ကွာ မသွားဘူးလား၊ အဲသည်တော့ တစတစ လုပ်ရမယ်ဆိုတဲ့ အခါကြတော့ ပါရမီလဲ နဲနဲဖြည့်လိုက်၊ နောက်နှစ် နဲနဲ ဖြည့်လိုက်၊ ဟိုနှစ် နဲနဲဖြည့်လိုက်၊ ဟိုဘ၀ နဲနဲဖြည့်လိုက် ဆုံးပါအုံးမလား(မဆုံးပါဘုရား)။

မဆုံးတဲ့အပြင် ဘုန်းကြီးက ရှင်းပြအုံးမယ်....အမေအဖေက ၀မ်းခေါင်းက ပြောင်းလိုက်သေး (မှန်လှပါဘုရား)၊ တဏှာ အမေ အဖေနဲ့နေရင်၊ တဏှာအမေအဖေနောက် လိုက်သွားရင် ကျန်တဲ့ပါရမီ အလွဲသုံးစားဖြစ်မယ် (မှန်လှပါဘုရား)၊ အမေကလဲ ပြောင်းအုံးမှာကိုးဗျ....(မှန်လှပါ)၊ အဖေကရော (ပြောင်းမှာပါဘုရား)။

အဲသည်တော့ အဲဒါ ပြောင်းတာနဲ့ ပြည့်စရာ မြင်သေးရဲ့လား....(မမြင်ပါဘုရား)၊ အဲသည်တော့ အင်မတန်ရှည်တဲ့လမ်းပါလား။ ရှည်တဲ့လမ်းတောင် ခရေစေ့တွင်းချ ပြောပြန်တော့လဲ မပြည့်နိုင်ဘဲ့ိမျှားတယ်၊ မမျှားဘူးလား....(မျှားပါဘုရား)။

အဲသည်တော့.... ခင်ဗျားတို့ တရားနာတဲ့ ပုဂ္ဂိုလ်တွေဘဲ စဉ်းစားပါတော့....၊ ဆရာဘုန်းကြီးကတော့ဖြင့် ခင်ဗျားတို့ သည်အထဲမှာ ဘုရားဆုပန်တဲ့ပုဂ္ဂိုလ်ပါနဲ့လို့ရှိရင် အနုလောမဉာဏ် ရအောင်လုပ်၊ ဘုရားဆုပန်လဲ လုပ်ရမှာဘဲ (လုပ်ရမှာပါဘုရား)၊ သင်္ခါရုပေက္ခာဉာဏ် ရအောင်လုပ် (လုပ်ရမှာပါဘုရား)၊ ရှင်းပလား....(ရှင်းပါဘုရား)။

အဲ.... သင်္ခါရုပေက္ခာဉာဏ်မှ ရအောင် မလုပ်နိုင်လို့ရှိရင် ပါးစပ်ပါရမီသာ မှတ်ပါ။ အလုပ်ပါရမီ မပြည့်ပါဘူး (မှန်လှပါဘုရား)၊ ကဲ—ဘုရားဆုပန်လဲ သည်ရောက်အောင် လုပ်ရမှာဘဲ၊ ဘုရားဆုမပန်လို့ တပည့်တော်တို့ နိဗ္ဗာန်ရတာတခုဘဲ နိဗ္ဗာန်လဲ ဘုရားနိဗ္ဗာန်၊ သာဝက နိဗ္ဗာန်၊ လက်ဝဲရံ နိဗ္ဗာန်၊ လက်ျာရံနိဗ္ဗာန်လို့ အထူးအခြားမရှိဘူး၊ ငြိမ်းအေးတာတခုတည်းဘဲ (မှန်လှပါဘုရား) မဆိုနိုင်ဘူးလား (ဆိုနိုင်ပါဘုရား)။

အဲသည်တော့.... တပည့်တော်တို့ကဖြင့် ဟိုကြမှ မထူးတဲ့အပြင် အတူတူဖြင့်ဘုရား မြန်မြန်ရောက်တာ အေးပါတယ်ဆိုရင် သည်တရားလုပ်ပါ ရှင်းပလား ?(ရှင်းပါဘုရား)။

သစ္စာနာမှုပြီးတော့ကော.... (သစ္စာနှလုံးသွင်းမှု) ဒါသာ ကြိုးစားလုပ်တော့ဆိုတော့ ရှေးစကားတွေလဲ အကုန် ပြေ လည်သွားပြီဆိုတော့ ကိုထွန်းဦး ယုံကြည်ပလား....(ယုံကြည် ပါဘုရား)၊ ယုံကြည်ထိုက်ပြီနော်.... ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့ သည်တရားကို ဟောတော့မယ်။

ဒါဖြင့် တို့သည်ကား ဆိုလို့ရှိရင်ဖြင့် တရားနည်းသာမှန်ဘို့ အရေးကြီးတော့တယ်၊ တရားနာနည်းမှန်ဘို့ အရေးကြီးတယ် (မှန်လှပါဘုရား)၊ ဘယ်လို မှန်ရမတုံး၊ ဒေသနာဉာဏ် ဝမ်း ထဲရောက်အောင် သွင်းရမယ်(မှန်လှပါဘုရား)။

ဒေသနာဉာဏ် ဝမ်းထဲရောက်အောင် သွင်းလိုက်တော့.... ဝမ်းထဲကဉာဏ်က သူ့ဒေသနာတွေ ဖမ်းမထားပေဘူးလား (ဖမ်းထားပါဘုရား)၊ မှတ်ထားတယ် ဖမ်းထားတယ်၊ အဲဒီ ဖမ်းထားတဲ့ဉာဏ်နဲ့ ခန္ဓာကိုယ်ပေါ်မှာ လိုက်လိုက် (မှန်လှ ပါဘုရား)။

ဟင်....အဲသည် ဒေသနာကို ခင်ဗျားတို့က ဉာဏ်ကဖမ်း လိုက်၊ ဟို ရီကော်တာ ဖမ်းသလိုပေါ့ဗျာ (မှန်လှပါဘုရား)။ ဖမ်းပြီးတော့မှ ရီကော်တာ ပြန်ဖွင့်သလို ခင်ဗျားတို့ခန္ဓာကိုယ် ပေါ်မှာ ဉာဏ်က ဖြစ်ပျက်ရှုပေး (မှန်လှပါဘုရား)၊ ရှင်းပ လား (ရှင်းပါပြီဘုရား)၊ မပြီးသေးဘူးလား?(ပြီးပါဘုရား)၊ သည်လိုဆိုရင်ဖြင့် တရားနာတဲ့အဆုံး ကိစ္စ ပြီးတယ်ဆိုတာ ဘုရားလက်ထက် ကထဲကဘဲ....(မှန်လှပါဘုရား)။

“ဒေသနာ ညာဏာ နုသာရေန ညာဏံပေသေန္တဿ ညာ နုံတ္တရဿ ဟောတိ”ဆိုတော့ ဒါကြောင့် သောတာပန် တည် တယ်ပြောတာ ပေါ်ကြပလား?(ပေါ်ပါဘုရား)။

၄

ဒါဖြင့် ခင်ဗျားတို့ တရားနာနည်းကော ရပလား?(ရပါပြီ ဘုရား)၊ တရားဟောတော့ ကောင်းပါပေရဲ့ဆိုပြီး မပြန်ကြ ပါနဲ့၊ တော်ပါပေရဲ့၊ ရှင်းပါပေရဲ့၊ လင်းပါပေရဲ့ဆိုရုံနဲ့ တရား နာတာ မဟုတ်သေးပါဘူး....(မှန်လှပါဘုရား)။

သည်ကဟောတဲ့ ဉာဏ်ကို ခန္ဓာကိုယ်ထဲထည့်လိုက်(မှန်လှ ပါ)၊ ထည့်တော့ ခန္ဓာကိုယ်ထဲမှာရတဲ့ ဉာဏ်လေးကို သိမ်း ဆည်းတာတဲ့....၊ ဉာဏ်လေးနဲ့ ကိုယ့်ခန္ဓာကိုယ် ဝေဘန်၊ ဖြစ် ပျက်တွေကြည့်....(မှန်လှပါဘုရား)။

ကြည့်လိုက်လို့ရှိရင်... ကြည့်တဲ့အဆုံးမှာ ဉာဏ်စဉ် တက် သွားမှာဘဲ၊ ဉာဏ်စဉ်ဆိုတာက ပြောတော့သာ (၁၆)ဉာဏ် (၁၀)ဉာဏ် အစရှိသဖြင့် ပြောနေရတာ၊ စင်စစ်တော့ဖြင့် တစက္ကန့်ဆို အကုန်ပြီးတာဘဲ....၊ မပြီးဘူးလား? (ပြီးပါတယ် ဘုရား)၊ အဲဒါ အစဉ်ဆိုတော့ ကြာသပေါ့ဗျာ....။

ကဲ....ဒါဖြင့် တရားနာတတ်ကြပလား ဒကာ ဒကာမတို့ (နာတတ်ပါပြီဘုရား၊) ဘယ်လိုနာကြမယ်? (ဘုန်းကြီးဟော တာ နားကနာပြီး ဉာဏ်ကခန္ဓာစိုက်ရပါမယ်ဘုရား)၊အေး.... ပဌမ နားကနာပေါ့ဗျာ(မှန်ပါဘုရား)၊ ရတဲ့ဉာဏ်က ဘယ် လှည့်ရမယ်? (ခန္ဓာလှည့်ရပါမယ်ဘုရား)၊ ခန္ဓာကို လှည့်လို့

ရှိရင် ဒေသနာအဆုံး ဘာဖြစ်ရမယ် ?(သောတာပန် ဖြစ်ရပါ မယ်ဘုရား)။

မဂ်ဆိုက်၊ ဖိုလ်ဆိုက် မဖြစ်နိုင်ဘူးလား ?(ဖြစ်နိုင်ပါဘုရား) အဲသည်တော့ ရှေးကတရားနာနည်းက သည်လိုကော ဟုတ်ကြရဲ့လား ? (မဟုတ်ပါဘုရား)၊ မဟုတ်ပါ ရှေးကတော့ သည်လိုမဟုတ်ပါဘူး(မှန်လှပါ)၊တရားပွဲတွင်ဘဲ ပြီးကြတာဘဲ (မှန်လှပါ)၊ ဘယ်လိုဟောလို့ ဘာမှတ်မတုံး ? (မမှတ်တတ် ပါဘုရား)။

ပြီးတော့ကို သုတ္တန်နည်းတွေမှာ တချို့နေရာမှာ ဘာတွေ ဟောထားသလဲလို့ မေးခွန်း ထုတ်ပြန်တော့လဲ သည်နေ့.... ဗဟုသုတနည်းနည်း ထည့်ပေးမယ်၊ ဘယ်ဝတ္ထုနာလိုက်တာနဲ့ ကျွတ်တန်းဝင်သွားတယ်....၊ ဘယ်ဝတ္ထု နာလိုက်ဘာနဲ့၊ ဟုတ်လား.... ပန်းလေးလှူလိုက်တာနဲ့ ကျွတ်တန်း ဝင်သွား တယ်ဆိုတော့ ဘာဝေတဗ္ဗကိစ္စတွေ သပိတ်မှောက်ထားတယ်၊ မမှောက်ဘူးလား ? (မှောက်ပါတယ်ဘုရား)။

ဘာဝေတဗ္ဗ ပွားများရမဲ့ကိစ္စတွေ ဒကာ ဒကာမတွေ သပိတ်မှောက်ထားဘဲ့ အဓိပ္ပါယ်ကော မရောက်ဘူးလား....? (ရောက်ပါဘုရား)။ သည်ရောက်တယ်လို့ ခင်ဗျားတို့က ဆုံး ဖြတ်ချက်ချထားပါ။

ပွားများရာရောက်တယ်လို့ ခင်ဗျားတို့က ပါသေးရဲ့လား (မပါပါဘုရား)၊ မပါတော့ အဲဒါ ဘာပြုလို့ မပါသတုံးဆို တော့ သုတ္တန်မို့တဲ့....။ သုတ်တွေ စီရေးထားရတယ်ဆိုတာ အဘိဓမ္မာမထည့်နိုင်ဘူးတဲ့ ရိပ်မိပလား ?(ရိပ်မိပါဘုရား)။

သုတ္တန်မို့ သုတ်တွေမပျောက်အောင် စီထားရတယ်....၊ ဘယ်သူ့ဟောတဲ့သုတ်–ဘယ်သူ့ဟောတဲ့သုတ် သုတ်တွေ မစီရပေဘူးလား (စီရပါဘုရား)။

ဒါကြောင့် သုတ္တန်ဆိုတာ ပန်းသီတန်နဲ့ သီထားသလို ဝတ္ထုလေးတွေ သီထားတာ၊ ကျင့်စဉ် ပါ့ပါရဲ့လားဆိုတော့ ကျင့်စဉ်ပါတဲ့သုတ်က အတော်နည်းတယ်၊ မနည်းဘူးလား.... (နည်းပါဘုရား)။

အဲသည် တရားနာရှိန့် ကိစ္စပြီးသွားတယ် ဆိုငြားသော်လည်းတဲ့ သုတ္တန်နောက်ကနေပြီး သကာလ အဘိဓမ္မာမလိုက်ရင် ဖြစ်ကို မဖြစ်ဘူး၊ မလိုက်ရင်.... (မဖြစ်ပါဘုရား)။ မဖြစ်ဘူး....ရှင်းပလား (ရှင်းပါဘုရား)။

ဒါကြောင့် တနေ့ကလဲ ပြောခဲ့တယ် ဒကာ ဒကာမတို့.... ဘုရားသခင်ကိုယ်တော်မြတ်ကြီး လူတယောက်ချတ်တော့မယ် ဆိုရင်ဖြင့် သူ့ အစဉ်ရှိတယ်၊ သူ တရားဟောစဉ်ရှိတယ်.... လူတယောက် ချွတ်တော့မယ်ဆိုရင် တရားဟောစဉ် ရှိတယ်၊ တစ်နံ့ပါတ် ဒါနပြုကွ ဟောချလိုက်တယ်၊ ဒါနကြပ်ကြပ် ပြုပေး.... ဘာဟောတုံး ဒကာ ဒကာမတွေ.... (ဒါနကြပ်ကြပ် ပြုပေးလို့ ဟောပါတယ်ဘုရား)။

အော်.... ဒါနဆိုတာ လူချမ်းသာ နတ်ချမ်းသာ ဆိုတဲ့ ချမ်းသာတွေကို သူဘဲ့ကွာ ပို့နိုင်တယ် ရောက်နိုင်တယ်ဆိုပြီး

သူ့အကျိုးပေးတွေ တခါဟောလိုက်တယ်၊ ပန်းလှူလို့ လှပံ့ ပပံ့ ဟုတ်လား.... ကျောင်းလှူလို့ ဘုံပေါ်ပေါက်ပုံ၊ ရေကန် ရေတွင်းတွေနဲ့ ဥယျာဉ် ဗိမာန် အကျိုးပေးပုံ ဒါတွေ မဟော ပေဘူးလား....(ဟောပါဘုရား)။

ဟောပြီးတော့မှ အဲသည် မင်းတို့ ဒါနလှူပြီးတော့ သည်လို အကျိုးပေးခြားသော်လည်း အသက်မရှည်ရင် အလကားဘဲ ကွ ဟုတ်လား လက်ထဲ ငွေတွေရှိပါရဲ့ မစားရခင် သေ သွားရတယ်ဆိုတော့ ဦးဘအုန်း ကောင်း သေး ရဲ့ လား.... (မကောင်းပါဘုရား)၊ သီလလေးလုပ်ကွ သီလလုပ်မှ အသက် ရှည်မယ်ဆိုတော့ နှစ် ချက် တိုး မလာဘူးလား....(တိုးလာပါ ဘုရား....)။

အဲသည်တော့ အဲသည် ဒါန သီလ ဟောပြီးတော့မှ မင်းတို့ ဒါနကြောင့် ဘုံဗိမာန် ပဒေသာပင်တွေပေါက်၊ သီလကြောင့် အသက်ရှည်တဲ့ အခါကြတော့ ဟောသည် အသက်ရှည်တဲ့ နတ်ကြီးဖြစ်လာပါပြီး စီးပွားဥစ္စာ ရတနာနဲ့ အပြည့်အစုံကွ၊ ဘယ်လောက် ကောင်းတုံးကွ....၊ သည်လို စ ့ဟောတယ်၊ ဒါန ကထာ သီလကထာ သဂ္ဂကထာ(မှန်လှပါ)၊ ရှင်းပလား.... (ရှင်းပါဘုရား)။

ဘုရားဟောစဉ်—ဘုရားဟောစဉ် ဒကာ ဒကာမတွေ....၊ ရှေးဦးစွာ ဘုရားဘာဟောပါလိမ့် ... (ဒါနကထာပါဘုရား)၊ ပြီးတော့ကော.... (သီလကထာ)၊ ပြီးတော့ကော.... (သဂ္ဂ ကထာပါဘုရား)။ သဂ္ဂကထာ ဟောလိုက်တယ်။

သက္ကကထာ ပြောပြီးတော့မှ ကာမာနံ အာဒီနဝကထာဆိုပြီး မင်းဟောဒီ အကျိုးပေးတဲ့ဥစ္စာတွေ ငါးပါးအာရုံကာမဂုဏ်တွေကွ၊ ဘာမှ အသုံးမကျဘူးကွ၊ မျောက် မီးရှူးပန်းကိုင်ထားသလိုဘဲ ကိုယ့်ချည့်လောင်တာဘဲကွ။

အမဲသားတစ် ရဘဲ့ ကျီးလိုဘဲကွ.... တခါကိုက်မိလို့ရှိရင် သည့်ပြင် ကျီးတွေက အမဲသားတစ်ကို လိုက်လုတာနဲ့ သူ့မှာ ချမ်းသာခွင့် မရဘူးကွ။ ဒါတွေလဲ အကုန် ဟောချလိုက်တယ် ရိပ်မိပလား....(ရိပ်မိပါဘုရား)။

အဲသည်လိုဟောတော့ သူ အကောင်း ဟောတာလား.... အပြစ်ဟောတာလား.... (အပြစ်ဟောတာပါဘုရား)၊ ရသရှိဟာ တခုမှ မကောင်းဘူးကွ၊ ကဲ....ဦးဘကြည့် ဒါသည်ကားဆိုလို့ရှိရင် သူ အလိုရှိသလို ဟောတာလားတဲ့၊ ပဌမဆွဲခေါ်လာခဲ့တာ၊ သည်ရောက်အောင် ဆွဲခေါ်လာခဲ့တာ (မှန်လှပါဘုရား)၊ ဆွဲခေါ်ပြီးတော့မှ သည်နေရာကျတော့ ကောင်းတဲ့သဘောတွေ ပြောသလား—ပင်ဂိုရှိအပြစ်တွေ ပြောသလား (ပင်ဂိုရှိအပြစ်တွေ ပြောပါတယ်ဘုရား)။

အပြစ်တွေ ပြောပြီးသကာလ သွားတဲ့အခါကြတော့.... "ကာမာနံ အာဒီနဝကထာ"ဆိုပြီး လေးနံပါတ် ဟောလိုက်ပါတယ်၊ မဆိုနိုင်ဘူးလား ?။

ဒါနကထာ တစ်၊ သီလကထာ နှစ်၊ သက္ကကထာ သုံး၊ ကာမာနံအာဒီနဝကထာ လေး....ဒါဟာ ဘုရားဟောစဉ်နော်၊ ဒါဟာ ဘုန်းကြီးက လုပ်ကြံဟောတာ မဟုတ်ဘူး၊ ခင်ဗျားတို့ ဘာဝနာမှာ အားငယ်နေမှာစိုးလို့၊ ဘာဝနာ မပါဘဲနဲ့ ကိစ္စပြီးနေတယ် ထင်မှာစိုးလို့....(မှန်လှပါဘုရား)။

မဟောရပေဘူးလား? (ဟောရပါဘုရား)၊ ဟောရတော့ ဘုန်းကြီးက ကြံဖန်ပြီးသကာလ ဟောတာလား ဦးဘကြည်ရ သည်ဟာ ဘုရားတိုင်း ဟောစဉ်ထုံးလား....? (ဘုရားတိုင်း ဟောစဉ်သုံးပါဘုရား)၊ ဘုရားတိုင်း ဟောစဉ်တဲ့....။

ပြီးတော့မှ ဘာဟောတုံးဆိုတော့.... နိက္ခမကထာ ကာမမှ ထွက်ကွ....၊ သဘောကျပလား ဘယ်ကထွက်ရမယ်? (ကာမမှ ထွက်ရပါမယ်ဘုရား)၊ ကာမမှ ထွက်ဆိုတော့.... ဒါ—ကာမ အာရုံက ထွက်ဆိုကသဲက ခင်ဗျားတို့ စဉ်းစားသာကြည့်ကြ ပါတော့....။

နိက္ခမကထာ အလုပ်လုပ်တော့လို့ပြောတာ (မှန်လှပါ) ကာမမှ ထွက်ဆိုတော့ ခင်ဗျားတို့ ကာမအာရုံတွေကို အနိစ္စ, အနတ္တ မရှုရင် ကာမမှ ထွက်နိုင်ပါ့မလား....? (မထွက်နိုင်ပါ ဘုရား)။

မထွက်နိုင် ဝိပဿနာစခန်းလုပ် မပါဘူးလား?(ပါပါဘုရား) ကိုင်း ဒကာ ဒကာမတို့ ကျေနပ်ကဲ့လား....(ကျေနပ်ပါဘုရား) ခင်ဗျားတို့ မကြေနပ်လို့ရှိရင် ဘုရားမကြေနပ်ဟာ၊ ဘုန်းကြီး မကြေနပ်တာ မဟုတ်ပါဘူး (မှန်လှပါဘုရား)။

သည်ဟောစဉ်ကြီးကို မကြေနပ်ဘူး(မှန်လှပါ)၊ သည်လို ဘဲ စွဲချက်တင်ရမှာဘဲ။ ဒါဖြင့်.... ကာမာနံ အာဒီနဝကထာ ပြီးတော့မှ.... မဂ္ဂကထာ ဟောချလိုက်တယ်၊ သစ္စာ ဟောချ လိုက်တယ်။

အဲသည်တော့ မဂ္ဂကထာ မဟောခင် ဘုန်းကြီးရှင်းပြလိုက်တော့ ကာမာနံ့ အာဒီနဝကထာ ဟောကထဲက ကာမဂုဏ်၏ အပြစ်တွေ လျှပြစ်ရတာရော ဒုက္ခသစ္စာကွ…၊ ဒုက္ခသစ္စာတွေဘဲ ငါးပါးအာရုံကာမဂုဏ် တထောင့်ငါးရာ ကိလေသာမီးတွေ အကုန်လောင်နေတာ တဟုန်းဟုန်းဘဲကွ၊ မဟောပေဘူးလား (ဟောပါဘုရား)။

ဟောတဲ့အခါကြတော့ ကာမဂုဏ်အာရုံတွေ၏ အပြစ်တွေကို မြင်ပြီး အင်း….ဒါတွေဟာ သက်သက် အသုံးမကျတဲ့ တရားတွေဘဲ….၊ သူ့ကို ဝိပဿနာ မလိုက်ဘူးလား—လိုက်သလား ? (လိုက်ပါဘုရား)။ အပြစ်ကိုပြရင် လိုက်တာဘဲ၊ လိုက်တဲ့အခါကြတော့မှ သူ့စိတ်ထဲမှာ လောဘ ဒေါသ မောဟ ရှိသေးသလား ယခုတရားနာနေတဲ့ပုဂ္ဂိုလ် စိတ်ထဲမှာ….(မရှိတော့ပါဘုရား….)။

မရှိတော့ ခုနင်က ဘဝင်စိတ်က ဖြူသွားတယ်၊ ရှိတာကလဲ သည်စိတ်ရှိတော့ ဝိပဿနာ ဉာဏ်စိတ်တွေဆိုတော့လဲ တဏှာ မာန ဒိဋ္ဌိတို့နဲ့ ဆက်သွယ်သေးသလား ? (မဆက်သွယ်ပါဘုရား)။

မဆက်သွယ်တော့ ဘဝင်စိတ်ကလဲ သူ့နောက်က သူ့အားပေးနေတဲ့ ဘဝင်စိတ်ကလဲ အဖြူ၊ ကာမဂုဏ်တွေ၏ အပြစ်တွေကို ကြည့်နေရတဲ့စိတ်ကလဲ ကုသိုလ်စိတ်မို့ အဖြူဘဲလို့ မဆိုထိုက်ဘူးလား ? (ဆိုထိုက်ပါဘုရား)။

သည်ဖြူနေတဲ့စိတ်မှာ ဖြူနေတဲ့ အဝတ်ကိုတဲ့.... ငါဘုရား ဥပမာပြမယ်.... ဆိုးချင်တာနဲ့ဆိုး စွဲတယ်၊ ဂျီး အပေပေနဲ့ ဆိုး....(မစွဲပါဘုရား)၊ မစွဲဘူးဆိုတော့ သည်မှာဖြူသလား မဖြူဘူးလား? ကာမာနံ့ အာဒီနဝကထာဟောတော့....(ဖြူ ပါကယ်ဘုရား)။

ဖြူပြီ.... ငါးပါးအာရုံ ကာမဂုဏ်တွေဟာ အလကားဟာ တွေ၊ ဘာမှ လိုချင်စရာ ရချင်စရာ မရှိဘူး၊ စိန်ရော ရွှေရော ငွေရော ဟုတ်လား.... အလကားဟာတွေ ဟုတ်ပလား။ သည် ကဲ့သို့ ဖြစ်လာတော့ စိတ်ထဲ ဘယ့်နှယ်နေတုံး?....(ဖြူလာ ပါဘုရား)။

ဖြူစင်လာတဲ့အခါကြတော့မှ မင်းတို့ ခန္ဓာကိုယ်ကြီးဟာ ဟော....လောကီခန္ဓာ ဖြစ်လေသောကြောင့် ဒုက္ခသစ္စာကွ....၊ သည်ဒုက္ခသစ္စာဖြစ်ကြောင်းကလဲ သမုဒယသစ္စာကွ၊ အဲသည် သမုဒယသစ္စာ မသေသ၍ မင်း နေရာမကျသေးပါဘူး ဆိုပြီး၊ မဂ္ဂသစ္စာကို ဆက်ဟောလိုက်တယ် (မှန်လှပါ)၊ သဘောကျ ပလား?(ကျပါဘုရား)။

အဲသည်တော့ ဘယ်ရောက်လာတုံးဆိုတော့ အလုပ်တရား ရောက်မလာသေးဘူးလား? (ရောက်လာပါဘုရား)၊ အလုပ် တရားရောက်လာတော့ သစ္စာဟောလိုက်သည်နဲ့တပြိုင်နက်ထဲ တဲ့ သည်ပုဂ္ဂိုလ်တွေဟာ ဘာဟောတုံးကမှ မဂ်ဖိုလ် မဆိုက်ခဲ့ ဘူး၊ သည်ကျမှ ဆိုက်တယ်....(မှန်လှပါဘုရား)။

သစ္စာကျမှဆိုက်တယ်၊ ဒါ ဘယ်ပုဂ္ဂိုလ်မ ကို ဘုရား ဟော တာ....ရှင်းပလား ?(ရှင်းပါဘုရား)၊ ဒါဖြင့် ခင်ဗျားတို့ ဒါန ကထာတုံးကလဲ ဘုရားဟောတုံးရှိသေးတယ်.... (မှန်လှပါ)၊ သီလထကာတုံးကလဲ ဘုရားဟောတုံး ရှိသေးဘယ်၊ သဂ္ဂ ကထာကော....(ဟောတုံးပါဘုရား)။

အဲ....သဂ္ဂကထာလဲ ဟောတုံးဘဲ ရှိသေးတယ်ဆိုတော့.... နိက္ခမကထာတဲ့ ထွက်တော့မဟောဘူးလား(ဟောပါဘုရား)၊ အဲသည် အကျိုးပေးတွေထဲကထွက်တော့—ထွက်တော့ မဟော ဘူးလား ?(ဟောပါဘုရား)။

နိက္ခမကထာ ဟောပြီးတော့မှ ကာမာနံ အာဒီနဝတွေ မလာဘူးလား ?(လာပါဘုရား)၊ အဲဒီ...အာဒီနဝတွေ ဟော လိုက်တော့ စိတ်ဖြူနေတဲ့အချိန် ဘုရားက အိန္ဒြေကြည့်လိုက် တယ်၊ ဒကာ ဒကာမတွေဝမ်းထဲ ကြည့်လိုက်တယ်၊ ဖြူပြီ.... ဖြူပြီ အဲသည် ဖြူတဲ့အချိန်ကြမှ သစ္စာဖမ်းဟောတယ်။

မင်းခန္ဓာကြီးဟာ ဒုက္ခသစ္စာဆိုပြီးတော့.... ဒုက္ခသစ္စာဖြစ် ကြောင်း သမုဒယသစ္စာဘဲလို့ ဟောလိုက်တယ်၊ အဲသည် အချိန်မှာ တည်တာဗျ ရိပ်မိပလား ? (မှန်လှပါဘုရား)။ ဒါ ဟာ ဘုရားဟောအတိုင်း ဟောစဉ်လို့ မှတ်ပါ။

အဲသည်တော့ ဒါက သည်ရောက်ဘို့—ဒါက သည်ရောက်ဘို့ ဦးဘကြည် ဝေးသေးတယ်ဗျ။ ဒါတွေ သတ်ပြစ်ခံခဲ့ရအုံးမှာ.... (မှန်လှပါ)၊ မသတ်ရပေဘူးလား ?(သတ်ရပါဘုရား)၊

အဲဒီတော့ကို ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ ကာမာနံ အာဒီနဝကထာ၊ မဂ္ဂကထာဆိုပြီးသကာလ ပြီးတော့မှ နောက်ဆုံးပိတ် သစ္စာကထာ ဟောချလိုက်တယ်(မှန်လှပါ)၊ ကြေနပ်ကြပလား ဒကာ ဒကာမတို့ (ကျေနပ်ပါဘုရား)။

ဒါ—ဘုရားဟောစဉ်ဗျ....၊ ဘုန်းကြီးက ကြံဖန်ဟောတာ မဟုတ်ပါဘူး၊ အဲသည်ဟာကို ပယ်ဟောတာလား မဟုတ်ပါဘူး၊ သူက မဟောလို့ရှိရင် ဒုဂ္ဂတိက သုဂတိမရောက်နိုင်ဘူး၊ ဒါဖြင့် ဒုဂ္ဂတိက သုဂတိ ကယ်တင်တဲ့တရားလို့ ဆိုရင်လဲ လွဲသလား?(မလွဲပါဘုရား)။

သုဂတိ ဆိုသည်ကား ဒကာဒကာမတို့ သုက ကောင်းတာဘဲ၊ ဂတိက လားတာ... ဟုတ်လား၊ ကောင်းသော ဂတိ လားတာဘဲ(မှန်လှပါဘုရား)။ ကောင်းသောဂတိ လားတယ် သာဆိုရတယ်၊ လားတာက ဘာတုံးဆိုတော့ ခန္ဓာငါးပါး၊ ကောင်းသော ဂတိက ဘယ်သူပါလိမ့်.... (ခန္ဓာငါးပါးပါဘုရား)။

ခန္ဓာငါးပါးဘဲဆိုတော့ ခန္ဓာငါးပါးကို သည်ခန္ဓာငါးပါးက မထွက်လို့ရှိရင်လဲ ဒုက္ခသစ္စာထဲက မထွက်တာ နေဦးမှာဘဲ သဘောကျပလား....? (ကျပါဘုရား)၊ အဲသည်ကဲ့သို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ဟော ပြီး သ ကာ လ နောက်ဆုံးပိတ် ဖြူစင်တဲ့အချိန် သစ္စာသွင်းတယ်ဆိုတာသာ မှတ်ပေတော့(မှန်လှပါ)၊ ရှင်းပလား?(ရှင်းပါဘုရား)။

ဘုန်းကြီးတို့က သည်လို မဟောတော့ဘူး၊ ဟိုဟာတွေ တခြားသော ဆရာသွားဆီက နာခဲ့ကြပြီ။ ဒါနကထာ သီလ ကထာ သဂ္ဂကထာ မလိုတော့ဘူး.... ကျုပ်တာဝန်၊ ကျုပ် တာဝန်က ဘာတုံး ဆိုလို့ရှိရင်ဖြင့် သစ္စာကထာ ဟောဘို့ဘဲ ကိုထွန်းဦး ရိပ်မိပလား?(ရိပ်မိပါဘုရား)။

ဘာဟောမှာတုံး.... (သစ္စာကထာပါဘုရား)၊ သစ္စာကထာ ဟောမှာဆိုတော့ ဒကာ ဒကာမတွေ အော်.... သည့်ပြင်ဟာ တွေကလဲ ကြားဘူးနားဝ အများကြီး တွေ့ပါပြီ၊ သစ္စာ ကထာတော့ဖြင့် မကြားဘူးသေးပါဆိုတော့ ဒါဖြင့် ဖြူနေတဲ့ စိတ်ကို ခင်ဗျားတို့ ဆိုးပေးရတော့မှာဘဲ ဦးဘကြည် ရိပ်မိကြ ပလား ? (ရိပ်မိကြပါဘုရား)။

ကောင်း ပြီ ...ဒါဖြင့် သစ္စာကထာ ဘယ်အချိန်ဟောရတုံး ? (ဖြူနေတဲ့အချိန်ပါ ဘုရား)၊ ဖြူစင်တဲ့အချိန် သဘောကျ ပလား ? ရှုပ်ထွေနေတဲ့ အချိန်မှာ ဟောကို မဟောနိုင်ဘူး။ "မဟောနဲ့ စောင့်ပေးပါ" ဘု ရား လဲ စောင့် တာ ဘဲ ဒကာ ဒကာမတို့....။

အဲသည်တော့.... သစ္စာကထာဟောလို့ရှိရင် သည်တရား ကျွတ်တန်းဝင်မဲ့တရားလို့သာ မှတ်ပေတော့။ ကျန်တာတွေ ကျွတ်တန်းဝင်တဲ့တရားလို့ သွားမဆိုနဲ့အုံးနော်။

သူ့မရောက်ဘဲနဲ့ "စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကောဥဒပါဒိ ဆိုတာ ဘာဆိုတာတုံး သစ္စာ

တရားဆိုနေတာ သစ္စာမြင်မှုကိုဆိုနေတာ (မှန်လှပါဘုရား)၊ ရှင်းကြပလား ?(ရှင်းပါဘုရား)။

ဒါဖြင့်.... ဒကာ ဒကာမတို့ ဘာကိုအရေးထားဟောမယ် ဆိုတာကော ရိပ်မိကြပလား ?(ရိပ်မိပါဘုရား)၊ သစ္စာဟော မယ်၊ ဒါဖြင့် ပေဠကော ပဒေသ သဘောကျကြပလား....? (ကျကြပါဘုရား)။

သစ္စာတရားနာမှု တစ်နံပါတ်၊ သစ္စာတရားကို နှလုံးသွင်းမှု (နှစ်နံပါတ်ပါဘုရား)၊ သည်နှစ်ခုရှိလို့ရှိရင် သာဝကပါရမီ မှာ ပြီးပြီတဲ့....၊ ဘာမှမပူနဲ့တဲ့ ရှင်းပလား ?(ရှင်းပါဘုရား)။ ဘယ့်နှယ်ကြောင့်တုံးလို့ဆိုတော့ မနေ့က စကားလေး နဲ့နဲ ထပ်ပြောမယ်....။

သစ္စာနာတုံးက ရေထဲက သဖန်းတုံးကြီး ဆယ်ယူလာပြီး နေပူလှမ်းလို့ ခြောက်နေတာနဲ့ တူတယ်တဲ့.... ခြောက်နေ တာနဲ့တူတယ်၊ အစေး ခြောက်နေတာ....(မှန်လှပါဘုရား)၊ အစေးခြောက်ဆိုတာ ကိလေသာကိုပြောတာနော် (မှန်လှပါ ဘုရား)....။

သစ္စာတရား နာတုံးက အစေးခြောက်တော့ သစ္စာအလုပ် ကို လုပ်တဲ့အချိန်ကြတော့ မီးထတောက်တာဘဲကွ၊ ကိလေသာ အစေးတွေ ကုန်တာဘဲ (မှန်လှပါ)၊ သဘောကျပလား....? (ကျပါဘုရား)။

ဒါဖြင့်.... သည်နှစ်ချက် ဟောတာ မသေချာဘူးလား? (သေချာပါဘုရား)၊ သေချာတဲ့အတွက် ခင်ဗျားတို့ အော်.... သက်တမ်းလေးကလဲ တိုတိုလေး၊ သက်တမ်းလေးကလဲ တိုတယ်၊ ယနေ့လား နက်ဖြန်လား မသိဘူးဆိုတော့လဲ ဘုရားတိုင်း ဟောတယ်။

ကိုယ့်ကိုယ်တိုင် မြင်တွေ့ရတာတွေလဲ မနေ့က အကောင်းကြီး ယနေ့ သေတယ်ဆိုတာတွေလဲ ခင်ဗျားတို့ အသုဘပို့ဘူးလှပြီ(မှန်လှပါ)၊ ဟုတ်ဘူးလား?(ဟုတ်ပါဘုရား)။

လမ်းရှည် မလိုက်တော့ဘဲနဲ့ ဘုန်းကြီးတို့ဆီမှာလာတဲ့.... ဒကာ ဒကာမတွေဆိုရင် လမ်းရှည် မလိုက်ပါနဲ့—လမ်းရှည် မလိုက်ပါနဲ့ ဆိုလို့ ရှိရင်ဖြင့် ရှေးဦးစွာ သစ္စာတရားနာပြီး သစ္စာပွားများရမှာဘဲ၊ ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့ ပရိညေယျ ဖြစ်အောင် လုပ်ပေတော့ ရှင်းပလား?(ရှင်းပါဘုရား)။

အဲသည်ကဲ့သို့ နားလည်ဘဲ့ပုဂ္ဂိုလ်မျိုးကြတော့ ဘုန်းကြီး ရှင်းပြပါ့မယ်တဲ့....၊ သည်လို နာရတဲ့ ပုဂ္ဂိုလ်မျိုးကြတော့ သည်ဘဝမှာ အခုပါရမီမျိုး စုံပြီးပြီးသားဆိုတာ တရားချီကထဲက ဦးဘကြည်တို့ လုံလောက်ပြီနော်.... (လုံလောက်ပါဘုရား)။

ခု ဒါလေးတချက်တော့ မိပြီး၊ ဒါလေးတချက်ဘဲ ကျန်တော့တယ်လို့ မဆိုထိုက်ဘူးလား? .... (ဆိုထိုက်ပါဘုရား)။ သစ္စာနာမှုရှိပြီး သစ္စာပွားမှုသာ တိုတာဝန်လေးရှိတော့တယ် ဟုတ်ဘူးလားဗျာ....(မှန်လှပါဘုရား)။

ဒါဖြင့် နှစ်ကျပ်သား ရှိတဲ့အနက်က တကျပ်သားကို ဆရာက ထမ်းပိုးပြီး ခင်ဗျားတို့ဆီပို့ထားပြီ၊ ခင်ဗျားတို့က ထမ်းစရာ မလိုတော့ဘူး....(မှန်လှပါဘုရား)၊ ကျန်တဲ့ တကျပ်သားကို ကိုယ်တိုင်ထမ်းဘို့ ဝန်မလေးရင် ရပြီ ရှင်းပလား....(ရှင်းပါပြီဘုရား)။

နှစ်ချက်ရှိတဲ့ဥစ္စာ တချက်က ဘုန်းကြီးတာဝန်(မှန်လှပါ) တချက်က ခင်ဗျားတို့တာဝန်(မှန်လှပါဘုရား)၊ ဒါဖြင့် သည် နှစ်ခုရှိတာတောင် တခုက ကလျာဏမိတ္တက အကူအညီပေးလို့ သစ္စာတရား နာရပြီ ရိပ်မိပလား?(ရိပ်မိပါဘုရား)။

သစ္စာနှလုံးသွင်းမှုကိစ္စကို ခင်ဗျားတို့ ပွားများလို့ရှိရင်ဖြင့် ကိစ္စပြီးပါတယ်လို့ ဘုရားကလဲ ခိုင်လုံအောင်ပြောထားတော့ ခင်ဗျားတို့ ပျင်းမှု ဖျင်းမှုဘဲ စိုးရိမ်တော့တယ်၊ ရမှာသေချာတယ်(မှန်လှပါဘုရား)၊ ရှင်းပလားဟေ့ ဒကာ ဒကာမတွေ ဘယ့်နှယ်မှတ်ကြမတုံး?။

ပျင်းမှု ဖျင်းမှုလေးတော့ မလုပ်ကြပါနဲ့တော့ နှစ်ပိဿာ ရှိသည့်အနက် တပိဿာဘုန်းကြီးက ခင်ဗျားတို့အတွက် ရွက်ဆောင်ထားပြီ မဟုတ်ဘူးလား....၊ ကျန်တာ တပိဿာဘဲကျန်တော့တယ် (မှန်လှပါ)၊ သည်တပိဿာလေးဟာ ကိုယ်တိုင် အလုပ်လုပ်လိုက်ရင် မပြီးဘူးလား ? (ပြီးပါ့ဘုရား)။ သည် လောက်တိုတာများ ရှိသေးရဲ့လား (မရှိတော့ပါဘုရား)။

နဂိုရှိတုံးကတော့ အတော် ဝေဘန်ရမှာပေါ့ဗျာ.... ယခုတော့ ဆရာရင်း သွားရင်းဖြစ်ပြီးသကာလနေတော့ သည်လို လုပ် သည်လိုဖြစ်တယ်၊ ဒါ.... အနီးလေးဘဲ ဆိုလို့ရှိရင်ဖြင့် ခင်ဗျားတို့ ကောင်းကောင်းကြီး ကျေနပ်ကြဘို့ ကောင်းပြီ.... (မှန်လှပါဘုရား)။

မကျေနပ်သင့်ဘူးလား (ကျေနပ်သင့်ပါဘုရား)၊ အဲ.... ဒါကြောင့် သည်တရားကို နာရလို့ရှိရင်ဖြင့် သည်တရားကို ဟောလိုက်ရလို့ရှိရင်ဖြင့် ခင်ဗျားတို့ အပါယ်လေးပါး သွားစရာ ကံတွေဟာ ဥပါဒ်ထီဘင်နဲ့ ချုပ်ငြားသော်လဲ သတ္တိ မချုပ်ဘူး ရှင်းပလား?(ရှင်းပါဘုရား)။

အပါယ်လေးပါးသွားဘို့ ကံတွေ ခင်ဗျားတို့ လုပ်ထားတာတွေ အ များ ကြီး ဘဲ၊ မရှိဘူးလား.... (ရှိပါဘုရား)၊ အပရာပရိယ ဝေဒနီယကံတွေပေါ့ဗျာ(မှန်လှပါ)။

သည်ဘဝကျမှဘဲ ကံအပြစ်နဲ့လာလိုက်ဘဲ့ ဒိဋ္ဌဓမ္မတွေကော၊ ဥပပဇ္ဇတွေကော၊ အပရာပရိယတွေကော၊ ဘယ်လောက်များသတုံးမေးရင် ဘယ့်နှယ်ဖြေကြမယ်.... (မရေမတွက်နိုင်ပါဘုရား)၊ မရေတွက်နိုင်ဘူး ဟုတ်လား....။

မျက်စိတမှိတ်ကိုဘဲ မနဲဘဲကိုးဗျ၊ အဲသလောက်များတာတွေကိုဘဲ သစ္စာတရားနာပြီး သစ္စာပွားများပြီးလို့ ဒုက္ခပိုင်းခြားနိုင်တဲ့ အခြေအနေ ရောက်လို့ရှိရင် အဟောသိကံ—အဟောသိကံ ရှင်းပလား....(ရှင်းပါဘုရား)။

အဟောသိကံ မဖြစ်ဘူးလား(ဖြစ်ပါတယ်ဘုရား)၊ ဒါဖြင့် သည်ဥစ္စာ အမြတ်တကာ အမြတ်ဆုံးမှာဖြင့် သည့်ထက်မြတ်တာမျှား ဦးချစ်စတို့ ရှိသေးသလား.... (မရှိပါဘုရား)၊ မရှိတော့ကိုဘဲ ဒါဖြင့် လမ်းရှည်သလားလို့ မေးတော့လဲ (တိုပါတယ်ဘုရား)။ တိုတယ် ရှင်းပလား(ရှင်းပါဘုရား)။

ခင်ဗျားတို့ အင်္ဂုတ္တိုရ်မှ ကျယ်နေသေးတယ်....(မှန်လှပါဘုရား)။ သောတာပန်တည်ခြင်းအကြောင်း လေးပါးကွာ.... မကျယ်ဘူးလား ကျယ်တယ်။ သူက နဲ့နဲ့ကျယ်တယ်။ ကျယ်ပင် ကျယ်ငြားသော်လဲ သည်အထဲ ဝင်တာပါဘဲ (မှန်လှပါ) မထူးပါဘူး။

ကဲ....ဒါဖြင့် ဒကာ ဒကာမတို့ နောက်ကကံတွေ အဟောသိကံဖြစ်ပြီးသကာလ သံသရာထဲမှာဖြင့် လုံးဝ မပြန်ချင်တော့ပါဘူး။ အိုဘေး, နာဘေး, သေဘေးတွေ သည်တခါ တိမ်းသွားလို့ရှိရင်လဲ ခင်ဗျားတို့ကို ဘုန်းကြီး ဥပမာပြမယ်.... ဘုရားပေးတဲ့အတိုင်း ကျောက်ခဲ လေး ရေထဲချတယ်သာ အောက်မေ့တော့။

သည်တခါတိမ်းရင် မကယ်နိုင်တော့ဘူး.... သဘောကျပလား (ကျပါဘုရား)။ ကျောက်ခဲ ရေထဲချတော့ ဘယ်.... အချိန်မျှား ပေါ်ပါ့မတုံးဆိုတော့ မပေါ်တော့ဘူး။ နှံသာဖုံးသွားတယ်(မှန်လှပါ)။

ဦးဘကြည် ( မှန်လှပါ ဘုရား ) ဒကာ - ဒကာမ တွေ ကြောက်အောင်ပြောတာမဟုတ်ပါဘူး၊ဖြစ်စဉ်ပြောတာပါ (မှန်လှပါ)ကြောက်အောင်ပြောလို့ ရှိရင် ချောက်တရားလို့ ခင်ဗျားတို့က ဆိုချင် ဆိုအုံးမှာ (မှန်လှပါ) ချောက်တရား မဟုတ် ပါဘူး ဖြစ်စဉ် လိုက်ပါ၊ ဦးဘအုန်းရ (မှန်လှပါ) 'ကျ' ကြည့်ပါတဲ့ ဘယ်နယ်တုံး ပြန်တက်ဘို့ အရေး(မရှိပါ ဘုရား) မရှိဘူး မရှိတဲ့ အပြင်မှာ သူ့အပေါ်ဘဲ နွံ တွေက ထူထပ်လာမှာ(မှန်လှပါ)

ကံမကောင်း အကြောင်း မသင့်လို့ ဆိုတာ မထဲ့ပါနှင့် တော့ဗျာ၊ သင့်စရာ မြင်သေးရဲ့လား ? (မမြင်ပါ ဘုရား) မမြင်တော့ ပါဘူးတဲ့၊ ခင်ဗျားတို့ စဉ်းစား ကြည့်ပါလား၊ ဉပတိမိဖုရားကြီး့အင်း နောက်ချေးပိုးထိုးဖြစ်တယ်လို့ တော့ ဘုရားက ပြောလိုက်တယ် (မှန်လှပါ) နောက်ချေး ပိုးထိုး ဘဝက ကျွတ်သေးတယ် ဆိုတာကော ကြားဘူး ရဲ့လား ? (မကြားဘူးပါဘုရား)

သွားပကော, သွားပကော၊ မိဖုရားကြီးက နောက်ချေး ပိုးထိုး ဖြစ်သွားပကော၊ နောက် ပြန်တက်တယ် ဆိုတာ ဟို နောက် ဘုရားပေါင်း ဘယ်လောက်မှ တက်မယ်လို့ ကျုပ် မပြောတတ် ဘူးပေါ့ဗျာ၊ အခုဖြင့် နောက် လာစရာမမြင် သေးဘူး ( မမြင်ပါ ဘုရား ) ဟင် .... (အလွန် အင်မတန် အကြောင်း ညီညွတ်မှုပါဘုရား) အတော် ဆင်းရဲ ပါတယ်၊ အတော်ခဲရင်းပါတယ်....။

အဲသည်တော့ ယခုလက်ထဲရောက်နေတဲ့ အချိန်ကလေး မဆုံးရှုံးစေသချင်ဘူး၊ သစ္စာ တရား နာမှုနှင့် သစ္စာတရား ပွားမှုမဆုံးရှုံးနှင့်(မှန်လှပါ)ဆုံးရှုံးလို့ရှိရင်ဖြင့် ခင်ဗျားတို့ ကိုယ်ကျိုး မကပါဘူး၊ ခင်ဗျားတို့ အကုန် ဆုံးမယ်ဆိုတာ ဦးဘအုန်း ဆုံးဖြတ်ချက်ချ (မှန်လှပါ ဘုရား) မဆိုထိုက် ဘူးလား? (ဆိုထိုက်ပါဘုရား)

အဲသည်တော့ကို ခင်ဗျားတို့သည် ဒါဘဲ....အားကိုးစရာ ရှိသည်၊ ရွှေတွေ ငွေတွေ စိန်တွေ ကျောက်တွေ မြတွေ ဆို တာက ခင်ဗျားတို့ အရေးကြီးတဲ့အခါ ဝေဒနာတခု သက် သာအောင် မတတ်နိုင်ပါဘူး၊ အိုမင်းရင့်ရော်သွားတာလေး နဲ့နဲ့မှ မတတ်နိုင်ပါဘူး (မတတ်နိုင်ပါဘုရား) နာတာလေး ကော(မတတ်နိုင်ပါဘုရား)သေခမ်းကြတော့ဒါတွေကအကူ အညီတွေ ရသေး သလား? (မရပါဘုရား) မရတဲ့ အပြင် ထိုးချလိုက်တယ်(ချပါဘုရား)မထိုးဘူးလား(ထိုးပါဘုရား)

အဲသည်တော့ အော်—အားကိုးရာ အစစ်က အတ္တာဟိ အတ္တနော နာထောဆိုတဲ့အတိုင်း မိမိအားထုတ်တဲ့ တရားကို သာလျှင် မိမိ အားကိုး ရတော့မှာပါလား ဆိုတာ ယနေ့ ဆုံးဖြတ်ချက်ချ အားလုံး ဒကာ ဒကာမတွေ (မှန်လှပါ) ဘာမှအားကိုးစရာမရှိဘူး၊ဘုန်းကြီးဆီ နာထားတဲ့တရားရယ် ခင်ဗျားတို့ ကိုယ်တိုင် ပွားထားတာ လေးရယ်၊ ဒါဘဲ.... အား ကိုး စရာ ရှိတယ် ကျန် တာ ကတော့ (အားကိုးစရာ မရှိပါဘုရား)

အားကိုးစရာ မရှိဘူးဆိုသဖြင့်၊ ဒါ အပါယ်လေးပါးလဲ တံခါးပိတ်တယ်၊ အားကိုးစရာ အစစ်လဲ ဖြစ်တယ် ဆိုတော့ ခင်ဗျားတို့ ဒါကျိုးစားပါဆိုတာ အထူးတိုက်တွန်းနေဒါ၊ အတော်ကြာသွားပြီဗျ သည်လိုတိုက်တွန်းရတာ အကြောင်းတွေ ပြရတာက တမျိုး၊ ခင်ဗျားတို့ အပြစ်တွေ ကိုလေ ပြောရဒါကတမျိုး (မှန်လှပါဘုရား)။

လုံလောက်အောင် ပြောရတာက တမျိုး၊ တော်ကြာ အားကိုးမှားနေမှာစိုးရတာက (တမျိုးပါဘုရား) တမျိုးလို့ ဆို အခုတော့ အကွက်လည် သွားပါပြီ ကြည့်ပါလား (လည်ပါဘုရား) မလည်သေးဘူးလား (လည်ပါဘုရား) ဘာ အားကိုးမတုံး (သစ္စာ၀မ္မ အားကိုးပါမယ်ဘုရား)။

ကဲ သစ္စာ၀မ္မ ပွားများဘို့အလုပ်၊ ကိုယ့်အားကိုယ်ကိုးဘို့ အလုပ်၊ ဘုရားသည် ဘယ်လိုကြောင့် ဘုရားဖြစ်တုံး၊ သစ္စာလေးပါး သိမှ ငါဘုရားလို့ တာ၀န် ခံတယ် (မှန်လှပါ) ဟုတ်လား မသိခင်တုံးက (တာ၀န်မခံပါဘုရား) တာ၀န် မခံဘူး....။

အဲသည်တော့ကွာ ငါ ဥပမာပြမယ်တဲ့ သစ္စာမသိဘဲနှင့် ငါသောတာပန် ငါသကဒါဂါမ် ငါအနာဂါမ်ဖြစ်လာတယ် လို့ဆိုလို့ရှိရင် သည်လိုသာ မှတ်ပေတော့တဲ့။ ငါဟာ အိမ် ဆောက်တယ်ဟေ့၊ အချင်တွေ အရင်တင်တာ တိုင်တလုံးမှ မပါဘူးလို့ ပြောတဲ့ပုဂ္ဂိုလ်နဲ့ အတူတူဘဲ (မှန်လှပါဘုရား)။

အချင်တွေ အရင်တင်တယ်၊ ဒိုင်းတွေ အရင်တင်တယ် ပေါ့ဗျာ....၊ အခုခေတ်သုံးရင်ဖြင့် ဒိုင်းတွေ အရင်တင်တယ်၊ ပြီးမှ ငါ တိုင်တွေစိုက်တယ်ကွ၊ အဲဒီလို ပြောတော့ ခင်ဗျား တို့က ယုံရမှာလား ?(မယုံပါဘုရား)။

အဲသည်အတိုင်းဘဲ ငါ သစ္စာမသိဘဲနဲ့ သောတာပန် တည်ခဲ့တယ်ဆို အချင် အရင်တင်တယ်လို့ ပြောဒါ အရူး ပြောဒါနဲ့ အတူတူဘဲကွ(မှန်လှပါဘုရား)၊သစ္စာမပါဘဲနဲ့ဖြင့် ဘယ်သူမှ မရဘူး (မှန်လှပါဘုရား)။

ဆုံးဖြတ်ချက်ချပလား ? (ချပါဘုရား)၊အင်း....ခင်ဗျားတို့ က တော်တော်ကြာ ဘာလေးအားကိုး ညာလေးအားကိုး ဒါနဲ့ နိဗ္ဗာန်ရောက်လိမ့်မယ်လို့ သွားပြီးသကာလ အထင် ကြီးနဲ့များ အစွဲအလမ်းများ ဥပါဒါန်ကြီးနဲ့ လုပ်မနေနဲ့ (မှန်လှပါဘုရား)။

သာမည အားကိုးရာရမယ်(မှန်လှပါ)၊ ခဏတာဘဲရမယ် ပြန်ကျက လွတ်ပါ့မလား ?(မလွတ်ပါဘုရား)၊ အော်....သည် နှစ်ခုသာလျှင် ခိုကိုးရာ အားထားရာ ရှိတော့တယ်....(သစ္စာ နာမှုနဲ့ သစ္စာပွားများမှု)သာလျှင် ဒို့၏ ခိုကိုးရာ အားထား ရာ အစစ်ရှိတော့တယ်ဆိုတာ သေသေချာချာမှတ် (မှန်လှ ပါ)၊ ရှင်းပလား ? (ရှင်းပါဘုရား)။

ဒါဖြင့် သစ္စာနာမှုကို ရှေးဦးစွာ ဘုန်းကြီးကဟောမယ်၊ ပြီးတော့မှ သစ္စာပွားမှုအလုပ်ကို ဥာဏ်စဉ်နဲ့ တက်ပေးမယ် (မှန်လှပါ)၊ ရှင်းပလား ဒကာ ဒကာမတို့(ရှင်းပါဘုရား)။

ကိုင်း....ဘာမှမပူနဲ့ သစ္စာဆိုတဲ့တရားက သာမညသတ္တဝါ ရှိတဲ့တရား မဟုတ်ပါဘူးတဲ့၊ သူ့ကိုများ မနာရသေးဘူး ဆိုလို့ရှိရင်ဖြင့် ခင်ဗျားတို့ ငါဘုရားသခင် ကိုယ်တော်မြတ် ဉာဏ်အမြင်နဲ့ မင်းတို့ကို ဥပမာပြလို့ရှိရင်....

အောက်မှာတဲ့ (၁၃)မိုင် အနက်ထု၊ ၁၃ မိုင် ပတ်လည် ကျောက်တိုင်ကြီးတွေစိုက်၊ ဦးဘကြည်....(မှန်လှပါဘုရား)၊ အနှစ်တရာမှ ကတ္တီပါလေးနဲ့ တချက်သာပွတ်၊သည်ကျောက် တိုင်ကြီး ဘယ် တော့ ကုန် မ တုံး မေးကြည့်ရင် ဘယ့်နှယ် ဖြေကြမယ်....(မကုန်ပါဘုရား)။

အနှစ်တရာမှလဲ ကတ္တီပါနဲ့ တခါပွတ်ရမှာကိုးဗျ၊ အင်မတန် နူညံ့တဲ့ကတ္တီပါ အဲဒါသာ ကုန်,ကုန်မယ်၊ သစ္စာ နား မလည်သေးလို့ရှိရင် မင်းတို့ဒုက္ခ ဘယ်တော့မှ မကုန်ဘူး၊ ကျောက်တိုင်ကြီး ပျောက်စရာ ရှိသေးတယ်၊ ကုန်စရာရှိသေး တယ်၊ မင်းတို့ ဒုက္ခမကုန်ဘူးတဲ့ ...။

သစ္စာမနာရလို့ သစ္စာအားမထုတ်ရလို့ရှိရင် ကဲ ...သည် လောက်ထိအောင် ဘုရားကဟောလို့ရှိရင် ဒကာ ဒကာမတွေ အတော်ယုံဘို့ ကောင်းပြီ(မှန်လှပါ)၊ မယုံသေးဘူးလား....? (ယုံပါဘုရား)၊ ဒါ သစ္စာသံယုဂ်မှာ သည်အတိုင်း လာပါ ဟယ် ကိုထွန်းဦး(မှန်လှပါဘုရား)။

ဒါကော ခင်ဗျားတို့က အတော် ဟောထားတာကိုးလို့ အောက်မေ့မနေနဲ့ ဖြစ်စဉ်ကိုက်ဟောထားတာလို့ ဆုံးဖြတ် ချက်ချ(မှန်လှပါဘုရား) အတော်ကြီးကြီးကျယ်ကျယ်နော်။

တို့ ခြောက်တာကိုးလို့ မအောက်မေ့နဲ့အုံး(မအောက်မေ့ပါဘုရား)၊ အဲဒါဖြင့် ဒကာ ဒကာမတို့ သစ္စာနာမှုသည် အရေးအကြီးဆုံး အလုပ်ဘဲဆိုတာကော ယနေ့ပေါ်ပလား? (ပေါ်ပါဘုရား)။

ပေါ်လို့ရှိရင်ဖြင့် ဒါ—ပွားများကြစို့လား ဆိုပေ့ါ.... ပထမနေ့တုံးက ဦးဘကြည်တို့ကို ဟောခဲ့တယ်၊ ခန္ဓာငါးပါးသည် ပီဠနဋ္ဌောကို ဟောခဲ့တယ်... (မှန်လှပါ)၊ အကျိုးနဲ့ အကန်းက နှိပ်စက်တယ်(မှန်လှပါ)၊ ဟုတ်လား မပြောခဲ့ဘူးလား?(ပြောခဲ့ပါဘုရား)။

အကျိုးနဲ့အကန်းက ခင်ဗျားတို့ကို နှိပ်စက်နေတယ်ဆိုတော့ ခန္ဓာငါးပါးသည် နှိပ်စက်တတ်တဲ့ တရား၊ ပြီးပြီ.... အဲဒါ မထည့်တော့ဘူး (မှန်လှပါဘုရား)။

မနေ့က ဟောလိုက်တော့ ခန္ဓာငါးပါးသည် ဘယ်ဘေးဘယ်ဒဏ်၊ ဘယ်ရန်၊ ဘယ်မာန်မဆို သူခွဲသွားတယ်လို့ မရှိဘူး၊ လက်ခံတဲ့တရား ဟုတ်ဟုတ်ဘူးလား....(မှန်လှပါ)၊ လက်ခံအနှိပ်စက်ခံတဲ့တရား (မှန်လှပါ) သည်လိုသိတော့ အော်.... နှိပ်စက်တတ်တဲ့တရားလဲ သူဘဲ၊ နှိပ်စက်ခံရတဲ့တရားကော.... (သူပါဘဲဘုရား)။

အင်း....ဒါဖြင့် ပုဂ္ဂိုလ်သတ္တဝါရယ်လို့ ဖြစ်လာလို့ရှိရင် နှိပ်စက်ဘို့ရယ် နှိပ်စက်ခံဘို့ရယ် ဖြစ်လာတာကို ဒုက္ခအစစ်ပါလား၊ ဒုက္ခရောက်ဘို့ ဖြစ်လာတာဘဲ....(မှန်လှပါ)၊ ခန္ဓာ

ငါးပါးရတဲ့ပုဂ္ဂိုလ်က ဘာတဲ့.... (ဒုက္ခရောက်ဘို့ပါဘုရား)။ ဒါဖြင့် ပီဠနဋ္ဌော သင်္ခတဋ္ဌော ကျေနပ်ရော့ပေါ့ဗျာ .... (မှန်လှပါဘုရား)။

သည်နေ့ဟောမှာက သန္တာပဋ္ဌောဟောမယ်(မှန်လှပါ)၊ သည် တဆယ့်ခြောက်ချက်ကတော့ လုပ်ရမည့်ကိစ္စ....(မှန်လှပါဘုရား)၊ စာမှာ သည်အတိုင်းလာတယ် ဘုရားဟောတာ (မှန်လှပါ)၊ သဘောကျပလား?(ကျပါဘုရား)။

သည် တဆယ့်ခြောက်ချက်လဲ သိရမည့်ကိစ္စ ပွားများရမည့်ကိစ္စ (မှန်လှပါ)၊ ဒါဖြင့် ဒကာ ဒကာမတို့ သည်တရားလေးကို ပွားများရမည့်ကိစ္စဟာ ဒုက္ခသစ္စာကို ဒုက္ခသစ္စာလို့ သိစေချင်တဲ့အကျိုးငှါ ဘုန်းကြီးတို့ ဒကာ ဒကာမတွေကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သစ္စာအနက်(၁၆)ချက်ကို ဟောပါတယ်....(မှန်လှပါဘုရား)။

မဟောဘူးလား....(ဟောပါဘုရား)၊ ဟောတော့ သည်နေ့ သန္တာပဋ္ဌောဆိုတာကို ဟောလိမ့်မယ်။ ပါဠိလိုတော့.... "သန္တာပဋ္ဌော"၊ မြန်မာလိုတော့ ခင်ဗျားတို့ ခန္ဓာကိုယ်ကြီး ရထားတာ၊ မီးလောင်စာကြီး ရထားတာ .... (မှန်လှပါ)၊ ရှင်းပလား....(ရှင်းပါဘုရား)။

ဘာ ရ,ထားပါလိမ့်(မီးလောင်စာကြီး ရ,ထားပါဘုရား) မီးလောင်စာကြီး ရ,ထားတယ်လို့ ဒကာ ဒကာမတို့ မှတ်လိုက်စမ်းပါ(မှန်လှပါ)၊ ဘာ ရ,ထားတုံး.... (မီးလောင်စာကြီးပါ ဘုရား)။

နောက်က ဒကာ ဒကာမတွေ ဘာရ.... (မီးလောင်စာကြီး ရ,ထားပါဘုရာ)၊ မီးလောင်စာကြီး ရ,ထား။ သည်မီးက သာမည်မီး မဟုတ်ပါဘူးတဲ့....၊ သည်အထဲမှာ တထောင့်ငါးရာ ကိလေသာမီးတွေ အောင်းနေတယ်။

ထောင့်ငါးရာ ကိလေသာမီးတွေ မဂ်နဲ့မပယ်သ၍ ဘယ့်နှယ်နေတုံး.... (အောင်းနေပါဘုရား)၊ အောင်းနေတော့ ကျန်တဲ့ ရုပ်,နာမ်တွေက မီးဇာတွေ(မှန်လှပါ)၊ ဒါဖြင့် မီးလောင်စာမှ ဟုတ်ရဲ့လား.... (ဟုတ်ပါဘုရား)၊ ရှင်းပလား (ရှင်းပါဘုရား)။

ခန္ဓာကြီးက ဘာပါလိမ့်.... (မီးလောင်စာပါဘုရား)၊

တထောင့်ငါးရာ ကိလေသာတွေက မီး....။ ဒါဖြင့် မီးနဲ့လောင်စာတွဲနေတဲ့ဥစ္စာ၊မီးက သူတော်ကောင်းလို့ ဆိုမလား (မဆိုနိုင်ပါဘုရား)၊ မီးက သူတော် ကောင်းဆို ဘယ် သူ မှ မလောင်ဘူးပေါ့ဗျာ (မှန်လှပါ)၊ ရိပ်မိပလား.... (ရိပ်မိပါဘုရား)။

မီးကသူတော်ကောင်းလို့ဆိုကြမလား–မဆိုဘူးလား.... (မဆိုပါဘုရား)၊ ဘယ့်နှယ်ဆိုပါ.... (လောင်တတ်တဲ့ မီးပါဘုရား)၊ လောင်တတ်တဲ့မီးသာ ဆုံးဖြတ်ချက်ချ။

ဒကာ ဒကာမတွေ ဒါက ဘယ်မှာနေသတုံးလို့ မေးခွန်းထုတ်ပြန်တော့လဲ ဘယ့်နှယ်ဆိုကြ....(ခန္ဓာထဲမှာပါဘုရား) ခန္ဓာထဲမှာ ရှိတယ်၊ ဘယ်ရှိ.... (ခန္ဓာထဲမှာပါ ဘုရား)။ ခန္ဓာထဲမှာရှိတယ်။

ခန္ဓာထဲမှာရှိလို့ ခင်ဗျားတို့ ကိုယ်တိုင် အခု မီးလောင်လို့ ကိုယ့် အိမ်ကိုယ့် ယာ၊ ကိုယ့် တိုက်တွေကိုယ့်တာတွေတည်နိုင်တဲ့ ပုဂ္ဂိုလ်လဲ တည်ကြဟုတ်လား....၊ အမျိုးမျိုး အဖုံဖုံ အခြံအရံ တွေနဲ့ နေကြထိုင်ကြတာ။

အဲသည် ကိုယ့်အိမ် ကိုယ့်ယာ ကနေပြီး ဟိုသွားပြီး ငွေရှာရ၊ သည်သွားပြီး ငွေရှာရ၊ ဟိုသွား မိတ်ဆွေ အပေါင်းအသင်းဖွဲ့ရ၊ သည်သွားပြီး မိတ်ဆွေအပေါင်းအသင်းဖွဲ့ရဆိုတာ ကိုလေသာမီးလောင်လို့ အိမ်ကကို ထွက်ပြေးနေရတာ....(မှန်လှပါဘုရား)၊ ဦးဘအုန်း အိမ်ကထွက်ပြေးရတာ ရိပ်မိပလား (ရိပ်မိပါဘုရား)။

ဟိုဈေး စုံစမ်းရေး ထွက်ရ၊ မထွက်ရပေဘူးလား? (ထွက်ရပါဘုရား)၊ ဟိုမှာ ရစရာကိစ္စရှိ ဟိုသွားလုပ်ရမှာဗျ' ကိုယ့် အိမ်မှာ မနေရဘူး၊ ဟိုသွား မထွက်ရဘူးလား? (ထွက်ရပါဘုရား)။

အဲဒါ ခင်ဗျားတို့ မီးလောင်လို့ပြေးတာ....၊ ဒကာဒကာမ တို့ ဘာဖြစ်လို့ ပြေးတာတုံး.... (မီးလောင်လို့ပါဘုရား)၊ လောဘမီးလောင်တာ(မှန်လှပါ)၊ မလောင်ဘူးလား လောင်သလား?(လောင်ပါဘုရား)။

အဲသည်တော့ သည်ခန္ဓာကိုယ်ကြီးဟာ လောင်သာနေ တယ်၊ လမ်းမှာလဲ လောင်ရင်းသွားတာဘဲ မဆိုနိုင်ဘူးလား? (ဆိုနိုင်ပါဘုရား)၊ လမ်းမှာလဲ အင်း....သည်ခန္ဓာကိုယ်ကြီးကို

ဘယ်သူက ဘာနဲ့တွေ့ကြုံလို့ ဘာနဲ့ တိုက်မိမတုံး၊ ဘာနဲ့ ခိုက်မိမတုံး၊ ကားနဲ့ တိုက်မိမလား၊ စက်ဘီးနဲ့ တိုက်မိမလား ဒါတွေ ကြောင့်ကြတဲ့ ဒေါသ မီးကရော... (လောင်ရက်ပါ ဘုရား)။

လောင်ရက်နဲ့ အိမ်ကထွက်တုံးက လောင်စာမီးနဲ့၊ လမ်းကြတော့ အန္တရာယ် တွေ့တော့ ဒေါသမီးနဲ့ ဟုတ်လား ?၊ (မှန်လှပါ) အဲ-သည်တော့လောဘမီး၊ဒေါသမီးသာလောင်ပြီး သကာလ လာတော့ ကိုယ့်အလုပ်ခွင်၊ ကိုယ် ရစရာ ရှိတဲ့ဆီ ရောက်ပြီးသကာလ လာတော့ အိမ်ဆောက်ပြီး အိမ်မနေရတာ ဘာပြုလို့ မနေရတာတုံးသာ... ဦးဘကြည် မေး ကြည့် (မီးလောင်လို့ မနေရတာပါဘုရား)။

မီးလောင်လို့ ထွက်ပြေးနေရတာ.... (မှန်လှပါ)၊ ဒကာ ဒကာမတို့ အိမ်ဆောက်ပြီး အိမ်နေကြရတဲ့ ပုဂ္ဂိုလ်အတော်ဘဲ ရှားပါတယ်(ရှားပါဘုရား)မရှားဘူးလား ? (ရှားပါတယ်) ဒါက ည အပန်းဖြေဘို့....၊ အပန်းဖြေဘို့ .. ရိပ်သာလေး တခု တော့ဖြင့် နေဘို့တော့မဟုတ်ပါဘူး....(မှန်လှပါ)၊နေ့လည်ကြ တော့ နေကောနေကြရဲ့လား ?(မနေရပါဘုရား)၊

မဖြစ်ဘူး တခါတည်း ခြေလျင်သွားနေရင် နွေးမှာစိုးလို့ စက်ဘီးနှင့်သွား နွေးမှာစိုးလို့၊ ဦးဘကြည် ကားနဲ့မသွား ကြရဘူးလား ? (သွားရပါဘုရား)၊ ကိလေသာမီးက လောင် လွန်းလို့ အမြန်ပြေးကြရတာ (မှန်လှပါဘုရား) အမြန်ပြေး ရတယ် (မှန်လှပါဘုရား)။

နေ့နေ့ ပြေးလို့ရှိရင်ဖြင့်၊ ကိလေသာမီးက ပိုလောင်နေတော့ လေယာဉ်ပျံမြန်လှပြီအောက်မေ့နေတာ ကိလေသာမီးက၊ သူ့ထက်အရင် ရောက်ချင်တယ် (မှန်လှပါဘုရား)၊ ရှိ့လိုက်တဲ့ဖြစ်ခြင်း မရှိ့ဘူးလား ?၊ (ရှိ့ပါဘုရား)။

ရှိ့လိုက်တော့ ဒကာဒကာမတွေ အိမ်ဆောက်ပြီး၊ အိမ်မနေရတာဟာ ဘာမီးပါလိမ့် (ကိလေသာမီးပါဘုရား)၊ ခင်ဗျားတို့က ဟိုအိမ်က မီးလောင်လို့ ဟိုအိမ်က လူတွေထွက်ကန်ပြီလို့အောက်မေ့မနေနဲ့၊ဟုတ်ဘူးလား ?(မှန်လှပါ)အိမ်တိုင်းကိုထွက်တယ်၊ နေ့တိုင်းမီးလောင်နေတာ(မှန်လှပါ)၊

ဟိုအိမ်သွားကြည့်စမ်း၊ သည်အချိန် တွေ့ပမလားဆိုတာ လူလွတ် ကြည့်ရသေးတယ်၊ ရှိမှရှိပါမလား၊ ? မီးလောင်လို့ ပြေးများ ပြေးနေပလားလို့ မပြေးရဘူးလား ? (ပြေးရပါဘုရား) ပြေးရတယ် ဒကာဒကာမတို့ရဲ့၊ကိုယ့်ဟာကို ဘာဖြစ်နေတယ်ဆိုတာ သိပြီ၊ ဘယ်လိုသိတုံး (မီးလောင်နေတာပါဘုရား)။

အဲ....ဘုရား တဆူ တဆူ ပေါ်သည့် တိုင်အောင် နာရတို့ ခဲ့ရင်းပါတယ်၊ ဒကာဒကာမတို့၊ ဟုတ်ဘူးလား ? ( မှန်လှပါဘုရား ) ထိုက်တန်တဲ့ပါရမီတွေလဲရှိကြပါရဲ့ ပါရမီ ပြည့်မယ်ကြံရင်၊ ဦးချစ်ခ၊ ဘာဖြစ်ရင်း ဖြစ်နေ (လောင်ရင်း ဖြစ်နေပါတယ်ဘုရား)

ဒါဖြင့် သံသရာထဲမှာ ပါရမီမပြည့်လို့၊ ထွက်ချပ်လမ်းမဝင်ရတော့ပါဘူး ဆိုရင်ဖြင့် ခင်ဗျားတို့က သဲ ရရင်းမီးရှို့ရင်း ဆိုတော့ ဘယ်တော့ ပြည့်မှာတုံး (မပြည့်ပါဘုရား)၊ ကဲ....

ဦးဘကြည် ရိပ်မိပလား? (ရိပ်မိပါဘုရား) ခန္ဓာကိုယ်တွင် လောင်သလား၊ သူတော်ကောင်း ရတနာပါ လောင်သလား? (သူတော်ကောင်းရတနာပါ လောင်ပါဘုရား)။

အော်....ဒါဖြင့်နာလိုက်တဲ့ ဖြစ်ချင်းဗျာ မပြောနဲ့တော့ ဟင်၊သူတော်ကောင်းရတနာပါလောင်ပြစ်လိုက်တယ်ဆိုတော့ သစ္စာမသိခင်တုံးကဖြင့်၊ လောင်မှန်းလဲ မသိဘူး၊ (မှန်လှပါ) လောင်တာလဲကေန်ဘဲ၊ အရင်းတွေ အကုန်ရှုံးဗျာ(မှန်လှပါ) သဘောကျပလား ? (ကျပါဘုရား)။

ပါလာတဲ့အရင်းတွေ ဘဲနှယ်နေတုံး.... ဦးဘကြည်(ရှုံးပါဘုရား) ရှုံးလိုက်ဘဲ့ ဖြစ်ခြင်းမှုခင်ဗျားတို့ ခန္ဓာရှုံး၊ သူတော်ကောင်း ရတနာတွေကော ( ရှုံးပါဘုရား ) ရှုံးတယ်.... ဒါ ဘယ့်နှယ်ကြောင့်၊ အရှုံးကြီး ရှုံးရပါလိမ့်မတုံးလို့၊ မေးတဲ့ အခါကြလို့ရှိရင်၊ သစ္စာသိတဲ့ဉာဏ်၊ မလာတော့လို့၊ သစ္စာ သိတဲ့ဉာဏ်က သည်အထဲမှာကိန်းနေတယ်၊(မှန်လှပါ)၊

မကိန်းပေဘူးလား? (ကိန်းပါဘုရား)တော်တော်နေရင်း သစ္စာသိရင်း ဆိုတော့ ကိလေသာ ဝင်ခွင့် ရသေးသလား? (မရပါဘုရား)၊ မရတော့ ဘယ်သူလောင်တုံး (လောင်စရာ မရှိပါဘုရား) လောင်စရာမရှိတော့ဘူး၊ ကိလေသာကသာ၊ ထွက်ပြေးရတော့တယ်၊သူကသာနိုင်သွားတော့တယ်၊မဂ်ဉာဏ် ကသာ နိုင်သွားတော့တယ်....၊ ဒကာဒကာမတို့ ကျန်တာက နိုင်သေးရဲ့လား? (မနိုင်ပော့ပါဘုရား)။

ဒါကြောင့် မဂ်ဉာဏ်သည် ဘယ်လောက် နိုင်တယ်ဆိုတာ ဘုန်းကြီးရှင်းပြမယ်၊ သည်ဘဝမှာ ခင်ဗျားတို့၊ တထောင့်ငါးရာ ကိလေသာရှိတယ်ဆိုတာ၊ အထင်အရှား ဒါဒုက္ခသစ္စာဘဲကွ ဉာဏ်ကသာ ဆုံးဖြတ်ချက်ချ၊ ဟုတ်လား....?၊ (မှန်လှပါ) ဖြစ်တာလဲဒုက္ခဘဲ၊ ပျက်တာရော (ဒုက္ခပါဘုရား)။

အဲ-ဒုက္ခမေဝဥပ္ပဇ္ဇမာနဥပဇ္ဇတိဒုက္ခံ•နိရုဇ္ဈမာနံနိရုဇ္ဈတိကို ဒုက္ခဖြစ်၍၊ ဒုက္ခပျက်တာမှတပါး၊ ခင်ဗျားတို့ ခန္ဓာကိုယ်ထဲ ဘာမှမရှိဘူးတဲ့၊ (မရှိပါဘုရား) ရိပ်မိပလား? (ရိပ်မိပါဘုရား) ဖြစ်ပေါ်လာတာလဲ ဘာတွေတုံး.... (ဒုက္ခတွေပါဘုရား) ပျက်သွားတာရော.... (ဒုက္ခတွေပါဘုရား)။

ခင်ဗျားတို့သဏ္ဌာန်၊ ဖြစ်ပျက်မှတပါး၊ ဘာတွေရှိသေးတုံး (မရှိပါဘုရား)၊ ဒါဖြင့်အဲဒီဖြစ်တာလဲအားလုံး (ဒုက္ခပါဘုရား) ပျက်တာရော ( ဒုက္ခပါဘုရား )၊ ဘယ်ဒုက္ခကိုကြိုက်သတုံး.... (ဘယ်ဒုက္ခမှမကြိုက်ပါဘုရား)။

ဘယ်ဒုက္ခမှ မကြိုက်ဘူး၊ နှစ်ခုစလုံး မကြိုက်ဘူးဆိုပြီး.... သူ့ပိုင်းခြားလိုက်၊ မင့်ဒုက္ခမှန်းသိပြီ ဖြစ်တာလဲ တို့ မကြိုက်တော့ဘူး၊ ပျက်တာရော (မကြိုက်တော့ဘူး)၊ ဒါကိုထွန်းဦး သံယုတ်ပါဠိတော်မှာ သည်အတိုင်းလာတယ်၊ ဒုက္ခ ပိုင်းခြားပုံ ရိပ်မိပလား? (ရိပ်မိပါဘုရား)။

ကစ္စာယန အနွယ်ကိုဟောတာ (မှန်လှပါ)၊ ကစ္စာယနအနွယ်ကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက "ဒုက္ခမေဝ ဥပ္ပဇ္ဇတိ မာနံ ဥပ္ပဇ္ဇတိ ဒုက္ခံ နိရုဇ္ဈမာနံ နိရုဇ္ဈတိ" ဒုက္ခဖြစ်၍ ဒုက္ခပျက်

တာမှ တပါး မင်းတို့ခန္ဓာထဲ ဘာမှမရှိဘူးတဲ့....(မှန်လှပါ)၊ ရှင်းပလား ? (ရှင်းပါဘုရား)။

ဖြစ်တာလဲဘာတုံး.... (ဒုက္ခပါဘုရား)၊ ဒုက္ခသစ္စာဘဲ....၊ ပျက်တာကော(ဒုက္ခပါဘုရား)၊ဒုက္ခကို ခင်ဗျားတို့ဘဲ စဉ်းစား ကြည့်ပါတဲ့၊ သစ်ပင်လေးတပင် စိုက်ကြည့်ပါလို့ ဘုန်းကြီး က ပြောတယ်၊ မျိုးစေ့လေးတခု စိုက်ကြည့် ဦးဘကြည်ရ စိုက်ကြည့်ကထဲက အညွန့်လေးတွေ ထွက်ကတည်းက ၎ အပင် လဲမှ လဲပါမလားလို့ မေးဘိုလိုသေးလား(မလိုပါဘုရား)။

ဘာကြောင့် မလိုတုံးဆိုတော့ လဲမည့်ဘက် သွားနေတာ၊ သည်မှာလဲ ဖြစ်ကထဲက ပျက်မည့်ဘက် မျက်စောင်းထိုးနေဘာ ရုပ်ဓမ္မလေးတွေက ဖြစ်တယ်ဆို ဘယ် မျက်စောင်းထိုးတုံး.... (ပျက်မည့်ဘက် မျက်စောင်းထိုးပါဘုရား)၊ နာမ်ဓမ္မကလဲ ဖြစ်ပြီးတော့ ဘယ်မျက်စောင်းထိုးတုံး ... (ပျက်မည့်ဘက်ပါ ဘုရား)။

အဲ....သင်းချိုင်း မျက်စောင်းထိုးမွေးလာတာနဲ့ အတူတူဘဲ ရိပ်မိပလား ? (ရိပ်မိပါဘုရား)၊ အဲသည်တော့ ဒကာ ဒကာမ တွေ သည်ခန္ဓာကိုယ်ကြီးဟာ နာမ်ဓမ္မတွေ ကြည့်လိုက်ပြန်လဲ သင်းချိုင်း မျက်စောင်းထိုးနေတာ(မှန်လှပါ)၊ ထွက်လာလို့ ရှိရင် မျက်စောင်း ထိုးတဲ့အတိုင်းလဲ အရောက်သွားတာဘဲ.... (မှန်လှပါ)၊မသွားဘူးလား-သွားသလား ?(သွားပါဘုရား)။

ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ခင်ဗျား တို့ သဏ္ဍာန်မှာဖြစ်တဲ့ ရုပ်ဟာလဲ ဖြစ်တာလဲ ဒုက္ခ၊ ပျက်တာလဲ ဒုက္ခ။ နာမ်တွေကရော ဖြစ်တာလဲဒုက္ခလို့ ခင်ဗျားတို့ကြည့်ပေး ကြည့်မပေးသင့်ဘူးလား ? (ပေးသင့်ပါဘုရား)။

ကြည့်ပေးသင့်တော့ ဖြစ်ဒုက္ခ ပျက်ဒုက္ခဆိုတော့ အော်.... နတ်ကြည့်လိုက်ပြန်လို့ ရှိရင်ဖြင့်လဲ ဒုက္ခဘဲ၊ ဗြဟ္မာကြည့်လိုက်ပြန်ကော ...(ဒုက္ခပါဘဲဘုရား)၊ သုံးဆယ့်တဘုံမှာဖြင့် ဒုက္ခချည့်ဘဲ (မှန်လှပါဘုရား)။ တောတွေ တောင်တွေ ရေတွေကြည့်လိုက်ပြန်တော့ကော (ဒုက္ခပါဘုရား)၊ ကိုယ့်ခန္ဓာ ဒုက္ခဖြစ်ရင် ကျန်တာတွေ သည်အထဲ အကျုံးဝင်လာတာဘဲ....၊ သဘောကျပလား? (ကျပါဘုရား)။

အဲသည်တော့ သည်ဒုက္ခမြင်တဲ့ဉာဏ်လေးက လာ မလား မလာဘူးလား?(လာပါမယ်ဘုရား)လာမယ် ဒုက္ခမြင်တဲ့ဉာဏ်သည် ဒကာ ဒကာမတို့ သူလာတဲ့အချိန် ဘာဖြစ်ကြသတုံးဆိုတော့ ဒုက္ခကိုကြိုက်တာတော့ ဘယ်သူက ကြိုက်တာတုံးလို့ မေးတော့ ဝိပ္ပလ္လာသ သတ္တိရှိလို့ တဏှာကကြိုက်တာ (မှန်လှပါ)၊ ဟုတ်ပလား(မှန်လှပါဘုရား)။

ဘယ်သူက ကြိုက်တာတုံး.... (တဏှာက ကြိုက်တာပါဘုရား)၊ တဏှာက ကြိုက်တာတဲ့ တဏှာက ကြိုက်တော့.... ရှေးက တဏှာကြိုက်ကို အခုဆရာဘုန်းကြီးက သစ္စာ အနာခိုင်းတယ်၊ ဒါ—ဒုက္ခသစ္စာလို့ ပိုင်းခြားခိုင်းတယ် ခင်ဗျားတို့ကိုနော်....။

ခင်ဗျားတို့သဏ္ဍာန် ရုပ်နဲ့နာမ်ရှိတယ်၊ ရုပ်ကလဲ ဖြစ်ပျက် နာမ်ကရော ...(ဖြစ်ပျက်)၊ နှစ်ခုစလုံး ဖြစ်တာလဲ ဒုက္ခ၊ ပျက်တာလဲ ဒုက္ခ၊ နာမ်ကလဲ ဒုက္ခသစ္စာ၊ ရုပ်ကလဲ...(ဒုက္ခသစ္စာပါဘုရား)၊ ဒုက္ခသစ္စာ....။

သည်ဒုက္ခသစ္စာဆိုတာကတော့ လောကုတ္တရာဖြစ်တဲ့ နာမ်ရုပ်ပါ ဒုက္ခသစ္စာဘဲ (မှန်လှပါ)၊ သစ္စာဖွဲ့လိုက်လို့ရှိရင်.... လောကုတ္တရာရောက်နေပေမဲ့လဲ အင်း....တို့ဖြင့် ဖြစ်ပျက် ငြိမ်းပေါ့လို့ အောက်မေ့မနေပါနဲ့ ဒုက္ခသစ္စာ ဒုက္ခသစ္စာပါဘဲ (မှန်လှပါဘုရား)။

နိဗ္ဗာန်မရောက်သေးသ၍ ဒုက္ခသစ္စာချည်းဘဲ.... (မှန်လှပါဘုရား)ကောင်းပြီဒါဖြင့် သည်ဟာဖြစ်တာပျက်တာ နာမ်လေး ကြည့်လိုက်ပြန်လဲ ဖြစ်တာနဲ့ ပျက်တာဘဲ ရှိတယ်၊ ရုပ်လေး ကြည့်လိုက်ပြန်တော့ကော(ဖြစ်တာနဲ့ ပျက်တာပါဘုရား)။

ဖြစ်တာနဲ့ ပျက်တာရှိတော့ ဖြစ်တာပျက်တာကိုဘဲ ဘုရားက ဖြစ်ဒုက္ခ ပျက်ဒုက္ခကွ။ ဘာဟောထားခဲ့တုံး ဒကာ ဒကာမတို့....(ဖြစ်ဒုက္ခ ပျက်ဒုက္ခပါဘုရား)၊ ဖြစ်တာလဲ ဒုက္ခဘဲ၊ ပျက်တာလဲ ဒုက္ခဘဲ ဘုရားက မပိုင်းခြားဘူးလား ? (ပိုင်းခြားပါဘုရား)။

ပိုင်းခြားတယ် ဆိုတဲ့အတိုင်း ကျုပ်တို့က ဉာဏ်နဲ့ကြည့်လိုက်တော့ ဟုတ်သားဘဲ ဖြစ်ပြီးပျက်သွားတာမှတပါး ခန္ဓာကိုယ်ထဲမှာ ပွားကြည့်လိုက် ဘာဝေတဗ္ဗနဲ့ ပွားကြည့်လိုက်တော့ ဦးဘကြည် ဘာတွေ့မယ်ထင်တုံး....(ဖြစ်ဒုက္ခ ပျက်ဒုက္ခပါ ဘုရား)။

ဖြစ်ပျက်တွေ့မယ်၊ ဖြစ်ပျက်တွေ့တော့ အဖြစ်ကလဲ ဘာသစ္စာ....(ဒုက္ခသစ္စာပါဘုရား)၊ အပျက်ကရော.... (ဒုက္ခသစ္စာပါ ဘုရား)။

အဲသည် ဒုက္ခသစ္စာလို့ တွေ့လာတဲ့အခါကြတော့ အင်း— ပထမ ဝိပဿနာဉာဏ်က ယ ထာ ဘူ တ ဉာဏ် လဲ ဖြစ်တန် သလောက် ဖြစ်ခဲ့....(မှန်လှပါ)၊ နိဗ္ဗိန္ဒ ဉာဏ်ကရော....(ဖြစ်ပါဘုရား)၊ ထိုက်တန်သလောက် ဖြစ်ခဲ့တယ်(မှန်လှပါဘုရား)။

သို့သော် ဒုက္ခတော့ မပိုင်းခြားနိုင်သေးဘူး (မှန်လှပါ)၊ ပိုင်းခြားနိုင်ရဲ့လား ? (မပိုင်းခြားနိုင်ပါဘုရား)၊ မပိုင်းခြားနိုင်သေးဘူး၊ "ဒုက္ခ ပရိညာ ဘိ သမယေန အဘိသမေတိ" ဆိုဘဲ့အတိုင်း ဒုက္ခကို ပိုင်းခြားလိုက်တော့ အော်.... အရင်တုံးက ဖြစ်ပျက်သာအောက်မေ့နေတယ်၊မဟုတ်ပါလားဟေ့ ဖြစ်ဒုက္ခ ပျက်ဒုက္ခပါလား.... (မှန်လှပါဘုရား)။

အရင် ဒုက္ခတော့ ဖြစ်,ပျက်သာ အောက်မေ့နေတာ....၊ ဖြစ်ပျက်ဆိုတော့ အနိစ္စနဲ့ ဒုက္ခ အနတ္တတင်ဖြစ်တယ် (မှန်လှပါဘုရား)၊ ဖြစ်ပြီး ပျက်တာ အနိစ္စလို့ မဆိုနိုင်ဘူးလား .. ? (ဆိုနိုင်ပါဘုရား)၊ ဖြစ်ပြီး ပျက်တာကို ဒုက္ခလို့ကော.... (ဆိုနိုင်ပါဘုရား)၊ ဖြစ်ပြီး ပျက်တာကို အစိုးမရတဲ့ အနတ္တလို့ကော (ဆိုနိုင်ပါဘုရား)။

အဲဒါက အနိစ္စ, ဒုက္ခ, အနတ္တသာ ဖြစ်သေးတယ် ဒကာ ဒကာမတို့ သစ္စာမဖြစ်သေးဘူးတဲ့.... (မှန်လှပါ)၊ သစ္စာမဖြစ်သေးရင် မဂ်မဖြစ်သေးဘူးဗျ(မှန်လှပါ)၊ ဖြစ်တော့ ဖြစ်ပါရဲ့ လောကီမဂ်ငါးပါးတော့ ဖြစ်တယ်လို့ တနေ့က မပြောခဲ့ဘူးလား.... (ပြောခဲ့ပါဘုရား)။ လောကီမဂ် ငါးပါးသာ ဖြစ်တယ်....။

အနိစ္စ၊ ဒုက္ခ၊ အနတ္တမြင်လို့ ရှိရင်ဖြင့် ဘာသာလျှင်ဖြစ်တယ်.... (လောကီမဂ်ငါးပါးသာ ဖြစ်ပါဘုရား)၊ ဒါဖြင့်.... "လောကုတ္တရာ အဋ္ဌင်္ဂိကော မဂ္ဂေါ" ဆိုတဲ့အတိုင်း ဒကာ ဒကာမတို့ ရှစ်ပါးပြည့်ဘို့ဆိုတာကတော့ ဒုက္ခပိုင်းခြားမှ ပြည့်မယ်....(မှန်လှပါ)၊ ရှင်းပလား ? (ရှင်းပါဘုရား)။

ဒုက္ခပိုင်းခြားနိုင်ရင် ဘာတဲ့ ဒကာ ဒကာမတို့.... (ရှစ်ပါးပြည့်ဘို့ပါဘုရား)၊ ဒုက္ခ မပိုင်းခြားနိုင်သေးရင်(ရှစ်ပါး မပြည့်သေးပါဘုရား)၊ ဘယ်တော့မှ ရှစ် ပါး ပြည့် လိမ့် မယ် လို့ မအောက်မေ့နဲ့။

ဒါဖြင့် ဘုန်းကြီးက ခတ်ကြမ်းကြမ်းဘဲ ဒကာ ဒကာမတွေ ဟောတယ်....၊ အခုတရားက အရင်လိုလာပြီ ဟောလို့ လွယ်သွားပြီနော်။ မင်းတို့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ....နိဗ္ဗာန်မရောက်ဘူး (မှန်လှပါ)၊ နိဗ္ဗာန်၏ရှေ့ပြေး နိဗ္ဗာန်သာရောက်အောင် ပို့နိုင်တယ်၊ နိဗ္ဗာန်မြင်တဲ့တရား မဟုတ်ဘူး (မှန်လှပါဘုရား)။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ မြင်တဲ့ဉာဏ်သည် နိဗ္ဗာန် မြင်ပါရဲ့လား ? (မမြင်ပါဘုရား)၊ ရှင်းပလား ? .... (ရှင်းပါဘုရား)၊ ဒါဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တသည် နိဗ္ဗာန်ရောက်ကြောင်းတရားသာ ဆိုတယ်တဲ့ နိဗ္ဗာန်ကို တကယ်မျက်မှောက်ပြုနိုင်တဲ့တရား ဟုတ်ပါရဲ့လားလို့ မေးရင်.... (မဟုတ်ပါဘုရား)၊ ကြည့်ကို မကြည့်နိုင်ဘူး၊ သူက ဖြစ်ပျက်နေတဲ့ တေဘုမ္မက သင်္ခါရအာရုံပြုနေတယ်(မှန်လှပါဘုရား)။

ဒါဖြင့် မင်္ဂါးပါးဘဲ သခ်ံတအာရုံဆိုတော့ အသခ်ံတနား မသိနိုင်ဘူး.... (မှန်လှပါ)၊ သိနိုင်ပါ့မလား ? .... (မသိနိုင်ပါဘုရား)၊ မသိနိုင်တော့ နောက်ဆပ်ဗျာ ပွားများပြီးသကာလ ဖြစ် ပျက် မြင်အောင်ကြည့်....၊ ဖြစ် ပျက် မုန်းအောင်ကြည့်ပြီး သကာလ ဖြစ် ပျက် ဆုံးအောင် ရှုမှသာလျှင် နိဗ္ဗာန် ရောက်မှာကိုး၊ မဆုံးလို့ ရှိရင်ဖြင့် နိဗ္ဗာန်ရောက်ပါ့မလား....(မရောက်ပါဘုရား)။

မရောက်တော့ကို ဖြစ် ပျက် ဆုံးချင်တဲ့အချိန်၊ ဥာဏ်ရင့်လာတဲ့အချိန်ကြတော့ အော်....ဖြစ်တာလေးကလဲ ဒုက္ခသစ္စာလေးဘဲ၊ ပျက်တာလေးကရော....(ဒုက္ခသစ္စာလေးပါဘုရား)၊ အော်.... သက်သက်သည်ဥစ္စာ ဒုက္ခလဲ ဟုတ်တယ်၊ သစ္စာလဲ ဟုတ်တယ်၊ ဆင်းရဲတာလဲ သူ့ထက်ဆင်းရဲတာ မရှိတော့ဘူး၊ သစ္စာလဲ မှန်လိုက်တဲ့ဖြစ်ခြင်း၊ သူ နှိပ်စက်နေတဲ့ တရားတွေက ပိဠနဋ္ဌ သခ်ံတဋ္ဌ သန္တာပဋ္ဌောတွေက သူ့ မီးချည့်ရှို့နေတာဘဲ (မှန်လှပါဘုရား)။

ပိဠနဋ္ဌကော မနှိပ်စက်ဘူးလား....? (နှိပ်စက်ပါဘုရား)၊ သခ်ံတဋ္ဌရော မနှိပ်စက်ဘူးလား? (နှိပ်စက်ပါဘုရား)၊ သန္တာပဋ္ဌဆိုတဲ့ မီးတွေကရော.... (လောင်ပါဘုရား)၊ လောင်ဆဲဘဲ ဖြစ်ပြီးသကာလနေတော့ အော်....သည်ရုပ်၊နာမ် နှစ်ပါးသည်ကား ဆိုလို့ရှိရင် ရုပ်ရှုတဲ့လူက ရုပ်ပေါ့ဗျာ.... (မှန်လှပါ)၊ နာမ်ရှုတဲ့ပုဂ္ဂိုလ်က နာမ်ပေါ့ဗျာ (မှန်လှပါဘုရား)။

အဲသည်ကဲ့သို့ ရုပ် နာမ် တွေကို တခုခုကို မပြီး လိုက်၍ ရှုလိုက်ပြီဆိုမှဖြင့်ရင် သူတို့နှစ်ခုဟာ မခွဲကောင်းတဲ့တရားကိုဗျ (မှန်လှပါ)၊ ''ဥဘော အညော ညနိဿိတ ကေသိ ဘိဇ္ဇ မာနေ ဥဘောပိ ဘိဇ္ဇန္တိ''ဆိုတဲ့အတိုင်း တခုပျက်တာမြင်လို့ ရှိရင် သူ့ရောတခါတည်း တွဲရက်ပါသွားတာဘဲ။

သူတို့က အညမညကိုဗျ(မှန်လှပါ)၊ ရုပ်နဲ့နာမ်နဲ့ အညမည မှီနေကြတာ....(မှန်လှပါဘုရား)၊ တောင်ဝှေးနှစ်ချောင်း သည်လို စုထောင်ထားသလိုရှိရင်ဖြင့် မြေပေါ်မှာ ထားရတာ ပေါ့ဗျာ....(မှန်လှပါဘုရား)၊ တချောင်းဆွဲလိုက်တော့ . (မှန် ပါဘုရား)၊ နှစ်ချောင်းလုံး လဲမှာဘဲ၊ မလဲဘူးလား ? (လဲပါ တယ်ဘုရား)။

အဲသည်တော့ ရုပ်ပျက်ရင် နာမ်ပျက်တယ်လို့ ဆုံးဖြတ် ချက်ချ ဒကာ ဒကာမတွေ.... ရှင်းပလား ? (ရှင်းပါဘုရား)၊ တောင်ဝှေးနှစ်ချောင်း အဖျားခြင်း စုစီးထားစမ်း နှစ်ခု ထိပ်တိုက်-တိုက်နေလို့ တည်နေတာကိုဗျ....(မှန်လှပါ)၊ ထိပ် တိုက်နေလို့ တည်နေတာ၊ တချောင်းဆွဲလိုက်တော့ နှစ်ခုထိပ် တိုက်စရာ ရှိသေးသလား ? (မရှိပါဘုရား)။ မရှိတော့ တခု ကော မပြုတ်ဘူးလား ? (ပြုတ်ပါဘုရား)။

ဒါဖြင့် ရုပ်ကိုမှီနေတဲ့နာမ်၊ နာမ်ကိုမှီနေတဲ့ရုပ် (မှန်လှပါ) မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါဘုရား)၊ သဟဇာတ နိဿယ ကျတော့ နာမ်ကိုမှီတဲ့ ရုပ်၊ ပုရေဇာတနိဿယ ကျတော့ ရုပ်ကို မှီတဲ့နာမ် (မှန်လှပါ)၊ ဘာထူးသေးတုံး ခင်ဗျားတို့ (မထူးပါ ဘုရား)၊ သဘောကျပလား ? (ကျပါဘုရား)။

ပဋ္ဌာန်းနည်းနဲ့ကော ကိုက်ပလား?....(ကိုက်ပါဘုရား)၊ သဟဇာတဆိုတော့ သည်နာမ်ဖြစ်ရင် သည်ရုပ် မဖြစ်ပေဘူးလား?(ဖြစ်ပါဘုရား)၊ ကဲ–သဟဇာတနဲ့ ထောက်ပြတယ် (မှန်လှပါဘုရား)။

ပုရေဇာတနဲ့ကြတော့ သည်ကနေပြီးသကာလ ပုရေဇာတ ပစ္စယောဆိုတော့ သူမလာလို့ရှိရင် သည် နာမ် သည် ကား ဆိုလို့ရှိရင် သေဘွယ်ရာသာရှိတယ်(မှန်လှပါ)၊ မရှိဘူးလား (ရှိပါဘုရား)။

သူက ရှေ့ကတခါတည်း ပုရေဇာတဖြစ်ပြီးသကာလ ရှေးက နေပြီးသကာလ ထောက်ပံ့ကူညီလို့၊ မှီစရာ ရှိလို့သာလျှင် သူ့အသက် သည်နာမ်ဓမ္မလေး အသက်ရှည်တာ....(မှန်လှပါ) နို့မို့ရင် ရှည်ပါ့မလား?(မရှည်ပါဘုရား)၊ ဖြစ် ပျက် မှီစရာ မရှိရင် သူ ပေါ်နိုင်ပါ့မလား?(မပေါ်နိုင်ပါဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဉာဏ်ရောက်ပြီး လို့ သူတို့နှစ်ခု တခုပျက်ရင် ဘာပါလိမ့်....(တခုလဲ ပျက်ပါ ဘုရား)၊ နှစ်ခုပျက်ဘဲ(မှန်ပါဘုရား)၊ ရှင်းပလား? (ရှင်းပါ ဘုရား)။

ပျက်တော့ကို သူတို့နှစ်ခုသည် ဖြစ်တာလဲ သိ၊ ပျက်တာလဲ သိတယ်ဆိုတော့ ဒုက္ခမှတပါး ဘာရှိသေးတုံး?(မရှိပါဘုရား) အော်....ဒါ ဒုက္ခအစစ်ဘဲလို့ ဆုံးဖြတ်ချက်ချလိုက်စမ်း(မှန်လှ ပါ)၊ မင်းနဲ့ဖြင့်„နေချင်တဲ့သတ္တ မရှိတော့ပါဘူးလို့ဆိုရင်ဖြင့် ဒုက္ခချုပ်ပြီ (မှန်လှပါ)၊ မချုပ်ဘူးလား ? (ချုပ်ပါဘုရား)။

ဘာဖြစ်လို့ ချုပ်သတုံးလို့ မေးလို့ရှိရင် သမုဒယ အရှိန်အစော်မရှိလို့၊ သူနဲ့ပတ်သက်တဲ့ သမုဒယ အရှိန်အစော် မရှိလို့တဲ့(မှန်လှပါ)၊ ရှင်းပလား?(ရှင်းပါဘုရား)။

ဒါဖြင့် ချုပ်သွားတာ သစ္စာ ဘယ်နှစ်ပါးတုံး....?(ဒုက္ခနဲ့ သမုဒယပါဘုရား)၊ သမုဒယနဲ့ဒုက္ခ....၊ ဒါဖြင့် ရှုနေတဲ့ဉာဏ်ဟာ ဘယ်သူနဲ့ တည့်ရမှာပါလိမ့်မတုံးဆိုတော့ ဒုက္ခမရှိတာနဲ့ သွားတည့်မယ်....(မှန်လှပါဘုရား)။

ဘာနဲ့ သွားတည့်မယ်.... (ဒုက္ခမရှိတာနဲ့ သွားတည့်ပါမယ်ဘုရား)၊ ဒုက္ခမရှိတာက ဘာသစ္စာတုံး? (နိရောဓသစ္စာပါဘုရား)၊ နိရောဓသစ္စာ ဘယ်သူ နိရောဓလဲ.... (ဒုက္ခနိရောဓပါဘုရား)၊ကိလေသာနိရောဓကော ရှင်းပလား? (ရှင်းပါဘုရား)။

ဒုက္ခကသဲ ဆက်သွယ် သေးသလား....? (မဆက်သွယ်ပါဘုရား)၊ ကိလေသာနဲ့ကော(မဆက်သွယ်ပါဘုရား)၊ ဒါဖြင့် တဏှာနိရောဓ နိဗ္ဗာန်၊ ဒုက္ခနိရောဓ နိဗ္ဗာန်နဲ့ ဟောဒီမယ်ခင်ဗျားတို့ရှု ဉာဏ်နဲ့ကိုသွားကိုက်တယ် (မှန်လှပါ)၊ မကိုက်ဘူးလား?(ကိုက်ပါတယ်ဘုရား)။

ဒါဖြင့်.... နိဗ္ဗာန်သည်ကား ဆိုလို့ရှိရင် ခန္ဓာအဆုံးမှာ ရှိတယ်ဆိုတော့ ဟောဒီ ခန္ဓာအဆုံးမှာ နိဗ္ဗာန်ရှိတယ်(မှန်လှပါ) ရှင်းပလား?(ရှင်းပါဘုရား)၊ ခန္ဓာထဲမှာမရှိဘူး (မှန်လှပါ)၊ ခန္ဓာအဆုံးမှာ ရှိတယ်.... (ရှိပါဘုရား)၊ ကြေနပ်ပလား.... (ကြေနပ်ပါဘုရား)၊ ကိုင်း—ယနေ့ သည်တွင်တော်ကြစို့....။

**(သာဓု....သာဓု....သာဓု....)**

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း
ကျောင်းတော်ရှင်
**အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား**
**ဟောကြားတော်မူသော**

# ဒုက္ခသစ္စာ၏ အနက်လေးချက်

တို့တွင်

စတုတ္ထမြောက်

## ဝိပရိဏာမဋ္ဌော အနက် တရားတော်

တရားနာနည်း မနေ့က ပြောပြီးပါပြီ၊ နားက ဘုန်းကြီး ပြောဘဲ့တရားကို နာပါ၊ သောတာပန်ဖြစ်ခြင်းအကြောင်းမှာ တရားနာမှုကင်းလို့မဖြစ်ဘူးလို့ ဘုရားက ဟောထားပါတယ်၊ ဒါကြောင့် နားက တရားကို နာပါ၊ တရားနာရုံနဲ့ ကိစ္စပြီး မလားလို့မေးရင် ဒေသနာဉာဏ်အစဉ် လျှောက်ပြီးသကာလ ဉာဏ်ကခန္ဓာကိုယ် ရောက်ပါ၊ နားက တရားကိုနာပါ၊ ဉာဏ် က ခန္ဓာကို အစဉ်လျှောက်ပါလို့ ဘုရားကဟောထားတယ်။

အဲဒါကြောင့် တရားနာနည်းသည် နားကတခါထဲ ဘုန်းကြီးပြောတဲ့သစ္စာကို အော်....သစ္စာဆိုတာ တို့ ယခုထိုင်နေတဲ့ တရားနာနေတဲ့ ခန္ဓာငါးပါးဆိုနေတာကို ဒုက္ခသစ္စာ နားက ကြားမှတ်ပြီးသကာလ ဉာဏ်ကတော့ ခန္ဓာကိုယ်ထဲမှာ ဒုက္ခသစ္စာလေးတွေ၏ ဖြစ်မှုပျက်မှုကို ဂရုစိုက်နေရမယ်။

အဲသည်ကဲ့သို့ နာလို့ရှိရင်.... "ဒေသနာ ဉာဏာ နုသာရေန ဉာဏံ ပေသေန္တသာ ဉာနုတ္တရသာ ဟောတိ"လို့ ပါဠိတော်အရ လာနေတယ်၊ သို့သော် သည်ပါဠိ အဿာထားပါဦး ဒေသနာဉာဏ် အစဉ် လျှောက်ပြီးသကာလ ဉာဏ်ရင့်ကျက်ပါလိမ့်မယ်တဲ့....။

အဲသည်ဉာဏ် ရင့်ကျက်လာတဲ့အခါကြလို့ရှိရင် အဲသည်ဉာဏ်နဲ့ ခန္ဓာကို ကြည့်လိုက်ပြီဆိုမှဖြင့် ကိလေသာ ခြောက်ခန်းပြီးသကာလ ကိလေသာ ကုန်ပါလိမ့်မယ်လို့ ဟောထားသည့်အတွက် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ တရားနာနည်းကို ပြောင်းပြီးနာပါလို့သာ အားလုံး သတိပေးတယ်နော်....(မှန်လှပါဘုရား)။

အားလုံးသတိပေးတော့ ဒကာ ဒကာမတွေ သတိရပြီးလို့ ထားလိုက်ပါတော့၊ ယနေ့ ဘာဟောမှာတုံးလို့ မေးတော့.... သစ္စာအနက်(၁၆)ချက် အနက်က သည်နေ့ ဒုက္ခသစ္စာလေးချက်မှာ စတုတ္ထမြောက် လေးချက်ကို ဟောလိမ့်မယ်လို့ ဒကာ ဒကာမတွေ မှတ်ထားရမယ်(မှန်လှပါဘုရား)။

စတုတ္ထမြောက်လေးချက်ကို ဟောမယ်၊ စတုတ္ထမြောက်လေးချက်က ဘာပါလိမ့်မလဲလို့ မေးခွန်း ထုတ်လို့ရှိရင်.... ဝိပရိနာမဋ္ဌော၊ ဝိပရိနာမဋ္ဌောဆိုတာ ဖေါက်ပြန်သော သတ္တိရှိတယ်ဆိုတာ ဘုရားကဟောထားတယ်....၊

ဖေါက်ပြန်သော သတ္တိရှိတယ်ဆိုတာ ဘယ်သူတုံးလို့.... မေးတော့.... စာသံနှင့် မပြောပါနှင့်တဲ့ လက်ရှိခန္ဓာကြီး.... ဖေါက်ပြန်နေတာကို သိရမယ်... ၊လက်ရှိခန္ဓာကြီးသည် ဒကာဒကာမတို့သဏ္ဍာန်၌ တရားနာရင်းမတ္တနှင့်၊ စိတ်အမျိုးမျိုးပြောင်းတယ်....၊

ရုပ်အမျိုးမျိုး ပြောင်းသွားတယ်.... ဒါကို ဘုန်းကြီးကဟောတယ်၊ စိတ်အမျိုးမျိုးပြောင်းပုံ၊ ရုပ်အမျိုးမျိုးပြောင်းပုံနာမ် အမျိုးမျိုး ပြောင်းပုံ၊ ရုပ်အမျိုးမျိုး ပြောင်းပုံ၊ ဒါကို ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သတိထားပါ(မှန်လှပါ)၊

အဲ....သည်လို သတိထားပြီးသကာလ၊ ပြောင်းတဲ့ဆီကို ဥာဏ်ရောက်သွားပြီ ဆိုမှဖြင့် အော်....ဝိပရိနာမ ဖေါက်ပြန်နေတယ်ဆိုတာ တခြားလား မှတ်တယ်....၊ မိမိစိတ်၏ တခုဖြစ်ပြီးသကာလ၊ တခုချုပ်ပြီး နောက်၊ တခုပေါ်တဲ့ စိတ်ကလေးကလဲ ပေါ်ပြီးသကာလ၊ တခါတည်း သူ့အကြောင်းတိုက်ဆိုင်လို့ပျက်စီးသွား၊ ရုပ်တွေ ကြည့်လိုက်ပြန်လဲ ပူလိုက်အေးလိုက်၊ ညောင်းလိုက်၊ ကိုက်လိုက်၊ ခဲလိုက်နှင့် ပြောင်းလိုက် ရွေ့လိုက်တာတွေ ဒကာဒကာမတွေ တွေ့နေကြရတော့ ရုပ်ဘက်က ကြည့်လိုက်ပြန်လဲ ဝိပရိနာမဖေါက်ပြန်နေတာဘဲ။

ဖေါက်ပြန်ပျက်စီးနေတာ နာမ်ဘက်က ကြည့်ပြန်လဲ ဖေါက်ပြန် ပျက်စီးနေတယ်လို့ ဟောတဲ့အတိုင်း၊ ဥာဏ်က ခန္ဓာကိုယ်ထဲမှာ တည့်တည့်ပြီးပေးလိုက်လို့ရှိရင် တရားနာတဲ့ အဆုံးမှာ ကိစ္စပြီးနိုင်တယ် ဆိုတာကို အားလုံး ဒကာ ဒကာမတွေ မှတ်ထားဘို့ဘဲ၊

အဲသည်တော့ကာ.... ဘုန်းကြီး အများဆုံး ပြထားတာ သည် ဒကာ ဒကာမတို့ ခန္ဓာငါးပါးလို့.... မှတ်ရလိမ့်မယ် ခန္ဓာငါးပါးဆိုတာ....သည်က အပြကတော့ ငါးပါးဘဲ၊ ယခု ဒကာဒကာမတွေ တရားနာ နေတာကလဲ၊ သည်ငါးပါးနှင့် နာနေတယ်ဆိုတာဘဲမှတ်ပါ၊

အဲသည်တော့ သည်ငါးပါးနှင့် နာနေတော့ သည်ငါးပါး မှာ ရုပ်တပါး၊ နာမက္ခန္ဓာလေးပါး၊ နာမ်တရားက လေးပါး ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် မှတ်ထားလိုက်တော့ အော်.... နာမ်တပါး၊ ရုပ်တပါး၊ နာမ်ကလေးပါး ပါလား ဆိုတော့ နာမ်ကလေးပါးလို့ ဘုန်းကြီးက ဟောထားတယ်၊ နာမ်ဆိုတာတပါးပျက်တော့ နာ့ဂ်ရုထဲကအဖြစ်ကတူတဲ့အတွက် နာမ်ဘက်က အပျက်တူတယ်လို့မှတ်ပါ။

ရုပ်ဘက်ကလဲ ထိုနည်းအတူဘဲတဲ့ အဋ္ဌကလာပ်တွေ၊ ဒသ ကလာပ်တွေဖြစ်နေတော့၊ တခုပျက် အကုန်ပျက်ဘဲ၊ သို့သော် ရုပ်ပျက်က နှေးတယ် ...နာမ်ပျက်ကမြန်တယ်လို့မှတ်ထားပါ ကောင်းပြီ ဒါဖြင့် ဝိပရိနာမဆိုတာ ဘာပါလိမ့်မတုံးဆိုတော့ ပင်ကိုယ် သဘော စွန့်တာလို့....အားလုံး.... မှတ်ကြပါ၊

ဝိပရိနာမ သဘောဆိုတာ ဘာပါလိမ့် (ပင်ကိုယ်သဘော စွန့်တာပါဘုရား)။

အဲ....ဝိပရိနာမဒွေော နဂိုရ်ခန့်ခိုင် မတည်နိုင်ဘဲ၊ ယိမ်းယိုင်ပြိုကွဲ ပျက်စီးခြင်း မြဲသော သဘော သည်လည်းကောင်း၊ သည်ရုပ်ဓမ္မဟာလဲ နဂိုရ်ခန့်ခိုင် မတည်နိုင်ဘဲ ယိမ်းယိုင်ပြိုကွဲ ပျက်စီးခြင်းမြဲ၏။ နာမ်ဓမ္မကလဲ နဂိုရ်ခန့်ခိုင် မတည်နိုင်ဘဲ ယိမ်းယိုင်ပြိုကွဲ ပျက်စီးခြင်းမြဲတာ အဲဒါ ဝိပရိနာမလက္ခဏာ ဝိပရိနာမသဘောတွေဘဲ၊ ဦးဝတို့(မှန်လှပါဘုရား)။

ဒါအရင်....ရုပ်ဓမ္မ, နာမ်ဓမ္မ,တွေ ဘယ်ရောက် ကုန်တုံးလို့ မေးခွန်းထုတ်လို့ရှိရင်၊ ဇရာ,မရဏ, ဒဏ်ချက်နှင့် အသက် ထွက်သွားကုန်ပါပြီဘုရား။ ဝိညာဏ် ချုပ်သွားကုန်ပြီဘုရား။ ပျက်စီး ကုန်ပြီ ဘုရားလို့ ကိုမောင် မဆိုနိုင်ဘူးလား? (ဆိုနိုင်ပါဘုရား) ဆိုရမယ် သည်အတိုင်း ဆိုထိုက်တယ်၊

အဲဒါ ဘယ်လို ပုဂ္ဂိုလ်မှလဲဆိုတော့ ဘုန်းကြီးပြောတဲ့ ဉာဏ်နှင့် ဒကာဒကာမတွေရဲ့ ခန္ဓာကိုယ်ကို တည့်တည့် ပေး လိုက်တဲ့အခါကြတော့မှ ဓမ္မကပြောလာလိမ့်မယ် ရှင်းပလား (ရှင်းပါဘုရား) ဘယ်သူကပြောလိမ့်မယ်ထင်တုံး ... (ဓမ္မက ပြောလာမှာပါဘုရား)။

အဲ....သည်တော့ ဓမ္မက ပြောလာတဲ့ အခါကြလို့ရှိရင် ယုံတော့ ဘုန်းကြီးကပြော မယုံခြင်နေ ဓမ္မကို စိုက်ကြည့် လိုက်လို့ ဓမ္မက ပြောရင်တော့ဖြင့် အော်... ဟုတ်ပေတယ်လို့ ဆုံးဖြတ်ချက်ချရမှာဘဲ ရှင်းပလား (ရှင်းပါဘုရား)။

ဘယ်သူကပြောတာ အတည်ပြုရမှာတုံး (ဓမ္မကပြောတာ ပါဘုရား) အဲသည်တော့-ဘုရားကမင်းတို့ကွာ သောတာပန် တည်ချင်လို့ရှိရင် မေ္မာနု ဓမ္မပဋိပတ္တိ အလုပ်ဟာ အရေးကြီး တယ်လို့ မပြောဘူးလား (ပြောပါဘုရား)၊ ဓမ္မာနု ဓမ္မပဋိ ပတ္တိ အရေးကြီးတယ်ဆိုတာသည် ဓမ္မအားလျော်စွာ အနုပဋိ ပတ္တိ အစဉ်အတိုင်း ကျင့်ပေးပါ ရှင်းပလား.... (ရှင်းပါ ဘုရား)။

သည်ကနာမ်တွေက ဘာတုံး....(ဓမ္မ)၊ ရုပ်ကရော(ဓမ္မ)၊ သည်ကမဂ္ဂင်ငါးပါးက ဘာဆိုကြမယ်(အနုပဋိပတ္တိပါဘုရား) သုံးရုပ်ပေါင်းတော့ ဓမ္မာနု ဓမ္မပဋိပတ္တိဆိုတော့ ခင်ဗျားတို့က ဘုရားရှိခိုးတဲ့ အထဲမှာ၊ ဣမာယ ဓမ္မာနု ဓမ္မ ပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ လို့ ခင်ဗျားတို့က ဗုဒ္ဓံ ပူဇေမိ ဖြစ်နေတယ်.... (မှန်လှပါဘုရား)

စင်စစ်ကတော့ မဟုတ်ဘူး၊ ဓမ္မာနု ဓမ္မပဋိပတ္တိဆိုတာသည် တရားက ဖေါက်ပြန် ပျက်စီးတာ ပြလို့ရှိရင်....၊ ဉာဏ်က ဖေါက်ပြန်ပျက်စီးတာမြင်အောင်ကြည့်ရလိမ့်မယ်(မှန်လှပါ) အဲ....ဒါမှ ဓမ္မာနု ဓမ္မပဋိပတ္တိဖြစ်တယ်....သည်က ဓမ္မသည်က အနုပဋိပတ္တိ(မှန်လှပါ)ရှင်းပလား (ရှင်းပါဘုရား)။

အဲသည်တော့ ဘုရားရှိခိုးစရာလား....၊ ဓမ္မသဘောကို ဓမ္မသဘောနှင့် ကြည့်ပါဆိုတာလား (ဓမ္မသဘောကို ဓမ္မ သဘောနှင့် ကြည့်ပါဆိုတာပါဘုရား) ဓမ္မ သဘောတို့သည် ဓမ္မ ၏ ဖေါက်ပြန်ပျက်စီးတဲ့သဘောကို နောက်ဓမ္မကနေပြီး သကာလ ကြည့်ပေးပါလို့ ဘုရားကဟောတယ်။

သည်လို ဓမ္မာနု ဓမ္မ ပဋိပတ္တိ ကျင့်မယ် ဆိုရင်ဖြင့် သည်ဘဝမှာ "သောတာပန်" တည်ရမယ်လို့.... အင်္ဂုတ္တိုရ်က လေးချက်ပြတဲ့အထဲမှာ .. ဒါအရေးကြီးဆုံးအချက်ဘဲ(မှန်လှပါဘုရား) သဘောကျပလား(ကျပါဘုရား)။

ဒါဖြင့်.... ခင်ဗျားတို့ ခန္ဓာကြီးသည် ဘယ်အချိန်မှာ ဓမ္မသဘော မပြောတဲ့အချိန် ဦးချစ်လှ ရှာစမ်း (မရှိပါဘုရား) သို့သော်ခင်ဗျားတို့က မကြည့်ဘူး(မှန်လှပါ)ကိုထွန်းဦး တို့က မကြည့်ရှုဘူး.... (မကြည့်မိပါဘုရား) ပြောတဲ့အချိန်တိုင်း လိုက်ကြည့်၊ ဘယ်လောက်များသတုံး လိုက်ကြည့်(မရေတွက်နိုင်ပါဘုရား)။

မရေတွက်နိုင်အောင် ပြောငြားသော်လည်း၊ ကြည့်မှုက မရေတွက်နိုင်အောင် မကြည့်ဘူး(မကြည့်ပါဘုရား)၊ထိုကဲ့သို့ မကြည့်သောကြောင့် ခင်ဗျားတို့သည် ကိလေသာချုပ်ငြိမ်း ရုပ်သိမ်းတဲ့ ဒုက္ခချုပ်သိမ်း ချုပ်ငြိမ်း ရုပ်သိမ်းတဲ့ နိဗ္ဗာန်ကို မရခြင်း၏ အကြောင်းပေါ်ပလား?၊ (ပေါ်ပါပြီဘုရား)။

ဘာမကြည့်မိလို့ဘာလိမ့်(ဓမ္မကို မကြည့်မိလို့ပါဘုရား) ဓမ္မကို ဓမ္မာနု ဓမ္မပဋိပတ္တိဆိုတဲ့ အတိုင်း အနုပဋိပတ္တိနှင့် ကျင့်လို့ရှိလျှင်ကျင့်၊ မကျင့်လျှင် ထိုကဲ့သို့ မကျင့်မိတဲ့အတွက် ကိုယ့်ချို့ယွင်းချက်ရှိလို့ သောတာပန် မတည်တာကိုးလို့ မဆိုထိုက်ဘူးလား?၊ (ဆိုထိုက်ပါဘုရား)၊ သည်ခမ္မကို နာမ်ခမ္မကြည့်ကြည့်၊ ရုပ်ခမ္မကြည့်ကြည့်၊ ကြည့်လိုက်လို့ ရှိရင်ဖြင့် သည်ခမ္မကလဲဖေါက်ပြန်ပျက်စီးတာတွေ့ရမှာဘဲ၊သည်ဘက်က ဓမ္မကရော(ဖေါက်ပြန်ပျက်စီးတာပါဘဲဘုရား)။

ဒါဖြင့် သူဖေါက်ပြန်၍ပျက်စီးတာဟုတ်လား(မှန်လှပါ) သူက ဖေါက်ပြန် ပျက်စီးမှု သိတာလို့ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါဘုရား) ဆိုနိုင်လို့ရှိရင်ဖြင့်တဲ့ သည်ဓမ္မခင်တွယ်တဲ့ တဏှာ၊ လာခွင့်တောင်မရဘူး(မရပါဘုရား)။

သည် ဓမ္မ စိုးရိမ်တဲ့ သောကကော....(မလာပါဘုရား) အော်....ဒါဖြင့် ဒကာ ဒကာမ တို့သည် ဘယ် အတွက်ကြောင့် ကိလေသာချုပ်ငြိမ်း ရုပ်သိမ်းတဲ့....နိဗ္ဗာန်မရပါလိမ့်မတုံးဆိုတော့ အော်....ဓမ္မာနု ဓမ္မပဋိပတ္တိ လိုနေလို့(မှန်လှပါ)၊ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

ဘာပေါ်ကြ(ဓမ္မာနု ဓမ္မပဋိပတ္တိ လိုနေလို့ပါဘုရား) ခင်ဗျားတို့ အရေးအကြီးဆုံး လိုနေတာ သည်နေ့ညထုတ်ပြောထားတယ်.... ရှင်းပလား ဦးဘကြည်(မှန်လှပါဘုရား) ဘာလိုနေတုံး....(ဓမ္မာနု ဓမ္မပဋိပတ္တိပါဘုရား)၊ သည်ဓမ္မကတော့ သေသေ ချာချာ၊ ဘယ်အချိန်မှာ ခင်ဗျားတို့ သန္တာန်မှာရှိတဲ့ ဓမ္မကလဲ ဖေါက်ပြန်ပျက်စီးနေတာဘဲ (မှန်လှပါ)၊

ပုထုဇဉ်သန္တာန်ရှိတဲ့ဓမ္မကရော(ဖေါက်ပြန် ပျက်စီးနေပါဘုရား) အဲသည် ဖေါက်ပြန်ပျက်စီးနေတာကို၊ အနုပဋိပတ္တိ ဆိုဘဲ့အတိုင်း၊ လျော်အောင်မကြည့်မိလို့ (မှန်လှပါဘုရား) ကြည့်မိတဲ့ဥစ္စာ မရှိတဲ့အတွက် ခင်ဗျားတို့သည် ဓမ္မနောက်က မကြည့်မိတော့ကို၊ဝိပဿနာဉာဏ်နှင့် မကြည့်မိတော့ ဘာနှင့် ကြည့်မိသတုံးဆိုလို့ရှိရင်ဖြင့် ငါနာတယ်၊ငါကိုက်တယ်၊ ငါခဲ

တယ်....၊ ငါသည်ကား ဆိုလို့ရှိရင်၊ အနာဂရနေပြီ ဆိုတော့ သက္ကာယ ဒိဋ္ဌိနှင့် ကြည့်နေတာ(မှန်လှပါ)၊

သမ္မာဒိဋ္ဌိနှင့်တော့ မကြည့်မိပါဘုရား....။ အဲဒါကြောင့် မဂ္ဂင်နှင့်ဝေးနေတယ်လို့.... ဦးဘအုန်းတို့ ဆိုလို့ရှိရင်ဖြင့် ငြင်းဘို့လိုသေးသလား? (မလိုပါဘုရား) အော်....ဒါဖြင့် တို့ တရားနာနေတာဘဲ၊ တရားနာပြီး ကျင့်ရမည့် အလုပ်က တော့ဖြင့်၊ ဓမ္မာနု ဓမ္မပဋိပတ္တိ အလုပ်တဲ့ ကိုထွန်းဦး ပေါ် ပလား (ပေါ်ပါပြီဘုရား)။

အလုပ်ကတော့ ဘာတဲ့ဗျာ( ဓမ္မာနု ဓမ္မပဋိပတ္တိပါဘုရား) အဲသည်တော့ ဗုဒ္ဓံ ပူဇေမိ ဆိုလို့မဖြစ်ဘူးတဲ့ သည်ဥစ္စာ ဓမ္မံ ပူဇေမိ ဆိုလို့မဖြစ်ဘူးတဲ့ သမထကတော့ ဖြစ်တယ် (မှန်လှပါ ဘုရား)၊ သံဃံပူဇေမိ ဆိုလို့ရှိရင်လဲ သံဃာနုဿတိဘက် လှည့်သွားတယ် (မှန်လှပါ)၊

ဘုရားက ဒါ ဟောတာလား၊ အဲသည် ပူဇေမိဟောတာ လား၊ ဓမ္မာနု ဓမ္မပဋိပတ္တိကို ဟောတာလားလို့ မေးလို့ရှိရင် ခင်ဗျားတို့ ဘယ့်နှယ်ဖြေမလဲ (ဓမ္မာနု ဓမ္မပဋိပတ္တိဟောတာ ပါဘုရား) သည်ဓမ္မကပြတဲ့အတိုင်း ဘာပါလိမ့်(သည်ဓမ္မက ကြည့်ရပါမယ်ဘုရား)။

သည်ဓမ္မက ကြည့်ပေးရမဲ့ အလုပ်ကို ခင်ဗျားတို့က ဗုဒ္ဓံ ပူဇေမိ လုပ်နေတာ ခက်သွားတယ် (မှန်လှပါ)၊ ဓမ္မံ ပူဇေမိ လုပ်နေတော့ကော၊ ဝိပဿနာ အလုပ် လုပ်ပါလို့ခိုင်းတဲ့ဥစ္စာ သမထ သွားလုပ်နေတယ် (မှန်လှပါဘုရား)။

ဗုဒ္ဓံ ပူဇေမိ ဆိုတော့ သမထ မကြဘူးလား (ကြပါတယ်ဘုရား)၊ ဓမ္မံ ပူဇေမိ (သမထပါဘဲ ဘုရား)၊ သံဃံ ပူဇေမိ (သမထပါဘဲဘုရား) အဲဒါ ခင်ဗျားတို့ရွတ်သံ ဖတ်သံနှင့်ဟာကွ ခင်ဗျားတို့လို ရှေးလူကြီးတွေကပြောတော့ နောက်လူတွေက သည်အတိုင်း လိုက်လာတာ ဦးဘကြည်တို့ ကြားဘူးရင် ကြားဘူးလိမ့်မယ်နော် (မှန်လှပါ)။

ယခုပြောတဲ့ ဓမ္မအားလျော်စွာ၊ သည်ခမ္မကြည့်ပေးပါ သည်ဓမ္မက အပျက်ပြရင် သည်ခမ္မ အပျက်ကြည့်၊ သည်ဓမ္မ အဖြစ်ဆိုရင်၊ သည်ခမ္မကဘာတုံး (အဖြစ် ကြည့်ရပါမယ်ဘုရား)၊ အဖြစ်ကြည့်ရမယ်ဆို.... ဒါမှ သည်တရား နှင့် သည်တရား မလျော်ဘူးလား? (လျော်ပါဘုရား)။

အပျက်ဆိုအပျက်ကြည့်၊ အဖြစ်ဆိုအဖြစ်ကြည့်၊မုန်းစရာပြ မုန်းစရာကြည့်၊ အသုဘပြ အသုဘကြည့်ပေါ့ဗျာ (မှန်လှပါဘုရား)၊ ဒုက္ခသစ္စာပြရင် (ဒုက္ခသစ္စာ ကြည့်ရပါမယ်ဘုရား) ဒါဖြင့် သည် တရား နှင့် သည် တရားအသိ မှန်လို့ မဆိုနိုင်ဘူးလား ? (ဆိုနိုင်ပါဘုရား)။

အသိမှန် မှန်သဖြင့် မဂ္ဂင်ပေါ့(မှန်လှပါဘုရား)ရှင်းပလား (ရှင်းပါဘုရား) အော်...သည်က၊ အပြလွဲနေတာကို ဆိုဘဲ့ အဒိပ္ပါယ်ကော ပေါ်ပလား? (ပေါ်ပါဘုရား) ဒါဖြင့် ဓမ္မာနု ဓမ္မပဋိပတ္တိ လေးတလုံးဟာ.... ဒကာ ဒကာမတွေ.... သောတာပန် တည်ခြင်းအကြောင်းမှာ၊ စတုတ္ထမြောက်ပါဘဲ။

သည့်ပြင် ကလျာဏမိတ္တနဲ့ ပေါင်း၊ သူတော်ကောင်းနဲ့ ပေါင်း ဟုတ်လား.... နှလုံးသွင်း ကောင်း၊ ဓမ္မာနု ဓမ္မပဋိ ပတ္တိကောင်း ဤလေးချက် ကောင်းလို့ရှိရင် သောတာပန် တည်နိုင်တယ်လို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အင်္ဂုတ္တိုရ်ပါဠိတော်မှာ နှစ်ခွန်းသောစကား မပြောဘဲနဲ့.... တခွန်းနဲ့ အမှန်ပြောတဲ့ ကိုယ်တော်ကြီးက ဓမ္မာနု ဓမ္မပဋိပတ္တိ လုပ်ပါ ပေါ်ကြပလား?(ပေါ်ပါဘုရား)။

ဒါ....အလွဲသုံးစားလုပ်နေတာ ဦးခင်မောင်ရ (မှန်လှပါ)၊ အလွဲသုံးစားလုပ်နေတာ၊ ဗုဒ္ဓပူဇေမိ ဦးခင်မောင်(မှန်လှပါ ဘုရား)၊ ဓမ္မံပူဇေမိဆိုတော့ ပြ ထားတာက ဘာပြထား.... (ဝိပဿနာပါဘုရား)၊ ဝိပဿနာ ခင်ဗျားတို့က ဘာလုပ်နေ (သမထပါဘုရား)၊ ဟာ....ဒါ အလွဲသုံးစား ဟုတ် မဟုတ် ဗျာ....(ဟုတ်ပါတယ်ဘုရား)။

အလွဲသုံးစားမှု သေချာနေတယ်....၊ အလွဲသုံးစားသေချာ နေတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ရှင်းဖြစ်အောင် ရှင်း ဖြစ်ပါဆိုတာ အော်....တရားအားလျော်စွာ ကျင့်ရမဲ့ဥစ္စာကို မကျင့်မိဘူးလို့ မဆိုထိုက်ဘူးလား?(ဆိုထိုက်ပါဘုရား)။

ဒါဖြင့် ကျင့်မှုအလုပ်လိုနေတဲ့ဥစ္စာ ပူဇေမိ အလုပ်လုပ်နေ လို့တော့ မဖြစ်ဘူး .... (မှန်လှပါ)၊ ပူဇေမိလုပ်ရင် သမထ။ ကျင့်မှုလုပ်လို့ရှိရင် ဝိပဿနာ (မှန်လှပါ)၊ ကဲ....ပူဇေမိနဲ့ ပဋိပတ္တိ မကွာဘူးလား?(ကွာပါဘုရား)။

ပဋိပတ္တိဆိုတာက အကျင့်မဟုတ်လား ?(မှန်လှပါဘုရား) ဂ္ဂမာယ မဂ္ဂါနု မဂ္ဂပဋိပတ္တိယာ....(မှန်လှပါ)၊ သူက မဂ္ဂအစဉ် အတိုင်း၊ သူက မဂ္ဂပဋိပတ္တိတရားကို ကျင့်ရမည့် အလုပ်ကို မပြဘူးလား ? (ပြပါဘုရား)။

အဲသည်ကဲ့သို့ပြတော့ ရုပ်နာမ်ပေါ်မှာ မင်းတို့ ပဋိပတ္တိ လုပ်ပါ(မှန်လှပါ)၊ ကျင့်စဉ်လုပ်ပါ၊ ဘယ်လိုကျင့်စဉ်လုပ်ရမှာ တုံးဆိုတော့ မဂ္ဂါနုတဲ့ကွ....၊ သည်တရားနဲ့ လျော်အောင် သည်ကကျင့်ပေး၊ သည်တရားက ဖြစ်ပျက်ပြရင် သည်က ဖြစ် ပျက် ကြည့်ပေး။

သည်တရားက အပျက်ပြရင် သည်တရားက အပျက်ကြည့် ပေး၊ သည်တရားက မုန်းစရာပြရင်.... (မုန်းစရာကြည့်ပေး)၊ မုန်းစရာကြည့်ဘိုဘဲဆိုတော့ သူနဲ့လျော်အောင် ကြည့်ပေး.... (မှန်လှပါ)၊ ကဲ....ဦးဘဒင် ရှင်းပလား ?(ရှင်းပါဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ယခု အော်.... ဘယ်အတွက်ကြောင့် အပါယ်လေးပါး တံခါးပိတ်ပြီး ကိလေ သာ ကုန်ခမ်းတဲ့ သောတာပန်စခန်းသို့ မတက်လှမ်းနိုင်ပါလိမ့် လို့ ဦးချစ်ခ မေးလို့ရှိရင်ဖြင့် သမထလုပ်နေလို့ ဝိပဿနာ မဟုတ်လို့ မဆိုထိုက်ဘူးလား ? .... (ဆိုထိုက်ပါ ဘုရား)၊ ရှင်းပလား ?(ရှင်းပါဘုရား)။

သမထမဟုတ်တဲ့ ဝိပဿနာသာ လုပ်ရမယ်ဆိုလို့ရှိရင်ဖြင့် ဦးဘကြည် ဒါပြီးဘို့ အလုပ်ပေါ့ဗျာ (မှန်လှပါ)၊ ရှင်းပလား (ရှင်းပါဘုရား)၊ ကောင်းပြီ ဒါက ကြားဖြတ်ပြီးသကာလ

ခင်ဗျားတို့ ဗဟုသုတနဲ့ လွဲနေတာလေး ပြင်ပေးရုံမျှဘဲလို့ ဦးဝ မှတ်ရမယ်... (မှန်လှပါ)။

ကဲ–ဒါဖြင့် ယနေ့ ဒုက္ခသစ္စာ၏ စတုတ္ထအချက်ကို ဟောမယ်လို့ ပြောထားတယ်(မှန်လှပါ)၊ စတုတ္ထအချက်ကို ဟောမယ်လို့ ပြောထားတော့ ဓမ္မာနု ဓမ္မပဋိပတ္တိနဲ့ ခင်ဗျားတို့ ကြည့်ပေးလို့ရှိရင် သစ္စာဉာဏ် မဖြစ်ပေဘူးလား–ဖြစ်မလား (ဖြစ်ပါတယ်ဘုရား)။

သစ္စာဉာဏ်ဖြစ်လို့ရှိရင် ကိစ္စဉာဏ် နောက်ကလိုက်ရလိမ့်မယ်၊ ကိစ္စဉာဏ် ကိုက်ပြီးလို့ရှိရင်ဖြင့် ကတဉာဏ်ဆိုတာကိုထွန်းဦး အစီအစဉ်အတိုင်း သွားရမယ်ပေါ့ဗျာ....(သွားရပါဘုရား)။

ကဲ....ကိစ္စဉာဏ် ရှေးဦးစွာပြမယ်၊ "ဝိပရိနာမဒုက္ခ" သူ့အထဲမှာ ဝိပရိနာမဒုက္ခရှိတယ်၊ စာလိုပြောနေရင် ရုပ်ပါတယ် ဖေါက်ပြန်ပျက်စီးနေတယ်၊ ဒကာ ဒကာမတို့ ခန္ဓာငါးပါးဟာ ဘာဖြစ်နေ....(ဖေါက်ပြန်ပျက်စီးနေပါဘုရား)။

ဒါသည် ဘယ်သူ့သဘောတုံး မေးလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ သူ့ပင်ဂိုရ်သဘော....၊ သဘောကျပလား (ကျပါဘုရား)၊ ဘယ်သူ ပြုပြင်ထားတာတုံး သူ့ပင်ဂိုရ်သဘော အတိုင်းလားလို့ မေးလို့ရှိရင်ဖြင့် ဘယ်သူမှ ပြုပြင်ထားတာ မဟုတ်ပါဘူး။

ပင်ဂိုရ်သဘော....၊ ဒါ ပင်ဂိုရ်သဘောနော်....(မှန်လှပါ)၊ ဖေါက်ပြန် ပျက်စီးရမည့်သဘောမို့ သူဘာပြတုံး.... (ပင်ဂိုရ် သဘောပြပါဘုရား)၊ ဖေါက်ပြန်ပျက်စီးပြီးပြတယ်၊ အော်— ဖေါက်ပြန်ပျက်စီးတော့ ဘာပြုလို့ သူ မှန်မှန်ကန်ကန် ပြပါ လိမ့်မတုံးဆိုလို့ ရှိရင်ဖြင့် ဝိသုဒ္ဓိမဂ်မဟာဋီကာက....

"ဇရာယ မရဏောနစ ဒွ်ဓါ ပရိနာမိ တဗ္ဗံ၊ ဝိပရိနာမဋ္ဌောတိ ဇရာယ မရဏောနစ ဒွိပရိနာမိ တဗ္ဗာ"လို့ ပြောထားတဲ့ အတွက် ဇရာယ ဆိုတော့ ဆွေးမြေ့ ယိုယွင်း အိုမင်းသော တရား နှိပ်စက်သောကြောင့်ရင်း။ မရဏောနစ၊ သေကျေ ပျက် စီးအောင် ဖျက်ဆီးတတ်သောတရား ပါသောကြောင့်ရင်း။ ဝိပရိနာမဋ္ဌော၊ ပင်ဂိုရ်သဘောကို စွန့်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

သူယူလာတဲ့ ခန္ဓာငါးပါး ဒကာ ဒကာမတို့ အမိ ဝမ်း ခေါင်းထဲ ပဋိသန္ဓေနေလိုက်တယ်၊ ခန္ဓာငါးပါး ဖြတ်ဆို ကမ္မ ပစ္စယောကြောင့် ဦးဘကြည်တို့ ဝိပါကမဖြစ်ဘူးလား....(ဖြစ် ပါတယ်ဘုရား)၊ ဘာလေးဖြစ်တုံးဆိုတော့ (ခန္ဓာငါးပါး)၊ ရှင်းပြီနော်....(ရှင်းပါဘုရား)။

အတိတ်အကြောင်းကြောင့် ခန္ဓာငါးပါးဖြစ်တယ်(ဖြစ်ပါ ဘုရား)၊ ကောင်းပြီ.... အမိဝမ်းခေါင်းထဲ ရောက်လာတော့ ကျုပ်တို့ကပစ်ချလိုက်လို့ ရောက်လာတယ်ဘဲဆိုကြပါစို့တဲ့.... (မှန်လှပါ)၊ အဲသည် ကပစ်ချလိုက်လို့ ရောက်တဲ့အထဲမှာ သူ ဘာယူဆောင်လာသတုံးလို့ မေးဘို့ မလိုဘူးလား.... (လိုပါ ဘုရား)။

လိုတော့ ဒကာ ဒကာမတွေက မှတ်လိုက်တာပေါ့ အော်–သူ ဇရာနဲ့ မရဏ ယူဆောင်လာတယ်မှတ်ပါ(မှန်လှပါဘုရား)၊ ခန္ဓာငါးပါးသည် ဘာကိုယူဆောင်ပြီးသကာလ ပဋိသန္ဓေနေပါလိမ့်မလဲ (ဇရာနဲ့မရဏပါဘုရား)။

အဲဒါကြောင့် "ဇရာယဝ ဝိပရိနာမဋ္ဌေတိ ဇရာယ မရဏေနစ ဒွိဓါ ပရိနာမိတဗ္ဗာ" ဇရာမရဏ ယူဆောင်လာတယ်ကွ....၊ ဇရာ ယူဆောင်လာတယ်ဆိုတော့ ဇရာက သည်တရားနှစ်ခုကို နှိပ်စက်မယ်ကွ၊ မရဏက ပျောက်အောင် လုပ်မှာဘဲ (မှန်လှပါ)၊ ရှင်းပလား(ရှင်းပါဘုရား)။

ဇရာက ဘာလုပ်မယ်....(နှိပ်စက်ပါမယ်ဘုရား)၊ မရဏက ဘာလုပ်မယ်.... (ပျောက်အောင်လုပ်မှာပါဘုရား)၊ ပျောက်အောင်လုပ်မယ်ဆိုတော့ သည်တရားကြီးဟာ အော်....ဘယ်သူဖျက်လို့ သူပျက်ရှာပါလိမ့်မတုံးလို့ မေးဘို့ လိုသေးသလား (မလိုပါဘုရား)။

သူယူလာတဲ့ ဇရာ၊ သူယူလာတဲ့ မရဏက ဖျက်လို့ ပျက်တယ် ရိပ်မိပလား(ရိပ်မိပါဘုရား)၊ ဒါက ပရမတ်တွေ ဖြစ်နေပါတယ်ဘုရားလို့ လောကီဥပမာနဲ့ ရှင်းပါဦးလို့ ဒကာ ဒကာမတွေက ဘုန်းကြီး တောင်းပန်တာကို မစောင့်ဘဲနဲ့ ဥပမာပြလိုက်ပါမယ်(မှန်လှပါဘုရား)။

ဥပမာပြလိုက်တော့ အင်မတန် ရှင်းပါတယ်.... မှိုဥနက်ဆိုတာ အားလုံးဘဲ သိကြပါတယ်၊ တောင်ပို့မှိုလို့ဆိုတာလည်း အားလုံးဘဲ သိကြပါတယ်၊ မှိုပေါက်တဲ့အခါ ကြလို့ရှိရင်

(မှန်လှပါ)၊ ၎င်းမှိုသည် မြေထဲက ထွက်ခဲ့ရသည့်အတွက် မြေမှုန့်တွေ သူ့ထိပ်မှာမပါဘူးလို့ ငြင်းစရာ လိုသေးသလား (မလိုပါဘုရား)၊ ဦးဘအုန်း လိုသေးသလား(မလိုပါဘုရား)၊ ဘာပြုလို့တုံး ...(မြေထဲက ထွက်ခဲ့ရလို့ပါဘုရား)။

မြေထဲကထွက်ခဲ့ရတဲ့အတွက် မြေမှုန့်ရွက်ပြီး ထွက်ခဲ့ရတယ် (မှန်ပါ)၊ ဒကာ ဒကာမတွေ ဘက်သူ့ရွက်ပြီးတော့ တက်ခဲ့ရ တယ်.... (မြေမှုန့်ရွက်ပြီး တက်ခဲ့ရပါဘုရား)၊ မြေမှုန့်ရွက်ပြီး သကာလ တက်ခဲ့ရတယ်ဆိုသဖြင့် ကျုပ်တို့ ခန္ဓာကိုယ်ဟာလဲ ထိုနည်းအတူဘဲ၊ အမိဝမ်းခေါင်းထဲက ထွက်ကတည်းက ဇရာ မရဏာရွက်ပြီး ထွက်ခဲ့ရတယ်(မှန်လှပါ)၊ ရိုပ်မိပလား (ရိပ်မိ ပါဘုရား)။

ဦးဘကြည် ဘာရွက်လာ (ဇရာ့မရဏာပါဘုရား)၊ ဒါဖြင့် ရူပက္ခန္ဓာထဲလဲ ဒါရွက်ပြီး လာခဲ့တာဘဲ (မှန်လှပါဘုရား)၊ မှို ပေါက်သလိုဘဲ နာမက္ခန္ဓာလေးပါးကရော....(ထို့အတူပါဘဲ ဘုရား)၊ ထိုနည်းအတူတူဘဲတဲ့....။

သည် ဟာ ကြီး ရွက်ပြီးသကာလ လာခဲ့တော့ အော်.... သက်ဆိုးရှည်မှာလားလို့ ငြင်းနေဘို့ ဦးချစ်ခ လိုသေးသလား (မလိုပါဘုရား)၊ ဟာ—ဘယ်လက်နက်နဲ့ အသက်ထွက်ရမှာ တုံးလို့၊ သည်ရုပ်မမှလေးတွေ ပျက်စီးရမှာတုံးလို့ မေးလို့ ရှိရင်ဖြင့် သူယူလာတဲ့လက်နက်နဲ့ သူအသက်ထွက်ရမှာဘဲ.... (မှန်လှပါဘုရား)၊ မ ဆို ထိုက် ဘူး လား ဒကာ ဒကာမတို့.... (ဆိုထိုက်ပါဘုရား)။

ဘယ်သူနဲ့ အသက်ထွက်ရမယ်(သူယူလာတဲ့လက်နက်နဲ့ သူ အသက် ထွက်ရမှာပါဘုရား)၊ သူ ယူလာတဲ့လက်နက်နဲ့ သူ အသက်ထွက်ရမှာ ဆိုတော့ အော်... ကျုပ်တို့သည်ကားဆိုလို့ ရှိရင် လူဖြစ်ရပါလို၏ဆိုတော့ ဇရာ,မရဏက ငါ့ခေါင်းပေါ်က လိုက်ခဲ့ဦးမယ်ဆိုတော့ ကေန်ပါတယ်(ပါ,ပါတယ်ဘုရား)။

နတ်ဖြစ်ရပါလို၏ ဆိုရင်ကော (ပါ,ပါတယ်ဘုရား)၊ ဇရာ မရဏ ကေန်မပါဘူးလား (ပါ,ပါတယ်ဘုရား)၊ ဗြဟ္မာဖြစ်ရ ပါလို၏ ဆိုရင်ကောဗျာ....(ပါ,ပါတယ်ဘုရား)၊ ဇရာ,မရဏ ကေန်ယူဆောင်ပြီးသကာလ တက်လာရဘယ်ဆိုတဲ့ဥစ္စာ ငြင်း ဘို့များ လိုသေးသလား(မလိုပါဘုရား)။

အဲဒါကြောင့် မသိသေးတဲ့ပုဂ္ဂိုလ်အတွက်မှာဖြင့် အော်.... လူဖြစ်ရတာသည်ကား ဆိုလို့ရှိရင် လူကောင်း, နတ်ကောင်း ဖြစ်ရ တော်သေးရဲ့ အဲဒါ သုတ္တန်နည်းနဲ့ဟောတာ၊ သစ္စာနဲ့ ဟောလိုက်တဲ့ အခါကြလို့ရှိရင်ဖြင့် ခန္ဓာငါးပါးဟာ ဒုက္ခ ရောက်ဘို့ဖြစ်လာတာ(မှန်လှပါဘုရား)။

ဇရာ,မရဏ၏ဒဏ်ချက်နဲ့ အသက်ထွက်ရမလို့ပေါ်ပေါက် လာတာ(မှန်လှပါ)၊ ခင်ဗျားတို့ အသက်ထွက်ဘို့ရာဆုတောင်း ထားတာ(မှန်လှပါ)၊ ဆုတောင်းတဲ့အတွက် ဇရာ,မရဏကလဲ ဦးဘကြည်တို့လူစု ဦးခင်မောင်တို့လူစု မပါပါနဲ့ဆိုလို့ကော (မရပါဘုရား)။ မရတော့ အော်....သည်ဥစ္စာ သစ္စာသိလို့ ခေါ်တယ်(မှန်လှပါဘုရား)။

ဝိပရိနာမဋ္ဌကို ယူဆောင်လာ၊ ဝိပရိနာမဋ္ဌဖြစ်အောင် ဇရာ မရဏကိုယူဆောင်လာလို့ ခန္ဓာငါးပါးဟာ ဝိပရိနာမဖြစ်ရရှာ တယ်(မှန်ပါ)၊ သဘောကျပလား (ကျပါဘုရား)။

ခန္ဓာငါးပါးဟာ ဝိပရိနာမ ဖေါက်ပြန်ပျက်စီးရတာသည် ဘယ်ပုဂ္ဂိုလ်ကိုကြည့်ကြည့် အတော်ကြာ အရင်ရုပ်တွေ နာမ် တွေပျောက်ပြီး၊ နောက်ရုပ် နောက်နာမ်နဲ့။ တခြားသော ပုဂ္ဂိုလ်ကြည့်လိုက်ပြန်လဲ နောက်ရုပ် နောက်နာမ်နဲ့ ဝိပဿနာ ဉာဏ်နဲ့ မဟုတ်သေးဘူး၊ အကြမ်းကြည့်တာနဲ့ဘဲ နောက်ရုပ် နောက်နာမ် မထင်ရှားဘူးလား(ထင်ရှားပါဘုရား)။

ခင်ဗျား ဘယ့်နှယ်ဖြစ်သတုံး အရင်အသားအရေမျိုးလဲ မဟုတ်ပါလား၊ အိုမင်း ရင့်ရော်သွားလှချည့်လား၊ အော်.... သည်လိုသည်လိုပေါ့ဗျာ၊ ဘာဖြစ်သွားလို့ ညာဖြစ်သွားလို့ ဆိုတာ ခင်ဗျားတို့ ထုချေလွှာ မပေးရဘူးလား(ပေးရပါတယ် ဘုရား)။

အဲသည်တော့.... သူ ဖေါက်ပြန်ပျက်စီးနေတာ မသေချာ ဘူးလား(သေချာပါဘုရား)၊ အဲဒါက သမုတိသစ္စာနဲ့ ဖေါက် ပြန်တာ(မှန်လှပါ)၊ ပရမတ္ထနဲ့ကြည့်လိုက်တော့ အချိန်မရွေး ဘူး(တင်ပါဘုရား)၊ ရှင်းပလား(ရှင်းပါဘုရား)။

ဝိပဿနာဉာဏ်သက်ဝင်ပြီး ကြည့်လိုက်တဲ့အခါကြတော့ (အချိန်မရွေးပါဘုရား)၊ အချိန်မရွေးဘူး ဘယ်သူ့ဒဏ်ချက် နဲ့ နာမက္ခန္ဓာ ပျက်ရတုံး၊ ရူပက္ခန္ဓာပျက်ရတုံးဆိုတာ ခင်ဗျား တို့ လက်သယ်ပေါ်ပြီ (ပေါ်ပါပြီဘုရား)။ ဘယ်သူပေါ်တုံး (ဇရာ မရဏပါဘုရား)။

အဲ....ဇရာ,မရဏ ဒဏ်ချက်နဲ့ အသက်ထွက်သွားရတယ် ဆိုတော့ ခန္ဓာငါးပါးသည် ခင်ဗျားတို့ဘဲ စဉ်းစားကြည့်ပါတော့၊ ဝိပရိဏာမဒုသဘော၊ ဖေါက်ပြန်ပျက်စီးတဲ့သဘောဟာ အင်း....သူ့ဟာသူ ဖေါက်ပြန်တာ အလိုလိုဖေါက်ပြန်သလား၊ ဖေါက်ပြန်တဲ့သဘောနဲ့ကိုဘဲ တွဲလာတာလားလို့ မေးလိုက်ရင် (ဖေါက်ပြန်တဲ့ သဘောနဲ့ တွဲလိုက်လာတာပါဘုရား)။

ရှင်းပလား ဒကာ ဒကာမတို့ ခန္ဓာကိုယ်ကြီးဟာ ဘာနဲ့တွဲပြီးသကာလ မွေးဖွားလာတုံး....(ဖေါက်ပြန်တဲ့သဘောနဲ့ မွေးဖွားလာပါ ဘုရား)၊ ဖေါက်ပြန်တဲ့ သဘောဟာလဲ သူများ ယူလာတာလား၊ သူယူတာလားဆိုတာလဲ တခါမေးပါအုံး....(သူယူလာတာပါဘုရား)၊ သူယူလာတာ။

အော်....ဒါဖြင့် ခန္ဓာရတဲ့ပုဂ္ဂိုလ်ဖြင့် ဒါပါမှာဘဲ (မှန်လှပါဘုရား)၊ ရှင်းပလား....(ရှင်းပါဘုရား)၊ ခန္ဓာရတဲ့ပုဂ္ဂိုလ် ဇရာ,မရဏ မယူခဲ့နဲ့၊ ဇရာ,မရဏ မပါတဲ့ခန္ဓာကြီးဖြစ်ချင်လို့ ကိုထွန်းဦး ပြည့်ပါ့မလား သည်ဆုတောင်းရင်.... (မပြည့်ပါဘုရား)၊ ဦးဘဒင်တို့ ပြည့်ပါ့မလား(မပြည့်ပါဘုရား)။

မပြည့်နိုင်ဘူးဆိုတာ ရိပ်မိပလား(ရိပ်မိပါဘုရား)၊ ဇရာ မရဏဆိုတာ ဘုန်းကြီးက ဖျက်ဆီးတတ်တဲ့တရားကို သဘောဖေါ်ပြတာ၊ အသားထဲက လောက်ထွက်တာ....(မှန်လှပါ)၊ ရှင်းပလား (ရှင်းပါဘုရား)။

ဇရာ,မရဏဆိုတာ ခင်ဗျားတို့ ပညတ်ပြီးတော့ဟောနေတာ....၊ ခန္ဓာငါးပါးက အနိုပ်စက်ခံသမား၊ ဇရာ,မရဏက ဖျက်ဆီးသမားလို့ဆိုတာ ပညတ်တင် ပြောနေတာပါတဲ့.... (တင်ပါဘုရား)၊ စင်စစ် အသားထဲက လောက်ထွက်တာ.... (မှန်လှပါ)၊ ရိပ်မိပလား (ရိပ်မိပါဘုရား)။

အသားထဲက လောက်ထွက်တာ ဆိုသဖြင့် အော် .. သည် အသားနဲ့ သည်လောက်သည်ကောင်းလို့ဆိုရင်ဖြင့် မကွေမကွာ ပျက်ဆီးဘို့ဘဲ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါဘုရား)။

အဲသည်တော့ ခန္ဓာငါးပါးကို ဘုရားက ''ဇရာယ မရဏေ နစ ဒွိဓာ ပရိနာမိတမှာ၊ ဇရာ ဓမ္မောမိ ဇရာ အနတီတောတိ'' အနတီတော ဇလာသကိုးဗျ၊ မရဏာဓမ္မောမိ မရဏာ အနတီ တောတိဆိုတော့ ပညတ်တင်ဟောတာ(မှန်လှပါဘုရား)။

စင်စစ်တော့ သူက သီးသန့်လား၊ သည်အထဲမှာ ပါနေ တာလား ...(သည်အထဲမှာ ပါနေတာပါဘုရား)၊ ရိပ်မိကြ ပလား (ရိပ်မိပါဘုရား)၊ ဒါဖြင့်.... ရတဲ့ ခန္ဓာငါးပါးဟာ အကောင်းရလား၊ အဆိုးရလား ဝေဘန်လိုက်တော့(အဆိုးရ ပါဘုရား)။

ဒါကြောင့် ခန္ဓာငါးပါးသည် ဝိပရိနာမသဘော သတ္တိ ကြီးကို သူကိုယ်တိုင် ယူဆောင်လာသောကြောင့် ''ဝိပရိ နာမလက္ခဏာ ဒုက္ခသစ္စံ'' ဆိုတဲ့ဥစ္စာ မကိုက်သေးဘူးလား.... (ကိုက်ပါဘုရား)။

အဲသည်တော့ သည်သစ္စာတရားကို နာ့မှသာလျှင် ကိစ္စပြီးမယ်ဆိုတဲ့ဥစ္စာကို ကိုထွန်းဦးတို့ ကိုဘကြည်တို့က ယုံရောပေါ့ဗျာ (ယုံပါဘုရား)၊ ဘာပြုလို့ အတွင်းသားနဲ့တကွ အလုံးစုံ သူရတဲ့ပုဂ္ဂိုလ်ဟာ၊ ဘယ်ပုဂ္ဂိုလ်၊ ဘယ် ဘုန်းကြီးတန်ခိုးကြီးတယ် ဆိုငြားသော်လည်း ဇရာ့မရဏ ယူဆောင်လာတဲ့ပုဂ္ဂိုလ်ချည်း ဖြစ်လေသောကြောင့် ဘုန်းတန်ခိုးတွေဟာ အကုန်ဆုံးမှာချည့်ဘဲ (မှန်လှပါဘုရား)။

ဘယ့်နှယ်ဆိုကြမယ်.... (အကုန် ဆုံးရှုံးမှာပါဘုရား)၊ ဆုံးရှုံးစရာကို ဆုံးရှုံးစရာဟာ ဘယ်အထဲမှာပါလာတာတုံး မေးတော့ ကိုယ်ယူလာတဲ့ခန္ဓာငါးပါး၊ ကိုယ်ဆုတောင်းထားတဲ့ ခန္ဓာငါးပါး၊ ကိုယ်နှစ်သက်နေတဲ့ ခန္ဓာငါးပါးထဲမှာ ပါနေတယ်....(မှန်လှပါဘုရား)။

ကဲ....တပါးသောတရားက လာထည့်တာလား၊ သူ့ဟာသူ အပြည့်အစုံ ထည့်တာလား(သူ့ဟာသူ အပြည့်အစုံထည့်လာတာပါ ဘုရား)၊ သဘောကျပလား(ကျပါဘုရား)။

ဒါဖြင့် သည်ဥစ္စာမျိုး သိရတော့ အော်....သည်ခန္ဓာဟာဖြင့် ဆင်းရဲတာအမှန်ဘဲ၊ ဝေဒနက္ခန္ဓာ ကြည့်လိုက်ပြန်ပါလဲ ဆင်းရဲတာ အမှန်ဘဲ၊ ခန္ဓာငါးပါးစလုံး ဦးဘကြည်... ကြည့်ဘာပေါ့ဗျာ(မှန်လှပါ)၊ ဆင်းရဲတာမှတပါး ဘာတွေ့သေးတုံး....(ဘာမှ မတွေ့ပါဘုရား)။

ကိုချစ်ခ ဘာတွေ့သေးတုံး.... (ဘာမှ မတွေ့ပါဘုရား)၊ ဆင်းရဲတာ အမှန်သာ တွေ့ရတယ်ဆိုတာ ကောန်ဆုံးဖြတ်ချက် မချနိုင်ဘူးလား (ချနိုင်ပါဘုရား)။

ကောင်းပြီ ...ဒါဖြင့် ဆင်းရဲတာအမှန်ကေန်ရှိပြီးသကာလ နေသောကြောင့် ဘုရားအဆူဆူသည် သူယူလာတဲ့ ပဉ္စက္ခန္ဓာကြီးကို ဝန်လေးလှချည်ရဲ့ဆိုပြီး ဘုရားတိုင်း ခန္ဓာဝန် စွန့်တယ် (မှန်လှပါ)၊ မစွန့်ဘူးလား—စွန့်သလား (စွန့်ပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့် သည်ကိုယ်တော်ကြီးတွေ သည်ခန္ဓာကြီးတွေကို စွန့်ချင်တဲ့စိတ် ပေါ်ပါလိမ့်မတုံးလို့ ဆိုလို့ရှိရင် ဖြင့် သူ့အထဲ ဝိပရိနာမတွေက ဖေါက်ပြန်ပျက်စီးပြီး သတ်မည့်ဖြတ်မည့် တရားနဲ့ အပြည့်အစုံ တွဲပြီးသကာလ ပါနေလို့....၊ မပါဘူးလား (ပါ့ပါဘုရား)။

ဝိပဿနာဉာဏ် ရှေးဦးစွာလုပ်လုပ်ပြီး သစ္စာဉာဏ် ကူးတက်လို့ရှိရင် အော်....ဘယ်သူဖျက်လို့မှ ပျက်တာ မဟုတ်ပါလား၊ သူယူလာတာနဲ့ သူပျက်တာပါလား အစရှိသည်နဲ့ ဒကာ ဒကာမတွေ ကောင်းကောင်းကြီး ဆုံးဖြတ်ချက် မချနိုင်ဘူးလား (ချနိုင်ပါဘုရား)။

ချနိုင်လျှင်၊ သစ္စာဉာဏ် ချနိုင်လျှင် ဘာဉာဏ်ပါလိမ့်.... (သစ္စာဉာဏ်ပါဘုရား)၊ သစ္စာသိတဲ့ဉာဏ်၊ ဝိပရိနာမလက္ခဏာ သူ့အထဲမှာ အပြည့်အစုံ ပါသကွ....၊ ဒါကြောင့် သူ ဒုက္ခရောက်သွားတာ....(မှန်လှပါ)၊ ပျက်စီးခြင်းဒုက္ခနဲ့ ကြုံကြုံ မသွားရဘူးလား (သွားရပါဘုရား)။

အဲသည် .. ကြုံကြုံသွားတာကို မြင်တိုင်းမြင်တိုင်း၊ အဲသည် မြင်တဲ့ဉာဏ်ကို ခင်ဗျားတို့က ဘာဉာဏ်ခေါ်ကြမယ်(သစ္စာ

ဉာဏ်ပါဘုရား)၊ သစ္စာဉာဏ် သဘောကျပလား….(ကျပါဘုရား)။ ကောင်းပြီ… သစ္စာတော့ သိပါပြီ၊ ဦးဘကြည် ဒါဟာ ဒုက္ခသစ္စာလို့သိရင် သစ္စာဉာဏ် သဘောကျပလား (ကျပါဘုရား)။

သည်အထဲမှာ ဇရာ့မရဏ ထည့်လို့ အသက်ထွက်တယ်လို့ သိလို့ရှိရင် ကိစ္စဉာဏ် ရိပ်မိပလား….(မှန်လှပါဘုရား)၊ ဒါဟာ ဒုက္ခသစ္စာဘဲလို့သိရင် ဘာဆိုကြမတုံး (သစ္စာဉာဏ်ပါ ဘုရား)၊ သည်အထဲမှာ သူ ခဏမှ တည် နိုင် တဲ့ တ ရား မဟုတ်ဘူး၊ ခဏတည်ပြီး ခဏပျက်စီးပြီးသကာလ သွားမည့်ကိစ္စဘဲ….။

ဘာကြောင့်တုံး သူ ဇရာ့မရဏ ယူလာတယ်၊ ဝေဒနာလဲ ယူလာတယ်၊ သညာလဲ ယူလာတယ်၊ ရူပက္ခန္ဓာရော (ယူလာပါဘုရား)၊ သူတို့ဟာ ဉာဏ်အောက်တွင်ဘဲ ပျောက်ပျောက်ပြီးသကာလ သွားတာ မြင်လိုက်လို့ရှိရင်ဖြင့် ခုနင်က ဝိပရိနာမကိစ္စကို မမြင်ဘူးလား မြင်သလား(မြင်ပါဘုရား)၊ ဝိပရိနာမဌေ သွားမြင်တယ်(မှန်လှပါဘုရား)။

ဝိပရိနာမဌေ သွားမြင်တော့ သည်ဉာဏ် သစ္စာသိတဲ့ဉာဏ်လား ဟုတ်လား…. ဖေါက်ပြန်ပျက်စီးခြင်းကိစ္စကိုသိတဲ့ ဉာဏ်လား မေးရင်ဖြင့် ဘယ့်နှယ်ဖြေကြမယ် (ကိစ္စဉာဏ်ပါဘုရား) ဒါဖြင့် ကိစ္စဉာဏ်ပြီးတော့ကို မဂ်ရဘို့ဆိုတော့ ကတဉာဏ်ဆိုတဲ့ဥစ္စာ မဂ်ရတာကိုဆိုတာ(မှန်လှပါ)၊ ရှင်းပလား (ရှင်းပါဘုရား)။

ဒါဖြင့် ကိစ္စဥာဏ် ရောက် က ထဲ က ကျုပ်တို့သည် ကိစ္စဥာဏ်ဆိုတာ ပင်ဂိုရ်ဒုက္ခသစ္စာ....(မှန်လှပါ)၊ ဒါလောက်သိတာဘဲ ကိစ္စဥာဏ်က၊ သည်အထဲမှာပါတာက နှိပ်စက် ဖျက်ဆီးတာကို မသိရပေဘူးလား....(သိရပါဘုရား)၊ သိတဲ့အခါ ဘာဥာဏ်ခေါ်ကြမယ် (ကိစ္စဥာဏ်ပါဘုရား)။

ကိစ္စဥာဏ် ဖြစ်ပြီးသကာလနေတော့ ကိစ္စဥာဏ်ပိုင်ရင် ကတဥာဏ် ကူးရမယ်....(ကူးရပါဘုရား)၊ ကတဥာဏ်ဆိုတာ မဂ်ဥာဏ်ကိုဆိုတာ(မှန်လှပါဘုရား)၊ ရှင်းပလား ဦးဝတို့....(ရှင်းပါဘုရား)။

ကောင်းပြီ.... ဒါဖြင့် ခင်ဗျားတို့ကို ယနေ့ညဟောတာက (ဟောတာဒုက္ခသစ္စာ)လို့ ဟောတုံးကသစ္စာဥာဏ်(မှန်လှပါ) သဘောကျပလား (ကျပါဘုရား)၊ သည်အထဲမှာ ဝိပရိနာမ လက္ခဏာလေးတွေ ဇရာ မရဏ ဒဏ်ချက်နဲ့ အကုန်ပျက်စီး ရမှာတွေဆိုပြီး ခင်ဗျားတို့က ကြည့်ကြည့်ပြီး ခန္ဓာကိုယ်ကို ကြည့်ကြည့်ပေးလိုက်စမ်းပါနော် (မှန်လှပါဘုရား)။

ကြည့်ကြည့်ပေးသွားတော့ ရုပ်ဓမ္မလေးတွေကလဲ ထိုနည်း အတူဘဲ၊ ဖြတ်ဖြတ် ဖြတ်ဖြတ်နဲ့ ပျက်စီးသွားတယ်၊ အင်း.... ဘယ်သူ့ကြောင့် ပျက်စီးသွားပါလိမ့်မတုံးဆို သူယူလာတဲ့ ဇရာ၊ သူယူလာတဲ့ မရဏ၊ မရဏကြောင့် သေရရှာပြီ ကျေရ ရှာပြီလို့ မဆိုနိုင်ဘူးလား(ဆိုနိုင်ပါဘုရား)။

ဒါတွေ ဥာဏ်ကစိုက်ပြီးသကာလ ထားလိုက်တော့ အလို လို ပျက်တဲ့ ဒိဋ္ဌိတွေကော လာသေးသလား(မလာပါဘုရား) ဇရာ မရဏတို့၏ ဖျက်ဆီးမှုကြောင့် ပျက်စီးမှုကို ရတယ်.... (မှန်လှပါ)၊ ရှင်းပလား (ရှင်းပါဘုရား)။

ဘယ်သူဖျက်ဆီးမှုကြောင့် ပျက်စီးမှုကိုရပါလိမ့်....(ဇရာ မရဏကြောင့်ပါဘုရား)၊ အဲသည်တော့ လက်သယ်နဲ့တကွ ဖျက်ဆီးခံရတဲ့တရားပါ လက်သယ်လဲ မြင်ရရော ခံရတဲ့မွေလဲ ကျုပ်တို့ဥာဏ်ထဲမှာ ရှင်းသွားတယ်ဆိုတော့ လက်သယ်ရော ရှင်းသွားတဲ့ခမ္မရော နှစ်ခုစလုံး ရှင်းသွားတော့၊ လက်သယ်နဲ့ ဓမ္မက သဲ အတူတူလာတာ ဖြစ်နေတော့ သဘောကျပလား လက်သယ်လဲ သည်ခန္ဓာထဲက ထွက်တယ် (မှန်လှပါ)၊ မဆို နိုင်ဘူးလားဗျာ....(ဆိုနိုင်ပါဘုရား)။

ခံရတာလဲ သည်ခန္ဓာဘဲခံရတယ်(မှန်လှပါ)၊ သည်ခန္ဓာ ထဲက လက်သယ်နဲ့ သည်ခန္ဓာကြီးဘဲ အသက်ထွက်ရတယ်.... (မှန်လှပါ)၊ မဆိုနိုင်ဘူးလား(ဆိုနိုင်ပါဘုရား)၊ ဒါဖြင့် သည် ဥစ္စာသည် ဝိပရိနာမ၊ ပီဠနဋ္ဌော၊ သင်္ခတဋ္ဌော၊ သန္တာပဋ္ဌော၊ ဝိပရိနာမဋ္ဌော ဆိုတဲ့ ဖေါက်ပြန်တဲ့ သဘောဟာ အလိုလို ဖေါက်ပြန်တဲ့သဘော ရောက်သေးရဲ့လား.... (မရောက်ပါ ဘုရား)။

ဦးဘအုန်း ရောက်သေးရဲ့လား(မရောက်ပါဘုရား) ဇရာ မရဏတို့ကြောင့် ဖေါက်ပြန် ပျက်စီးရတယ်ဆိုတာ အားလုံး ဒကာ ဒကာမတွေ ရှင်းဘိုဘဲမဟုတ်လား(ရှင်းပါဘုရား)။

ကဲ ...ဝေဒနာတလုံးထည့်ရှုလဲ ဒါနဲ့ရှု(မှန်လှပါ)၊သညာတလုံး ထည့်ရှုကော(ဒါနဲ့ရှုရပါ့ဘုရား)၊ ဒါနဲ့ရှု....၊ ကာယနုပဿနာခေါ်တဲ့ ရုပ်ရှုရင်ကော (ဒါနဲ့ရှုရပါ့ဘုရား)၊ ဒါနဲ့ရှုဆိုတော့ ကိစ္စဉာဏ်နဲ့ ရှုပေးနေလို့ရှိရင်ဖြင့် အားလုံး ဒကာဒကာမတို့ မိမိခန္ဓာကြီးဟာ ဝိပရိနာမကိစ္စမှတပါး၊ ဖေါက်ပြန်ပျက်စီးခြင်းကိစ္စမှတပါး ဘာကိစ္စရှိသေးသတုံးလို့ မေးလို့ရှိရင်ဖြင့် ဘာကိစ္စမှမရှိဘူး၊ ဖေါက်ပြန် ပျက်စီးမှုခံပြီး သကာလ ပျက်စီးသွားတာဘဲ ပျက်စီးခြင်းကိစ္စဘဲရှိတယ်.... (တင်ပါ)၊ သဘောကျပလား (ကျပါ့ဘုရား)။

ပျက်စီးခြင်းကိစ္စ ရှိတယ်လို့ ခင်ဗျားတို့ဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါကြတော့ ပျောက်ပျောက်သွားတာမြင်လို့ရှိရင် အလိုလိုပျောက်တာမဟုတ်ဘူး၊ ပျောက်အောင်လုပ်တဲ့တရားက ပျောက်အောင်လုပ်လို့ ပျောက်သွားတာလို့ မဆိုနိုင်ဘူးလား(ဆိုနိုင်ပါ့ဘုရား)။

ဒကာ ဒကာမတွေ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါ့ဘုရား) နောက်က ဒကာ ဒကာမတွေကော.... (ဆို နိုင် ပါ့ ဘု ရား)၊ အလိုလို ပျောက်တာရှိရဲ့လား (မရှိပါ့ဘုရား)၊ မရှိဘူးတဲ့....၊ အလိုလိုပျောက်သွားတာတော့ တခုမှမရှိဘူး။

ပျောက်သွားတယ်ဆိုလို့ရှိရင်ဖြင့် လေ တိုက်၍သော်ရင်း ဟုတ်လား၊ သူခိုး,ခိုး၍သော်ရင်း ဆိုတော့ လက်သယ်ရှာရမှာဘဲ(ရှာရပါ့ဘုရား)၊ မရှာရပေဘူးလား (ရှာရပါ့ဘုရား)၊

တနည်းအားဖြင့် သူ့အထဲက သူ့ကိုယ်က ပျောက်စရာပါလို့ ပျောက်သွားတာဘဲ အစရှိသည်နဲ့ ဥပမာ.... ပရုပ်တို့ ဘာတို့ကြတော့ ထားလိုက်သည်နဲ့ တပြိုင်ထဲ အလုံးလေးက သေးသေး—သေးသေး သွား၊ သူ့အထဲ ပျောက်စရာက ပါသကိုးဗျ(မှန်လှပါဘုရား)။

ပျောက်စရာပါတော့ ပရုပ်လုံးလေးဟာ အကြီးကြီး ရှိသေးရဲ့လား (မရှိပါဘုရား)၊ ထားတုံးကလို မရှိတော့ဘူး၊ ဘာလို့တုံးဆိုတော့ ပျောက်စရာပါလို့ သူ့ ပျောက် စ ရာကြောင့် သူပျောက်တာ(မှန်လှပါ)၊ သည်မှာ ခန္ဓာကြီးဟာ ဘယ်လိုဆိုကြမလဲ....(သူ့အထဲ ပျောက်စရာပါလို့ပါဘုရား)၊ ဒါဖြင့် ပရုပ်လုံးပျောက်ဘဲ ရိုပ်မိပလား (ရိပ်မိပါဘုရား)။

အော်....သူပျောက်နည်း ပျောက်တာပါဆိုတော့ အော်—တို့ခန္ဓာကြီး ဆုတောင်းပြီးတော့ လူဖြစ်ချင်၊ နတ်ဖြစ်ချင်၊ ပြဟ္မာဖြစ်ချင်လို့ တို့ ဒါန,သီလတွေ လုပ်ပြီး အမျိုးမျိုး ဆုတောင်းကြတာ....၊ ဖြစ်ချင်လို့ ရှိရင်ဖြင့် ပျောက်တာယူပြီး သကာလ လာဘိုဆုတောင်းတာ သေချာတယ်....(မှန်လှပါ)၊ ရုပ်ဖြစ်ရလို့ရှိရင်ဖြင့် ပျက်စီးခြင်း အကြောင်းကို ကျုပ်ဟာ ကျုပ် ယူခဲ့ပါတယ် ဆိုတဲ့အဓိပ္ပါယ် မပါဘူးလား—ပါသလား (ပါ့ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ သည်ခန္ဓာကြီးကို ဘုရားအဆူဆူ စွန့်ချင်တာ ဘယ်သဘောတုံးဆိုတော့ သည်ကိစ္စမြင်လို့ဘဲ.... (မှန်လှပါ)၊ ရှင်းပလား (ရှင်းပါဘုရား)။

မမြင်သေးဘူးလား သည်ကိစ္စ....(မြင်ပါဘုရား)၊ ဒကာ ဒကာမတို့ ဘာကိစ္စရှိသတုံး ခန္ဓာငါးပါးထဲမှာ ဖေါက်ပြန်ခြင်း ကိစ္စရှိတယ်(မှန်လှပါ)၊ ဘာကိစ္စရှိပါလိမ့်....(ဖေါက်ပြန်ခြင်း ကိစ္စရှိပါတယ် ဘုရား)၊ ဘယ်သူ့ကြောင့် ဖေါက်ပြန်တာပါ လိမ့်(ဇရာ့မရဏကြောင့်ပါဘုရား)။

ဇရာ့မရဏကြောင့် ဖေါက်ပြန် ပျက်စီးသွားတယ် ဆိုတာ ဒကာ ဒကာမတို့ မသေချာဘူးလား.... (သေချာပါဘုရား)၊ အဲဒါက ယခုတော့ အပြောတရား ခင်ဗျားတို့အလုပ်ခွင် ဝင် ကြည့်လို့ရှိရင် သူက အသေအချာပြောမယ်(မှန်လှပါဘုရား) သူက ဓမ္မကိုးဗျ....(မှန်လှပါ)။

သည်က အနုပဋိပတ္တိယာဖြင့် လိုက်ပေး၊ မလိုက်သင့်ဘူး လား(လိုက်သင့်ပါဘုရား)၊ လိုက်သင့်လို့ရှိရင်ဖြင့် သည်ဥစ္စာ ဘုရားကလဲ ဟောတယ်၊ ဘုရားကလဲ မဟုတ်တာ ဟောလေ့ မရှိဘူး၊ ကျုပ်တို့က အကြည့်မှန် လို့ ရှိ ရင် ဖြင့် သူ့ပင်ဂိုရ် သဘောသိရမယ်၊ မသိရဘူးလား(သိရပါဘုရား)။

ဇရာ့မရဏ လက်ချက်နဲ့ ဒါလေးတွေ ပျက်ရမယ်ဆိုတာ ကော ငြင်းဘို့လိုသေးသလား(မလိုပါဘုရား)၊ အဲသည်ကဲ့သို့ ခင်ဗျားတို့ကြည့်လိုက်တော့ မယုံရင် ခင်ဗျားတို့ရော ထမင်း စားချင်တဲ့စိတ်လေးက ပဌမ သည်ဟင်းနဲ့စားချင်တဲ့စိတ်လေး ပေါ်လာ....၊ ဖြတ်ဆို ဒါလေးချုပ်ပြီး နောက်တလုတ်ကြတော့ သည်ဘက်ကဟင်းနဲ့ စားချင်တဲ့စိတ်လေး မပေါ်ဘူးလား.... (ပေါ်ပါဘုရား)။

နောက်တလုတ်ကြတော့ ဟိုဘက်ကဟင်းနဲ့ စားချင်တဲ့စိတ်ကော(ပေါ်ပါဘုရား)၊ စားရတော့ အရင်စိတ်လေးတွေ ဘယ်ရောက်ပါလိမ့်မတုံးလို့ မေးလို့ရှိရင် ဘယ့်နှယ်ဖြေကြမယ်....(ပျောက်သွားပါဘုရား)၊ ပျောက်ပျောက်သွားတယ်၊ အလိုလို ပျောက်တာဘဲ၊အလိုလိုပျောက်တာနော်(မှန်လှပါ)၊ ပျောက်တာဟာ ဇရာ့မရဏကြောင့်....(တင်ပါ)၊ သူ့ဇရာနဲ့သူ၊ သူ့မရဏနဲ့သူ၊ ရှင်းပလား (ရှင်းပါဘုရား)။

သူ့ဇရာနဲ့ သူ့မရဏနဲ့ နှိပ်စက်ချလိုက်တာ ပဌမ စားချင်တဲ့စိတ်ဟာလဲ စားချင်ဆဲမတ္တနဲ့ ဘာဖြစ်သွားရ(ပျောက်ရပါဘုရား)၊ ဒုတိယစားချင်တဲ့စိတ်ဟာကော (ပျောက်ရပါဘုရား)၊ စားချင်ရဲ့မတ္တနဲ့ ပျောက်ရတယ်၊ တတိယ စားချင်တဲ့စိတ်ဟာကော(စားချင်ရင်းမတ္တနဲ့ ပျောက်ရပါဘုရား)။

အဲသည် ပျောက်တာလေးကို ခင်ဗျားတို့ပျောက်တယ်လို့ သိပေး၊ ပျောက်တာကတော့ ခန္ဓာကိုယ်ထဲမှာ၊ သူပေါ်တိုင်း ပေါ်တိုင်း ပျောက်မှာဘဲ(မှန်လှပါ)၊ ပျောက်တာကို သည်က အသိကလိုက်ပေး....(မှန်လှပါ)၊ သဘောကျပလား (ကျပါဘုရား)။

ပျောက်တာကို ခင်ဗျားတို့ ပျောက်ပြီလို့သိပေး (မှန်လှပါ)၊ ပျောက်ပြီလို့ သိပေးတော့ကို ပျောက်တာသည်ကား ဆိုရင် ဘာတုံးလို့ဆိုလို့ရှိရင်ဖြင့် အော်....သူ့ ဇရာ့မရဏဒဏ်ချက်နဲ့အသက်ထွက်သွားပြီလို့ခင်ဗျားတို့ကသိတော့ ပျောက်တာက ဘာကိစ္စတဲ့ ဦးမြ သဘောကျပလား(ကျပါဘုရား)။

ပျောက်တာက သူ့ကိစ္စမဟုတ်လား.... (မှန်လှပါ)၊ သိတာက.... (ဉာဏ်ပါဘုရား)၊ ဒါဖြင့် သည်ကကိစ္စ၊ သည်က ဉာဏ်(ကိစ္စဉာဏ်) ရှင်းပလား....၊ ပျောက်တာက ဘာပါလိမ့် (ကိစ္စ)၊ သိတာက ဘာပါလိမ့်.... (ဉာဏ်ပါဘုရား)၊ ဒါဖြင့် ကိစ္စဉာဏ်(မှန်လှပါ)၊ မနဲ့ အိပေါင်း မအိပေါ့ဗျာ(မှန်လှပါ) ရိပ်မိပလား ကလေးတွေ စာဖတ်သလိုဘဲ၊ ခင်ဗျားတို့ကိုလဲ ဝိပဿနာနေရာကြတော့ ကကြီး ခကွေး က စ,ရတယ်ဆိုတာ ပေါ်ပလား (ပေါ်ပါဘုရား)။

ပျောက်တာက ဘာတုံး.... (ကိစ္စပါဘုရား)၊ သိတာက.... (ဉာဏ်ပါဘုရား)၊ ပေါင်းလိုက်တော့ (ကိစ္စဉာဏ်ပါဘုရား)၊ အဲ....ယခုမှစာတတ်တယ် ခင်ဗျားတို့နေရာကြသွားပြီ၊ယခုမှဘဲ ရှင်းသွားပေတော့တယ်။

ကိစ္စဉာဏ်ဆိုတာ ခင်ဗျားတို့ ဒကာဒကာမတွေ စာလိုသုံးပြီး သည်လိုသာမပြောရင် ဦးချစ်ခဲ ဘယ့်နှယ်မှ မရှင်းဘူး.... (မှန်လှပါ)၊ ရှင်းနိုင်ပါ့မလား.... (မရှင်းနိုင်ပါဘုရား)။

မရှင်းနိုင်ဘူး.... ကိစ္စဉာဏ်ဆိုတာ ကိစ္စနဲ့ဉာဏ်နဲ့ တွဲနေတာ(မှန်လှပါ)၊ ဦးဘကြည် မတွဲပေဘူးလား(တွဲပါဘုရား)၊ ကိစ္စနဲ့ ဉာဏ်နဲ့တွဲနေတာ၊ ဦးချစ်ခဲ အဲသည်တော့ ယခုကိစ္စနဲ့ ဉာဏ်နဲ့တွဲရတော့ ဖေါက်ပြန်ပျက်စီးမှုကိစ္စက ရုပ်ဓမ္မ,နာမ်ဓမ္မတို့၏ ကိစ္စ.... (မှန်လှပါ)၊ သိရမှာက ဉာဏ်....(မှန်လှပါ)၊ ဦးဘအုန်း ဒါဖြင့် သူ့ကိစ္စ သူကဘာတုံး (ဉာဏ်ပါဘုရား)၊ ဒါဖြင့် ပေါင်းလိုက်တော့ (ကိစ္စဉာဏ်ပါဘုရား)။

ကိစ္စဉာဏ် ခင်ဗျားတို့ ရသွားတယ်၊ ကိစ္စဉာဏ် ရသွားတဲ့ အခါကြတော့ အော်.... ကိစ္စဉာဏ် ရတယ်ဆိုရင်ဖြင့် သစ္စာဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်၊ ဉာဏ် ဘယ်နှစ်ဉာဏ်တုံး.... (သုံးဉာဏ်ပါဘုရား)။

သုံးဉာဏ် ကောင်းပြီ.... ဒါဖြင့် ကိစ္စဉာဏ်ဆုံးရင် ခင်ဗျားတို့ ဘယ်ဉာဏ်ရောက်မယ်ထင်တုံး.... (ကတဉာဏ်ပါဘုရား)၊ ကတဉာဏ်ဟာဆုတောင်းလို့လားတဲ့၊ သည်ဒုက္ခသစ္စာကြီးကို သေသေချာချာ ဒုက္ခလို့ ပိုင်းခြားလိုက်တာနဲ့ သူက ပျောက်ထွက်သွားတယ်....(မှန်လှပါ)။

မသွားပေဘူးလား.... (သွားပါဘုရား)၊ သွားတဲ့အခါကြလို့ရှိရင် သူ့ဒုက္ခချုပ်တဲ့နေရာ နိရောဓ မလာပေဘူးလား (လာပါဘုရား)၊ နိရောဓမြင်တဲ့ဉာဏ်ကြတော့ ငါ့ကိစ္စပြီးလို့ ဒါကို– မြင်တာဘဲဆိုတော့ ဒါကလဲပြီးပြီးသား၊ မရှိတာကလဲ ပြီးပြီးသား (မှန်လှပါဘုရား)။

ဒါက ဉာဏ်ဟုတ်လား.... (မှန်လှပါ)၊ ကိစ္စပြီးပြီးသားကို ဉာဏ်လို့ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါဘုရား)၊ ကိစ္စပြီးပြီးသားက နိဗ္ဗာန်၊ နိဗ္ဗာန်ဆိုတာ သူသည်ကား ဆိုလို့ရှိရင်ဖြင့် သူ့အလုပ်ဟာ နောက်ထပ်လုပ်စရာ လိုသေးသလား (မလိုတော့ပါဘုရား)၊ နိဗ္ဗာန်နောက်ထပ်ရဘို့(မလိုပါဘုရား)၊ မလိုတော့ဘူး၊ တခါရရင် နောက်ထပ်ဟာတွေလဲ ဒါဘဲပြန်ရတာဘဲ.... (မှန်လှပါဘုရား)။

သကဒါဂါမိမဂ်နဲ့လဲ ဒါဘဲပြန်ရတာဘဲ၊ အနာဂါမိ မဂ်နဲ့တော့(ဒါပါဘဲဘုရား)၊ အရဟတ္တမဂ်နှင့်ကြတော့ (ဒါပါဘဲဘုရား)၊ ပစ္စဝေက္ခဏာဉာဏ်နှင့် ရှာပြန်တော့ကော (ဒါပါဘဲဘုရား) အဲသည်တော့ သူက ကတ ပြီးပြီးသား၊ နောက်က (ဉာဏ်ပါဘုရား)။

ဒါဖြင့် သည်ကား၊ ကတ သည်က ဉာဏ်၊ သည်လို သွားရမှာ ဦးချစ်ခရ (မှန်လှပါ) ရိပ်မိပလား.... (ရိပ်မိပါဘုရား) အဲ....သည်တော့ကို အလုပ်မလုပ်တဲ့ ပုဂ္ဂိုလ် အတွက် မှာဖြင့် ဘုန်းကြီးက ဝဋ္ဋဘဝတိုတို့နှင့် မဂ်ဖိုလ် နိဗ္ဗာန်၊ မဂ်ဖိုလ်ရစေဆိုတာ "လောကွတ်" လို့မှတ်၊ မရဘူး....(မှန်လှပါ)ဘယ် ဘုန်းကြီးကပေးပေး၊ မရဘူး၊ ရပါ့မလား(မရပါဘုရား)။

ခင်ဗျားတို့ကလဲ.... အချောင်သမားတွေ ဖြစ်နေတော့ ခက်လိုက်တာ၊ ပေးတဲ့အတိုင်း ပြည့်စုံရပါလို၏ ခက်လိုက်တဲ့ ဖြစ်ခြင်း မရပါဘူး၊ သည်ကလဲ လောကွတ်၊ ခင်ဗျားတို့ကလဲ အလကား လိုချင်နဲ့တော့ ကိုက်နေတာဘဲဗျနော်.... ထမင်း မရှိဘဲနှင့်၊ ထမင်းစား သွားပါအုံးလားလို့ ညော့ဝတ်ကြေ အောင် ပြောတဲ့ စကားနှင့် အတူတူဘဲ မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါဘုရား)။

ဒါက လောကဝတ်ဗျ၊ ထမင်းတော့ မချက်ရသေးပါဘူး သို့သော် စားသွားပါအုံးတော့ ပြောရသေးတာပေါ့ ဟုတ်ပလား ဒကာချစ်ခ (မှန်လှပါ)၊

အဲသည်လောက်တောင် ခင်ဗျားတို့သည် ကိစ္စဉာဏ်ကို ကျကျနနပိုင်ရင် ကတဉာဏ်ဟာ အလိုလိုပြည့်တယ်....(မှန်လှပါ)၊သဘောကျပလား(ကျပါဘုရား) အဲဒါဖြင့်ဒကာဒကာမတို့ ဘုန်းကြီး အကြီးအကျယ်ဟောရမှာက ကိစ္စဉာဏ်ဘဲ ဟောရမှာ၊ကတဉာဏ်က အော်....သည်လိုလုပ်လို့ရှိရင် ကတဉာဏ်ကူးမှာဘဲကိုးလို့ ခင်ဗျားတို့ သေသေချာချာမှတ်ပေတော့....(မှန်လှပါ)၊ ရှင်းပလား (ရှင်းပါဘုရား)။

ကိုင်းဒါဖြင့် ကိစ္စဉာဏ်ကို ခင်ဗျားတို့ အရေးတကြီးပွားပြီး အရေးတကြီးသိအောင် ဘုန်းကြီးဟောရမယ်...(မှန်လှပါ)၊ ဟုတ်ဘူးလား.... ကိစ္စဉာဏ် မဟောသေးလို့ရှိရင်ဖြင့် ကတဉာဏ်က အလိုလိုလာတယ်လို့ နိယာမ မရှိဘူး....(မှန်လှပါ)၊ ကိစ္စဉာဏ်ပိုင်တဲ့ ပုဂ္ဂိုလ်က ကတဉာဏ် ရတာဘဲ၊ ကိစ္စဉာဏ် မပိုင်တဲ့ပုဂ္ဂိုလ်က (ကတဉာဏ် မရနိုင်ပါဘုရား)။

ကတဉာဏ် ဘယ်နည်းနဲ့မှ မရနိုင်ဘူးဆိုသဖြင့် ခန္ဓာငါးပါးမှာ သူ့ကိစ္စရှိတယ်၊ ဖေါက်ပြန်ပျက်စီးခြင်း ကိစ္စရှိတယ်....(တင်ပါ)၊ ဒါအတိအလင်းဟောရမယ်၊ ဦးဘကြည်မဟောရပေဘူးလား(ဟောရပါဘုရား)၊ အားလုံး ဒကာ ဒကာမတွေ ကျေနပ်ကြပလား....(ကျေနပ်ပါဘုရား)။

သည်တရားက အခုသည်ကျမှ ခင်ဗျားတို့ကို ထူးထူးခြားခြား ပြောပေးနေတာ....(မှန်လှပါ)၊ ထူးထူးခြားခြား ပြောပေးနေတာ ဦးခင်မောင်ရှ.... (မှန်လှပါဘုရား)။

ကောင်းပြီ ဒါဖြင့် သူ့မှာဘာကိစ္စရှိတုံးမေးရင် ဘယ့်နှယ် ပြောကြမယ်(ဖေါက်ပြန်ပျက်စီးခြင်းကိစ္စရှိပါဘုရား)၊အဲသည် ဖေါက်ပြန်ပျက်စီးခြင်းကိစ္စကို သည်ကကိစ္စကို ခင်ဗျားတို့သည် ဉာဏ်နဲ့ ထပ်ပြန်တလဲလဲကြည့်ပေး၊ ဦးချစ် မကြည့်ရင် ရပါ့ မလား....(မရပါဘုရား)။

မကြည့်ရင်.... ခုနင်က မုန်းတာတွေ၊ မလိုချင်တာတွေ ဟုတ်လား.... ဒါ ဒုက္ခအစစ်ဘဲလို့ ပိုင်းခြားတဲ့ ပရိညေယျ ကိစ္စတွေ လာပါ့မလား(မလာပါဘုရား)၊ ဒါဖြင့် ကိုထွန်းဦး ဘာအရေးကြီးတုံး....(ကိစ္စသိဘို့ပါဘုရား)၊ဖြစ်တဲ့ကိစ္စပေါ်ဘို့ ပျက်တဲ့ကိစ္စသိဘို့ သိပ်အရေးကြီးနေတယ်(ကြီးပါဘုရား)။

ကဲ....ဒကာ ဒကာမတို့ ဘာအရေးကြီးတယ်ဆိုတာ သိကြ ပလား(ကိစ္စသိဘို့ပါဘုရား)၊ ကိစ္စသိဘို့နော်.... (မှန်လှပါ)၊ သူ့မှာဘာကိစ္စရှိသတုံး ခန္ဓာငါးပါးမှာ(ဖေါက်ပြန်ပျက်စီးတဲ့ ကိစ္စရှိပါဘုရား)။

အဲသည် ဖေါက်ပြန်ပျက်စီးတဲ့ ကိစ္စရှိတိုင်း ရှိတိုင်း သူ ကတော့ အမြဲဖြစ်နေတာဘဲ၊ သူဖြစ်တဲ့အချိန်မှာ ကျုပ်တို့က သူဖေါက်ပြန်ပျက်စီးပြီးသကာလနေတဲ့ သူကိစ္စကို ကျုပ်တို့က သည်ကနေပြီးသကာလ ဉာဏ်နဲ့ ကြည့်ပြီး ရှုပေးပြီဆိုမှဖြင့် အော်...ခန္ဓာငါးပါးကိစ္စဟာ ဘာကိစ္စပါလိမ့်လို့ သူ့ မေး မနေပါနဲ့တော့ ဖေါက်ပြန် ပျက်စီးတဲ့တရားမှတပါး သူ့မှာ ဘာကိစ္စမှ မရှိဘူး (မှန်လှန်ပါ)၊ ရှင်းပလား(ရှင်းပါဘုရား)။

ဘာကိစ္စရှိတုံး ( ဖေါက်ပြန် ပျက်စီးတဲ့ကိစ္စ ) ဖေါက်ပြန် ပျက်စီးတဲ့ ကိစ္စဘဲရှိတယ်ဆိုတာ ပြောရုံနှင့်ပင် မပြီးတော့ ဥာဏ်လေးနှင့် ကိုချစ်ခရေ မျက်လုံးမှိတ်ပြီး ကြည့်ကြည့် ကြည့်ကြည့်ပေး ခန္ဓာထဲကို (မှန်လှပါဘုရား)၊

သဘောကျပလား(ကျပါဘုရား)၊ ကြည့်ပေး၊ ကြည့်ပေး လိုက်တဲ့ အခါကြတော့ သည် ဓမ္မ သဘောဘဲ ပြောမှာဘဲ ဓမ္မက အဓမ္မသဘောတော့ မပြောဘူး(မှန်လှပါ) မဟုတ်ဘူး လား၊ ဓမ္မသဘော သူဘယ်လို ပြောမယ်ထင်တုံး(ဖေါက်ပြန် ပျက်စီးပါဘုရား)။

အဲ....ဖေါက်ပြန်ပျက်စီးပြီး ခဏခဏ ပြောနေမှာဘဲ သူက တော့ ကိုချစ်ခ မပြောပေဘူးလား (မှန်လှပါဘုရား)၊ ခန္ဓာ ကိုယ်ကကိစ္စစန့်နိုင်ရဲ့လား (မစွန့်ပါဘုရား)၊ ဖေါက်ပြန်ပျက် စီးတာ အလိုလိုရသလား (မရပါဘုရား)။

ဘုရားကိုယ်တော်ကြီးကို သူတို့ဖေါက်ပြန် ပျက်စီးတာနှင့် ကိုယ်တော်ကြီး ဝိဥာဏ်ချုပ်တာဘဲ၊ သဘောကျပလား.... (မှန်လှပါ) ဘုရားကိုဘယ်သူက ဘုရားသခင် ကိုယ်တော် မြတ်ကြီး၊ ခင်ဗျားတို့ကကော၊ ဟင်....နိုင်လိုက်တာ၊ အောင် ခြင်းရှစ်ပါး ကိုယ်တော်ကြီး၊ ခင်ဗျားတို့ အဆိုပေါ့ဗျာ၊

(မှန်လှပါ)ပြင်ဘက် ဗဟိဒ္ဓတော့ အောင်ခြင်းရှစ်ပါးပေါ့ (မှန်လှပါ) ဟုတ်လား ကိုယ်တော်ကြီး အသက်ထင်ရှားရှိတုံး ဇရာမရဏကြတော့ အရှင်ဘုရား ဘယ်လိုလုပ် ငါကအရှုံး ပေးသကွ (မှန်လှပါ)။

ဦးဘကြည် ဘယ်လိုတုံး(ငါအရှုံးပေးတယ်)သူ့နောက် ကိုယ်တော်ကြီး အောင်ခြင်းရှစ်ပါးဆို ခင်ဗျားတို့ စောစော ထ ဖွင့်တာ(မှန်လှပါ) မဟုတ်ဘူးလား(ဟုတ်ပါဘုရား)။

အောင်ခြင်းရှစ်ပါး စောစောထဖွင့်တာဗျ အသံချဲ့စက် တွေမှာ ဆိုလို့ရှိရင်သဲ အိမ်ရှင်အားပေးတာကိုဗျ အိမ်ရှင် အားပေးတာ၊ ဟင်....အိမ်ရှင် အားပေးတာ အောင်ခြင်း ရှစ်ပါး စောစောထဖွင့်ရတယ် ဦးချစ်ခရ၊

အဲသည် ကိုယ်တော်ကြီးဟာ သည့်ပြင် ဘာတွေညာတွေ အောင်တာ ဗဟိဒ္ဓရန်ကို အောင်တာ၊ အဇ္ဈတ္တ ဇရာ့မရဏ ကိစ္စနဲ့ကျတော့ ကိုယ်တော်ကြီးဟာ တခါထဲ အင်ကြင်းပင် ပျိုအောက်မှာ ပရိနိဗ္ဗာန်စံရတယ်(မှန်လှပါ)၊ မစံရဘူးလား (စံရပါဘုရား)။

ဇရာ့မရဏ ဒဏ်ချက်နဲ့ ကိုယ်တော်မြတ်ကြီး ဝိညာဉ် ချုပ်တယ်လို့မှတ်ပါ(မှန်လှပါဘုရား)၊ ကိုယ်တော်မြတ်ကြီး ဘယ်သူသတ်လို့ရသတုံး(ဇရာ့မရဏ)၊ ဇရာ့မရဏ သတ်လို့ ဘဲရတယ်၊ ဒေဝဒတ်က ကျောက်မောင်းဆင်ချလို့လဲ မကျ၊ နာဠာဂီရိဆင်နဲ့ အရက်တိုက်ပြီး ထိုးခိုင်းလို့လဲမရ၊ လေးတွေ မြှားတွေနဲ့ အပြစ်ခိုင်းတာကော....(မရပါဘုရား)။

မရတော့ အောင်တယ်လို့တော့ဆိုရမှာဘဲ၊ ဒါကြောင့် မစ္စုဆိုတဲ့ဥစ္စာ ဇရာ့မရဏ၏ အဲသည်မာန်နဲ့ကျတော့ ကိုယ် တော်မြတ်ကြီးဟာတခါတည်းညီတော်အာနန္ဒာရေယူခဲ့အုံးကွ

ဟုတ်လား....၊ ဝမ်းတော်တွေလျှောလို့ ဟုတ်လား....(မှန်လှပါဘုရား)၊ အတော်ကိုဘဲ ဇရာ့မရဏက နှိပ်စက်ပြီ မဟုတ်လား(မှန်လှပါဘုရား)။

အတော်နှိပ်စက်တော့ကို ကိုယ်တော်မြတ်ကြီးသည်ကား ဆိုလို့ရှိရင်ဖြင့် ဘေးအတန်တန်, ရန်အဘက်ဘက် တွေကို ကျော်လွှားပြီးသကာလ လာခဲ့ငြားသော်လဲ ခန္ဓာအရှုံးပေး ရတယ် ဟုတ်လား....(မှန်လှပါဘုရား)။

ဇရာ့မရဏမှီရာလဲ ခန္ဓာဘဲမဟုတ်လား(မှန်လှပါ)၊ သူနှိပ်စက်တာတွေကော(ခန္ဓာတွေပါဘုရား) ခန္ဓာဘဲလို့ ဆိုသဖြင့် ကိုယ်တော်မြတ်ကြီးသည် ဇရာ့မရဏ ဒဏ်ချက်ဖြင့် အင်ကြင်း ပင်ပျိုနှစ်ခုကြားမှာဝိဥာဉ်ချုပ်ပြီးသကာလပရိနိဗ္ဗာန်စံရတယ် ဆိုတာ အားလုံး ဒကာ ဒကာမတွေ ကြားဘူးမှာပေါ့.... (မှန်လှပါ)၊ သဘောကျပလား(ကျပါဘုရား)။

အဲဒါကြောင့် သူ ရှိနေလို့ရှိရင်ဖြင့် အောင်ခြင်းရှစ်ပါး ကိုယ်တော်ကြီးလဲ မအောင်နိုင်ဘူး(မှန်လှပါ)၊ ဇရာ့မရဏ ရှိနေလို့ရှိရင် အဲ့သည်တော့ ခင်ဗျားတို့ ဇရာ့မရဏ ရှိ—မရှိ မေး....(ရှိပါဘုရား)။

ဓါတ်ပြားနားထောင်နေလို့တော့ မအောင်ဘူးလို့ သိထား(မှန်လှပါ)၊ဟင်—အောင်ပါ့မလား(မအောင်ပါဘုရား) မအောင်ဘူး၊ ဘယ်တုံးက ယူလာတာတုံးလို့မေးတော့ ပဋိသန္ဓေနေတဲ့အချိန်ကစပြီး ဇရာ့မရဏပါလာတာ(မှန်လှပါ) အဲ့သည်ကတည်းက ခင်ဗျားတို့ အရှုံးပေးပြီး ထွက်လာခဲ့တာ

(မှန်လှပါ)၊ ဦးဘကြည် ဘယ့်နှယ်တုံး (အရှုံးပေးပြီးထွက်လာတာပါဘုရား)၊ပဋိသန္ဓေနေကတည်းက သူပါလာတာ.... (မှန်လှပါဘုရား)။

အဲဒါ အရှုံးပေးပြီး ထွက်လာတဲ့ပုဂ္ဂိုလ်တွေက ဘေးကနေပြီးသကာလ ပရိတ်တွေနဲ့ တားလို့တားပေါ့ ဦးချစ်ခရ (မှန်လှပါ)၊ ယတြာတွေနဲ့ တားလို့တား၊ ဗလိနတ်စာတွေနဲ့ တားလို့တား၊ တားတာပေါ့ဗျာ (မှန်လှပါ)၊ ရပါ့မလားတဲ့ (မရပါဘုရား)။

ဘာပြုလို့တုံး ကိုယ့်ကိုယ်တိုင် ဒါ ဦးဘကြည် ခင်ဗျားတို့ ဘယ့်နှယ်ထင်တုံး....(ကိုယ့်ကိုယ်တိုင် ယူလာတာပါဘုရား)၊ နောက်ပြီးတော့ ဒကာဒကာမတွေ ဘယ့်နှယ်ထင်ကြသတုံး (ကိုယ့်ကိုယ်တိုင် ယူလာကြတာပါ ဘုရား)၊ အော်....ကိုယ့်ကိုယ်တိုင် ယူလာကတည်းက ကိုယ့်ကြိုးကွင်း ကိုယ်တတ်ပြီး ယူလာခဲ့တာ(မှန်လှပါဘုရား)။

ကိုယ် ကြိုးဆွဲချသေမယ်လို့(မှန်လှပါ)၊ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါဘုရား)၊ လူဖြစ်ရပါလို၏ ဆိုလို့ရှိရင် ဇရာ,မရဏ ကြိုးကွင်းနှစ်ကွင်း ပါခဲ့ပြီ.... (မှန်လှပါ)၊ မပါဘူးလား.... (ပါပါဘုရား)၊ ပါတော့ ကိုယ့်ကြိုးကွင်းနဲ့ ကိုယ်လာခဲ့တာကိုး၊ ကျုပ်တို့ ခင်ဗျားတို့ သေဘိုရာ ဒါးတွေ,သေနတ်တွေ မလိုပါဘူး၊ သည်အခိပ္ပါယ် မပါဘူးလား (ပါပါဘုရား)။

ကျုပ်တို့ဟာနဲ့ ကျုပ်တို့ဘဲ ဒုက္ခရောက်အောင် လုပ်ပါတော့မယ်ဆိုတဲ့ ဆုတောင်း၊ လူဖြစ်ရပါလို၏ဆိုတဲ့ ဆုတောင်း

ပါ့မပါ ဦးချစ်ခ မပါဘူးလား....(ပါ့ပါဘုရား)၊ အားလုံး ဒကာ ဒကာမတို့ သည်ဆုတောင်းဟာ ခင်ဗျားတို့ လူဖြစ်ရ ပါလို၏ဆိုကတည်းက ဇရာ့မရဏဟာ ငါလိုက်ခဲ့အုံးမှာဘဲ.... ရှင်းပလား(ရှင်းပါဘုရား)။

ခင်ဗျားတို့ လူဖြစ်ရပါလို၏ ဆိုရင် ငါလိုက်ရအုံးမယ်.... (မှန်လှပါ)၊ နတ်ဖြစ်ရပါလို၏ ဆိုရင်ကော(ငါလိုက်ရအုံးမှာ ပါဘုရား)၊ ဗြဟ္မာဖြစ်ရပါလို၏(ငါလိုက်ရအုံးမှာပါဘုရား)၊ ဘုရားဖြစ်ရပါလို၏ ဆိုတော့တောင် ငါလိုက်ခဲ့ရအုံးမယ်.... ခန္ဓာမာန်အတွက် လိုက်ခဲ့ရအုံးမှာဘဲ (မှန်လှပါဘုရား)။

ဟိုဘက်ကြတော့မှသာ မလိုက်ရှိရမည် သဘောကျပလား (ကျပါဘုရား)၊ ဒါဖြင့် ခင်ဗျားတို့ ဇရာ့မရဏ ဒါလိုက်လာ တာကော ယခုဘုန်းကြီးက ကိစ္စဥာဏ်နဲ့ ပြော လိုက် လို့ ခင်ဗျားတို့ ယခုနားလည်သွားတာကိုးဗျ(မှန်လှပါ) လိုက်လာ ပြီဘုရား—လိုက်လာပြီဘုရား မကြာတော့ဘူး ဘုရားတပည့် တော်တို့ မဆိုနိုင်ဘူးလား ဆိုနိုင်သလား(ဆိုနိုင်ပါဘုရား)။

အဲသည်တော့ သည်ခန္ဓာကြီးကို ခင်ဗျားတို့ အော်.... ဝိပရိနာမရှိတဲ့ကိစ္စ သဘောသတ္တိဟာ ဟုတ်သွားဘဲလို့.... ဖေါက်ပြန်ပျက်စီးမှု၊ ဖေါက်ပြန်ပျက်စီးဆိုတာက သရက်သီး မှည့်၊မှည့်ရာကပုပ်သွား....၊ အဲသည်လိုတောင် မဟုတ်သေးဘူး ဟုတ်လား(မှန်လှပါဘုရား)။

ပုပ်တာက ဖြေးဖြေးပုပ်တော့ တခြမ်းဖြစ်ဖြစ် တစိတ်ဖြစ် ဖြစ် ရမယ်ဆို ရသေးတယ်၊ သူက အစပျောက်ကို ဖျောက်

ဖြစ်တာ ဇရာ့မရဏက (မှန်လှပါ)၊ ရိပ်မိပလား....(ရိပ်မိပါဘုရား)၊ တခြမ်းခြမ်းကို ခင်ဗျားတို့ တောင်းပါလို့ ဘုန်းကြီးက ဆုပေးတယ်၊ တခြမ်းကို တောင်းလို့ ခင်ဗျားတို့မရဘူး ဆိုတာ သဘောကျပလား(ကျပါဘုရား)။

ဘယ်ဟာကောင်း.... (ဘယ်ဟာမှ မကောင်းပါဘုရား)၊ ဘယ်ဟာမှမကောင်းဘူး၊ ဇရာ့မရဏဆိုတာ ဇာတိကယူလာခဲ့ဘယ်၊ ဇာတိဆိုတာ နောက်မှပေါ်လာတာပါ ဟုတ်လား၊ သည်ဇာတိဖြစ်အောင် ဘယ်သူလုပ်သတုံး ဆိုလို့ရှိရင်ဖြင့်.... ''သင်္ခါရပစ္စယာ ဝိညာဏံ''လာမှာဘဲ(မှန်လှပါဘုရား)။

ကံကလုပ်ပေးမှာဘဲ(မှန်လှပါ)၊ စေတနာကံက လုပ်ပေးမှာဘဲ၊ သည်စေတနာကံဖြစ်အောင် ဘယ်သူကျိုးစားသတုံး မေးတော့ ခင်ဗျားတို့ကိုယ်တိုင် ကျိုးစားတာဘဲ(မှန်လှပါ)၊ ခင်ဗျားတို့ကိုယ်တိုင် ကျိုးစားပြီး ခင်ဗျားတို့ကိုယ်တိုင် ဇရာ့မရဏနဲ့ ခေါင်းစင်းပြီး သေပွဲဝင်ရပါလို့၏ ဆိုတာ ပါ့မပါ (ပါပါဘုရား)၊ ဒါဖြင့်ခင်ဗျားတို့ သစ္စာမသိလို့တောင်းတာလား (မှန်လှပါဘုရား)။

ဦးဘကြည် ဘယ့်နှယ်တုံး.... (သစ္စာမသိလို့ပါ ဘုရား)၊ ဒါဖြင့် သစ္စာမသိတဲ့ပုဂ္ဂိုလ်ဟာ ရှုံးသေးတယ်လို့ ဆုံးဖြတ်ချက်ချ(မှန်လှပါ)၊ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

သစ္စာမသိရင် ဘယ့်နှယ်ဆိုကြမယ်.... (ရှုံးသေးတယ်)၊ (ရှုံးသေးတယ် ဘာပြုလို့တုံး ကိုယ့်ကြိုးကွင်းနဲ့ ကိုယ်လာချင်သေးတယ်၊ ရှင်းပလား (ရှင်းပါဘုရား)။

ဦးဘတင် သည်ဥစ္စာ ကြမ်းသလားလို့ မေးကြရင် ဘယ့် နှယ်ဖြေကြမယ် (မကြမ်းပါဘုရား)၊ မကြမ်းပါဘူး ဦးခင် မောင်...ကြမ်းတယ်များ ထင်သလား.... (မထင်ပါဘုရား)။ မကြမ်းဘူး အလုပ်ဖြစ်စဉ်သွားတာကေန် ရှင်းပလား (ရှင်းပါ ဘုရား)။

ကျုပ်ပြောတာ ကြမ်းတယ်ဆိုအုံးတော့ အလုပ်ဖြစ်စဉ် သွားတာဒီတိုင်းပါသွားမှာ... (မှန်လှပါ)၊သို့သော်လဲ ခင်ဗျား တို့က အလုပ်ဖြစ်စဉ်သွားတုံးမို့ မထင်တော့ နှုတ်သွား ခတ် ကြမ်းကြမ်း ပြောပေးမှ၊ အလုပ်ဖြစ်စဉ်သွားတော့ ခင်ဗျားတို့ ကောင်းသွားရင် ဒါပါ–မပါ(မပါ့ပါဘုရား)။

ဇရာ့မရဏာ ကြိုးကွင်းထဲမှာ ဟုတ်လား.... ကြုံရပါလို၏၊ သူ့လက်တွင်းမှာ ခေါင်းစင်းပြီး လက်ငင်းသက်ဆင်းပြီး ကြုံရ ဆုံရပါလို၏၊ မလာဘူးလား–လာသလား(လာပါဘုရား)။

လာတော့ ဒကာ ဒကာမတို့ ဘယ့်နှယ်ကြောင့် ဒီအနာ ကြီးကို ကြုံချင်ဆုံချင်ပြီးသကာလ ယခုနေကြရပါလိမ့်မတုံး ဆိုတော့ အမှားတော်ပုံ ကြီးလွန်းလို့၊ သဘောကျပလား— အမှားတော်ပုံ ကြီးလွန်းလို့မှတပါး ဘာဆိုစရာ ရှိသေးတုံး (ဆိုစရာမရှိတော့ပါဘုရား)။

ဆိုစရာမရှိတော့ကို ခင်ဗျားတို့ ယခုတော့ ကိုင်း–ခင်ဗျား တို့ မှားတာ့မှားပေစေတော့....၊ ကိုယ့်အမှား၊ ကိုယ်သိရင်၊

ကောင်းသနေ၁်(မှန်လှပါ)၊ ဆရာဘုန်းကြီးက ကိုယ့်အမှား ကိုယ်သိရင်ကောင်းတယ်၊ အမှားမသိတဲ့လူ ရှုးနေတဲ့ပုဂ္ဂိုလ်က ဆေးရှာဖွေလိုတဲ့ ထုံးစံမရှိဘူး သဘောကျပလား.... (ကျပါ ဘုရား)။

ဘေး က ကြည့်နေတဲ့ ပုဂ္ဂိုလ်ကသာ ဟယ်....တယ်ကြည့် မကောင်းပါဘူးကွ၊ ရွှေဒီထက်ဆိုးသွားလိမ့်မည်၊ ဟာ-ဒီထက် ဆိုးရင်လဲ....ဗိုပါအုံး၊ သို့မဟုတ်ရင်လဲ မြန်မာ့ရိုးရာ ဆေးနဲ့ သည်းခြေဆေးလေး ဘာလေး လုပ်ကြပါအုံး၊ နို့မဟုတ်ရင် ရွှေတိုး ခက်ချည်ရဲ့လို့ ခင်ဗျားတို့က ဒီ အ တိုင်း သာ နေ ရင် ကိစ္စဥာဏ်မရတဲ့ပုဂ္ဂိုလ်ဆိုရင် ရွှေတိုးအုံးမှာဘဲ။

ဒီထက် အထည်ကြီးဖြစ်တဲ့ နတ်ဆုတောင်းချင်တောင်းမှာ အဲဒီတော့ နတ်ဆုတောင်းတော့ နတ်ကိုယ်ထည်ကြီးတော့ ဇရာလဲ များများပါမှာ(မှန်ပါဘုရား)၊ မရဏကော (ပါ,ပါ ဘုရား)၊ များများမပါဘူးလား....(ပါ,ပါဘုရား)၊ အသိတွေ တော်တော်ကို ရင့်သွားပြီ (မှန်လှပါဘုရား)၊ မရင့်ဘူးလား (ရင့်ပါဘုရား)၊ ရင့်သွားပြီဗျ....။

နည်းနည်းခြင်းပြဟ္မာပြည်က ပြဟ္မာကဒီထက်အသက်ရှည် သတဲ့ ဆိုပြီးသကာလ တောင်းပြန်တော့လဲ ခင်ဗျားတို့ သည် ထက်ပိုပြီး သည်းခြေရင့်သွားမှာ(မှန်လှပါဘုရား)၊ မရင့်ဘူး လား ရင့်သလား(ရင့်ပါဘုရား)၊ ဦးဘကြည်ရင့်,မရင့်ဗျာ.... (ရင့်ပါဘုရား)။

နို့ ဘာသိလို့တုံး မေးလိုက်တော့.... (သစ္စာပါဘုရား)၊ သစ္စာတော့ ပြောသံကြား သိတယ်ဆိုအုံး ယနေ့တက်လာတဲ့ ဥစ္စာဖြေလိုက်....၊ ကိစ္စဉာဏ်(မှန်ပါဘုရား)၊ ကိစ္စဉာဏ် ကြားဘူးသလား....၊ ကိစ္စဉာဏ်ကြတော့ မိမိတို့ကိစ္စဉာဏ်ကို ဆရာဘုန်းကြီးက အဓိက ထားပြီးသကာလ ဟောလိုက်တော့.... အော်—သူ့မှာဘာကိစ္စရှိသတုံး တကာတကာမတို့ ခန္ဓာငါးပါးမှာ (ဖေါက်ပြန်ပျက်စီးခြင်းကိစ္စပါဘုရား)။

ဖေါက်ပြန် ပျက်စီးတဲ့ကိစ္စရှိတယ်၊ သူများက နေပူ လေပူကြောင့် ဖေါက်ပြန်ပျက်စီးတာလား၊ သူယူလာတာနဲ့ ဖေါက်ပြန်ပျက်စီးရတာလား.... (သူယူလာတာနဲ့ ဖေါက်ပြန်ပျက်စီးရတာပါဘုရား)၊ သူယူလာတာနဲ့ သူဖေါက်ပြန်ပျက်စီးရတာ ဘယ်သူ့အပြစ်လို့ ဆိုမတုံး(ခန္ဓာ၏အပြစ်ပါဘုရား)၊ ခန္ဓာ၏ အပြစ် သဘောကျပလား (ကျပါဘုရား)။

ဒါဖြင့်.... ခန္ဓာ၏အပြစ်ကို ခင်ဗျားတို့ မသိသ၍ ကာလ ပတ်လုံး သစ္စာကိုဖြင့် ဘယ်နည်းနဲ့မှ သိမှာ မဟုတ်ပါဘူး၊ မသိသေးသ၍ ဒါချည်းထပ်ယူနေမှာဘဲ၊ မယူပေဘူးလား, ယူမှာလား ...(ယူမှာပါဘုရား)။

ကောင်းပြီ ဒကာ ဒကာမတို့ ဝမ်းလျှောတတ်တဲ့ဆေးမှန်း မသိလို့ရှိရင် အရသာ,သာရှိနေမယ်ဆို ဒီဆေးဖိစားနေမှာဘဲ မဟုတ်ဘူးလား....၊ စားလေ လျှောလေဘဲ ဟုတ်လား....(မှန်ပါဘုရား)၊ သိသော် သူ့ကြောင့်မထင်ဘဲ အစားမှားလို့ သာဆိုပြီး ဒီဆေးဖိစား၊ နောက်တခါစား သေရုံဘဲရှိတော့တယ် မဟုတ်ဘူးလား(ဟုက်ပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့သဏ္ဍာန်မှာ ဘာအင်္ဂါ ထား ဟောသတုံး(ကိစ္စဉာဏ်ပါဘုရား)၊ ကိစ္စဉာဏ်....၊ ကိစ္စ ဉာဏ်ပိုင်ရင် ဘယ်ဉာဏ် ရမတုံး.... (ကတဉာဏ်ပါ ဘုရား)၊ ကတဉာဏ်ဟာ မဂ်ဉာဏ်အစစ်ဘဲ (မှန်ပါဘုရား)။

ကိစ္စဉာဏ်ဟာ ဝိပဿနာဉာဏ် ရှင်းပလား.... (ရှင်းပါ ဘုရား)၊ ကိစ္စဉာဏ်ဟာ ဝိပဿနာဉာဏ်၊ ကတဉာဏ်ကတော့ (မဂ်ဉာဏ်ပါဘုရား)၊ မဂ်ဉာဏ်ဖြစ်သွားတော့ အော်....မဂ်နဲ့ အနီးဆုံးဟောထားတဲ့ တရားပါလားလို့ ခင်ဗျားတို့ ပေါ် မလာသေးဘူးလား (ပေါ်လာပါဘုရား)။

ကောင်းပြီ ခင်ဗျားတို့ ကျုပ်ဥပမာတခုပြောမယ် ခင်ဗျား တို့ ခန္ဓါငါးပါးဟာ သစ်တုံးကြီးနဲ့တူတယ် (မှန်ပါဘုရား)၊ နော်....(မှန်ပါ)၊ ဇရာဆိုတာက ဒီသစ်တုံးကြီးမှာ ဥိးဝတို့ မြင်ဘူးပါလိမ့်မယ်၊ ဝိဥာဉ်ကုပ်ကြီးနဲ့ လွှခေါင်းနားပွိုပွိုပြီး.... (မှန်လှပါ)၊ တခါထဲပွိုပွိုပြီး(မှန်လှပါ) မရဏာဆိုတဲ့ လွှခေါင်း ကြီးက ဦးချစ်ခတို့ကတော့ သေသေချာချာ နားလည်တာ ပေါ့ ဟုတ်ဘူးလား ဖြတ်ဖြတ်ပြစ်တာ ဘယ်အသားချန်သေး သတုံး (ဘယ်အသားမှ မချန်ပါဘုရား)။

လူတို့က ဆွဲပို့တဲ့ အသား ဟူသရွေ့တော့ (အကုန်ဖြတ်ပါ ဘုရား)၊ အကုန်ဖြတ်တာဘဲ— (မှန်လှပါဘုရား)၊ ကရမက် သား၊ အင်ကြင်းသား၊ ကျွန်းသား၊ အင်သား အစရှိသဖြင့် ရွေးသလား(မရွေးပါဘုရား)၊ လူတို့က ဆွဲလာတာဟူသရွေ့ အကုန်ဖြတ်တာဘဲ(မှန်ပါဘုရား)။

ဇရာက ဆွဲသမား၊ မရဏက ဖြတ်သမား.... (မှန်လှပါ)၊ သစ်တုံးပြိုပြို နေရတယ်လို့ ရှိသေးသလား (မရှိပါဘုရား)၊ ခင်ဗျားတို့(၃၁)ဘုံမှာ လူ့ဘုံမှာဘဲ.... ဇရာ,မရဏ ရှိတာ မဟုတ်ဘူး၊ လူ့ဘုံ သစ်ရုံ သစ်စက်ကြီးထဲမှာ ခင်ဗျားတို့ နေချင်လဲ ဒီအထဲမှာလဲ ရှိတာဘဲ သဘောကျပလား.... (ကျပါဘုရား)။

နတ်ပြည်စက်ရုံကြီးထဲ သွားလို့ ရှိရင်လဲ အဲဒီလှစက်ရုံထဲမှာ သစ်တုံးဖြစ်ရင်ကော.... (ခွဲဖြတ်မှာဘဲ)၊ ဗြဟ္မာပြည်စက်ရုံမှာ သွားဖြစ်ရင်ကော.... (ခွဲမှာဘဲ၊ ဖြတ်မှာဘဲ)၊ ဇရာ,မရဏဘဲ သဘောကျပလား(ကျပါဘုရား)။

ဘယ်စက်ရုံများ ကြိုက်သတုံးလို့ မေးလျှင် (ဘယ်စက်ရုံမှ မကြိုက်ပါဘုရား)၊ ဘယ်စက်ရုံမှမကြိုက်ဘူး၊ ဒါဖြင့် ဒကာ ဒကာမတို့ ဘယ်စက်ရုံမှ မကြိုက်တဲ့ဥစ္စာသည် ကိစ္စဉာဏ်လာ လို့ ခန္ဓာကို ရှင်းပလား(မှန်လှပါဘုရား)။

ဘယ်စက်ရုံ ဦးဘကြည် ကြိုက်သေးသတုံး (ဘယ်စက်ရုံမှ မကြိုက်ပါ ဘုရား)၊ ကြိုက်ကြသေးလား အခြား အခြား ဒကာ ဒကာမတွေ (မကြိုက်ပါဘုရား)၊ မကြိုက်တာဘာလို့ မကြိုက်တာတုံး ဒုက္ခဉာဏ်ဖြစ်သွားလို့....။

ကတ မရောက်သေးဘူး၊ ကတ ရောက်သွားရင် ခင်ဗျားတို့ ဒီအခြေအနေမှာ မနေတော့ဘူး....၊ ကတရောက်ရင် ဒီအခြေ အနေ မနေတော့ဘူး၊ ကိစ္စမှ လုံးပန်းတုံးရှိသေးတယ်(မှန်ပါ) သဘောကျပလား(ကျပါဘုရား)။

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့ (၃၁)ဘုံဟာ စက်ရှုဂ်ကြီးတွေလို့ ဘုန်းကြီးတို့ပြောလိမ့်မည်.... (မှန်လှပါ)၊ ဘယ်စက်ရုံမှာ ဘာသစ်တုံး ဖြစ်ချင်သေးသတုံး.... (ဘာသစ်တုံးမှ မဖြစ်ချင်တော့ပါဘုရား)။

တခါထဲ မိမိခန္ဓာကိုယ်ကြီးသည် နတ်ခန္ဓာဖြစ်ပြီး ကရမက်တုံးကြီးကဲ့သို့ မွှေးနေတဲ့ခန္ဓာကြီးဘဲ ဖြစ်စေကာမူပေါ့ဗျာ....၊ ချောလိုက် လှလိုက်တာကလဲ လွန်လို့ဖြစ်စေကာမူတဲ့၊ အဲသည်စက်သွားဖြင့် တခါထဲဖြတ်မှာဘဲ(မှန်လှပါ)၊ မရဏကဖြတ်မှာဘဲ....(မှန်လှပါဘုရား)။

သို့သော် သစ်တုံးကြီးအကျော်တုံးဖြစ်ရတော့လဲ လွှတွေနဲ့ဖြတ်တာဘဲ၊ ကရမက်တုံးဖြစ်ရတော့လဲ လွှတွေနဲ့ ဖြတ်တာဘဲဒီမှာဘဲ လမ်း မဆုံးဘူးလား.... (ဆုံး ပါ ဘု ရား)၊ ဒါဖြင့်ခင်ဗျားတို့ ခန္ဓာဟာ ခန္ဓာရှိသ၍ဖြင့် သစ်တုံး—သစ်တုံးဟူသ၍ဟာ စက်ရုံထဲ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ရောက်ရမယ်။ မရောက်ရပေဘူးလား (ရောက်ရမှာပါဘုရား)။

ဒီလိုနည်းနဲ့ ရောက်ရမှ သုံးဆယ့် တဘုံ တရုံရုံ ဘုံသုံးဆယ့်တစ်ရုံကိုးဗျ၊ ဘုံသုံးဆယ်တစ် ရှိတယ်ဆိုပေမဲ့ တရုံရုံမှာပုထုဇဉ်အဖြစ်နဲ့ဘဲ ရောက်ရောက် ဟုတ်လား၊ အရိယာအဖြစ်နဲ့ဘဲ ရောက်ရောက်၊ ခန္ဓာအရှိနဲ့ ရောက်လို့ရှိရင် ဒီ ဇရာ,မရဏ သက်တွင်းမှာ ခေါင်းစင်းပြီးသေ.... (မှန်လှပါဘုရား)၊ ရှင်းပလား (ရှင်းပါဘုရား)။

ဒါဖြင့် အဲဒီကဲ့သို့ ရှင်းပြီးသကာလနေတော့ ဒကာ ဒကာမတွေက စဉ်းစားရမယ်၊ အော်....ခန္ဓာအဖြစ်တော့ တွေ့ပြီ....၊ ဘာအဖြစ်တွေ့ကြတုံး.... (ခန္ဓာအဖြစ်ပါဘုရား)၊ ခန္ဓာအဖြစ်တွေ့ပါပြီတဲ့ ဒီခန္ဓာကြီးသည်ကားဆိုလို့ရှိရင် သူ ယူဆောင်လာတဲ့ ဇရာ၊ သူယူဆောင်လာတဲ့ မရဏဘဲ၊ သစ်တုံးထဲမှာ သူပါလာသလား (ပါပါဘုရား)၊ မပါဘူးလား....(ပါပါဘုရား)။

အဲဒါကြောင့် အော်....၊ ခန္ဓာရတဲ့ပုဂ္ဂိုလ်များ ဘယ်များလမ်းဆုံးရှာပါလိမ့်မတုံးမေးရင် ခင်ဗျားတို့ ဖြေတတ်ရဲ့လား ဇရာ့မရဏမှာ လမ်းဆုံးတာပေါ့(မှန်လှပါဘုရား)။

ဒကာ ဒကာမတို့ ခန္ဓာရတဲ့ပုဂ္ဂိုလ် ဘယ်လမ်းဆုံးသတုံး...., (ဇရာ့မရဏမှာ ဆုံးပါတယ်ဘုရား)၊ ဇရာ့မရဏမှာ လမ်းဆုံးတယ်ဆိုတာ ကောင်းကောင်း ကျေနပ်တယ် မဟုတ်လား (ကျေနပ်ပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ခန္ဓာကိစ္စဟာ ဘာတဲ့ သေခြင်းဆိုးကိစ္စ ရှင်းပလား....(ရှင်းပါဘုရား)၊ ခန္ဓာ၏ကိစ္စဟာ ဘာကိစ္စတဲ့ (သေခြင်းဆိုးကိစ္စပါဘုရား)၊ ဒါဘဲရှိတယ်၊ တောင်းချင်တဲ့ခန္ဓာကို တောင်းပါ ခင်ဗျားတို့ဟုတ်လား.... (မှန်ပါ)၊ ခင်ဗျားတို့ တောင်းလို့ရှိရင်လဲ ပြည့်မှာဘဲ၊ တချို့ ဈာန်နဲ့ လုပ်သူလဲ ပြည့်မှာဘဲ (မှန်လှပါဘုရား)။

တချို့ သမထနဲ့ လုပ်သူလဲ သည့်ပြင် ပဌမဈာန်နဲ့ လုပ်ရင် ပဌမဈာန်ဘုံ ရမှာဘဲ (မှန်လှပါ)၊ ဒုတိယဈာန်လုပ် ဒုတိယ

ဘုံ ရမှာဘဲ၊ ဒုတိယစျာန် ရအောင် လုပ်နိုင်တဲ့ပုဂ္ဂိုလ် ရှင်းပလား (ရှင်းပါဘုရား)။

အဲသည်တော့ ဘာဘဲရရ ဇရာ့မရဏလက်တွင်းကို အပ်ရမှာဘဲ(မှန်ပါ)၊ ကိုချစ်ခ ဘယ်သူ့အပ်ရမလဲ.... ဇရာ့မရဏလက်တွင်း အပ်ရမှာချည်းဘဲ၊ ခင်ဗျားတို့ ဘုန်းတော်အနန္တ ဉာဏ်တော်အနန္တ လေးသင်္ချေနဲ့ ကမ္ဘာတသိန်း ပါရမီတွေ ဖြည့်ဆိုးလာတဲ့ ကိုယ်တော်ကြီး ဒီဘဝ အတုမရှိဘူးလို့ သာဆိုတယ် ဇရာ့မရဏကြတော့ သူ လူတိုင်းထဲကလူလိုဘဲ သွားဖြစ်တယ် မဖြစ်ဘူးလား (ဖြစ်ပါဘုရား)။

ဒီပြင်ဟာတော့ အတုမရှိဘူးပေါ့ဗျာ၊ ချောတာ၊ လှတာ အင်း.... အိန္ဒြေရင့်တာ၊ နုတာတွေရှိမှု၊ ကိုယ်တော်မြတ်ကြီး ဘေးအန္တရာယ်ကင်းမှု ဒါတွေကတော့ အမြင်နဲ့ဖြင့် ဟုတ်တာပေါ့ဗျာနော် အတွင်းသားကြတော့ ထူးသေးသလား (မထူးပါဘူးဘုရား)။

အတွင်းသားကြတော့ ဘာတုံး....(ဇရာ မရဏ ပါဘုရား) ဇရာမရဏနဲ့ဘဲ ကိုယ်တော်ကြီး အင်ကြင်းပင်ပျို့တွေကြားမှာ ဝိဥာဉ် ချုပ်ရတယ် ဆိုတာ ခင်ဗျားတို့ ဘယ်ဝတ္ထုဖတ်ဖတ်တွေ့မှာပါဘဲ(မှန်ပါဘုရား)။

သဘောတွေ့ကြပလား(တွေ့ပါဘုရား) ကောင်းပြီ ဒကာဒကာမတို့ ခန္ဓာအပြစ်ကိုဖြင့် ယနေ့ ကောင်းကောင်း သိဘို့ကောင်းတယ်၊ ခန္ဓာကြောင့်ဖြစ်ရတဲ့အပြစ်၊ သူတပါးကြောင့်ဖြစ်ရတဲ့ အပြစ်ကိုလဲသိရဲ့လား(မသိပါဘုရား)။

ခန္ဓာထဲမှာ ပါလာတဲ့အပြစ် ဒကာဒကာမတွေ ဘယ်သူ့ အပြစ်ပါလိမ့်.... (ခန္ဓာထဲမှပါလာတဲ့ အပြစ်ပါဘုရား)၊ ဘာ ပါလာ....(အပြစ်ပါဘုရား)၊ အို....မှိုသာ မှတ်ထားလေ ဒကာ ဒကာမတို့ မှို မြေထဲကထွက်လာ၊ သူ့မြေ မပါချင်ဘူးဆိုလို့.... (မရပါဘုရား)။

မရနိုင်ဘူး ခင်ဗျားတို့ ခန္ဓာထဲ၊ ခင်ဗျားတို့ ခန္ဓာရအောင် ဆုတောင်းရင် ခန္ဓာထဲက ပါရမှာဘဲ (မှန်လှပါ) သဘောကျ ပလား(ကျပါဘုရား) ခန္ဓာရအောင် ဆုတောင်းတော့ ခန္ဓာ မဖြစ်သေးခင် ကိစ္စမရှိသေးဘူး၊ ခန္ဓာဖြစ်ရင် ဒါတွေပါမှာဘဲ (ပါမှာပါဘုရား)၊ သဘောကျပလား (ကျပါဘုရား)။

ခန္ဓာဖြစ်ရင်ပါတော့ ဒီသူ့ကိုလွတ်အောင် ဦးချစ် ဘယ့် နှယ်ရှန်းမတုံး၊ ဇရာ မရဏ လွတ်အောင် ခန္ဓာရတဲ့ပုဂ္ဂိုလ်မှာ လွတ်ပါ့မလား....(မလွတ်ပါဘုရား) ခန္ဓာရတဲ့ပုဂ္ဂိုလ်မှာ ဇရာ မရဏ ကို၊ ဘယ်လိုလွတ်အောင် ရှန်းရမယ်ဆိုတာ ခင်ဗျားတို့ ကြံခြင်တိုင်းကြံ၊ မရဘူး (မှန်ပါဘုရား)။

မရဘူး ခန္ဓာမရှိမှ အေးမယ် ဆိုရင်တော့ဖြင့် (ရမှာပါ ဘုရား) ရမှာဘဲဆိုတော့ ဒီခန္ဓာသက်သက် အနှိပ်စက်ခံတို့ ပေါ်လာတဲ့ ခန္ဓာဘဲ (မှန်ပါဘုရား)၊ ဟုတ်လား (ဟုတ်ပါ ဘုရား) သေပွဲဝင်မလို့ (ပေါ်လာတာပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ လောကီလိုအနေနဲ့စဉ်းစားကြည့် ပါ၊ မိုးတွင်းကျရင် အားလုံး မြင်လိုက်ကြမှာပေါ့၊ ပလူလေး တွေ ထွက်လာတာ၊ အသေခံ ထွက်လာတာ (မှန်လှပါ)၊

ဦးဘကြည် ဘာလို့ထွက်လာတာ (အသေခံထွက်လာတာပါ ဘုရား)။

သူ့ဟာသူနေရင် မသေဘူး၊ ထွက်လာတဲ့အတွက် ကျီးတို ပုတ်သင်တို့ ဟုတ်လားဗျာ ထိုးယူစားသောက်ကြ ဖြစ်မသွား ဘူးလား (ဖြစ်သွားပါဘုရား) ဘာလို့ထွက်လာကြ (အသေခံ ထွက်လာတာပါဘုရား)။

အော်….ခင်ဗျားတို့ ဆုတောင်းတာလဲ ဘာပါလိမ့်မလဲ (အသေခံဆုတောင်းတာပါဘုရား)၊ အသေခံ ထွက်လာတာ (မှန်လှပါ)၊ အံမာ….ဂျပန်စစ်သားထက် မိုက်ပါ သေးလား မမိုက်ဘူးလား (မိုက်ပါဘုရား)။

ဂျပန်စစ်သားက အသေခံ စစ်သားတွေဆိုတော့ ခင်ဗျား တို့ ကတုံး မတုံးသေးဘူး၊ အသေခံ စစ်သားတွေ ပေါ့ဗျာ အဲဒီဟာ ခင်ဗျားတို့ နားလည် ပါးလည်ရှိနေတော့ ဒီကောင် တွေ တယ်မိုက်ပါလားကွ၊ ဒီဂျပန်တွေ တယ်ဆိုးတဲ့ အကောင် တွေဘဲ ဟုတ်လား(မှန်ပါဘုရား)။

ပရင့်(စ်)အော့(ဖ)ဝေးစစ်သင်္ဘောခေါင်းတိုင်ထဲ ဗုံးကိုင် ပြီး ခုန်ချတာကိုးဗျ…. (မှန်လှပါ)၊ အဲဒီတော့ အသက်ကို အသေခံပြီး မိုက်ပါပေကွာ….။

မြန်မာမျက်လုံးနဲ့ကြည့်ရင် ခင်ဗျားတို့က ကိစ္စ ဒီကိစ္စဉာဏ် မျက်လုံးနဲ့ကြည့်စမ်း ဘယ့်နှယ်ဆိုကြမတုံး….(မိုက်ပါပေ)၊ မိုက် ပါ ပေ ကွာ….၊ မိုက်ပါပေကွာ ဒကာ ဒကာမတွေကော ဘယ့်နှယ်တုံး ဆိုထိုက်ပြီလား (ဆိုထိုက်ပါဘုရား)။

ဘာပြုလို့ ဆိုထိုက်သတုံးဆိုရင်တော့.... ဒါဖြစ်ရပါလို့၏ဆိုတော့ ဒီထဲပါလာပြီ ဟုတ်လား၊ ဒါနဲ့ သေခြင်းဆိုးသေရပါလို့၏နဲ့ ဘယ်နှယ်နေကြပါမတုံး ဇရာ့မရဏနဲ့ အသက်ထွက်ရပါလို့၏ ပါ–မပါ (ပါ့ပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ကိုကော အသေခံစစ်သားထဲမှာ ခုနင်က ပလူလို၊ ဂျပန်အသေခံစစ်သားလို မတူဘူးလား တူသလား(တူပါတယ်ဘုရား)၊ တူတယ်တဲ့....၊ ဟိုက မိစ္ဆာဒိဋ္ဌိ ခင်ဗျားတို့က သမ္မာဒိဋ္ဌိလဲဆိုသေးရဲ့ ဟင်....သမ္မာဒိဋ္ဌိ အမှန်ရောက်သေးရဲ့လား(မရောက်ပါဘူးဘုရား)။

မရောက်တော့ဘူးတဲ့ အဲဒါ ကိစ္စဉာဏ်မရောက်သေးရင် သမ္မာဒိဋ္ဌိအမှန်ကို မရသေးဘူး(မှန်လှပါဘုရား)၊ ရှင်းပလား (ရှင်းပါဘုရား)၊ ကိစ္စဉာဏ်ရမှ ဘာဖြစ်မတုံး.... (သမ္မာဒိဋ္ဌိ ဖြစ်မှာပါ ဘုရား)။

မဂ်ဉာဏ် သဒ္ဓါစစ်တမ်း နဲ့ ပလူ့ဂျပန် မှတ်ပေရော့....၊ အသေခံချည်းထွက်နေမှာဘဲ (မှန်ပါဘုရား)၊ ဟင်....မထွက်ပေဘူးလားလို့ (မှန်လှပါ)၊ အဲဒါနဲ့ စဉ်းစားကြည့်ကြပါ ဒကာ ဒကာမတို့ ကျုပ်တို့ဖြင့် ဒီဘဝဖြင့် ဒီမျှဘဲဆိုလို့ရှိရင်၊ နောက်ဘဝတော့ဖြင့် ဒီလိုဆင်းရဲစွာ မနေဘူး၊ ချမ်းသာရအောင်တော့ဖြင့် လုပ်မှာဘဲဆိုပြီးသကာလ တောင်းလိုက်တဲ့ ဆုရှည်ကြီးဟာ ဒါတွေရဘို့ဗျ၊ အသေခံ ခန္ဓာဖြစ်ဘို့(မှန်လှပါ ဘုရား)။

တောင်းလိုက်တဲ့ဆုရှည်ကြီး ဦးဘကြည် ဘယ်လိုဆုံးဖြတ်ချက်ချမတုံး (အသေခံခန္ဓာဖြစ်ဘို့)၊ အသေခံ ခန္ဓာဖြစ်ဘို့မှတပါး ဘာရှိသေးဟုံး (ဘာမှမရှိတော့ပါဘူးရား)၊ ဘာမှမရှိတော့ ဒကာ ဒကာမတွေက အော်....တို့သည်ကား ကိစ္စဉာဏ်မရသ၍ မိုက်လုံးကြီးအုံးမှာဘဲ ဆိုထိုက်—မဆိုထိုက်(ဆိုထိုက်ပါ ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီတရား အားထုတ်ထိုက် မထုတ်ထိုက်(ထုတ်ထိုက်ပါဘုရား)၊ ကိုယ်တိုင် ဇရာ,မရဏနဲ့ ပျက်စီးပျက်စီးသွားတဲ့ လူတွေကို၊ ကိုယ့်ကိုယ်တိုင် ရှုကြ ရှုကြ ဆိုတာနောက်ဉာဏ်နဲ့ ရှုကြည့်-ရှုကြည့်ပြီး နေတော့အော်မိုက်လက်စတုံးမှ တော်တော့မယ် လာမလား—မလာဘူးလား (လာပါဘုရား)။

အမြဲတန်း ဘယ်သူမှ မနိုပ်စက်လဲ ဒီတိုင်းပျက်နေတာဘဲ၊ (၃၂)ပါးသော ကံကြမ္မာ ဟုတ်လား၊ (၂၅)ပါးသောဘေး (၉၆)ပါးသောရောဂါ မလာနဲ့ ကျုပ်ဟာကျုပ် သေမှာ (မှန်ပါဘုရား)၊ မပါဘူးလား(ပါ,ပါတယ် ဘုရား)။

ရှင်ဗါကူဘာနဲ့သေ....(မှန်လှပါဘုရား)၊ ဆုသာတောင်းရတယ် ရှင်ဗါကူ သူယူလာတာနဲ့ သူသေရှာတယ်(မှန်လှပါ) မသေဘူးလား ဒကာ ဒကာမတို့.... (သေပါတယ်ဘုရား)၊ အနာကင်းသူ ရှင်ဗါကူဆို....(မှန်ပါ)၊ အဲဒီသူ ဘယ်ဝေဒနာနဲ့ သေသွားသတုံးဆိုတော့(ဇရာ,မရဏ ပါဘုရား)။

နို့ ခင်ဗျားတို့က ဘာပြုလို့ သူ့ ဆုတောင်းနေရတာတုံး သူ့ကိုယ်သူ....၊ သည့်ပြင်ဘာရှိသေးတုံး(ဘာမှမရှိပါဘုရား) အဲဒီကဲ့သို့ ဒကာ ဒကာမတို့မှာ အရပ်ဆိုး အကျည်းတန်တာ သည်ဘာကြောင့် အကျည်းတန်ပါလိမ့်မတုံးလို့ ဆိုလို့ရှိရင်.... ဒီမသိမှုအဝိဇ္ဇာက ဖုံးအုပ်နေလို့....။

သိမှုကိုဉာဏ် ပေးလိုက်တော့ ဪ.... ဟုတ်ပါလား၊ အလွဲကြီး လွဲကုန်ပေါ့ ဟုတ်လား....(မှန်ပါ)၊ အသေခံဂျပန် စစ်သားထက်ပင် မိုက်ပါသေးလား မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါဘုရား)၊ ပလူထက် မိုက်ပါသေးလား။

ပလူဟာ တောင်ပို့ထဲနေလို့ရှိရင် ကိုထွန်းဦးတို့ ဦးဘကြည်တို့အလွတ်သားပေါ့ဗျာ....(မှန်လှပါ)၊ ဘယ်ကနေ ပုတ်သင်လဲ မဝင်နိုင်၊ အင်း.... ကျီးတွေလဲ မစားနိုင်၊ ထွက်ချင်လိုက်ကြတာက ပလူတွင်းကို မြင်ဘူးကြတယ်မဟုတ်လား(မြင်ဘူးပါဘုရား)၊ တိုးထွက်တယ်..၊ ဘာဖြစ်လို့တုံး အသေစောအောင်လို့၊ ဒကာ ဒကာမတို့ ဘယ့်နှယ်ကြောင့်တုံး(အသေစောအောင်လို့ပါဘုရား)။

အဲ....ခင်ဗျားတို့ ဆုတောင်းတာတော့ ဘာဖြစ်လို့တုံး.... (အသေစောအောင်)၊ အသေစောအောင် အကြိမ်ကြိမ်ကိုးဗျ ဒါဖြင့် လူဖြစ်ရင် မြန်မြန်သေရပါလို၏၊ ဒီကိုယ် သေပြီးတော့ (နောက်ထပ် မြန်မြန်သေရပါလို၏ ဘုရား)။

ဟုတ်တယ် ဦးဘအုန်း ဘယ့်နှယ်ဖြစ်နေတာတုံး၊ မပြောကတ်ပါဘူး—မပြောတတ်ပါဘူး ဆိုတဲ့ အဓိပ္ပါယ်နဲ့တော့.... သားနီးဘိုးမှုတော့ဟာယ်(မှန်လှပါ)၊ မပြောတတ်ပါဘူးဆိုတဲ့ဟာ ဒီဥာဏ်မရှိဘူးဗျ (မှန်လှပါ)၊ ဘာဥာဏ်ပါလိမ့်မလဲ.... (ကိစ္စဥာဏ်ပါဘုရား)၊ ကိစ္စဥာဏ် မရှိဘူးလို့ပြောလိုက်တော့ ခင်းလို့လင်းလို့ မဟုတ်ဘူးလား....(မှန်ပါဘုရား)။

အဲဒီတော့ ဒီအခြေအနေမှာ ဒီထဲမှာပါတဲ့ ရုပ်နဲ့တော့ ဒီတောင်ကုတ်တက်ရမယ် ဦးချစ်ခ....(မှန်လှပါ)၊ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါဘုရား)၊ သူယူလာတဲ့ လက်နက်နဲ့ သူ့ဘဲအသက်ယက်ရတယ်။

မယ်လို့ရှုရင်ကြည့် ဝက်များဟာ အစားကောင်းခင်ဗျားတို့က သဒ္ဒါလို့ကျွေးတာ ကျွေးလေဝလေ၊ ဝလေ အဆီပိတ်သေ၊ သူ့အသားနဲ့သူ ဘာဖြစ်ရသတုံး....(သေရပါတယ်ဘုရား)၊ သူ့အသားနဲ့သူ သေရတယ်၊ သဘောကျပလား.... (ကျပါဘုရား)။

ဘယ်သူသက်လို့ သေပါလိမ့်....(သူ့အသားနဲ့ သူ သေတာပါဘုရား)၊ အေး....သူ့အသားများတော့ သူ့အဆီကများသောကြောင့် သူ့အဆီကပိတ်ပြီးတော့ သူ မသေဘူးလား....(သေပါဘုရား)၊ အဲဒီတော့ ဝက်ဟာ ဘယ်သူ့ ဒဏ်ချက်မိသတုံးလို့မေးရင်ဖြင့် သူ့အဆီနဲ့သူ ပြန်သတ်တာဘဲ၊ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါဘုရား)။

ဒီမှာလဲ ခင်ဗျားတို့ကြီးပြီ၊ ငယ်တုံးကလဲ သေသွားတာဘဲ အလတ်စားလဲ သေတာဘဲ၊ အင်း....ကြီးမှလဲ သေတာဘဲ၊ ဘာပူလို့ သေကြသတုံးဆိုတော့ အို....သူယူလာတဲ့လက်နက်နဲ့ အသက်ထွက်တာဘဲလို့ ဆုံးဖြတ်ချက်ချ ရှင်းပလား.... (ရှင်းပါဘုရား)၊ ဘယ်သူနဲ့ အသက်ထွက်တာပါလိမ့်(ကိုယ့်လက်နက်နဲ့ ကိုယ်ပါ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အခုဘယ်အခြေအနေ ဆိုက်နေသတုံးလို့ မေးလို့ရှိရင်ဖြင့် ကိုယ့်လက်နက်နဲ့ကိုယ် အပြည့်အစုံပါပြီးသား ဖြစ်သောကြောင့် ဒီပုဂ္ဂိုလ်တွေဟာ ဘယ်သူဖြင့် ဘာဖြစ်လိမ့်မယ်လို့ မဆိုပါနဲ့တော့ဗျာ ဟုတ်လား....၊ မလိုတော့ပါဘူး၊ ဒီနေရာမှာ ခင်ဗျားတို့ ဘိုင်းဘိုင်းလဲပြီးသကာလ သေပွဲဝင်ရမှာဘဲ (မှန်လှပါဘုရား)။

လူ့ပြည်မှတပါး ဘယ်ပြည်များ ပြေးပြီး သေပွဲဝင်ချင်သေးသတုံး ခင်ဗျားတို့.... (လူ့ပြည်မှာပါဘဲဘုရား)၊ အခု သေပွဲဝင်ဘို့ ဖြစ်ထားတာက လူ့ပြည်မှာ သေပွဲဝင်ဘို့ ဖြစ်ထားတာ....။

နောက်များခင်ဗျားတို့ ကိစ္စဉာဏ်မရသေးလို့ ဆုတောင်းရင် နတ်ပြည်သေပွဲ၊ နတ်မသာချမှု လာချင်သေးသလား.... (မလာချင်တော့ပါ ဘုရား)၊ အဲဒါကြောင့်.... ကိုထွန်းဦး ပုဂ္ဂိုလ်တွေဟာ ဘယ်နှယ်ကြောင့် ဟိုပြည်သွားပြီးသကာလ တံထွေး့ထွေးခံချင်၊ မသာဖြစ်တော့ တံထွေး့ထွေးကြတာ ကိုးဗျ....(မှန်လှပါဘုရား)။

ဆွေမျိုးတော်တဲ့ လူကသာ မထွေးတာကိုးဗျ၊ ဆွေမျိုး မတော်တဲ့ လူကတော့.... (ထွေးပါဘုရား)၊ ထွေးတယ်တဲ့၊ မတတ်သာလို့သာ လိုက်ပို့ရတာ နံတာ စော်တာက လွန်လို့ အစရှိသည်နဲ့ (မှန်ပါ)၊ မလာဘူးလား—လာသလား (လာ ပါဘုရား)။

အဲဒီတော့ လူ့ပြည်မှာဘဲ တံထွေး ထွေးခံခဲ့ရသေး၊ နတ် ပြည်ကြတော့ သည့်ထက်ဆိုးမှာပေါ့(မှန်လှပါ)၊ ဗြဟ္မာ့ပြည် ကြတော့ကော ... (ဒီထက် ဆိုးမှာပါဘုရား)၊ ငါ့ထက်ဆိုးမယ် ဆိုတော့ ခင်ဗျားတို့ ဟင်....ဆုတောင်းတာ သည်ကားဆိုလို့ ရှိရင် သေပွဲပြောင်းတာဘဲ(မှန်လှပါ)၊ ရှင်းပလား....(ရှင်းပါ ဘုရား)....။

ဆုတောင်းတာလားလို့ (သေပွဲ ပြောင်းတာပါဘုရား)၊ ဘယ်ဉာဏ်မရလို့ သေပွဲပြောင်းတာတုံး (ကိစ္စဉာဏ် မရလို့ ပါဘုရား)၊ ကိစ္စဉာဏ်မရလို့....၊ ကိစ္စဉာဏ် အစ၊ ကိစ္စဉာဏ် အလယ် ဒါမရလို့ (မှန်လှပါဘုရား)။

ကိစ္စဉာဏ် မရသ၍ကာလပတ်လုံး ဦးဘကြည်ရေ.... ငါ ဘုရားလဲ သံသရာလည်တယ်ဆိုတာ ပေါ်ပလား.... (ပေါ်ပါ ဘုရား)၊ မင်းတို့ကော မရသေးရင် ဘာတဲ့တုံး.... (သံသရာ လည်မှာပါ ဘုရား)၊ လည်အုံးမှာဘဲဆိုတော့.... သုတံသုတ ဟောတယ်(မှန်လှပါ)၊ ဘုရားက ဦးထွန်းကြည် ဒါ-အခါက အချက်ဘဲ မဟုတ်လား—။

သူ့ ခဏ ခဏ ပြောနေတာဘဲ.... (မှန်လှပါ)၊ ဒီသစ္စာကို ငါ မသိခဲ့တဲ့ အတွက် ငါမှာ ကိုယ်ကျိုးကြီး နည်းခဲ့ရတယ် (မှန်လှပါ) သစ္စာသိတဲ့ တနေ့ကြမှဘဲကွာ၊ ဒီဘဝနောက်ဆုံး ပိတ်ဘဲကွာ၊ နိပ်စက် ချင်သလောက် နှိပ်စက် လိုက်တော့ နောက်တော့ နှိပ်စက်ရမှာ မဟုတ်တော့ဘူး....ဆိုပြီးသကာလ ဘုရားသခင် ကိုယ်တော် မြတ်ကြီးသည် ပရိနိဗ္ဗာန်စံတဲ့ အခါ ကြတော့.... ခုမှ၊ အောင်ပေတော့သကိုးလို့ မပြောဘူလား (ပြောပါဘုရား)၊ နဂိုရ် အောင်ခဲ့တာတွေက.... အောင်စစ် မဟုတ်သေးဘူး....(မှန်ပါဘုရား)၊ ခန္ဓာ့မာန် မအောင်ဘူး.... သဘောကျပလား (ကျပါဘုရား)။

ပရိနိဗ္ဗာန် စံပြီးမှ၊ အဲဒီတော့ ပရိနိဗ္ဗာန်စံပြီးမှ ခန္ဓာ့မာန် အောင်တော့....၊ ခန္ဓာ့မာန်နဲ့ မစ္စုမာန်ကို ခင်ဗျားတို့ ပရိ နိဗ္ဗာန် မစံခင်ဖြင့် မအောင်ဘူး....၊ ဒီပြင် အောင်ခြင်းရှစ်ပါး တွေကိုသာ တန်ခိုးနဲ့ အောင်တယ်ထားပါတော့ (မှန်ပါ)၊

ခန္ဓာ့မာန်နဲ့ မစ္စုမာန်ကြတော့ ပရိနိဗ္ဗာန်စံပြီးမှ အောင် ရတယ် ဆိုတော့၊ အော်.... ကိုယ်တော် မြတ်ကြီး တောင်မှ ဇရာ့မရဏ လက်တွင်းမှာဘဲ အင်း....ဒုက္ခရောက်ပြီး သွားရ လေရဲ့ဆိုတာ ငြင်းနေဘို့ လိုသေးသလား(မလိုပါဘုရား)။

အဲဒီကဲ့သို့ သိထားတော့....၊ ခန္ဓာမရှိမှ ချမ်းသာမှာဘဲ ဆိုတဲ့ဥစ္စာ၊ ခင်ဗျားတို့ ရဲရဲတင်းတင်း မှတ်ရမယ်၊ ခန္ဓာရှိရင် ဖြစ်ပျက်မှုတွေရှိမှာ မရှိပေဘူးလား....(ရှိမှာပါဘုရား)၊ ခန္ဓာ

မရှိဘဲ့ အခါကြတော့၊ ခန္ဓာမရှိတော့ ဇရာ ကော(မရှိပါဘူး)၊ ဗျာဓိကော.... (မရှိပါဘူးဘုရား)၊ မရဏကော.... (မရှိပါဘူး ဘုရား)။

မရှိတော့ ဘာရှိမှာတုံး....၊ တပည့်တော်တို့ လွတ်လွတ် လပ်လပ် ပျောက်သလိုဘဲ ဒီလိုဖြစ်ရမှာလားလို့....ခင်ဗျားတို့ မေးချင်လဲ မေးလိုက်မပေါ့ဗျာ(မှန်ပါ) ဟုတ်လား မဟုတ်ဘူး ကွ၊ သေသေချာချာမှတ်ပါ ဒကာဒကာမတို့....။

ကတဉာဏ်ရောက်တော့....ခင်ဗျားတို့ကိုယ်တိုင် ခင်ဗျားတို့ မြင်လာပါလိမ့်မယ်.... (မှန်လှပါ)၊ ဟုတ်လား....၊ ခန္ဓာမရှိတဲ့ ရုပ်ခန္ဓာမရှိတဲ့နေရာ ကိုယ်တိုင်မြင်ရတော့ အော်....ဒီနေရာက အသေလွတ် ဇရာ့မရဏတို့ မရောက်နိုင်တဲ့နေရာပါလားဆိုတာ ခင်ဗျားတို့ အားထုတ်တော့ ခင်ဗျားတို့ကိုယ်တိုင်သိ၊ သဘော ကျပလား (ကျပါဘုရား)။

ချုပ်တဲ့ ခန္ဓာ တွေ့တာ.... (မှန်လှပါ)၊ ဒါ ချုပ်အောင် ရှုကြည့်အုံး....(မှန်လှပါဘုရား)၊ ဒါချုပ်မှာဘဲ....၊ မချုပ်ဘဲ နေမှာလား (မနေပါဘုရား)၊ ချုပ်ရမှာဘဲတဲ့ အလုပ်လုပ်တဲ့ ပုဂ္ဂိုလ်မှာ ချုပ်ရမှာ(မှန်လှပါ)၊

ချုပ်ပုံ ချုပ်နည်းကိစ္စ၊ ဒီနေရာမှာ ဒုက္ခချုပ်တဲ့နေရာမှာ ဘာလာမယ်ထင်သတုံး.... (သုခ)၊ သုခနိဗ္ဗာန် မလာဘူးလား လာတော့ကာကြလို့ရှိရင် ရှုရင်းဉာဏ်နဲ့ မတွေ့ပေဘူးလား (တွေ့ပါဘုရား)၊ ဒီက ဒုက္ခတွေ ပိုင်းခြား၊ နိရောဓကို မျက် မှောက်ပြုဆိုတာ.... ဒီဉာဏ်လာရမှာကိုးဗျ၊ ကတဉာဏ် ဖြစ် ရတော့မှာ မဖြစ်ပေဘူးလား....(ဖြစ်မှာပါဘုရား)။

အဲဒီကဲ့သို့ ဖြစ်တဲ့အခါကြလို့ရှိရင် နိရောဓ ဆိုတာ ဒုက္ခသာ မရှိတာပေါ့....၊ ချမ်းသာတာကလေးတော့.... ရှိတယ်လို့ တထစ်ချ, ခင်ဗျားတို့ ဆုံးဖြတ်ချက်ချ (မှန်လှပါ)၊ ဘာတုံး (ဒုက္ခမရှိဘဲ ချမ်းသာ ရှိတာပါဘုရား)။

ချမ်းသာတာကတော့....အစစ်ဘဲ ဘာကြောင့်တုံးဆိုလို့ ရှိရင်ဖြင့် လောကီ နည်းနဲ့ ကြည့်လို့ရှိရင်ဖြင့် ခင်ဗျားတို့ အနာပေါက်တာလဲ ဒီလက်မောင်းဘဲ၊ ဆေးကု၊ ဆေးသမား ဝါးသမား ကောင်းနဲ့ ပျောက်တာကော.... (ဒီလက်မောင်း ပါဘဲဘုရား)။

သို့သော် - ခင်ဗျားတို့သည် အနာရှိသေးသလားမေးတော့ ဘယ့်နှယ်ပြောမတုံး....(မရှိပါဘုရား)၊မရှိဘူး....နောက်တော့ ဘယ့်နှယ်နေပမတုံး.... ဒီအတိုင်းသာ ပျောက်တော့ ပျောက် နေတာဘဲ (မှန်လှပါ)၊

ဒီမှာလဲ.... ဒုက္ခနာတွေကြောင့်.... ဒုက္ခနဲ့ ဆက်သွယ်တာ တွေရော အကုန် ပျောက်တာဘဲ၊ ဟင်.... ( မှန်ပါဘုရား )၊ ရှိတယ်တဲ့ ဒုက္ခနဲ့ဆက်သွယ်ထားတာ အကုန်ပျောက်နေတာ၊ ဒုက္ခက မဆက်သွယ်တာတော့ကော (ရှိပါဘုရား)။

အဲဒါ.... နိဗ္ဗာန်ဟာ အတ္ထိတဲ့.... ကေန်ရှိ တကယ်ရှိ၊ ဒုက္ခနဲ့ ဆက်သွယ်တာသာမရှိတာ....(မှန်လှပါ)၊ ဒုက္ခနဲ့ ဆက်သွယ် တာက ဒီဇရာ,မရဏနဲ့ ဆက်သွယ်တဲ့ရုပ်နာမ်....၊ဇရာမရဏနဲ့ မဆက်သွယ်တဲ့ ဒီရှုထိုက်တဲ့ တရားကတော့ သေသေချာချာ ဥဒါန်း ပါဠိတော်မှာ ဟောတယ်.... (မှန်ပါ)၊ နိဗ္ဗာန်ဟာ....

"အတ္ထိ ဘိက္ခဝေ နိဗ္ဗာန်" နိဗ္ဗာန်–နိဗ္ဗာန်သည်၊ အတ္ထိ ကေန် ဋ္ဌေတဲ့...၊ ဘုရားက ရှိတယ်လို့ ဟောတယ် သဘောကျ ပလား(ကျပါဘုရား)။

အဲသည်တော့ ဘုရားကရှိတယ်လို့ ပြောတော့ပြောသွား ပြီ....၊ ခင်ဗျားတို့က မယုံဘူးဆိုတော့ ဒီကိစ္စဉာဏ်ရအောင် လုပ်ပြီးသကာလ ကတဉာဏ်ကို ခင်ဗျားတို့ ပြောင်းနိုင်အောင် လုပ်ရမယ်၊ သူရှိတယ်ဆိုတာ သေသေ ချာချာ မှာတယ်....၊ သဘောကျပလား (ကျပါဘုရား)။

အဲဒီတော့ အဲ့ရာရှိရင် မအိုရာ၊ နာရာရှိရင်.... (မနာရာ)၊ သေရာရှိရင် (မသေရာ)၊ ဒါဖြင့် ရှိတာပေါ့၊ အပူရှိ အအေး ရှိတယ်(မှန်ပါ)၊ သဘောကျပလား(ကျပါဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကတဉာဏ် ရအောင် လုပ်ကြည့် သဘောကျပလား.... (ကျပါဘုရား)၊ ဘာပြုလို့ ကတဉာဏ်ရအောင် လုပ်ကြည့်လို့ ဆိုရသတုံး ဆိုတော့ ကိစ္စဉာဏ်ကို မနှစ်သက်တဲ့ ပုဂ္ဂိုလ်က ကတဉာဏ်ကို ရအောင်လုပ် (မှန်ပါဘုရား)။

ကိစ္စဉာဏ်ဆိုတာ ဒကာဒကာမတို့.... ခဏခဏ နှိပ်စက်ခံ နေရတာ ဘာဆိုကြမတုံး....(ကိစ္စဉာဏ်)၊ အဲဒါသည် ဉာဏ် မျက်စိနဲ့ သည်အသိကိစ္စကို သူ့ဉာဏ်နဲ့သူ ရှုကြည့်ရှုကြည့်ပြီး သွားတော့.... ဒီကိစ္စကြီးကို ရှုခြင်တဲ့စိမ်း လာအုံးမလား (မလာပါဘူးဘုရား)။

မလာတော့ကို မင်းတော့.... မရချင်တော့ဘူး၊ မလိုချင်တော့ဘူး ဆိုပြီး သမုဒယ, ဒီကြားထဲ ချုပ်,မချုပ်, (ချုပ်ပါဘုရား)၊ ချုပ်တဲ့အခါကြလို့ရှိရင် ဒီကိစ္စဟာ ပျောက်ရမှာ သဘောကျပလား (ကျပါဘုရား)။

ဒါဘယ့်နှယ်ကြောင့်.... ပျောက်သွားသတုံး ဆိုတော့.... မင်းဒုက္ခ မင်းတည်းဟူသော ဒုက္ခနဲ့ ဟောဒီဉာဏ်က မဂ္ဂင်တည်းဟူသော ဉာဏ်က မင်းတည်းဟူသောဒုက္ခနဲ့၊ ငါတော့ မနေလိုတော့ဘူး....ဘယ်အခါကာလမှ မကြည့်လဲ မကြည့်ချင်တော့ဘူး၊ တွေ့လဲမတွေ့ချင်ဘူးဆိုတော့.... သူက တဏှာလမ်းသက်သက် ဆုံးဖြတ်ချက်ချ၊ တဏှာချုပ်သွားတော့ သူကျန်နေရစ်သေးရဲ့လား(မကျန်ရစ်ပါဘုရား)။

မီးတော့သေသဘဲ့ဗျာ၊ မီးခဲတွေလဲ ပျောက်ပြေးမပြေးပျောက်ရမှာပေါ့.... (မှန်လှပါဘုရား)၊ သဘောကျပလား (ကျပါဘုရား)၊ မီးပျောက်ပြီး အပူကျန်နေသေးတယ်ဆိုရင် တော်ပါ့မလား (မတော်ပါဘုရား) ဒါဖြင့် မီးအပူ ကျန်နေသေးတယ်ဆိုရင် တော်ပါ့မလား(မတော်ပါဘုရား)။

ဒါဖြင့်.... မီးပျောက်ရင် ဘာဖြစ် ( အပူ ပျောက်ရမှာပါဘုရား ) အပူပျောက် ဒါဖြင့် မီးတော့ မီး သမုဒယသစ္စာနဲ့ တူတယ် အပူတော့ ဘာနဲ့ တူတုံး ဒုက္ခသစ္စာနဲ့ မတူဘူးလားဗျ (တူပါဘုရား) သူတို့နှစ်ခု ပျောက်သွားတဲ့ အခါကြတော့ မီးနဲ့ အပူ ပျောက်သွားတဲ့ အခါကြတော့ကို၊ အအေးနဲ့

အအေးကို မြင်တတ်တဲ့ သဘောနဲ့၊ အေးတဲ့သတ္တိ မရှိပေဘူးလား(ရှိပါဘုရား)။

ဒါဖြင့် ဒီဘက်က သုခ(မှန်ပါ) မီးဘက်က မဂ္ဂ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)၊ ဒါကြတော့ ကတဉာဏ်တဲ့.... အော်.... အေးပေပေါ့—အေးပေပေါ့၊ ခုမှဘဲအေးပေပေါ့.... မလာဘူးလား (လာပါဘုရား)၊ ဒါဖြင့်.... ကတဉာဏ်ဆိုတာ အေးပေပေါ့ ... ဒီဒုက္ခနဲ့.... ဝဋ်ကျွတ်ပေပေါ့.... သိတဲ့ဉာဏ် ဘာခေါ်ကြမလဲ (ကတဉာဏ်ပါဘုရား)။

ဒါဖြင့် ဒီကတဉာဏ် ဘယ်ကနေပြီးတော့ ဦးဘကြည်ရေ တက်မှာတုံးလို့ မေးရင်တော့....ဖြေတတ်ကြရဲ့လား.... ပဌမ (၁) နံပါတ် သုခ အရင် ဖြေရမယ်ဗျ....၊ ဒုတိယ ကိစ္စဉာဏ် ကြတော့မှ ပွါးရမယ်.... ဟုတ်လား(မှန်ပါ)။

သစ္စဉာဏ်ကတော့ ဆရာဘုန်းကြီးဟောတာနဲ့ ရတယ်၊ ကိစ္စဉာဏ်ကတော့....(ပွားရင်ရပါဘုရား) ၊ပွါးလိုက်တဲ့အခါ ကြတော့မှ အသားထဲက လောက်တွေဖြစ်၊ ဖြစ်ဖြစ် ပျက်ပျက် ပျောက်ပျောက်သွားမှာဘဲသဘောကျပလား(ကျပါဘုရား)။

အဲဒီလို ပျောက်ပျောက်သွားတော့ အော်— ဇရာ,မရဏ ဆိုတဲ့ ခန္ဓာကြီးကိုလဲ ပျက်နေရတာဘဲ၊ ရုပ်လဲပျက်နေတာဘဲ၊ နာမ်လဲ ပျက်နေတာဘဲ၊ အကုန်ပျက် ဘာမှမကျန်ဘူး၊ အစား ထိုးတာလဲ သူ့ဟာနဲ့သူ ပျက်အုံးမှာဘဲ၊ သဘောကျပလား (ကျပါဘုရား)။

အစားထိုးတာလဲ ခင်ဗျားတို့ ပစ္စုပ္ပန်လဲ မထင်တော့ဘူး၊ အတိတ်ကော လွမ်းသေးသလား (မလွမ်းပါဘုရား)၊ အနာဂါတ်ကော လာသေးသလား ဒါမျိုး လာမှာပါဘဲ၊ မသိဘူးလား (သိပါဘုရား)၊ အဲဒါ ကာလသုံးပါး မသိဘူးလား....၊ ကာလသုံးပါးစလုံး မသိဘူးလား ကိစ္စဉာဏ်မှာ သဘောကျပလား....(ကျပါဘုရား)။

ကိစ္စဉာဏ်မှာ ကာလသုံးပါး သေတဲ့အခါကြလို့ ရှိရင်ဖြင့် ဘုန်းကြီးတို့ ၊ဒကာ ဒကာမတွေက စဉ်းစားပြီတဲ့....၊ ရှေ့လဲ မကောင်း နောက်လဲမကောင်း အခုလဲမကောင်း ခန္ဓာအတွက် ဟုတ်လား အတိတ်ခန္ဓာတွေ လွမ်းသေးသလား....(မလွမ်းပါဘုရား)၊ ပစ္စုပ္ပန်ခန္ဓာ ငဲ့သေးလား....(မငဲ့ပါဘုရား)၊ အနာဂါတ်ခန္ဓာ တောင့်တသေးလား (မတောင့်တပါဘုရား)။

ဒါဖြင့် တဏှာသည် သုံးမျိုးရှိတယ်၊ အတိတ်တဏှာရှိတယ်၊ ပစ္စုပ္ပန်တဏှာ ရှိတယ်၊ အနာဂါတ်တဏှာ ရှိတယ်၊ သည့်ပြင် သူခင်စရာရှိသေးသလား (မရှိပါဘုရား)၊ မရှိတော့ တဏှာ သုံးပါး သေပြီပေါ့(မှန်ပါဘုရား)၊ ဟုတ်လား.... ဥဂ္ဂါသေန တို့ ဒါဟောတာ ဒါဟုတ်ရဲ့လား ရိပ်မိပလား.... (ရိပ်မိပါဘုရား)။

အဲ....ဥဂ္ဂါသေနဆိုတဲ့သူဟာ တဏှာသုံးပါး သတ်ပြတာ၊ တဏှာသုံးပါး သတ်ပြီးသကာလကြတော့ ဒီ ကျုပ် တို့ ကိစ္စဉာဏ်တွေလဲ ဥဂ္ဂါသေနသည် ရောက်တယ်လို့ ထားပါတော့တဲ့

သူမရောက်ဘဲနဲ့တော့ တိုင်ထိပ်ပေါ်တွင်တော့ ဝါးအတောင် (၆၀)ကျော်မှာ သူ ရဟန္တာဖြစ်ရမှာကိုးဗျ....။

ကဲ....ဒါဖြင့် ဒကာ ဒကာမတို့ သူဟာ ကာလသုံးပါးစွန့် လိုက်တဲ့အတွက် ဝါးထိပ်ပေါ်ကနေပြီး စွန့်လိုက်တာ (မှန်လှ ပါ)၊ ရှင်းပလား(ရှင်းပါဘုရား)။ဒါဖြင့် သိပ်ကြာကြာ လုပ် ရသလားမေးရင် ဘယ့်နှယ်ဖြေမတုံး.... (မကြာပါ ဘုရား)၊ ဟာ—သူတို့က မီးခဲပျာဖုံးကို တပည့်တော်တို့က မီးခဲရေဖုံးကို ဘုရား၊ ဒီလိုလဲ မစာနာနဲ့ ဟုတ်ပလား၊ ဒီလို စာနာလို့လဲ ကောင်းသလား (မကောင်းပါဘုရား)။

မကောင်းပါဘူးတဲ့၊ ဒီသာသနာကြုံလို့ ဒီအလုပ် လုပ်ပြီး သကာလနေမယ်၊ ဟုတ်လား ဦးဘကြည် အလုံးစုံပြီး သစ္စာ ဟောတတ်တဲ့ ဆရာနဲ့များ တွေ့မယ်ဆိုလို့ရှိရင်ဖြင့် ခင်ဗျား တို့လိုဘဲ နည်းသစ်ရှာပေးမယ်၊ အခုတွေ့ပြီမဟုတ်လား သစ္စာ ဉာဏ်(မှန်လှပါဘုရား)။

သစ္စာဉာဏ်ဆိုတာ အော်—အရင်တုံးကတော့ တပည့်တော် တို့က တခြားလားမှတ်နေတာ တပည့်တော်တို့ အလုပ်လုပ် မနေတာ ကိစ္စဉာဏ်ခိုင်းထားတာကိုး ပေါ်ပလား....(ပေါ်ပါပြီ ဘုရား)။

ခင်ဗျားတို့ ဘုန်းကြီး သင်ထားတာ သုံးလေးနှစ် ရှိပြီ၊ အင်း.... ဖြစ်,ပျက်ရှု—ဖြစ်,ပျက်ရှု၊ ဖြစ်ပျက်ရှုမှ နေရာကျမယ် ဆိုပြီးသကာလ ဝေဒနာတွေ သင်ထား၊ စိတ်တွေ သင်ထား၊

ရုပ်တွေသင်ထား၊ စွဲမှတ်တဲ့ခင်ဗျားတို့ စိတ်ကြိုက်သာရှုဆိုပြီး သင်ထားလိုက်တာ ဘာသင်ထားတုံးဆိုတာ ယနေ့ပေါ်ပြီ.... (မှန်လှပါဘုရား)။

ဘာပေါ်တုံး (ကိစ္စဉာဏ်)၊ ကိစ္စဉာဏ် သင်ထားတယ်ဆိုတာ ဒကာ ဒကာမတို့ ရိပ်မိပလား(ရိပ်မိပါဘုရား)၊ ဒါဖြင့် ကိစ္စဉာဏ်ရင့်သွားလို့ ဒါ....မလိုချင်တော့ပါဘူးဆိုရင် ဘာဉာဏ်ဖြစ်မတုံး....(ကတဉာဏ်)။

ကတဉာဏ်ဟာ ဘယ်ဟာ၊ ဘယ်ဟာ အာရုံပြုသတုံး လို့မေးရင် (နိဗ္ဗာန်ပါ ဘုရား)၊ ဒါဖြင့် ကိစ္စ ဉာဏ်က ဒုက္ခကိုအာရုံပြုတယ်၊ ရှင်းပလား.... (ရှင်းပါဘုရား)၊ ကတဉာဏ်က (ဒုက္ခ ချုပ်ရာပါ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဖြစ်ပျက်မြင်အောင်ရှု၊ အင်း....ထားပါတော့ ပဌမ ရှေးဦးစွာ ဘုန်းကြီး တာဝန်က သစ္စဉာဏ်ဟုတ်လား.... ခင်ဗျားတို့တာဝန်က (ကိစ္စဉာဏ်)၊ ကိစ္စဉာဏ်ပြီးတဲ့အခါကြတော့ ခင်ဗျားတို့က မဂ်ရရပါလို၏၊ ဖိုလ်ရရပါလို၏လို့ ဆိုရအုံးမှာလား.... (မဆိုရပါဘုရား)။

ကိစ္စဉာဏ်သာ ဆုံးအောင်လုပ်ခဲ့လို့ရှိရင် ကတဉာဏ်ဟာအလိုလို ပေါ်မယ် (မှန်လှပါ)၊ ဒါဖြင့် ကတဉာဏ်ဆိုတာအားထုတ်ရမဲ့ဉာဏ်လား၊ ပြီးဆုံးပြီပြောတာလား (ပြီးဆုံးပြီလို့ ပြောတာပါဘုရား)။

ဒါဖြင့် ခင်ဗျား တို့တော့ (၁) နံပါတ် ဆရာ့တာဝန်၊ (၂) နံပါတ် ခင်ဗျားတို့ တာဝန်၊ (၃) နံပါတ်က ဓမ္မ၏ တာဝန် (မှန်လှပါ)။

ခင်ဗျားတို့က မလုပ် ရဘူးလား.... (လုပ်ရမှာပါဘုရား)၊ ရှင်းပလား.... ( ရှင်းပါဘုရား )၊ ကဲ....ယနေ့ ဒီတွင် တော်ကြဦး စို့....။

( သာဓု....သာဓု....သာဓု.... )

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း
ကျေးဇူးတော်ရှင်
အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား
ဟောကြားတော်မူသော

# သမုဒယသစ္စာ၏ အနက်လေးချက်

တို့တွင်

## တချက်ဖြစ်သည့်

### အာယူဟနဋ္ဌော တရားတော်

မနေ့က ဒုက္ခသစ္စာလေးချက်ပြီးလို့၊ ယနေ့ သမုဒယသစ္စာ ပြောင်းပြီလို့မှတ် (မှန်လှပါ)၊ ဒုက္ခသစ္စာလေးချက်က ပီဠနဋ္ဌ တချက်၊ သင်္ခတဋ္ဌ တချက်၊ သန္တာပဋ္ဌ တချက်၊ ဝိပရိဏာမ တချက် အားလုံးလေးချက်ရှိသွားပြီ (မှန်လှပါဘုရား)။

ဒီနေ့တော့ သမုဒယသစ္စာကို ဟောလိမ့်မယ်၊ ကိစ္စ လေးချက်နဲ့ ဝေဘန်ပြီးဟောလိမ့်မယ်၊ ကောင်းပြီ သူ့မဟောမီ ဒကာ ဒကာမတွေ သူ့ချတ်မှ ကိစ္စပြီးမယ် ဆိုတာကလေး လုံ

လောက်အောင် သက်သေ သာဓက ပြကြစို့....၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဝေဒနာပစ္စယာတဏှာလို့ ဟောတယ်၊ မင်းတို့သဏ္ဌာန် ဝေဒနာသာပေါ်လို့ရှိရင် တဏှာလာမှာဘဲ၊ ဒါ— မှန်မနေကြဘူးလား.... (မှန်ပါဘုရား)၊ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော် ဖြစ်လေသောကြောင့် ဘုရားမပွင့်လဲ ရှိတယ်၊ ဘုရားပွင့်ကော....(ရှိပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဘုရားမပွင့်လဲ ဝေဒနာပစ္စယာ တဏှာ ရှိတာဘဲ၊ ဘုရားပွင့်လဲ ဝေဒနာပစ္စယာ တဏှာ ရှိတယ် ဆိုတော့ကို ဒို့သဏ္ဌာန်မှာ ဘုရားမပွင့်သေးလို့ရှိရင်လဲ ခန္ဓာ ကိုယ်ထဲမှာ ဝေဒနာပစ္စယာ တဏှာဟာ ဘုရားကိုယ်တော် မြတ်ကြီး ဇေတဝန်ကျောင်း နေ ငြား သော် လည်း ကိုယ့် သဏ္ဌာန်တော့ ဝေဒနာပစ္စယာတဏှာဘဲ (မှန်ပါဘုရား)။

တကယ်တန်း ဘုရားပွင့်လာတဲ့ပုဂ္ဂိုလ် ဆိုလို့ ရှိရင် ဖြင့် ဘာဖြစ်ပါသတုံး မေးလို့ရှိရင်ဖြင့် ဘုရားမပွင့်ရင် ဝေဒနာ ပစ္စယာ တဏှာ၊ ဘုရားပွင့်တော့ ဝေဒနာနိရောဓါ၊ တဏှာ နိရောဓေါ (မှန်လှပါ)၊ ဒါ—ထူးခြားတာဘဲ၊ ဘုရားမပွင့်ခင် ဘာ.... (ဝေဒနာပစ္စယာ တဏှာ)၊ ဝေဒနာပစ္စယာ တဏှာ ဆိုတာက ဘုရားမပွင့်ခင် ဒါကို ဘုရားအဘယ်ထဲပွင့်ရမှာတုံး လို့ မေးတဲ့အခါကြတော့ ဝမ်းထဲမှာပွင့်ရမှာ။

သည့်ပြင်နေရာ သူ့ဟာသူ ပွင့်နေရင် ခင်ဗျားတို့မဆိုင်ဘူး သဘောကျပလား (ကျပါဘုရား)၊ တခြားနေရာ သူ့ဟာသူ ပွင့်ပြီးသကာလ သူက ကပ္ပိလဝတ်ပြည် ဇေတဝန်ကျောင်းမှာ

နေတယ်၊ ကျုပ်တို့က ကပ္ပိလဝတ်ပြည်မှာနေတယ်ဆိုလို့ ရှိရင် ဖြင့် မပွင့်သေးပါဘူး၊ ဝေဒနာပစ္စယာ တဏှာဘဲဖြစ်တယ်.... (မှန်လှပါ)၊ ရှင်းကြပလား....(ရှင်းပါဘုရား)။

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့ ဘုရားပွင့်မည့်ပုဂ္ဂိုလ် များ၊ ဘုရား၏ အတုလိုက်ပြီး ကျင့်တဲ့ပုဂ္ဂိုလ်များကြတော့ ဝေဒနာနိရောဓါ၊ တဏှာနိရောဓါ ရှင်းကြပလား၊ ဘုရား မပွင့်ခင်ဘာတဲ့....(ဝေဒနာပစ္စယာ တဏှာ)။

ဝမ်းထဲမှာ ဘုရားပွင့်တဲ့ ပုဂ္ဂိုလ်ကြတော့.... (ဝေဒနာ နိရောဓါ တဏှာနိရောဓါ ပါဘုရား)၊အဲဒါက ရှိခိုးတဲ့ပုဂ္ဂိုလ် ကိုဆိုတာ မဟုတ်ဘူး၊ ဘုရားပွင့်လို့ ရှိခိုးတဲ့ပုဂ္ဂိုလ်ကိုဆိုတာ မဟုတ်ဘူး၊ သံဃာတော် ကိုးကွယ်ဆီးကပ်နေတဲ့ပုဂ္ဂိုလ်ကိုလဲ ဆိုတာမဟုတ်ဘူး၊ အလုပ် လုပ်တဲ့ပုဂ္ဂိုလ်မှ ဝေဒနာနိရောဓါ တဏှာနိရောဓါ.... (မှန်လှပါ)၊ အလုပ် မလုပ်တဲ့ ပုဂ္ဂိုလ်မှာ ဖြစ်ကို မဖြစ်နိုင်ဘူး။

အားလုံး ဒကာ ဒကာမတို့ မှတ်ထားပါ၊ အလုပ် မလုပ်တဲ့ ပုဂ္ဂိုလ်မှာဘာတဲ့ (ဝေဒနာပစ္စယာ တဏှာ)၊ အော်....အလုပ် မလုပ်တဲ့ ပုဂ္ဂိုလ်ဖြင့် ဝေဒနာပစ္စယာ တဏှာဆိုတော့ကို ဒါ အစပြလိုက်ခြင်း ဖြစ်ပါတယ်၊ တဏှာဒီဘက်က ဟာတွေက တဏှာသာ လာလို့ရှိရင် ဒီဘက်က ပဋိစ္စသမုပ္ပါဒ်ကတော့ အစဉ်အတိုင်း သွားတော့မှာဘဲ၊ နိယာမပေါ့ဗျာ နိယာမ သွားရမှာ....။

ဒါဖြင့် ဘုရားပွင့်ခြင်းကျေးဇူး၊ ဘုရား ပွင့် ခြင်း ကြောင့် ဘုရားတရားတော်ကို နာရလို့ ခင်ဗျားတို့ ကျုပ်တို့ အသား ထုတ်တဲ့ပုဂ္ဂိုလ်ကြတော့မှ ဝေဒနာ နိရောဓ၊ တဏှာ နိရော ဓ ဖြစ်တယ်၊ ရှင်းပလား(ရှင်းပါဘုရား)။

အဲ....ဘုရားပွင့်မပွင့် ဝေဘန်တတ်ကြပလား (ဝေဘန် တတ်ကြပါဘုရား)၊ ခင်ဗျားတို့ ဘုရားနဲ့ တွေ့ရပါလို့၏ဆိုရုံ နဲ့ ဝေဒနာ နိရောဓ တဏှာ နိရောဓ မဖြစ်ပါဘူး၊ ဖြစ်ပါ့ မလား (မဖြစ်ပါဘူးဘုရား)။

ဘုရားဆီက နည်းရပြီး ကျင့်လို့ရှိရင်တော့ ဝေဒနာနိရော ဓ တဏှာနိရောဓ ဖြစ်မယ်ဆိုတာ ဆုံးဖြတ်ချက်ချပါ....၊ အဲဒီတော့ ဒကာ ဒကာမတို့ ကိုယ့်အိမ်မှာကိုယ် ဘုရားကြည်ညို ပါတယ်၊ တရား ကြည်ညိုပါတယ်၊ သံဃာ ကြည်ညိုပါတယ် ဆိုတာက သဒ္ဓါပြဋ္ဌာန်းတယ်၊ အလုပ်လုပ်တဲ့ပုဂ္ဂိုလ်က ပညာ ပြဋ္ဌာန်းတယ် (မှန်လှပါ)၊ အလုပ် မလုပ်တဲ့ပုဂ္ဂိုလ်က ဘာ ပြဋ္ဌာန်းတုံး....(သဒ္ဓါပြဋ္ဌာန်းပါတယ်ဘုရား)။

အလုပ်လုပ်တဲ့ပုဂ္ဂိုလ်က.... (ပညာပြဋ္ဌာန်းပါတယ်)၊ပညာ ပြဋ္ဌာန်းတယ်ဆိုတော့ "ပညာယံ သေဋ္ဌော လောကသ္မိံ"လို့ ဘုရားက ဟောလိုက်တယ်။ လောကသ္မိံ၊ လောကသုံးပါး၌။ ပညာဟိ-ပညာဝေ၊ ပညာသည်သာပင်။ သေဋ္ဌော၊ တရား တကာတို့ထက် အမြတ်ဆုံးတည်း။

ပညာအမြတ်ဆုံးဘဲ ဘာကြောင့်ပညာမြတ်ရပါသတုံးဆို၊ သူများ မဖေါက်ထွင်းနိုင်တဲ့ အဝိဇ္ဇာ တဏှာထုကြီးကို ပညာက ဖေါက်ထွင်းနိုင်တယ်၊ ကျန်တဲ့တရားတွေက မဖေါက်ထွင်းနိုင်ဘူးတဲ့ ဒကာ ဒကာမတို့ သဘောကျပလား(ကျပါဘုရား)၊ ဒါဖြင့် ဒကာ ဒတာမတို့သဏ္ဍာန်မှာ တရားဓမ္မတွေထဲ ဘယ်တရား အမြတ်ဆုံးပါလိမ့်(ပညာပါဘုရား)၊ ပညာဓမ္မအမြတ်ဆုံးလို့ မှတ်ထားပါ။

ကောင်းပြီဒါက ဝေဒနာ နိရောဓါ တဏှာနိရောဓေါလို့ ဆရာဘုန်းကြီးက ဆိုလိုက်တယ်၊ စကားစပြီး ချီလိုက်တယ် ချီလိုက်ပင် ချီလိုက် ငြားသော်လည်း ဝေဒနာ နိရောဓကို ခင်ဗျားတို့မြင်ပါမှ ဝေဒနာ မရှိတာကို မြင်ပါမှ တဏှာနိရောခဆိုတဲ့ မဂ်ဉာဏ်ငါးပါးကလာတာ....(မှန်လှပါ)၊ သဘောကျပလား (ကျပါဘုရား)။

ဝေဒနာနိရောဓါ တဏှာနိရောဓေါ၊ ဇရပ်ပေါ် တက်ပြီး ရွတ်နေလို့တော့ အပိုဘဲ၊ ရိပ်မိကြပလား....(ရိပ်မိပါဘုရား) ဇရပ်ပေါ် တက်ပြီး ရွတ်နေတဲ့ လူတွေရှိသေးတယ်ဗျ ဝေဒနာ နိရောဓါ တဏှာနိရောဓေါလို့ ရွတ်တော့ရွတ်တာဘဲ ဝေဒနာ နိရောဓါ တဏှာ နိရောဓေါဖြစ်မှ ပဋိစ္စသမုပ္ပါဒ် ပြတ်မယ်လို့ ဘုရားဟောတယ်မဟုတ်လား (မှန်လှပါ)။

အဲဒီတော့ ရွတ်လို့ ပြတ်မှာလားတဲ့.... ဝေဒနာနိရောဓကို မြင်မှ၊ ဝေဒနာချုပ်သွားတာကို မြင်လိုက်မှ၊ မြင်လိုက်တဲ့မဂ် ဝိပဿနာမဂ် ပေါ်လာတော့မှ.... တဏှာနိရောဓေါဖြစ်တယ် (မှန်လှပါ) နို့မို့လို့ရှိရင် ဖြစ်ပါ့မလား (မဖြစ်ပါဘုရား)။

မဖြစ်တော့ကို.... လျှောက်ရွတ်နေတဲ့....ပုဂ္ဂိုလ်မှာ ဘယ် အခိပ္ပါယ်ပါလိမ့်မတုံးလို့ ဆိုလို့ရှိရင်ဖြင့် အင်း.... အန္တရာယ် ကင်း....၊ ဘေးရှင်း.... ဆိုပြီးသကာလ ရွတ်တဲ့ပုဂ္ဂိုလ်တွေဖြင့် အန္တရာယ် မကင်းပါဘူး၊ သူကတော့လျှောက် ဖြစ်နေတာ မဖြစ်ပေဘူးလား(ဖြစ်ပါဘုရား)။

သို့ပေမဲ့....ဒကာဒကာမတို့.... ဝေဒနာနိရောဓကို သေသေ ချာချာရှုမှ၊ဝေဒနာဖြစ်တာက ဝေဒနာချုပ်ပျောက်သွားတာ ချုပ်ပျောက်သွားတာဟာ နိရောဓပေါ့(မှန်လှပါ)။

အဲဒီ ချုပ်ပျောက် သွားတာကို ခင်ဗျားတို့ မြင်လိုက်မှ သာလျှင်.... ဒါက နိရောဓ ဝေဒနာက ချုပ် ပျောက် သွားမှာ၊ ချုပ်ပျောက်တာကိုမြင်တဲ့ မမွကလေး နောက်ကလိုက်လာတဲ့ အတွက် တဏှာနိရောဓ၊ သည်နေရာမှာဖြစ်ရမယ် (မှန်လှပါ ဘုရား) ရှင်းကြပလား (ရှင်းပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဝေဒနာနိရောဓကို မမြင်တဲ့ပုဂ္ဂိုလ် ဟာ တဏှာနိရောဓ ဖြစ်,မဖြစ်(မဖြစ်ပါဘုရား)၊ ဒါဖြင့်အလုပ် လုပ်မှ ရတယ်၊ ဦးစံရီ ဘယ်လိုလုပ်မှရတယ် ... (အလုပ်လုပ်မှ ရပါတယ်ဘုရား)။

နိရောဓမြင်မှနော်(မှန်ပါ) နိရောဓမမြင်လို့ရှိရင် ဒီဘက်က ဘယ့်နှယ်ဆိုကြပ(တဏှာနိရောဓ)တဏှာနိရောဓ ဖြစ်ပမလား (မဖြစ်ပါဘုရား) မဖြစ်နိုင်ဘူးလို့ဆိုသဖြင့်—ဝေဒနာက ခန္ဓာ

ကိုယ်ထဲမှာ သုခပေါ်ပေါ်၊ ဒုက္ခပေါ်ပေါ်၊ ဥပေက္ခာပေါ်ပေါ် ပျောက်ပျက်တဲ့ နိရောဓကို ခင်ဗျားတို့ ရှုတဲ့နောက်က မြင်ပါမှ ပျောက်ပျက်တဲ့.... နိရောဓကိုရှုတဲ့.... နောက်က ဘာတဲ့တုံး.... (မြင်ပါမှပါဘုရား)။

မြင်တော့ ပါဠိ ပြောင်းလိုက်တော့.... ဒီကြတော့ပြောင်းနိုင်ပြီ၊ မပြောင်းနိုင်ဘူးလား (ပြောင်းနိုင်ပါဘုရား) ဘယ်လိုပြောင်းကြမတုံး.... (ဝေဒနာ နိရောဓေါ တဏှာ နိရောဓော) အဲဝေဒနာက သူ့ဟာသူ နိရောဓ ဖြစ်သွားသလား ခင်ဗျားတို့က နိရောဓကို မြင်လိုက်တာလား (မြင်လိုက်တာပါဘုရား) ဒီလိုမှပေါ့(မှန်ပါ) သဘောကျပလား(ကျပါဘုရား)။

ဒါဖြင့်.... နိရောဓကို မြင်လိုက်မှ ကိုက်မယ် ဆိုသဖြင့်.... ဦးဘကြည်တို့ ကိုထွန်းဦးတို့က ကြည့်လိုက်တာပေါ့ အောင်.... ဒါအလုပ်သဘောနှင့် ပတ်သက်ပြီး ဟောထားတာကို(မှန်ပါ) ဦးဘကြည် ဘယ့်နှယ်ဆိုမတုံး.... (အလုပ်သဘောနှင့် ပတ်သက်ပြီး ဟောတာပါဘုရား)။

နောက်က ဒကာဒကာမတွေ ဘယ်လိုဆုံးဖြတ်ချက်ချမတုံး (အလုပ်သဘောနှင့် ပတ်သက်တာပါဘုရား) အလုပ်သဘောနှင့် ပတ်သက်တာပါ ပျောက်ပျက်ချင်လျှင်....သည်လို နိရောဓမြင်အောင်ကြည့် ရှင်းပလား (ရှင်းပါဘုရား)။

ရှုတ်နေရမှာလား....၊ နိရောဓတွေ ပေါ်တိုင်း ပေါ်တိုင်း ပေါ်တာကို ကြည့်နေရမှာလား.... (ကြည့်နေရမှာပါဘုရား)၊ အောင်....ဒါဖြင့် နိရောဓလေးပေါ်မှုကို ဒကာဒကာမတွေကြည့်

ပါမှ ကြည့်တော့.... မဂ္ဂင်ငါးပါး ပေါ်လာတယ်လို့....ဆရာ ဘုန်းကြီးကပြောတယ် ဘုရားကလဲ ပြောတယ်....၊ ပုဗ္ဗဘာဂ မဂ်က ငါးပါးထက် ဘယ်နည်းမှ မပိုဘူး၊ သဘောကျပြီနော် (ကျပါဘုရား)။

အဲဒါ.... တဏှာနိရောဓ ဟုတ်မဟုတ် ကြည့်လိုက်တဲ့အခါ ကြတော့ သူ နိရောဓမဖြစ်လို့ နိရောဓကို သည်ကမြင်တဲ့ဉာဏ် သာ မလာဘူးဆိုလို့ရှိရင်၊ ဝေဒနာဖြစ်ရင် တဏှာလာမှာ.... (မှန်လှပါ)၊ မလာဘူးလား (လာမှာပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဘယ်လိုလုပ်ကြမှာတုံး မေးတော့ ဝေဒနာပေါ်တုံး ပေါ်ဆဲကို၊ နိရောဓမြင်အောင် ကြည့်ရလိမ့် မယ်လို့ ဦးဘကြည် မဆိုနိုင်ဘူးလား(ဆိုနိုင်ပါဘုရား)၊ ဘယ် လိုဆိုမယ် နိရောဓမြင်ရမယ် ဒကာဒကာမတွေ.... ဘာမြင်ကြရ လိမ့်မတုံး....(ဝေဒနာနိရောဓ မြင်ရမှာပါဘုရား)။

ဝေဒနာနိရောဓကို နောက်ကမြင်ရမယ်.... နိရောဓကို မြင့် ရမယ်ဆိုတော့....ထိုနိရောဓဆိုတာ တခြားမဟုတ်ပါဘူး ဒကာ ဒကာမတို့ မှတ်ကြ၊ မရှိဘူး သိတာ ချုပ်သွားလို့ဘဲ (မှန် လှပါ)၊ မရှိဘူး....မရှိဘူးလို့ အသိ လိုက်ပေးပါ ရှင်းပလား (ရှင်းပါဘုရား)။

မရှိဘူး-မရှိဘူးလို့....အသိလိုက်ပေးတဲ့ အခါကြတော့ မရှိ တာက နိရောဓ၊ သိတာက မဂ္ဂ၊ ဒီမဂ္ဂလာလို့ တဏှာနိရောဓ ဖြစ်ရတာ.... (မှန်လှပါ)၊ ဒီနေရာမှာ မဂ်မလာဘူး ဆိုရင် ( တဏှာ, ဥပဒါန်, ကံ ဖြစ်မှာဘဲ)။

ကံဖြစ်မှာဘဲဆိုသဖြင့် ကိုထွန်းဦး ဖြစ်မြဲဖြစ်ရမှာဘဲ....(မှန်ပါဘုရား)၊ ဝေဒနာပစ္စယာ တဏှာဘဲ၊ ကောင်းပြီ ဒါဖြင့် ယနေ့ညတရားနာတဲ့ ဒကာ ဒကာမတွေမှာ အော်.... ဒီဥစ္စာ တဏှာဆိုတဲ့ သမုဒယသစ္စာ၊ ဒီနေ့ တဏှာသမုဒယသစ္စာကိုဘဲ ဟောမလို့ ပြောထားတယ်။

တဏှာဘယ်လိုလုပ်မှ ချုပ်တယ်ဆိုတာ ဒို့ဆီက ဘယ်လို ဝိပဿနာရှုရမှာတုံး မေးလို့ရှိရင်ဖြင့် ဝေဒနာချုပ်တာ မြင်အောင် ရှုနိုင်တဲ့အလုပ်လုပ်၊ ချုပ်ပြီ-ချုပ်ပြီလို့သာ နောက်က မြင်နေကြရမယ်ဆိုရင်ဖြင့် တဏှာချုပ်နေတာဘဲ ရှင်းပလား.... (ရှင်းပါဘုရား)။

ဝေဒနာချုပ်တာ မြင်မြင်နေတဲ့ပုဂ္ဂိုလ် ဘယ်လိုဆိုကြမတုံး (တဏှာချုပ်တာပါဘုရား)၊ တဏှာချုပ်တာဘဲလို့ ဆိုတော့ သူများ ပြောတာလား....၊ ကိုယ်တိုင် လုပ်ကြည့်လို့ မြင်တာ လားလို့မေးရင် ကိုယ်တိုင်လုပ်ကြည့် ဒီအတိုင်း လာမှာဘဲ.... (မှန်ပါဘုရား)။

အင်း....တဏှာနိရောဓဆိုတော့ တဏှာက ဒီနေရာမှာပေါ် ခွင့် ရသေးရဲ့လား.... (မရပါဘုရား)၊ မရတော့ အနုပ္ပါဒ နိရောဓဆိုတဲ့ တဏှာက ဒီနေရာမှာ "ပေါ်မည့်နေရာ" ပေါ်ခွင့် ရသေးရဲ့လား....(မရပါဘုရား)။ မရတာ အနုပ္ပါဒ နိရောဓ ဆိုတဲ့အတိုင်း မဖြစ်ဘဲနဲ့ မချုပ်ရပေ ဘူးလား.... (ချုပ်ရပါ ဘုရား)။

အေး.... ဖြစ်ပေါ်ခွင့်မရဘဲနဲ့ ချုပ်တဲ့အခါကြတော့ကို အော်.... ဘုရားသခင်ကိုယ်တော်မြတ်ကြီးက လုပ်စမ်းပါကွာ၊ ဖြစ်ပေါ်ခွင့်မရဘဲနဲ့ ချုပ်သွားတော့ တဏှာနိရောဓေါ နိဗ္ဗာနံ ပါဘဲ(မှန်လှပါ)၊ ဦးဘကြည် ဘာတဲ့တုံး....(တဏှာနိရောဓေါ နိဗ္ဗာနံပါ ဘုရား)၊ အဲဒါ သံယုဂ်ပါဠိတော်။

"ဝေဒနာ နိရောဓါ တဏှာ နိရောဓေါ" ဆိုတာ ပဋ္ဌိစ္စသမုပ္ပါဒ် ပါဠိတော်၊ "တဏှာနိရောဓေါ နိဗ္ဗာနံ" ဆိုတာက သံယုဂ်ပါဠိတော် ရိပ်မိပလား(ရိပ်မိပါဘုရား)။

ဒီပါဠိတော်နှစ်ခု ဆက်ယူရမယ်၊ ဝေဒနာနိရောဓါ ဘယ့်နှယ်ဆိုမတုံး....(တဏှာ နိရောဓေါ)၊ တဏှာနိရောဓေါ နိဗ္ဗာနံ သဘောကျပလား (ကျပါဘုရား)၊ ပြန်ဆိုကြအုံး (ဝေဒနာ နိရောဓါ တဏှာနိရောဓေါဆိုတာ) ဒါ–ပါဠိတော်အစစ်ဘဲ၊ ဒါ·ပါဠိတော် အစစ်ပါဘဲဆိုတော့ အော်.... သမုဒယသစ္စာ ချုပ်သွားပါပေါ့လား ဆိုတာ ဦးစံရှိ ငြင်းဘို့ မလိုတော့ဘူး (မှန်ပါဘုရား)၊ နောက်က ဒကာဒကာမတွေကော လိုသေးသလား....(မလိုပါဘုရား)။

တဏှာချုပ်သွားတဲ့အချိန် တဏှာချုပ်သွားတာ ဘုရားက ဘာတဲ့တုံး.... (တဏှာနိရောဓေါ နိဗ္ဗာနံပါ ဘုရား)၊ တဏှာနိရောဓေါ နိဗ္ဗာနံဆိုတာ ရထားတော့ အော်.... နိဗ္ဗာန် ဆုတောင်းဘို့ မလိုတော့ဘူး....၊ တဏှာနိရောဓေါ ဖြစ်ဘို့သာ ခင်ဗျားတို့လိုတယ်.... (မှန်လှပါ)၊ တဏှာနိရောဓေါ နိဗ္ဗာနံ ဆိုတာ မင်းတဏှာစွန့် နိဗ္ဗာန်ရပြီလို့ ဘုရားက ဟောလိုက်တယ် (မှန်လှပါ)၊ ရှင်းပလား (ရှင်းပါဘုရား)။

ခင်ဗျားတို့ တာဝန်က ဝေဒနာနိရောဓ....(တဏှာနိရော ဓေါ) ခင်ဗျားတို့အလုပ် ဟုတ်လား(မှန်ပါ)၊ တဏှာနိရော ဓေါ နိဗ္ဗာန်ဆိုတာက ဘုရားက မင်းတို့ကွာ တဏှာချုပ်သွား ပေါ့ ဘာပူစရာရှိသေးတုံး၊ နိဗ္ဗာန်ရောက်ပြီ ဒီလိုမဟောဘူး လား (ဟောပါဘုရား)။

အဲဒီတော့ ကျုပ်တို့အလုပ်ကို ဘုရားကနိဗ္ဗာန်ရောက်ပြီလို့ ထောက်ခံချက် ပေးတာဘဲ။ ကျုပ်တို့အလုပ်က ဝေဒနာ နိရောဓ တဏှာနိရောဓေါဖြစ်ဘို့က ကျုပ်တို့အလုပ်(မှန်ပါ) မကြည့်ဘဲနဲ့ ချုပ်သလား၊ ကြည့်လို့ချုပ်သလား(ကြည့်လို့ ချုပ်တာပါဘုရား)။

ဒါဖြင့် ကြည့်တဲ့အခါမှာလဲ ဘာမြင်ရမလဲဆိုတာ ခင်ဗျား တို့ စဉ်းစားကြည့်ပါ၊ ဒီမဂ္ဂင်ငါးပါးဟာ ဘာကိုမြင်ရမှာတုံး (ဝေဒနာကိုပါဘုရား)၊ ဝေဒနာကို မတွေ့ခစေနဲ့ ချုပ်တာ ချည်း တွေ့ပစေ (မှန်လှပါ)၊ သဘောကျပလား.... (ကျပါ ဘုရား)၊ ဘာ မတွေ့စေနဲ့တုံး(ဝေဒနာ မတွေ့စေနဲ့)၊ ချုပ် တာချည်း တွေ့ရမယ်....၊ ဝေဒနာ တွေ့နေလို့ရှိရင် တဏှာ လာအုံးမှာဘဲ (မှန်လှပါဘုရား)။

ချုပ်တာဘဲတွေ့တော့ တဏှာ မလာတော့ဘူး၊ ချုပ်တာ လေးကို မြဲမြဲမှတ်.... (မှန်လှပါ)၊ ဝေဒနာတွေ့ရင် နာမရူပ ပရိစ္ဆေဒဉာဏ်ထဲ ဝင်သွားမှာ(မှန်လှပါ)၊ မဝင်ပေဘူးလား (ဝင်မှာပါဘုရား)၊ ဒါဖြင့် ချုပ်တာကို မရှုတာကလေး သိ လိုက်လို့ရှိရင် တဏှာရော မချုပ်ဘူးလား(ချုပ်ပါဘုရား)။

အဲဒီအချုပ်ကို ဒီက မြင်လိုက်တာက မဂ်က မြင်လိုက်တာ၊ မဂ်က တခါထဲ ဖြတ်ကနဲ အစားထိုးလိုက်တဲ့အတွက်၊ တခါထဲ တဏှာသည်ကား ဆိုလို့ရှိရင်ဖြင့် ငါ့နေရာ သူ ဦးပြီဆိုတဲ့ အဓိပ္ပါယ်ရောက်မှာ(မှန်ပါဘုရား)၊ မရောက်ဘူးလား(ရောက်မှာပါဘုရား)။

ထိုကဲ့သို့ ရောက်သွားတော့မှ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက မင်းခုကြည့်တာ သိပ်တည့်သွားတယ်ဆိုပြီး "တဏှာနိရောဓေါ နိဗ္ဗာနံ" ကဲ… ဦးဘကြည် ကျေနပ်ပလား (ကျေနပ်ပါဘုရား)၊ မင်းတို့ ဒါကလေး ဦးအောင်လုပ်ဘို့အရေးကြီးတယ်(မှန်လှပါ)၊ သဘောကျပလား(ကျပါဘုရား)။

ဒါဖြင့် ခဏခဏ ဘုန်းကြီး ဟောနေတယ်….၊ ခင်ဗျားတို့ မြင်မှုကို ဘာဘဲရှုရှု၊ ရှုချင်တာရှု ချုပ်ပျောက်တာကို မြင်ဘို့သာ အရေးကြီးဆုံးဘဲလို့ ဒကာဒကာမတွေက မှတ်ပါနော်။ ဘာလေး အရေးကြီးပါလိမ့် …(ချုပ်ပျောက်သွားတာမြင်မှု) ချုပ်ပျောက်သွားတာ မြင်မှုတဲ့။

ဒါဖြင့် ချုပ်ပျောက်သွားတာဟူသ၍ "နိရောဓံ ဒိတွာ နိရောခ အဘိညာယ"လို့ ပဏ္ဏာသ ပါဠိတော်မှာဟောတယ် နိရောဓံ၊ ချုပ်ခြင်းကို။ ဒိတွာ၊ မြင်၍။ နိရောဓံ၊ ချုပ်ခြင်းကို။ အဘိညာယ၊ ထူးသောဉာဏ်ဖြင့် သိ၍။ တဏှာနိရောဓေါ၊ တဏှာ၏ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

အော်....ဒါဖြင့် နိရောဓ ဒိတ္ထာဆိုတာ၊နိရောဓ အဘိညာယ ဆိုတာ.... သူ့လက်ထဲရှိရမယ်၊ ချုပ်သွားရင် မြင်ရမယ် ချုပ်သွားရင်သိရမယ် သဘောကျပလား (ကျပါဘုရား)၊ ဘယ်သူနဲ့မှ သိမတုံး (မဂ်ဉာဏ်နဲ့ပါဘုရား)။

အင်း....ချုပ်တာကိုတော့ ခင်ဗျားတို့မျက်လုံးနဲ့ ဘယ်လိုဘဲကြည့်ကြည့် မမြင်ပါဘူး၊ နားကဘယ်လိုဘဲ ထောင်ထောင် ချက်ချက်–ချက်ချက် မကြားပါဘူး၊ ကြားသလား(မကြားပါဘူး)၊ နှာခေါင်းနဲ့ ရှုကြည့်ရင် ကော.... အနံ့သဘော မဟုတ်လို့ မတွေ့ပါဘူး (မတွေ့ပါဘုရား)။

လျှာနဲ့ရက်ကြည့်လို့ရှိရင်လဲ ချိုတယ်၊ ငန်တယ်၊ ဖန်တယ် (မသိပါဘူး)၊ မသိနိုင်ပါဘူး ဒကာဒကာမတို့... ဉာဏ်လေးနဲ့ [ကြ]ည့်လိုက်တဲ့အချိန်မှာ အော်....မရှိဘူး ခုနင်က ခန္ဓာကိုယ်ထဲ ပေါ်နေတဲ့....သုခဖြစ်ဖြစ်၊ ဒုက္ခဖြစ်ဖြစ်၊ ဉပေက္ခာ ဖြစ်ဖြစ် ဒါလေးဟာ သုခလဲမတွေ့ပါဘူး၊ ဒုက္ခလဲမတွေ့ပါဘူး မရှိတာဘဲ ဖြစ်တယ်လို့.... အသိအမှတ် ပြုတော့တယ် ဆိုနိုင်ရဲ့လား.... ဦးဘကြည်(ဆိုနိုင်ပါဘုရား)။

ဒါဖြင့် မရှိတာသည်ကား ဆိုလို့ရှိရင် အနိစ္စ၊ သိတာ မဂ္ဂ၊ မရှိတာဘာတုံး(အနိစ္စ)၊ သိတာ(မဂ္ဂ)၊ ဒါဖြင့် မရှိတာဆိုတာ ပါဠိလိုသုံးရင် နိရောဓ၊ သိတာဆိုတာက သိဆိုတဲ့ဟာသည် မဂ္ဂ သဘောကျပလား (ကျပါဘုရား)။

မရှိတာက အနိစ္စ ဒကာဒကာမတို့၊ သိတာက....(မဂ္ဂ)၊ မဂ္ဂဆိုတော့ မဂ္ဂနောက်လိုက်ပြီးသကာလနေသောကြောင့်တဲ့ တဏှာနိရောဓေါ နိဗ္ဗာန်ဆိုတဲ့ဥစ္စာ သေသေချာချာ မကိုက်ဘူးလား ...(ကိုက်ပါဘုရား)။ မဂ္ဂ လာကတည်းက တဏှာ လာသေးလား(မလာပါဘုရား)။

မလာတော့ကို တဏှာမလာတော့ ဥပါဒါန်မလာ၊ ဥပါဒါန်မလာတော့ ဘဝတွေကော....(မလာ)၊ ဘဝမလာဘဲနဲ့ ကမ္မဘဝမှ မလာလို့ရှိရင် ကိုထွန်းဦး ဇာတိ.... (မလာပါဘုရား)၊ ဗျာဓိ,ဇရာ,မရဏတွေကော (မလာပါဘုရား)။

ဒါဖြင့် ဒီဘက်လာမည့် ဒုက္ခသစ္စာတွေ ဘယ့်နှယ်ဖြစ်.... (ချုပ်သွားပါဘုရား)။ အော်....ဒုက္ခသစ္စာတွေ. ချုပ်ချင်လို့ ချုပ်တာလားလို့မေးတော့ ဟောဒီသမုဒယ ဝင်ချုပ်နေလို့ (မှန်လှပါ)၊ သဘောကျပလား (ကျပါဘုရား)။

မဂ္ဂင်ဝင်နေလို့ အဲဒီတော့ ဒကာဒကာမတွေ အားငယ်မနေကြပါနဲ့၊ ခင်ဗျားတို့ ဒီတလုံးကို ပိုင်လို့ရှိရင်ဖြင့် အော် နိဗ္ဗာန်ဆိုတာဟာ ဒုက္ခငြိမ်းသိမ်းငြိမ်းတဲ့ ဒီဘက်က အိုအေး, နာဘေး, သေဘေးသိမ်းတဲ့ နိဗ္ဗာန်ဆိုတဲ့ဥစ္စာ ဒီအလုပ် လုပ်ပြီးတာကို ဒါဘဲခင်ဗျားတို့ကိစ္စ သဘောကျပလား....(ကျပါဘုရား)၊ ဒီအလုပ်လုပ်ရင် မသိမ်းဘူးလား—သိမ်းမှာလား.... (သိမ်းမှာပါဘုရား)။

သမုဒယသစ္စာ မချုပ်တဲ့တရားဖြင့် ခင်ဗျားတို့ မနာနဲ့...၊ မချုပ်တဲ့တရားက တိုးပွါးမှာ။ ချုပ်တဲ့တရားကဖြင့် ဒုက္ခသိမ်းမှာဘဲ ရှင်းပလား (ရှင်းပါဘုရား)၊ အဲဒီတော့ သမုဒယချုပ်တာသည် မထင်ရှားဘူးလား (ထင်ရှားပါဘုရား)။

အဲဒါကြောင့် အားလုံးဘဲပြောရတယ်၊ ဝေဒနာမြင်ရုံနဲ့ မပြီးသေးဘူးနော်၊ ချုပ်တာမြင်မှ၊ ချုပ်တာကို ရှေ့ကချုပ်သွားလိုက် နောက်ကမြင်လိုက် (မှန်လှပါ)၊ ရှေ့ကချုပ်သွားလိုက် နောက်ကမြင်လိုက် ဒီလိုချည့် လိုက်ပေးတဲ့အခါကြတော့ တဏှာနိရောဓဖြစ်ပါသလား (ဖြစ်ပါဘုရား)၊ ဒါဖြင့် ဒါက သံသရာ စခမ်းသတ်တဲ့ အလုပ်၊ ဒါက သံသရာလည်တဲ့ အလုပ် မှတ်ပေးပါ။

ဝေဒနာပစ္စာတဏှာ ဒီက ဝေဒနာနိရောဓါ.... (တဏှာနိရောဓေါ)၊ ဟင်....တဏှာနိရောဓေါဆိုတာက ဒါက အလုပ်သဘောကျပလား... (ကျပါဘုရား)၊ ဒါက မလုပ်ဘဲနေတဲ့ ပုဂ္ဂိုလ်ရဲ့လမ်းစဉ်၊ ဒါက လုပ်တဲ့ပုဂ္ဂိုလ်ရဲ့လမ်းစဉ်၊ လမ်းစဉ်နှစ်ခုကွဲသွားပြီ၊ မကွဲသေးဘူးလား (ကွဲပါဘုရား)။

ကောင်းပြီ ဒါဖြင့် နေ့တိုင်းကြားနေရတဲ့ ခင်ဗျားတို့လဲ မှတ်မိဘို့ကောင်းပြီ....။ ဝေဒနာနိရောဓါ တဏှာနိရောဓေါ အလုပ်သည် တကယ့်တကယ် အားစိုက်ပြီးရှုမှတ်တဲ့ အလုပ်ဘဲလို့ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါဘုရား)။

အော် ...ပါးစပ်နဲ့ ဘုရားဆီတောင်းယူလို့ ရတဲ့အလုပ်.... (မဟုတ်ပါဘုရား)၊ ပစ္စေကဗုဒ္ဓါဆီ တောင်းယူလို့....(မရပါ

ဘုရား)၊ မရဘူး သက်ကြီးအိုမတွေ ထံက တောင်းတဲ့အခါ သူတို့ပေးတဲ့ဆုက အင်း....နိဗ္ဗာန်ကို ဝဋ္ဋဘဝတိုတို့နဲ့ ရစေ ဆိုပြီးသကာလ သူတို့ပေးလိုက်တော့ကော ရတဲ့ အလုပ်မျိုး လား ...(မဟုတ်ပါဘုရား)၊ မဟုတ်ဘူးတဲ့ ကိုယ်တိုင်ချုပ်တာ မြင်မှရတာ သဘောကျပလား(ကျပါဘုရား)။

ဘယ်လိုမြင်မှတုံး (ကိုယ်တိုင် မြင်မှပါဘုရား)၊ ဘာချုပ် တာ မြင်ရမှာတုံး(ဝေဒနာချုပ်တာပါဘုရား)၊အဲ... ဝေဒနာ ချုပ်တာကို မြင်ရမယ်တဲ့၊ ဘုရားက ဝေဒနာ နိရောဓေါ၊ တဏှာ နိရောဓေါကို သည့်ပြင် ဘာဟောသေးသတုံး(ဘာမှ မဟော ပါဘုရား)၊ အော်.... ဝေဒနာနိရောဓေါ၊ တဏှာနိရောဓေါကို ဟောသဖြင့် ဝေဒနာချုပ်တာကို မြင်မှသည် ခင်ဗျားတို့ နိဗ္ဗာန်ရောက်မှု ရှင်းပလား(ရှင်းပါဘုရား)။

ဝေဒနာသိတာကို ခင်ဗျားကို သည်နောက်က သိတာက တဏှာနဲ့ သိတာ (မှန်လှပါ)၊ သိတာ ကောင်းလိုက်တာ၊ ခံစားရတာ ကောင်းလိုက်တာဟာ တဏှာ သိကိုးဗျ....။ အဲဒီ တော့ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါန်၊ ဘဝ ဇာတိ ဇရာ မရဏ အလုပ်လာတာဘဲ ရိပ်မိကြပလား.... (ရိပ်မိပါဘုရား)။

အဲဒါကြောင့် အင်း.... ယနေ့သည်ကားလို့ ဆိုရင်ဖြင့်.... ဘာတရား ဟောပါလိမ့်မတုံး ဆိုလို့ရှိရင်.... ဒကာဒကာမတွေ မှတ်ကြပေတော့ " သမုဒယသစ္စာဆိုတဲ့.... တဏှာလောဘ၏ ဆိုးဝါးတေပေ ညစ်ပတ်တဲ့ သူ့သဘောကို ဟောတော့မယ်"

ဘာပြုလို့ သူ့ကိုအရေးတကြီး ဦးဘကြည်တို့ အပြစ်တွေပြပြီး ဖေဟာရပါလိမ့်မတုံးဆိုရင် သူ့ကိုခင်ဗျားတို့က မိတ်ဆွေဖွဲ့ထား လို့နော် (မှန်ပါဘုရား)။

သူ့ကိုခင်ဗျားတို့က မိတ်ဆွေဖွဲ့ထားတယ်၊ ခလေးကလေး တွေ ခင်ဗျားတို့ ဟိုခလေး ကလေးတွေက ဒီအရွယ်ကြရင် လုပ်တတ် ကိုင်တတ်ပြီ၊ ငွေရှာ တတ်ပြီ၊ လောဘ ဖြစ်တတ်ပြီ ဆိုဟာပေါ့ဗျာ.... ဒို့အိမ်က ကလေးတွေဖြင့် ပိုက်ဆံတပြားမှ မဝင်သေးဘူး ကုန်နေရတုံး ရှိသေးတာဘဲ ဘာသင်ကြတာတုံး (တဏှာပါဘုရား)။

တဏှာသင်နေကြတယ်.... နင်ဟာ တဏှာနည်းတယ် ဟုတ် ဘူးလား (မှန်ပါ)၊ မင်းတို့ကတဏှာနည်းသေးတယ် များများ ရအောင်ကျိုးစားရမယ် စသည်ဖြင့် လူကြီးသူမတွေက ဆုံးမ ကြတာပေါ့ဗျာ၊ ဘာကို ဆုံးမ သွန်သင်ပါလိမ့်မတုံး ဆိုတော့ ဒီကောင်လေး.... တဏှာ မရှိသေးပါဘူး....၊ နင် တဏှာရှိမှ နေရာကြမယ်ဆိုတဲ့.... အဓိပ္ပါယ် မရောက်ဘူးလား.... (ရောက် ပါဘုရား)။

အဲဒီကဲ့သို့ရောက်တဲ့ အခါကြလို့ရှိရင်ဖြင့်.... ဒီတဏှာလေး ရှိလာတဲ့ ပုဂ္ဂိုလ်ကြတော့ ပစ္စည်းကို ရှာ ရှာလာတယ်၊ ပစ္စည်း ရမှန်းသိတော့.... စွဲလမ်းမလာပေဘူးလားဗျာ.... (လာမှာပါ ဘုရား) အဲဒီတော့.... တဏှာ့ဥပါဒါန်ဘဝ.... ဒီကောင်လေး တော့ ဂျောက်တွန်းအုံးမှာဘဲဆိုပြီး တွန်းလဲတွန်း.... ဟုတ်ပါ့ မလား (မှန်ပါဘုရား)။

တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ,ဇရာ, မရဏာဘက် မသွား ပေဘူးလား သွားမှာလား.... (သွားမှာပါဘုရား) သွားမှာ ဘဲတဲ့.... ဒီလိုမှ မဆုံးမ,ရင် ခက်ရချည်ရဲ့ဆိုပြီး ... ခင်ဗျားတို့ ဘုန်းကြီးကို.... လျှောက်ချင်ကြမှာဘဲ....၊ တပည့်တော် တို့လဲ ဒီလို ရှောက်ကျခဲ့ ကြတာဘဲ၊ သူတို့တော့.... အကျမခံဘဲ မထားနိုင်ဘူး၊ သားသွီး ဖြစ်နေသကိုဗျ....(မှန်ပါ)၊ သားသွီး ဖြစ်တော့ အကျခံရမှာဘဲ တိုက်တွန်းတဲ့ အဓိပ္ပါယ် ရောက် မနေဘူးလား (မှန်ပါဘုရား)။

အေး ...ဒါကြောင့် မေးကတည်းက တခါတည်း ရုပ်နာမ် က,စသင် တဏှာချုပ်ပုံတွေ သင်လိုက်ရရင် ဘယ်လောက်များ ကောင်းမတုံး....၊ဒါတွေးလုံးပေါ်လာတာပေါ့ဗျာ၊ အခုတော့ မရပါဘူး....၊ ကိုယ်ကလဲဘဲ နဂိုရ်က သူတို့ အဖေ အမေ ကလည်း ဒါဘဲသင်လိုက်တယ်၊ ကိုယ်ကမွေးတဲ့ ကလေးတွေ လည်း ဒါဘဲပြန်သင်ရမယ်ဆိုတော့၊ ခင်ဗျားတို့အမျိုးက ဘာ မျိုးတုံး.... ရှောက်တွန်းမျိုး (မှန်ပါဘုရား)၊ မဆိုထိုက်ဘူး လား၊ ဆိုထိုက်သလား(ဆိုထိုက်ပါဘုရား)။

အေး.... လောကီမျက်လုံးနဲ့ ကြည့်လိုက်ရင်တော့ဖြင့် အင်း–သူတို့ အသင်အပြကောင်းပါပေ့ကွယ် မဆိုထိုက်ဘူး လား(မှန်ပါ)၊ လောကုတ္တရာနဲ့ ရှောက်တွန်းတာဘဲ မဆို ထိုက်ဘူးလား....(ဆိုထိုက်ပါဘုရား)။

အဲဒါဖြင့် ယနေ့ သမုဒယသစ္စာကို ဟောတော့မယ်....၊ ရှေးဦးစွာသူဟာ အရုပ်ဆိုးအကျည်းတန်တဲ့ သဘောကို ခင် ဗျားတို့သိမှသာ သူ့မပေါင်းချင် မသင်းချင်ဇိုတာ လာရ

မယ်....(မှန်ပါဘုရား)၊ အရုပ်ဆိုးအကျည်းတန်အဖြစ်နဲ့ မသိသေးသ၍ ကာလပတ်လုံး သူနဲ့နေရတာ ပျော်မှုသာရှိတယ်ဆိုပြီး ဘုရားက“တဏှာ ဒုတိယော ပုရိသော”(မှန်လှပါ)၊ မင်းတို့ တဏှာနဲ့နေရတာ သိပ်ပျော်ကွာ၊ တယောက်ထည်းတောထဲများ ဖြစ်ဖြစ်၊ အိမ်မှာ အိပ်ခန်းထဲ တယောက်ထည်းဖြစ်ဖြစ် ကိုယ့်စိတ်ကူးလေးနဲ့များ ကိုယ်ပျော်နေကြ၊ တဏှာနဲ့ကိုးဗျ (မှန်ပါဘုရား)။

နက်ဖြန် ဟိုက ဘယ်လောက်ရမယ်၊ ဒီက ဘယ်လောက်ရမယ်၊ ဘယ်သွားရင် ဘယ်လိုအမြတ်ထွက်မယ်ဆိုပြီး ဒီလိုနဲ့ပျော်နေကြတာ၊ ခင်ဗျားတို့ ခန္ဓာကတယောက်၊ တဏှာကတယောက် ဒီနှစ်ယောက်နဲ့ ပျော်နေတာ ရိပ်မိကြပလား ...(ရိပ်မိပါဘုရား)။

တခါတလေကြတော့ ဒီနှစ်ယောက်နဲ့ မပျော်ဘဲနဲ့ နှစ်ယောက်က အကြောင်း အကျိုး မညီတဲ့အခါ ထိုက်တန်သလောက်တော့ တဏှာသဘောအတိုင်း မလိုက်ဘူး....(မှန်ပါဘုရား)၊ မလိုက်တဲ့အခါကြတော့ ဒေါသနဲ့ နှစ်ယောက်ထဲများ ရန်ဖြစ်နေသေး....၊ ဒေါသနဲ့ ခန္ဓာလေ....(မှန်ပါ)၊ မဖြစ်ကြဘူးလား(ဖြစ်ပါဘုရား)။

အဲဒီတော့.... ခင်ဗျားတို့က အခါ ကောင်းပြန်တော့လဲလောဘနဲ့ အပေါင်းလုပ်၊ အခါ မ ကောင်း ပြန် တော့ လဲ ....(ဒေါသနဲ့ အပေါင်းလုပ်ပါဘုရား)၊ အော်.... ကိုယ့် ကိုယ် ကို ဘယ်များရောက်ကြမတုံးလို့ မေးကြည့်စမ်းပါအုံး၊ ဒီနှစ်ခုနဲ့

အပေါ်လုပ်နေတာကို မောဟက သဲ တွဲရက်ကိုး၊ အဲဒီတော့ သဟဇာတအဖြစ်နဲ့ တခါတည်း ပေါင်းလိုက် သင်းလိုက်ဆို တော့ ဦးဘကြည် ငြင်းဘို့လိုသေးသလား (မလိုပါဘုရား)။

ဒါဖြင့် ကောင်းပြီ ဒကာဒကာမတို့ ဘုရားပွင့်ကြပါစို့လို့ ဆိုတော့ ဘုရားပွင့်တာသည် ဝေဒနာနိုရောဓါ၊ တဏှာနိုရော ဓေါ....၊ ဘုရားမပွင့်တာသည်....(ဝေဒနာပစ္စယာ တဏှာပါ ဘုရား)။

အဲဒါ အိမ်ပေါ်မှာ ဘုရားရှေ့ထိုင်နေရင်းနဲ့ ဒိဋ္ဌိတက်ကူး (ဝေဒနာပစ္စယာ တဏှာ)ကူးနေရင် ခင်ဗျားတို့သဏ္ဍာန်မှာ ဘုရားမရှိဘူး၊ ဘာဘဲစိတ်ပုတီးစိတ်နေနေ သူဒါနဲ့ အပေါ် လုပ်နေရင် ဝေဒနာက အမြဲပေါ်နေတာကိုဗျ....(မှန်လှပါ)၊ မပေါ်ဘူးလား(ပေါ်ပါ့ဘုရား)။

ပေါ်တော့ တဏှာနဲ့ သော်ငင်း၊ ဒေါသနဲ့ သော်ငင်း၊ မောဟနဲ့သော်ငင်း (မှန်ပါ)၊ မလာပေဘူးလား....(လာပါ ဘုရား)၊ အဲဒါ ဘုရားရှေ့မှာ ထိုင်တော့ ထိုင်နေကြတာဘဲ၊ ဘုရားရှေ့မှာ အရောင်းအဝယ်တွေ ပြောဆိုပြီး သကာလ ဘုရားက အပေါ်က ခင်ဗျားတို့ကအောက်က ဝိုင်းဖွဲ့ပြီး သူ့ အကြောင်းအကျိုးတွေ စပြီးများ ပြောနေလိုက်ကြတာ....။

ဘယ်ဟာလေး လက်လွှတ်သွားတယ်၊ ဘယ်ဟာလေးတော့ နေရာကြလိုက်တယ် အစရှိသဖြင့် သုံးစွဲနေတာသည် ဘုရား ရှေ့မှာ ဝေဒနာပစ္စယာ.... (တဏှာပါဘုရား)၊ ကိုယ်တော်

မြွတ်ကြီးက ဖြတ်ခမ်းဟောတယ်၊ တပည့်တော်တို့က ဂူတိုက် အုံးမယ်၊ ကိုယ်တော်ကြီးရှေ့ကို ပြောပြမယ်ဆိုတဲ့ ဒီစခမ်း ဖွင့်တာကိုးဗျ ရိပ်မိပလား....(ရိပ်မိပါဘုရား)။

စကားစပ်မိလို့ ပါသွားသကိုးဗျလို့ လာမြဲ လာမှာဘဲ၊ စကားကိုက စပ်ချင်တာပါ စကားစပ်မိလို့ မဟုတ်ပါဘူး၊ ကိုင်း....ဒါဖြင့် ဒကာဒကာမတို့ ကိုယ့်အဖြစ်ဆိုးကို သိပြီလား (သိပါပြီဘုရား)၊ ကိုယ့်ကိုယ်ဟာ ဆိုးပုံ ပေါ်ပြီလား.... (ပေါ်ပါဘုရား)၊ အရှက် မရှိလို့ပေါ့ သဘောကျပလား.... (ကျပါဘုရား)။

ဟိရိဩတ္တပ္ပ မရှိဘူးတဲ့၊ သဘောတာပန်တည်မှ ဒါတွေရပ်မှာ (မှန်လှပါဘုရား)၊ နို့မဟုတ်လို့ရှိလျှင်ဖြင့် ဒီအရှက်မရှိတဲ့ အလုပ်ဟာ လုပ်ဖြစ်မှာဘဲ၊ မလုပ်ဖြစ်ပေဘူးလား ...(လုပ်ဖြစ် မှာပါဘုရား)။

အော်.... ဝေဒနာပစ္စယာ တဏှာဟာ နေရာမရွေး ဖြစ် သကိုးလို့ မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါဘုရား)၊ နေရာရွေး သေးသလား(မရွေးပါဘုရား)၊ မရွေးဘူးတဲ့ လမ်းသွားရင်း လဲ တယောက်နဲ့ တယောက်ဖြစ်ဖြစ်၊ ကိုယ့်စိတ်ကူးနဲ့ကိုယ် ဖြစ်ဖြစ် ဒါဖြစ်သွားတာဘဲ မဟုတ်ဘူးလား(မှန်လှပါ)။

အိပ်ရာထဲမှာ နေရင်းမတ္တ သူနဲ့ အပေါ်လုပ်နေတာလဲ မရှိဘူးလား....(မှန်ပါ)၊ ဒါကြောင့်

တဏှာဒုတိယော ပုရိသော၊ ဒီဃမဒ္ဓါန သံသရံ။
ဣတ္ထဘာဝညထာဘာဝံ၊ သံသာရံနာတိဝတ္တတိ။ ။

(သုတ္တနိပါတ် တဏှာသံယောဇနသုတ် ပါဠိတော်)

တဏှာသာ အဖော်လုပ်နေလို့ရှိရင် ဟိုဘက် သည်ဘက် သာပြောင်းမယ်လို့စိတ်ကူးတော့ပေါ့၊ ဘယ်တော့မှ သံသရာက မထွက်တော့ဘူးနော်၊ တဏှာဒုတိယောပုရိသော၊ တဏှာ အဖော်လုပ်နေတဲ့ ပုဂ္ဂိုလ်ဖြင့်ကွာ။ ဒီဃမဒ္ဓါနသံသရံ၊ သံသရာ လဲ ရှည်တော့မှာဘဲ။ ဣတ္ထဘာဝညထာဘာဝံ၊ ဟိုဘဝနဲ့ သည်ဘဝ ကူးပြီးနေမှာဘဲတဲ့ မကူးပေဘူးလား (မှန်လှပါ)၊

"သံသာရံနာတိဝတ္တတိ" သံသာရံ၊ အို၊ နာ၊ သေ၊ ကွဲ၊ မွဲ၊ ဆိုတဲ့ သံသရာကြီးကိုလဲ။ နာတိဝတ္တတိ၊ ကျော် မသွားနိုင် တော့ဘူး။ ဒါဘယ်သူ့ အဖော်လုပ်မိလို့တုံး.... (တဏှာပါ ဘုရား)။

အော်.... တဏှာ အဖော်လုပ်မိလို့ ခင်ဗျားတို့ကတော့ ရ ရာ ရ ကြောင်း ကလေးမှ စိတ်မကူးရလို့ရှိရင်ဖြင့် ခြောက် တောက်တောက်ကြီး ဖြစ်နေတယ်တဲ့၊ ဟုတ်ပလား (မှန်ပါ)၊ ရရာရကြောင်းကလေးမှ စိတ်မကူးရလို့ရှိရင်ဖြင့် ဦးလှတို့ သာ ဆိုးပေါ့ဗျာ....။

ရရာရကြောင်းမှ စိတ်မကူးရလို့ရှိရင် စိတ်ကပျက်လာပြီ၊ ဒီလိုမှ တဏှာ အဖော်မပြုရလို့ရှိရင် အဟုတ်ပျင်းတယ်ဆိုတာ ခင်ဗျားတို့ သဘောကျပလား ငွေကလေးက မှန်မှန်ပေးထား

လို့၊ မှန်မှန်ရနေလို့၊ မှန်မှန် စား သောက် နေရလို့ရှိရင်ဖြင့် ငွေကလေး မှန်မှန်ဝင်နေတဲ့ ပုဂ္ဂိုလ်ရဲ့ မျက်နှာသွားကြည့်လို့ ရှိရင်ဖြင့် ကိုထွန်းဦး ဘယ့်နှယ်နေမယ်(ပြုံးပြုံးလေး နေမှာ ပါဘုရား)၊ ဘယ်သူနဲ့ အဖော်လုပ်.... (တဏှာ)၊ အော်.... တယောက်တည်း မဟုတ်ဘဲကိုး၊ တယောက်ထည်း မဟုတ်၊ နှစ်ယောက် ဘာလုပ်နေတုံး ဒကာသိုက်....(တဏှာနဲ့ အဖော် လုပ်နေတာပါဘုရား)။

နောက်—ဒီဟာလေးက အကြောင်း မညီညွတ်တော့ဘူး ဆိုတော့ရင် ပျင်းတယ်၊ မပျင်းဘူးလား....(ပျင်းပါဘုရား)။ အဲဒီတော့ ခင်ဗျားတို့ အဖော်လူပေါင်းတော့ များပေါ့၊ မဆို ထိုက်ဘူးလား....(ဆိုထိုက်ပါဘုရား)။

လူပေါင်းများပြီ၊ သံသရာ ဂျောက်တွန်းမည့် တရား၊ အို ဘေး, နာဘေး, သေ ဘေး တွေ ကို အပြေ့ပေးမည့် တရားကို ခင်ဗျားတို့က မိတ်ဆွေဖွဲ့ပြီ သဘောကျပလား(ကျပါဘုရား) ဒီကဲ့သို့ဖွဲ့ထားမှုဖြင့် ခင်ဗျားတို့ အိုဘေး, နာဘေး, သေဘေး, အပါယ်ဘေးတွေနဲ့ သံသရာထဲကဖြင့် ဦးဝ ထွက်တော့မှာ မဟုတ်တော့ပါဘူး(မှန်ပါ)၊ ရှင်းပလား (ရှင်းပါဘုရား)။

ဘယ်သူ့အဖော်လုပ်နေလို့တုံး (တဏှာ အဖော်လုပ်နေ လို့)၊ အေး....ဒါကြောင့် တဏှာအဖော်လုပ်နေတာ....၊ အဲဒီ တဏှာ ဘယ်သူ့ကြောင့် အဖော် လုပ် ဖြစ် တာ တုံး ဆိုတော့ ယောဒီ ကောင်း ကောင်း လေး ဆို တဲ့ သုခဝေဒနာလေးကို ကြိုက်တာနဲ့ တဏှာဖြစ်နေတာ(မှန်လှပါ)။

အင်း....တဏှာ၏ရေသောက်မြစ် တွေ့ပလား.... (တွေ့ပါဘုရား)၊ ဘာပါလိမ့်.... (သုခ ဝေဒနာပါ ဘုရား)၊ သုခဝေဒနာတဲ့၊ အင်း—ချမ်းသာချင်လို့ လိုချင် ရချင်ရှိနေတာဘဲ မချမ်းသာချင်တဲ့ပုဂ္ဂိုလ်ဖြင့် ... (လိုချင်,ရချင် မရှိပါဘုရား)၊ လိုချင်,ရချင် မရှိပါဘူးဆိုတော့ သူ့လက်သယ်ဆိုတာ ပေါ်ကြပလား ... (ပေါ်ပါဘုရား)။

ဒါဖြင့် တဏှာ မကြောက်နဲ့ ဝေဒနာကို ကြောက် ဟုတ်ပလား(မှန်ပါ)၊ ဘာကြောက်ရမှာ(ဝေဒနာကြောက်ရမှာပါဘုရား) ဝေဒနာကြောက်ရမှာ....၊ ချမ်းသာချင်တဲ့ သဘောလေးကို ခင်ဗျားတို့.... ချမ်းသာတာ ပေါ်တိုင်း ပေါ်တိုင်း၊ သုခဝေဒနာ ပေါ်တိုင်း ပေါ်တိုင်း၊ ဝမ်းထဲ ဟာဒယ ဝတ္ထုပေါ်မှာ ပေါ်တယ်....၊ ပေါ်တိုင်းသာ ရှုပစ်လိုက်စမ်းပါ (မှန်ပါ)၊ ရှင်းပလား (ရှင်းပါဘုရား)။

တဏှာ ဒုတိယ အဖော်လာသေးသလား(မလာပါဘုရား) အဲ....တဏှာ ဒုတိယအဖော်မလာလို့ရှိရင် သံသရာကျော်သွားနိုင်ပြီ ဆိုပြီးတော့....ဘုရားက " တဏှာနိရောဓေါ နိဗ္ဗာနံတဲ့ " မဟောသင့်ဘူးလား(ဟောသင့်ပါဘုရား)၊ ကဲ ရှင်းကြပလား ဒကာဒကာမတို့.... ( ရှင်းပါဘုရား )။

" တဏှာနိရောဓေါ နိဗ္ဗာနံ "ဆိုတာ ဒါဘာလဲဆိုတော့.... အင်း....နိဗ္ဗာန်ရောက်ချင်တဲ့ပုဂ္ဂိုလ်မှာ အလွယ်လေးဘဲ ဆိုတာပေါ်သွားပြီနော်....(မှန်ပါ)၊ ကောင်းပြီ— ဒါဖြင့် ဒီတဏှာအကြောင်းကို ကောင်းကောင်းမသိရင် ခင်ဗျားတို့ လက်ခံရမှာဘဲ (မှန်ပါ)၊

တသက်လုံး ခံရမှာဘဲ ကောင်းကောင်း သိပြီးသကာလ သူ့အဖြစ်ဆိုးကို ခင်ဗျားတို့ အခင်မတန် ဆိုးသွမ်း ယုတ်မာတဲ့ တရားလို့ ခင်ဗျားတို့စိတ်ထဲမှာ သူ့ကြောင့် ငါတို့သည်ကား အိုဘေး၊ နာဘေး၊ သေဘေးနဲ့ နေရတယ်၊ ငရဲဘေးတွေလဲ သူရှိလို့သာလျှင် မလွတ်တာဘဲလို့ ခင်ဗျားတို့သူ့အကြောင်း ကောင်းကောင်းသိလို့ရှိရင်ဖြင့် ပေါင်းဖြစ်၊သင်းဖြစ်တော့မယ် မဟုတ်ပါဘူး (မှန်လှပါ)။

ဦးဘကြည်၊ ပေါင်းဖြစ် သင်းဖြစ် တော့မယ် မဟုတ်ဘူး.... (မဟုတ်တော့ပါဘူးဘုရား)၊ ဒီကနေ့ ဒီဟာဟောရမှာ သူနဲ့ မပေါင်းဖြစ်ဘို့ ကိစ္စဟောရမှာ....(မှန်ပါဘုရား)၊ သူဘာလုပ် တတ်တယ်၊ခင်ဗျားတို့ သူဘယ်လိုကိစ္စရှိတယ်၊ သူဟာ သမုဒယ သစ္စာသိလို့ သိလာတော့ မနေ့ကပြောတဲ့အတိုင်း ဦးဘကြည် မှတ်လိုက်ပေါ့၊ ဒါဖြင့် သမုဒယသစ္စာဖြစ်ကြောင်း ကိစ္စပေါ့ဗျာ (မှန်လှပါ) ဒုက္ခဖြစ်ကြောင်း ကိစ္စလို့ကော မဆိုနိုင်ဘူးလား (ဆိုနိုင်ပါဘုရား)။

ဒါဖြင့် သစ္စာဉာဏ်က ရပြီးသာဘဲထား၊ ဒုက္ခဖြစ်ကြောင်း ကိုဖြင့် သူမှတပါး ပေးတတ်တဲ့ သစ္စာ ရှိသေးသလား (မရှိပါ ဘုရား)၊ မရှိတော့ သူဘာသစ္စာဟောကြ....(သမုဒယသစ္စာ) ကိုင်းဒါဖြင့် သမုဒယသစ္စာနဲ့ သိသော(၁)နံပါတ် သစ္စာဉာဏ် သစ္စာဉာဏ် ပိုင်သွားပြီ ဆိုပါတော့ဗျာ....၊ ကိစ္စဉာဏ်ကော ဟောလိမ့်မယ်၊ သူဘာကိစ္စ ရှက်ဆောင်တတ်သတုံး....မေးဘို့ မလိုဘူးလား....၊

ကဲ—ဒကာဒကာမတို့.... " သမုဒယသစ္စာ၏ ကိစ္စဉာဏ်ကို ပြောတော့မယ်ဆိုတော့ကို " အထူးဂရုစိုက်ပြီး နားထောင်ပါ နော်.... ခင်ဗျားတို့ကလဲ ငယ်ပေါင်း ဟောရမယ်ဆိုတော့.... မျက်ရေမျှားကျမလား ဆိုတာတော့ မပြောတတ်ဘူးပေါ့ဗျာ ငယ်ပေါင်းဖြစ်နေတာကို (မှန်ပါဘုရား)။

ပဋိသန္ဓေ တည်ကတည်းက လာခဲ့တာကိုးဗျ၊ ကြီးတော့လဲ မခွဲကြဘူး၊ သူနဲ့သာ အဖေါ်လုပ်ပြီးသကာလ နေတော့....၊ ယနေ့တော့ဖြင့် ငယ်ပေါင်း၏သတ္တိကို အကုန် ဖေါ်ပြောရ မှာဘဲ၊ ခင်ဗျားတို့ သဏ္ဍာန်မှာ အလွန် နှိပ်စက်တဲ့တရားနဲ့ ခွဲရတော့မယ်....(မှန်ပါဘုရား)။

ကောင်းပြီ ...၊ ငယ်ပေါင်းဆိုတဲ့ဥစ္စာက ခင်ဗျားတို့ များ သောအားဖြင့် ခွဲချင်ခဲ ခွါချင်ခဲတရားဘဲတဲ့၊ မဆိုထိုက်ဘူး လား(ဆိုထိုက်ပါဘုရား)၊ ပဋိသန္ဓေ နေစဉ်ကတည်းက ဘဝင် (၁၆)ချက် အနိကန္တိက လောဘဇော ငယ်ပေါင်းလေ..၊ ငယ်ပေါင်းမို့ ပဋိသန္ဓေနေကတည်းက ပါတာ မဟုတ်ဘူး လား....။

နောက် ချုပ်ပျောက်-ချုပ်ပျောက်နဲ့ ဆိုတော့လဲ သူဘဲ ခေါင်းဆောင်နေတာကို ခင်ဗျားတို့ သိကြဘို့ပါဘဲ(မှန်ပါ)၊ အဲ ...ဟေ့ မင်းဘာစွမ်းရှိတုံးလို့၊ မင်းဟာ ဘာအလုပ်များ လုပ်တတ်သတုံး သူ့ကိုမေးဘို့ မလိုဘူးလား။

ဒါလေး ဘာမေးတာတုံး.... (သမုဒယသစ္စာ လောဘ)၊ သမုဒယသစ္စာ ...၊ သူ့နာမည်ကားဆိုလို့ရှိရင် သမုဒယသစ္စာ

လို့ခေါ်တယ်၊ သမုဒယက ဖြစ်ကြောင်း၊ သစ္စာက အမှန်၊ မကောင်းကြောင်းလုပ်တာတော့ ကျုပ်ထက်မှန်အောင် လုပ်နိုင်တဲ့လူ တယောက်မှမရှိဘူးတဲ့၊ မကောင်းမှုသာ လုပ်ရမယ်ဆိုရင် ကျုပ်အလုပ်နိုင်ဆုံးဘဲတဲ့....(မှန်ပါ့ဘုရား)၊ ရှင်းပလား (ရှင်းပါဘုရား)။

သမုဒယက အကြောင်းဗျာ၊ သစ္စာက အမှန်၊ မကောင်းတဲ့ အကြောင်းကို မှန်မှန်လုပ်ဘို့ အလုပ်ဟာဖြင့် သူ့ဝတ္တရားပါဘဲတဲ့၊ ဘယ်သူ့မှ ချမ်းသာ မပေးဘူး ရှင်းကြပလား.... (ရှင်းပါဘုရား)။

မကောင်းတဲ့အလုပ် လုပ်ပေးရာဖြင့် သူဘယ်ခါကာလမဆို သူအမှန်လုပ်နိုင်တဲ့ တရားဘဲ၊ နည်းနည်းမှ မတိမ်းဘူး(မှန်လှပါ) ဟုတ်လား၊ မှန်ကန်တဲ့သဘော ရှိသေးသလား....(မရှိပါဘုရား)၊ မရှိဘူးဆိုတော့ နာမည် နဲ့သူနဲ့ လိုက်ပါပေရော့ဆိုတာထဲက ကြနေတာဘဲ မလိုက်ဘူးလား(လိုက်ပါဘုရား)။

သမုဒယနဲ့ သစ္စာနဲ့ သ မု ဒ ယ ဆို တာ က မကောင်းကြောင်း၊ သစ္စာဆိုတာက မှန်တယ်၊ မကောင်းကြောင်း မှန်မှန် လုပ်တတ်တယ်၊ သူ့နာမည်နဲ့ သူလုပ်ပုံနဲ့ကော ကိုက်ကဲ့လား (ကိုက်ပါဘုရား)။

သူ့နာမည်နဲ့ သူလုပ်ပုံကဖြင့် သူကလဲ လုမိုက်၊ သူလုပ်သွားတဲ့ လက်ရာတွေကြည့်ပြန်တော့လဲ အဲ....ဟုတ်လား မိုက်

လို့လုပ်သွားတဲ့ အကျိုးအပြစ်တွေ မတွေ့ရဘူးလား(တွေ့ရပါဘုရား)၊ဒါဖြင့် သူ့နာမည်နဲ့သူ လိုက်မလိုက် ဒကာဒကာမတို့ (လိုက်ပါဘုရား)။

သူ့နာမည်က ဘာသစ္စာတဲ့ (သမုဒယသစ္စာ)၊ သမုဒယက အကြောင်း၊ သစ္စာက မှန်တာ၊ ဒါဖြင့် မကောင်းကြောင်းကို အမှန် လုပ်တတ်တယ်၊ ဦး ဘ အုန်း ဘာ တဲ့.... (မကောင်းကြောင်း အမှန်လုပ်တတ်ပါ ဘုရား)၊ မ ကောင်း ကြောင်း အမှန် လုပ်တတ်တယ်တဲ့၊ ဒကာမတွေဘက်က ဘာတဲ့တုံး.... (မကောင်းကြောင်း အမှန်လုပ်ပါဘုရား)။

ဒါဖြင့် သူဝင်လာလို့ရှိရင် ဂိုဟ်ဝင်လာတာ မှတ်တော့.... ရှင်းပလား(ရှင်းပါဘုရား)၊ ဝမ်းထဲသူဝင်လာရင် ဘယ့်နှယ် ဆိုမတုံး....(ဂိုဟ်ပါဘုရား)၊ ဂိုဟ်ကလေးနဲ့ ခင်ဗျားတို့ကလဲ နေချင်သေးသလားလို့ မေးချင်သေးတယ်၊သူ့အဖေါ်မရှိရင် ခင်ဗျားတို့ကလဲ ပျင်းတယ်ကိုးဗျ၊ အဲဒီတော့ ဂိုဟ်ကလေးနဲ့ နေချင်တဲ့သဘော ရောက်မရောက်....(ရောက်ပါဘုရား)။

အော်....အတော်ခက်ပါလား ငယ်ပေါင်းနဲ့ခွဲရတော့မယ် ဆိုတဲ့ဥစ္စာသည် ဒကာဒကာမတို့ ပဌမတော့ ပျော်ခဲ့တယ်....၊ ကိုယ်ကလဲ ဒီပုဂ္ဂိုလ်နဲ့နေရတာ အပျော်ကြီးပျော်တယ်၊ သူကတော့ သမုဒယသစ္စာ။

သမုဒယက မကောင်းကြောင်း ဟုတ်လား...၊ သမုဒယ ဆိုတာက အကြောင်းသဘော၊ သစ္စာကမှန်တယ်၊ မကောင်းတဲ့ အကြောင်းသာ စစ်ဆေးခံရမယ်ဆိုလို့ရှိရင် ကျုပ်ထက်

ခံနိုင်တဲ့ပုဂ္ဂိုလ် မရှိဘူးတဲ့၊ ဦးဘကြည် သူ့သစ္စာသဘော သိပလား....(မသိသေးပါဘုရား)။

ဒါ– သစ္စာသဘောကိုသိရန် ဟောပြီးသကာလ နေတာ၊ မကောင်းတဲ့ အကြောင်းတရားဆိုတာက တော်တော်ဆိုးတဲ့ တရားဘဲ၊ ဆိုးပုံကို ဘုန်းကြီးပြောပြမယ်။

သမုဒယက အာယူဟာနဋ္ဌော ဘုရားသခင်ဟောခဲ့တယ်၊ သမုဒယက ဖြစ်ကြောင်းဘဲ၊ အာယူဟာနဋ္ဌောက အားထုတ်တတ်တယ်ကွ ဦးထွန်းကြည် (မှန်လှပါ)၊ သမုဒယသစ္စာသည် ဘာလုပ်တတ်သတုံး အားထုတ်တတ်တယ်၊ ဘာတွေအားထုတ်သတုံး ... အာယူဟာနဋ္ဌော ဒုက္ခဝတ္ထု ဒုက္ခမှုတွေကို စုဆောင်းဆည်းပူးတတ်တဲ့ သဘောဘဲ။

ဒုက္ခဝတ္ထု ဒုက္ခမှုနှစ်ခုကို သူ ရှက်ဆောင်တယ်၊ သမုဒယသစ္စာက ဒုက္ခဝတ္ထုနဲ့ ဒုက္ခမှုတွေကို ရှက်ဆောင်တတ်တဲ့ ကိစ္စရှိတယ်၊ အာယူဟာနဋ္ဌော ဒုက္ခဝတ္ထု ဒုက္ခမှုတို့ကို စုဆောင်းဆည်းပူး အားထုတ်တတ်တဲ့ သဘောပါဘဲ။

ဒါ ဘယ်သူ့သဘောပါလိမ့် (သမုဒယသစ္စာ)၊ သမုဒယသစ္စာဆိုတော့ ဒကာဒကာမတို့ မနေ့ကနဲ့ မတူဘူး (မှန်လှပါ)၊ ဒုက္ခဝတ္ထု ဒုက္ခမှုတို့ကို စုဆောင်းဆည်းပူးတတ်တယ်၊ အင်း– ဦးဘအုန်း သူ့ဂိုဟ်ဝင်တယ်ဆိုတာ ပေါ်ပလား.... (ပေါ်ပါဘုရား)။

ဒုက္ခဝတ္ထုတွေကို ဦးဘကြည် အိမ်သို့ သယ်ပို့လာမယ်....၊ ဒုက္ခမှုတွေကိုလဲ ဘယ်ခါကာလမှ မပြတ်အောင် လုပ်ပေးမယ်၊ ကဲ– ခင်ဗျားတို့ ဒုက္ခတွေလဲ အိမ်ရောက်အောင် သည်ပိုးပေးရမယ်တဲ့ ဟုတ်လား။

ဒုက္ခမှုတွေဟူသရွေ့နဲ့လဲ ဘယ်တော့မှ မပြတ်ရဘူးလို့၊မင်းအိမ်တွင် ထိုင်နေလို့လဲ မရအောင် ငါပေးမယ်....(မှန်လှပါ)၊ ဦးဘကြည် တယ်ဆိုးတဲ့ တရားပါလား၊ ဒကာဒကာမတို့.... ဒုက္ခဝတ္ထုတွေတော့ အိမ်ရောက်အောင် ပို့ပေးမယ်တဲ့ သဘောကျပလား (ကျပါဘုရား)။

ဒုက္ခမှုတွေဟူသရွေ့တော့ မင်းအလုပ်နဲ့လက်နဲ့ မပြတ်ရအောင် ငါသည်ကားလို့ဆိုရင်ဖြင့် မင်းသေတာ မသေတာ အပထား၊ ဒုက္ခမှုနဲ့တော့ မင်းနဲ့မခွဲရအောင် ငါလုပ်ပေးမယ်၊ အမလေး.... စေတနာ ကောင်းလိုက်တဲ့ဖြစ်ခြင်း ပေါ်ပလား၊ ဟင်...ဒုက္ခဝတ္ထုတော့ အိမ်တိုင်ယာရောက် အိမ်ကရှိတာတွေ မင့်ပစ္စည်းချည့်ဘဲ မင်းစောင့်ရှောက်၊ ဒါတွေ မီးမလောင်အောင်၊ ခိုးမစားအောင် မင်းဘဲနေ့တိုင်းကြည့် ဒီလိုချည်းခိုင်းနေမှာကိုးဗျ။

ဒုက္ခဝတ္ထုတွေ ဒုက္ခမှုတွေ အချိန်ကြတော့ ဘေးကရှိတဲ့ အမှုကိစ္စ ကြီးငယ်ဟူသရွေ့တွေကို မင်း မအားမလပ်ရအောင် လုပ်၊ မတတ်သာလို့ကွာ တောင်ဝှေးထောက် သွားနိုင်တဲ့ အခြေအနေကြအောင် ဒုက္ခမှုတွေကို မခွဲရအောင်.... ရှင်းပလား(ရှင်းပါဘုရား)။

ကိုယ်တွေ့ပေါ့ဗျာ....ကိုယ်တွေ့၊ ကဲ ဒါဖြင့် ဒကာဒကာမတို့ ဒုက္ခဝဋ္ဋကိုတော့ အိမ်အရောက် ပို့ပေးတယ်၊ အိမ်မှာလာတဲ့ အခါလဲ ဒုက္ခတွေနဲ့ မခွဲရအောင်ပေါ့ဗျာ....(မှန်လှပါ)။

ဒီအိမ်ပြင်ဘက်ထွက်တဲ့ အလုပ်တွေကို မအားအောင်ပေး မယ် ဘယ်သူပါလိမ့်.... (သမုဒယသစ္စာပါ ဘုရား)၊ အော်.... အိမ်လဲ မအားအောင် ဟုတ်လား၊ ဈေးကြပြန်တော့လဲ.... (မအားအောင်)၊ ဈေးကြပြန်တော့လဲ မအားဘူးဆိုတော့ အိမ်လဲအိမ် ဈေးလဲဈေး မအားရဘူး၊ ပြင်ဘက် ထွက်တဲ့ ဒုက္ခတွေကော ပေးမယ်လို့ ဆိုသဖြင့် အော်.... ဂြိုဟ်ဘဲပေါ့ ဂြိုဟ်ဘဲ၊ ဒကာဒကာမတို့ သမုဒယသစ္စာ တဏှာလောဘဆိုတာ ဂြိုဟ်ဘဲဆိုတာ ရိပ်မိပလား (ရိပ်မိပါဘုရား)။

သူ့အကြောင်း ကောင်းကောင်းသိလို့ရှိရင်ဖြင့် ဘုရားက နိဗ္ဗာန်ရောက်မယ်လို့ ဟောလိုက်တယ်။

ဒုဒ္ဒသံ အနတံနာမ၊ နဟိသစ္စံ သုဒဿနံ။
ပဋိဝိဒ္ဓါ တဏှာဇာနတော၊ ပဿတော နတ္ထိကိဉ္စနံ။

( သုတ္တနိပါတ်ပါဠိတော် )

တဏှာ၊ တဏှာကို။ ပဋိဝိဒ္ဓါ၊ ထိုးထွင်း၍။ ဇာနတော၊ သိပါမူကား။ ကိဉ္စနံ၊ ကြောင့်ကြ ဘွယ် မရှိတဲ့ နိဗ္ဗာန်ကို။ လဗ္ဗတိ၊ ရနိုင်၏။ သူ့အကြောင်းသာ ကောင်းကောင်းသိရင် အသေအချာ ရနိုင်တယ်ဟော့။ တယ်လဲ ဟုတ်ပါလား ဒကာ ဒကာမတို့....ယခုတော့ ခင်ဗျားတို့က သူ့အကြောင်း ကောင်း

ကောင်းမသိဘူး....၊ ကောင်း ကောင်း မသိတဲ့အပြင် ကောင်း ကောင်း မသိတော့ အတွင်းတောင် ရောက်နေပြီ ရိပ်မိကြပလား(ရိပ်မိပါဘုရား)။

အမယ်လေး.... ဒီကနေ့တော့ဖြင့် ဒီတရားဟာ အင်မတန်ကိုဘဲ ခင်ဗျားတို့ အပေါ်မှာ ထိရောက်ပြီး၊ အရုပ်ဆိုး အကျည်းတန်ဖြစ်ပြီးသကာလ အန်ပြစ်ချင်စရာ၊ ထွေးပြစ်ချင်စရာ တရား့ ဇကာ်ဖြစ်တော့မှာဘဲ.... ဦးဘကြည် မဖြစ်ဘဲနေပါ့မလား။

သူ့ အကြောင်းသာ ကောင်းကောင်းသိပါစေ ဒုက္ခဝဋ္ဋကို အိမ်ထဲသူသယ်ပေးမယ် မင်းဒုက္ခရောက်ဘို့ ဟုတ်လား.... အိမ်ရောက်လို့ရှိရင် ဟောဒီ ခင်ဗျားတို့ အထည်အဝတ်တွေနဲ့ သော်ငင်း၊ ဒီပစ္စည်းတွေ ရေတွက်မှန်နဲ့ သော်ငင်း မအားအောင် အိမ်ရောက်အောင် သယ်တာလဲ သူက သယ်ခိုင်းလို့ သယ်တာ။

ဒီပစ္စည်းက အိမ်သယ်ရမှာ၊ ဒီပစ္စည်းက ဒီထားရမှာ.... သဘောကျပလား (ကျပါဘုရား)။

ကောင်းပြီ ဒါဖြင့် ပြင်ဘက်ဒုက္ခမှတွေကောတဲ့ ဟိုမိတ်ဆွေနဲ့ ဆက်၊ ဒီမိတ်ဆွေနဲ့ ဆက်၊ ဆက်ပြီးသကာလ အဆက်အသွယ် တွေကိုလဲ ပေါင်းတန်တာ ပေါင်း၊ သင်းတန်တာ သင်း၊ ပေးတန်တာ ပေး၊ ကျွေးတန်တာကျွေး ဟုတ်လား.... (မှန်ပါဘုရား)။

ဒီလို အမှုတွေကိုလည်း မအားအောင် ဘယ်သူ လုပ်ပေးသလဲ (သမုဒယသစ္စာ) အိမ်မှာမအားမလပ်ရအောင် ဒီပစ္စည်းတွေနဲ့ ကြည့်ရှုပြီးသကာလ ချိန်ရ, တွယ်ရ, မှတ်ရ, စာရင်းအင်းချုပ်ရတာတော့ ဘယ်သူ့သတ္တိလဲ....(သမုဒယပါဘုရား)။

ကောင်းပြီ....အိမ်ထဲမအားလို့ အိမ်ပြင်ထွက်တဲ့ အခါများ လွတ်လပ်ခွင့် ရမလားလို့.... ပြင်ဘက်အမှုတွေနဲ့လဲ ဘယ်ခါကာလမှ မပြတ်ရအောင် လွဲပေးထားတာဘဲ၊ဒါဖြင့်ခင်ဗျားတို့ အေးအေးလေး နေချိန်များပါသေးသလား (မပါပါဘုရား) ဦးဘကြည့်ပါသေးသလား(မပါပါဘုရား)။

ကဲ....ဦးခင်မောင်တို့ကော(မပါပါဘုရား)၊ မပါတော့ဘူးတဲ့ ဦးဘဒင်ရ၊ ဘယ်သူ့ကပ်မိလို့တုံး ( သမုဒယကပ်မိလို့ပါဘုရား )၊ ခင်ဗျားတို့ကလဲ ဘုရားဟောတာဆို ယုံရောပေါ့....တဏှာအဖေါ်လုပ်နေလို့ရှိရင် သံသရာလယ်တယ်ကွ(မှန်ပါ) မဟုတ်ဘူးလား....၊ သုတ္တန် နိပါတ် က တဏှာ အကြောင်းကောင်းကောင်းသိရင် နိဗ္ဗာန်ရောက်သကွ ဒီလိုနှစ်ချက်ဟောတယ်၊ တဏှာအဖေါ်လုပ်နေရင် ဘာတုံး....(သံသရာလယ်မှာပါဘုရား)။

သံသရာလယ်မယ်.... ဟိုဘဝ ဒီဘဝ ကူးရမယ်၊ တဏှာအကြောင်း ကောင်းကောင်း သိလို့ရှိရင်(နိဗ္ဗာန်ပါ)၊ ဟောခင်ဗျားတို့ ကောင်းကောင်းမသိလို့ မရတာ မသိရှာဘူး၊ မသိတာမှ၊ ဘယ်အချိန်မှာ မသိသတုံးဆိုရင်ဖြင့် ကိုယ့်အိမ်အားများ ကျန်းမာပါစေဆိုပြီး ကိုက်ကိုယ်ကို အဟံဝေရောဟောမိ

ကိုယ့်ကိုယ်ချစ်လွန်းလို့ မေတ္တာပို့တာ(မှန်လှပါ)၊ ဟုတ်လား မိမိတို့၏ မာတာပီတာ အမိအဘ သား သမီးတွေ ကျန်းမာပါစေ လို့ဆိုပြီး ခင်ဗျားတို့က မေတ္တာ ပို့ကြတယ်.... မပို့ကြဘူးလား (ပို့ပါဘုရား)။

အဲဒီ ပို့တဲ့အထဲမှာဘောင်မှ ခင်ဗျားတို့ မျက်နှာထဲ ကွက် ကွက်ကွင်းကွင်း မြင်လာတာကတော့....ခင်တဲ့ ပုဂ္ဂိုလ်ထင်လာ တာ( မှန်လှပါ )၊ သူပါမှန်း မသိဘူး ငါမေတ္တာ ပို့နေတယ် အောက်မေ့တယ် သူပါမှန်း သိလိုက်ကဲ့လား(မသိပါဘုရား)။

သို့သော် မျက်နှာမြင်အောင် ပို့ရမယ်ဆိုတော့၊ အချစ်ဆုံး လူက အမြန်ဆုံး ရှေ့က ထွက် လာ မှာ၊ မထွက် ဘူးလား.... (ထွက်ပါဘုရား)၊ ထွက်တော့ အဲဒီထဲမှာ မေတ္တာ သက်သက် ဘဲလား၊ သူများခြံရှိသေးသလား....၊ သူ့အုပ်ချုပ်ရေးများ လွတ်ကဲ့လားလို့ မေးကြည့်အုံး (မလွတ်ပါဘုရား) မလွတ်ပါ ဘူး၊ အဲဒါ မသိမှုခေါ်တယ် (မှန်လှပါ)။

ဒါဖြင့် တဏှာကြောင့် မေတ္တာဘဲ ပို့နေတာ၊ မေတ္တာဘဲ မှတ်နေတာ သူဝင်ပြီး ဂိုဟ်ထိုးနေတာတော့မသိဘူး....၊ ရိပ်မိ ပလား (ရိပ်မိပါဘုရား)။

ဒါဖြင့် တဏှာ အကြောင်း ကောင်းကောင်း မသိလို့ရှိရင် ဖြင့်တဲ့ နိဗ္ဗာန်မရောက်နိုင်ဘူး....၊ တဏှာအကြောင်း ကောင်း ကောင်း သိတယ်ဆိုရင် စင်စင် ကြယ်ကြယ်ကြီး မဖြစ်ပေဘူး လား (ဖြစ်ပါဘုရား)၊ ခုတော့ သူ ဝင် ပေါင်းနေတယ် ဆိုတဲ့ အဓိပ္ပါယ် ပါမပါ(ပါပါဘုရား)၊ ဒါဖြင့်အတော်ဆိုးတဲ့တရား ဘဲဆိုတာ ပေါ်လာပလား (ပေါ်ပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ မေတ္တာပို့တဲ့နေရာလဲ ပါတာဘဲတဲ့ သည့်ပြင် ဟင်းတို့ ထမင်းတို့ ဒါနပြုတဲ့နေရာကြတော့လဲ ခင်သူ မင်သူ ပေးသလား၊ အလှည့်ကြနဲ့ ပေးသွားသလားလို့.... မေးရရင် ဘယ့်နှယ်ဖြေကြမလဲ....(ခင်သူ မင်သူ ပေးတာပါ ဘုရား)။

အလှည့်ကြတော့မပေးပါဘူးဗျ၊ အိမ်တွေက ဘေးကပ်ခိုင်း နေတာ အလှည့်ကျပေးလို့ရှိရင် စာရေးတန် ခေါ်ရသေးရဲ့ (မှန်လှပါ)ရိုပ်မိပလား (ရိုပ်မိပါဘုရား)၊ အခုတော့ ဘယ်လို ပုဂ္ဂိုလ်ပေးလေ့ ကမ်းလေ့ရှိပါသတုံး မေးပြန်တော့(ခင်သူ မင်သူပါဘုရား)။

အင်း....ပေးကြကမ်းကြ ဒါနဲ့ဘဲဆိုပါတော့ကွာ သံသရာ မဆင်းရဲအောင် ပေးကြကမ်းကြဆိုတာ တဏှာက ခိုင်းတာ (မှန်ပါ)ပေးတာကဒါန၊ လက်ညှိုးညွှန်တာက(တဏှာ)ဟော သူ့အကြောင်းမသိဘူးတဲ့၊ ကျုပ်တော့ အမျှသာယူကြတော့ ဒီနေ့ အိမ်ဟင်းမျှားမျှားချက်ပြီး အိမ်နီးချင်းတွေ စေ့စေ့ ဘိတ်ပြီးကျွေးလိုက်ရ ပေးလိုက်ရအုံးမယ် အမျှသာယူကြတော့ ဒါက တဏှာနဲ့ဒါန ရောပြီးသကာလ နေတာကိုး....အမျှပေး တာ ရိုပ်မိပလား(ရိုပ်မိပါဘုရား)။

မယုံလို့ရှိရင် စမ်းကြည့်ပါဘဲ၊ ခင်ဗျားတို့ ရွေးကြည့်မယ် ဆိုရင်၊ စာရင်းကို အရင်၊ရွေး လိုက် မယ် ဆို ရင် အခင်ဆုံးလူ စာရင်းကပြတာ၊ မကပ်ဘူးလား ကပ်သလား(ကပ်ပါဘုရား)၊ အော်....ပေးမယ်လို့၊ကမ်းမယ်လို့ကြံ၊ မောင်မင်းကြီးသားက အရင်ရောက်လာပြီ မဆိုနိုင်ဘူးလား ဆိုနိုင်သလား (ဆိုနိုင်ပါ တယ်ဘုရား)။

ဒါဖြင့် တဏှာအကြောင်း ကောင်းကောင်းသိရင် နိဗ္ဗာန် ရောက်တယ်ဆိုတာ ခင်ဗျားတို့ ယုံကြည် ထိုက်တယ်(မှန်ပါ)၊ ဘုရားကလေ " ပဋိဝိဇ္ဈာ တဏှာဇာနတော " လေ၊ ပဋိဝိဇ္ဈာ၊ ထိုးထွင်း၍။ တဏှာ၊ တဏှာကို။ ဇာနတော၊ လုပ်တိုင်း လုပ်တိုင်း၊ သိတဲ့ပုဂ္ဂိုလ်ဟာ သူပါသလား၊ မပါဘူးလား သိတဲ့ ပုဂ္ဂိုလ်ဟာ " ပဿတော နတ္ထိကိဉ္စနံ "နတ္ထိကိဉ္စနံ၊ ကြောင့်ကြ ခြင်းမရှိတဲ့ နိဗ္ဗာန်ကို။ ပဿတော မြင်လဲမြင်နိုင် ရောက်လဲ ရောက်နိုင်တယ်တဲ့ ရှင်းပလား(ရှင်းပါဘုရား)။

ခုတော့သူ့အကြောင်းရိပ်မိကြရဲ့လား (မရိပ်မိပါဘုရား) မရိပ်မိဘူး....၊ တကယ် ကြမ်းကြမ်းထန်းထန်းဟော့ ရိပ်မိပေ မပေါ့ဗျာ၊ ခုလိုသွယ်ဝိုက်ပြီး လိုက်နေတဲ့ နေရာကြတော့ မယုံရင် အိမ်ပြင်ထွက်ကြည့်....၊ အားလို့ အိမ်ပြင် ထွက်ကြည့် ထွက်ကတည်းက ခြေဦးဘယ်ဘက် လှည့်သတုံးလို့ကြည့်။

ခင်ဗျားတို့ အိမ်ကထွက်တဲ့ အခါကြတော့ ခြေဦးလှည့် ကြည့် ခင်တဲ့ဘက် ထွက်သလား၊ မခင်တဲ့ဘက် ထွက်သလား ဆိုတာ ပြန်ကြည့်....၊ အားလို့ ထွက် တာ တောင် ခြေဦး ဘယ်ဘက် လှည့်နေတုံး....(ခင်တဲ့ဘက်ပါဘုရား)။

အံ့မလေး.... အညောင်း ပြေသွားမည့် ဥစ္စာတောင်မှ ရိုးရိုးထွက်တော်မူသေးဘူး.... သူလက်ညှိုးညွှန်တဲ့ဘက်ဆီကို ယိုင်ရသေးတယ် (မှန်လှပါ)၊ မဟုတ်ဘူးလား.... အဲဒီဟာ မျိုးကြတော့ကို ကိုယ်တိုင်တဏှာဖြစ်ပေါ့၊ သရာဂစိတ္တံ သရာဂ စိတ္တန္တိ၊ ပဇာနာတိလို့ ဘုရားကဟောညွှားသော်လဲ ခင်ဗျား တို့က သိသေးလား (မသိပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ တဏှာအကြောင်း ကောင်းကောင်း မသိသေးဘူး(မှန်ပါဘုရား) ကိုထွန်းဦး ပေါ်ပလား(ပေါ်ပါဘုရား)၊ တဏှာအကြောင်း ကောင်းကောင်းသိရင် ဘာတဲ့ဘုရားက(နိဗ္ဗာန်ပါဘုရား) နိဗ္ဗာန်ရောက်တယ်ကွ တဏှာဟာ အရုပ်ဆိုးမှန်း သိတော့.... ဖယ်ပစ်တော့မှာကိုဗျ၊ အခုတော့ အရုပ်ဆိုးမှန်းလည်း မသိ၊ ပါနေတာတောင်မှ မသိတော့ သူ့အကြောင်းသိဘို့ရာက တော်တော် ခဲရင်းနေတယ် မခဲရင်းဘူးလား.... (ခဲရင်းပါဘုရား)။

ကောင်းပြီ ... ဒါဖြင့် တဏှာအကြောင်း ကောင်းကောင်းသိဘို့အရေးဟာ ကိုးဉာဏ်ဖြင့် မပြောလို့ရှိရင် ဦးဘကြည် ဘယ်နှယ်လုပ်သိမတုံး မသိနိုင်ဘူး၊ ကိစ္စဉာဏ်မှ မရဘဲနဲ့ ကတဉာဏ် ဟူသော မဂ်ဉာဏ်ကို ဘယ်လိုလုပ်လို့ ရမလဲ.... (မရပါဘုရား)။

ဒါဖြင့် သူ့ကိစ္စ သူဆိုးပုံ အကုန်ဖေါ်လိုက်ရမယ်၊ ဖေါ်ပြီး သူ့ကို ဝိပဿနာ ဉာဏ်နဲ့ သတ်ပစ်ရမယ်....၊ မသတ်လို့ရှိရင် ရပါ့မလား (မရပါဘုရား)။ အဲဒီတော့ကို ခင်ဗျားတို့ တဏှာဟာ ဘယ်လောက် ဆိုးတယ်ဆိုတာ.... ဥပမာ ကွမ်းအစ်ဖုံး တခုထဲ ကွမ်းသီးသုံးလုံးလောက်ထည့်ပြီး ဦးဘကြည် လှုပ်ဗျာနော်....၊ ဘယ်အလုံး ငြိမ်ငြိမ်နေနိုင်သတုံး.... (ဘယ် အလုံးမှ အငြိမ်မနေနိုင်ပါဘုရား)။

အော်....ခင်ဗျားတို့ တမြို့လုံးအငြိမ်မနေနိုင်အောင်၊ ကွမ်းသီးထည့်လှုပ်သလို အလှုပ်ခံနေရခြင်းဟာ ဒီတဏှာတခုတည်း (မှန်ပါဘုရား)။

ဒီတမြို့လုံး အုပ်ချုပ်နေတာ ဘယ်သူထင်သတုံး....(တကျော ပါဘုရား)၊ သူတယောက်ထည်း....၊ ဦးစံရီလဲ မအားရဘူး၊ ဦးဝလဲ၊မအားရဘူး၊ ဦးဘကြည်လဲ မအားရဘူး၊ ဖြစ်ချင်တိုင်း ဖြစ်နေတာပါဘဲ။

အုပ်ချုပ်သူ ဘယ်နှစ်ယောက်များ အုပ်ချုပ်သတုံးလို့ မေးလို့ရှိရင် သူတယောက်ထည်းသာ အုပ်ချုပ်ပါတယ်....၊ လောဘတခုတည်း အုပ်ချုပ်နေတာ မဟုတ်လားဗျာ။

အဲဒီတော့ (၃၁)ဘုံမှာ ခင်ဗျားတို့ ဘယ်ပြည်မှမထွက်နဲ့ ငါထင် သလို မင်းတို့ကို ကြိုးဆွဲနေမယ် ဆိုပြီးသကာလ.... ဘယ်သူမှ အလုပ်နဲ့လက်နဲ့ မပြတ်ရဘူး။

ဒုက္ခနဲ့ကိုမပြတ်အောင် ထားပေးတယ်၊ မထားဘူးလား (ထားပါဘုရား)၊ ဘယ်သူက ထားသတုံး.... (တကျောကပါ ဘုရား)၊ တကျောက ထားတာ၊ တကျောက ထားတော့ တကျောကသဲ အလွန်ပါးတယ်၊ ခင်ဗျားတို့သိမှာတော့ အတော်စိုးတယ်၊ ဘုရားပွင့်လာမှာ သူ အင်မတန်ကြောက်တယ်။

ဘုန်းကြီးတို့လို ဖေါ်ပြောမည့်ပုဂ္ဂိုလ် အင်မတန် ကြောက်တယ်၊ သူ့အကြောင်း သိမှာ စိုးရသေးတာကိုးဗျ....၊ သူ့အကြောင်း သိမှာ စိုးတဲ့အခါကြတော့ အင်း.... သူတော်ကောင်းယောင် ဆောင်ပြီးသကာလ ဘုရားသွား ပန်းလေး ရေလေးလှူပေး....။

အမယ်....ဘေးကလူကဖြင့် ဘုရားသွား ပန်းကလေး ဘာကလေး ရေလေးလှူတော် အင်း.... သူတော့ကောင်းဘဲ ထင်တယ်လို့ ဘေးကလူက အမြင်ကြည့်ပြောတာ....(မှန်လှပါ)၊ ဟိုထဲမှာ တဏှာက မင်းသည် ဝိပဿနာအလုပ် မလုပ်ရသေး၊ တမဂ်၊တဖိုလ်မှလဲ မရသေး၊ ဘယ်လောက်မျှားဆင်းရဲနေလဲ။

အဲဒီ....ပန်းလိုလှအောင် ဆုတောင်းလိုက်တော့ သူက ဝင်လာသေးတယ်၊ ဘေးက လူကတော့ဖြင့် ပန်းစည်းကြီးကိုင်လို့ သာဓု-သာဓု၊ သူဝင်နေတာ သိ၊မသိ လိုက်ပါဘူး၊ သိလိုက်သေးရဲ့လား (မသိပါဘုရား)။

မသိလိုက်တော့ တဏှာအကြောင်း မသိဘူးတဲ့....၊ မသိတော့ ဒီတဏှာနဲ့ ရောနေတော့ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" အဲဒီအလုပ်ဘဲ မလုပ်ဘူးလား (လုပ်ပါဘုရား)။ အပုညာဘိသင်္ခါရလဲ ပါတယ်၊ ပုညာဘိ သင်္ခါရကော ...(ပါပါဘုရား)။

ဒါဖြင့် အပုညာဘိသင်္ခါရ၊ ပုညာဘိသင်္ခါရဟာ အဝိဇ္ဇာကြောင့် ဖြစ်တာ (မှန်ပါ)၊ အဲဒီ အဝိဇ္ဇာကြောင့်ဖြစ်တဲ့ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ ကုသိုလ်နဲ့ အကုသိုလ်နဲ့၊ ကုသိုလ်က လုပ်လိုက်၊ တဏှာက ဆုတောင်းလိုက်လုပ်တော့ ဘေးကလူကတော့ သာဓုခေါ်တာဘဲ။

တော်သားဘဲ ဒီလိုလူ ရွာမှရှား အတွင်း ခို နေ တာ ဘယ်သူမှ မရိပ်မိဘူး၊ တဏှာ အကြောင်း သိရဲ့လား.... (မသိပါဘုရား)၊ မသိဘူး ဘေးကလူကကော....(မသိဘူး) မသိလို့ သာဓုခေါ်တာပေါ့ဗျာ....။

သွားတဲ့ပုဂ္ဂိုလ်ကလဲ ငါ့ကိုယ်ဖြင့်တဏှာက ဦးစီးနေပြီဟေ့ ဒေါင့်တည့်တည့် ဘုရားသွားတာနော် သွားတာတောင်မှ အဲဒီ ဒေါင့် မ တ ည့် လို့ ရှိရင် သွားမှာ မဟုတ်ဘူး၊ ဘု မို့ကြ ရင် မသွားဘူး ဟုတ်လား၊ တေဇကြရင် သွားလိုက်မယ် မသွားပေ ဘူးလား (သွားပါဘုရား)။

အဲဒီလိုသွားတော့ ဘာပါနေတယ်ဆိုတာ ဦးစိန် မသိဘူး လား(တဏှာပါဘုရား)၊ စင်စင်ကြယ်ကြယ် ကုသိုလ်ဘဲလား ပုညာဘိဘင်္ခါရဘဲလား မေးပါ၊ သည်ကုသိုလ် ပုညာဘိသင်္ခါရ ကုသိုလ်၊ ဝိဝဋ္ဋဖြစ်ပါရဲ့လား ( မဖြစ်ပါဘုရား)။

မဖြစ်ဘူးတဲ့ ဘယ်သူအုပ်ချုပ်နေလို့တုံး(တဏှာ)အော်.... ဒါဖြင့် လှူတဲ့တန်းတဲ့၊ ပေးတဲ့ အထဲမှာလဲ ခင်ဗျားတို့ တဏှာ ဝင်တယ်၊တဏှာက ခေါင်းဆောင် ဝင်ပြီးသကာလ လုပ်နေတာ ခင်ဗျားတို့ မရိပ်မိပါဘူး.... (မှန်လှပါ)၊ တဏှာအကြောင်း ရိပ်မိတဲ့ပုဂ္ဂိုလ် ဒီထဲမှာ တော်တော် ရှားသေးတယ် (မှန်ပါ) မရှားဘူးလား (ရှားပါဘုရား) အော် ငါ့ဘာကြောင့် နိဗ္ဗာန် မရပါလိမ့် ဆိုတော့.... တဏှာ အကြောင်း ကောင်း ကောင်း မသိလို့ မရတာလို့မှတ် သဘောကျပလား(ကျပါဘုရား)။

အဲဒါ တဏှာအကြိုက် ဖြစ်တဲ့နေရာ တဏှာက ခန္ဓာအချစ် ဆုံးဖြစ်တော့ ဒီတ ရား ကိုး ကွယ် လို့ ရှိ ရင်.... မင်း ခန္ဓာ နဲ့ မင်းတဏှာနဲ့ မခွဲရဘူး လုပ်သာလုပ် အတည့်ဘဲ (မှန်လှပါ) အင်း-ဒီထိအောင် လာတာကိုးဗျ၊ တဏှာအကြောင်း ကောင်း ကောင်းမသိရင် ခက်တယ်ဆိုတာပေါ် ပလား ဒကာဒကာမတို့။

အဲဒါ ဒီထဲမှာ ရုပ်မိတ်ပုဂ္ဂိုလ် အတော် နည်းသေးတယ် မနည်းဘူးလား(နည်းပါဘုရား)။ နည်းတယ်တဲ့.... အင်မတန် မှန်တယ် ဦးဘကြည် တန်ဆောင်မုန်း ကထိန်ခင်းကြည့် အင်း နီးစပ်တဲ့ဆီ သွားတာဘဲ၊ ဘိတ်ထားပြန်တော့ကော (နီးစပ်တဲ့ဆီပါဘုရား)။

နီးစပ်တဲ့ဆီ ဘယ်သူကဘိတ်ခိုင်း....(တဏှာကပါဘုရား)၊ ဖြစ်မှုဖြစ်ရလေ ကထိန်ဆိုပြီး တဏှာတဲ့၊ ကထိန်ဆိုတာသံဃိက (မှန်ပါ)၊ သဘောကျပလား သံဃိကဆိုတာ တဏှာသေ တဏှာသတ်၊ တဏှာသေဆိုပေမဲ့ သူမပါလို့ရှိရင် ခင်ဗျား တို့က သူ့တို့ကိစ္စကြတော့ ငါမလိုက်ဘူးကွ၊ ဒို့ကိစ္စကြတော့ သူမလိုက်ဘဲဆိုပြီး တဏှာက လိုက် စေ ချင် တာ ကိုး ဗျ.... (မှန်လှပါဘုရား)။

ကဲ....ဒါဖြင့် ဘယ်နေရာမျိုးမဆို သူပါတာကို ခင်ဗျားတို့ ရုပ်မိဘို့ အင်မတန် အရေးကြီးပါတယ်၊ မကြီးဘူးလား.... (ကြီးပါဘုရား)၊ သူကတော့ မပါတဲ့နေရာရယ်လို့ မရှိဘူး၊ အင်မတန် ဉာဏ်ကြီးရှင်များမှ မပါမှာဗျ.... (မှန်ပါဘုရား)၊ ဉာဏ်ကြီးရှင်မဟုတ်လို့ရှိရင် ဦးဘကြည်(ပါမှာပါဘုရား)။

ကဲ.... ဘယ်လောက် ကြောက်စရာကောင်းသလဲဆိုတော့ သူ့ပါနေသ၍ ဒီအလုပ်တခုဟာ ဘယ်တော့မှ နိဗ္ဗာန်မရောက် ဘူးဆိုတာ တထစ်ချဘဲ ဆုံးဖြတ်ချက်ချ၊ သူပါတဲ့အလုပ်ဟာ ရောက်ပါ့မလား(မရောက်ပါဘုရား)၊ သူပါတဲ့အလုပ် နိဗ္ဗာန် ရောက်တယ်လို့ ဘယ်ဘုရားက ဟောသတုံး။

အဲဒီတော့ ခင်ဗျားတို့ကလဲ သူမပါရင် ဝမ်းနည်းသလိုလို ဒကာသစ်တို့ လူစုတွေက ဟင်....(မှန်လှပါဘုရား)၊ သူ့မပါလို့ရှိရင် ခင်ဗျားတို့က ခြောက်တောက်တောက်ကြီးတဲ့။

ဒါဖြင့်လဲ ပွဲလေး့အငြိမ့်လေး ထည့်လိုက်အုံးကွာ တဏှာက ဆွဲထည့်တာ....(မှန်လှပါ)၊ မထည့်လိုက်ဘူးလား (ထည့်ပါဘုရား)၊ အဲဒီလို ထည့်လိုက်တဲ့အခါကြလို့ရှိရင်ဖြင့် အခု ဆွမ်းဆံထဲ ကြွက်ချေးက ရောကုန်ပြီ.... (မှန်ပါ)၊ ရောတယ် ဆိုရင် ဆွမ်းဆံထဲ ကြွက်ချေးရောရင် ဒါ စားလို့မကောင်းတော့ဘူးဆိုတဲ့ အဓိပ္ပါယ်က သေချာသွားပြီ၊ မသေချာဘူးလား....(သေချာပါဘုရား)။

ဒါ ဘယ်သူက ဆွဲထည့်တာတုံး ...(တဏှာက ဆွဲထည့်တာပါဘုရား)၊ တဏှာက ဆွဲထည့်လိုက်တဲ့အခါကြတော့ အောင်-ကထိန်ဘဲ သို့သော် ဒါလေးတော့ မပါဘဲ မ ဖြစ် ဘူး ဗျာ ဆိုတော့ ဘယ်သူက မပါမဖြစ်ဘူး ပြောပြန်တာတုံး....(တဏှာကပါ ဘုရား)။

ခင်ဗျားတို့ကလဲ တဏှာအဖေါ်နဲ့ကင်းနေလို့ရှိရင် အလုပ်လုပ်မဖြစ်တော့ဘူး(မှန်လှပါ)၊ ဒီအဓိပ္ပါယ်မရောက်ဘူးလား ရောက်သလား(ရောက်ပါဘုရား)၊ အဲ .. စစ်စစ်ကိုဟောတော့ ဒီလိုဘဲဟောရမှာဘဲ၊ အဲ.... ကျဘန်း မြှောက်ဟောသွားတဲ့ ဆရာတွေလို ဆိုရင်ဖြင့် ဘုရားပရိနိဗ္ဗာန်စံ၊ ရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံနဲ့အ တူကျွတ်လွတ်လိုက်တဲ့သတ္တဝါပေါင်း နည်းတာမဟုတ်ဘူး၊ လာချင်လာမှာပေါ့ဗျာ(မှန်ပါဘုရား)။

လာချင်လဲ လာမှာဘဲ၊ သို့သော် ဒီနေ့ ဟောတဲ့တရားမှာတော့ ဘာပြောလေ့ရှိသတုံး၊ ခင်ဗျားတို့ တဏှာအကြောင်းကောင်းကောင်းမသိဘူးလို့ ပြောနေတာဘဲ(မှန်လှပါဘုရား) ဦးဘကြည် ဟောထိုက်မဟောထိုက်... (ဟောထိုက်ပါဘုရား)။

သူက ဘယ်နေရာ နေရစ်ခဲ့တုံး၊ နေရစ်ပါလိမ့်မတုံး(ဘယ်နေရာမှ မနေရစ်ခဲ့ပါ ဘုရား)၊ ဘယ်နေရာမှ မနေရစ်ဘူး၊ အော်....ဒါဖြင့် သူသည် အတော်ကိုဘဲ အုပ်ချုပ်ရေး အင်ပိုင်ယာ ချဲ့တယ်ဆိုရမယ်၊ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါဘုရား)။ ဆိုနိုင်ပါတယ်တဲ့၊ တဏှာ၏ အုပ်ချုပ်ရေး အင်ပိုင်ယာချဲ့လာတယ်၊ သူနဲ့မစပ်ရှက်တဲ့ ကုသိုလ်တွေ လုပ်တဲ့နေရာတောင် ဦးဘကြည် သူက ...(ပါ့ပါဘုရား)။

သူဟာ ဆန့်ကျင်ဘက်တရား ကုသိုလ်နဲ့ အကုသိုလ် သူက အကုသိုလ်ကိုးဗျ၊ ဆန့်ကျင်ဘက်တရားထဲမှာ အရိပ်အရောင်ပါတယ်၊ မပါဘူးလား....(ပါ့ပါဘုရား)၊ သူရွှေ့ပြောင်းရင် ဝင်လာတာဘဲ၊ မဝင်ဘူးလား (ဝင်လာပါဘုရား)။

အဲ....သူဝင်လာတဲ့ အလုပ်ဟူသ၍လဲ ခင်ဗျားတို့က ဒုက္ခဝတ္ထုပေးမလို့၊ ဒုက္ခမှုပေးမလို့ဘဲ၊ သူဝင်လာလို့ရှိရင် ဘာပေးမလို့တုံး.... (ဒုက္ခဝတ္ထုပါဘုရား)၊ ဒုက္ခဝတ္ထုရယ် ဒုက္ခမှုရယ် ပေးမလို့လာတာ၊ အကောင်း လာတာလား—ဂြိုဟ်ဝင်လာတာလား....(ဂြိုဟ်ဝင်လာတာပါဘုရား)။

ဒီဂြိုဟ်ကလေးကို ခင်ဗျားတို့ ဖြုတ်ပြစ်ပါဆိုတော့ ဂြိုဟ် မပါလို့ရှိရင် ကြည့်မကောင်းပါဘူး ဖြစ်နေတာဘဲ၊ ရိပ်မိ ပလား....(ရိပ်မိပါဘုရား)၊ အဲဒါ အစစ်ဟောတာတော့ကို ကိစ္စ ဉာဏ်နဲ့ အစစ်ဟောတာဘဲ။

ဦးစံရိရေ ဒါ—မဟောရဘူးလား၊ ဟောရမလား(ဟောရ မှာပါဘုရား)၊ ဘုရားကိုယ်တော်တိုင် ဟောရမှာ၊ ဒီဥစ္စာ ရှင်သာရိပုတ္တရာကိုယ်တိုင်လဲ ဟောရမယ်....၊ ဒါစင်စစ် မလုပ် လို့ရှိရင် ဘကြီး လုပ်နေနေ ခင်ဗျားတို့ အလကားဘဲ.... (မှန်ပါ)၊ ရှေ့ရသာ အကျိုးပေးမှာဘဲ ဒုက္ခတော့ လွတ်လိမ့် မယ်လို့တော့....(မထင်ပါဘုရား)။

အောက်မေ့လို့ဖြစ်ပါ့မလား.... (မဖြစ်ပါဘုရား)၊ အဲဒီ တော့ သူ့အကြောင်း ကောင်းကောင်းသိဆိုတာက လုပ်တိုင်း လုပ်တိုင်းဟာ မင်းပါသေးသလား၊ မင်းမပါရင် ငါမလုပ်ဘူး ဒီလိုလုပ်ရမှာ....(မှန်ပါဘုရား)၊ ရှင်းပလား(ရှင်းပါဘုရား)၊ မင်းပါရင် ငါမလုပ်ဘူးဆိုပြီး လုပ်ရမှာ၊ နို့မို့လို့ရှိရင်ဖြင့် စိတ်ကူးမယ်ကြံတိုင်း သူက အရင်ရောက်လာရင် ခက်တယ်၊ ဟုတ်လား....(မှန်လှပါဘုရား)။

ထမနဲ့ထိုးတော့မယ်ဆိုရင် ဘယ်သူ့ကို ပေးဘို့က လာပြီ၊ ထိုးမှမထိုးရသေးဘူး ဟုတ်ပလား(မှန်ပါဘုရား)၊ ခင်ဗျားတို့ ဟုတ်လား ထမနဲ့ထိုးမယ်ဆိုရင်ဖြင့်ကွာ ဘယ်သူ—ဘယ်သူမှ လစ်မနေပါစေနဲ့ ပေးပါဟ....၊ ဘယ်လောက်ပေးရမလဲလို့ တွက်တာကတမျိုး၊ ဒီထဲမှာ ဘယ်သူဖြင့် မမေ့စေနဲ့ဆိုတာ သတိပေးတဲ့လူကလဲ လာသေး၊မလာဘူးလား(လာပါဘုရား)

အဲဒီပုဂ္ဂိုလ်ဟာ တဏှာအာရုံက အကြီးဆုံးလူ ပေါ်ပလား.... (ပေါ်ပါပြီဘုရား)၊ ကဲ ထမန်မထိုးခင်က လာတာလား၊ ထိုးပြီးမှ လာတာလား....(ထိုးပြီးမှပါဘုရား)၊ ကဲ ခင်ဗျား ဒယ်အိုးပါစွန့်ပစ်လိုက်ပါတော့ မဟုတ်ဘူးလား(မှန်လှပါ)၊ သူပါတော့ ဘာထူးအုံးမှာတုံး(မထူးပါဘုရား)။

သူပါလို့ရှိရင်ဖြင့် ဒါလာမှာပါဘဲ၊ ဒုက္ခဝတ္ထုပေးမလို့၊ ဒုက္ခမှုရော...(ပေးမလို့ပါဘုရား)၊ အဲ....ဒုက္ခဝတ္ထုနဲ့ ဒုက္ခမှုပေးမလို့လာတာ၊ ခင်ဗျားတို့ထံ အလည်လာတာ မဟုတ်ဘူး (မှန်လှပါ)၊ မဆိုးဘူးလားဗျာ.... (ဆိုးပါဘုရား)။ ဒါဖြင့် ဒါတွေ ပေးမလို့လာတယ်ဆိုရင် သူ့ကိုမုန်းဘို့ဘဲ၊ မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါဘုရား)။

ဒါ ကိစ္စဥာဏ်ဟောရတာကိုဗျ(မှန်လှပါ)၊ ဒီ ကိစ္စဥာဏ် သဘောကို ဦးဘကြည်တို့ နားမလည်တော့ဘူး ဆိုလို့ရှိရင်ဖြင့် သူ ပါတာတောင် မသိတော့ဘူးလို့ ဆုံးဖြတ်ချက်ချ၊ ဟုတ်ဘူးလား(မှန်လှပါဘုရား)။

သူပါပြီး တဏှာအဖော်လုပ်နေလို့ရှိရင် ဟိုဘက် ဒီဘက် ပြေးမယ်သာကြံတော့နိဗ္ဗာန်ရောက်လိမ့်မယ်လို့ဟောပမလား (မဟောပါဘုရား)၊တဏှာအကြောင်း ကောင်းကောင်းသိရင် နိဗ္ဗာန်ရောက်တယ်ဆိုတာ ဒီနေ့ အဓိပ္ပါယ်အများကြီး မပါဘူးလား(ပါ့ပါဘုရား)၊ တဏှာအဖော်လုပ်နေရင် သံသရာ လည်တယ်၊ တဏှာအကြောင်း ကောင်းကောင်းသိရင်(နိဗ္ဗာန် ရောက်တယ်)။

နိဗ္ဗာန်ရောက်တယ်ဆိုတော့ သူ့ကိုလက်မခံဘဲနဲ့ ခင်ဗျား တို့ နေလို့ရှိရင် နိဗ္ဗာန်အလုပ် သေသေချာချာ ကိစ္စပြီးပါ တယ်၊ မပြီးပေဘူးလား....(ပြီးပါတယ်)၊ ဒီလို နိဗ္ဗာန် ရရာ ရကြောင်းလုပ်မယ်ကြံရင်လဲ သူခေါင်းဆောင်လာတယ်။

အဲဒီတော့ သူခေါင်းဆောင် မဆောင်ဆိုတာ ဝိပဿနာ အလုပ်လုပ်တာတောင်မှ အန္တရာယ်ကင်းဘို့ လုပ်ဦးမှာဘဲ၊ သူ ခေါင်းဆောင်ကိုး (မှန်လှပါ)၊ ဝိပဿနာထဲတောင် ရှုပ်လာ တာ၊ သဘောကျပလား(ကျပါဘုရား)။

ဝိပဿနာထဲတောင် သူ့ကို အန္တရာယ်ကင်းဘို့၊ ဘေးရှင်း ဘို့တွေ ပါလာသေးတယ်၊ ကိုယ့်ကိုယ်ကိုခင်တဲ့ တဏှာလေ....၊ ဒီနေရာ မြှောင် တယ် ဆို တာ ကော ... (မြှောင်ပါဘုရား)၊ ဝိပဿနာဉာဏ်နဲ့ တွဲနေတယ်(မှန်ပါဘုရား)၊ သူက တော် တော် ခက်ပါလားဗျာ၊ မဂ်မှ မတတ်နိုင်လို့ ပြန်ပြေးရလို့ ရှိရင် ဒီဟာက မဂ်ကျတော့ ပူလွန်းလို့ကိုဗျ(မှန်ပါဘုရား)၊

ကပ်မဟဲ့ကြံရင်လဲ ဒီကအပူရှိန် မခံနိုင်လို့၊ အဲဒီကြမှ နောက်ဆုပ်တယ်၊ ဘယ်လောက်များ ဆိုးဝါးတဲ့တရားလဲလို့ (မှန်လှပါဘုရား)၊ နို့မို့လို့ရှိရင်ဖြင့် သူက ခင်ဗျားတို့အနား ကပ်ပြီး အဲဒီ ဒုက္ခဝတ္ထု ဒုက္ခမှုကိုပေးမယ်....(မှန်ပါဘုရား)။

ဒုက္ခမှုကိုပေးမယ်ဆိုတော့ ကောင်းစားရေး သက်သက်ကို ကျုပ်တို့အတွက် နဲနဲမှ အလို မရှိ တဲ့ တရား (မှန်ပါဘုရား)၊ ရန်တိုက်ပေးတာ၊ ခင်ဗျားတို့ ကောင်းစားရေးကို နဲနဲမှအလို မရှိတဲ့တရား ပေါ်ကြပလား(ပေါ်ပါဘုရား)။

သမုဒယသစ္စာ၊ တဏှာ လောဘသည် ခင်ဗျားတို့အကျိုး ဘာများပါသေးတုံး(ဘာမှမပါပါဘူးဘုရား)၊ ဘာမှမငဲ့ဘူး နော် ဘာမှမငဲ့ ဘူးတဲ့ သူလာလို့ ရှိရင် ခင်ဗျားတို့ကို ဘာများ လက်ဆောင်ပေးမလို့ စိတ်ကူးတုံး (ဒုက္ခဝတ္ထု-ဒုက္ခမှု)၊ ဒုက္ခ ဝတ္ထုနဲ့ ဒုက္ခမှုဘဲ ဒါဘဲပေးမယ် (မှန်ပါဘုရား)။

သည့်ပြင် ဘာပေးမယ် ထင်သေးသတုံး.... (ဘာမှမပေးပါ ဘုရား)၊ ဘာမှ မပေးတော့ အော်.... အင်မတန် အရုပ်ဆိုး အကျည်းတန်တဲ့ တရားလို့ သူ့ကို စွဲချက် မတင်နိုင်ဘူးလား (တင်နိုင်ပါဘုရား)၊ စွဲချက်တင်လိုက်တော့ သူ့ကိစ္စ ဒီကိစ္စ.... ဒီနှစ်ခုဟာ ဘယ် သူ ပေး တဲ့ ကိစ္စပါလိမ့် (သမုဒယပေးတာ) သမုဒယပေးတဲ့ ကိစ္စဆိုတော့ ဦးဘကြည်တို့ ကိစ္စဥာဏ်၊ အော် သူမကောင်းကြောင်းသိတာ ကိစ္စဥာဏ်၊ ရှင်းပလား (ရှင်းပါ ဘုရား)။

သူမကောင်းကြောင်း သိတာ ဘာ ဥာဏ် ပါလိမ့်....(ကိစ္စ ဥာဏ်ပါဘုရား)၊ အော်.... ကိစ္စဥာဏ်ဘဲ တယ် အရေးကြီးပါ လား၊ ဒါကြောင့်ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ကိစ္စ ဥာဏ်ကို မပြည့်စုံဘဲနဲ့ ကတဥာဏ်ဆိုတဲ့ မဂ်ဥာဏ်၊ ဖိုလ်ဥာဏ် မရနိုင်ဘူးဆိုတော့ ဒီကိစ္စဥာဏ်ဟာ မင်းတို့ရှုရမဲ့ကိစ္စဘဲဆိုတာ ပေါ်ပလား (ပေါ်ပါဘုရား)။

ပေါ်ပြီနော် ကောင်းပြီဒါဖြင့် ခင်ဗျားတို့ ဒါအရုပ်ဆိုးပုံ နဲ့နဲဘဲပြောသေးတာ (မှန်လှပါ)၊ စေ့စေ့တွေးလေ တကယ် ဆိုးလေ (မှန်ပါ) ခုနောက်လာမဲ့ဟာတွေ ဒီထက်ဆိုးလိမ့်မယ်၊

သူက ဒုက္ခဝတ္ထု ဒုက္ခမှုတွေကို စုဆောင်းထားမယ်လို့ သူပြော ထားတယ် မဟုတ်လား(မှန်ပါ) ခင်ဗျားတို့အတွက်များ သူက ဘဏ္ဍာစိုး လုပ်နေလိုက်သေးတယ်၊ နောက်ဘဝက အကုသိုလ် ကံတွေခင်ဗျားတို့မှာ အမျိုးမျိုးမရှိဘူးလား(ရှိပါဘုရား)။

အဲဒီကံတွေကတော့ ကံဆိုတာ စေတနာနော်.... စေတနာ ဆိုတော့ ဖြစ်ပြီး ပျက်သွား မှာဘဲပေါ့ (မှန်လှပါ)၊ သို့သော် ဖြစ်ပျက် စေတနာတွေသာ ချုပ်သွားတယ်၊ စေတနာ၏ သတ္တိ တွေ မပျောက်အောင် တဏှာကသိမ်းထားတယ်(မှန်လှပါ)။

ကမ္မသတ္တိ သိမ်းထားတယ်၊ တချို့အဗျာဟတသတ္တိလဲ သူက သိမ်းထားတယ် (မှန်လှပါ)၊ မပျောက်ရဘူး သိမ်းသာထား မင်းက အကုသိုလ်တွေ လုပ်ထားတယ်၊ အကုသိုလ် စေတနာ တွေကလဲချုပ်သွားပြီ ဟုတ်လား၊ သတ္တိတော့ ငါကသိမ်းထား မယ်၊မင်းအလိုရှိတဲ့ အခါကြတော့ အဆင်သင့်ရအောင် ဘယ် သူက သိမ်းထားသတုံး(တဏှာက စုဆောင်းတာ)၊ ဒုက္ခဝတ္ထု တွေ သူက စုဆောင်းထားပြီးဘဲဟာ၊ ဘာမဆိုတော်တော်များ များ ကျေးဇူးဆောင်ရွက်မည့် ပုဂ္ဂိုလ်များဟုတ်ပါရဲ့လားလို့ မေးသာ ကြည့်ကြ ပေရော့.... ဘာတွေ စုဆောင်း ထားသတုံး (ဒုက္ခဝတ္ထုတွေပါဘုရား)။

ခင်ဗျားတို့.... ဒုက္ခ နောက်တုံးက ဘဝများစွာ သံသရာက မိုက်မဲတွေဝေပြီး လုပ်ထားတဲ့၊ အကုသိုလ်အလုပ်တွေ မရှိပေ ဘူးလား(ရှိပါဘုရား) ရှိတော့ အဲဒီအကုသိုလ်တွေက အကျိုး မပေးမည့် အကုသိုလ်များရှိအုံးမှာလား (မရှိပါဘုရား)။

အကျိုးပေးပြီးသားဟာ ထားလိုက်တော့....(မှန်လှပါ)၊ အကျိုးမပေးတဲ့ အကုသိုလ် စေတနာတွေဟာ စေတနာတွေ သာချုပ်တယ်၊စေတနာရဲ့သတ္တိတွေကိုသိမ်းထားပြီးသကာလ လိုတရစေ ကြိုးနဲ့ခွေ ဆိုပြီးသကာလ စုထားတာက ဘယ်သူတုံး(တဏှာပါဘုရား)။

ဟာ....ကြောက်စရာကောင်းတယ် ပေါ်ပလား (ပေါ်ပါဘုရား)၊နောက်က ကံတွေကို မင်းတို့ ဒုက္ခရောက်အောင် သယ်ပိုးထားပေးမယ်၊ငါသည်ကားလို့ဆိုရင်ဖြင့် လေလိုလှင့်မသွားရအောင် စုပေးထားမယ်၊ ကဲ....နောက်က တဏှာသတ္တိတွေ ဘယ့်နှယ်နေသတုံး စုပေးထားတယ်၊ တော်တော် အကျိုးပေးပါလားဗျ၊ ပေါ်ကြပလား (ပေါ်ပါဘုရား)။

ဘယ်လောက် ဆိုးတယ်ဆိုတာ ပေါ်ပလား....ခင်ဗျားတို့ အိပ်နေပေမဲ့ သူကစုထားတာ၊ အလှည့်ကျနဲ့ အကုသိုလ်တွေ အကျိုးပေးစေမယ် သူစုထားတာကိုဗျ....၊ အလှည့်ကျနဲ့ အကျိုးပေးအောင် သူကစုထားတာကို အကျိုးပေးတော့ကို သူရှိနေလို့ အကျိုးပေးတာကိုဗျ၊ တဏှာမရှိတဲ့ပုဂ္ဂိုလ် ဘယ်သူ အကျိုးပေးလို့ဖြစ်မှာတုံး(မဖြစ်ပါဘုရား)။

အဲဒီလို ချုပ်သွားတော့ ဒုက္ခငြိမ်းတယ်လို့ ပြောကြတယ်၊ သမုဒယရှိနေတော့ သူက သူတည်းဟူသော အပေါ်ကြောင့် နောက်ကကံတွေကိုလဲ သူကစုဆောင်းထားတယ် သဘောကျပလား (ကျပါဘုရား)။

ဒါဖြင့် ဒုက္ခမှုတွေ စုဆောင်းထားတာ ဘယ်သူတုံး (သမုဒယ)၊ ဒါဖြင့် ခင်ဗျားတို့ ယနေ့ သူတော်ကောင်းဖြစ်ကြပြီး နက်ဖြန် သေချင်းဆိုးသေဆိုတာ ဘယ်သူစုထားလို့ ဒီအဖြစ် ကြုံရသတုံး (သမုဒယသစ္စာပါဘုရား)။

သူစုထားလို့ ယနေ့သူတော်ကောင်းအလှူကြီးအတန်းကြီး ပေးပြီးသကာလ အများသာမှ ခေါ်နေတယ်....၊ နက်ဖြန်သေသတဲ့ဆိုတော့ သူစုထားတဲ့ကံနဲ့ သေလိုက်ရတာ (မှန်လှပါ)၊ ဘယ်လောက်များဆိုးသတုံး(ဆိုးပါဘုရား)။ ဒကာဒကာမတို့ ရိပ်မိပလား(ရိပ်မိပါဘုရား)။

ပြီးတော့ တခါရှိသေးတယ် ဒီစုထားတဲ့ ငရဲသွားမဲ့ကံတွေ ကာလ အနန္တ မရှိပေဘူးလား(ရှိပါဘုရား)၊ ရှိတယ်တဲ့ နတ်ရွာ သုဂတိသွားတဲ့ကံကာလ အနန္တရှိတယ်၊အဲဒီနတ်ရွာသုဂတိသွားမဲ့ ပုညာဘိသင်္ခါရ၊ အာနေဥ္စာဘိသင်္ခါရ ဆိုတဲ့ ကုသိုလ်တွေ၊ ဗြဟ္မာပြည်သွားမဲ့ ကုသိုလ်တွေ များလဲ့ မပျောက်ရဘူးဗျာ၊ သူကစုထားတာ နိဗ္ဗာန်သွားမည့် တရားသာ သူကမစုနိုင်တာ ရိပ်မိပလား(မှန်လှပါ)။

မကောင်းကျိုးပေးမဲ့တရားဟူသ၍တော့ မပျောက်မပျက် ရလေအောင်၊လေလိုလွင့်ပြီးသကာလမသွားရအောင်ပေါ့ဗျာ ပြာတွေလိုလွင့်ပြီး မပျောက်ပျက်ရအောင် စုမထားဘူးလား (ထားပါဘုရား) မင်းမစိုးရိမ်နဲ့ ဒုက္ခရောက်တာဟူသ၍တော့ ငါအကုန်စုထားမယ်တဲ့ ပြီးတော့မှ မင်းတို့လိုချင်တဲ့ ဒုက္ခကို မပြတ်ရအောင် ငါကဘဲ ကျွေးဇူးပြုပေးမယ်(မှန်လှပါ)။

ဒါလောက်ထိအောင် သူ့အကြောင်း ကောင်းကောင်း သိမယ်ဆိုရင် ခင်ဗျားတို့ ပေါင်းချင်စရာ သင်းချင်စရာ ရှိသေးရဲ့လား (မရှိပါဘုရား)။ မင်းကဒီဘဝတွင် နှိပ်စက်တာမဟုတ်ဘူး၊ နောက်ကဘဝတွေနဲ့ပါ ရောပြီး နှိပ်စက်တာကို မပေါ်သေးဘူးလား (ပေါ်ပါဘုရား)။

ဒီဘဝတွင် သူနှိပ်စက်တို့ ပေါ်လာတာလား၊ယခင်ဘဝက ဒုက္ခမှုတွေ အိမ်ဝိုင်း ထားတာ၊ နောက် မပြတ် လုပ်ရအောင် ဒုက္ခမှုတွေကိုလဲ မင်းက အစဉ်အတိုင်း အလုပ်ပေးမယ် ဟုတ်လား....၊ နောက်တုံးက ဟာတွေလဲ မပျောက် မပျက်အောင် ငါစုထားမယ်၊ ဘယ် လောက်များ ဆိုးတုံး ဗျာ ဒီဘဝကော ချမ်းသာပေးရဲ့လား (မပေးပါဘုရား)။

နောက်ဘဝတွေကော အဟောသိကံ ဖြစ်အောင် သူလုပ်ရဲ့လား (မလုပ်ပါဘုရား)၊ ဒါဖြင့်.... ဒီရန်သူထက်ကြီးတာများ ခင်ဗျားတို့သဏ္ဌာန် ရှိသေးလားလို့ မေးကြပါတော့.... (မရှိပါဘုရား)၊ တော်တော်လေးဆိုးမှန်း သိလာပြီ။

သူ အရုပ်ဆိုးမှန်းသိလို့.... "ပဋိဝိဇ္ဈာ တဏှာ ဇာနတော ပဿတော နတ္တိ ကိဉ္စနာ" ပဋိဝိဇ္ဈာ၊ ထိုးထွင်း၍။ တဏှာ၊ တဏှာကို။ ဇာနတော၊ သိသောပုဂ္ဂိုလ်အား ဆိုတော့ အခု ထိုးထိုးထွင်းထွင်း သိလာပြီ။

ဒုက္ခဝတ္ထုတွေ အိမ့်သယ်လာတာ သူဘဲ၊ ဒုက္ခမှုတွေနဲ့ မကောင်းအောင် နေရတာလဲ သူဘဲ၊ နောက်ပြီးတော့ကာ ဒုက္ခ

ဖြစ်စေလောက်တဲ့ ကံတွေကို ပျောက်ပျက်မသွားဘဲနဲ့ မင်းတို့ အကျိုးပေးတွေကို အကျိုးပေးဖြစ်အောင် ငါလက်ခံထားမယ်၊ ငါစုထားမယ်ဆိုတာကော ဘယ်သူတုံးဗျ သူ....၊ သူ့ ကျေးဇူးတင်စရာများ တကွက်ပါသလား (မပါပါဘုရား)။

အဲဒီတော့.... ဒါလောက် အရုပ်ဆိုး အကျည်းတန်ပြီး အကာလ ဒါဘာဥာဏ်နဲ့ သိတာတုံးဆိုတော့ သူ့ကိစ္စတွေ အကုန်သိတဲ့ဥာဏ်၊ နောက်ကဟာတွေလဲ စုဆောင်းတဲ့ကိစ္စ တဏှာကိစ္စ ဟုတ်လား....။

ဒါတွေ ဒုက္ခဝတ္ထုတွေနဲ့တွဲပြီး ဖြစ်တဲ့ကိစ္စကော....(တဏှာ ပါဘုရား)၊ ဒုက္ခမှုတွေနဲ့ မပြတ်ရအောင် ရှက်ဆောင်ပေးနေ တာကကော....(တဏှာပါဘုရား)၊ အဲ....သူ့ကိစ္စ ပေါ်ပလား (ပေါ်ပါဘုရား)။

ကဲ....ဦးဘကြည် ကိစ္စဥာဏ် ဘယ်လောက် ကျယ်သလဲ ဆိုတာ ကြည့်စမ်း....(မှန်ပါဘုရား)၊ ဒကာဒကာမတို့ ဘယ် လောက်ဆိုးဝါး.... (ဆိုးဝါးပါဘုရား)၊ အံ့မလေး တခါထဲ ငရဲကျဘို့ အကုသိုလ်ကံတွေ ဦးစီးရှိရေ ပျောက် မသွားပါဘဲ လား၊ မပျောက်ရဘူး၊ ကမ္မသမင်္ဂီရှိသေးတယ်ဆိုတာ ကံနဲ့ ပြည့်စုံတဲ့ မင်းလိုပုဂ္ဂိုလ် ရှိသေးတာကိုး၊ အဲဒီတော့ ကမ္မသ မင်္ဂီဖြစ်အောင် ပုဂ္ဂိုလ်အနုသယ သဘောနဲ့ ငါသိမ်းထား မယ်ဘဲ့၊ အနုသယသဘောနဲ့ သိမ်းထားမယ်၊ ရိပ်မိပလား (ရိပ်မိပါဘုရား)။

အနုသယသဘောဆိုတာ ပျောက်သေးရဲ့လား(မပျောက်ပါဘုရား)၊ ခန္ဓာရှိရင် လိုက်နေမှာ၊ မလိုက်ပေဘူးလား.... (လိုက်မှာပါဘုရား)၊ ဒါဖြင့် ခင်ဗျားတို့ကျုပ်တို့သည် သူ့ကို လက်ခံပြီးတဲ့ တနေ့မှာဖြင့် ကိုယ်ကျိုးကြီးနည်းပေါ့လို့ ဆုံးဖြတ်ချက်ချ....(မှန်ပါဘုရား)။

ရှေ့ကတွေ ရှေ့ကဟာတွေလဲ မအားအောင် သူခိုင်းတော့မှာဘဲ၊ နောက်ကဟာတွေလဲ မပြတ်အောင် စုထားမှာဘဲ....၊ အကျိုးပေးချိန် ရောက်တဲ့ အခါကျလို့ရှိရင်ဖြင့် ထုတ်ထုတ်ပေးမှာဘဲဆိုတော့ တကယ့်ကိုဘဲဗျာ ဒီတရားထက်ဆိုးတာ ကိုထွန်းဦး ရှာ.... ရှိသေးရဲ့လား (မရှိပါဘုရား)။ နောက်က ဒကာဒကာမတွေ (မရှိပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့က သူမရှိတဲ့တနေ့မှာ နောက်ကဟာတွေလဲ လေလိုလွင့်သွားပြီး အဟောသိကံ ဖြစ်လိမ့်မည်လို့ အောက်မေ့ထား....၊ သူမရှိတဲ့တနေ့ အကျိုးပေး လိုက်နိုင်သေးရဲ့လား....(မလိုက်နိုင်ပါဘုရား)၊ ဒီဘက် ကိစ္စတွေကော ရှိသေးသလား....(မရှိပါဘုရား)၊ အော်....သူမရှိမှ နေရာကြမယ်လို့ဆိုတာ ဒီကနေ့ ပေါ်ပလား(ပေါ်ပါဘုရား)။

သူသာရှိမယ် ဆိုလို့ရှိရင်ဖြင့် သုခရောက်မဲ့ ကုသိုလ်ဟူသရွေ့ စု....၊ ဒုက္ခရောက်မည့် အကုသိုလ်တွေ ဟူသရွေ့ကော (စုထားပါဘုရား)၊ စုထားတယ် လွင့်မသွားရဘူးတဲ့၊ ဒါဘယ်သူက စုထားသတုံး(တဏှာပါဘုရား)၊ တဏှာက စုဆောင်းတတ်တဲ့ သဘော သတ္တိရှိတယ်၊ ဒါကြောင့် စုဆောင်း ထားတာက တဏှာသတ္တိ(မှန်ပါဘုရား)။

လွန်တာလွန်ပါစေတော့ဗျာ၊ ရှေ့သာ ကျုပ်တို့ တန်ပါတော့ဆိုလို့ ကျုပ်တို့ ခင်ဗျားတို့ တောင်းပန်လို့ မရဘူး….၊ လွန်တော့နေတာဘဲ၊ လွန်ပေမယ့်လို့ ငါစုထားလို့ အကျိုးပေးရမှာဘဲ၊ သူရှိလို့ အကျိုးပေးတာ၊ သူမရှိရင်….(အကျိုးမပေးပါ ဘုရား)၊ အကျိုးပေးစရာ ရှိသေးရဲ့လား – (မရှိပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ သူဟာ ကျုပ်တို့ကောင်းကျိုးကို ဘယ်အခါများ ရှက်ဆောင်ပါလိမ့်မလဲလို့ ဦးဘကြည်တို့…. စဉ်းစားကြည့်စမ်း … (ဘယ်အခါမှ မရှက်ဆောင်ပါဘုရား)၊ ဘယ်အခါမှ မရှက်ဆောင်ဘူးနော် …(မှန်ပါ)၊ အဲဒီတော့…. ဘယ်အခါမှ မရှက်ဆောင်တဲ့ပြင် နောက်ကဟာတွေ အဟောသိကံ မဖြစ်အောင် လုပ်နေတာလဲ သူပါဘဲ….(မှန်ပါဘုရား)၊ သူဘဲ ရှေ့ကိုဒုက္ခဆက်မပြတ်အောင် လုပ်တာကော….(သူပါဘဲ ဘုရား)။

ဒါဖြင့် သူ့ကို ဉာဏ်နဲ့ကြည့်ပါလား ခင်ဗျားတို့ ပေါင်းချင်စရာ သင်းချင်စရာလား၊ အိမ်နား ကပ်ရင်တောင် ပရိတ်ရွတ်ထုတ်ဘို့ မကောင်းဘူးလား၊ ကောင်းသလား….(ကောင်းပါဘုရား)၊ ကောင်းလို့ ခင်ဗျားတို့ အဖေါ် လုပ်နေတာကိုး၊ ဒါကြောင့် တဏှာ ဒုတိယော ပုရိသော….(မှန်လှပါ)၊ ရိပ်မိပလား (ရိပ်မိပါဘုရား)၊ အေး….အဲဒါနဲ့ အဖေါ် လုပ်နေကတည်းက ခင်ဗျားတို့ မှားလိုက်ပုံက အတော်ကြီးတယ်…. ပေါ်ပလား….(ပေါ်ပါဘုရား)။

ဂ်က သေးသေးလား ကြီးကြီးလားဆိုတာ စဉ်းစားပါ အုံး....(ကြီးကြီးပါဘုရား)၊ အဲဒါ ကိစ္စဉာဏ်မရလို့ ခင်ဗျား တို့ဖြစ်နေတာ ကဲ.... ရိပ်မိပလား(ရိပ်မိပါဘုရား)၊ ဘာမရလို့ ပါလိမ့်...(ကိစ္စဉာဏ်မရလို့ပါဘုရား)၊ ကဲ....ယနေ့ ကိစ္စဉာဏ် စဟောတယ်၊ သမုဒယ အကြောင်းကို စ ဟောတာရှိသေး တော့ အော်....တကယ်ဆိုးတဲ့ တရားပါလားလို့ သူ့ကိစ္စကို ကျုပ်တို့ကသိသဖြင့် သူ့ထက်ဆိုးတဲ့သူ မရှိဘူးလို့ ဆုံးဖြတ် ချက် မချနိုင်ဘူးလား....(ချနိုင်ပါဘုရား)။

အုံမလေး.... ဒကာ ဒကာမတို့ ဒီ လော ဘ လေး မ ရှိရင် ကျုပ်တို့ ဘယ် ဖြစ်လိမ့်မတုံး၊ ကျုပ်တို့ လောဘလေးနဲ့ စား သောက် နေရတာ ဆိုတဲ့ဥစ္စာ ခင်ဗျား တို့ကလဲ လောဘနဲ့ လောဘကိုဘဲ မြိုသုံး သုံးလိုက် သေးတယ်၊ မောင်လေး-မယ် လေးလို့....မင်းတို့ အသုံးအနှုန်းတွေလေ....။

အရောင်းအဝယ်ကောင်းလို့ တခါတလေ အမြတ်အစွန်း ရလာတဲ့အခါ ဒီလောဘလေး တ ချက် မိ လိုက် သေး လို့ ကျေးဇူး တင်ရသေးတယ်၊ အဲဒါလေးကြောင့် အခု နေနိုင် ထိုင်နိုင် ဖြစ်နေတယ်ဆိုတော့ သူ့ကို တကယ်ကို မိတ်ဆွေရင်း လို့ မှတ်နေတာ....၊ ကိုထွန်းဦးလို အစားပေါ့ဗျာ....၊ ရိပ်မိ ပလား(ရိပ်မိပါဘုရား)။

သူတချက် မိလိုက်တာနဲ့ ဆိုတာက သူ့ လောဘလေးကို ကျေးဇူးတင်တာဗျ (မှန်လှပါ)၊ သည့်ပြင်ဘာတင်တာတုံး.... (လောဘပါ ဘုရား)။

အံ့မလေး.... ဒကာဒကာမတွေက လောဘ၊ ဆိုးဝါးတာ ကလဲအလွန် ခင်ဗျားတို့ကလဲ မောင်ရင်း နှမရင်းကဲ့သို့ ချစ်ခင်တယ်ဆိုတော့.... ခင်ဗျားတို့ဟာ အတော်ကို ကိစ္စဥာဏ် ဝေးသလိုဘဲ၊ဦးဘကြည် ဆိုထိုက် မဆိုထိုက်(ဆိုထိုက်ပါဘုရား)။

ဒါဖြင့် ကိစ္စဥာဏ် မသိသေး သ၍ ကာလပါတ်လုံးဖြင့် ခင်ဗျားတို့ နိဗ္ဗာန် မရသေးဘူးသာဆိုပေတော့ သူ့ကို ရှုံ့မုန်းမှုလာသလား မလာဘူးလား(မလာပါဘုရား)၊ မလာတော့ သူ ဝိပဿနာ ရှုရမှာတောင် တုံများ နေအုံးမလား မပြောတတ်ဘူး ဟင်....(မှန်လှပါ) တုံများနေအုံးမှာလား သူရှုရလို့ ရှိရင်ဖြင့် သူနဲ့ခွဲရမှာ ကြောက်နေလို့ (မှန်လှပါဘုရား)။

ကိုင်း.... ဒကာ ဒကာမတို့ ပဋိဝိဇ္ဈာ တဏှာ ဇာနတော၊ ပဿတော နတ္ထိကိစ္စနာ ဆိုတဲ့အတိုင်း သူ့အကြောင်းကောင်းကောင်း သိရင် နိဗ္ဗာန် ရောက် တယ်လို့.... ဘုရားက တခါက ဟောထားပြန်တယ်၊ သူ့အကြောင်းသိရုံနဲ့ နိဗ္ဗာန်ရောက်တာ သူ့အကြောင်း သိရုံဆိုကတည်းက၊ ဘုရားဟောတဲ့စကားဟာ က ဦးဘကြည် တော်တော်နက်တယ်နော်....၊ သူ့အကြောင်း သိတော့ သူဝင်လာရင် သရာဂစိတ္တံ၊ သရာဂစိတ္တန္တိ ပဇာနာတိ ဆိုပြီးဖြစ်ပျက်ရှု သူဝင်လာတဲ့ခါ ဖြစ်ပျက်ရှုတယ်....(မှန်ပါ)၊ သဘောကျပလား(ကျပါဘုရား)။

သူဝင်လာတော့ ဖြစ်ပျက် ရှုလိုက်ရင် သူတဏှာ မဟုတ်တော့ဘူး.... တဏှာနိရောဓ ဖြစ်သွားလို့ဘဲ(မှန်ပါ)နိရောဓ မြင်အောင် ကြည့်ရမှာကိုးဗျ (မှန်ပါ)၊ နိရောဓ မြင်အောင် ချုပ်ပျောက်တာမြင်အောင် ကြည့်လိုက်တော့ တဏှာနိရောဓ မဖြစ်ဘူးလား (ဖြစ်ပါဘုရား)။

ဒါဖြင့် ဒီက ရှုလိုက်တဲ့ ဉာဏ် လာလိုက်တော့ ဉပဒါန် နိရောဓေါ ဉပါဒါန်ရောပြုတ် (မှန်ပါ)၊ မပြုတ်ဘူးလား (ပြုတ်ပါဘုရား)၊ ဉပါဒါန်ပြုတ်တော့ကို ဘဝတို့၊ ဇာတိတို့ ဘယ့်နှယ်နေကြမတုံး (ပြုတ်ပါဘုရား)၊ အော်.... သူ့အကြောင်းကောင်းကောင်း သိတဲ့ ပုဂ္ဂိုလ်ဟာ သူ့ကို နှင်ထုတ်တယ်....၊ သူ့အကြောင်းကောင်းကောင်းမသိတဲ့ ပုဂ္ဂိုလ်ကလက်ခံတယ်၊ ဒါဖြင့် လက်ခံတဲ့ ပုဂ္ဂိုလ်က ခင်ဗျားတို့ ကိုယ်ကျိုးနဲ့ပြီလို့သာ မှတ်တော့၊ သဘောကျပလား (ကျပါဘုရား)။

ကိုယ်ကျိုးနဲ့ချင်လို့သာခံတာဘဲ၊ လက်မခံတဲ့ပုဂ္ဂိုလ်ကဖြင့် သူ့အကြောင်း ကောင်းကောင်းသိတယ်၊ ဆိုးသထက်ဆိုးမှန်း သိတဲ့အတွက် အန္တရာယ် ကင်းအောင်လို့ကို သူလက်မခံတော့တာ၊ ရှင်းပလား (ရှင်းပါဘုရား)။

ဒါဖြင့်ခင်ဗျားတို့ သူ့ပေါင်းသင်းရမည့် လူလား၊ နှင်ထုတ်ရမဲ့လူလား ဝေဘန်ကြည့်စမ်း....(နှင်ထုတ်ရမည့်လူပါဘုရား) စာခံပြီးပြောတာလား ခင်ဗျားတို့လုံးဝကို နှင်ထုတ်ရမှာ (မှန်လှပါဘုရား) နို့မို့လို့ရှိရင် မရဘူးနော် ဒကာဒကာမတို့.... (မှန်လှပါ)။

အင်မတန် ကြောက်စရာ ကောင်း တဲ့ သဘောတွေဗျ ဦးဘကြည် ဘယ်ဉာဏ်ဟောလို့ သူဒါလောက်အရုပ်ဆိုးမှန်း သိလာသတုံး(ကိစ္စဉာဏ်ပါဘုရား)၊အဲ—အနိစ္စ ဒုက္ခဟောရုံနဲ့ နိဗ္ဗာန်မရဘူးဆိုတာ ပေါ်ပလား (ပေါ်ပါဘုရား)။

ကိစ္စသိမှုနိဗ္ဗာန်ရမယ်ဦးဘကြည် ကိစ္စဉာဏ်သိမှုကတဉာဏ် သွားမှာကိုးဗျ၊ အနိစ္စ, ဒုက္ခ, အနတ္တ ရှုနေရုံနဲ့တော့ မရသေး ပါဘူးတဲ့....၊ ဒါကြောင့် ကိစ္စဉာဏ်နဲ့ ဆက်စပ်တဲ့ သဘောကို ပိုင်ပိုင် နိုင်နိုင် မထင်မြင်ဘဲနဲ့ ဘယ်သူမှ သောတာပန် မဖြစ် ဘူးတဲ့(မှန်ပါ)၊ ဖြစ်ပါ့မလား(မဖြစ်ပါဘုရား)၊ ဘုရားကော မဖြစ်နိုင်ဘူး၊ သူ့ကို သေသေချာချာ ပိုင်ပိုင်နိုင်နိုင်နဲ့ သူ့အ ကြောင်း ကောင်းကောင်း သိပြီး သကာလ၊ သူ့ကို ဘယ်လို ချေမှုန်းမယ်ဆိုတာကို ခင်ဗျားတို့ ဝေဘန် မှသာလျှင် ကိစ္စ ဉာဏ်ရလို့ ကတဉာဏ်ပေါ်မယ်....ရှင်းကြပလား (ရှင်းပါ ဘုရား)။

ကိုင်း ဒါဖြင့် လောဘလေးဝင်လာရင် ဘယ့်နှယ် လုပ်ကြ မတုံး (ဖြစ်ပျက်ရှုရမှာပါဘုရား) ဖြစ်ပျက် ရှုလိုက်တဲ့အတွက် တဏှာနိရောဓ ဖြစ်သွားမယ်(မှန်လှပါ)၊ နိရောဓမြင်လိုက်တာ ကိုဗျ၊ ချုပ်ပျောက်သွားတာ ဘာဆိုကြ....(နိရောဓ)၊ တဏှာ နိရောဓဆိုတော့၊ ရှေ့ဆက်လုပ်တော့ ဘယ်နှယ်နေကြမတုံး (ဉပါဒါနနိရောဓေါပါဘုရား)၊ ဉပါဒါန နိရောဓေါ ဆိုတော့ ဉပါဒါန် လာလို့လဲ မရဘူး (မရပါဘုရား)၊သည်တော့ တ ဏှာကို ဝိပဿနာရှုလိုက်ရမယ် ရှင်းပလား (ရှင်းပါဘုရား)။

တဏှာကို ဝိပဿနာ ရှုလိုက်တော့ ဉပါဒါန်က ဘယ့်နှယ် နေမတုံး(မလာတော့ပါဘုရား)၊ ဒါဖြင့် မဂ်ပေါ် နေတယ်၊ မဂ်ပေါ် နေကတည်းက ဉပါဒါန်ချုပ်၊ ဘဝချုပ်၊ ဇာတိ အကုန် မချုပ်ဘူးလား (မှန်ပါဘုရား)။

အဲဒီတော့ သူ့ကို မချေမှုန်း နိုင်လို့ သူ လူဆိုးမှန်းသိမှ ချေမှုန်းမှာဘဲ၊ သူလူဆိုးမှန်း မသိရင်မချေမှုန်းဘူး၊ ဒါဖြင့် သူ့ကိုလဲ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ရှုဘို့အကြောင်း မဟောဘူးလား....(ဟောပါဘုရား)၊ ဟောတော့ တဏှာ ဆိုတာက သောမနဿနဲ့ ဥပေက္ခာဘဲရှိတယ်၊ သုခနဲ့ဥပေက္ခာလဲ ရှိတယ်၊ ရိပ်မိပလား(ရိပ်မိပါဘုရား)။

လောဘမူ ရှစ်ခုမှာ သောမနဿ လေးခုနဲ့ ဆိုတော့ သုခ မဖြစ်ဘူးလား၊ ဥပေက္ခာ လေးခုဆိုတော့ ဥပေက္ခာမနေဘူး လား၊ ဒါဘဲ ရှိတာဘဲတဲ့၊ ဒီဝေဒနာနှစ်ခု သောမနဿပေါ် တာလဲရှု(ရှုပါဘုရား) ရှုလိုက်လို့ရှိရင် သူ့ဆီသွားမယ် (မှန် လှပါ) သဘောကျပလား (ကျပါဘုရား)။

ဝေဒနာကော ပြင်ဘက် ထွက်သေးရဲ့လား (မထွက်ပါ ဘုရား)၊ မထွက်ဘူးတဲ့ ကောင်းပြီ ဒကာဒကာမတို့ ဒါဖြင့် ဝမ်းမြောက်လဲ ဘာလုပ်ရမတုံး(ရှုရမှာပါဘုရား)။

ဝမ်းမြောက်တဲ့ စိတ်ကလေး သောမနဿလေး ဖြစ်ပျက်ရှု ဟုတ်လား (မှန်ပါ)၊ အဲ—ကမ္မဿကာဘဲ ကံပေးတဲ့အကြောင်း ပြင်လဲမပြင်နိုင်ဘူး၊ ဆင်လဲမဆင်နိုင်ဘူး၊ ဖြစ်သမျှအကြောင်း အကောင်းကြီးဘဲ၊ အဲဒီလိုအခါကြတော့ ဥပေက္ခာပေါ်တယ် မပေါ်ဘူးလား (ပေါ်ပါဘုရား)။ ရုပ်မနေနဲ့ အဲဒီ ဥပေက္ခာ ဖြစ်ပျက်ပြန်ရှု၊ မရှုရင် အဝိဇ္ဇာ လိုက်မှာ မလိုက်ပေဘူးလား (လိုက်မှာပါဘုရား)။

ကိုင်းဒါဖြင့် ဒကာ ဒကာမတို့ သူ့အကြောင်းကို ယနေ့ ပြောလိုက်တယ်၊ အတိတ်ကံတွေ မပျောက်ပျက်အောင် ထိမ်းသိမ်းထားတာလဲသူဘဲ၊ ယခု ဒုက္ခဝတ္ထု ဒုက္ခမှုတွေနဲ့ မခွဲသာအောင် လုပ်ထားတာကတော့(တကျာပါဘုရား)။

အော်....ဒါဖြင့် ဒါတွင်မကသေးပါဘူး ဦးစံရှိတို့မှတ်ထားပါ နိဗ္ဗာန်ရောက်မည့် အလုပ်ဟူသ၍ သူချည့်ကန့်ကွက်နေတာ ဒကာဝ ဘာတဲ့တုံး....( နိဗ္ဗာန်ရောက်မည့် အလုပ်ဟူသ၍ သူချည့် ကန့်ကွက်နေတာပါဘုရား )။

သူချည့်ကန့်ကွက်နေတာ ဟုတ်မဟုတ်ကြည့်လေ၊ ခုနင်က ပန်းကလေးလှူမည်လို့ ပန်းကလေးဟာ ကုသိုလ် သက်သက်ဆိုရင် နိဗ္ဗာန်ရောက်အောင် ပေးမှာပေါ့ ဟုတ်လား (မှန်ပါဘုရား)ဥပနိဿယဇောတွေနဲ့မပေးဘူးလား(ပေးပါဘုရား)။

ခုတော့ သူကလေးက လိုက်လိုက်နေတယ်၊ မလိုက်ဘူးလား လိုက်သလား (လိုက်ပါဘုရား)၊ စားမည့် ကျွေးမည့် ကြံရင် ကော(သူပါတာပါဘဲ) သူလေးကပါသေးသကိုးဗျ၊ သူမပါတဲ့ နေရာကို ခင်ဗျားတို့ကလဲ မသိတော့၊ နိဗ္ဗာန်ကန့်ကွက်တာဟာ အော်....နိဗ္ဗာန်ဒို့က ဆုတောင်းပေမဲ့လဲ သူကအမြဲတန်း ကန့်ကွက်နေတယ် မဆိုနိုင်ဘူးလား (ဆိုနိုင်ပါဘုရား)။

ခင်ဗျားတို့က ဆုတောင်းရင် ဘာတဲ့တုံး....(ကန့်ကွက်ပါဘုရား)၊ သူ ကန့်ကွက်တာ ဘယ်လို ကန့်ကွက်တုံး ဆိုတော့ နိဗ္ဗာန်,ရရပါလို၏ဆိုတော့ သူမပါဘူး နိဗ္ဗာန်မရမီစပ်ကြား ဆိုတော့ သူကန့်ကွက်ပြီ ရှင်းပလား (ရှင်းပါဘုရား)။

နိဗ္ဗာန်ရရပါလို၏ဆိုတော့ တဏှာမပါဘူး ဉာဏ်သက်သက် ကောင်းလိုက်လေ၊ နိဗ္ဗာန်မရမီစပ်ကြားဆိုတော့ သူလာပြီသာ မှတ်ပေရော့…ရှင်းပလား၊ နိဗ္ဗာန်ရရပါလို၏ နိဗ္ဗာန်မရမီ စပ်ကြား ကွဲပလား (ကွဲပါဘုရား)။

နိဗ္ဗာန် ရ,ရပါလို၏ ဆိုရင် တဏှာ မပါဘူး၊ ကုသိုလ်စိတ် သက်သက်နဲ့ တောင်းတာ၊ သဒ္ဓါဆန္ဒနဲ့ တောင်းတာ သဘော ကျပလား(ကျပါဘုရား)။နိဗ္ဗာန်မရမီစပ်ကြားလို့ ထဲ့သည်နဲ့ တပြိုင်နက်တည်း သူ့အသံသာ မှတ်ပေရော့(မှန်ပါဘုရား)၊ ရိပ်မိပလား (ရိပ်မိပါဘုရား)။

ဘယ်သူ့အသံပါလိမ့်(တဏှာအသံပါဘုရား)တဏှာအသံ ဘဲလို့ ဆိုတော့ ခင်ဗျားတို့ကိုယ်က နိဗ္ဗာန် ရောက်ရပါလို၏ ဆိုကတည်းက၊ တကယ်ပို့မယ် ကြံကာရှိသေး၊ စပ်ကြားသူက သဘောကျနေတာနဲ့ဘဲ ကန့်ကွက်ရာ မကြဘူးလား(မှန်ပါ ဘုရား)ရောက်နိုင်သေးရဲ့လား(မရောက်နိုင်တော့ပါဘုရား)။

မရောက်နိုင် တော့ဘူးဆိုတော့…. ခင်ဗျားတို့ နောက်က ကံတွေသာ မပျောက်ပျက်အောင် လုပ်ရုံမကသေး၊ ယခု ဒုက္ခ ပေးတာကိုလဲ ဒါလဲ အနဲလေးဘဲ ရှိသေးတယ်၊ ဒုက္ခကျွတ်မှာ များတော့ သူကအစိုးရိမ်ဆုံး ရှင်းပလား(မှန်လှပါ) ဘယ်သူ စိုးရိမ်ဆုံးလဲ (တဏှာပါဘုရား)၊ တဏှာ အစိုးရိမ်ဆုံး၊ ဒုက္ခ ကျွတ်မှာများ၊ ခင်ဗျားတို့ ဒုက္ခ ဝဋ်က ကျွတ် သွား မှာ များ တော့ဗျာ ဘယ်သူက ကြောင့်ကြဆုံးလဲ (တဏှာပါဘုရား)။

ကလေးငယ်လေးရဲ့ အမေက အင်မတန် အထွေးလေးကို အကြောင့်ကြရဆုံး ထားသလို ခင်ဗျား တို့လို ကလေးငယ် ကလေးတွေကို သူက ဒုက္ခဝဋ္ဋက ကျွတ်သွားမှာ အကြောင့်ကြ ဆုံးဘဲ (မှန်လှပါ) ရှင်းပလား (ရှင်းပါဘုရား)။

ဒို့နိဗ္ဗာန်မရတာ ဘယ်သူ့သတ္တိတွေနဲ့ ဘယ်သူ့အစေခံ ဖြစ်ပြီး၊ ဘယ်သူနဲ့ ပေါင်းသင်းပြီး မှားနေလို့ပါလိမ့်မလဲ.... တွေးစမ်း ( တဏှာနဲ့ပေါင်းသင်းလို့ပါဘုရား )၊ ရှင်းပလား (ရှင်းပါဘုရား)။

ဂင်္ဂါဝါဠုသဲစုမက ဘုရားတွေပွင့်ပါရဲ့သားနဲ့၊ဒို့ဘုရား တဆူတဆူရဲ့ ကျွတ်တန်း ဝင်တဲ့ အထဲမှာလဲ ကုဋေရှစ်ဆယ် ဗိုလ်ခြေတသိန်း ပါပါလျက်နဲ့ ဒို့လွတ်နေတာ ဘာပါလိမ့် မတုံးဆိုတော့.... မောင်မင်းကြီးသား ကန့်ကွက်နေတာ ရိပ်မိ ပလား( ရိပ်မိပါဘုရား)။

ဘယ်သူ ကန့်ကွက်နေတာတုံး (တဏှာပါဘုရား)၊ တဏှာ က ကန့်ကွက်နေတယ်ဆိုတော့ သူက ဘာတွေ ခိုင်းနေတုံး.... ဘုရားပွင့်လဲ ဒုက္ခဝဋ္ဋ၊ ဒုက္ခမှုနဲ့ မခွဲနဲ့၊ နောက်ကံတွေလဲ သိမ်းထားတဲ့အခါကြတော့ ဘုရားပွင့်နေတုံးဘဲ၊ မင်းဒီကံတွေ ဟာ အလှန်အကျိုးပေးသကွာ၊ငါလဲစုထားခဲ့လို့ စားလောက် အောင်လို့ သွားလိုက်အုံးနတ်ပြည် ဘုရားမပွင့်တဲ့ဆီ လှည့် လွှတ်နေမှာဘဲ၊ သူမလွှတ်ပေဘူးလား....(လွှတ်ပါဘုရား)။

ဒါဖြင့် အလုပ်ကိုကန့်ကွက်တာ ဘယ်သူတုံး.... (တဏှာပါဘုရား)၊ တဏှာဘဲဆိုတော့ သူ့အကြောင်း ကောင်းကောင်း မသိသေးဘူး၊ ဘယ်လိုသိကြတုံး၊ ဒို့အကျိုးနည်းနည်းပါးပါး မှ အလိုရှိတာ မဟုတ်ဘူး၊ လုံးဝပေါင်းဘို့သင်းဘို့ မကောင်း ဘူး၊ အိမ်နီးချင်းတောင် ထားဘို့ (မကောင်းပါဘူးဘုရား) သဘောကျပလား၊ အဲဒီလို ကောင်းကောင်းသိလာတဲ့ပုဂ္ဂိုလ် ကျတော့ကို ကောင်းကောင်းသိတာက ဉာဏ်ဘဲ၊ ရိပ်မိကြ ပလား....(ရိပ်မိပါဘုရား)။

ကောင်းကောင်းသိတာက ဉာဏ်၊ ဘာဉာဏ်တုံးဆိုတော့ တဏှာ၏ကိစ္စကို သိတဲ့ဉာဏ်၊ ကိစ္စဉာဏ်ပေါ်ပလား(ပေါ်ပါ ဘုရား)၊ တဏှာ၏ကိစ္စကို ဉာဏ်ဖြင့်သိအောင် ဘုန်းကြီးက ဟောလို့ ဒီဉာဏ်ကလေး မသိဘူးလား.... (သိပါဘုရား)၊ သိတော့ သူ့သဘော ကောင်းကောင်းရိပ်မိပလား (ရိပ်မိပါ ဘုရား)၊ ရိပ်မိသွားတော့ ဒီဉာဏ်ကို ဘာဉာဏ်ခေါ်ရမယ်.... (ကိစ္စဉာဏ်ပါဘုရား)။

အဲဒီ ကိစ္စဉာဏ်ကိုလဲ လူတိုင်းမရဘူး၊ ဝိပဿနာနဲ့ ရှုလို့ ရှိရင် မလွယ်လား၊ ဒီကိစ္စ အရပ်ဆိုး အကျည်းတန်ကြီးကို ဦးစံရှိရေ လူတိုင်းသိပါ့မလား(မသိပါဘုရား)၊ မသိနိုင်တော့ ဒကာဒကာမတို့ ဘယ်နှယ်ဖြစ်နေတုံးဆိုတော့ ပေါင်းရက် သင်းရက်ကြီး ဖြစ်ဖြစ်နေတာဘဲ၊ မသိလို့ (မှန်ပါဘုရား)။

သူက ပြောင်းပြီး ခိုခိုပြီးကပ်ကပ်ပြီး နေတယ်ဆိုတာကော ငြင်းဘို့လိုသေးသလား.... (မလိုပါဘုရား)၊ သို့သော်လဲ သိ

ရဲ့လား.... (မသိပါဘုရား)၊ အဲ.... မသိတဲ့အခါကြလို့ရှိရင် ခင်ဗျားတို့က မဂ်ဖိုလ်လိုချင်၊ သူက သည်ကနေပြီး ကန့်ကွက် လိုက်ပေါ့ဗျာ ဟုတ်လား....(မှန်ပါဘုရား)။

မဂ်ဖိုလ်လိုချင်လိုက် ကန့်ကွက်လိုက်၊ ခင်ဗျားတို့က မဂ် ဖိုလ်လိုချင်လိုက်၊ ကန့်ကွက်လိုက် သဘောကျပလား....(ကျပါ ဘုရား)၊ ယုတ်စွအဆုံး ပြောပြပါမယ်.... ဉပုသ်စောင့် သွား တော့မယ်၊ ရက်ရှည်ရှည်သွားမယ်ဆိုတာတောင် ဒီမှာလုပ်စရာ တွေဟာ ကုန်မယ်(မှန်ပါ)၊ ဘယ်သူကပြောတာတုံး(တဏှာက ပါ ဘုရား)။

ဂွကျလိုက်တာ ဂြိုဟ်ပါဘဲ၊ ဉပုသ်စောင့်တောင် ခွင့်မပေး ပါလား၊ ဒကာဒကာမတို့ ဘယ်သူကတုံး(တဏှာကပါဘုရား) သို့သော်လည်း သွားချင်ရာ သွားတာပေါ့၊ ဒါလေးတော့.... ပြီးမှ၊ လာပြန်ပြီ သွားချင်တော့ သွားတာပေါ့တဲ့၊ ပြီးအောင် လုပ်ခဲ့ပါအုံးဆိုတော့ ကန့်ကွက်ပြီးသွားဘဲ၊ မပါဘူးလား— ပါသလား(ပါ့ပါဘုရား)။

ဒါနဲ့ သက်တမ်းစေ့သေတာဘဲ၊ ဒီဉစ္စာ ပြီးသေးရဲ့လား (မပြီးပါဘုရား)၊ ဒါဖြင့်.... ဒကာ ဒကာမတို့ ကန့်ကွက်တာ ဟုတ်မှ ဟုတ်ရဲ့လား....(ဟုတ်ပါတယ်ဘုရား)၊ဒါဖြင့်ခင်ဗျား တို့ သည် ဘဝများစွာ သံသရာက ဘုရားနဲ့ မတွေ့တာများ မပြောပါနဲ့၊ ဉပုသ်ရက်ရှည်တောင် ကန့်ကွက်သေး(မှန်ပါ)၊ ရိပ်မိပလား၊ ဘာကန့်ကွက်တုံး (ဉပုသ်ရက်ရှည်တောင် ကန့် ကွက်ပါဘုရား)။

ဘုရားနဲ့ဆိုတော့ သာဝေးသေးပေါ့ဗျာ၊ ဘုရားဆီကို တော့ မသွားနဲ့ မလာနဲ့တောင်လုပ်မှာ ဟုတ်လား(မှန်ပါ)၊ ဥပုသ်ရက်ရှည်လေးတောင် ဘယ့်နှယ် ဖြစ်နေသေးသတုံး.... (ကန့်ကွက်ပါဘုရား)၊ ဥပုသ်ရက်ရှည်တောင်မှ သွားတော့ သွားပါတဲ့၊ ကိုယ်လုပ်မှ ပြီးမည့်အလုပ်ကို လုပ်ထားခဲ့ပါအုံး၊ ဘယ်သူကခိုင်းတာတုံး....(တဏှာကပါ ဘုရား)။

အဲ....သွားနဲ့ မယားနဲ့ ပြီးမှာ မဟုတ်ဘူးဆိုတော့ ဦးလှ ဘယ်သူကတုံး.... (တဏှာကပါဘုရား)၊ ကိုယ်လုပ်မှ ပြီးမည့် အလုပ်၊ ကိုယ်လုပ်ပြီးတဲ့အချိန်ကြတော့မှ ရှင်းရှင်းလင်းလင်း သွားတာပေါ့၊ အံ့မလေးဟဲ့ နှစ်ဘက်သွားဗျ၊ ရိပ်မိပလား (ရိပ်မိပါဘုရား)။

ရှင်းရှင်းလင်းလင်း သွားတာပေါ့တဲ့....၊ ဘာလုပ်လို့တုံး ဆိုတော့ ရှင်းသေးရဲ့လားဗျာ.... (မရှင်းပါဘုရား)၊ မရှင်း တာလဲ ခိုင်းသေးရဲ့ ပြီးတော့မှ စိတ်အေးလက်အေး သွားပေါ့ ပြောသေး၊ ဘယ်လောက်ဆိုးသတုံး(ဆိုးပါဘုရား)၊ဒီအတွင်း ဒါလုပ်ပြီးမှ သွားတာပေါ့၊ ဒါလုပ်ပြီးမှ ဆိုတာလဲ တဏှာ သဘောဘဲ၊ သွားတာပေါ့ဆိုတာကော ဘယ်သူ လုပ်လိုက် တာတုံး....(တဏှာပါဘုရား)၊တဏှာကလုပ်လိုက်တာ အရေး မကြီးရင်ဖြင့် မပြန်ခဲ့နဲ့။

ဒါလေးလဲ ပါသေး(မှန်ပါ)၊ တော်တော်ကြာ အရေး ကြီးတာက လာအုံးမှာကိုဗျ၊ ရှေ့က အရေးကြီးတာ နောက် က အရေးကြီးတာတွေနဲ့ဆိုတော့ တော်တော်ကြာ ဥပုသ်

ရက်ရှည်တောင် မစောင့်ဖြစ်ပါဘူးဗျာ၊ ဒီတိုင်း မသွားဘူး လား သွားမလား (သွားမှာပါဘုရား)၊ ဒါဖြင့် ဘယ်သူက ကန့်ကွက်တာတုံး....(တဏှာကပါဘုရား)၊ ဒါဖြင့် ဘုရားအဆူ ဆူနဲ့လွဲတာ ရိပ်မိပလား(ရိပ်မိပါဘုရား)။

ရိပ်မိတယ်ဆိုပေမဲ့ ဥပုသ်ရက်ရှည်တောင် ခွင့်မပေးဘူး ဆိုတော့ ဘုရားတွေဟာ များတော့များသွားဘဲတဲ့၊ ဥပုသ် ရက်ရှည်လေးမှ မစောင့်ဘူးတဲ့ပုဂ္ဂိုလ်ဟာလဲ သိလနဲ့ ပတ် သက်ပြီး ဘုရားနဲ့တွေ့ရမှာကိုဗျ၊ ဒါလေးမှ မစောင့်သည့် အတွက်ဘုရားနဲ့တွေ့ဘို့ရာကော (မလွယ်ပါဘုရား)၊ တွေ့ခွင့် မရတော့ဘူးဆိုသဖြင့် ခင်ဗျားတို့လဲ အိမ်ကထွက်မယ်ကြံရင် စဉ်းစားပါ....။

မစဉ်းစားသင့်ဘူးလား....(စဉ်းစားသင့်ပါတယ် ဘုရား)၊ ထွက်မယ်ကြံလို့ရှိရင် ခင်ဗျားတို့ မလွယ်ဘူးဗျ၊ ပြန်မယ် ကြံ ရင်သာ လွယ်တာ၊ ထွက်မယ်ကြံတော့....(မလွယ်ပါဘုရား) ပြန်မယ်ကြံတော့ အိမ်ခိုင်းစရာလူမရှိလို့ ဆိုတော့ တဏှာက ဆွဲခေါ်တာ၊ ထွက်ဘို့ကြတော့ မလွယ်ဘူး၊ ထွက်ဘို့ကြတော့ ဆိုင်းပါအုံး ဘယ်သူကတုံး....(တဏှာကပါဘုရား)၊ ရိပ်မိ ပလား(ရိပ်မိပါဘုရား)။

ပြန်လိုက်ဘို့ ခေါ်တဲ့အခါကြတော့ တဏှာက ခေါ်လို့ ဦးစံရီရေ ဘာတဲ့တုံး၊ လိုက်ချင်လှန်းလို့ မမြန်ဘူးလား.... (မြန်ပါဘုရား)၊ အိမ်ကနေပြီး ကျွန်တွင်းက လှတ်ကင်းတဲ့ဆီ

သွားတော့.... (ဆိုင်းပါအုံး)၊ ဘယ်သူတုံး.... (တဏှာပါဘုရား)၊ အဲဒီတော့ ထွက်မယ်ကြံကြံ၊ လာမယ်ကြံကြံ စဉ်းစားကြပါအုံး(မှန်ပါ)၊ မပြောသင့်ဘူးလား.... (ပြောသင့်ပါဘုရား)။

ရိပ်မိပလား.... (ရိပ်မိပါဘုရား)၊ ကဲ... ယနေ့ ဒီတွင်ဘဲ တော်ကြဦးစို့.... ။

(သာဓု.... သာဓု.... သာဓု....)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အမရပူရမြို့ မဂ်လာတိုက်ဟောင်း
ကျောင်းနေတော်ရှင်
အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား
ဟောကြားတော်မူသော

# သမုဒယသစ္စာ၏ အနက်လေးချက်

တို့တွင်
ဒုတိယမြောက်

## နိဒါနဋ္ဌော တရားတော်။

အဲဒါကြောင့် မနေ့က သမုဒယသစ္စာကို ဟောခဲ့ပြီ....၊ "သမုဒယဿ အာယူဟနဋ္ဌော" သမုဒယဿ၊ သမုဒယသစ္စာ၏။ အာယူဟနဋ္ဌော၊ ဒုက္ခဝတ္ထု ဒုက္ခမှုတို့ကို စုဆောင်းဆည်းပူးတတ်သော အနက်သဘောပေတည်း။ သမုဒယဿဆိုတာ ဒုက္ခဝတ္ထု၊ ဒုက္ခမှုတွေကို မပျောက်မပျက်အောင် စုဆောင်း ဆည်းပူးပြီးသကာလ သမုဒယ ကိန်းနေတဲ့ပုဂ္ဂိုလ်အား ထိုဒုက္ခဝတ္ထု၊ ဒုက္ခမှုတွေနဲ့ ခွဲလို့မရ၊ ခွါလို့မရဖြစ်လာတယ်လို့ မှတ်ထားရမယ်....(မှန်ပါဘုရား)။

ယနေ့ ပြောရမည့်အလုပ်က ဘာပါလိမ့်မလဲ ဆိုတော့.... နိဒါနဋ္ဌော ဦးဘကြည် သေသေ ချာချာ မှတ် ရ မယ် နော် (မှန်လှပါ)၊ နိဒါနဋ္ဌောဆိုတာက လောဘဆိုတဲ့သမုဒယလေး ဟာ ဝေဒနာနိရောဓ တဏှာနိရောဓဖြစ်အောင် ဒီ-ဒကာ ဒကာမတွေကမလုပ်နိုင်တော့ဘူး၊မရှုမိနိုင်တော့ဘူးဆိုရင် ဝမ်း ထဲမှာကိန်းတယ်လို့ ဆုံးဖြတ်ချက်ချ.... (မှန်ပါဘုရား)။

ဝေဒနာ ပေါ်တိုင်းပေါ်တိုင်း ကိန်းတယ်လို့ ဆုံးဖြတ် ချက်ချ၊ ရှိတယ်လို့ ဆုံးဖြတ်ချက်ချ....၊ ဝေဒနာပေါ်တိုင်း ဒကာဒကာမတွေက ဝေဒနာကို မရှုမိဘူးဆိုရင်ဖြင့် တဏှာ ဆိုတဲ့ အရှူးလေးက ဝမ်းထဲမှာ ဘယ်လိုနေမတုံး....(ကိန်းနေ မှာပါဘုရား)၊ ကိန်းအောင်းနေတာ၊ အော်.... ဘယ်နှယ် ဝေဒနာမရှုမိလို့ရှိရင်ဖြင့် တဏှာက ကိန်းအောင်းမှာဘဲ ဆို တော့ ဒီတဏှာ ကိန်းအောင်းနေတယ် ဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတွေ ပေါ့ပေါ့ဆဆ မနေပါနဲ့လို့ သတိပေးလိုက် တယ်၊ ဘယ်သူက သတိပေးတုံးဆိုရင်ဖြင့် ဘုရားက သတိပေး တယ်လို့ ဆုံးဖြတ်ချက်ချပါ။

ဘုရားက ဘယ်လိုသတိပေးတုံး ဝေဒနာ နိရောဓ၊ တဏှာ နိရောဓ မလုပ်နိုင်တဲ့ပုဂ္ဂိုလ်၏ အရပ်ဆိုးအကျည်းတန် ဒုက္ခ မျိုးစုံ တွေ့ရပုံကို ရှင်းပြမယ်တဲ့....။

ရှုမှတ်တဲ့ ပုဂ္ဂိုလ်များကတော့ ယနေ့ နိဒါနဋ္ဌော မှတ် ရမယ်....(မှန်လှပါ)၊ နိဒါနဋ္ဌောကို မှတ်ထားလိုက်တော့ကို သူက ဘာတုံးလို့ဆိုရင် ဒုက္ခဝဋ္ဋ၊ ဒုက္ခမှုတို့ကို တခုမကျန်

တခုံမဲ အမြဲပေးအပ် ဆောင်နှင်းစေတတ်တဲ့ အနက်သဘော သည်လည်းကောင်း၊ ဒုက္ခဝတ္ထုကိုလဲ သူပေးပါမယ်တဲ့၊ ဒုက္ခ မှုတွေကိုလဲ သူပေးပါမယ်တဲ့၊ ဒါဖြင့် ဒုက္ခဝတ္ထု၊ ဒုက္ခမှုတို့ကို တခုမကျန် တခုံမဲ အမြဲပေးအပ် ဆောင်နှင်းစေတတ်တဲ့ အနက်သဘောသည်လည်းကောင်းတဲ့။

အော်.... သမုဒယကို ချုပ်အောင် မလုပ်နိုင်တဲ့ပုဂ္ဂိုလ်ဖြင့် ဒုက္ခဝတ္ထု၊ဒုက္ခမှုတွေကို ရော့- အင့် လို့ ပေးတော့မှာဘဲလို့ ဆုံးဖြတ်ချက်ချပါ၊ ဘယ်သူက ပေးမယ်ထင်ကြတုံး ဒကာ ဒကာမတို့ (သမုဒယကပါဘုရား)၊ သမုဒယသစ္စာ တယ်စွမ်း ရည်သတ္တိ ရှိပါလားလို့ ဆိုတာကို မှတ်ကြရလိမ့်မယ်။

သ မု ဒ ယ သစ္စာဆိုတဲ့ တဏှာလောဘသည် ခင်ဗျားတို့ သဏ္ဍာန်မှာ ကိန်းအောင်းပြီးသကာလ ဘာကို လုပ်တတ်ပါ သတုံးလို့ မေးခွန်းထုတ်လို့ရှိရင်ဖြင့် ဒုက္ခဝတ္ထုတွေကို ပေး မယ်၊ ဒုက္ခမှုတွေကိုလဲ ပေးမယ်တဲ့။

ဒါဖြင့်.... သူ့လက်ခံထားတဲ့ပုဂ္ဂိုလ် ဘာတွေများ အမွေ အနှစ် ရသလဲလို့ မေးခွန်းထုတ်ရင် ဘယ့်နှယ်ဖြေမလဲ....(ဒုက္ခ ဝတ္ထု၊ဒုက္ခမှုတွေ ရမှာပါဘုရား)၊ အင်း....ဒုက္ခဝတ္ထု ဒုက္ခမှု ကိုဘဲ ပေးမယ်၊ ဒါဖြင့်.... ဒကာ ဒကာမတို့ သမုဒယဆိုတဲ့ လောဘကလေး ဝမ်းထဲမှာ အာရုံ့ဒွါရ တိုက်ဆိုင်ပြီး ကိန်း အောင်းလို့ရှိရင်ဖြင့် ဒို့ထဲက္ခာသူယုတ်မာတယောက် ဝင်လာ တာဘဲလို့ ခင်ဗျားတို့ သိပေးပါ။

သူယုတ်မာတယောက် ဝင်လာတာဘဲလို့ သိပေးပါနော် (မှန်ပါ)၊ ဘာလုပ်မလို့ ဝင်လာတာတုံးမေးရင် ဘယ့်နှယ် ဖြေမယ်.... (ဒုက္ခပေးမလို့ပါဘုရား)၊ ဒုက္ခပေးမလို့ဘဲ၊ ဒုက္ခဝတ္ထု၊ ဒုက္ခမှုတွေကို ပေးမလို့လာတာ၊ ကောင်းပြီ ဒါဖြင့် ဒီသမုဒယသစ္စာ တဏှာသည် ဒီကဝေဒနာကို နိရောဓ ဖြစ် အောင် မလုပ်နိုင်လို့ရှိရင် ဝေဒနာ ပစ္စယာ တဏှာ ဆိုတဲ့ အတိုင်း လာမှာဘဲ၊ ဒါ မနေ့ကလဲ ပြတယ်နော်(မှန်ပါ)။

ဝေဒနာ နိရောဓ မဖြစ်ဘူး၊ ဒကာ ဒကာမတွေဘက်က ဝေဒနာကို ဖြစ်ပျက် မရှုနိုင်တော့ဘူး ဆိုလို့ရှိရင် ဝေဒနာ ပစ္စယာတဏှာ လာဖြစ်မယ် (မှန်လှပါ)၊ တဏှာ အလိုလိုလာ တာလား၊ ဝေဒနာကြောင့်လာတာလား....(ဝေဒနာကြောင့် လာတာပါ)၊ အော်....ဒါဖြင့် ဝေဒနာကြောင့် ခင်ဗျားတို့ ဟဒယဝတ္ထုအပေါ် လာမကိန်းဘူးလား(ကိန်းပါဘုရား)။

ကိန်းတယ်တဲ့၊ ကိန်းတော့ သူလာလို့ရှိရင် ဘာတွေ ပေး ကမ်းစွန့်ကြဲမလို့ လာတာတုံး မေးဘို့ကောင်းတယ်(ဒုက္ခဝတ္ထု ဒုက္ခမှုတွေပေးမလို့ပါဘုရား) ဒုက္ခဝတ္ထု ဒုက္ခမှုတွေ ပေးမလို့ လာတာ၊အော် ဘယ့်နှယ်ကြောင့် ပေးဘို့လာပါလိမ့်မတုံးလို့ မေးလို့ရှိရင်ဖြင့် ဒကာဒကာမတို့ သူ့ကိုမသတ်လို့ပေးတာဘဲ မဆိုနိုင်ဘူးလား(ဆိုနိုင်ပါဘုရား)။

သူ့ကိုမသတ်လို့ ပေးတာဘဲ၊ သူ့ကို မသတ်လို့ ရှိရင်ဖြင့် ဒီပေးမှုကို လက်ခံ ရတော့မှာဘဲ၊ မယူချင်ဘူးဆိုလို့ ဒကာ ဒကာမတွေ ရပါ့မလား(မရပါဘုရား)၊အဲဒါကြောင့် စဉ်းစား

ကြစမ်းပါ၊ သူ့ကိုသတ်ချင်လို့ရှိရင်ဖြင့် ဖြစ်ကြောင်းကို သတ်လိုက်လို့ရှိရင် ဖြစ်ကျိုးဆိုတဲ့ တဏှာ မသေပေဘူးလား (သေပါဘုရား)။

ဒါကြောင့်.... ဒကာဒကာမတို့ကို ဒုက္ခဝေဒနာ ရှိတယ် သုခဝေဒနာရှိတယ်၊ ဥပေက္ခာဝေဒနာရှိတယ်၊ သူ့နေရာနဲ့သူ ရှိတယ်လို့ပြောတာနော်(မှန်ပါ)၊ ရှိလို့ရှိရင် ဒီတဏှာ မလာအောင် ခင်ဗျားတို့ ဒီတဏှာဟာလဲ ဝိထိနဲ့ပြောပြော၊ ဖြစ်စဉ်ကိုက်နဲ့ဘဲ ပြောပြော.... ဦးဘကြည်တို့ ကိုထွန်းဦးတို့ သုခဝေဒနာက ကိုယ်ပေါ်မှာ ပေါ်တယ်၊ သုခ သဟဂတံ ကာယဝိညာဏံတဲ့ ထားလိုက်ပါတော့နော်၊ တဏှာကဘယ်နည်းနဲ့မှ ကိုယ်ပေါ်မှာ မပေါ်နိုင်ဘူး၊ ဟဒယဝတ္ထုပေါ်မှာ စွဲမှုလေးနှင့် ပေါ်ရမှာ (မှန်လှပါ)။

အဝေးကြီးပါလားဆိုရင် မလွဲတော့ဘူး.... (မှန်လှပါ)၊ အဝေးကြီးလား အနီးလေးလား မေးလို့ ရှိရင်ဖြင့် အဝေးကြီးပါ၊ အဝေးကြီးကို ဘုန်းကြီး ရှင်းပြမယ် ဒကာဒကာမတို့ ဥာဏ်ပါတဲ့ ဒကာဒကာမတွေ စုမိတဲ့အခါအထူးဂရုစိုက်ပါ။

အဲဒီဥစ္စာ သုခဝေဒနာဆိုတော့ "သုခသဟဂတံ၊ ကာယဝိညာဏံ" ဆိုတာ ကာယပေါ်မှာ ပေါ်တယ်လို့သိသလား၊ ကာယပေါ်မှာ ကာယဒွါရ ဝိထိကို ဆိုးမှ၊ ကာယဒွါရ ဝိထိဆိုတာ တခြား မဟုတ်ပါဘူး၊ ကာယဝိဉာဏ် သမ္ပဋိစ္ဆန သန္တီရဏ ဝုဋ္ဌော၊ ကာယဝိဉာဏ် သိတဲ့ဇော ခုနစ်ကြိမ်ကို ပြတာဗျို့ မပြဘူးလား(ပြပါဘုရား)။

ပြုပြီးတဲ့နောက်မှ ဝိထိတွေ ချုပ်သွားပြီး.... ခုနင်က ကိုယ် ပေါ်မှာ၊ ချမ်းသာလုံး လေးက ကြွေနုပ် လိုက်တာ ဆိုတဲ့.... လောဘ မလာဘူးလား(လာပါဘုရား)။

ဒါဖြင့် ပိုပြီး ဒီတဏှာဟာ အဝေးကြီးက လာနိုင်တယ် ဆိုတာ သေချာပလား(သေချာပါဘုရား)၊ သေချာတော့.... ခင်ဗျားတို့ ဝိပဿနာဉာဏ်ကလဲ ထို့အတူဘဲ ခပ်ဝေးဝေးက နေပြီးသကာလ ဒီကြားထဲက ဝိဘက်ကတော့ဘာမှမဖြစ်ဘူး။

ကာယ ဝိဉာဏ်မှန်း သိတဲ့ ဝိထိကတော့ ကိုထွန်းဦး ဘာမှ မဖြစ်ဘူး(မှန်ပါဘုရား)သို့သော်မနောဒွါရနဲ့လုန်းပြီးသာယာ လိုက်မှ တဏှာဖြစ်တာ မသာယာလို့ရှိရင် (မဖြစ်ပါဘုရား)၊ သာယာစရာ တရားနဲ့၊ သာယာတဲ့.... တရားနဲ့ ကြားထဲမှာ စိတ်ပေါင်း အများကြီး ခြားသေးတယ်၊ ဘဝင်တွေတောင် မထည့်သေးဘူး မခြားဘူးလားခြားသလား(ခြားပါဘုရား)။

ခြားပါတယ်တဲ့.... ခြားပင် ခြားသော်လဲ အဲဒါတွေဟာ အပြစ်မရှိဘူး၊ကာယဒွါရဝိထိမှာဝိထိနိယာမ သဘောကျတယ် (မှန်လှပါ)။

ဒါက ခင်ဗျားတို့မှာ အပြစ်မရှိပါဘူး၊ ဒီနောက်ကမလိုက် ရင်သာ အပြစ်ရှိတာ၊ နောက်က အလိုက်မှားရင် အပြစ်ရှိတယ် အလိုက်ကောင်းလို့ရှိရင် အပြစ်ရှုပ်သိမ်းတယ် သဘောကျကြ ပလား၊ဒီဝေဒနာကို ဘာဝိထိခြားနေနေ၊ ဒီကြားထဲ လောဘ ဒေါသ မပါဘဲနဲ့၊ ကာယဒွါရ ဝိထိဘဲ ကျနေလို့ရှိရင်ဖြင့်.... ဒီဝေဒနာကို၊ မနောဒွါရ ဝိထိက ဖြစ်ပျက်ရှုရင် မရဘူးလား ရသလား (ရပါဘုရား)။

ရှိသေးသလား၊ မရှိတော့ဘူးလား (မရှိတော့ပါဘုရား) မရှိတော့ကိုဖြစ် ပျက် ရှု တဲ့ တရား၊ နောက်က နေပြီး သင်္ကာလ မဂ္ဂင်ငါးပါးဝင်လာတယ်။

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာ သမာဓိ ဒါတွေက မဂ္ဂင်ငါးပါး၊ ဝိပဿနာ ရှုရာမှာ ဒီငါးခု ကတော့ ပါတာ ချည်းဘဲ၊ ဝိပဿနာ ရှုတဲ့ပုဂ္ဂိုလ်မှာ မဂ္ဂင် ဘယ်နှစ်ပါးရသတုံး.... (ငါးပါးပါဘုရား)။ ဝိပဿနာဆုံးတဲ့ ပုဂ္ဂိုလ် ဘယ်နှစ်ပါးရသတုံး.... (ရှစ်ပါးပါဘုရား) ဝိပဿနာ ဆုံးရင် ရှစ်ပါး၊ ဝိပဿနာရှုခိုက်တော့ (ငါးပါးပါဘုရား)။

အဲဒါ မှတ်ထားပေါ့ အော်.... ငါးပါးက ရှစ်ပါး ဖြစ်ဘို့ ရာလဲ တက်ယူရမယ်ဆိုတဲ့ အဓိပ္ပါယ် ပေါ်ပလား၊ တက်မယူ ရင်တော့ (မရပါဘုရား)၊ မရဘူးတဲ့ ဒါဖြင့် သူနဲ့ မဂ္ဂသစ္စာဘဲ သူက လောကီမဂ္ဂသစ္စာ ရှစ်ပါးပြည့်တော့ လောကုတ္တရာ မဂ္ဂ သစ္စာ၊ လောကီ မဂ္ဂသစ္စာ မရှိဘဲနဲ့ လောကုတ္တရာ မဂ္ဂသစ္စာ မဖြစ်နိုင်ဘူးလို့ မှတ်ထားပါ (မှန်ပါဘုရား)။

ဘာကြောင့်တုံး စာလိုပြောမယ်ဆိုတော့....ပရိကံ ဥပစာ အနုလုံ၊ ဂေါတြဘူ မပါဘဲနဲ့ မဂ်မကျဘူး (မှန်လှပါဘုရား)၊ ပရိကံ ဥပစာ အနုလုံ ဂေါတြဘူဆိုတာ မဂ္ဂင်ငါးပါးကိုပြတာ (မှန်လှပါဘုရား) ရှင်းပလား (ရှင်းပါဘုရား)။

ဒါက စာနဲ့ ပါတ်သက်ပြီးသင်္ကာလ လုံလောက်အောင်နဲ့ ကြေနပ်အောင်ပြောတာ (မှန်လှပါဘုရား)၊ နောက်က ဒကာ ဒကာမတွေ နားလည်မှု ကြတော့ ဒီလို ပပြောတော့ဘူး....

ခင်ဗျားတို့ကိုယ်မှာ ဝေဒနာပေါ်တယ် ဒီဝေဒနာကြီးမရှိမှုကို သိအောင်လုပ်ပါ။

ဝေဒနာ ပေါ်လဲ ပေါ်သွားတယ်၊ ဒီကနေပြီး သကာလ ရှိသေးလား မရှိသေးလား တွေးလုံးသာ ထုတ်ပါ၊ တွေးလုံး ထုတ်သည်နှင့် တပြိုင်နက်တည်း တွေးတဲ့စိတ် ပေါ်ရင် အလျှင် သိတဲ့စိတ်ဟာ ရှိကိုမရှိဘူး ရှိပမလား (မရှိပါဘုရား) မရှိတော့ မရှိတာနှင့် ချုပ်သွားတာသည် နိရောဓမဖြစ်ဘူးလား (ဖြစ်ပါ ဘုရား)။

ဒါဖြင့်ဝေဒနာနိရောဓါဘာယ့်နှယ်ဆိုကြမတုံး (တဏှာနိရော ဓေါ်)၊တဏှာနိရောဓေါဆိုတာ ဘယ်သူ့ဆို (မဂ္ဂင်ဆိုပါဘုရား) မဂ္ဂင်ငါးပါးကိုဆိုတာ သဘောကျပလား (ကျပါဘုရား)။

ဝေဒနာနိရောဓါ ဆိုတာ ရှိတာ ဆိုတာလား၊ မရှိတာဆို တာလား (မရှိတာဆိုတာပါဘုရား) မရှိတာကိုဆိုတယ် တဏှာ နိရောဓေါ ဆိုတာက ဘာဆိုတာတုံး....(မဂ္ဂင်ငါးပါး)၊ မဂ္ဂင် ငါးပါးပေါ်တာကိုဆိုတာ ရှင်းကြပလား (ရှင်းပါဘုရား)။

နောက်က ဒကာဒကာမတို့....၊ ဝေဒနာ နိရောဓါ ဆိုတာ ဝေဒနာရှိတာကို ဆိုတာလား၊မရှိတာကိုဆိုတာလား (မရှိတာ ဆိုတာပါဘုရား) အော်....မရှိတာဆိုတာဟုတ်ပြီ ဘယ်ရှိမတုံး တဲ့၊ ဒီကရှုတဲ့စိတ် ပေါ်ကတည်းက သူရှိပါဦးမလား (မရှိပါ ဘုရား)။

အဲဒီတော့ ဝေဒနာနိရောဓါဆိုတာ မမှန်ဘူးလား မှန်သလား(မှန်ပါဘုရား)၊ တဏှာနိရောဓေါဆိုတော့ ဟိုလိုမရှိတာလို့ မမှတ်လိုက်နဲ့၊ ရှိတယ် တဏှာ နိရောဓေါဆိုတာ မဂ္ဂင်ငါးပါးရှိတယ်လို့ မှတ်လိုက် ရှင်းပလား(ရှင်းပါဘုရား)။

တဏှာနိရောဓါဆိုတော့ ဘာရှိတယ် (မဂ္ဂင်ငါးပါး) ဒီလိုဟန်ကျ ပန်ကျ သိမှတဲ့ သင်္ဂြိုဟ်ဖြစ်စဉ် စိတ်စဉ် တန်းနေသလို သိလို့တော့ မဖြစ်သေးဘူး သဘောကျကြပလား(မှန်လှပါ)၊ တော်တော် အရေးကြီးတယ်နော် ...၊ ဒီနေ့ပြောတဲ့ ဝေဒနာနိရောဓါဆိုတာကရှိတာလား မရှိတာလား(မရှိတာပါဘုရား) တဏှာနိရောဓေါဆိုတော့ မဂ္ဂင် ငါးပါး ရှိတယ် တဏှာချုပ်အောင် လုပ်နေတဲ့ တရားရှိတယ် ပြောတာ.... (မှန်လှပါ)၊ တဏှာကိုသတ်တဲ့ တရား ရှိတယ် လို့ပြော တာ သိရဲ့လား ကိုချစ်ခ သဘောကျပလား(ကျပါဘုရား)။

ကောင်းပြီ ဒကာဒကာမတို့ ... တဏှာ ချုပ် လို့ ရှိ ရင် ဖြင့် တဏှာ နိရောဓေါ နိဗ္ဗာန်လို့ ဘုရားက ဟောတယ်၊ တဏှာနိရောဓေါ ဘာဘဲ့ (နိဗ္ဗာန်ပါဘုရား)၊ အော်.... နိဗ္ဗာန်ဆိုတာ ဘာတုံးအောင့်မေ့တယ် မဂ်ပေါ်နေတာဆိုတာဘဲ ရှင်းပလား (ရှင်းပါဘုရား)။

လော ကီ မဂ် ပေါ် လို့ ရှိ ရင် ဖြင့် လော ကီ နိ ဗ္ဗ ာန်၊ လောကုတ္တရာမဂ် ပေါ်လို့ ရှိ ရင် ဖြင့် လော ကု တ္တ ရာ နိဗ္ဗာန်၊ လောကီမဂ် ပေါ်တော့ ခန္ဓာ နိဗ္ဗာန် ရတာ ပေါ့ဗျာ၊ လောကုတ္တရာ မဂ္ဂင်ရှစ်ပါး အပြည့် အစုံ ပေါ်တော့ (သမုစ္ဆေဒပါဘုရား)။

သမုဒ္ဒေဒ ဆိုတော့ မဂ္ဂင် ကလည်း ရှစ်ပါးပြည့် (ပြည့်ပါဘုရား) ဟုတ်လား ကိလေသာလည်း အမြစ် ကျွတ် သွားပြီ သဘောကျကြပလား....(မှန်ပါ)၊ ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့ ဝေဒနာနိရောဓါနဲ့ တဏှာနိရောဓါကို ခင်ဗျားတို့ စာဆို ရှင်းပုံနဲ့၊ ဖြစ်စဉ် ရှင်းပုံနဲ့၊ ဦး ဘ ကြ ည် အများကြီး ကွာတယ်(မှန်ပါ) မကွာဘူးလား(ကွာပါဘုရား)။

ကွာတယ်လို့ ဆုံးဖြတ်ချက်ချ က်ဒါဖြင့် အားလုံး ဒကာ ဒကာမတွေ ဝေဒနာ နိရောဓါဆိုတာ.... ရှိတာကို ဆိုသလား မရှိတာကို ဆိုသလား (မရှိတာကိုဆိုပါဘုရား)။

ဝေဒနာ လေးတွေ ဖြစ်တုံးကတော့ ဖြစ်ခဲ့ပါရဲ့၊ သို့သော် မရှိဘူး ဟုတ်လား (မှန်လှပါ)၊ မရှိမှ မရှိတာကို နောက်က မရှိမှန်းသိတော့ ဘာဆိုကြမှာတုံး (တဏှာနိရောဓါ)တဏှာ နိရောဓါ မရှိတာ၊ မရှိမှန်း သိတာသည် ဘာပါလိမ့်(တဏှာ နိရောဓါ) ဘယ်နှယ်ကြောင့် တဏှာနိရောဓါ ဖြစ်ရပါလိမ့် မတုံးလို့ မေးခွန်း ထုတ်တော့ကို တဏှာ မလာအောင် တား နိုင်တာ သူဘဲရှိတယ် ရှင်းကြပလား(ရှင်းပါဘုရား)။

တဏှာမလာနိုင်အောင် တားနိုင်တာ ဘယ်သူလဲ (မဂ္ဂင် ငါးပါး)၊ တဏှာနိရောဓါဆိုတော့....ခင်ဗျားတို့က ဘယ်လို အောက်မေ့သတုံး၊ အော်....ဝေဒနာချုပ်တာနဲ့ တဏှာချုပ် သွားတယ်၊ သူ့အလိုလို လို့....အောက်မေ့ ချင် အောက်မေ့ လိုက်မှာဘဲ၊ မအောက်မေ့ ပေဘူးလား....(အောက်မေ့ပါ ဘုရား)။

သူ့အလိုလိုလို့ အောက်မေ့ရင် မသိတဲ့ပုဂ္ဂိုလ်မှ သူ့အလိုလိုလို့ အောက်မေ့ရမှာ(မှန်ပါ)သိတဲ့ပုဂ္ဂိုလ် အခုနည်းယူနေတဲ့ ဒကာ ဒကာမတို့ ကတော့ အော်.... ဝေဒနာနိရောဓါကဖြင့် ဟုတ်တယ် သူ့ဟာသူ ချုပ်သွားပြီလို့ အချိန်စေ့ရင် ဥပါဒ်ဋ္ဌီ,ဘင် သဘောနဲ့ ချုပ်သွားပြီး တဏှာနိရောဓါ ဖြစ်တာကတော့ကို ဘယ်လို ဖြစ်တာ ပါလိမ့်မတုံး ဆိုတော့.... တဏှာနိရောဓါဆိုတာ မဂ္ဂင်ငါးပါး ပေါ်တာကို ဆိုတယ် ရှင်းပလား(မှန်ပါ)။

တဏှာ နိရောဓါ ဆိုတာ ဘာတုံး ... ဒကာဒကာမတို့.... (မဂ္ဂင်ငါးပါး)၊ ဒါဖြင့် မဂ္ဂင်ငါးပါးပေါ်တာကို ကိုထွန်းဦးဘဲ မေးမယ်၊ တဏှာနိရောဓါ ဘယ့်နှယ် ဖြစ်သတုံးလို့ ဆိုရင် အို....မဂ္ဂင်ပေါ်လို့ တဏှာ မပေါ်တာ၊ မဂ္ဂင်သာ မပေါ်ဘဲနေရင်....(တဏှာလိုက်မှာပါဘုရား)။

အော်....ဒါဖြင့် ဝေဒနာနိရောဓါက အထည် မရှိဘူး၊ တဏှာနိရောဓါက မဂ္ဂင်ငါးပါး အထည်ရှိတယ်၊ ရှင်းပလား (ရှင်းပါဘုရား)၊ အဲဒါ တစတစ တနေ့တနေ့တိုးပြီးသကာလ ဉာဏ်ထက်အောင် ပြောပြပေးမယ်။

ဦးဘတင် ရိပ်မိပလား.... (ရိပ်မိပါဘုရား)၊ ကောင်းပြီ ဒါဖြင့် ဝေဒနာနိရောဓါဟာဘာတဲ့ အထည်မရှိဘူး၊ အနိစ္စလက္ခဏာသာရှိတယ် သဘောကျပလား၊ တဏှာနိရောဓါကြတော့.... (အထည်ရှိတယ်)၊ အထည်ရှိတယ် ဘယ်သူရှိ.... (မဂ္ဂင်ငါးပါး ရှိပါဘုရား)။

မဂ္ဂင်ငါးပါး ရှိပါရက်သားနဲ့ ဘယ့်နှယ်ကြောင့် တဏှာ နိရောဓေါလို့ လုပ်ရပါလိမ့်၊ အို.... မဂ္ဂင် ငါးပါး ပေါ် လို့ တဏှာပေါ် ခွင့် မရတာပေါ့၊ မဂ္ဂင်ငါးပါးသာမပေါ် ဘူးဆိုရင် တဏှာဖြစ်ခွင့်ရမယ်ဆိုတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ကျေနပ်လောက်ရောပေါ့.... (ကျေနပ်ပါဘုရား)။

ကြေနပ်လောက်တော့ကို မနေ့က ဒီအဓိပ္ပါယ်ကို မပြော ဘူး၊ မနေ့ကတော့ ဝေဒနာပစ္စယာ တဏှာ, ဝေဒနာ နိရော ဓါ, တဏှာနိရောဓေါ ဆိုပြီးသကာလ အထည် ရှိ,မရှိ မဝေ ဘန်ဘူး၊ ဒီနေ့တော့ အော်.... ဝေဒနာနိရောဓါက အထည် မရှိဘူး၊ တဏှာနိရောဓေါက အထည်(၅)ပါးရှိတယ်၊ မဆို နိုင်ဘူးလား....(ဆိုနိုင်ပါဘုရား)။

သူသာ မရှိဘူးဆိုရင် ဒီနေရာ ဘာလာမယ်ထင်သတုံး.... (တဏှာပါဘုရား)၊ တဏှာ လာမှာဘဲ၊ အဲဒီတော့ တဏှာ ဘယ့်နှယ်ကြောင့်မလာတုံး.... မဂ္ဂင် ပေါ် နေ လို့၊ ဟဒယ ဝတ္ထုပေါ်မှာ မဂ္ဂင်ငါးပါး ပေါ်နေတယ်၊ ဇော ခုနစ်ကြိမ်နဲ့ မပေါ် ဘူးလား.... (ပေါ်ပါဘုရား)၊ အဲဒါလေး ရိပ်မိထား တော့မှ ဝိပဿနာ အလုပ်ဟာ တဏှာတရားကို မလာဘဲနဲ့ ချုပ်စေသကိုလို့ မဆိုထိုက်ဘူးလား.... (ဆိုထိုက်ပါဘုရား)။

လာချုပ်လား၊ မလာချုပ်လား....(မလာချုပ်ပါဘုရား)၊ ဦးဘကြည်ဘာတဲ့ (မလာချုပ်ပါဘုရား)၊ မလာဘဲနဲ့ ချုပ် တာ၊ လာခွင့်ကိုပေးသေးသလား....(မပေးပါဘုရား)၊ မလာ ဘဲနဲ့ချုပ်သွားတော့ • ဇော ခုနစ်ကြိမ်လာချင် တဏှာက ဇော

ခုနစ်ကြိမ်နဲ့လာမှာ....(မှန်ပါ)၊ ဇော ခုနစ်ကြိမ် လာခွင့်ပေး မပေး....(မပေးပါဘုရား)၊ ဇော ခုနစ်ကြိမ် လာခွင့် မပေး တော့ကို ဒကာဒကာမတို့ ဒိဋ္ဌဓမ္မအကျိုးလဲ မပေးနိုင်ဘူး၊ အပရာ ပရိယအကျိုးကော....(မပေးနိုင်ပါ)၊ ဥပပဇ္ဇ အကျိုး ကော....(မပေးနိုင်ပါဘုရား)။

အင်း .. ယခုဘဝလဲ မပေး၊ ဒုတိယဘဝလဲ မပေး၊ နောင် ဘဝတွေ အကုန်လဲမပေး၊ ဘယ်သူက ဘယ်သူ့ စွမ်းရည် သတ္တိကြောင့် ဒီအကျိုးပေးတွေ ဖျက်ဆီးနိုင်သတုံး မေးလို့ ရှိရင် ခင်ဗျားတို့ဘဲ ကြည့်ပါတော့၊ ကာမာဝစရစိတ်ပေမဲ့ မဂ္ဂင် ဆိုက်လာတော့ ဘယ်လောက် ထက်သွားသတုံး (မှန်လှပါ)၊ မထက်ဘူးလား(ထက်ပါဘုရား)။ ထက်တယ်လို့ ဦးခင်မောင် မှတ်မိပလား။

ကောင်းပြီ ကာမာဝစရစိတ်ကြောင့် ဒါလောက် ထက်နေ တဲ့ဥစ္စာ ကိုထွန်းဦးရာ တကယ်ရှစ်ပါး ပြည့်သွားလို့ရှိရင်.... သည့်ထက် မထက်ပေဘူးလား (ထက်မှာပါဘုရား)၊ ဒီထက် ထက်မှာ၊ အဲဒီတော့ ဝိပဿနာမဂ်စိတ်ဆိုတာ ပုဗ္ဗဘာဂမဂ် လို့ ဘုရားကဟောတယ်၊ ပုဗ္ဗဘာဂမဂ်ဆိုတာ (၅)ပါး၊ ပဋ္ဌာဘာဂမဂ်ဆိုတာ ရှစ်ပါး ဒီလိုမနေပေဘူးလား။

ကောင်းပြီ.... ဒါဖြင့် ခင်ဗျားတို့ ပုဗ္ဗဘာဂမဂ်ဆိုတဲ့ဥစ္စာ မဂ္ဂင်ငါးပါးကို ဆိုသည်၊ ပဋ္ဌာဘာဂမဂ် ဆိုတာသည် မဂ္ဂင် ရှစ်ပါးကိုဆိုသည် ရှင်းပလား(မှန်ပါ)၊ ကောင်းပြီ ... ဒါဖြင့် ဒကာဒကာမတွေ ဝေဒနာနိရောဓါနဲ့ တဏှာနိရောဓါဟာ စာဆို စာပြောနဲ့၊ ယခု ဝီထိနဲ့ ကိုက်ပြလိုက်တာနဲ့ ကိုထွန်းဦး တခြားစီ (မှန်လှပါဘုရား)။

ဟိုကတော့ ဝေဒနာချုပ်ပြီး သူ့နောက်ကလဲ တဏှာ မလိုက်တော့ဘူး၊ ချုပ်ပြီးမှ သူ့မရှိတဲ့ပုဂ္ဂိုလ်မှ တဏှာလိုက်တာ....(မှန်ပါ)၊ သဘောကျပလား(ကျပါဘုရား)။

ချုပ်ပြီးမှ မရှိတဲ့ပုဂ္ဂိုလ် ဘာဆိုကြမတုံး....(တဏှာ လိုက်တယ်)၊ အဲ.... မချုပ်ဘဲနဲ့ ဆိုတော့ နှစ်စိတ်ပေါ်နေတယ်....(မှန်ပါဘုရား)၊ ချုပ်ပြီးတဲ့အခါကြတော့ ရှုမှတ်တတ်တဲ့ သဘော၊ ဆ ရာ သ မား ပြော ဆို ဆုံးမတဲ့ ဝိပဿနာဉာဏ် အဖန်ဖန် ရှုရမယ် ဆိုတော့ လောကီမဂ္ဂင် မပါလာပြီဆိုရင်ဖြင့် ချုပ် ပြီးမှ တ ဏှာ ဝင် ချိန် စော မှာ၊ မ စော ပေ ဘူး လား (စောမှာပါဘုရား)။

အဲဒီတော့ တဏှာစောမှုကို ခင်ဗျားတို့က မဂ္ဂင်နဲ့ တားရမှာ သဘောကျပလား (ကျပါဘုရား)၊ မဂ္ဂင်နဲ့တားတော့ တဏှာသည် ဒိဋ္ဌဓမ္မအကျိုးပေးမှာဘဲ၊ တားလိုက်တာ နောက်ဘဝမှ အကျိုးပေးမှာဘဲ၊ ဒီဒုတိယဘဝမှာဆို နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် အကျိုးပေးမှာဘဲ၊ ဒါဟာ လောကီမဂ်က လောဘကိုတားလို့ဘဲ (မှန်ပါဘုရား)။

လောကီမဂ်က တားရုံတင် တတ်နိုင်သနော်၊ လောကုတ္တရာမဂ်ကမှ ဖြတ်တယ်၊ လောကီမဂ်က တားတယ်....(မှန်လှပါ)၊ လောကုတ္တရာမဂ်က....(ဖြတ်တယ်)၊ အဲဒါ မြဲမြဲမှတ်ပါ၊ သူက တားရုံတင် တားနိုင်တယ်၊ သူကအကြောင်းရှိလို့ရှိရင် မရှုဘဲ နေပြန် ပေါ်လာတာ။ လောကုတ္တရာမဂ်ကတော့ မရှုဘဲနေနေ ချုပ်တယ်၊ ဝိစိကိစ္ဆာတော့ မချုပ်ဘဲနေပါဆိုလို့ ရသေးလား(မရပါဘုရား)၊ လောဘလဲ လေးပိုင်းတပိုင်း မကျွတ်ဘဲ နေပါဆိုလို့ ရနိုင်သေးလား...(မရပါဘုရား)။

မရဘူး.... ဒါဖြင့် ဒကာမကာမတို့ ဒီ သမုဒယ သစ္စာ ချုပ်နည်းကိုလဲ ဆရာ ဘုန်းကြီးက ရှေ့ပိုင်းက ပေးတော့.... ဒါဘာပါလိမ့်မတုံး မေးတော့ အလုပ် လုပ် ကြလို့ ပြောတာ (မှန်လှပါ)။

သုခပေါ်လဲ ဖြစ်ပျက်ရှု၊ ဒုက္ခပေါ်လဲ(ဖြစ်ပျက်ရှု)ဥပေက္ခာပေါ်ကော(ဖြစ်ပျက်ရှု)ဖြစ်ပျက်ဘဲရှုပေး၊ သာမိသ နိယာမိသ နဲ့မနေနဲ့ ခင်ဗျားတို့ ဒွိဟမလိုဘူး....(မှန်လှပါ) ပေါ်လာပြန် ဖြစ်ပျက်သာရှုချ၊ သာမိသလဲချုပ်တာဘဲ၊ နိယာမိသဝေဒနာကော (ချုပ်တာပါဘုရား)။

ဒါဖြင့် ချုပ်တာချည်း ဖြစ်နေတော့ ဘယ်ဝေဒနာဆိုတာ ဘုရားမို့ အမည်တပ်နိုင်တာ၊ ခင်ဗျားတို့က ချုပ်တာ မြင်ရင်ပြီးတာဘဲ(မှန်လှပါ) ရှင်းပလား(ရှင်းပါဘုရား)၊ နောက်က ဒကာဒကာမတွေကော ဘယ်လိုမှတ်ကြမယ်.... (ချုပ်တာမြင်အောင်ကြည့်ရမှာပါဘုရား)၊ ချုပ်တာမြင်အောင်ကြည့်ရမယ် သဘောကျပလား(ကျပါဘုရား)။

ဘာမြင်အောင်ကြည့်ရမယ်....( ချုပ်ပျောက် သွားတာပါဘုရား)၊ ချုပ်ပျောက်သွားတာလေးတွေကို မြင်အောင်ကြည့် ချုပ်သွားပြီလို့သိ၊ ရှင်းပလား (မှန်ပါ) ချုပ်သွားပြီလို့ သိလိုက်ရင် မပြီးသေးဘူးလား(ပြီးပါဘုရား)။

ပြီးပါတယ်တဲ့....ဟင် ဒီကအထည်ရှိနေမယ်၊ ဒီက ရှုတဲ့စိတ်ကလဲ ရှိနေမယ်ဆိုရင် သဗ္ဗာဝါသဏ္ဍာန် နှစ်စိတ် ဖြစ်တယ်ဆိုတဲ့ အခိပ္ပါယ် ရနေတယ်....(ရပါ့ဘုရား)၊ ဒီလို မရကောင်းဘူး၊

ရကောင်းသလား (မရကောင်းဘူး)၊ ကေ စိတ္တ သမာ ယုတ္တာ (မှန်လှပါ)လူတယောက်၏ အသက်သည် ဒီဖြစ်စိတ်သာကြည့်ရမယ်၊ သဘောကျပလား(ကျပါဘုရား)။

ကောင်းပြီ .. ဒါဖြင့် ဒကာ ဒကာမတို့ ဒီသမုဒယ သစ္စာဟာ မရှုဘဲပုဂ္ဂိုလ်မှာ ဒီနောက်က သမုဒယ၊ ဒီနောက်က လဲ သမုဒယ ဒီနောက်ကကော(သမုဒယပါဘဲဘုရား) သမုဒယဆိုတာသည် ခင်ဗျားတို့က အကြောင်းဟူသ၍ သမုဒယချည်း မှတ်လိုက်၊ ဒီကလဲ သုခဝေဒနာ ပစ္စယာ တဏှာ၊ ဒုက္ခဝေဒနာ ပစ္စယာ ဒေါသ၊ ဥပေက္ခာ ဝေဒနာ ပစ္စယာ မောဟ သူ့အကြောင်း ဟုတ်လား(မှန်ပါ) ဒါဖြင့် သမုဒယချည်း မဆိုနိုင်ဘူး လား (ဆိုနိုင်ပါဘုရား)။

အေး....သမုဒယချည်း ဆိုလိုက်ပါတဲ့.... ကောင်းပြီ ဒကာ ဒကာမတို့ သမုဒယကို သဘောကျသွားတော့၊ ဒီသမုဒယ က ဘာလုပ်တတ်သတုံးလို့ သမုဒယအကြောင်း ကောင်းကောင်း သိအောင်လို့ ကိစ္စ ဉာဏ်နဲ့ မဝေဘန် နိုင်လို့ ရှိရင် သူ့ကို ချန်တွေ့ချင်တဲ့သဘော မလာပေဘူးလား(လာမှာပါဘုရား)။

သူ့ကိုမိတ်ဖွဲ့ချင်တဲ့ သဘောလာသလား(မလာပါဘုရား) ဒါဖြင့်သူ့ကို မကောင်းမှန်းသိမှ ခင်ဗျားတို့ ဒီအလုပ်ကို ရှုပြီး ပယ်မှာဘဲ၊ သူ့အပေါ်မှာ ကောင်းတယ်လို့ ထင်ချက်လွဲနေ လို့ရှိရင်ဖြင့် ဒီအလုပ် ရှုဖြစ်ပါ့မလား (မဖြစ်ပါဘုရား)၊ ဒါ ကြောင့် ကိစ္စဉာဏ်ဟောရတာဘဲ သဘောကျပလား (ကျပါ ဘုရား)။

ကိစ္စဥာဏ် ဘယ့်နှယ်ကြောင့် ဟောရပါလိမ့်မတုံးဆိုတော့ သမုဒယ၏ ဆိုးဝါးညစ်ပတ်ပုံကို သိအောင် ဟောရတာ (မှန်လှပါ)၊ ပယ်ချင်တဲ့စိတ်တွေ ဖျတ်ကနဲ ပေါ်လာအောင် မင့်တော့ကွာ မထားတော့ဘူးကွ၊ ဘယ်နည်းနဲ့ ပယ်ရမတုံး ဆိုတဲ့ အကြံဉာဏ် မထုတ်ပေဘူးလား(ထုတ်မှာပါဘုရား)။

ထုတ်လို့ရှိရင် ဝိပဿနာ မဂ်ဉာဏ်နဲ့ သတ်လိုက်မယ် မရဘူးလား (ရပါဘုရား)၊ ဝိပဿနာနဲ့ သတ် ချင် သတ် မယ်၊ နောက်ဆုံး မဂ်ဉာဏ်နဲ့ သတ်မယ်ဆိုတော့ ... သူ့အကြောင်း ကောင်းကောင်း သိလို့သတ်ဖြစ်တာပေါ့ဗျာ၊ သူ့အကြောင်း ကောင်း ကောင်း မသိရင် (မသတ်ဖြစ်ပါဘုရား)၊ ဒါကြောင့် မင်းတို့ ဘယ်သူ သောတာပန် တည်တယ်ဆိုဆို သစ္စာအနက် (၁၆)ချက် မမြင်ဘဲနဲ့ မတည်ပါဘူးတဲ့ ရှင်းပလား (ရှင်းပါဘုရား)။

သစ္စာ အ န က် (၁၆) ချက်၊ မမြင် ဘဲနဲ့ (မတည်နိုင်ပါဘုရား)၊ မတည်နိုင်တော့ ... ဒီ သစ္စာအနက် (၁၆) ချက်ကို ဒုက္ခ သစ္စာ လေးချက်ပြီးခဲ့ပြီ ဟုတ်ကဲ့ မဟုတ်လား(မှန်ပါ)၊ သမုဒယသစ္စာ တချက်ပြီးပြီ....၊ ယနေ့ ဒုတိယ တချက်ကို ဟောရအုံးမှာ ရှင်းပလား(ရှင်းပါဘုရား)။

ဒါဖြင့် ဒီသမုဒယကို ဘုန်းကြီးများက ဆိုးကြောင်းကို ဟော ရ မှာ လား၊ ကောင်း ကြောင်းကို ဟော ရ မှာ လား.... ဘုရားသခင်ကိုယ်တော်မြတ်ကြီး ကိုယ်စားလှယ်လုပ်ပြီး ပြော

နေတာ၊ ဟာ.... သူက ဆိုး ရင် ဆိုး ကြောင်း ပြော ရ မှာ ပေါ့ ကောင်း ကြောင်း သူနဲ့နဲ့မှ မပြော နိုင်ဘူး (မှန်လှပါ)၊ ဘယ် သမုဒယမှကောင်းတယ်လို့ မပြောနိုင်ဘူး(မှန်လှပါ)။

နတ်ပြည်တောင့်တတဲ့ တဏှာ၊ ကောင်းတယ်လို့လဲ မပြော နိုင်ဘူး၊ ဗြဟ္မာပြည် ကြိုက်တတ်တဲ့ တဏှာ ကောင်းတယ်လို့ (မဟောနိုင်ဘူး)၊ မဟောနိုင်ဘူးတဲ့.... နတ်ပြည် တောင့်တတဲ့ တဏှာကြောင့် နတ်ဒုက္ခရမှာ၊ ဗြဟ္မာပြည်တောင့်တတဲ့ တဏှာ ကြောင့် (ဗြဟ္မာဒုက္ခရမှာပါဘုရား)၊ လူ့ပြည် တောင့်တတဲ့ တဏှာကြောင့်(လူ့ဒုက္ခရမှာပါဘုရား)။

သားတွေ ငါးတွေ စားချင်တဲ့တဏှာကြောင့်၊ သားတွေ ငါးတွေ သတ်စားလို့ရှိရင်လဲ သားတွေ ငါးတွေ သတ်စား ချင်တဲ့တဏှာကြောင့် အပါယ်လေးပါး ရမှာ(မှန်ပါဘုရား)၊ မရပေဘူးလားဗျာ....(ရမှာပါဘုရား)။

အဲဒီကဲ့သို့ရမှာ ခင်ဗျားတို့က အထင်အရှား သိပြီးသကာလ နေသည့်အတွက် အော်.... ဒီတဏှာဖြင့် သတ်မှဘဲတော်မယ် ဆိုတဲ့ဉာဏ် ယနေ့ စိတ်က မွေးထားပါ၊ ဆရာဘုန်းကြီးက ခင်ဗျားတို့ ဒီတဏှာတော့ဗျာ ဘယ်နည်းနဲ့မှ ခင်ဗျား တို့ ချမ်းသာမပေးနဲ့၊ သူ့အကြောင်း ကျုပ် ကောင်း ကောင်း ပြောပါမယ်၊သူဟာ အင်မတန်ဆိုးဝါးတဲ့ တရားလို့သိအောင် ကိစ္စဉာဏ်ကို ဟောရမယ့်၊ သဘောကျပလား(ကျပါဘုရား)။

ဒါကြောင့်.... မနေ့ကပြောလိုက်တယ်၊ တဏှာ ဒုတိယော ပုရိသော ခင်ဗျားတို့ ယခု မြို့ထဲရွာထဲ နေနိုင်တာက တဏှာ အဖော်ရှိလို့ နေနိုင်ကြတယ်ဆိုတာကော ရိပ်မိကြပလား (ရိပ်မိကြပါဘုရား)၊ ဒကာဒကာမတွေ ဘယ်သူနဲ့ အဖော် လုပ်နေကြပါလိမ့်....(တဏှာနဲ့အဖော် လုပ်နေတာပါဘုရား) တဏှာလောဘနဲ့ အဖော်လုပ်နေကြတာ။

အဲဒါကြောင့် ပျင်းကြသလားလို့ မေးတဲ့အခါကြရင်ဖြင့် စီးပွားရေးလေး အကြောင်းညီညွတ်နေရင် ဘယ်သူမှ မပျင်း နိုင်ဘူး၊ ပျင်းပါ့မလား....(မပျင်းပါဘုရား)၊ တဏှာအဖော် ရှိနေလို့ မပျင်းနိုင်တာ....၊ တဏှာလိုတိုင်း ရနေတဲ့အတွက် မပျင်းနိုင်ဘူး၊ စီးပွားရေး အကြောင်းမညီညွတ်တဲ့အခါကြ တော့မှ ပျင်းတယ်၊ ဘာပြုလို့ပျင်း တဏှာမရှိလို့၊ တဏှာ မရှိတော့ ခင်ဗျားတို့က ပျင်းတယ်။

တဏှာရှိတော့.... (ပျော်ပါဘုရား)၊ မပျင်းတော့ဘူး၊ အဖော်ရှိသွားပြီ(မှန်လှပါ)၊ ဒါဖြင့် ခင် ဗျား တို့ ဘယ်သူ့ အဖော်လုပ်နေကြသတုံးမေးရင် ဘယ့်နှယ်ဖြေမတုံး(တဏှာ ပါဘုရား)။

တဏှာအဖော်လုပ်နေတယ်၊ သူမရှိတော့ ရလမ်း ဝင်လမ်း လေးတွေ မရှိတော့ဘူး၊ ရမှသူက ပျော်တာကိုးဗျ၊ မပျော် တော့ဘူး ဟုတ်လား၊ စီးပွားရေးတွေကသဲအကုန်ဘဲ၊ စဉ်းစား ကြည့်လိုက်ရင် အိမ်ရောက် ရှုံ့မှုံ့ချည်းဖြစ်နေတော့ ပျော် သေးသလား....(မပျော်ပါဘုရား)။

ဘာကြောင့် မပျော်တုံး.... ( တဏှာ အ ဖေါ် မ ရှိ လို့ )၊ တဏှာအဖေါ်မရှိလို့၊ တဏှာအဖေါ်မရှိတော့လဲ ခင်ဗျားတို့က ကောသဇ္ဇဆိုတဲ့ပျင်းရိတဲ့ဒေါသကလာတယ်၊တဏှာအဖေါ်ရှိပြန်တော့လဲ ပျော်တယ်၊ဒါဖြင့်ဒို့ဘယ်နှယ်ကြောင့် သံသရာရှည်ပါလိမ့်မတုံးလို့မေးရင်ဒီနှစ်ခုပြောင်းနေလို့သာမှတ်တော့၊

တဏှာမရှိတော့ ဘာတဲ့.... (ဒေါသ)၊ တဏှာမရှိတော့ ပျင်းတဲ့ဒေါသ သဘောကျပလား၊ တဏှာရှိတော့ ပျော်တဲ့ လောဘ၊ ဩော်.... ဒီလိုနေကြတာကိုလို့ ကိုယ့်ကိုယ်ကို ဝေဘန်နိုင်ကြပလား (မှန်ပါဘုရား)၊ ဒကာဒကာမတွေ တဏှာ မရှိတော့ ဘယ်သူနဲ့နေတုံး....(ဒေါသပါဘုရား)။

ပျင်းတယ်ဆိုတာ ဒေါသဘဲ.... (မှန်ပါ)၊ တဏှာရှိတော့ ဘာတုံး....(ပျော်တဲ့လောဘ)၊ တဏှာမရှိတော့.... (ပျင်းတဲ့ ဒေါသ)၊ အေး....ပျင်းတဲ့ဒေါသနဲ့နေတယ်၊ တဏှာရှိတော့ (ပျော်တဲ့လောဘ)၊ ခင်ဗျားတို့သဏ္ဍာန်မှာ ဘုရားပွင့်တာ ဘယ်ချိန်တုံးမေးလို့ရှိရင် တဏှာဒေါသ သတ်တဲ့အချိန်ဘဲ။

ဒီ တဏှာဒေါသဟာ သတ်ရမဲ့တရား မဟုတ်လား(မှန်ပါ) ဘယ်အချိန်သတ်ဖြစ်သတုံးမေးတော့ သူတို့နှစ်ခုနဲ့ဘဲ အဖေါ် လုပ်နေတယ်၊ ပျင်းဖေါ်ရယ်၊ ပျော်ဖေါ်ရယ်(မှန်ပါ)၊ ဒါဘဲ ရှိတယ်၊ သည့်ပြင် ဘာရှိသေးတုံး.... (ဘာမှ မရှိပါဘုရား)၊ အဲဒါငါတို့သည် ဘုရားအဆူဆူပွင့်ပါလျက်သားနဲ့ ဘယ်နှယ် ကြောင့် ငါတို့ကျန်ရစ်ပါလိမ့်မတုံးဆိုတော့ ဒီနှစ်ယောက်နဲ့ အဖေါ်လုပ်နေလို့ဘဲ...(မှန်ပါဘုရား)။

မပေါ်သေးဘူးလား (ပေါ်ပါဘုရား)၊ ပေါ်ပြီ၊ ကိုင်း—ဒကာဒကာမတို့ ပျင်းတာတင်လား၊ ပျင်းတာဘယ်သူပါလိမ့် (ဒေါသပါဘုရား)၊ ပျော်တာက....(လောဘ)၊ ခင်ဗျားတို့မှာ တနေ့လုံး ဒီနှစ်ခုဘဲရှိရမယ် ဟုတ်ပလား....(မှန်ပါ)။

အရောင်းအဝယ်မဟာန်ရင် ပျင်းတယ်၊ ဘာနဲ့နေကြမတုံး.... (ဒေါသ)၊ အရောင်းအဝယ် ဟာန်ရင်....(လောဘ)။ ဒါများ ခင်ဗျားတို့က ဘုရားလေးသွား ရှိခိုး၊ တခါတရံ ဆွမ်းဆံလေးလောင်း၊ တခါတလေ ဆွမ်းတော်လေးတင်နဲ့တော့ မရသေးဘူး၊ ရပါ့မလား....(မရပါဘုရား)။

ဒီနှစ်ခုက မများဘူးလား.... (များပါဘုရား)၊ ဘယ်နှစ်နာရီတုံးဆိုတော့ ၂၄-နာရီ မဟုတ်ဘူးလား.... (မှန်လှပါ)၊ ဒါလောက်တောင်ဖြစ်နေတော့ ဒါအကုသိုလ်နဲ့ချည်းနေတယ်လို့ မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါဘုရား)။

လောဘသဲ အကုသိုလ်၊ ဒေါသကကော.... အကုသိုလ်၊ ဒါနဲ့ချည့်ဘဲနေတဲ့ ပုဂ္ဂိုလ်တဦးတယောက် ဖြစ်ပြီးနေလိုက်တော့ ယခု ဂင်္ဂါဝါဠုသဲစုမက ဘုရားတွေပွင့်ပြီးပြီ....၊ ဒို့ဘယ်နှယ်ကြောင့် ကျန်ရစ်ပါလိမ့်မတုံး မတွေးနဲ့ တွေးဘို့မလိုပါဘူးဟုတ်လား၊ခင်ဗျားတို့က ဘုရားနဲ့တရားနဲ့၊ပျော်တဲ့အခါရယ်လို့ မပါဘူး။ ပျင်းတဲ့အခါ ဒေါသ၊ ပျော်တဲ့အခါ လောဘဆိုတော့ ဒါဖြင့် သည်လောဘအကြောင်းကို ကောင်းကောင်း မသိသေးဘူးဆိုလို့ရှိရင် ဦးဘကြည်တို့ ကိုထွန်းဦးတို့ ဘယ်နှယ်လုပ်ပြီး စွန့်မတုံး(မစွန့်နိုင်ပါဘုရား)။

မစွန့်နိုင်တော့ သစ္စာအနက်ထဲမှာ သူ့လေးချက် မကောင်းချက်ကို ထုတ်ပြရမယ်....(မှန်လှပါ)၊ မထုတ်ပြလို့ရှိရင် ကိစ္စဉာဏ်ကို ရပါ့မလား.... (မရပါဘုရား)၊ ကိစ္စဉာဏ်ဆိုတာ တခြားမဟုတ်ပါဘူး၊ သူလုပ်တတ်တာက ကိစ္စ၊ သူလုပ်တတ်တဲ့ ကိစ္စကို ကျုပ်တို့က သိတာကဉာဏ် ရှင်းပလား....(ရှင်းပါဘုရား)။

သူလုပ်တတ်တာက....(ကိစ္စ)၊ သူ့ကိစ္စကို ကျုပ်တို့သိတာက....(ဉာဏ်)၊ ဒါဖြင့် ကိစ္စနှင့်ဉာဏ်နဲ့လဲ ခွဲပါအုံး(မှန်ပါ)၊ မခွဲထိုက်ဘူးလား (ခွဲထိုက်ပါဘုရား)၊ ကိုင်းဒါဖြင့် သူ့ကိစ္စ အရင်ပြောပါ့မယ်၊ သူ့ကိစ္စကိုသိရင် ခင်ဗျားတို့ ဉာဏ်ထက်မှာပါဘဲ(မှန်ပါ)၊ သူ့ကိစ္စမသိရင်....(ဉာဏ်မထက်ပါဘုရား)

ဉာဏ် မထက်ဘူးဆိုသဖြင့် သူ့ကိစ္စသိတဲ့ဉာဏ်ဟာ မဂ်ဉာဏ်ဘဲ(မှန်ပါဘုရား)၊ ကောင်းပြီ ဒကာဒကာမတို့ သူ့ကိစ္စ သိအောင် ပြောကြစို့၊ ဝိပဿနာဉာဏ်နဲ့ ကြည့်လို့ရှိရင်ဖြင့် မဂ္ဂင်ငါးပါးနဲ့သိတာ ဟုတ်လား(မှန်ပါ)။

ရှစ်ပါးသိအောင် လုပ်နိုင်လို့ရှိရင် ရှစ်ပါးသိအောင် အသိမျိုးလဲ ရှိတာဘဲ၊ ငါးပါးနဲ့ သိအောင် အသိမျိုးကော.... (ရှိပါတယ်)၊ ငါးပါနဲ့သိသူသည် အရပ်သူ သိတာသာမှတ် (မှန်ပါ)၊ ရှစ်ပါးနဲ့ သိလာသူကားဆိုရင် အရပ်သူ အပြင်ဘက်က အရိယာသိတာမှတ် မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါဘုရား)။

အဲဒီတော့ ပုထုဇဉ် အသိက အရိယာ အသိရအောင် လုပ်ရမယ်၊ ဘုန်းကြီးက လမ်းခင်း ပေးမယ်၊ ရှေးဦးစွာ ပုထုဇဉ်အသိကို ဟောမယ် မဟောထိုက် ဘူးလား (ဟောထိုက်ပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့.... သူသည် ဘာကိစ္စ ရှိသလဲ ဘယ်လို အခင်းကိစ္စမှာ ရှက်ဆောင် တတ်ပါသတုံး ဆိုတော့၊ ဒုက္ခဝတ္ထု ဒုက္ခဖြစ်မဲ့ဝတ္ထု၊ ဒုက္ခနဲ့ ပတ်သက်တဲ့ အမှု၊ ဒုက္ခဝတ္ထုဒုက္ခမှုတို့ကို တခုမကျန် တရံမစဲ၊ တခုမှမကျန် ရအောင်ပေးပါမယ်(မှန်ပါ)

တရံမစဲ နားခွင့် မရ အောင်လဲ ပေးပါမယ်တဲ့.... အမယ်စေတနာကောင်းလိုက်လေဗျာ၊ဘယ်သူပါလိမ့်မလဲ(သမုဒယ)သမုဒယ၊ ယခုဝတ္ထု ဒုက္ခမှုတို့ကို တခုမကျန် တရံမစဲ အမြဲပေး အပ် သည့်၊ ဆောင်နှင်း စေတတ်သည့် အနက် သဘောကိုရင်း၊ မင်းတို့ အမြဲ ပေးတာကို ဆောင် ထားတဲ့ မခွဲနဲ့တဲ့ သဘောကျပလား (ကျပါဘုရား)။

အမေတယောက်ကိုမေးကြည့်ပါ သူ့သားသမီးနဲ့ စားစရာမရှိတော့, အရောင်းအဝယ် သွားရင်သာခွဲရမယ် ခွဲချင်တဲ့စိတ်ရှိသလားလို့မေးကြည့်(မရှိပါဘုရား)။

ဒါဖြင့် တဝေ့ထဲဝေ့နေတာ၊ဒီကလေးကျင်ကြီးထွက်လာလို့ရှိရင်လဲ တကျုံးတည်း ကျုံးချင်တယ်၊ နှပ်လေး ထွက်လာရင်ကော (ညှစ်ချင်ပါတယ်) အင် တခါထဲသူ့အညစ်အကြေးဟူသရွေ့ကို အကုန်လုပ်ချင်တဲ့ ဆန္ဒသည်။ မခွဲချင်တဲ့ ဆန္ဒဘဲ

(မှန်ပါ) မဟုတ်ဘူးလား ဟုတ်သလား ဒကာ ဒကာမတွေ သဘောကျကြရဲ့လား (ကျပါဘုရား)။

ခံချင်တဲ့ဆန္ဒလားမခံချင်တဲ့ဆန္ဒလား၊ဒုက္ခတွေနဲ့ (မခံချင်တဲ့ ဆန္ဒပါဘုရား)ထားများပစ်ခဲ့ရမယ်ဆို အမေလုပ်တဲ့ ပုဂ္ဂိုလ်က စိတ်မကောင်း၊လက်မကောင်းနဲ့ ထွက်သွားရမှာ၊ မတတ်သာ လို့သာ၊ ဝမ်းရေးက အရေးကြီးလို့ သွားရတာ တကယ်လို့ ပါသွားမယ် ဆိုရင် သူ့စိတ်ထဲမှာ ခံရတာနဲ့၊ ဒုက္ခလေး ပါ သွားတာနဲ့ ဘယ်ဟာကြိုက်သတုံး....(ဒုက္ခလေးပါသွားတာ ကြိုက်ပါတယ်)။

အဲဒီ ဒုက္ခဝတ္ထု၊ သူ့ဆီပြုရမဲ့ ဒုက္ခမှုတွေကိုရော့မပြုရ-မစုရ လို့ရှိရင်ဖြင့် ကျေနပ် ကြရဲ့လား(မကျေနပ်ပါဘုရား) မိဘ တာဝန် မကျေဘူး၊ ခင်ဗျားတို့က မလာပေဘူးလား၊ လာမ လား(လာပါဘုရား)။

လာသေးတယ် ဆိုတော့ ဒုက္ခဝတ္ထု ဒုက္ခမှု တွေကိုတဲ့ တခု မကျန် တရံမစဲ အမြဲပေးအပ် ဆောင်နှင်းစေတတ်တဲ့ အနက် သဘောသည်ရင်းတဲ့.... ဒါသူ့သတ္တိပါဘဲကွ မနေ့ကနဲ့ မတူဘူး ဦးဘကြည် တူရဲ့လား(မတူပါဘုရား)။

မဘူးဘူး ဘဲ....သူကဒုက္ခပေးနေတာဒုက္ခဝတ္ထု-ဒုက္ခမှုတွေကို ရော့ အင့်လို့ ကိုပေးတာ (မှန်လှပါ) သမုဒယ သစ္စာလေး ဝမ်းထဲ ရောက်လာလို့ရှိရင် ဘာကိုပေးမလို့ လာပါလိမ့်မတုံး လို့ ခင်ဗျားတို့ကမေး.... ဘာပေးမလို့ပါလိမ့် (ဒုက္ခဝတ္ထု ဒုက္ခမှုပါဘုရား)။

ဒုက္ခဝတ္ထုနဲ့ ဒုက္ခမှုတွေကို ရော အင်္ဂလို့ကို ပေးမလို့လာတာ၊ ရှင်းပလား (မှန်ပါ) စေတနာ ဘယ် လောက် ကောင်းသလဲလို့ ပေါ်ပလား.... ဒုက္ခဝတ္ထု ဒုက္ခမှုတွေကို တခုမကျန်တရံမစဲ အမြဲပေးအပ် ဆောင်နှင်းစေတတ်တဲ့ အနက်သဘောသည်လည်းကောင်းတဲ့....

ဒါ ကျုပ်သတ္တိတဲ့ ခင်ဗျားတို့က ကျုပ်ခင်ချင်ခင်၊ မုန်းချင်မုန်း၊ ကျုပ်သာ ခင်ဗျားတို့ ဝမ်းထဲ ကိန်းအောင်း ရလို့ရှိရင်ဒီနှစ်ခုဟာ ခင်ဗျားတို့ဘို့ချည်းမှတ်၊ ကိန်းရာပုဂ္ဂိုလ်ကိုပေါ့ဗျာ (မှန်လှပါ) ကိန်းတဲ့ပုဂ္ဂိုလ်နှိပ်စက်တာကို(မှန်လှပါ)မကိန်းတဲ့ပုဂ္ဂိုလ်....(မနှိပ်စက်ပါဘုရား)။

ဘုရား ကြတော့ သူမရှိသည့် အတွက် ဒုက္ခ ဝတ္ထု တွေလဲသူမပေးနိုင်ဘူး၊ ဒုက္ခမှုတွေလဲ(မပေးနိုင်ပါဘုရား) သူ့ပယ်ထုတ်တဲ့ ပုဂ္ဂိုလ်ကို မပေးနိုင်ဘူးတဲ့ (မှန်လှပါ) သူ့လက်ခံတဲ့ပုဂ္ဂိုလ်ကြတော့(ပေးပါတယ်ဘုရား)ဒုက္ခဝတ္ထုတွေဆိုလဲ မင်းယူ၊ ဒုက္ခမှုတွေကိုလဲ(မင်းယူ)ဒုက္ခဝတ္ထုနဲ့၊ဒုက္ခမှုတွေပေးတတ်တာဘယ်သူပါလိမ့်ဒကာဒကာမတို့(သမုဒယသစ္စာပါဘုရား)။

အော်....ခင်ဗျားတို့ သူ့ကိစ္စ တော်တော်သိလာပြီ ဒါသူ့ကိစ္စ (မှန်လှပါ) ဘယ်သူ၏ ကိစ္စတုံး.... ( သမုဒယ၏ကိစ္စ ) သမုဒယ၏ ကိစ္စ သိလာတော့ ခင်ဗျားတို့ သူ့ ကြည်ညိုလာသလား၊ မုန်းတီးလာသလား စဉ်းစားကြည့်ပါ (မုန်းတီးလာပါတယ်ဘုရား) နာလို့မုန်းတီးစာ (မှန်ပါ) နာလို့မုန်းတီး

လာတယ်ဆိုတာဖြင့် မလွဲပါဘူးတဲ့၊ ဟုတ်တယ် သူ့ကြောင့်ဘဲ နေ့မအား, ညမအား, သူခိုးဘေး မီးဘေးတွေ ကြားထဲ၊ အသက် အသေခံ ပြီးတော့ ပစ္စည်း ဝင်လုတဲ့ အခါလည်း ပါသေးတာကိုဗျ (မှန်ပါ)။

ဒါ ဘယ်သူပေးတာတုံး.... နင်လုပ်တာ မီးလောင်ခံ၊ နင် မယူလို့ရှိရင် ဘယ်ရမတုံးဆိုတာ သူက တွန်း တာ (မှန်ပါ) ဟုတ်လား ရေထဲ ငုတ်နေရင်, နင် ဘယ်ရမတုံး ဆိုတာကော (သူကတွန်းတာ) အော်.... သူကတွန်းတာ၊ သေတာငါ့တာဝန် မဟုတ်ဘူး၊ ခိုင်းတာ ငါ့တာဝန် ရိပ်မိပလား (ရိပ်မိပါဘုရား)။

ခင်ဗျားတို့များ နည်းနည်းပါးပါး သနားတဲ့စိတ် ရှိတယ်လို့များ မအောင့်မေ့လိုက်ပါနဲ့ (မှန်ပါ) တကယ် ဂျောက်တွန်း တရားသက်သက်၊ ဒါဖြင့် လက်ခံထိုက်တဲ့ တရားလား လက်မခံထိုက်တဲ့တရားလား(လက်မခံထိုက်တဲ့တရား) သို့သော် ခင်ဗျားတို့က သူမရှိရင်ဘာတဲ့.... (ပျင်းတယ်) သွားပကော မသွားဘူးလား (သွားပါဘုရား)။

သူမရှိရင်ပျင်းတယ် သူရှိတော့(ပျော်တယ်) ဒီတော့ဟာ ဒါတွေ ခင်ဗျားတို့က သည်းခြေကြိုက်ဖြစ်နေတာပေါ့(မှန်လှပါဘုရား) ဒီအတိုင်းကျမနေဘူးလား၊ ဒုက္ခဝတ္ထု ဒုက္ခမှုတွေကို၊ သည်းခြေ ကြိုက်နေကြတယ် (မှန်ပါ)။

သူရှိမှ ပျော်တယ် ဆိုတော့.... သူရှိရင် ဘာ ပေး မှာ တုံး ဦးဘကြည် ဒီပြင် ဘာပေးမှာတုံး သူ့သတ္တိကဒါဘဲပေးတတ်တဲ့ ကိစ္စရှိတော့ ခင်ဗျား တို့ကလဲ ဒါဘဲ အရယူ ဘိုဘဲ၊ ဒါဖြင့် ခင်ဗျားတို့သည် ဒုက္ခကို၊ ဒုက္ခသစ္စာလို့ မသိတဲ့ပုဂ္ဂိုလ်ထဲ အပါအဝင် ဖြစ်တယ်။ ဒါဒုက္ခဝတ္ထုဒုက္ခမှုကို ပေးတာကိုဗျ (မှန်ပါ) ပေး တာ ကို ခင် ဗျား တို့က လက်ခံတယ် မခံဘူးလား (ခံပါဘုရား)။

အဲ–ဘယ်သူ့ ဘာပြောခဲ့၊ ဘယ် အထုပ်ကိုယူခဲ့ ဘယ်လို အကြောင်းအကျိုးကို လိမ်လည် လှည့်ပတ်ပြီး ပြောခဲ့ ရိုးရိုး ကြရင် ရိုးရိုးယူခဲ့၊ သူကခိုင်းတာ၊ ဒုက္ခ ဝတ္ထုတွေ မြို့ထဲ ပြထဲ သွားပြီး အယူခိုင်းတယ်ဗျမခိုင်းပေဘူးလား(ခိုင်းပါဘုရား)။

ခိုင်းတယ်သူတပါးကို သိပ်ခိုင်းတာ ဘဲဗျ၊ ဟုတ် ဘူးလား တားလို့ရသလား ဒါပရိတ်နှင့် တားလို့ရပါမလား (မရပါဘုရား) ခင်ဗျားတို့က အဖေါ်လုပ်ပြီး ကြည့်ကြည် သာသာ ပေါင်းနေတာကို မပေါင်းဘူးလား (ပေါင်းပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒီကိစ္စဉာဏ်ရပလား မရသေးဘူးလား (မရသေးပါဘုရား)မရသေးရင် မဂ်ဖိုလ်မဆိုက်ဘူးရှင်းပလား (ရှင်းပါဘုရား)။

ဒါဖြင့် " ကတံ ကရဏီယံ " ကရဏီယံ ပြုဘွယ်ကိစ္စဖြစ်တဲ့ သစ္စာအနက်(၁၆)ချက်ကို ကတံပြုပြီးပြီ၊ သောတာပန်လည်း ဒီတိုင်းပြုရမှာ (မှန်ပါဘုရား) ကတံကရဏီယံ ဆိုတာ မလာဘူးလား (လာပါဘုရား)။

ပြု သင့် တဲ့ သစ္စာ အနက် (၁၆) ချက်တို့ ပြုပြီးမှ သူဟာ သောတာပန် ဖြစ်လာပါတယ် ဘုရားဖြစ် လာပါတယ် ဆိုတာ လူတိုင်း တာဝန်ခံပါတယ် (မှန်ပါ) မခံဘူးလား ခံသလား (ခံပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ပြုသင့်ပြုထိုက်တာကို သူတို့ပယ်ရမဲ့ တရား၊ ပဟာတဗ္ဗကိစ္စ ဟုတ်လား သူသည်နှိပ်စက်တတ်တဲ့ကိစ္စ ဒုက္ခဝတ္ထု ဒုက္ခမှုတို့ကို ပေးတတ်တဲ့ကိစ္စကို ..။ သူ့ကိစ္စကို သိမှ သာလျှင်၊ သူ့ကိုပယ်ချင်တဲ့မဂ်လာမှာ(မှန်လှပါ) သူ့ကိစ္စမသိ တဲ့ ပုဂ္ဂိုလ် (မပယ်ချင်ပါဘုရား)။

အဲ—သူ့ကိုမုန်းတီးခြင်းမရှိသေးလို့ရှိလျှင် ဖက်ထားမှာဘဲ (ဖက်ထားမှာပါဘုရား) သူ့ကို မုန်းတီးခြင်းရှိတဲ့ ပုဂ္ဂိုလ်ဖြင့် ဘယ်ဖက်မလဲ၊ သဘောကျပလား (ကျပါဘုရား)၊ ဒါဖြင့် မြို့ထဲ ရွာထဲမှာ တရားသာ အားထုတ်ကြတယ် ထိုက်တန်တဲ့ ဆရာ ကောင်းသမားကောင်း တွေ့ပြီးနည်းယူပြီး အားယုတ်ကြတယ် ဘယ်နှယ်ကြောင့် မဂ်ဖိုလ်မဆိုက်ပါလိမ့်မတုံး သူ့အဖေါ် လုပ် နေလို့ ရှင်းပလား (ရှင်းပါဘုရား)။

ဒါဖြင့် ဘယ့်နှယ်ဖြေကြမတုံး (သူအဖေါ် လုပ်နေလို့ပါ ဘုရား)၊ သမုဒယသစ္စာ အဖေါ် လုပ်နေလို့၊ မရှိတဲ့ အခါကြ တော့ ဒိပြင်ဟာ ဥာဏ်အဖေါ် လုပ်သလားဆိုတော့ မရှိတော့ ပြင်းတဲ့ ကောသဇ္ဇဆိုတဲ့ ဒေါသ အဖေါ် လုပ်နေတယ်၊ ရှိပြန် တော့ (လောဘအဖေါ် လုပ်နေတယ်) အော်... နိဗ္ဗာန်မဂ်ဖိုလ် ရောက်ကြောင်းတွေ ကျိုးစားတာဗျာ၊ နာရီတော်တော်ရတာ တောင် ဘာမှ မထင်လာဘူး.... အို ဘာထင်လိမ့်မတုံး၊ သူတို့ နှစ်ခုနဲ့နေတာကို မဆိုနိုင်ဘူးလား (ဆိုနိုင်ပါဘုရား)။

ဆိုနိုင်တယ် သူတို့ အရှိန် အစော်က အင်မတန် ကြီးတယ် မကြီးဘူးလား (ကြီးပါဘုရား) ကိုင်းဒါဖြင့်၊ ဒုက္ခဝတ္ထုဒုက္ခမှုတို့ကို တခုမကျန် တရံမစဲ အမြဲပေးအပ် ဆောင်နှင်းစေတတ်တဲ့ အနက် သဘောသည်ရင်း။ ရောဒုက္ခ ရောဒုက္ခလို့ ဘယ်သူက ပေးတာလဲ (သမုဒယ သစ္စာက ပေးတာပါဘုရား)။

ခင်ဗျားတို့ကလည်း ပေးတာ မယူဘူး ဟော့ လို့ တခါမှ မလာဘူး၊ ဘယ့်နှယ်ကြောင့်တုံးဆိုတော့ ခင်ဗျားတို့က သူနဲ့ မခွဲနိုင်တော့ကို သူနဲ့ ပတ် သက် တာ ခံရုံဘဲရှိတယ် (မှန်ပါ) ဒီမိန်းမနဲ့ မခွဲနိုင်လို့ရှိရင် ဒီမိန်းမ ဆွေမျိုးတွေ၊ ဒီမိန်းမနှင့် ပတ်သက်လာတာတွေ ကျိုးစားပြီး ခင်ဗျားတို့ ထောက်ပံ့ ပြုရစ်ကြပေတော့ ဘာပြုလို့တုံး ဒီလိုမခွဲနိုင်လို့ရှိရင်ဒီမိန်းမနဲ့ ပတ်သက်တဲ့.... " မိဘ မောင်ဖွါး တူသား နှောင်မယ်တွေ " ခင်ဗျားတို့ပြုရမလား မပြုရဘူးလား (ပြုရပါဘုရား)။

ဘာပြုလို့တုံး....ဒီဒကာမကိုမခွဲနိုင်လို့ (မှန်လှပါ) ဒီမှာလဲ သမုဒယကို ခင်ဗျားတို့ ရုပ်နာမ် ရှိတဲ့ပုဂ္ဂိုလ်က မခွဲနိုင်တော့ပါ ဘူးဆိုရင်ဖြင့် သူပေးတဲ့ ဒုက္ခတွေဟာ ခုနင်ကလိုဘဲ၊ သားစဉ် မြေးဆက်၊ ခင်ဗျားတို့ ယူထားတာမဆိုနိုင်ဘူးလား (ဆိုနိုင်ပါ ဘုရား) ပေါ်ပလား (ပေါ်ပါဘုရား)။

အဲဒါဖြင့် ခင် ဗျား တို့ ...ကျုပ် တို့ က ရလဲရပါရဲ့၊ ကျွေး စရာ မွေးစရာ၊ ပေးစရာ ကမ်းစရာ တွေက များလွန်းလို့.... သာခု - ခေါ်ရအုံးတော့မလိုလို။

ဟင်— ဘာ ဟုတ်မလဲ၊ ရိပ်မိကြပလား၊ ဒီသမုဒယက တခါတည်းငါမခွဲလို့ရှိရင် ဘယ်ဒုက္ခမျိုးမဆို အကုန်ယူပေးမယ်တဲ့(မှန်ပါ့)၊ ရှင်းပလား၊ ကိုင်းဒါဖြင့် သူဘာလုပ်တတ်သတုံး ဒကာဒကာမတို့၊ ဒီသမုဒယ သစ္စာဆိုတဲ့ လောဘဟာ ဘာလုပ်တတ်ပါလိမ့်(ဒုက္ခဝတ္ထု ဒုက္ခမှုတွေ ပေးတတ်ပါတယ်ဘုရား)။....

ပေးတတ်တယ်၊ သူကတော့ ပေးတတ်တဲ့ သတ္တိ ရှိတယ်၊ ခင်ဗျားတို့က ခံယူတတ်တဲ့ သတ္တိ မရှိရင်လဲ အအေးသားဘဲ ဦးဘကြည် ဘာတဲ့တုံး (ခံယူတတ်တဲ့ သတ္တိမရှိရင် အေးတာပါဘဲ ဘုရား)။

ခင်ဗျားတို့မလဲ ကျေးတော်မျိုး ကျွန်တော်မျိုး ပီလိုက်တဲ့ဖြစ်ခြင်း မပြောပါနဲ့တော့(မှန်လှပါ)၊ ဟင်ကျေးဘော်မျိုး ကျွန်တော်မျိုးပီဆိုလည်း ဘယ်ဒုက္ခတွေပေးပေး အရောင်းဒုက္ခလေးပေးလည်း ကျုပ်ရောင်းမယ်၊ အဝယ်ဒုက္ခ ပေးပြန်တော့ကော(ကျုပ်ဝယ်မယ်)။

ကျုပ်ဝယ်မယ် ဟုတ်လား (မှန်ပါ့)၊ ချက်စရာ ပြုတ်စရာ ထမင်းဟင်းလည်း ကျုပ်ချက်မယ်၊ အဲဒီတော့ ပေးတဲ့ဒုက္ခ မယူတာများ ပါသေးလား (မပါပါ ဘုရာ)၊ မပါဘူးတဲ့ ဒီခန္ဓာ ကိုယ်ကြီးကိုလဲ ခင်ဗျားတို့ ပေးထားတယ် (မှန်ပါ့)၊ သမုဒယကပေးထားတယ်(မှန်ပါ)။

လူ့ပြည်မှာ လည်ပြီး သကာလ အရှက်တကွဲ အကျိုးနဲ့ လည်စမ်းကွာ ဆိုတော့ ခင်ဗျားတို့ လည်ရတာ၊ နဂိုရ်တုံးက အဝတ် မပါဘူးဗျ၊ ကလေးတုံးက ပါခဲ့ရဲ့လား (မပါ ပါဘူး ဘုရား....)။

အရှက်တကွဲ မဟုတ်လား(မှန်ပါ့)၊ ဘယ်သူက အလည် ခိုင်းတာတုံး (သမုဒယ သစ္စာက အလည် ခိုင်းတာပါဘုရား)၊ ခင်ဗျားတို့က အရှက်မရှိတော့ လည်တာပေါ့ဗျ၊ ရိပ်မိပလား (ရိပ်မိပါ ဘုရား)။

မွေးတုံးက ဘယ်သူမျှ အဝတ်လေး ပါသတုံး ဒကာ ဒကာမတို့(မပါပါ ဘုရား)၊ သမုဒယသစ္စာက မင်း လူ့ပြည် သွား အရှက်တကွဲ အကျိုးနည်း ဒုက္ခနဲ့ လည်ပြစမ်းပါ၊ သူ့ သတ္တိအတိုင်း ခင်ဗျားတို့က တော်လှန်နိုင်ရဲ့လား(မတော်လှန် နိုင်ပါဘုရား)။

မတော်လှန်နိုင်တော့ ခင်ဗျားတို့က အဝတ် မပါဘဲနဲ့ ဘယ်နှစ်လ နေခဲ့ရသေးသတုံး (၉-လ) မက သေးပေါင်ဗျာ တုံးလုံးကို အတော် ကြာပါတယ်၊ အတော်ကို ကြာပါတယ်၊ အဲဒါ ဘယ်သူ ပေးတဲ့ ဒုက္ခတုံး(သမုဒယသစ္စာ)၊ သမုဒယက ပေးတဲ့ဒုက္ခ၊ ကျင်ကြီး ကျင်ငယ်တွေ နေရာမရွေး ဒီကလေး တွေက မစွန့် ပေဘူးလား (စွန့်ပါဘုရား)။

အဲဒီဒုက္ခတွေဟာလဲ အင်း....လုစင်မမှီသေးတော့ တွေ့ရတဲ့ ဒုက္ခတွေ၊ အဲဒီ လုစင်မမှီတဲ့ ဒုက္ခကိုရော ဘယ်သူ ပေးတာလဲ (သမုဒယသစ္စာ)သမုဒယကတော့ အုံမယ်လေး ခင်ဗျားတို့က အရှက်တကွဲ အကျိုးနည်း လုပ်တာတောင် မရှက်ဘူး၊ ဟင် ရှက်ကြရဲ့လား (မရှက်ပါဘုရား....)။

အဖေတို့ ငယ်ရာက ကြီးလာတာဘဲ ဒါနဲ့ဖြေနေတာဘဲ ဒီပြင်များဘာပါသေးသတုံး(ဘာမှမပါပါဘူး)ဘာမှမပါဘူး ငယ်ရာကကြီးတယ်လို့ အဖြေထုတ်နေတာဘဲ ဒီပြင်ဘာမှမရှိဘူး၊ အော်....သူ့ဒဏ်ချက် မိနေတာဘဲလို့ဆိုရင် လွဲပါမလား (မလွဲပါဘုရား)။

ဒီတော့ ကိစ္စဥာဏ် မရှိဘူးဘဲ့ ရှိရဲ့လား (မရှိပါဘုရား) သူ့ကိစ္စကို ခင်ဗျားတို့ သိရဲ့လား (မသိပါဘုရား) မသိလို့ ခင်ဗျားတို့ သူ့(သမုဒယ)က အဝတ်မဝတ်ဘဲနဲ့ မင်းလူ့ပြည် အရှက်တကွဲ အကျိုးနည်းနဲ့ နေလိုက်စမ်းဆိုတော့လဲ နေလိုက်ရတာဘဲ(မှန်ပါ)။

ကျင်ကြီးကျင်ငယ်ကို အမေ့ကိုယ်ပေါ်မှာဖြစ်စေ၊ လူကြီးသူမရှေ့မှာဖြစ်စေ ဘယ်နေရာမဆို စွန့်လိုက်စမ်း၊ ဟင် မင်းအရူး ပေါ်လိုက်စမ်း၊ ပေါ်ကြ သလား မပေါ်ကြဘူးလား (ပေါ်ပါဘုရား)။

ဒါဘယ်သူပေးတဲ့ အရူးကိစ္စတုံး (သူပေးတဲ့ကိစ္စ) သူပေးတယ် ဟုတ်လား တော်တော်ကြာကြာလို့ရှိရင် လူပုံအလယ်မှာ အရှက်တကွဲ အကျိုးနည်းနဲ့ မင်းတို့ ဝေဒနာမျိုးစုံ ခံစားပြီး အလို လေး, အမယ် လေး အော် ပြစမ်း ကွာ ဘယ် သူ က ခိုင်းတာတုံး(သမုဒယကခိုင်းတာပါဘုရား)။

ရိပ်မိပလား (ရိပ်မိပါပြီဘုရား) သူပေးတာလို့ မရိပ်မိဘူး ခင်ဗျားတို့ပေးတာကသူဘဲ၊သဘောကျပလား(ကျပါဘုရား) သို့သော် ခင်ဗျားတို့က အစားမှားလို့တဲ့ ဦးဘကြည် စွဲချက်က သိပ်လွဲတာကိုးဗျ၊ အံမယ်လေး.... မှားသွားပြီ၊ ဥ တု ရာ သီ မကောင်းတဲ့ အရပ် သွားမိလို့၊သူပေးတဲ့ ခန္ဓာ မရှိ လို့ ရှိရင် ဘယ်အရပ် သွားသွား ဘာဖြစ်စရာ ရှိသေးတုံး(ဘာမှဖြစ်စရာ မရှိပါဘုရား)။

သူပေးတဲ့ခန္ဓာ မရှိလို့ရှိရင် ကျုပ်တို့သည် နိဗ္ဗာန်ရောက်တဲ့ ပုဂ္ဂိုလ်များမှာ ဖျားတယ်၊ နာတယ်၊ အစားမှားတယ်၊ ဝမ်း လျှောတယ် လာသေးသလား (မလာပါဘုရား) ဘာပြုလို့ မလာတာတုံး သူပေးတဲ့ဒါဏ်ချက် လွတ်သွားလို့ ဟုတ်ပလား (မှန်ပါ) သူပေးတာကို ခံယူတယ်လို့ ရှိသေးသလား (မရှိပါ ဘုရား)။

ခင်ဗျားတို့ကသာ ကျွန်တော်မျိုးပိပိမို့ ခံယူနေတာ ရိပ်မိ ပလား(ရိပ်မိပါဘုရား) အဲဒီ ကျွန်တော်မျိုးပိပိ ဦးဘကြည်တို့ ခံယူနိုင်တာသည် ကိစ္စဥာဏ် မသိလို့ (မှန်ပါဘုရား)သူ့ကိစ္စသိ ကြရဲ့လား(မသိပါဘုရား)။

မသိဘူးတဲ့....ခုတောင် အတော် ဖေါ်ရတယ် ဘုန်းကြီး တောင် အမောခံပြီး ဖေါ်ယူရတယ် (မှန်ပါ) အမောခံပြီး ဖေါ်ယူနေတယ် ဒကာဒကာမတို့.... ငါတို့မိုက်တာ နည်းနည်း လားလို့ ဘုန်းကြီးကို အမောခံပြီး ဖေါ်ယူရတယ် ဆိုတာ သာ စဉ်းစားပါတော့ (မှန်ပါ)၊

ဘယ့်နှယ် စဉ်းစားမလဲဟေ့....(ဘုန်းကြီးတောင်အမေ ခံပြီးဖေါ်ရပါဘုရား)အမေခံပြီး ဖေါ်တာတောင် ဒီမှာသာ ဖေါ်လို့ ရတယ် အိမ်ကြတော့ ပျောက်သေး တာ (မှန်ပါ ဘုရား)။

အတော်ဆိုးမနေပေဘူးလား (ဆိုးပါဘုရား) အဲဒီတော့ ဒကာဒကာမတို့.... သူ့ ကိစ္စ သည်ကား ဆိုရင်ဖြင့် ဦးဘကြည် ဝမ်း ထဲမှာ က လေး တ ယောက် ကို ကိုး လ ကျော် ဆယ်လ ထောင်ချလိုက်တာလို့မှတ်၊ သူလူ့ပြည်လိုချင်လို့ ရတာကိုဗျ (မှန်ပါ)၊ အဲဒါကြောင့် သမုဒယဒါဏ်ချက်ဘဲလို့၊ မဆိုထိုက် ဘူးလား(ဆိုထိုက်ပါဘုရား)။

ထောင်ချလိုက်တုံးကလဲ သူ့ ဒါဏ် ချက် လို့ ရိပ်မိရဲ့လား (မရိပ်မိပါဘုရား)မရိပ်မိဘူး၊သူ့အဖေါ်အသင်းအပင်းတွေက တခါတည်း သမုဒယ သစ္စာ တည်းဟူသော အရှင် သခင် ကြီး ပေါ်မှာစိုးတဲ့အတွက် သူနဲ့ပတ်သက်တဲ့ အကုသိုလ် တရား တွေက ဒီမှာအာဘူအညီပေးပြီးသကာလ ထားတာ(မှန်လှပါ)၊

ကောင်းပြီ ဒါဖြင့် ဝမ်း ထဲက ထွက် လာ တော့လဲ ခုနင်က အဝတ်မပါဘဲ၊လျှောက်လည်နေရတဲ့၊ အရှက်တကွဲ အကျိုးနဲ့ ကိစ္စကိုကော ဘယ်သူကပေးတာတုံး (သမုဒယသစ္စာ ပေးတာ ပါဘုရား)။

ကျင်ကြီးကျင်ငယ် လူရှေ့မရှေး၊ သူရှေ့မရှေး၊ စွန့်ပစ်နေ တာတွေ ကြည့်ရပြန်တော့ကော သ မု ဒ ယ ဘဲ သဘောကျ ပလား (ကျပါဘုရား)။

တော်တော်ကြာကြာတော့ မင်းစားတို့ မင်းရှာဆိုပြီး သကာလ အဒေဖမိဘတွေက၊ ဆုံးမလို့ဖြစ်စေ၊ ကိုယ့်ကိုယ်ကို ခင်လာတော့ အော် .. လူတလုံးဖြစ်တို့ ကိုယ့်ဟာကိုယ့် ကြိုးစား ရမှာဘဲလို့ ဆိုပြီး ခေတ်ပညာတွေ၊ ဘာတွေ အမျိုးမျိုး သင်ကြရတာ အရောင်းအဝယ်သမားတွေ အရောင်းအဝယ် သင်ကြပေါ့ဗျာ... (မှန်ပါ)။

အင်း....ဒါတွေသင်တော့ စိတ်၏ပင်ပန်းခြင်း၊ ကိုယ်၏ပင်ပန်းခြင်း ဒုက္ခ တွေ ရော မရဘူးလား ( ရပါဘုရား ) ရတယ် ဘယ် သူ ပေး တာ တုံး (သမုဒယသစ္စာ) သမုဒယ ပေးတာဘဲ နောက်ကြတော့ သမုဒယကပေးတဲ့ ဒုက္ခက တော် တော် ဝတဲ့ အခါကြတော့ ကိုယ့်ကိုယ်ကို ချီနိုင်တဲ့အနေကြတော့ သူများ ဒုက္ခတွေ၊ သယ်အုံးမယ်တဲ့ သယ်အုံးကွာ(မှန်ပါ)၊

ယောကျ်ားဆိုတာ မိန်းမရှိမှ၊မိန်းမဆိုတာ ယောကျ်ားရှိမှ၊ ဒီလိုမှသင့်တော်မယ်မင်းဒုက္ခနည်းနေသေးတယ်ငါပေးအုံးမယ် ရိပ်မိပလား(ရိပ်မိပါဘုရား)နောက်ဒုက္ခတွေ ဆင့်ကြအုံးစို့ကွ သဘော ကျပလား (ကျပါဘုရား) ဘယ်သူက ပေးတာတုံး (သမုဒယက ပေးတာပါဘုရား)။

အင်း....သူက ပေးတယ်လို့များ ရိပ်မိရဲ့လား (မရိပ်မိပါဘုရား) အင်း ကံကောင်းလို့၊ အိမ်ထောင်ဘက်ကောင်း ရပေ သေးတယ်.... သူပေးတယ်လို့များ မရိပ်မိကြဘူးဗျ၊ ရိပ်မိကြ သေးရဲ့လား(မရိပ်မိပါဘုရား)၊

မရိပ်မိဘူး၊ ဆံဖြူ သွားကျိုး, သေခါနီး လူတွေကို မေး ကြည့်စမ်း၊ အင်း ဒါကြောင့် ကျုပ်တို့ အခ ကြောင်း ရေစက် ဘဝက ပြုခဲ့တာတွေ အတူတူမို့ စိတ်ချမ်းသာ လက်ချမ်းသာ နေရတယ်၊ စား ဝတ် နေ ရေး ရှုန်းရတာ မပါဘူး၊ ပါသေး သလား(မပါပါဘုရား)၊ ခင်ဗျားတို့ ဖြစ်စဉ်က ဒီလိုရှုန်းရတာ မပါဘူး သဘောကျပလား(ကျပါဘုရား)။

ပေး သွားတာကတော့ ဘယ်သူတုံး(သမုဒယပါဘုရား)၊ တာဝန်က နှစ်ဝန်ထမ်း၊ နဂိုရှိက မင်းခန္ဓာဝန် မင်းထမ်းရ တာ(မှန်လှပါ) သဘောကျပလား၊ နောက်ကြတော့ခင်ပွန်း မရဲ့ ဝန်ကိုရော (ထမ်းရပါ)၊ နောက် တော်တော်ကြာတော့ သား သမီး ဝန်တွေရော(ထမ်းရပါဘုရား)။

ဟော ထမ်းရတာပြုံးလို့ဗျာ၊ သားဦးလေးများမွေးလာ ရင် ပြုံး လိုက်သေး၊ ရိပ်မိ ပ လား ( ရိပ်မိပါဘုရား) ဘယ် လောက်များ ဆိုး ဝါး သ လဲ ဆို တာ ပေါ် ပ လား (ပေါ်ပါ ဘုရား)။

သူ့ကိစ္စ ပေါ် ရဲ့လား (ပေါ်ပါဘုရား)၊ ကဲ ကိစ္စ ဉာဏ် ဘယ်လောက် ထက် သလဲဆိုတာ ဦးဘကြည် ပေါ်ပလား၊ ကဲ ခေါင်းပြောင်းပြီး နှိပ်စက်တာတော့ မပေါ် ဘူး ဟုတ်ရဲ့လား (မပေါ်ပါဘုရား)။

ဒါဖြင့် ကိစ္စဉာဏ် မရဘဲနဲ့ ဒီ သမုဒယ ဘယ်သူပယ်ချင် မတုံးဗျ (မပယ်ချင်ပါဘုရား)၊ မပယ်ချင်ဘူးနော် အင်မတန် မဆိုးဝါးဘူးလား(ဆိုးဝါးပါဘုရား)၊ ကဲ ဒါဖြင့် ကိစ္စဉာဏ် အရေးကြီးပုံ ကိုထွန်းဦး ပေါ်ပလား(ပေါ်ပါဘုရား)။

ဒါဖြင့် ကျုပ်တို့ ဘယ် တော့မှ သူ့ ကိစ္စ မသိခဲ့တဲ့ အတွက် ကြောင့် သူ့ဘဲအဖေါ် လုပ်နေရတယ် သူခိုးတာဘဲ လိုက်နေ ရတယ်ဆိုတော့ ဒို့သံသရာခရီးသည်သက်သက်ဘဲလို့ ဆိုထိုက် သလား(ဆိုထိုက်ပါဘုရား)သူ့အကြောင်း ကောင်းကောင်းမှ မသိရဘဲ(မှန်ပါဘုရား)ဒါကြောင့် မနေ့က ဂါထာမှာ ဘုရား ဟောတာ သိပ်မှန်တယ်ဆိုတာ ဦးဘကြည် (မှန်ပါဘုရား)။

“ဒုဒ္ဒသံ နတံနာမ” နတံနာမ၊ နတံမည်တဲ့ နိဗ္ဗာန်သည်။ ဒုဒ္ဒသံ၊ မြင်နိုင်ခဲတယ်ကွ၊ သူက လှည့်ထားတာကိုဗျ(မှန်ပါ)၊ နိဗ္ဗာန်သွားမယ် ဆိုလို့ရှိရင်လဲ သွားချင်တဲ့စိတ် မပေါ်အောင် ကို သူက ရှောက်လှည့်ထားတယ် မလှည့်ဘူးလား....(လှည့်ပါ ဘုရား)။

ကျုပ်တို့မြင်နိုင်စရာ ရှိသေးရဲ့လား....(မရှိပါဘုရား)၊ မြင် လိုက်လဲ လုပ်ဖြစ်သေးလား (မလုပ်ဖြစ်ပါဘုရား)၊ “ပဋိဝိဒ္ဓါ တဏှာ ဇာနတော” ပဋိဝိဒ္ဓါ၊ ထိုးထွင်း၍။ တဏှာ၊တဏှာကို။ ဇာနတော၊ သိမှကွတဲ့....(မှန်ပါဘုရား)။

“ကိဉ္စနံ နတ္ထိ ကိဉ္စနံ”တဲ့ ကြောင့်ကြစရာ မရှိတဲ့နိဗ္ဗာန်ကို၊ ပဿတော၊ မြင်နိုင်တယ်။ သူ့အကြောင်း ကောင်းကောင်း သိမှ နိဗ္ဗာန်မြင်မှာဘဲ၊ သူ့အကြောင်း ကောင်းကောင်း သိ တော့ ပယ်ဖြစ်မှာပေါ့ဗျာ၊ ပယ်ဖြစ်တော့ ဘာဖြစ်သွားမှာတုံး (နိဗ္ဗာန်မြင်မှာပါဘုရား)၊ ဩော်....ဒါဖြင့် ခင်ဗျားတို့နိဗ္ဗာန် မရတာသည် ဘာကြောင့်တုံးလို့ လက်သယ်ရှာကြ....(သူ့ အကြောင်း ကောင်းကောင်း မသိလို့ပါဘုရား)။

သူ့အကြောင်း ကောင်းကောင်းကို မသိလို့ အခုတရား နာတုံးတောင် မနည်းထိုးထွင်း ကြံဆပြီးသိရတာ....(မှန်ပါ)၊ တရားလဲ မနာတော့ပါဘူး၊ အားလဲ မထုတ်တော့ပါဘူးဆိုရင် ဖြင့် ဘာလုပ်မယ် ဘာလုပ်တော့မယ်လို့ စီစဉ်တော့တာဘဲ၊ ခိုင်းတာဟူသ၍ ဘာတဲ့ဟုံး....(လုပ်ပါမယ်)၊ အကုန်လိုက်နာ ပါမယ်၊ မကောင်းတဲ့နေရာ စေခိုင်း-စေခိုင်း၊ ငှက်တော၊ ချွေး တောလဲ သွားပါမယ်တဲ့၊ အမြတ်အစွန်းရမယ်ဆို သွားကြတာ ကိုးဗျ....၊ ဘယ်နေရာ ခိုင်းခိုင်း လုပ်ဝန့်တယ် ဆိုတဲ့ဥစ္စာက ခင်ဗျားတို့ ငြင်းဘို့လိုသေးသလား (မလိုပါဘုရား)။

အေး....ကိုယ့်သားသမီးကို ကျင်ကြီး ကျင်ငယ် ကျုံးရမယ် ဆိုရင် ကိစ္စမရှိဘူး၊ ကျုပ်ကျုံးမယ်၊ ရေချိုးပေးရမယ်ဆိုရင် ကော ချိုးပေးရမှာဘဲ၊ သူ့အတွက်နဲ့ ပူစရာရှိလို့ ပူမလား ဆိုရင်လဲ ပူမှာဘဲ....(မှန်ပါ)၊ အဲဒီတော့ ဒါ ဘယ်သူပေးတာ တွေတုံး....(သမုဒယပါ)၊ ဒါဖြင့် သမုဒယသစ္စာ အကြောင်း ခင်ဗျားတို့ ယခုတော်တော် ရိပ်မိသွားပြီ၊ တော်တော် မရိပ် မိသေးဘူးလား....(ရိပ်မိပါဘုရား)။

ဘယ်လောက်များ ဆိုးတုံးဗျာ (ဆိုးပါဘုရား)၊ အလွန့် အလွန်ဆိုးတယ်(မှန်လှပါ)၊ ပေါင်းသင်းထိုက်တဲ့တရားလား၊ မပေါင်းသင်းထိုက်တဲ့ တရားလား.... (မပေါင်းသင်းထိုက်တဲ့ တရားပါဘုရား)၊ မပေါင်းသင်းရင် ခင်ဗျားတို့လဲ အပျင်း ဝင်မှာစိုးတယ်၊ ကျုပ်က ခက်တာက ပေါင်းသင်းပြန်တော့လဲ ခင်ဗျားတို့ ကျွန်ဖြစ်မှာစိုးတယ်....(မှန်ပါဘုရား)။

အဲဒီကြားထဲ ဟောရတာ ...(မှန်ပါ)၊ ဦးဘကြည် တရား ဟောရတာ ဘယ်လောက်ခက်တုံး (ခက်ပါဘုရား)။ မပေါင်း သင်းပြန်သော့လဲ ပျင်းတယ်တဲ့....၊ တဏှာမရှိတော့ အရောင်း အဝယ် မကောင်းတော့ ပျင်းတယ်၊ သားသမီးမရှိတော့ကော (ပျင်းတယ်)၊ ပျင်းတယ်ဘဲ့။

ကိုယ့်ကိုယ်ကို မကျုန်းမာနေတော့ကော....(ပျင်းတယ်)၊ ပျင်းတာဘဲတဲ့၊ အဲဒါကြောင့် တဏှာချုပ်နေတဲ့အခါကျတော့ ခင်ဗျားတို့က ဒေါသနဲ့ နေတယ်၊ တဏှာရှိနေတဲ့အခါကျ တော့လဲ ခင်ဗျားတို့က ကျွန်လုပ်နေတယ်(မှန်ပါ)၊ ရှင်းပလား (ရှင်းပါဘုရား)။

အံ့မလေး ခင်ဗျားတို့ ဖြစ်ထွေကဖြင့်ဗျာ ဘုရားအဆူဆူ ဂင်္ဂါဝါဠုသဲစုမက ဘုရားတွေက ရာဟုလာသားကဲ့သို့ ကျုပ် တို့ ခင်ဗျားတို့အပေါ်မှာ သနားကြပါတယ်.... (မှန်လှပါ)၊ သို့သော် ကယ်ဘို့ယူဘို့ကြတော့ သူ့အတွက် ဘယ်နည်းနဲ့ ကယ်ရမယ်ဆိုတာ မလွယ်ပါဘူး၊ ထောင်တတ်တဲ့နားလဲ မပါ ဘူး၊ ထောင်တတ်တဲ့ ခန္ဓာမျိုးလဲ မဟုတ်ဘူး....(မှန်ပါ)၊ တိရစ္ဆာန် ပြိတ္တာဖြစ်နေမှာကိုး (မှန်လှပါဘုရား)။

ထောင်တတ်တဲ့နား ပါသေးရဲ့လား.... (မပါပါဘုရား)၊ အဲဒီတော့ ကယ်ချင်ယူချင်တဲ့စိတ် မရှိလို့လားဆိုတော့ ကိုယ် ကနေပြီး တဏှာခိုင်းတာကို ကျွန်ပီပီ သဘောက်ပီပီ လက်ခံ နေတာနဲ့ မအားလို့ မလုပ်လိုက်ရတာလား မေးစမ်းပါ.... ဘယ့်နှယ်ဖြေမယ်....(မအားလို့ပါဘုရား)။

အဲ....နောက်ဘုရားပွင့်လဲ မအားပါဘူး၊ ခင်ဗျားတို့ စိတ်သာချပါ အားမှာမဟုတ်ပါဘူး၊ မဆိုထိုက်ဘူးလား ဆိုထိုက်သလား... (ဆိုထိုက်ပါဘုရား)၊ ဘယ်အားမတုံးဗျ၊ စဉ်းစားကြည့်ပါလား မွေးကာစဆိုရင် လူမမယ် သူမမယ်ကြတော့လဲ ဘာမှမသိလို့ နေလိုက်ရတာဘဲ၊ လူလေး သူလေးဖြစ်လာပြန်တော့လဲ လူလေး၊သူလေးနဲ့ တူတဲ့ကိစ္စတွေ လျှောက်လုပ်နေတာနဲ့ဘဲ ဒီကိစ္စဥာဏ်တွေ ရသေးလား (မရပါဘုရား)။

မရတော့ဘူး၊ မရတော့ အသက်အရွယ်ကြီးပြန်တော့လဲ သတိတွေကလဲ ချို့ယွင်းကုန်ပြီးသကာလ ဘာမှ မတတ်နိုင်တော့ဘူး၊ အဲဒီကြတော့ ဘုတ်ထိုင်ထိုင်ပြီး နောက်ဆုတ်ပြစ်လိုက်တာဘဲ၊ ဒီတော့ ကိစ္စဥာဏ်ပေါ်ဘို့ ဘယ်အချိန်ပါသေးတုံးဗျာ....(ဘယ်အချိန်မှ မပါပါဘုရား)။

အရွယ်ကောင်းတဲ့ အချိန်တွေကြတော့ ခင်ဗျားတို့က တဏှာခိုင်းတာနဲ့ ပြုန်းနေတယ်၊ ဟုတ်လား.... (မှန်ပါ)၊ အချိန်ကောင်းအရွယ်တွေ ကုန်ပြီဆိုလို့ရှိရင် နည်းနည်းသတိရလာပြီး ခိုင်းလို့ မဖြစ်ပြီဆိုမှ ကျောင်းရောက်ဆိုတော့ ဒီအဓိပ္ပါယ်သိဘို့ရာ အတော်ခဲရင်းတယ်၊ မခဲရင်းဘူးလား.... (ခဲရင်းပါဘုရား)။

ကိုင်း....ဒါဖြင့် ဒကာဒကာမတွေ သူ့အကြောင်းကို ယနေ့သိအောင်ပြောတဲ့အထဲမှာတဲ့ ဥပမာတခု ဘုန်းကြီးကရှင်းပြမယ်....(မှန်ပါဘုရား)။

သူဟာ ဒုက္ခဝတ္ထု ဒုက္ခမှုတွေကို တခုမကျန် တရံမစဲ အမြဲ ပေးအပ် ဆောင်နှင်း စေတတ်တဲ့ သဘောကား သမုဒယ သစ္စာ၏ သဘောဘဲ(မှန်ပါ)၊ ပေးပေမဲ့လဲ ပေးနည်းတမျိုးတဲ့ ဦးဘကြည် ပေးပေမဲ့ ပေးနည်းတမျိုးက မင်းဟာ ဇာတိဒုက္ခ တွေ့ဘူးရဲ့လားမေးသေးတာဗျ(မှန်ပါ)မတွေ့ဘူးလို့ ရှိရင်ဖြင့် သေသေချာချာ မင့်ကိုယ်တိုင်ခံစားရတဲ့ အဖြစ်ရောက်အောင် ငါပေးမယ် ဒီလိုပေးတာ သဘောကျပလား(ကျပါဘုရား)။

ဇာတိဒုက္ခ မင်း ခံစား ဘူးရဲ့လား မေး လိုက် သေးတယ် မခံစားဘူးလို့ ရှိရင်ဖြင့် ငါကိုယ်တိုင်စီမံပေးပါမယ်၊ဇာတိဒုက္ခ မင်းဝမ်းထဲမှာ ရေလည်း ပြတ်ရမယ်၊ အဝတ်လဲ မကပ်ရဘူး သေသေ ချာချာ မင်း အကုန် သိစေ့မယ်၊ ရေပူ သောက်ရင် မင်းပူရမယ်၊ ရေအေးသောက်ရင် မင်းအေးရမယ်၊ မင်းမလှည့် နိုင် မပတ်နိုင်တဲ့ ဒုက္ခကို ငါကိုယ်တိုင် ပေးမယ်၊ မင်းသေသေ ချာချာ လက်ခံပါ ဆိုပြီးတော့ စာချုပ်နဲ့ ပေးမှာ ဘယ့်နှယ် ကြောင့် စာချုပ်နှင့် ပေးရပါသတုံး ဆိုတော့ သူက နဂိုရ်က တော့ ခင်ဗျားတို့ (လူဖြစ် ရပါလို၏လို့ ဆုတောင်းထဲပါနေ တာကိုး)(မှန်လှပါဘုရား)။

ဖြစ်စေ့မယ်စိတ်ချ၊ မင်းဘာမှမလုပ်နဲ့ စိတ်ချ ရှင်းပလား (ရှင်းပါဘုရား)၊ ခင်ဗျားတို့က လူဖြစ်ချင်တဲ့ သဘောလေးက မရှိဘူးလား(ရှိပါဘုရား) အဲဒီတော့ဖြစ်စေ့မယ် ဖြစ်တဲ့အခါ ကြလို့ရှိရင် လူ့ဒုက္ခဟူသ၍ ဘာမှမစိုးရိမ်နဲ့ ငါအကုန်ဝေဘန် ပြမယ်၊ မင်းကိုယ်တိုင် ခံစားရစေ့မယ်၊ အကျေးမဟုတ်ဘူးဗျ လက်ငင်းခံစားရစေ့မယ်(မှန်ပါ)၊ မဆိုးဘူးလား ဆိုးသလား (ဆိုးပါတယ်ဘုရား)။

ကဲ.... လက် ငင်း ရတော့ ခင် ဗျား တို့ ဒီ ခ န္ဓ ာ ဝမ်းထဲမှာ (၉)လခွဲ(၁၀)လ ဆိုသလို၊ အစာ မစားရဘဲနဲ့၊ ခင်ဗျားတို့ ဝဋ်ကြွေးကောင် ကလေးဖြစ်ခနေတယ် (မှန်ပါ) အစာစားရသလား (မစားရပါဘုရား)။

ခုတော့ ခင် ဗျား တို့ ညစာ, မ နက် စာမျှား မစားရရင် ဆူလိုက်ပူလိုက်နဲ့ ဟုတ်ဘူးလား (မှန်ပါ)၊အိမ်မှာရှိတဲ့ သား မယား များကို ဟင်း နံနက်စာလည်း ဘာ မှ မ ချ က် ရ သေး၊ ညစာလဲ ဘာမှ မချက်ရသေး၊ ငါ့မှာစီးပွား ရှာရတာလဲ ပင် ပန်းလှပြီ ဆိုပြီးတော့ ဦးစံရီ ဆိုတန်ဆို၊ ငေါက်တန် ငေါက်၊ ရိုက်တန်ရိုက်၊ဆိုဒါမျိုး ခင်ဗျားတို့ လာချင်လာရမယ်(မှန်ပါ) ဟိုမှာ ဝဋ်ကြွေးကောင်ကလေး ဖြစ်နေတော့ စားရရဲ့လားလို့ မေး (မစားရပါဘူးဘုရား)။

အဲဒီဒုက္ခကိုလည်း မင်းကိုယ်တိုင်ယူပါ မင်းကိုယ်တိုင် ရပါ တယ်လို့ ဘယ်သူကပေးတာတုံး(သမုဒယသစ္စာ)၊ ဒီကလည်း ကျွန်တော် ယူပါမယ် ဆိုပြီးသကာလ သူ့ကိုယ်တိုင် ခံစားပြီး မယူရဘူးလား(ယူရပါဘုရား)။

ငြင်းပယ်နိုင်ရဲ့လား(မပယ်နိုင်ပါဘုရား) အမယ်ပေးချက် က တ ကယ် ထိ ပါ လား၊ ပေးလည်း ပေးတယ်၊ ဟုတ်လား (မှန်ပါ)၊ အမြဲတန်းလည်း ချုပ်ထားမှာ၊ လက်မလွှတ်ပါနဲ့ ဒါဆောင်ဆေးလုပ်ပါလို့....ရိပ်မိပလား(ရိပ်မိပါဘုရား)။

ကဲ—ပေးလဲပေးတယ်၊ ကိုယ်တိုင် ခံစားဘူးအောင်လဲ ပြတဲ့ အမိပွါယ် မရောက်ဘူးလား (ရောက်ပါဘုရား)၊ ဒါဘယ်သူ

ပါလိမ့် (သမုဒယသစ္စာ) ပြောပါ....တယ်ဆိုးပါလား၊သမုဒယ သစ္စာ ပေးလည်းပေးတယ်၊ ကိုယ့် ကိုယ် တိုင် ခံစား ဘို့ ဟာ ကိုလည်း လက်လွှဲနဲ့ မလုပ်နဲ့ နော်....မင်းဟာမင်းယူ(မှန်ပါ)၊ လက်လွှဲလုပ်လို့ ရသလား(မရပါဘုရား)။

သူ့ဟာသူဘဲနော်(မှန်ပါ) ဒါဖြင့် ကိုယ်တိုင်ရေမသောက်ရတာ ဘယ်နှစ်ရက်တုံးမေးရင်(၉)လခွဲ၊ ထမင်းမစားရတာ (၉)လခွဲ၊ ရေမချိုးရတာ(၉)လခွဲ၊ အဝတ်မပါတာ(၉)လခွဲ ကျင်ကြီးအိမ်ပေါ် ထိုင်ရတာ(၉)လခွဲ၊ ချေးအုံဖတ်နှင့် တူတဲ့ အစာသစ်အိမ် ခေါင်းပေါ် ရှုက်ရတာ(၉)လခွဲ၊ မလှုပ်မရှက် ဘဲနဲ့၊ ဟော့– ခေါင်း ပေါ် မှာ လက် နှစ် ဘက် ရှက်ပြီးတင် အမေ့ကျောဘက် မျက်နှာမူပြီး၊ ဒူးပေါ်မှာ တတောင်က ထောက်ထား မလှုပ်မရှေ့၊ မပတ်နဲ့၊ မလှည့်နဲ့၊ အမယ်လေး....ခံလိုက်ရတာ ဘယ်သူပေးထားတာ (သမုဒယပေးတာ ပါဘုရား)၊ တယ်လဲ ဆိုးပါလားဗျာ ဒကာဒကာမတို့ ဆိုးပုံ ပေါ်ပလား (ပေါ်ပါဘုရား)။

ဘယ်သူပါလိမ့် (သမုဒယသစ္စာ)၊ အဲဒီတော့ ခင်ဗျားတို့ ကလဲ ငြင်းပယ် နိုင်ကြရဲ့လား (မငြင်းပယ် နိုင်ပါ ဘုရား)၊ ဘာလို့မငြင်းပယ်နိုင်တုံး ကိုယ့်ကိုယ်ကို ခင်နေတော့၊ မငြင်းပယ်နိုင်တော့ဘူးတဲ့၊ ခင်တုံးက ခင်ဗျားတို့ကလဲ ဒီကလေး ရောက်ကတည်းက၊သူ့ကိုယ်လေးနဲ့သူ ခင်ရက်ဘဲဗျ၊ ဒုက္ခသာ ခံနေတာ၊ သူ့ကိုယ်လေးသူ ခင်နေတာ ဦးဘကြည် (မှန်ပါ) ဒီခင်တဲ့ စိတ်ကလေးက အရင် မပေါ် ဘူးလား (ပေါ်ပါ ဘုရား)။

ဘဝနိုကန္တိက လောဘဇောကိုဗျ (မှန်ပါ)၊ ရောက်တယ်ဆို ပြောတော့တာဘဲ၊ ဒုက္ခကတော့ ရောက်လိုက်တာလွန်လို့ ရောက်ရာမှာ ဘာဖြစ်နေ....(မပျော်နေတယ်)၊ ပျော်တယ်လို့ ဆိုတော့ အင်း....ဒီကပေးတာကို အကုန် လက်ခံမဲ့သဘောဘဲ (မှန်လှပါ)၊ ရှေးဘဝကပေးတဲ့ တဏှာပေးသမျှကို ဒီဘဝတဏှာက ချော့ပြီး လက်သာခံ လက်သာခံ ဒုက္ခဟူသ၍ မင်းချည်းယူလို့ မပေးဘူးလား-ပေးသလား (ပေးပါဘုရား)။

ဒီဘဝတဏှာကလဲ လက်ခံတဲ့သဘော၊ ဟိုဘဝတဏှာက ပေးတဲ့သဘော(မှန်ပါ)၊ ဒီဘဝရောက်ရာပျော်တယ်ဆိုတော့ လက်ခံတာပေါ့ဗျာ ရိပ်မိပလား.... (ရိပ်မိပါဘုရား)၊ ဒါဖြင့် ခင်ဗျားတို့ ကျုပ်တို့၏ဖြစ်စဉ်သည် ဒီပေးတာကလဲ ဒုက္ခ၊ လက်ခံခိုင်းတာကလဲ အရှင်သခင်၊ သမုဒယက ဒီဘက်ကျအောင် လိုက်ပြီးသကာလ အကြောင်းအကျိုး ဆက်နေပြန်တော့.... ကျွန်ုပ်တို့လက်မခံချင်ဘူး၊ ကျုပ်တို့ နဂိုရှိကမှားတာ၊ နောက်ဆုံးပိတ် မှားပါရစေတော့လို့ လာသလား၊ ကျေကျေနပ်နပ် လက်ခံသလား....(ကျေကျေနပ်နပ် လက်ခံပါဘုရား)၊ ဒါဖြင့် အမှားကို မပေါ်တော့ဘူး....(မှန်ပါဘုရား)။

ဘယ်လောက်များ နစ်နာလိုက်သတုံးလို့ ဦးခင်မောင် ဘယ်လောက်များ မျက်နှာလိုက်သတုံး ပေါ်ပလား....(ပေါ်ပါဘုရား)၊ နစ်နာတာ နည်းနည်းလားလို့ဆိုလို့ရှိရင်တော့ အလိမ်က ပိလိုက်တာ ပေးတုံးကလဲ ဒုက္ခပေးထား၊ ဒုက္ခမှန်း မသိရဘူး၊ ယူထားတော့လဲ ဒုက္ခယူထား၊ ဒုက္ခရမှန်း မသိအောင် မင်းရှထားတာ၊ လူ့ဘဝ တော်သေးသဟေ့....၊

တကယ့်ဒုက္ခသစ္စာကို တော်သေးတယ်လို့ လုပ်ထားတာကိုး၊ ဘယ်လောက်များ ဆိုးဝါးတဲ့တရားတုံးဆိုတာ ရှင်းကြပလား (ရှင်းပါဘုရား)။

ရတာက ဘာသစ္စာ....(ဒုက္ခသစ္စာ)။ အဲဒါကို သူရောက်ရာကရတဲ့ ဘဝနိကန္တိက လောဘဇောဆိုတဲ့ တဏှာက ဘယ်သူများ သူတရားဝင်ဟောနေသတုံး၊ တော်သေးတယ် မင်းဒီအထဲမှာ ကိုးလခွဲကျော်ကျော် ငတ်ပြတ်ပြီးနေတော့ တော်သေးတတ်၊ ဒီလိုများ ဟောလိုက်သေးတယ်ဗျ (မှန်လှပါ)။ ဘယ်သူက ဟောတာတုံး (သမုဒယကဟောတာပါဘုရား)။

အဲဒီတော့ ဒီကိစ္စတွေကို မင်းကိုယ်တိုင် ခံယူရမယ် ဆိုတာတွေ ကျုပ်တို့က ငြင်းပယ်သေးသလား.... (မငြင်းပါဘုရား)၊ အေး....ဒါကြောင့် ဒီကနေ့ခင်ဗျားတို့ ဉာဏ်ဖြန့်ကြည့်လိုက်တာပေါ့၊ ကျုပ်တို့ အင်္ဂလိပ်မင်းလက်ထက်တုံးက မန္တလေးမှာ ရှိတဲ့ နွားသတ်ရုံက နွားရိုးတွေကို ရန်ကုန်သို့ တဲ့ကြီးတွဲငယ်နဲ့ ဆိုဘဲ ရထားတစင်းလောက် ကုန်တွဲ ကြီးငယ်များနဲ့ တနင်္ဂနွေ တပတ်တခါလောက် တင်ရတယ်၊ အဲဒါ ဘယ်သူ၏ လက်ရာတွေတုံးလို့ မေးလို့ရှိရင် သွယ်ဝိုက်တဲ့နည်းနဲ့ ဥပမာပြရရင် နွားသတ်သမားလက်ရာလို့ မဆိုနိုင်ဘူးလား(ဆိုနိုင်ပါဘုရား)

အဲဒါ ဘယ်သူ့လက်ရာတုံး.... (နွားသတ်သမား၏ လက်ရာပါ ဘုရား)၊ ဒီလောက် ကောင်ရေများတဲ့နွားတွေ အရိုးဖွေးဖွေးဖြူတွေကို ရန်ကုန်သို့ တွဲကြီးဘွဲငယ်နဲ့ ပို့နိုင်လောက်အောင် ဘယ်သူ့ လက်ချက်တုံးလို့မေးရင် နွားရိုးမြင်သဖြင့် လက်သယ်နွားသတ်ယောကျ်ားကို ညွှန်ပြမှတော်မယ်၊ မတော်ပေဘူးလား....(တော်ပါဘုရား)။

တော်တော့ လက်ရသိပလား၊ ဘယ်သူ့လက်ရာတုံး.... (နွားသတ်သမား လက်ရာပါဘုရား)၊ အဲဒါတွေအတိုင်း ခင်ဗျားတို့လဲ သုသာန်မှာ ဘယ်သူသေပြန်ပြီတဲ့၊ ဘိတ်စာ ရောက်ပြန်ပြီ ဟုတ်လား(မှန်ပါ)၊ ဘယ်သူ့ လက်ချက်လဲ.... (သမုဒယလက်ချက်ပါဘုရား)။

သမုဒယ လက်ချက်ကြောင့်၊ တမြို့လုံး နေ့တိုင်းပို့နေတဲ့ မသာတွေ ဘယ်သူ့လက်ချက်ကြောင့် ထင်သတုံး .. (သမုဒယ လက်ချက်ပါဘုရား)၊ သူ့ဆုတောင်းလို့ သူကနေပြီး ဇာတိဘေး၊ ဇရာဘေး၊ မရဏဘေးတွေ ပေးတာ.... (မှန်ပါဘုရား)။ သဘောကျပလား (ကျပါဘုရား)။

သူဟာ နွားသတ်ယောကျ်ားထက် ဆိုးတဲ့လူ (မှန်လှပါ)၊ မဆိုးပေဘူးလား.... (ဆိုးပါဘုရား)၊ တမြို့လုံး ဆင်ဖြူကံ သင်္ချိုင်း သွားကြည့်ကြည့်၊ ရဟိုင်းသင်္ချိုင်း သွားကြည့်ကြည့် ပုဏ္ဏာကန်းသင်္ချိုင်း သွားကြည့်ကြည့်ပေါ့ဗျာ....၊ ကြည့်ချင်တဲ့ သင်္ချိုင်းသွားကြည့် အလောင်းမပြတ်ဘူး (မှန်ပါ)၊ အင်း.... သည်အသေတွေ ဘယ်သူ့လက်ချက်တွေပါလိမ့်.... (သမုဒယ လက်ချက်ပါဘုရား)။

သမုဒယလက်ချက်တွေဆိုတာ ရိပ်မိပလား(ရိပ်မိပါဘုရား) ဪ....အဲဒါ ခင်ဗျားတို့ကဖြင့် သူ့လက်ချက်ပါလား၊ သူ့ ကိုပေါင်းလို့ မတော်ပါလားလို့ မသာပို့ရင်းများ ပေါ်ကြ ရဲ့လား....(မပေါ်ပါဘုရား)။

ခက်လိုက်တဲ့ဖြစ်ခြင်း အတော်ကို ဆိုးနေတာ၊ မဆိုးဘူးလား ဒကာဒကာမတို့ တမြို့လုံးသေနေတာကဖြင့် သမုဒယသစ္စာရှိတဲ့ပုဂ္ဂိုလ်မို့၊ သမုဒယသစ္စာဆိုတဲ့ တဏှာ ကြောင့် ဥပါဒါန်,ဘဝ,ဇာတိ,ဇရာ,မရဏဖြစ်တာ သဘောကျပလား (ကျပါဘုရား)၊ တဏှာမရှိရင် ဟိုဟာတွေ လာသေးသလား (မလာပါဘုရား)၊ တဏှာနိရောဓေါ, ဥပါဒါနနိရောဓေါ, ဘဝနိရောဓေါ, ဇာတိနိရောဓေါ, မရဏနိရောဓေါ မဖြစ်ဘူးလား....(ဖြစ်ပါဘုရား)။

ခုတော့ မရဏတွေ တခါတည်း သုဿာန် ပို့လိုက်တဲ့ဟာ မရဏပေါင်း ဘယ် လောက် ပါလိမ့်မတုံးလို့ ခင်ဗျားတို့.... ရေတွက်ပါတော့ ကဲ ဦးဘကြည်ဆိုရင်သိတယ်၊ သေတဲ့လူတွေ တလ,ဘယ်လောက်သေသလဲ(မရေတွက်နိုင်ပါဘုရား) အဲဒါ ဘယ်သူ့လက်ချက်ထင်ကြတုံး (သမုဒယလက်ချက်ပါဘုရား) သမုဒယလက်ချက်ဆိုတာပေါ်ပလား(ပေါ်ပါဘုရား)။

သမုဒယ လက် ချက် ဆိုတာ ခုပြောလို့ ပေါ် တာကို ဗျ (မှန်ပါ) ခင်ဗျားတို့ကတော့ အိုလို့သေတာ၊ အစားမှားလို့ သေတာ၊ အပူအစု ညံ့လို့သေတာ၊ ဆရာမှားလို့ သေတာ သူ့ကိုမပေါ်ဘူး ပေါ်သေးလား(မပေါ်ပါဘူးဘုရား)။

လက် သည် ကို ခင် ဗျား တို့က အ စစ် မ ဖ မ်း တ တ် ဘူး (မှန်လှပါ) အစစ်ဖမ်းလိုက်တော့ ယခု ဘာတွေ့တုံး(သမုဒယ သစ္စာ) ကြည့်ဗျာ—တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာ, မရဏ,ဆိုတာသူဘဲ၊ လက်သည်တွေဘာဘဲ(မှန်ပါ)လက်သည် မတွေ့ရဘူးလား(တွေ့ရပါဘုရား)။

သူ—ရှု့လိုက်တော့ တဏှာနိရောဓါ၊ ဥပါဒါနနိရောဓါ ဘဝနိရောဓါ၊ ဇာတိနိရောဓါ၊ ဇရာနိရောဓါ၊ မရဏနိရောဓါ မဖြစ်ဘူးလား ဖြစ်သလား (ဖြစ်ပါတယ်ဘုရား)။

အဲဒီတော့၊ လက်သယ်စစ်တော့မရှာဘူး ဆရာက ညွှန်လို့ လိုလို၊ ဥတုရာသီကဖေါက်ပြန်လို့လိုလိုဆိုတော့ သူကအကြိုက် ကြပြီး၊ငါသတ်တာသူများချည်း စွဲချက်တင်တယ်ဆိုပြီး မပြုံး ပေဘူးလား ပြုံးမှာလား (ပြုံးမှာပါဘုရား)။

ရိပ်မိကျပလား ဒကာဒကာမတို့၊ ခင်ဗျားတို့ မပါးပုံ ထုပုံ ပြောပါတယ် သူ့ကိစ္စဉာဏ် မသိလို့ပြောတာ (မှန်လှပါ) ဦးဘကြည် သူ့ကိစ္စဉာဏ် သိရဲ့လား(မသိပါဘုရား) ဒါဖြင့် သည် ကိစ္စဉာဏ် မသိသေးလို့ရှိရင် သူ့နှင်ထုတ်ချင်တဲ့စိတ် သူ့ဝိပဿနာနဲ့ သတ်ချင်တဲ့စိတ်၊ မဂ်နဲ့သတ်ချင်တဲ့စိတ် လာ မလာ(မလာပါဘုရား)။

ဒါဖြင့် ကိစ္စ ဉာဏ် ဘယ် လောက် အရေး ကြီး သတုံး.... ပေါ်ပလား(ပေါ်ပါဘုရား)ကိစ္စဉာဏ်သည် ဒကာဒကာမတို့ က—နောက်တော့ဖြင့် ဒကာဒကာမတွေက တွေးကြပေတော့ ဘယ် အသုဘ လာ ဘိတ်ဘိတ်၊ အင်း သူ့ လက် ချက် ဘဲ၊ ရှင်းပလား(ရှင်းပါဘုရား) ဘယ်ကလာဘိတ်ဘိတ်၊ဘယ့်နှယ် ဆိုကြမယ်၊ (သမုဒယလက်ချက်လို့ဆိုပါမယ်ဘုရား)။

သမုဒယ လက်ချက်၊ ကဲ ကလေး လေးတွေ သေပြန်လဲ ဘယ်သူ့လက်ချက်လဲ (သမုဒယလက်ချက်ပါဘုရား) လူကြီး တွေ သေပြန်တော့ကော(သမုဒယလက်ချက်ဘဲ) ဆေးသမား

တွေ၊ ဘာတွေကို စွဲချက် မမှားစေနဲ့နော် ဆေးသမားက နောက်မှ ပြင်ဘက်ကျမှ ဆေးက မှားရရှာတာ၊ လက်သည်ရင်း ကတော့ (သမုဒယ) သမုဒယဘဲ၊ ကဲ....သူချုပ်ကြည့်တော့ မပေါ်ဘူးလား (ပေါ်ပါဘုရား)။

တဏှာနိုရောဓေါ၊ ဥပါဒါန နိရောဓေါ၊ ဘဝနိရောဓေါ ဇာတိနိရောဓေါ၊ ဇရာနိရောဓေါ၊ မရဏနိရောဓေါ အဲသည် တော့၊ သူ့သာန် ပါသေးလား (မပါပါဘုရား) သူ့သာန် ဖယ်ချစရာရှိသေးလား (မရှိပါဘုရား)။

အဲဒီတော့ သူသာ ချုပ်လိုက်လို့ရှိရင် ကျန်တာတွေဟာ တတိုတစမှ မလာပါဘူး လာသေးသလား (မလာပါဘုရား) အင်းဒို့ခုမှ၊ လက်သည်ဖမ်းတတ်ခါ ရှိပါသေးလား၊ဆိုဘဲ့ဥစ္စာ ကိစ္စဥာဏ် သိခါလေးရှိသေးတာ (မှန်ပါဘုရား) အားမထုတ်ရ သေးဘူး ဟောလို့သိတဲ့ သုတမယသိ သိသေးတာ၊ ဒါက စိန္တာမယသိ၊ ဘာဝဏာမယသိ သိမှ၊ ခင်ဗျားတို့ကိစ္စပြီးမယ် (မှန်ပါ)နို့မို့ပြီးပါ့မလား (မပြီးပါဘုရား)။

ဒီ သုတ—သိကလေးကိုဘဲ ဦးချစ်ခ နာရီအတော်ပြောရ တယ်၊ တနာရီ နီးနီး ပြောရတယ် (မှန်လှပါ) တယ်ဆိုးတဲ့ တရားပါလားဆိုတာ တသံတည်းထွက်လာဘို့ဘဲ ပေါ်ပလား (ပေါ်ပါဘုရား)

ဘယ်သူအဆိုးဆုံးတုံး....(သမုဒယသစ္စာ) လောကကြီးမှာ ခွေးတွေ ကြည့်လိုက်ပြန်လဲ ခွေးတွေသေရ၊ အင်း ခွေးသေ့ သေရတာဆိုတော့ ခင်ဗျားတို့ကလဲ ခွေးသေတော့ မသေချင်

ဘူးပေါ့ဗျာ (မှန်ပါ) လူသေတော့(သေချင်တယ်) ဖြစ်မှဖြစ် ရပလေ အတူတူ ဘဲဗျ အတူတူဘဲ၊ သမုဒယ ဒါဏ်ချက်ဘဲ (မှန်ပါဘုရား)။

အ တော် လေးတော့ ထူးတယ်၊ သတ်တဲ့ လက် သည် က (သမုဒယ) အဲဒါ ခင်ဗျားတို့က လူသေသာ သေချင်တယ် နတ်သေသာ သေချင်တယ်ဆိုတော့ သူ့အကြောင်း မသိသေး ပါဘူး (မှန်ပါ့) မသိသေးပါဘူး ကြွားမနေပါနဲ့၊ ဒါဖြင့် ပေါ်ကြပလား ဒကာဒကာမတို့၊ လူတွေသေရတာလည်းသူဘဲ ခွေးတွေသေရတာလည်း(သူဘဲ)။

သူဘဲတဲ့ တိရစ္ဆာန်အမျိုးမျိုး ပုံသဏ္ဍာန် ပြောင်း သေရ တာကော(သူပါဘဲ) သူချည်းဘဲ ဆိုသဖြင့် (၃၁) ဘုံထဲမှာ အရိုးဖွေးဖွေးဖြူပြီးသကာလ၊ တောင်လိုပုံအောင်၊လုပ်နိုင်တဲ့ လက်သည်တွေပြီ(မှန်ပါ)ဘာတွေတုံး(သမုဒယ) ခုမှဆိုးထာ တွေ အကုန်ပေါ်လာတယ် ဦးခင်မောင် ပေါ်ပလား (ပေါ် ပါပြီဘုရား)။

ဘုရားတဆူနဲ့ တဆူအကြားမှာ ကျုပ်တို့အရိုးတွေ ဝေပုလ္လ တောင်လောက်ရှိတယ်၊ တော်ပါဗျာ ကျုပ်တို့ မြင်ဘူးတဲ့ တောင်ကိုပြပါမယ်၊ ဝေပုလ္လတောင်ဆိုတော့ အိန္ဒိယသွားနေ ရအုံးမယ်....(မှန်ပါ)၊ မန္တလေးတောင်လောက် တယောက် တယောက်ရဲ့ အရိုးပုံဟာ ဒီလောက်ဘဲကြီးတယ်(မှန်ပါ)။

ဘုရားတဆူတဆူကြားမှာ သူသတ်ထားတဲ့အရိုးတွေ ဆန့် လိုက်လို့ရှိရင် ဘယ်လောက်များသတ်နိုင်တဲ့လူဆိုတာ ခင်ဗျား တို့ဘဲ အကဲခတ်ပါတော့(မှန်ပါ)၊ ဒါဖြင့် သူ့ကို အကောင်း

ထင်ပြီး ပေါင်းသင်းပြီး မိတ်ဆွေလုပ်နေတဲ့ ပုဂ္ဂိုလ်ကိုဖြင့် မိတ်ဆွေရင်းက သတ်မှာဘဲ.... (မှန်လှပါ)၊ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ သူနဲ့ခွဲရတော့မယ်ဆိုတော့ ခင်ဗျား တို့က မျက်ရေကျတယ်၊ သူသတ်တာကြတော့လဲ ပြုံးခံတယ် ဆိုတော့ ခင်ဗျားတို့ဟာ အတော်ခဲရင်းတယ်၊မခဲရင်းဘူးလား (ခဲရင်းပါဘုရား)။

သည့်ပြင်တရားလို မဟုတ်ဘူးနော်၊ ဒီတရားက ဦးချစ်ခ သေသေချာချာ လက်သယ်ပေါ် အောင် ပြောပြနေတာ၊ အရုပ်ဆိုးအကျည်းတန်တာပြောမှ မင်းလားကွာ ဘယ်တော့မှ ဝမ်းထဲ မလာစေရဘူးလို့ ဒါမှလုပ်ဖြစ်မှာ (မှန်ပါ)၊ နို့မို့ လို့ရှိရင် လုပ်ဖြစ်ပါ့မလား.... (မလုပ်ဖြစ်ပါဘုရား)။

ကိုင်း.... ဒါဖြင့် ဝိပဿနာ ရှုကြ—ရှုကြ ဆိုတာ ဘယ် အကျိုးငှါတုံး နိဗ္ဗာန်ရောက်ခြင်လို့၊ အို....နိဗ္ဗာန် အသာထား စမ်းပါအုံး၊ နိဗ္ဗာန်ဆိုတာ ခင်ဗျားတို့ သူ(သမုဒယ)သေမှ ရမှာပါ၊ သူ့သတ်စမ်းပါအုံး၊ ဒီကသွားရမှာ မဟုတ်လား (မှန်ပါဘုရား)။

ကောင်းပြီ ဒါဖြင့် အားလုံးဒကာဒကာမတွေ ကျုပ်တို့၏ အရိုးပေါင်း ဘယ်လောက်ထိအောင် သတ်ခဲ့ပြီလဲ၊ ဦးဘကြည် ဘဲ သတ်ပြီးသားအရိုးပေါင်း ဘယ်လောက်ထိအောင် လုပ် ဘူးသလဲ သမုဒယသစ္စာရဲ့လို့ မေးကြည့်လို့ရှိရင် သူဘယ်လို ဖြေမလဲ....(မရေတွက်နိုင်ပါဘုရား)၊ မရေတွက်နိုင်ဘူး၊ တဦး တယောက်ထည်း သတ်တာကိုဘဲ ရေတွက်နိုင်ရဲ့လား....(မရေ တွက်နိုင်ပါဘုရား)။

ဟုတ်ပလား တခါတမြို့လုံးမှာလဲ သူဦးစီးဦးကိုင် လုပ်ပြီး သကာလ သတ်တာတွေကို သူဘဲ(မှန်ပါ)၊ အင်း....ဒီတကမ္ဘာ လုံးမှာရှိတဲ့ လူတွေလဲ သူ့လက်က လွတ်မယ်ထင်သသား.... (မလွတ်ပါဘုရား)၊ ဒါဖြင့် လက်သယ်အကြီးဆုံး တွေ့ပလား (တွေ့ပါဘုရား)။

ဒါဖြင့် ဦးစံလှ သူ့သာဖမ်းပေတော့(မှန်ပါ)၊ ရုံးတင်စစ် ရင်လဲ သူ့သာစစ်ပေတော့(မှန်ပါ)၊ သင်း အဆိုးဆုံး မဆို ထိုက်ဘူးလား....(ဆိုထိုက်ပါဘုရား)၊ ဆိုရမှာဘဲ၊ အဲဒီတော့ ဒကာဒယာမတို့ သေသေချာချာ ရှင်းပြီးတော့မှ ဒီလက်သယ် ကို ကျုပ်တို့က မပေါင်းသင်းမှ ကျုပ်တို့ အသေလွတ်မယ် ဆိုတာ....(သူ့အတွက်)။

ကိုယ့်အနာလွတ်မယ်ဆိုတာကော(သူ့အတွက်)၊ကိုယ့်ဒုက္ခ ဒေါမနဿ လွတ်မယ်ဆိုတာကော(သူ့အတွက်)၊ ဒါဖြင့် ဒကာ ဒကာမတို့ သူ့ကိုသတ်တဲ့နည်းဟာ အရေးအကြီးဆုံးဘဲလို့ မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါဘုရား)၊ သူ့(သမုဒယ)ကို မသတ်နဲ့၊ သူဟာအပင်၊ သူ(ဝေဒနာ)ဟာ ရေသောက်မြစ် ရှင်းပလား....(ရှင်းပါဘုရား)။

ဝေဒနာ သူ့ရေသောက်မြစ် (မှန်လှပါ)၊ တဏှာက ရေ သောက်မြစ်ရှိလို့ သူ အပင်ပေါက်တာ (မှန်ပါ)၊ အဲဒီတော့ ခင်ဗျားတို့ အပင်သတ်နေလို့ရှိရင် အညွန့်တောင် သန်လိုက် ဦးမယ်၊ အမြစ်သတ်လိုက်ရရင်တော့.... (သေမှာပါဘုရား)၊ အဲဒါ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အကြောင်းသတ် တယ်၊ မိစ္ဆာဒိဋ္ဌိတွေက အကျိုးသတ်တယ် (မှန်ပါဘုရား)။

ဘုရားကဘာတုံး....(အကြောင်းသတ်ပါဘုရား)၊ ဘုရားက အကြောင်းသတ်၊ မိစ္ဆာဒိဋ္ဌိက (အကျိုးသတ်ပါဘုရား)၊ ဒါကြောင့် ဟိန္ဒူကုလားတွေကြတော့ မီးပုံကြီးထဲမှာနေတယ်ဆိုသော့ ခန္ဓာဖြစ်ပြီးမှ ကိလေသာ မလာအောင်လုပ်နေတာဆို (မှန်ပါ)၊ အကျိုးသတ်နေတာကိုး၊ ကောင်းပြီ ဒါဖြင့် ရေချိုးတုံးခုန့်, မီးလှုံဆိုတဲ့ အသွားတွေဟာ အကျိုးသတ်နေ၃်.... (မှန်ပါဘုရား)။

ကဲ....ကျုပ်တို့က ဘာသတ်တာတုံး (အကြောင်းသတ်)၊ ဒါဖြင့် ဝေဒနာသတ်မလား၊ တဏှာသတ်မလား....(ဝေဒနာကို သတ်မှာပါဘုရား)၊ ဝေဒနာ ရှုလိုက်လို့ရှိရင် ဝေဒနာ အနိစ္စလေးကို သွားမြင်လိုက်လို့ရှိရင်ဖြင့် တဏှာက(သူ့မရှုဘဲနဲ့)လာခွင့်မရလို့ မလာတာဘဲ သဘောကျပလား(ကျပါဘုရား)၊ ဒါဖြင့် သူလက်သယ်အစစ်ဘဲ၊ သူ့သတ်ချင်လို့ရှိရင် သူ့ကို တိုက်ရိုက်မသတ်နဲ့၊ သူ၏ ရေသောက်မြစ်ကိုသတ်ပါ သဘောကျပလား....(ကျပါဘုရား)။

ကောင်းပြီ ခင်ဗျားတို့ ဥပမာဂွေးတောက်ပင်တို့ နွယ်ပင်တို့ဆိုတာတွေက သည့်ပြင် အပင်တွေအပေါ် တွယ်တက်လိုက်တယ်ဆိုရင် သူတို့ရဲ့အညွန့်တွေ အတက်တွေ အရွက်တွေနဲ့ ဖြန့်မိုးလိုက်တာနဲ့ ဒီအပင်လုံး ပျောက်မသွားဘူးလားဗျာ (သွားပါဘုရား)၊ အင်မတန် နွယ်များတဲ့ အပင်မျိုးပေါ့ဗျာ (မှန်လှပါ)၊ အဲဒါကို ခင်ဗျားတို့က အလှကြည့်နေမယ်ဆိုရင်ဖြင့် ဝါဆို့ဝါခေါင်ကြတော့ သူ့ကြောင့် သေရမယ်ဗျ၊ ခြေ၃်....သူမိုးသွားတော့ အရွက်တွေနဲ့တကွ သူကဖားဖား

ရှားရှားဆိုတော့ဟိုအပင်မြန်မြန်လဲ သေဘို့ဘဲ၊ ဟိုပင်လုံးချည့် ဆိုတော့ဒါလောက်မြန်မြန်လဲမှာ မဟုတ်ဘူး(မှန်ပါဘုရား)။

ဦးချစ်ခ ဘယ့်နှယ်ဆိုမယ် (အနှယ်ခံတာကိုဘုရား)၊ သူ့ အနှယ်ခံတာကို ခင်ဗျားတို့ကလဲ သူပေါ်လာလို့ရှိရင် အနှယ် ခံလိုက်ကြ၊ သား အနှယ်ခံလိုက်၊ သမီးအနှယ်ခံလိုက်၊ ပစ္စည်း အနှယ်ခံလိုက်၊ အသေဘက်ကော(အနှယ်ခံလိုက်ပါဘုရား)။

ဟာ....ခင်ဗျားတို့ ပင်လုံးတွေက ဒါတွေအနှယ်ခံတာကိုး အဲဒီတော့ တခါတလေမျှား ခင်ဗျားတို့က သက်ပြန်ကြီးမျှား ချပြီးတော့ငြီးတယ်၊ ရှာလိုက်ရတာလဲ အိမ်ကြတော့ တပြား မှလဲ အဖတ်မတင်ဘူး (မှန်ပါ့ဘုရား)။

သက်ပြင်းကြီးမျှား ချပြီးနေတော့ အနှယ်တွေကဖိကုန်ပြီ ကောဗျာ၊ ခုနင်က ပင်လုံးပေါ်ဖိပြီကော (မှန်လှပါဘုရား)၊ အဲဒါငြီးရုံလေးငြီးရသေးတယ်၊ နောက်သေချင်းဆိုးလိုက်လိမ့် ဦးမယ်၊ဝါဆိုဝါခေါင်ကြတော့(မှန်ပါဘုရား) ဝါဆိုဝါခေါင် ကြတော့၊ ဒီအပင်ကြီး မလဲပေဘူးလား (လဲမှာပါဘုရား)။

အဲဒါဘာလို့ သူ့အပင်ကို ဖုံးနေတဲ့ အရွက်တွေက မျှရဲ့ လား (မမျှပါ) မမျှတော့ဘူး၊ ဒီအပင်ကြီး လေတိုက်တော့ အရင်တုံးက သူ တပင်တည်းဆိုတော့ လဲပါ့အုံးမလား.... (မလဲပါဘုရား)။

ခုတော့ အနှယ်တွေ ခံလိုက်ရတာနဲ့၊ ဘယ့်နှယ် ဖြစ်ကုန် ပြီလဲ (လဲ တော့ မှာ ပါ ဘု ရား)၊ အဲဒီတော့ ခင်ဗျားတို့လဲ အသက်ကြီးလေလေ၊ နှယ်မျှားလေလေ၊ လေတိုက်လို့လဲခါနီး လေလေ၊ ရိုပ်မိပြီလား (မှန်ပါ့)။

အဲဒါကြောင့် ခင်ဗျားတို့ မနှယ်ခင်က သူ့အမြစ်ကို ဖြတ်ပစ်လိုက်ရင် ကောင်းမယ်(မှန်ပါ)၊ ခုတော့ ခင်ဗျားတို့ ဖြစ်စဉ်က ဘယ့်နှယ်ဖြစ်နေ၊ နှယ်လို့တော့ ဝေဆာလှပြီဘုရား လေတိုက်ခံတို့သာ လိုတော့တယ်၊ ရိပ်မိပလား၊ ဘာလိုတော့သလဲ (လေသာလိုတော့ပါတယ်ဘုရား)။

လေသာစောင့်ကြပေတော့ လဲတော့မှာဘဲ၊ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါဘုရား)၊ ကိုင်းဒါဖြင့် အမှားတော်ပုံကတော့ သေးသေးမဟုတ်ဘူးအတော်ကြီးနေတော့ကို ဒကာဒကာမတို့ကဲ—ကြီးရင်လဲကြီးပါစေဗျာ၊ တချို့လဲအိုမှဘဲ ဖြတ်လို့ရတာရှိပါ သေးတယ်၊ မာလုံကြပုတ္တတို့ကို ဟောရတဲ့ တရားများဘုန်းကြီးက တဆင့်ဟောရတာပေါ့ဗျာ (မှန်ပါ)၊

အင်း.... အသက်(၇၀)ရှိနေပြီကွ၊ ဘယ့်နှယ်ကြောင့် ခုမှတရားထူးတွေ ငါ့ဆီလာတောင်းရတုံးလို့ ဘုရားကမေးတော့ဟိုတုံးကတော့ဘုရား ဟိုအလုပ်တွေ လုပ်နေရလို့ပါ၊ ဒါဘဲဖြေတော့တယ်(မှန်ပါဘုရား)၊

အဲဒီတော့ ... မာလုံကြ ပုတ္တ လုပ် တဲ့ အ လုပ် မျိုး ကို ဘဲ ခင်ဗျားတို့လုပ်လိုက်လို့ရှိရင် အို၁ပမဲ့လဲ အိုခြင်းကောင်းတော့ဖြစ်အုံးမှာဘဲ၊ ဒီအတိုင်း မလုပ်ဘဲနေရင်တော့ အိုခြင်းဆိုး (မှန်ပါ)သဘောကျပြီးလား(ကျပါဘုရား)။

နောက်တော့ အိုခြင်းဆိုးနှင့် နေရင်ဖြင့်၊ နာခြင်းဆိုးတော့ကော မနာရဘူးလား (နာရမှာပါဘုရား)၊ သေခြင်းဆိုးနဲ့ (သေရမှာပါဘုရား) ငြင်းနေဘို့ လိုသေးသလား (မလိုပါ

ဘုရား)အဲဒါ—ခုအချိန်ကလေးတော့ကျန်သေးတယ်(မှန်ပါ) သဘောကျပလား၊ အချိန်လေးကျန်တော့ ဝေတော့ဝေဆာ လှုပြီ (မှန်ပါ)၊ လေစောင့်ရင်းသာ လုပ်ပေတော့ (မှန်ပါ) ရိပ်မိပလား ဘယ်အချိန်လဲ (လေစောင့်ရင်းပါဘုရား)။

လေစောင့်ရင်း အင်း—ဝါဆို ဝါခေါင်ကလည်း နီးလာပြီ ကော၊ ကိုင်းဒါဖြင့် ဒကာဒကာမတို့ (၃၁)ဘုံမှာ ရှိရှိသမျှ သတ္တဝါတွေကို သတ်တဲ့ လက်သယ် ကို သိပလား (သိပါ ဘုရား) ဘယ်သူပါလိမ့် (သမုဒယသစ္စာပါဘုရား)

သမုဒယသစ္စာ ကောင်းပြီ ဘယ်သူဆိုးလို့ ဘယ်ဝါဆိုးလို့ ဆိုတဲ့ ခင်ဗျားတို့ရဲ့ စွဲချက်တွေ အကုန်ဖြတ်ပါတော့(မှန်ပါ) မဆိုထိုက်ဘူးလား(ဆိုထိုက်ပါဘုရား)၊ ဘာကို အရေးတကြီး မှတ်ရမယ်(သမုဒယသစ္စာပါဘုရား)။

သူ့ကိစ္စဘာတဲ့တုံး(ဒုက္ခဝတ္ထုဒုက္ခမှုတို့ကိုပေးမှာပါဘုရား) ဒုက္ခဝတ္ထု ဒုက္ခမှုတို့ကို ပေးမယ်ဆိုတော့ ခင်ဗျားတို့ကကော ကြည်ကြည်သာသာ လက်ခံပါမယ်ပေါ့၊ သဘောကျပလား (ကျပါဘုရား)။

အဲဒီတော့ ဒုက္ခဝတ္ထုဆိုတာ.... သေမှုလဲ သူပေးတာဘဲ၊ ာမှုလဲ....(သူပေးတာပါဘုရား) အဲ—ရောဂါဝေဒနာ အပြည့် အစုံ အနူအဝဲ ဖြစ်မှုကော (သူပေးတာပါဘုရား)၊ တိရစ္ဆာန် အမျိုးမျိုး ဖြစ်မှုကို သူပေးတာဘဲဆိုတော့သူပေးလို့ရှိရင်ဖြင့် သူပေးတဲ့ ခန္ဓာနဲ့ဘဲ ဆုံးရှုံးရတော့ သူသတ်တာဘဲ၊ မဆိုနိုင် ဘူးလား (ဆိုနိုင်ပါဘုရား)။

ဆိုနိုင်တော့ ဒကာဒကာမတို့ သူ့ကို သတ်မလား၊ သူ့ ပင်ရင်းကိုသတ်မလား.... (ပင်ရင်းသတ်ရပါဘုရား)၊ ပင်ရင်း သယ်လို့ရှိရင် ဒီတဏှာ ဘယ်ကလာသတုံး ဝေဒနာကလာ တာမှတ်လိုက်၊ ဒါဖြင့် မငြင်းနဲ့တော့ ငြင်းဘို့လိုသေးသလား (မလိုတော့ပါဘုရား)။

အဲဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောလိုက် တယ်၊ သုခဝေဒနာ မရှိရင် တဏှာလာမယ်၊ ဒုက္ခဝေဒနာ မရှိရင် (ဒေါသလာမယ်)၊ ဥပေက္ခာဝေဒနာ မရှိရင် (မောဟ လာမယ်)၊ မောဟလာမယ်ဆိုတော့ ခြော်....ဘုရားက ဆ ဆက္ကသုတ်မှာ ဟောတာက ခင်ဗျားတို့ တနေ့ကလဲ တခါပြော ပြီးပြီ၊ အခုနောက်လူတွေအတွက် ထပ်ပြီးသကာလ ပြောပါ အုံးမယ်။

သုခဝေဒနာ မရှိရင် ဘာလာမယ်.... (လောဘ)၊ ဒုက္ခ ဝေဒနာ မရှိရင်.... (ဒေါသ)၊ ဥပေက္ခာဝေဒနာ မရှိရင်.... (မောဟ)၊ မောဟ လာတော့ သူတို့က ပဋိစ္စသမုပ္ပါဒ် အကြောင်းတရားတွေ ဖြစ်တယ်(မှန်ပါ)၊ သူက မရှိတဲ့တဏှာ ပေါ့၊ တဏှာ,ဥပါဒါန်,ဘဝ,ဇာတိ,ဇရာ,မရဏ (မှန်လှပါ)၊ ဟိုက ဆက်မလား-မဆက်ဘူးလား.... (ဆက်ပါတယ်)၊ ဟိုက ဆက်တယ် သဘောကျပြီနော်....။

ဒီကလဲ ဒေါသဆိုတော့ ဒေါသဆိုတာသည် ဥပေက္ခာနှင့် တွဲမလားနဲ့အုံး၊ မောဟနဲ့ တူမလာဘူးလား၊ မောဟနဲ့ တွဲ လာတော့ အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်, ရုပ်, ဇာတိ, ဇရာ, မရဏ ဆက်မလာဘူးလား(မှန်ပါဘုရား)။

ဟုတ်လား ဒီကြတော့ တိုက်ရိုက်ကို မောဟဖြစ်တာဘဲ၊ ဥပေက္ခာဖြစ်တာဘဲ၊ ဖြစ်မှု ပျက်မှုတွေမသိရင် ဘာဆိုကြမယ် (အဝိဇ္ဇာ)၊ အဝိဇ္ဇာဖြင့် သင်္ခါရ ဝိညာဏ် နာမ် ရုပ် မလှည့်ဘူးလား(လှည့်ပါဘုရား)၊ လှည့်မယ်ဆိုတော့ ဩော်... ဒကာဒကာမတို့ သုတိုရေသောက်မြစ်၊ တဏှာ၏ ရေသောက်မြစ်လဲ ဝေဒနာဘဲ ဟုတ်လား(မှန်ပါ)၊ ဒေါသ၏ ရေသောက်မြစ်လဲ (ဝေဒနာ)၊ မောဟ၏ရေသောက်မြစ်ကော (ဝေဒနာဘဲ)။

ဒါဖြင့် ဒကာဒကာမတို့ ဩော်... ဒါက ပဋိစ္စသမုပ္ပါဒ်ကို အလယ်ကပြတ်တာ(မှန်ပါ)၊ သုခဝေဒနာရှုရင် ပဋိစ္စသမုပ္ပါဒ်ကို အလယ်က ပြတ်ထွက်သွားတယ်....(မှန်ပါ)၊ ဒုက္ခဝေဒနာရှုတဲ့အခါ ပဋိစ္စသမုပ္ပါဒ်သည် အဆုံးနားက ကပ်ဖြတ်တယ်.... (မှန်ပါ)၊ နောက်တပတ် ပြန်လှည့်မယ်၊ အဝိဇ္ဇာမလာဘူး.... (မှန်ပါဘုရား)။

သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ ဆိုတဲ့ဥစ္စာ အဝိဇ္ဇာရှိတဲ့ ပုဂ္ဂိုလ်မှဖြစ်တယ် (မှန်ပါ)၊ အဲဒါ အဆုံးကနေ ဖြတ်ယူတယ်၊ သဘောကျပလား (ကျပါဘုရား)၊ ကိုင်း.... ဒါဖြင့် ဥပေက္ခာဝေဒနာ ရှုတဲ့ပုဂ္ဂိုလ် ဘာလာမတုံး(မောဟလာမယ်) မောဟလာမယ်။

အဝိဇ္ဇာရှုတဲ့ပုဂ္ဂိုလ်က အစကပြတ်ပြီးသား ကိုင်း....ဒါဖြင့် သုခကိုရှုရင် သံသရာစခမ်း ဟုတ်လား အလယ်ကပြတ်မယ် (မှန်ပါ)၊ ဒုက္ခကိုရှုရင် အဆုံးက ပြတ်မယ် (မှန်ပါ)၊ ဆိုပြီး နောက် မလာတော့ဘူး၊ လာပါအုံးမလား (မလာတော့ပါဘုရား)၊ သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿပြီး နောက်ထပ် လာသေးရဲ့လား(မလာပါဘုရား)။

ဥပေက္ခာရှုလိုက်လို့ရှိရင် ပဋိစ္စသမုပ္ပါဒ် ဘယ်ကစပြီး ပြတ်သွားသလဲ.... (အစကပါ ဘုရား)၊ အံ့မလေး ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် ပြတ်တရားအစစ်ဘဲ (မှန်ပါ)၊ မဆိုနိုင်ကြဘူးလား ဒကာဒကာမတို့(ဆိုနိုင်ပါဘုရား)၊ သုခဝေဒနာမရှုရင် တဏှာလာမယ်၊ ရှုလိုက်လို့ရှိရင်ဖြင့် ပဋိစ္စသမုပ္ပါဒ် ဘယ်ကနေပြတ်မယ်....(အလယ်ကနေ ပြတ်ပါမယ်ဘုရား)၊ ဒုက္ခဝေဒနာရှုရင် ဘယ်ကနေပြတ်မယ်(အဆုံးကနေပြတ်ပါမယ်ဘုရား) ဥပေက္ခာဝေဒနာရှုရင် (အစကပြတ်ပါမယ်ဘုရား)။

အဲ .. အစကပြတ်မယ်ဆိုတော့ ပဋိစ္စသမုပ္ပါဒ်ဆိုတာ ကျုပ်တို့၏ အဝိုင်းပြေးကိုဆိုတာ သဘောကျပလား(ကျပါဘုရား) ကျုပ်တို့ အကုန်ဖြတ်နိုင်တဲ့ သတ္တိရှိတယ်(မှန်ပါ)၊ မရှိဘူးလား ရှိသလား (ရှိပါဘုရား)၊ အဲဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သုခဝေဒနာ နောက်ကတဏှာကို မသတ်နိုင်ရင်၊ ဒုက္ခဝေဒနာနောက်က ဒေါသကို မသတ်နိုင်ရင်၊ ဥပေက္ခာဝေဒနာနောက်က မောဟကို မသတ်နိုင်လို့ရှိရင်ဖြင့် ဒီဘဝ မင်းတို့နိဗ္ဗာန်ရလိမ့်မယ်လို့ ငါဘုရားမဟောဘူး(မှန်ပါ)။

ဆ,ဆက္ကံသုတ်မှာ နောက်ပွင့်လတံ့ ဘုရားတွေလည်း ဟောလိမ့်မည်မဟုတ်ဘူး....(မှန်ပါ)၊ ဘုရားတိုင်း လက်လွတ်တယ်၊ ဘုရားအဆူဆူလွှဲတယ်ဆိုတာ ပေါ်ပလား(ပေါ်ပါပြီဘုရား)၊ ငါဘုရားလဲ မဟောဘူးတဲ့၊ သုခဝေဒနာနောက်က လောဘကို မင်းတို့မသတ်နိုင်လို့ရှိရင်၊ ဒုက္ခဝေဒနာနောက်က ဒေါသကို မသတ်နိုင်ရင်၊ ဥပေက္ခာဝေဒနာနောက်က မောဟကို မသတ်နိုင်လို့ရှိရင်ဖြင့် ဒီဘဝ နိဗ္ဗာန် ရလိမ့်မယ်လို့ ငါဘုရားလဲ မဟောဘူး(မှန်ပါဘုရား)။

ငါ၏ နောင် တော် ဖြစ်တဲ့ ရှေး ဘုရားတွေလဲ မဟောဘူး နောက် လာလတံ့ အနာဂါတ် ဖြစ် မည့် ဘုရား တွေကော (မဟောပါဘူးဘုရား) ဒါဖြင့်ရင် ဘယ်တော့မှ နိဗ္ဗာန်မရဘူး လို့ ပြောတယ် ရှင်းပလား၊ ဘယ်တော့မှ ဒုက္ခငြိမ်းသိမ်း ငြိမ်း လိမ့်မယ်ဆိုတာ ယုံကြည်စရာရှိရဲ့လား(မရှိပါဘုရား)။

အဲဒါဘုန်းကြီးက ဒကာဒကာမတွေ သင်ပေးတယ်၊ ဘယ်လို သင်ပေးသလဲ ဆိုလို့ရှိရင်ဖြင့် ဘုရားတာဝန်ခံတဲ့တရားက ဒါဖြတ်ရင်ရမယ်....၊ ဒါဖြတ်ရင် ရမယ်ဆိုတော့ ဒီဘဝ နိဗ္ဗာန် ရမယ်လို့ ဟောပြန်တယ်(မှန်ပါဘုရား)။

သုခဝေဒနာ သတ်လိုက်လို့ရှိရင်ဖြင့်တဲ့ ဖြစ်ပျက်ရှုနိုင်လို့ရှိရင် ဒီဘဝ နိဗ္ဗာန်ရလိမ့်မယ်လို့ ငါကိုယ်တိုင် ဟောတယ် တိဟိတ် ဒွိဟိတ်တွေ မရွေးဘူး၊ (မှန်ပါ) သူတာဝန်ခံလိုက် တယ်၊ သဘောကျပလား (ကျပါဘုရား)။

သည်ဘဝ ဒွိဟိတ်ဖြစ်လဲ၊ နောက်ဘဝ တိဟိတ်ဖြစ်ပြီး ကိစ္စပြီးမှာဘဲ၊ ဘာပြုလို့ တိဟိတ် ဒွိဟိတ် ရွေးနေရသလဲ ရွေးစရာ လိုသေးလား (မလိုပါဘုရား)။

ဒွိဟိတ်လဲ ရှုသာရှု၊ တိဟိတ်ကော (ရှုသာရှု) ရှုသာရှုတဲ့ ဒီဘဝနဲ့ နောက်ဘဝဘဲ ရမှာတော့သေချာတယ် (မှန်ပါ) မသေချာဘူးလား- သေချာတယ် ကောင်းပြီ၊ ဒုက္ခဝေဒနာ ရှုမယ် ဆိုလို့ရှိရင်လဲ ဒကာဒကာမတို့ ဒီဘဝ ဘာဖြစ်မယ် (နိဗ္ဗာန်ရမယ်) ဥပေက္ခာဝေဒနာ ဖြစ်ပျက် ရှုလိုက်ရင်ကော (နိဗ္ဗာန်ရမယ်)၊

အဲဒါမရှုဘဲနဲ့ ဒီတရားတွေသာ လာနေမယ် ဆိုလို့ရှိရင် ငါဘုရားလဲ ဒီပုဂ္ဂိုလ်ကို ဒီဘဝနိဗ္ဗာန်ရလိမ့်မယ်လို့ မဟောပါဘူး၊ ဒုတိယဘဝကော(မဟောပါဘုရား)နောက်တတိယဘဝကော(မဟောပါဘုရား) ဘယ်ဘုရားမှ မဟောတဲ့အလုပ်ကို ကျုပ်တို့ကလုပ်လို့ မတော်ဘူး၊(မှန်ပါ့) ဘယ်ဘုရားမှ မဟောပါဘူးဆိုတာ သိပလား (သိပါပြီ) ဒါဖြင့် ကျုပ်တို့ ဒီအလုပ် လုပ်သင့်သလား၊ မလုပ်သင့်ဘူးလား (မလုပ်သင့်ပါဘုရား)။

လုပ်သင့်တယ် ဆိုလို့ရှိရင်ဖြင့် ကျုပ်တို့က လွတ် လွတ် လပ်လပ် နေရတာလား၊မလွတ်လပ်ဘဲနဲ့ အခုနေရတာလား ဇရာနဲ့ ဗျာဓိကရိုက်ပြီးသုဿန်ပို့နေတာ (မှန်ပါ)ခင်ဗျားတို့ကျုပ်တို့ကို မပို့ဘူးလားနေ့တိုင်း(ပို့ပါတယ်ဘုရား)ပို့နေတော့ အဲဒီအရိုက် ခံရင်းလုပ်ကြ(မှန်ပါ)သဘောကျပြီလား(ကျပါပြီဘုရား)။

ဇရာနဲ့ ဗျာဓိက ဘာလုပ်နေတုံး (ရိုက်နှက်နေပါတယ် ဘုရား) ရိုက်နှက်ပြီး ဘယ်မောင်းနှင်ထုတ်နေသတုံး(မရဏာပါ ဘုရား) သုဿာန်ဆိုလိုက် ပါတော့ဗျာ၊ မရဏာဆိုတာ စာသိ ပါနေတယ်၊ အဲဒီ....မောင်းနှင်ထုတ်နေတာ ဘယ်သူပါလိမ့် (ဇရာရယ် ဗျာဓိရယ်ပါဘုရား)။

အေး.... ဇရာနဲ့၊ဗျာဓိက မောင်းနှင် ထုတ်နေတာကတော့ နေ့တိုင်းဖြစ်နေတယ် (မှန်ပါ) နာရီပိုင်းကော (နှင်ထုတ်ပါ ဘုရား)။ စက္ကန့်ပိုင်းကော (နှင်ထုတ်ပါဘုရား) ဒါဖြင့်တပည့် တော်တို့ ဘယ်အချိန် လုပ်ရမှာတုံး....၊အဲဒီသုဿာန် သွားရင်း သာ လုပ်ပေတော့(မှန်ပါဘုရား)။

ဒါဘဲ ဦးဘကြည် ဘယ်အချိန် လုပ်ရမှာလဲ (သုသာန် သွားရင်းပါဘုရား) ရှင်းပလား (ရှင်းပါဘုရား) ဒီလိုမှမလုပ်ရင်တော့ ဘုန်းကြီးလဲ မတတ်နိုင်တော့ဘူး ဒကာဒကာမတို့ (မှန်ပါ့)သုသာန်သွားရင်းလုပ်တော့ ဒီတခါသာ သွားရမယ် နောက်တော့ သွားဘို့မရှိတော့ဘူး(မှန်ပါဘုရား)။

ဟာ သွားရင်းမှ၊ မလုပ်တော့ပါဘူးဆိုရင် နောက်တခါလည်း၊ ဒီသုသာန်ပြန်ရောက် အုံးမှာဘဲ၊ နောက်တခါ ပြန်ရောက်တော့ကော....(ဒီသုသာန်ရောက်မှာပါဘုရား) ဒါဖြင့် ဘယ်အချိန် လုပ်ရပါလိမ့် (သုသာန် သွားရင်းပါ ဘုရား) သုသာန်သွားရင်း လုပ်ရမယ်ဆိုတာပေါ်ပလား (ပေါ်ပါပြီ ဘုရား)။

ကောင်းပြီ ဒကာဒကာမတို့ အသုဘတွေ ပို့ကြတယ် ဆိုင်ရာ ဆိုင်ရာ၊ ခင်ရာမင်ရာအတိုင်း သွားကြလာကြတယ်ပေါ့ဗျာ မသေသေးတဲ့ လူကတော့၊ ကိုယ့်အိမ်ကိုပြန်ပြီး ထီးလေး ဘာလေး ဆောင်းလို့ ပြန်ခဲ့ကြတာပေါ့ဗျာ(မှန်ပါ) တော်တော်ကြာကြတော့ သူတို့ ဒီနေရာ သွားကြရတာဘဲဗျာ (မှန်ပါ့) ပြန်လိုက် ဟုတ်လား ပြန်နိုင်တုံး ပြန်တာဘဲ၊ နောက်ဆုံးဘိတ်တနေ့ကြတော့ ဦးချစ်ခ ပြန်သေးရဲ့လား (မပြန်တော့ပါ ဘုရား)။

မပြန်တော့ဘူး ဆိုတော့.... ခင်ဗျားတို့ သုသာန် သွားပြီး သကာလ၊ နေတဲ့ဥစ္စာ၊ ခင်ဗျားတို့ပြန်ပေမဲ့လဲ အဲဒါသုသာန်က ပြန်တာမဟုတ်ဘူး၊ ဟုတ်ပလား(မှန်ပါဘုရား)။

အမြင်တော့ သုဿာန်ကပြန်တာဘဲသိုသော်ဒီသုဿာန်ကို လာတုံးကနဲ့၊ကိုယ့်အိမ်ကိုပြန်တာနဲ့ ဘယ်ဟာကနီးသတုံးလို့ တခါပြန်မေး (ပြန်တဲ့အချိန်က နီးပါတယ်ဘုရား)၊ ပြန်တဲ့ အချိန်ကနီးဆို ဒီထက် အိုလာတာကိုဗျ ရိပ်မိကြပလား(မှန်ပါ ဘုရား)။

အင်း....အခု ကံကောင်းလို့ ပြန်နိုင်ပေမဲ့ ခင်ဗျားတို့က သေဘို့ရာ အရင်ထက်နီးတယ်လို့ ဘုန်းကြီးကပြောတာ ရိပ်မိ ပသား(မှန်ပါ)၊ဘယ်လိုပါလိမ့်(အရင်ထက်နီးပါတယ်ဘုရား) ကျုပ်တို့ကတော့ဖြင့် မသေသေးလို့ ပြန်နိုင်သေးရဲ့ တော် သေးရဲ့လို့အောက်မေ့မနေနဲ့(မှန်ပါ) ၊ဒါစကား အဆန်း သုံးတာ မဟုတ်ပါဘူး (မှန်ပါ)၊ အိုမှု နာမှု တိုးလာတာကို သေချာအောင်လို့ပြောတာပါ....(မှန်ပါဘုရား)။

ဒါဖြင့် သုဿာန်ကိုသွားကြတော့ ပြန်လာတယ်၊ ပြန်လာ တော့ ဘယ်လို ကိုယ့်ကိုယ်ကို သံဝေဂရအောင် လုပ်ကြတုံး၊ ဒို့တော့ မအိုသေးလို့ ပြန်နိုင်သေးတယ် ဆိုမလား....(မဆို ပါဘုရား) အင်း....တို့သည်ကား အရင်ထက် နီးသည်ထက် နီးလာတယ်ဆိုပြီး ပြန်ပါ၊ ဘုန်းကြီးက ပြောင်းပြန်ပြောနေ တယ်လို့ခင်ဗျားတို့ ထင်နေအုံးမှာလား ?(မထင်ပါဘုရား)။

မထင်ပါနဲ့၊ ဇရာ,ဗျာဓိက အရင်ထက် ခင်ဗျားတို့ကို နှိပ်စက်တာ များလှပြီ (မှန်ပါ)၊ အရင်ထက် သုဿာန်နီးပြီ ဆိုတာကော (မှန်ပါ)၊ တစက္ကန့်ထက် တစက္ကန့် မအိုဘူးလား

(အိုပါဘုရား)၊ တစက္ကန့်ထက် တစက္ကန့် မနာဘူးလား(နာပါဘုရား)၊ အဲဒီကဲ့သို့ နာတော့ ဒကာဒကာမတွေ ဒါပြန်လာတာလား၊ သဘာဝနဲ့ ပိုနီးလာတာလား....(ပိုနီးလာတာပါဘုရား)အဲနီးပေမဲ့နီးလေလေဒီဥစ္စာမျှားမျှားလုပ်ပါ(မှန်ပါ)၊ မလုပ်ရင် ရပါ့မလား....(မရပါဘုရား)။ အဲ....လုပ်ပါဆိုတော့ ကို သူပေါ်တိုင်း-ပေါ်တိုင်း ဘာလုပ်ရမတုံး....(ဖြစ်ပျက်ရှု)၊ ဖြစ်ပျက်ရှုရမယ်၊ ဝေဒနာပေါ်တိုင်း ပေါ်တိုင်း ဖြစ် ပျက် ရှု ရမယ် (မှန်ပါဘုရား)။

ဒီသုခဝေဒနာကို ဖြစ်ပျက်ရှုရင် ပဋိစ္စသမုပ္ပါဒ် ဘယ်က ပြတ်သတုံး....(အလယ်က ပြတ်ပါဘုရား)၊ ဒီဒုက္ခဝေဒနာကို ဖြစ်ပျက်ရှုရင်....(အဆုံးက ပြတ်ပါဘုရား)။ ဒီ ဥပေက္ခာဝေဒနာကို ဖြစ်ပျက်ရှုရင်.... (အစက ပြတ်ပါဘုရား)၊ ဒါဖြင့် ခင်ဗျားတို့ နောက်သံသရာ ရှိသေးရဲ့လား....(မရှိပါဘုရား)၊ နောက်ကသံသရာမရှိရင် ကိစ္စမပြီးသေးဘူးလား....(ပြီးပါပြီဘုရား)။ ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့.....။

(သာဓု.... သာဓု.... သာဓု....)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း
ကျေးဇူးတော်ရှင်
အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား
ဟောကြားတော်မူသော

# သမုဒယသစ္စာ၏ အနက်လေးချက်

တို့တွင်

## သံယောဂဋ္ဌော တရားတော်။

ရှေးဦးစွာ ဝေဒနာတို့၏ သက္ကာယဒိဋ္ဌိ ဖြစ်ပုံနှင့် သက္ကာယဒိဋ္ဌိချုပ်ပုံကို အရင်ပြမယ်၊ ပထမရှေးဦးစွာ သက္ကာယဒိဋ္ဌိဖြစ်ပုံကို ပြမယ်၊ နောက် သက္ကာယဒိဋ္ဌိ ချုပ်ပုံကိုပြမယ်၊ ပြီးတော့မှ ဒကာဒကာမတို့ မနေ့ကတော့ သမုဒယဿ အာယူဟနဋ္ဌော ဆိုတာ တစ်နံပါတ်သိခဲ့ပြီ နိဒါနဋ္ဌောဆိုတာလဲ မနေ့ကသိခဲ့ပြီ

သည်နေ့ သံယောဇဉ်ဓမ္မ၊ကို ဆက်ဟောမယ်၊ သံယောဇဉ်ဓမ္မ ကို ဆက်ဟောမယ်လို့ဆိုတော့ သံယောဇဉ်ဓမ္မ၏ အကြောင်း အကျိုးတွေ မဟောမိ၊ သံယောဇဉ်ဓမ္မဟာ ဘယ်သူ့ကြောင့် ဖြစ်ရတယ် ဆိုတဲ့ဥစ္စာ သက္ကာယ ဒိဋ္ဌိဖြစ်ကြောင်း ရှေးဦးစွာ ဟောမယ်(မှန်ပါဘုရား)။

ဥပမာ ခန္ဓာ ငါးပါး ရှိတဲ့ အနက်က ဝေဒနာက နေပြီး သကာလ၊နိဗ္ဗာန်ကူးကြမဲ့ပုဂ္ဂိုလ်တွေ ဝေဒနာတခုကျိုးစားရင် ကျန်တာတွေ အကုန်ပါတယ်ဆိုတာလဲ သိနေတော့ ဝေဒနာ နှင့် သဟဇာတဖြစ်တာတွေဟာ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာ ၎င်း ဝေဒနာနှင့် သဟဇာတ ဖြစ်တဲ့ ဝေ ဒနာ ရုပ် တွေ လဲ၊ ဝေဒနာချုပ်ရင် နောက်ကလိုက်ချုပ်တဲ့အတွက် ခန္ဓာငါးပါး အကုန် ပါတယ်လို့ ဒကာ ဒကာမ တွေက မှတ်ပါ (မှန်ပါ) ဝေ ဒ နာ တ လုံး ရှု ရင် ခ န္ဓာ ငါး ပါး အ ကုန် ပါတယ်လို့ ဦးခင်မောင်တို့ မှတ်ထားရမယ်(မှန်ပါ)။

ကောင်းပြီဒါဖြင့်ဒကာဒကာမတွေသဏ္ဌာန်မှာသုခဝေဒနာ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ ရယ်လို့၊ ဝေဒနာသုံးပါး ရှိ တယ်၊ ဆိုတာ သိပြီး သား နော် (မှန်ပါ) ချမ်းသာလို့ ရှိရင် စိတ် ၏ ချမ်း သာ ချမ်း သာ၊ ကိုယ် ၏ ချမ်း သာ ချမ်း သာ ဘာဝေဒနာပေါ်တုံး (သုခဝေဒနာ) စိတ်ချမ်းသာလဲ သုခ ဝေဒနာဘဲ။

စိတ် ချမ်းသာတာကသုခလို့ဆိုရင်လဲခင်ဗျားတို့ ထင်ထင် ရှားရှား မှတ်ချင်လို့ရှိရင် သောမနဿ ဖြစ်ထာလို့ ဆိုထိုက်

တာ ပေါ့ (မှန်ပါ) စိတ် ချမ်း သာ တယ် ဆို လို့ ရှိရင် ဖြင့် သောမနဿ ဝေဒနာ၊ ကိုယ် ချမ်း သာတယ် ဆိုလို့ရှိရင် သုခ ဝေဒနာ(မှန်ပါ) မှတ်မိရဲ့လား (မှန်ပါ) စိတ် ချမ်းသာရင် ဘာပါလိမ့် (သောမနဿဝေဒနာ) ကိုယ်ချမ်းသာရင် (သုခ ဝေဒနာ) အဲဒါ (၂)ခု ပေါင်းလိုက်တော့ သုခ ဝေဒနာလို့ ရောခေါ်လဲ ရတာဘဲ (မှန်ပါဘုရား)။

သို့သော် ဝိပဿနာရှုတဲ့ အခါကြလို့ရှိရင်ဖြင့် သူသေတဲ့ နေရာမှန်အောင်လို့ စိတ်ချမ်းသာရင် ဝမ်းထဲမှာ၊ သောမနဿ ဝေဒနာပေါ်တယ်၊ ပျက်တယ်လို့ စိတ်ချမ်းသာပြီးတဲ့နောက် ကို၊ စိတ်ချမ်းသာတာ ရှိမရှိကို စစ်ဆေးပါ၊ စစ်ဆေးလိုက်တဲ့ အခါကြတော့ စစ်ဆေးတဲ့ တရားလဲလာပါရော့ စိတ်ချမ်းသာ မှု၊ မရှိဘူးဆိုတာ ခင်ဗျားတို့ သိပါလိမ့်မယ်(မှန်ပါ့)၊

ကောင်းပြီ ဒါ—သုခဝေဒနာ ကိုယ်ပေါ်မှာ ပေါ်တယ် ဝမ်းထဲမှာပေါ်တယ် (၂)ချက်ပေါ့ဗျာ(မှန်ပါ)ဒုက္ခဝေဒနာ ဆိုတာလဲ ဒုက္ခဝေဒနာက ကိုယ်ပေါ်မှာပေါ်တယ်၊ဒေါမနဿ ဝေဒနာက ဝမ်းထဲ ဟဒယ ဝတ္ထုပေါ်မှာ ပေါ်သည် မှတ်မိ ပလား (မှတ်မိပါဘုရား) ဒုက္ခဝေဒနာက ဘယ်မှာ ပေါ်တုံး (ကိုယ်ပေါ်မှာပါဘုရား)။

ဒေါမနဿ ဝေဒနာက (ဟဒယဝတ္ထုပေါ်မှာပါဘုရား) အင်း ဟဒယဝတ္ထု ပေါ်မှာ ပေါ်တယ် နှလုံး သွေး ထဲမှာ ပေါ်ရတယ်လို့ မှတ်ထားတော့ ဩော်.... ဒုက္ခဝေဒနာရှုရင် ကိုယ်ပေါ်မှာရှုရမှာဘဲ၊

ဒေါ်မနုဿ ဝေဒနာရှင် ဟဒယဝတ္ထုပေါ်မှာ ငှါရမှာဘဲ ဆိုဒါ ဒကာဒကာမတွေ မှတ်ထားလိုက်ပါ (မှန်ပါ) ဥပေက္ခာ ဝေဒနာကတော့ နေရာလေး နဲ့နဲ့များတယ် မြင်ကာမမှတ္တ မှတ်ပါ၊ မျက်လုံးထဲမှာ မြင်ကာမမတ္တမှတ်ပါလေ မြင်တယ် အဖြူမြင်တယ်၊ အနီမြင်တယ်ဆို မြင်ကာမမတ္တမှတ်ပါ ဒါ ဥပေက္ခာဝေဒနာဘဲ၊ ကြားကာမမတ္တ (ဥပေက္ခာဝေဒနာဘဲ) နံကာမမတ္တ(ဥပေက္ခာဝေဒနာဘဲ)ကောင်းပြီ သားကာမမတ္တ (ဥပေက္ခာဝေဒနာဘဲ)

အဲ....ဥပေက္ခာ ဝေဒနာ လေးမျိုး ဝမ်းထဲမှာတော့ကို ဘယ်လိုဟာ ဥပေက္ခာ ခေါ်သတုံးလို့.... မေးလို့ ရှိရင်ဖြင့် သားတွေ—သမီးတွေ ဆွေမျိုးတွေ၊ ပန်းတွေ အလုံးပုံ ကံသာ လျှင်အမိ ကံသာလျှင်အဖ ကမ္မသကာလို့ထားလိုက်တဲ့အခါ ကြလို့ရှိရင်ဖြင့် ဝမ်းထဲမှာ ဥပေက္ခာ ဝေဒနာ ပေါ်သည် (မှန်ပါ)သဘောကျပလား(ကျပါဘုရား)။

ကံသာအမိ ကံသာအဖလို့၊ ကမ္မသကာလို့ ထားလိုက်တဲ့ အခါကြလို့ရှိရင်ဖြင့် ဘာပေါ်ပါလိမ့်....(ဥပေက္ခာဝေဒနာပေါ် ဘုရား)၊ ဒါဖြင့် ဥပေက္ခာပေါ်နိုင်တဲ့နေရာ ငါးနေရာ(မှန်ပါ) သဘောကျပလား (ကျပါပြီဘုရား)၊ အဲသည်တော့ ငါးနေ ရာမှ မသိကြလို့ရှိရင် သင်းချိုင်းမသိလို့၊ အသုဘာ ရှုရာမရှိ တဲ့အဂ်ိပွါယ် ပျောက်တယ်၊ ဝိပဿနာဥာဏ် ဘယ်နေရာဆိုက် ရောက်လာတုံး မေးခွန်းထုတ်လို့ရှိရင်ဖြင့် သူသေတဲ့နေရာ၊ သူ ပေါ်တဲ့နေရာ ဆိုက်အောင်ရှုပါဟု သူသေတာ မြင်ရမယ်.... (မှန်ပါ)၊ နို့ပို့မြင်ရပါ့မလား (မမြင်ရပါဘုရား)။

အေး ဒါကြောင့် ဒီဝေဒနာတွေကို ဒကာဒကာမတွေအား သက္ကာယ ဘယ်လိုဖြစ်တယ်ဆိုတာ ရှင်းပေးမယ်၊ သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာ ပေါင်းကြစို့နော်၊ ပေါ်တာ ရှုပေါ့ သူ့ဟာနှင့်သူ ဝိပဿနာရှုတဲ့အခါ ပြန်ရှုရမယ်ဆိုတာ သိနေပေါ့၊ သုခဝေဒနာဆိုတော့ ဘာပွါးမှန်းမသိဘူး ငါ ကိုယ်ဖြင့် နေရထိုင်ရတာ သိပ်ချမ်းသာတာဘဲဆိုတော့ သုခ ဝေဒနာကို ငါစွဲတယ်၊ ငါနေရတာ ချမ်းသာတယ် ဆိုတော့ သုခဝေဒနာကို ဘာထင်ကြတုံး (သုခဝေဒနာကို ငါထင်ကြ ပါတယ်ဘုရား) ဒါဖြင့်သုခဝေဒနာကို ငါထင်သောကြောင့် သက္ကာယဒိဋ္ဌိ မဖြစ်သေးဘူးလား (ဖြစ်ပါဘုရား)။

ငါဝမ်းသာလိုက်တာဟေ့ဆိုတော့ သောမနဿ ဝေဒနာ ကို ငါစွဲတယ် (မှန်ပါဘုရား) ငါဝမ်းသာလိုက်တာ ဆိုတော့ ဘာတဲ့(သောမနဿဝေဒနာငါစွဲပါတယ်ဘုရား) ဒါသက္ကာယ ဒိဋ္ဌိဘဲ၊ သက္ကာယဒိဋ္ဌိ ဖြစ်ပုံသည်သုခဝေဒနာကိုငါ့ကိုယ်ငါ့ဟာ ငါ့ဥစ္စာလို့ စွဲထင်လို့ရှိရင်ဖြင့် သက္ကာယဒိဋ္ဌိသာမှတ်ပါ (မှန် ပါ့ဘုရား)။

သုခဝေဒနာကို ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာထင်ရင် ဘာ ဆိုကြ(သက္ကာယဒိဋ္ဌိပါဘုရား) အင်း—ဒါတွေ ဒကာဒကာမ တွေက စဉ်းစားရမယ်၊ အဲဒါကြောင့် ဆ ဆက္ကသုတ် ပါဠိ တော်က "သုခဝေဒနာ တေံမမ သောဟမသ္မိ သောမေ အတ္တာတိ သမနုပဿတိ အယံဒုစ္စတိ ဘိက္ခဝေ သက္ကာယ သမုဒယော"။

ဒါသက္ကာယ ဖြစ်တာဘဲကွလို့ ဝေဒနာကို ငါကိုယ် ငါဟာ ငါ့ဥစ္စာထင်နေရင် ဘာဆိုကြမယ်....(သက္ကာယဒိဋ္ဌိပါဘုရား)၊ အင်း....ဒါတွေကို ဒကာ ဒကာမတွေက စဉ်းစားရမယ်၊ ငါ ချမ်းသာလိုက်တာ ငါ့ကိုယ်ဖြင့် ချမ်းသာလိုက်တာဆိုရင် ကိုယ်ပေါ်မှာရှိတဲ့ သုခဝေဒနာကို သက္ကာယဒိဋ္ဌိ ဖြစ်တာဘဲ၊ ငါ ဝမ်းသာလိုက်တာ ဆိုတော့ ဝမ်းထဲကသောမနဿကို သက္ကာယဒိဋ္ဌိဖြစ်တာနော် ... ငါ့ကိုယ်ဖြင့်ကွာ ဆင်းရဲလိုက်ဘာဆိုလို့ ရှိရင်ဖြင့် ဒုက္ခဝေဒနာကို ငါစွဲသောကြောင့် သက္ကာယဒိဋ္ဌိ မဖြစ်ဘူးလား (ဖြစ်ပါဘုရား)။

ငါစိတ်ဆင်းရဲလိုက်ဘာဆိုသဖြင့်· စိတ်နှင့် ငါနှင့် ရောမနေဘူးလား (ရောပါဘုရား) ရောနေတော့ သူ့ ဘာဆိုကြမလဲ (သက္ကာယဒိဋ္ဌိပါဘုရား) ဒုက္ခဝေဒနာကို သက္ကာယဒိဋ္ဌိစွဲတာ သဘောကျပလား(ကျပါဘုရား)

ငါမြင်တယ် မြင်တာက ဥပေက္ခာ ဝေဒနာ၊ ဥပေက္ခာ သဟဂုတ် စက္ခုဝိညာဏ်က မြင်တာ (မှန်ပါ) အဲဒါ ငါမြင်တယ်ဆိုတော့ ဥပေက္ခာကို ဘာဆိုကြမယ်.... (သက္ကာယဒိဋ္ဌိ) ငါကြားတယ်....(သက္ကာယဒိဋ္ဌိ)ငါနံတယ် ... (သက္ကာယဒိဋ္ဌိ) ငါစားတယ်....(သက္ကာယဒိဋ္ဌိ) ငါတော့ကွာ ဘယ်လိုဖြစ်ဖြစ် ထားလိုက်တာဘဲ၊ သားရေး သမီးရေး ပစ္စည်းရေး ဘာဖြစ်ဖြစ် ထားလိုက်တာဘဲ၊ သူတို့ဟာသူတို့ ဘယ်လိုဖြစ်ဖြစ် ထားလိုက်တာဘဲ ဒါ ဘာထင်ကြတုံး.... (သက္ကာယဒိဋ္ဌိပါဘုရား)၊ သက္ကာယဒိဋ္ဌိ ဥပေက္ခာဝေဒနာကို သက္ကာယဒိဋ္ဌိ ဖြစ်နေတာ စွဲနေတာသဘောကျပလား (ကျပါဘုရား)။

ခြေ၁်....ဒါဖြင့် သက္ကာယဒိဋ္ဌိ ဖြစ်တယ် ဆိုလို့ရှိရင်ဖြင့် ဝေဒနက္ခန္ဓာကို ငါ့ကို ငါ့ဟာ ငါ့ဥစ္စာထင်ရင် သက္ကာယဒိဋ္ဌိ သုခဝေဒနာကိုငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာထင်ရင် ဘာဆိုကြမယ် (သက္ကာယဒိဋ္ဌိပါဘုရား) ကောင်းပြီ ဒုက္ခဝေဒနာကို ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာထင်ရင်ဘာဆိုကြမလဲ(သက္ကာယဒိဋ္ဌိ ပါဘုရား) ဥပေက္ခာ ဝေဒနာကို ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ ထင်ရင်ကော (သက္ကာယဒိဋ္ဌိ ပါဘုရား)။

ခြေ၁်.... သက္ကာယဒိဋ္ဌိဆိုတာ သည်လိုကိုး သက္ကာယဒိဋ္ဌိ ဆိုတာက ဒကာဒကာမတို့ ဝေဒနာကို ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ လို့ ထင်နေရင် သက္ကာယဒိဋ္ဌိလို့ မှတ်ပါ (မှန်ပါ)။

အကျဉ်းချုပ်ကြတော့နော်.... ဝေဒနာ နှင့် ငါနှင့်က ရော နေတယ် မီးနှင့် အရောင် နှင့် ဟာ အရောင်သည်ပင်လျှင်မီး မီးသည်ပင်လျှင်အရောင် ဆိုလို့ရှိရင် ဒါအတော်ခဲရင်းပါတယ် (မှန်ပါ) မီးက ပူတတ်တယ် အရောင်က လင်းတတ်တယ် (မှန်ပါ) အဲဒါ တသားထဲ ယူလိုက်မယ် ဆိုလို့ရှိရင်ဖြင့် ဒါ ရောမနေဘူးလား (ရောနေပါဘုရား)။

မီးနှင့် အရောင် အတူတူဘဲလို့ ရောယူလိုက်မယ် ဆိုရင် ရောနေတာ(မှန်ပါ) သည်ဝေဒနာနှင့် ငါနှင့်ဟာ အတူတူယူ လိုက်သလို မယူကြဘူးလား (ယူကြပါတယ်ဘုရား)။

ထိုကဲ့သို့ယူတော့ကို ငါသည် ဘာဖြစ်တာတုံးလို့ ဆိုလို့ ရှိရင်ဖြင့် ဒကာဒကာမတို့ သက္ကာယဒိဋ္ဌိ ကေန်ဖြစ်ပါတယ် (မှန်ပါ)မဆိုနိုင်ဘူးလား(ဆိုနိုင်ပါဘုရား)။

မီးနှင့်အရောင်သည် ဦးဘဒင် မီးကပူတယ်နော် အရောင်ကလင်းတယ်နော် အဲဒါ အတူတူဘဲဆိုတော့ မတူတာကြီးအတူတူလုပ်ထားတဲ့အတွက် မမှားဘူးလား (မှားပါဘုရား) သည်မှာလဲ ဝေဒနာခံစားတတ်တယ်။

ငါဆိုတာက တကယ်ရှိတာ မဟုတ်ဘူး၊ တကယ်ရှိတာမဟုတ်ဘဲနဲ့ ဝေဒနာဟာ ငါဘဲလို့ ယူလိုက်တယ်၊ ငါချမ်းသာတယ်၊ ငါဆင်းရဲတယ်၊ ငါလစ်လျူရှုထားနိုင်တယ်ဆိုတော့ ဝေဒနာနှင့် ငါနဲ့ ဘယ်နှယ်နေကြသလဲ(တခါတည်းရောနေပါတယ်ဘုရား)၊တခါတည်းရောနေတော့ မီးနဲ့အရောင်အတူတူဘဲ....(မှန်ပါ)၊ သည်လိုယူလိုက်တော့ သက္ကာယဒိဋ္ဌိ မဖြစ်ဘူးလား.... (ဖြစ်ပါ ဘုရား)။

အေး....ဒါကြောင့် မီးကုန်လျှင် အရောင်ကုန်တယ်လို့ တခါထဲ ဖြစ်ပြီး ပျက်ပြီး ပျောက်သွားတာဘဲဆိုပြီး သူကသက်သက် ဥစ္ဆေဒဒိဋ္ဌိဘက် ပြေးတတ်တယ်နော်....(မှန်ပါ)၊ ဒါကြောင့် ဒကာဒကာမတွေကို ပြောရတယ် သက္ကာယဒိဋ္ဌိ ဖြစ်ကြောင်း သိပလား....(သိပါဘုရား)။

ဝေဒနာကို ငါ့ကိုယ်,ငါ့ဟာ,ငါ့ဥစ္စာထင်ရင် ဘာတုံး.... (သက္ကာယဒိဋ္ဌိပါဘုရား)၊ ဒုက္ခဝေဒနာကို ငါ့ကိုယ်, ငါ့ဟာ ငါ့ဥစ္စာထင်ရင်....(သက္ကာယဒိဋ္ဌိပါဘုရား)၊ ဥပေက္ခာဝေဒနာကို ငါ့ကိုယ်,ငါ့ဟာ,ငါ့ဥစ္စာထင်ရင်(သက္ကာယဒိဋ္ဌိပါဘုရား)၊ ဘယ်နှယ်ကြောင့် စကားသုံးခု သုံးရပါလိမ့်မတုံးလို့.... ဦးချစ်ခမေးရမယ်နော်။

ငါ့ကိုယ်,ငါ့ဟာ,ငါ့ဥစ္စာလို့ စကား(၃)ခုလုံး သုံးရပါ လိမ့်မတုံးဆိုတော့ ပါဠိတော်က“ဝေဒနာ ဧတံမမ ဧသောဟ မသ္မိ ဧသောမေ အတ္တာ”ဆိုတော့ တဏှာရော မာနရော ဒိဋ္ဌိရော စွဲတာကွတဲ့ ရှင်းပလား (ရှင်းပါဘုရား)။

တဏှာရော မာနရော ဒိဋ္ဌိရော ဘယ့်နှယ်နေတုံး.... (စွဲပါ ဘုရား)၊ “ဝေဒနာ ဧတံမမ” ဝေဒနာ· ဝေဒနာဘဲ၊ ဧတံ– ဤဝေဒနာသည်၊ မမ–ငါဘဲဆိုတော့ ဝေဒနာဟာ ဘယ်သူ တုံး ငါလို့ ထင်လိုက်တယ်တဲ့၊ ဝေဒနာလေး တခါတည်း ခင်တတ်တဲ့သဘောနဲ့ ငါဘဲလို့ထင်လိုက်တယ်နော်။

အဲဒီတော့ တဏှာဖြစ်တယ်တဲ့၊ “ဧသောဟမသ္မိ” ဧသော ဤဝေဒနာသည်၊ အဟံ·ငါသည်၊ မသ္မိ·ဤသို့ဖြစ်၏ဆိုတော့ ဒါမာနတက်လာတာ၊ ဧသောမေအတ္တာတဲ့ သည်ဝေဒနာ သာ ငါ့ဥစ္စာဘဲ(မှန်ပါ)၊ သည်လိုယူတယ်။

ဒါကြောင့် တခုတခုမှာ တဏှာ,မာန,ဒိဋ္ဌိ သုံးခုစွဲသော ကြောင့် သက္ကာယဒိဋ္ဌိဖြစ်ပါတယ်၊ ဝေဒနာကို ငါ့ကိုယ် ငါ့ ဟာ ငါ့ဥစ္စာထင်ရင် ဘာဆိုကြမတုံး(သက္ကာယဒိဋ္ဌိပါဘုရား) သုခဝေဒနာ ထို့အတူ၊ ဒုက္ခဝေဒနာကို ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာထင်ရင် .. (သက္ကာယဒိဋ္ဌိပါဘုရား)၊ ဥပေက္ခာဝေဒနာ ကို ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာထင်ရင်(သက္ကာယဒိဋ္ဌိပါဘုရား)။

ကောင်းပြီ.... ဒါဖြင့် သည်သက္ကာယဒိဋ္ဌိ မပြုတ်သ၍ဖြင့် (၆၂)ပါးသောဒိဋ္ဌိ ဖြစ်အုံးမှာဘဲ၊ ကိုထွန်းဦး ဖြစ်မှာဘဲ.... (ဖြစ်မှာပါဘုရား)၊ သူကကျေးဇူးပြုတော့ကို(ပြုပါတယ်)၊

အဲ....သူက ကျေးဇူးပြုမှာဖြစ်နေတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက အင်း... သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာ ဝေဒနာကို ဝေဒနာလို့ မသိ၊ အနိစ္စလို့ မသိလို့ရှိရင် ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာတော့ ဖြစ်နေကြမှာဘဲ။

ဒါမှကွ ချမ်းသာတာ ဘယ်သူတုံး ကျုပ်ပေါ့ဗျဆိုတော့ ချမ်းသာတာက ဝေဒနာ၊ ကျုပ်ဆိုတော့ ငါနဲ့ ကျုပ်နဲ့ အတူတူပေါ့လေ (မှန်ပါ)၊ ကိုင်း....ဒါဖြင့် ဒကာဒကာမတို့ ဝေဒနာကို ငါ့ဟာလို့ မထင်ဘူးလား.... (ထင်ပါဘုရား)၊ ကောင်းပြီ ဝေဒနာ သူချမ်းသာနေတဲ့ဥစ္စာ ဘယ်သူ့ဂရုစိုက် ရမှာတုံးဆိုတော့ ချမ်းသာတဲ့မာန် မတက်ဘူးလား တက် သလား....(တက်ပါဘုရား)။

ချမ်းသာတဲ့ဥစ္စာတွေဟာ ကျုပ်ဟာချည်းဘဲ မထင်ဘူး လား ထင်သလား (ထင်ပါဘုရား)၊ ထင်တော့ ဝေဒနာကို အနိစ္စလို့သိသေးရဲ့လား(မသိပါဘုရား)၊ ဒါဖြင့် ဝေဒနာကို သူရော့ငါရော ဒကာဒကာမတို့ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ သုံးခုစွဲတယ်၊ ဒါကြောင့် ဝေဒနာကို ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ လို့ သုံးခုစွဲသောကြောင့် ဘာဆိုကြမတုံး.... (သက္ကာယဒိဋ္ဌိ ပါဘုရား)။

အေး....ဒါကြောင့် သုခဝေဒနာစွဲလို့ သက္ကာယဒိဋ္ဌိ၊ ဒုက္ခ ဝေဒနာစွဲလို့ သက္ကာယဒိဋ္ဌိ၊ ဥပေက္ခာ ဝေဒနာစွဲရင်ကော.... (သက္ကာယဒိဋ္ဌိပါဘုရား)၊ ဘယ်နှစ်ချက် စွဲတာတုံး ငါ့ကိုယ် တချက်၊ ငါ့ဟာ တချက်၊ ငါ့ဥစ္စာ တချက် ပေါင်း(၃)ချက် ဆိုကြစမ်း (ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ) အေး.... ဒါကြောင့်

"တော်မမ သောဟမသ္မိ သောမေ အတ္တာ" ဆိုတဲ့ ပါဠိတော်တွေကို မြန်မာလိုပြောတာဘဲ (မှန်ပါဘုရား)။

ကိုင်း....ဒါဖြင့် ဒကာဒကာမတို့ သုခဝေဒနာလေးကို ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာထင်ရင် ဘာဆိုကြမယ်....(သက္ကာယဒိဋ္ဌိ ပါဘုရား)၊ ဒုက္ခဝေဒနာလေးကို ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာထင်ရင်....(သက္ကာယဒိဋ္ဌိပါဘုရား)၊ ဥပေက္ခာဝေဒနာလေး ပေါ်လာတာကိုဘဲ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာထင်ရင်....(သက္ကာဒိဋ္ဌိ ပါဘုရား)၊ ဩော်... သက္ကာယဒိဋ္ဌိ ဖြစ်ပြီတဲ့။

ဒါဖြင့် သက္ကာဒိဋ္ဌိဖြစ်ပြီးသကာလနေတော့ "ဒွါသဋ္ဌိ ဒိဋ္ဌိယော ဥပ္ပဇ္ဇမာနာ သက္ကယဒိဋ္ဌိ သမုဒယေနေဝ ဥပ္ပဇ္ဇန္တိ"....မင်းတို့ ဒီ ဒိဋ္ဌိသာသုံးလို့ရှိရင်ဖြင့် ဟိန္ဒူတို့လို ဒိဋ္ဌိတွေ ဟုတ်လား သေရင်ပြီးတာဘဲ၊ သေပျောက်တာဘဲလို့ ယူတော့ ဥစ္ဆေဒဒိဋ္ဌိတွေ ဒီဝဋ္ဋာဉ်လေးအတိုင်း လည်နေတယ်၊ ဟိုဘဝ ဒီဘဝ ကူးနေတယ်ဆိုတော့ သဿတဒိဋ္ဌိတွေကော မလာဘူးလား (လာပါဘုရား)၊ အဲဒီဟာကလေးကို သတ်လိုက်လို့ရှိရင် ဟိုဒိဋ္ဌိတွေ အကုန်သေလိမ့်မယ် (မှန်ပါဘုရား)။

ကောင်းပြီ ဒါဖြင့် ဒကာဒကာမတို့ ယနေ့ည သက္ကာယဒိဋ္ဌိဖြစ်ကြောင်းကတော့ဖြင့် သိပြီတဲ့၊ ဝေဒနာတခုကို ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာစွဲရင် ဘာတဲ့.... (သက္ကာယဒိဋ္ဌိပါ ဘုရား)၊ သက္ကာယဒိဋ္ဌိဖြစ်ကြောင်းတော့ သိပြီတဲ့....၊ ဝေဒနာတခုကို ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာစွဲရင် သက္ကာယဒိဋ္ဌိဖြစ်မှာဘဲ၊ ရုပ်စွဲလဲ ဖြစ်မှာဘဲ၊ နာမ်စွဲလဲ ဖြစ်မှာပေါ့ဗျာ၊ အဲဒီတော့ ဝေဒနာ တလုံးတည်း ဟောနေတဲ့ပုဂ္ဂိုလ် ဖြစ်နေတော့ ဝေဒနာကို သက္ကာယဒိဋ္ဌိပေါ် ပုံတော့ ရိပ်မိကြပလား (ရိပ်မိပါဘုရား)။

သက္ကာယဒိဋ္ဌိ ဘယ်အချိန်မှာ ဖြစ်တတ်သတုံးမေးရင်ဖြင့် ဘယ့်နှယ်ဖြေကြမယ်.... (ဝေဒနာဖြစ်တိုင်းဖြစ်တိုင်းပါဘုရား) ဝေဒနာဖြစ်တိုင်းဖြစ်တိုင်း ငါ့ကိုယ်, ငါဟာ, ငါ့ဥစ္စာ ထင်ရင် ဘာဆိုကြ....(သက္ကာယဒိဋ္ဌိပါဘုရား)၊ ဒါလွယ်လွယ်လေးလို့ ဒကာဒကာမတွေက မထင်လိုက်ပါနဲ့၊ သူဟာ မဂ်တားတဲ့ဒိဋ္ဌိ အကြီးဆုံး၊ မဂ်တားတဲ့ဒိဋ္ဌိအကြီးဆုံးပါ ဒကာဒကာမတို့....၊

မဂ်တားတဲ့ဒိဋ္ဌိ အင်မတန်ကြီးပါတယ်၊ သက္ကာယဒိဋ္ဌိ ရှိနေလို့ရှိရင်ဖြင့် ဘက္ကာယဒိဋ္ဌိရှိရက်နဲ့ ဦးချစ်ခတို့က အလှူပေးတယ်၊ ငါ့အလှူကွာ ငါကောင်းစားလို့ ငါလှူလိုက်တာဘဲ ဆိုတော့ သက္ကာယဒိဋ္ဌိ ပါ့မပါ စဉ်းစားကြည့်စမ်း....(ပါ့ပါတယ်ဘုရား)။

ဩော်....သက္ကာယဒိဋ္ဌိပါတယ်၊ သို့သော်လဲ ဒီပုဂ္ဂိုလ်လှူတဲ့စေတနာကြောင့် ငါတော့ ပါတာဘဲ၊ လှူတဲ့စေတနာကလဲ ပါတာဘဲ၊ စေတနာသည် ပိုစွဲတယ်၊စေတနာငါထင်တာကိုးဗျ လှူတာက စေတနာကလှူတာ၊ ငါကလှူတယ်လို့ ထင်နေတာ၊ အဲဒီကဲ့သို့ယူတော့ သက္ကာယဒိဋ္ဌိ မပါဘူးလား(ပါ့ပါဘုရား) ပါပင် ပါငြားသော်လည်း သက္ကာယဒိဋ္ဌိက သက္ကာယဒိဋ္ဌိ တခြား၊ သုဂတိပေးနိုင်တဲ့ စေတနာက သူပေးတတ်တဲ့သတ္တိ ရှိသောကြောင့် ပေးမှာဘဲလို့ ဆုံးဖြတ်ချက်ချ (မှန်ပါ)။

ဒါကြောင့် သက္ကာယဒိဋ္ဌိနဲ့ လှူငြားသော် လှူဘဲ့ပုဂ္ဂိုလ်များမှာ နတ်ရွာသုဂတိမရောက်ဘူးလို့တော့ ဘုရားမဟောဘူးနော်....၊ နတ်ရွာသုဂတိ ရောက်ရမယ် (မှန်ပါ)၊ နိဗ္ဗာန်ရောက်မလားဆိုတော့ •ငါဆိုတဲ့ဒိဋ္ဌိက ဝင်တားနေတဲ့အတွက်

မရောက်ဘူး၊ နိဗ္ဗာန်ကို ရောက်ပါ့မလား(မရောက်ပါဘုရား) နိဗ္ဗာန်တော့ပါပြီး နိဗ္ဗာန်တော့မရောက်၊ နတ်ရွာသုဂတိတော့ ရောက်မယ်။

ဒါဖြင့် သက္ကာယဒိဋ္ဌိနဲ့လှူတဲ့ အလှူဟူသရွေ့ကို ခင်ဗျားတို့ ယခုကစွဲမှတ်တာပေါ့(မှန်ပါ)၊နတ်ရွာသုဂတိတော့ရောက်မှာ နိဗ္ဗာန်တော့ မရောက်ဘူး၊ ရှင်းပလား(မှန်ပါ)၊ ဒါ စဉ်းစား ရမယ်၊ ဒကာဒကာမတွေ လှူတဲ့အခါမှာ သူ(ဒိဋ္ဌိ)နဲ့ ရော မရောကိုတော့ ကိုယ်တိုင်စစ်ဆေးကြစမ်းပါ(မှန်ပါဘုရား)။

ကိုယ်တိုင်စစ်ဆေးတဲ့အခါကြတော့ ရောမှုရှိလျှင်လဲ မရော စေနဲ့ (မှန်ပါ)၊ သို့သော် များသောအားဖြင့် ဘုန်းကြီးတို့ ထင်နေကြအတိုင်း ဒကာဒကာမတွေ၏ ကိုယ်တွေ့ကို ပြော မယ်ဆိုရင်ဖြင့် မရောတာ ခပ်ရှားရှားဘဲ (မှန်ပါ)၊ ဟင်.... ဒါဖြင့် မရောတာ ခပ်ရှားရှားဖြစ်နေတော့ ငါလှူလိုက်တယ်၊ ငါပေးလိုက်တယ်၊ ငါကမ်းလိုက်တယ်၊ ငါ ကြည်ညိုချင်တဲ့ ပုဂ္ဂိုလ်ကို ပင့်လိုက်တာဘဲ (မှန်ပါဘုရား)။

ငါလှူချင်တဲ့ပုဂ္ဂိုလ် ငါလှူလိုက်တာဘဲဆိုတော့ သက္ကာယ ဒိဋ္ဌိကပါတော့ မပါဘူးလား....(ပါပါဘုရား)၊ အပြောတင် မဟုတ်ဘူး၊ အထင်ပါ ပါလိမ့်မယ်(မှန်ပါ)၊ အဲဒီကဲ့သို့ ပါနေ လို့ရှိရင် နတ်ရွာသုဂတိတော့ ခင်ဗျားတို့ပေးလှူတဲ့ ကံလောက် တော့ မရောက်ဘူးလို့ ဘုရားက မဟောဘူး၊ ရောက်တယ် ကွာ....(မှန်ပါ)၊ ရောက်ပင် ရောက်ငြားသော်လည်း၊ နိဗ္ဗာန် အရောက်ပေးနိုင်တဲ့ စွမ်းရည်သတ္တိဒါနက ရှိငြားသော်လည်း မပေးဘူးကွာ၊ ရှင်းပလား ဦးဘခင် ရှင်းပြီနော်(မှန်ပါ)။

ငါ ဦးစီးပြီးသကာလ အပြောတင် မဟုတ်ဘူးနော်....၊ အထင် ငါကိုဆိုတာ(မှန်ပါ)၊ သမုတိသစ္စာမို့ ပြောကောင်းပါတယ်(မှန်ပါ)၊ အထင်သာ ထင်တဲ့ ပုဂ္ဂိုလ်များကြတော့ သက္ကာယဒိဋ္ဌိ ဦးချစ်ခ ပါ့မပါ(ပါပါတယ်ဘုရား)၊ အဲဒီကဲ့သို့ ပါပြီးသကာလနေတော့ ဦးဘအုံး ဒီအလှူတွေစဉ်းစားကြည့် စမ်း ခင်ဗျားတို့ မြို့ထဲပြထဲ အလှူကြတော့ သူမပါ့ အပါ (ပါပါတယ်ဘုရား)။

ပါတော့ လှူတဲ့စေတနာကို ငါထင်တဲ့ အတွက်နော်....၊ စေတနာသည်ပင်လျှင် ငါ၊ ဒီလိုဖြစ်နေတယ်(မှန်ပါ)ကောင်းပြီ တဲ့ ငါထင်နေတော့ ဒီငါကလေးက ပါ့ပါမသွားဘူးလား (ပါပါတယ်ဘုရား)၊ ပါသွားတဲ့အခါကြတော့ ငါလဲပါသွား တယ်၊ လှူလဲလှူတာဘဲ....(လှူပါတယ်ဘုရား)။

အဲဒီတော့ သက္ကာယဒိဋ္ဌိရယ်၊ အခု ပုညာဘိသင်္ခါရဆိုတဲ့ ကုသိုလ်ရယ် မပါဘူးလား....(ပါပါတယ်ဘုရား)၊ ပါသွားတဲ့ အခါကြတော့ နတ်ရွာသုဂတိတော့ ကေန် ရောက်တယ်၊ တကယ်ရောက်လို့ ဘုန်းကြီးများက ဟောရမယ်(မှန်ပါ)။

" ကုသလံ ကမ္မံ ဝိပါကဿ " ကိုလဲ မကျော်နိုင်ဘဲကိုဗျ (မှန်လှပါ)၊ အဲဒီတော့ ကုသိုလ်ကံလုပ်လို့ရှိရင် ဝိပါကဿ ဆိုတဲ့ နတ်ပြည်အကျိုးတော့ ပေးရမှာဘဲတဲ့၊ ငြင်းနေဘို့တော့ မလိုတော့ပါဘူး (မှန်ပါ) သို့သော် တွဲရက်ကြီး သွားတယ် သဘောကျပလား(ကျပါဘုရား)။

ဒိဋ္ဌိလဲပါသွားတယ် ကုသိုလ်ကံ၏ အကျိုး ပေး ကော.... (ပါပါတယ်)၊ ပါသွားတော့ ဘုန်းကြီးဥပမာပြတယ်မဟုတ်လား၊ ခင်ဗျားတို့ လွန်ခဲ့တဲ့ '၄၊၅၊၁၀'ရက်လောက်က ငှက်တကောင် အဆိပ်လူးသော မျှားနဲ့ ပစ်လိုက်တယ်၊ ငှက်တကောင်ကို အဆိပ်လူးသောမျှားနဲ့ ပစ်လိုက်တဲ့ အခါကြရင်ဖြင့် ငှက်အကောင်အထည်က ကြီးတော့ အဆိပ်ကလေးက သွေးထွက်ရုံကလေးမျှသာ ထွက်သွားတယ်။

ဒီငှက်ဟာ ပျံတော့ပျံသွားတာဘဲ ဘာလို့တုံး မျှားဒါဏ်ချက် ရိုက်တာက သိပ်မှမနာဘဲ ပွတ်ထိသွားတာကိုး၊ သွေးတော့ဖြင့်ထွက်သွားတာကို သို့သော် အဆိပ်တော့ဖြင့်ပါသွားပြီလို့ မဆိုနိုင်ဘူးလား(ဆိုနိုင်ပါတယ်ဘုရား)။

သို့သော် သူဘယ်အချိန်အထိ သူပျံနိုင်မတုံးလို့မေးလို့ရှိရင် အဆိပ်မပျံ့နှံ့ခင်သာ ကောင်းကင်ကို ပျံနိုင်မယ်၊ ပျံ့နှံ့ပြီးသည့် တပြိုင်နက်တည်း၊အောက်ကို ကျမယ် (မှန်ပါ့)၊အဆိပ်သတ်လို့ မသေသေးဘူးလား (သေမှာပါဘုရား)။

ဒါဖြင့် လန့်ပျံပေါ့ဗျာ (မှန်ပါ့) မဟုတ်ဘူးလား (ဟုတ်ပါတယ်) ပြန်ကျဘို့သက်သက် ကိစ္စက ပါသွားတယ်၊ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။

အဲ သက္ကာယဒိဋ္ဌိဦးစီးပြီးသကာလ လူတဲ့ ဒကာဒကာမတွေကြလို့ရှိရင်ဖြင့် သည်သက္ကာယဒိဋ္ဌိ အဆိပ်က ပါသွားတယ်၊ ကုသိုလ် အကျိုးကြောင့် ပျံတော့ တက်သွားတယ်၊ နတ်ရွာသုဂတိသို့ တက်သွားတယ်၊ တက်ပင် တက်ငြား သော်လည်း သက္ကာယဒိဋ္ဌိအဆိပ်ပါတယ် မပါဘူးလား(ပါပါတယ်ဘုရား)။

## ခန္ဓာဥာဏ်ရောက် တရားတော်

အဲဒီ သက္ကာယဒိဋ္ဌိက ပါတော့ ဟိုမှာ ခင်ဗျားတို့နောက် နတ်သက်စေ့တဲ့အချိန်ကြတော့ သူကဆွဲချတယ်(မှန်ပါ့)မချ ဘူးလား(ချပါဘုရား) လူ့ပြည်သော်ရင်း၊ အပါယ်လေးပါး သော်ရင်း မချပေဘူးလား(ချပါတယ်ဘုရား)။

အဲဒါ ပါဠိလဲရှိပါတယ်၊ ဥက္ခိတ္တာ ပုညတေဇေန ကာမရူပ ဂတိံ ဂတာ၊ အစရှိသဖြင့် ပါဠိတွေ ရှိတ်နေလဲ အပိုပါဘဲ ဒီအတိုင်း ဥပမာနဲ့ နားလည်ကြရဲ့လား (နားလည်ပါတယ် ဘုရား)။

ကောင်းပြီ ဒကာဒကာမတွေ ဒါဖြင့် သက္ကာယဒိဋ္ဌိက အတော်ဆိုးပါကလားဆိုတာ အင်း.... သုဂတိ မတားမြစ်ဘူး ဟေ့၊ မင်္ဂဖိုလ်ကို တားမြစ်တယ်ဆိုတော့ အကောင်းကျတော့ သွားတားမြစ်တယ် (မှန်ပါ့ဘုရား)၊ ဒုက္ခသစ္စာ ဖြစ်မှာတော့ မတားမြစ်ဘူး....၊ သုခသစ္စာဖြစ်မှာတော့ တားမြစ်တယ်.... ဆိုးလိုက်တာ သဘောကျပလား(ကျပါဘုရား)။

ကိုင်း ဦးဘအုန်းရောနေတာတွေ မြင်ပလားဗျာ (မြင်ပါပြီ ဘုရား) မြင်တော့ကို ဒကာဒကာမတွေ ဒီသက္ကာယဒိဋ္ဌိ မပြုတ် ရင် တော်ပါ့မလား (မတော်ပါဘုရား)၊ မတော်တော့ အခု ခင်ဗျားတို့က ဆရာကောင်း သမားကောင်းနဲ့ ကြုံတယ်၊ ဘုရားသာသနာနဲ့ လဲကြုံတယ်၊ ထောင်တတ်တဲ့ နားလဲရှိတယ် ဆိုတော့.... ဒါတွေဟာ သောတာပန် တည်ခြင်းရဲ့အကြောင်း ရင်းဘဲ၊ ထောင်နိုင်တဲ့နားမပါရင် ခင်ဗျားတို့ သောတာပန် တည်ကိုမတည်ဘူး(မှန်ပါ့ဘုရား)။

ပရတော ဃောသ ပစ္စည်းဆိုတာ သောတာပန် ဖြစ်ခြင်း အကြောင်းပါ၊ ဟောတဲ့သစ္စာ၊ နာတတ်တဲ့ နား မရှိလို့ ရှိရင် ဦးချစ်ခ ဘယ်လိုဟောဟော မရဘူး (မှန်ပါဘုရား)၊ ဒါဖြင့် သောတာပန် တည်ခြင်းရဲ့ အကြောင်းမှာ၊ ပရတောဃောသ ဆိုတာ သူတပါး၏ တရားသံကို ကြားမှုဟာ အတော်အရေး ကြီးတယ်(မှန်ပါ)အရေးကြီးတယ်တဲ့ ဒါကြောင့် ကဲ ဝေဒနာ ကို ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ ထင်ကြရင် ဘာ ဆိုကြမလဲ.... (သက္ကာယဒိဋ္ဌိပါဘုရား)။

သက္ကာယဒိဋ္ဌိ ဝေဒနာ ၃ ပါးစလုံး ပေါ့ဗျာ၊ ကောင်းပြီ အဲဒီတော့ ...ဝေဒနာဟာ ငါ့ကို ငါ့ဟာ ငါ့ဥစ္စာ မဟုတ်ဘူး (မှန်ပါ)ဝေဒနာသည် ဝေဒနာဘဲ၊ အနိစ္စဘဲလို့ ယူလိုက်မယ် ဆိုလို့ ရှိရင် သက္ကာယဒိဋ္ဌိ ပြုတ်မယ်၊ သ ဘော ကျ ပ လား (မှန်ပါဘုရား)။

ဝေဒနာဟာ ငါ့ကိုယ်လဲမဟုတ်ဘူး၊ ငါ့ဟာလဲမဟုတ်ဘူး ငါ့ဥစ္စာကော (မဟုတ်ပါဘုရား)၊ ဝေဒနာဟာအနိစ္စ သဘော ကျပလား ဝေဒနာဟာ အနိစ္စဘဲ၊ အဲဒီကဲ့သို့ ယူလိုက်လို့ ရှိရင် သက္ကာယဒိဋ္ဌိပြုတ်တယ်(မှန်ပါဘုရား)။

အဲဒီတော့ ပါဠိတော်က " ဝေဒနာ နေတံမမ နေသောဟ မသ္မိ နမေသော အတ္တာဒိ ဝေမေတံ ယထာဘူတံ သမပညာယ ဒဋ္ဌဗ္ဗံ ဣဒံဝုစ္စတိ ဘိက္ခဝေ သက္ကာယ နိရောဓ ဂါမိနိ ပဋိပဒါ " ငါမဟုတ်လို့ ပျက်စီးတာဘဲ၊ ငါ့ဥစ္စာမဟုတ်လို့ ပျက်စီးတာဘဲ ကဲ....ဒါဖြင့် အဲဒီကဲ့သို့ ဝေဒနာရှုနေတဲ့ 'ပုဂ္ဂိုလ်များကြတော့

သက္ကာယဒိဋ္ဌိဟာ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ မဟုတ်ဘူးလို့ ဒီမှာ နောက်ဉာဏ်က မသိသေးဘူးလား.... (သိပါဘုရား)၊ မင်ဉာဏ်ငါးပါးက မသိပေဘူးလား(သိပါဘုရား)။

ထိုကဲ့သို့ သိတဲ့အခါ ကြတော့ ခုနင်က ငါထင်နေတာ လေးဟာ ရှိသေးသလား(မရှိပါဘုရား)၊ ဒါဖြင့် ဝေဒနာဟာ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာမဟုတ်လို့ ပြုတ်တာဘဲလို့ ခင်ဗျားတို့ ရှုရှုပေး၊ ရှုပေးလိုက်ရင် ဘာပြုတ်မယ်(သက္ကာယဒိဋ္ဌိပြုတ်မယ်) သက္ကာယဒိဋ္ဌိပြုတ်မယ်၊ ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့ သက္ကာယဒိဋ္ဌိ ပြုတ်ဘို့ဟာလဲ သညာပြုတ်၊ ပညာပြုတ်လို့ နှစ်မျိုးရှိတယ် (မှန်ပါ) ကိုထွန်းဦး မှတ်ထားနော်....(မှန်ပါဘုရား)။

သညာပြုတ်က ဝေဒနာဟာ ငါမဟုတ်ဘူးဆိုပြီး ဒါ လောက်တင် ဉာဏ်ရောက်နေတဲ့ ပုဂ္ဂိုလ်ဟာ သညာပြုတ်၊ ငါမဟုတ်ကြောင်းကို သက္ကာယဒိဋ္ဌိ ဒီ ငါမဟုတ်ကြောင်းကို ဘဝဘဝက ဖေါက်ပြန်ပျက်စီးတာတွေ မြင်လိုက်တဲ့ပုဂ္ဂိုလ် ကြတော့ ပညာပြုတ်၊ ကေန် ငါမဟုတ်လို့ဘဲ၊ သူ မခိုင်ခန့်တာဘဲ၊ ငါဟုတ်ရင် ငါ့သဘောအတိုင်း နေရမယ်(မှန်ပါ)၊ ဒီလိုမနေပေဘူးလား။

အဲဒီကဲ့သို့နေမှာ သေချာပြီးသကာလနေတော့ ခင်ဗျားတို့ သာမညဟောတဲ့ဆရာသမားဆိုရင် ဒိဋ္ဌိဝိစိကိစ္ဆာပြုတ်လို့ ရှိရင်ကွာ သည်ထိအောင် သစ္စာမြင်ရရင် သက္ကာယဒိဋ္ဌိ ပြုတ်တာဘဲလို့ အစရှိသဖြင့် ဟောတော့ဟောလိမ့်မယ်တဲ့၊ အဲဒါ သညာပြုတ်လောက်သာ ဖြစ်ချင်ဖြစ်မယ်၊ ပညာပြုတ်တော့ အစစ် မဟုတ်ဘူး (မှန်ပါဘုရား)။

ငါ့ကိုယ်က မဟုတ်ဘူး၊ ငါ့ဥစ္စာလို့ ထင်ချင်ထင်နေမှာ....၊ ငါ့ဟာလို့ကော ...(ထင်ချင်ထင်မှာပါဘုရား)၊ ထင်ချင်ထင် ပြီးသကာလနေတော့ အလုပ်နဲ့ပြုတ်တာမှ ဦးချစ်ခ ပိုကောင်း တယ် (မှန်ပါ)၊ ဦးဘဒင် ဘာနဲ့ပြုတ်တာ ကောင်းသလဲ.... (အလုပ်နဲ့ပြုတ်တာ ကောင်းပါတယ်ဘုရား)။

အလုပ်နဲ့ပြုတ်တာမှ ကောင်းတယ်လို့ ဒါ သေသေချာ ချာ ပြုတ်ပုံရှင်းရတဲ့အခါကြတော့ ကိုထွန်းဦး ကြေကြေနပ်နပ် နေ၁်(မှန်ပါ)၊ ကဲ....ဒါဖြင့် ဒီဝေဒနာကို ရှုလိုက်တဲ့အခါကြ တော့ဖြတ်ဆို ဝေဒနာလေးက တစ်နှစ်ဆို ပျက်သွားတယ်။

တစ်နှစ်ဆို ပျက်သွားတော့ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ ဟုတ်သေးရဲ့လား....(မဟုတ်ပါဘုရား)၊ကိုယ်ပေါ်မှာပေါ်တဲ့ ဝေဒနာသည် ဝမ်းထဲ ပေါ်တဲ့ဝေဒနာသည် တစ်နှစ်ဆိုတော့ မပျက်ဘူးလား.... (ပျက်ပါဘုရား)၊ အဲဒီတော့ အင်း.... ဘယ်နှယ်ကြောင့် ပျက်ပါလိမ့်မတုံးလို့ ခင်ဗျားတို့ ဆန်းစစ် တော့ ဩ်....ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ မဟုတ်လို့ ပျက်တာ ဘဲ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါဘုရား)။

ခုနက ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာထင်နေတာ တလုံးကျန်ရစ် သေးရဲ့လား....(မကျန်ပါဘုရား)၊ မကျန်တော့ ဒါမှ သေ သေချာချာပြုတ်တာ.... (မှန်ပါ)၊ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ ထင်ရင်တော့ သက္ကာယဒိဋ္ဌိကိုဗျ....၊ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ မထင်တော့ သက္ကာယပြုတ်သွားတယ်၊ ပြုတ်သွားပြီဆိုတော့ တဏှာ မာန ဒိဋ္ဌိပါပြုတ်မှ သက္ကာယပြုတ်တယ့်(မှန်ပါ)။

တဏှာလေး ပြုတ်နေရုံမရဘူး၊ ဒိဋ္ဌိလေး ပြုတ်နေရုံမရဘူး၊ မာနလေး ပြုတ်နေရုံ မရဘူးလို့ (၃)ခုစလုံးကို ခွဲတာပါ၊ ပါဠိကိုက ဒီအတိုင်းလာတယ်၊ ကျေနပ်ကြပလား (ကျေနပ်ပါဘုရား)။ ဒါဖြင့် ဝိပဿနာရှုမှ အစစ်ပြုတ်ပေါ့ (မှန်ပါ)၊ ဒါ....ဝိပဿနာရှုလို့ အစစ်ပြုတ်တာလို့ ဝိပဿနာဉာဏ်က ပြုတ်ပုံ ဒီနေ့ ရှေ့ပိုင်းက နည်းနည်းရှည်ပေးရမယ် ဗဟုသုတ တိုးအောင်လို့....(မှန်ပါဘုရား)။

ရှေ့ပိုင်း ရှည်ပေးဆိုတာက တခြားမဟုတ်ပါဘူး ဒကာ ဒကာမတို့ ပြုတ်တယ်ဆိုငြားသော်လည်း ဝေဒနာနောက်က နေပြီး တဏှာဆိုတာ ကာမရာဂနုသယနော် (မှန်ပါ)၊ ဒိဋ္ဌိ ဆိုတာ ဒိဋ္ဌာနုသယတဲ့၊ မာနဆိုတာလဲ မာနာနုသယဆိုတော့ အင်း....စိတ်ထဲ ပြုတ်သွားတယ်သာဆိုတယ် အနုသယတွေ ပါသွားသလားလို့ ခင်ဗျားတို့က စောဒက တက်လာတယ်၊ အနုသယ မဟုတ်ဘူး....(မှန်ပါဘုရား)။

အနုသယဆိုတာ အနုသယပယ်နိုင်တာက မဂ်သာရှိတယ်၊ တကယ်ပြတ်အောင် ပယ်နိုင်တယ်နော် သဘောကျပလား.... (ကျပါဘုရား)၊ ဒါဖြင့် ပြုတ်တယ်သာဆိုတာဘုရား ဝိပဿနာရှုလို့ ပြုတ်တဲ့ဥစ္စာသည် ဒကာဒကာမတွေက မှတ်လိုက် တဏှာ မာန ဒိဋ္ဌိ ပြုတ်တယ်ဆိုငြားသော်လည်း ဘယ်လိုပြုတ် တာပါလိမ့်မတုံးဆိုတာ ခွဲပေးပါအုံးတဲ့(မှန်ပါဘုရား)။

ခွဲပေးတော့ ထင်ရှားပါဝ ယ်ဒကာဒကာမတို့ ခွဲပေးတော့ ဘယ်လိုထင်ရှားသတုံး မေးတဲ့အခါကျတော့ ဝိပဿနာရှုလို့ ဖြစ်ပျက်မြင်လို့ အင်း.... ငါကိုယ် ငါဟာ ငါ့ဥစ္စာ မဟုတ်လို့ ပြုတ်တာဘဲ၊ ပျောက်တာဘဲလို့ မဆိုနိုင်ကြဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။

အေး.... ဘယ်ဝေဒနာ ရှုလိုက်ရှုလိုက် ငါ့ကိုယ် ငါဟာ ငါ့ဥစ္စာမဟုတ်လို့ ပျောက်ပျက်သွားတာဘဲ၊ ကောင်းပြီဒါဖြင့် ကျေနပ်ပါတယ်တဲ့ ကျေနပ်တော့ တဏှာ,မာန,ဒိဋ္ဌိ အမြစ်ပါ ပြုတ်ပြီး သေပါသလားဘုရားလို့ဆိုတော့ ဟာ ဒီဝိပဿနာ ဉာဏ်ငါးပါးသာရှိတော့ကို မသေသေးဘူးကွ အမြစ်မပြုတ်သေးဘူးကွ၊ အမြစ်မပြုတ်သေးတော့ ဘာတွေပြုတ်သတုံးလို့ မေးတဲ့အခါကြလို့ရှိရင်ဖြင့် ခင်ဗျားတို့ လောဘဖြစ်တဲ့အခါ ကျုပ်(၃)မျိုးခွဲရလိမ့်မယ်။

အနုသယကိလေသာ, ပရိယုဋ္ဌာနကိလေသာ, ဝီတိက္ကမကိလေသာလို့ မခွဲရပေဘူးလား.... (ခွဲရပါတယ် ဘုရား)၊ ခွဲရလိမ့်မယ် ဒကာဒကာမတို့ နားစိုက်ထောင်တော့ ခွဲရလိမ့်မယ်....၊ ဝမ်းထဲတွင် ငုတ်နေတာက ဘယ်အခါကာလမှ ခင်ဗျားတို့ရှိမှန်းတောင် မသိဘဲနဲ့ လောဘလေးဟာ အနုသယ သမင်္ဂီသဘောနဲ့ ငုတ်နေတာလေး ဥပါဒ်, ဋ္ဌီ, ဘင် သဘောနဲ့ မရှိဘူးနော်....(မှန်ပါ)၊ အကြောင်းရှိမှပေါ်မှာ အနုသယလေးပေါ့ဗျာ လောကီရေးရာ ဥပမာကို ထင်ရှားအောင်ပြောကြစို့ဆိုတော့ ဒကာဒကာမတို့ မီးချစ်ဆံထဲမှာလဲ

တောက်တဲ့မီး မပါဘူး သဘောကျပလား၊ မီးခြစ်အိမ်ဘေး ယမ်းသုတ်ထားတဲ့အထဲမှာလဲ တောက်တဲ့မီး မပါပါဘူး.... နှစ်ခုခြစ်လိုက်ရင် မီးမတောက်ဘူးလား ....(တောက်ပါတယ် ဘုရား)။

ဪ....ဒါဖြင့် မီးခြစ်ထဲမှာ မီးတောက်နိုင်တဲ့သတ္တိရှိတယ် ရှိလို့ သာတောက်တာဘဲ၊ ဒါ ငုတ်နေတဲ့မီး ဒီအထဲမှာရှိတယ် (မှန်ပါ)၊ ဒါဖြင့် ငုတ်မီးသဘော၊ ဒကာဒကာမတို့ ငုတ်မီး သဘော အနုသယကိလေသာဆိုတဲ့ တဏှာ, မာန, ဒိဋ္ဌိကို အနုသယလို့ ပြန်ခေါ်တဲ့ဥစ္စာ သူက ငုတ်နေတဲ့မီးနဲ့ တူတယ် သဘောကျပလား(ကျပါဘုရား)။

နှစ်ခုခြစ်လိုက်တဲ့အခါကြတော့ တောက်လာတဲ့မီး မဖြစ် ဘူးလား ...(ဖြစ်ပါတယ်ဘုရား)၊ အဲဒါက ပရိယုဋ္ဌာနကိလေ သာနဲ့ တူတယ်(မှန်ပါ)၊ အဲဒီ မီးကနေပြီး အိမ်တွေ ဆက် လောင်တယ်ဆိုတော့ ဝီတိက္ကမကိလေသာနဲ့ မတူဘူးလား.... (တူပါတယ်ဘုရား)၊ ကောင်းပြီ ဒါဖြင့် ငုတ်နေတဲ့မီး၊ တောက် လာတဲ့မီး၊ အရမ်းတောက်တဲ့မီး။

ကိုင်း....ဒါဖြင့် အရမ်းလောင်တဲ့မီး မီးဘယ်နှစ်မျိုးရှိသလဲ (သုံးမျိုးရှိပါတယ်ဘုရား)၊ ဒါက ဘာမီးတုံး(အနုသယမီးပါ ဘုရား)၊ အဲ....အနုသယမီးဆိုတာ မြန်မာလိုပြန်တော့ ငုတ် နေတဲ့မီး....(မှန်ပါ)၊ ဒီဟာကတော့ တောက်လာတဲ့မီး၊ ဒီ ဟာကတော့ ကူးစက်ပြီး အကုန်လောင်တဲ့မီး မဆိုနိုင်ဘူး လား (ဆိုနိုင်ပါဘုရား)။

ကောင်းပြီ.... ဒါဖြင့် ခင်ဗျားတို့ ဝိပဿနာကိုရှုတဲ့အခါ ဝေဒနာကို ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာမဟုတ်ဘူး၊ ဖြစ်ပြီးပျက်တဲ့ အနိစ္စသဘောတွေ ဒုက္ခသဘောတွေ အနတ္တသဘောတွေဆိုတာလဲ ခင်ဗျားတို့ သိကြရမှာပါဘဲ (မှန်ပါ)၊ သိတဲ့အခါကြလို့ရှိရင်ဖြင့် ဘယ်သူနဲ့ရှုတုံးလို့ မဂ္ဂင်ငါးပါးနဲ့ရှုတယ်၊ သဘောကျပလား....(ကျပါဘုရား)။

မဂ္ဂင်ငါးပါးက ဒီကိလေသာသုံးမျိုးရှိတဲ့အနက်က ဟောဒီနှစ်ပါးကိုသာ သေအောင်လုပ်နိုင်တယ်၊ ဒီတပါး(အနုသယကိလေသာ)ကိုတော့ ဟောဒီငါးပါးက နိုင်ကိုမနိုင်ဘူး ရိပ်မိပလား(ရိပ်မိပါဘုရား)၊ ဘုန်းကြီးကတော့ ရှင်းအောင်ပြောတာဘဲ၊ သို့သော်လဲ နည်းနည်း နည်းနည်းတော့ တိုးတိုးပြီးသကာလ နက်လာတဲ့အတွက်နော်၊ ကိုင်း.... ဒါဖြင့် ဒကာ၊ ဒကာမတို့ ငုတ်နေတဲ့မီးနဲ့တူတယ်၊ ဒါက တောက်တဲ့မီး.... ဒါက ကူးစက်ပြီးလောင်တဲ့မီးနော်....(မှန်ပါဘုရား)။

ကောင်းပြီ ဒါဖြင့် ဒကာဒကာမတို့ မီးဘယ်နှစ်မျိုးပါလိမ့်(မီးသုံးမျိုးပါဘုရား)၊ ငုတ်မီးရယ် တောက်မီးရယ် ကူးစက်မီးရယ်နော်....၊ ဒါဖြင့် ဝိပဿနာရှုတဲ့ အခါကြတော့ ဒီမီးသုံးမျိုးကို ကိလေသာသုံးမျိုးသာမှတ်လိုက်ပေတော့ သဘောကျပလား(ကျပါဘုရား)။

တဏှာလဲ ဒီ(၃)ချက်ရှိတာဘဲ၊ မာနရော (ဒီသုံးချက်ပါဘုရား)၊ ဒိဋ္ဌိရော.... (ဒီသုံးချက်ပါဘုရား)၊ အဲဒီ(၃)ချက်

ရှိတော့ကို ဝိပဿနာရှုလိုက်တယ်၊ သုခဝေဒနာကလေး ရှုလိုက်တော့ သုခဟာ ဖြစ်ပြီး ပျက်တာဘဲ ဘာမှမရှိဘူး....၊ အစိုးမရ အနတ္တဘဲ။

အင်း....ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ ဘယ်ဟုတ်လို့လဲဆိုတော့ ဒိတ္ထာ, မာန, ဒိဋ္ဌိတွေ ပြုတ်တော့ ပြုတ်တာဘဲ၊ ပြုတ်ပင် ပြုတ်ငြားသော်လဲ အညွန့်အတက်သာ ပြုတ်တယ်၊ အရင်း မပြုတ်ဘူး၊ အညွန့်အတက်ဆိုတာက ပရိယုဋ္ဌာနနဲ့ ဝီတိက္ကမ သာပေါ့ဗျာ....၊ ဒီနှစ်ခုသာပြုတ်တယ်လို့ မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါဘုရား)။

အနုသယသဘောက ကျန်နေတယ်....၊ အဲဒါ ဘယ်သူ့ ကြောင့် ကျန်ရတာတုံးလို့ မေးလို့ရှိရင် ဝိပဿနာဉာဏ် မနိုင်လို့ ကျန်ရတာဘဲ ရှင်းပလား၊ ဘာပြုလို့ ကျန်ရတာတုံး (ဝိပဿနာဉာဏ်မနိုင်လို့ပါဘုရား)၊ မနိုင်လို့ကျန်တာ၊ သုံးခု ရှိတဲ့အနက်က နှစ်ခုတော့ သူနိုင်တယ်၊ တခုတော့.... (မနိုင် ပါဘုရား)။

တခု မနိုင်ဘူးဆိုတော့ ဩော်....ဝိပဿနာဉာဏ်က စွမ်း ရည်တော့ရှိသားဘဲ မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါဘုရား) သုံးသတ္တိရှိတာကို နှစ်သတ္တိကို ဖယ်ရှားနိုင်တယ် ဆိုသဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ဝိပဿနာလုပ်မှ ရမယ်၊ မလုပ်ရင် မတော်ဘူး သဘောကျပလား (ကျပါဘုရား)။

သူမပါလို့ရှိရင်ဖြင့် မဂ်က သုံးခုစလုံးကြတော့ မတတ်နိုင်ဘူး၊ ဒါတွေသာ သိမ်းရမယ်ဆိုရင် ငါလဲမတတ်နိုင်ဘူးတဲ့ ရိပ်မိပလား(ရိပ်မိပါဘုရား)၊ ဒါဖြင့် ရှေကရှင်းရတာ နှစ်ခုရှင်း၊ နောက်လာမဲ့မဂ္ဂင်ရှစ်ပါးက တခုရှင်း....(မှန်ပါ)၊ ဒီလိုသွားရမှာ၊ ဒါဖြင့် ဝိပဿနာသည် ပုဗ္ဗဘာဂမဂ်လို့ ဆိုသင့်မဆိုသင့်.... (ဆိုသင့်ပါဘုရား)၊ သူလဲမဂ်မို့ ဒါရှင်းနိုင်တာ ရှင်းပလား (ရှင်းပါဘုရား)၊

အံ့မလေး မဂ်ကလေးပြုတ်ပါမဲ့အကြောင်း အတော်သယ် ရတယ်ဗျာ့....(မှန်ပါ)၊ ကောင်းပြီ ဒါဖြင့် ရှေ့ပြေးမဂ်ကို ရှေ့ပြေးမဂ်လောက် သတ္တိရှိ, မရှိ ဒကာဒကာမတို့.... (ရှိပါတယ်ဘုရား)။

အေး ဒီကိလေသာနှစ်ခုကို မပယ်ဘူးလား(ပယ်ပါဘုရား) အေး....ဒါကြောင့် ရှေ့ပြေးမဂ် မရှိဘဲနဲ့ ခင်ဗျားတို့ကနောက်မဂ်ရရပါလို၏၊ အားထုတ်တော့ အင်္ဂါ ကောတိ မဂ္ဂေါ ဆိုသည့်အတိုင်း မဂ်ကို ရရပါလို၏ဆိုတာ ခင်ဗျားတို့ တောင်းတာက အင်္ဂါက မဂ်ကို တောင်းတာ၊

ပဉ္စင်္ဂါက မဂ်ဆိုတော့ ငါးပါးသောမဂ်ပေါ့ဗျာ ဝိပဿနာရှုတဲ့မဂ် အဲဒီမဂ်ကို မလုပ်ဘဲနဲ့ ခင်ဗျား တို့က အမေကျော်ဒွေးတော်လွန်းနေရင် ရကိုမရဘူးစိတ်ချ (မှန်ပါ)၊အင်္ဂါက မဂ်ကို တောင်းတာ ဒီပဉ္စင်္ဂါက မဂ်က ရှင်းပြီးမှသာ သူက ရှင်းနိုင်တာ သဘောကျပလား (ကျပါဘုရား)။

ဒါဖြင့် မဂ်ဖိုလ်ရရပါလို၏ ဆိုတဲ့ ပုဂ္ဂိုလ်များသည် ငါးပါး တောင်းတာလား၊ ရှစ်ပါးတောင်းတာလား (ရှစ်ပါးတောင်း တာပါဘုရား) အို ...ဒါ သေဘတာပန် ထိအောင် တောင်းချ လိုက်တာ၊ ရှစ်ပါးတောင်းတာ မသေချာဘူးလား (သေ ချာပါတယ်)၊ ရနိုင်ပါ့မလား (မရနိုင်ပါဘုရား)။

ဒီမဂ်မှ ရှေ့သွားမရှိဘဲနဲ့ ဒကာဒကာမတို့ ဘယ့်နှယ်လုပ်ပြီး သကာလ ရမလဲ ဒီမဂ် ရှေ့သွားက သူဆိုင်ရာ ရှင်းရမလေ၊ ခုနင်က အဋ္ဌင်္ဂိကမဂ်က သူ့တပါးကို ရှင်းရမယ်လေ အဲဒီတော့ ဒကာဒကာမတွေ.... ဆုတောင်း မပြည့်တာ ရိပ်မိကြပလား (ရိပ်မိပါဘုရား)။

ဩော်.... အလုပ်မပါလို့ မပြည့်တာဘဲ ပေါ်ကြပလား အဘယ့်ကြောင့် ဆုတောင်း မပြည့်တာပါလိမ့် အလုပ်မပါ လို့၊ အလုပ်မပါလို့ မပြည့်တာဆိုဘဖြင့်၊ အော်....တောင်းလဲ တောင်းကြပါ ဒကာဒကာမတို့ အလုပ်ကလေးလဲ လုပ်ကြပါ (မှန်ပါ့ဘုရား)

ဩော်.... တောင်းရတာ ကြာရှည်လှတယ်ဘုရား၊ အလုပ် တွင်တွင် လုပ်ပါမယ်ဆိုလဲ ဘုန်းကြီးများက အကြိုက်ပါဘဲ၊ တောင်းလဲ တောင်း၊ လုပ်လဲ လုပ်မယ် ဆိုလဲ အကြိုက်ပါဘဲ၊ တတောင်းထဲတောင်းတဲ့ အတောင်းမျိုး၊မလုပ်ဘဲနဲ့တောင်းတဲ့ အတောင်းမျိုးကတော့ မရရှိုးအမှန်ဘဲ ရှင်းပလား (ရှင်းပါ တယ်ဘုရား)။

ပုဗ္ဗာဘာဂမဂ်ကမှ မလာဘဲကို(မှန်ပါ့)၊ ခုနင်က ပုဗ္ဗာဘာဂ မဂ်က မလာနိုင်တော့ဘူး၊ ဦးဘာအုန်းလာနိုင်ပါ့မလား(မလာ နိုင်ပါဘုရား) အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ ဆရာကောင်း သမားကောင်း မတွေ့လို့ ရှိရင်၊ ခင်ဗျားတို့ တောင်းရင်းသေ၊ ဒီဘဝလဲ တောင်းရင်းသေ၊ နောက်ဘဝ ကော တောင်းရင်းသေရမှာလား မသေရဘူးလား(သေရမှာ ပါဘုရား)။

ဒါဖြင့် ပေးသရွေ့၊လှူသရွေ့၊တောင်းသရွေ့ဟာ နိဗ္ဗာန် အတွက် ရည်မှန်းပြီးသကာလ လှူဒါန်းရှာကြသားဘဲဆိုပေမဲ့ အလုပ်နဲ့သွားရမဲ့ စခမ်းတွေ၊ အလုပ်မပါတဲ့အတွက် ခင်ဗျား တို့ နိဗ္ဗာန် မရတာက သေချာတယ် (မှန်ပါ့ဘုရား)။

ဒါက မဂ်ပေါ်ပုံကို ရှင်းပြတာနော် သက္ကာယဒိဋ္ဌိပြုတ်တာ သည် ဘယ်လို ပြုတ်သတုံးဆိုလို့ ရှိရင်ဖြင့် ငါးပါးက နှစ်ခုသာ ပြုတ်တယ်၊ နောက်ရုပ်ပါများလို့ ဖြစ်ပျက် အနိစ္စတွေ၊ ဖြစ် ပျက် အနတ္တတွေ မြင်လို့၊ ဖြစ်ပျက်ကိုမုန်းလို့ ဟုတ်လား ဖြစ်ပျက်တွေကို မရှိအောင် ဆုံးအောင်ရှုနိုင်တဲ့ အခါကြတော့ မဂ္ဂင်ရှစ်ပါးမဖြစ်ဘူးလား (ဖြစ်ပါဘုရား)။

ဒါ— ဒုက္ခသစ္စာဘဲလို့ ပိုင်းခြားပစ်ခဲ့ပေါ့ဗျာ ဟုတ်လား (မှန်ပါ့) မဂ္ဂင်ရှစ်ပါးလာတော့ ခုနင်က (၃)ခု အနက်က နှစ်ခုကို ဝိပဿနာမဂ်က ချုပ်ထားလိုက်ပြီး၊ တခုကို လောကုတ္တရာမဂ်က ချုပ်တာမချုပ်ဘူးလား(ချုပ်ပါဘုရား) အဲ့ဒီတော့မှ ကေန်ပြုတ်တာ ရှင်းကြပလား (ရှင်းပါဘုရား)။

ဘယ်ကြမ့် ကေန်ပြုတ်တုံး.... (လောကုတ္တရာ မဂ်ကြမ့်ပါဘုရား) က တိုတိုပြောကြစို့ ငါးပါးမဂ်က နှစ်ပါးသာပြုတ်တာ ကျန်တပါးက မပြုတ်ရိုးအမှန် ပြုတ်ပါ့မလား(မပြုတ်ပါဘုရား) ကိလေသာ သုံးပါးထဲမှာ ပရိယုဋ္ဌာန ဝိတိက္ကမသာ ၅-ပါးကပြုတ်တာ အနုသယကြတော့....(မပြုတ်ပါဘုရား) ဘယ်သူ့ပြုတ်တာတုံး (မဂ်ကပြုတ်တာပါဘုရား)၊ မဂ်ရှစ်ပါး ပြည့်မှ ပြုတ်တာ ရှင်းပလား(ရှင်းပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ရှေးက ကြားဘူးတာတွေနဲ့၊ ဝိသုဒ္ဓိမဂ်ရေးတာတွေနဲ့တော့ အတောမသတ်နိုင်ဘူး ဖြစ်နေတယ် အတော် ကန့်လန့် ဖြစ်တယ်တဲ့ ဝိသုဒ္ဓိမဂ်က ပဌမဆင့်မယ် နာမရူပ ပရိစ္ဆေဒဥာဏ်၊ ပစ္စယ ပရိဂ္ဂဟ ဥာဏ်ပိုင်ရင် သူကဟာ—နေရာကြပြီ အစရှိသဖြင့် ဟောလေ့ပြောလေ့ရှိတယ်။

စင်စစ်တော့သူမပြုတ်ဘူးတဲ့၊ ခုနက နှစ်ချက်သာပြုတ်တာ (မှန်ပါ) စင်စစ် အဲဒ်နှစ်ခုနဲ့မျှားဆိုရင်ဖြင့် ဝိပဿနာဥာဏ်တောင်၊ သမ္မသနတောင် မတက်ရသေးတဲ့အတွက် ကိုထွန်းဦး အတော်လိုသေးတယ် မလိုဘူးလား (လိုပါတယ်ဘုရား)။

အဲဒါကြောင့် စူဠသောတာပန်လောက် သူပြောရှာတာဘဲ၊ ခင်ဗျားတို့ ယုံကြည်ဘိုပေါ့ဗျာ(မှန်ပါ) တဘဝလေးတော့ဖြင့်ကွာ မင်းသုဂတိ ရောက်မလား မသိဘူး၊ ပြန်တော့ ကျအုံးမှာဘဲ ပြောတာဘဲ ရှင်းပြီနော် ဒကာ ဒကာမတို့.... (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဝေဒနာကို ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ ထင်ငင်ဘာတဲ့(သက္ကာယဒိဋ္ဌိပါဘုရား)ငါ့ကိုယ်ရှုလိုက်တဲ့အခါ ကြောင့်....ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ မဟုတ်ဘူးဆိုရင် သက္ကာယ ဒိဋ္ဌိ ပြုတ်တာဘဲ၊ ကောင်းပြီ ပြုတ်တယ် ဆိုကြား သော်လည်း ခုနင်က ပြောတဲ့အတိုင်း အနုသယ ကျန်တယ် (မှန်ပါ့)မဂ်စစ် ပေါ်လာလို့ ရှစ်ပါးပြည့်တဲ့အခါကြတော့ ဘယ့်နှယ်ဆိုကြ (ဒိဋ္ဌိဝိစိကိစ္ဆာ ပြုတ်ပါတယ်ဘုရား)။

အဲ....ဒိဋ္ဌိဝိစိကိစ္ဆာပြုတ်တယ် အဲဒီ အနုသယတွေပါ ပြုတ် သွားတယ် အဲဒီကြမှဘဲ သက္ကာယဒိဋ္ဌိအစစ် ပြုတ်ပေတော့တယ် လို့ ဆုံးဖြတ်ချက်ချ (မှန်ပါ့) ဒါကြောင့် အပါယ်လေးပါး လွတ်တာလဲ ရှစ်ပါးပြည့်မှ လွတ်တာ ရှင်းပလား ငါးပါးမဂ် ကဖြင့် အပါယ်လေးပါး လွတ်ပြီလို့.... ဘယ်ဆရာတော် က ဟောဟော မယုံနဲ့ ယုံစရာလဲ အကြောင်းမရှိဘူး အမြစ်ကျန် နေတယ် (မှန်ပါ့ဘုရား)။

ကောင်းပြီ ဒါဖြင့် ဒကာဒကာမတို့ သက္ကာယဒိဋ္ဌိ ယနေ့ ဖြုတ်ပြတာသည် ခင်ဗျားတို့ ကြပ် ကြပ် အလုပ် လုပ် ပါလို့ တိုက်တွန်းလိုက်တယ်၊ဘယ်လိုတိုက်တွန်းလိုက်သတုံး၊ ဝေဒနာ ပေါ်တိုင်း၊ပေါ်တိုင်း ဖြစ်ပြီး ပျက်တာကို မြင်အောင်ရှုပေးနေ အဲဒီလို မြင်အောင် ရှုပေး နေလို့ရှိလျှင်၊ ငါ့ကိုယ်၊ ငါ့ဟာ ငါ့ဥစ္စာ၊ မဟုတ်လို့ ပျက်တာဘဲ မဆိုနိုင်ဘူးလား(ဆိုနိုင်ပါ တယ် ဘုရား)။

ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာမဟုတ်လို့ စကားကိုမသုံးနဲ့တော့ ဖြစ်ပြီး ပျက်တာကို မြင်လိုက်လို့ ရှိလျှင်ဖြင့် ဩော်.... မရှိဘူး မရှိဘူး လို့သာ ခင်ဗျားတို့က သိအောင်လုပ်ပါ၊ သိအောင် လုပ်လို့ရှိလျှင်ဖြင့် သက္ကာယဒိဋ္ဌိ သုံးပုံ့ပုံလို့ရှိလျှင်ဖြင့် နှစ်ပုံ အသေအချာ ပြုတ်တယ်၊သဘောကျပလား(ကျပါဘုရား)။

နှစ်ပုံ—ပြုတ်ပြီးလို့ရှိလျှင်ဖြင့်၊ တပုံဟာအတော်လေးနည်း သွားပြီ(မှန်လှပါ) အတော်နည်းလျှင် တော်ပြီလို့ ဆုံးဖြတ် ချက်ချဘို့ဘဲ(တင်ပါ့ဘုရား)။

ကောင်းပြီဒါဖြင့် သက္ကာယဒိဋ္ဌိ ဖြစ်ကြောင်းတော့ သိပြီ လား (သိပါဘုရား) သက္ကာယ ချုပ်ကြောင်းကော (သိပါ ဘုရား) သက္ကာယ ဖြစ်ကြောင်းလဲသိပြန်၊ဝေဒနာကို ဘယ်လို ထင်ကြသလဲ....(ဝေဒနာကို ငါထင်ပါဘုရား)။

ငါထင်လို့ရှိလျှင် သက္ကာယဒိဋ္ဌိနော်....၊ ဝေဒနာကလေး တွေကို ပျက်တာ မြင်နေတော့ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာမဟုတ် ဘူးလို့သိလျှင် ဘယ့်နှယ်ဆိုကြမယ် (သက္ကာယဒိဋ္ဌိပြုတ်ပါ ဘုရား) သက္ကာယဒိဋ္ဌိပြုတ်တယ် သဘောကျပလား (ကျပါ ဘုရား)။

အဲဒီတော့ ဝိပဿနာလုပ်တဲ့ပုဂ္ဂိုလ်များမှာ ဒီနှစ်ပုံလောက် ဆိုလျှင် အများကြီးတော်ပါတယ်နော်(တင်ပါ့ဘုရား) ဒကာ ဒကာမတို့ ဝေဒနာကို ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာ ထင်လျှင် အာတုံး....(သက္ကာယဒိဋ္ဌိပါဘုရား)။

ဝေ ဒ နာ တို့၏ ပျက် တာ မြင် တော့ ငါ့ ကိုယ်၊ ငါ့ဟာ ငါ့ဥစ္စာ မဟုတ်လို့ ပျက်တာဘဲလို့ သိလျှင်.... (သက္ကာယဒိဋ္ဌိ ပြုတ်ပါဘုရား) ကဲ—သက္ကာယဒိဋ္ဌိ ပြုတ်ပြီဆိုတော့ ဒီဇောနဲ့ သေသွားလို့ရှိလျှင် ခင်ဗျားတို့ သုဂတိကို သေချာတယ် ဘယ်သူမှမပို့ရဘူး(မှန်လှပါဘုရား) ဒီဉာဏ်(မဂ္ဂင်ငါးပါး)က ပို့မှာဘဲ၊ ရှင်းပလား (ရှင်းပါ့ဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီဥစ္စာက သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ စခမ်းကို သိမ်းပါနော်(မှန်လှပါဘုရား)ကောင်းပြီ သက္ကာယ ဒိဋ္ဌိကို ကျုပ်တို့က အခုပြောရတော့မယ်တဲ့၊ မနေ့က သမုဒယ သစ္စာမှာ ဘာဟောခဲ့ သတုံးလို့ မေးတဲ့ အခါကြတော့.... သမုဒယသာ အာယူဟနဋ္ဌော နိဒါနဋ္ဌော မနေ့ကပြီးခဲ့တယ် (မှန်လှပါဘုရား)။

ဒီနေ့ သံယောဂဋ္ဌော ဟောရမယ် ဒကာဒကာမတို့၊ ဘာ ဟောရမယ် (သံယောဂဋ္ဌောပါဘုရား) သံယောဂဋ္ဌော ဆို တော့ စာသံပါနေတယ် (တင်ပါ့ဘုရား) စာသံပါနေတော့ ဒကာဒကာမတို့....

စာဆိုတာက ခင်ဗျားတို့နားထဲ ကြားဘူးတာက မဟုတ် (မှန်ပါ့) သံယောဂဋ္ဌော ဆိုတာ မြန်မာလိုတော့ဖြင့် ယှဉ်တွဲ တတ်တဲ့ သဘောဘဲ (မှန်လှပါ) မြန်မာလိုတော့ ဘယ့်နှယ် ဆိုမလဲ(ယှဉ်တွဲတတ်တဲ့သဘောပါဘုရား)။

ယှဉ်ဘွဲ့တတ်တဲ့သဘော ကိုင်း ခင်ဗျားတို့.... ဒါလေးက လောဘ တလုံး ထားပါတော့၊ လိုချင်တဲ့ လောဘလေး ခင်ဗျားတို့ သန္တာန်မှာ နေ့လည်ကဖြစ်စေ၊ ထမင်းစားတုံးက ဖြစ်စေ၊ ဘယ်အချိန်ဖြစ်စေပေါ့ဗျာ၊ သူပေါ်လာတဲ့အချိန်မှာ ခင်ဗျားတို့ လောဘသည် ခင်ဗျားတို့ သန္တာန်မှာ ရှိတယ်လို့ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။

အလိုလိုပေါ်လာတာလို့ ခင်ဗျားတို့ သန္တာန်မှာ အလည် လာတာလို့ အောင့်မေ့မနေနဲ့ (မှန်လှပါဘုရား) အာရုံဒွါယ တိုက်ဆိုင်လို့ သမုဒယကလေး ပေါ်လာပြီဆိုကြပါစို့၊ အဲဒါ ဘာလုပ်မလို့ လာတာတုံးလို့.... ခင်ဗျားတို့ကယနေ့မေးရမယ် (မှန်လှပါဘုရား) ဒုက္ခဝဋ္ဋ ဒုက္ခမှုတွေနဲ့ မင်းတို့နဲ့ တွဲပေး မလို့လာတာ သဘောကျပြီလား (ကျပါဘုရား)။

မင်းတို့တည်းဟူသော ပုဂ္ဂိုလ်နဲ့ ဒုက္ခဝဋ္ဋ ဒုက္ခမှုတွေနဲ့ တွဲပေးမလို့လာတာ သူဘာလုပ်မလို့ လာတုံး.... (ဒုက္ခဝဋ္ဋ ဒုက္ခမှုတွေနဲ့ တွဲပေးမလို့ လာတာပါဘုရား)။

တွဲပေးမလို့လာတာတဲ့ အလကားတော့ မလာဘူးတဲ့ အင်း—လောဘလေးပေါ်လျှင်၊ ကြောက်စရာပါလား ဒကာ ဒကာမတို့ လောဘလေးပေါ်လျှင် ဘာနဲ့ တွဲပေးမလို့တဲ့ ( ဒုက္ခဝဋ္ဋ ဒုက္ခမှုတွေနဲ့ တွဲပေးမလို့ပါဘုရား ) ဒုက္ခဝဋ္ဋ ဒုက္ခမှုတွေနဲ့ တွဲပေးမလို့ ခင်ဗျားတို့ ကြပ်ကြပ် သတိထားပါ၊ သတိမထားသင့်ဘူးလား.... (ထားသင့်ပါဘုရား)။

ဘယ်လိုထားရမတုံး(ဒုက္ခဝတ္ထု ဒုက္ခမှုတွေနဲ့တွဲပေးမလို့ပါ ဘုရား) လောဘ လာတိုင်း လာတိုင်း တွဲပေးမလို့ လာတယ် လို့သာ မှတ်ပါ ဒကာဒကာမတို့....(မှန်ပါဘုရား)။

ဒီနေ့ဖြင့် ဘယ်သူ့ဆီ တောင်းစရာ ရစရာလေးရှိသေး တယ်လို့ လာလို့ရှိလျှင်ဖြင့် အင်း....သူဟာ ဒုက္ခဝတ္ထု ဒုက္ခမှု နဲ့ တွဲတော့မယ်၊ ဘာကြောင့်တုံးဆိုရင်တော့ ဘယ်သူ့ဆီ တောင်းစရာရှိ၍ ရစရာလေးရှိတယ်ဆိုတာ လောဘ မဟုတ် လား....(မှန်ပါဘုရား)။

အဲဒီတော့ ဒုက္ခဝတ္ထုနဲ့တွဲတော့မယ်ဆိုတဲ့ဥစ္စာက ဒီခန္ဓာ ကိုယ်ကြီးကို ရိုက်ခိုင်းတော့မယ်(မှန်လှပါဘုရား)၊ မရောက် ရောက်အောင် သွားရမယ်ဆိုပြီး ရိုက်ခိုင်းတာဘဲ မခိုင်းဘူး လား....(ခိုင်းပါဘုရား)။

ဟိုရောက်တဲ့အခါကြတော့ ဟိုလူက ချေးများနေလို့ ရှိလျှင်လဲ ပြောရဆိုရမဲ့ အပိုလုပ်တွေက နည်းသလား၊ မုသား နဲ့ပြောရမဲ့အချိန်ကြတော့ မုသားပြောရမှာဘဲ မဟုတ်ဘူး လား အဲဒီတော့ကို ဒုက္ခဝတ္ထု ဒုက္ခမှုတို့ဖြင့် ရောက်နေတယ်၊ အင်း....ဘယ်သူလာလို့ ရောက်တာတုံး.... (လောဘလာလို့ ရောက်တာပါဘုရား)။

ဒကာဒကာမတို့ လောဘလာလျှင် ဘာလုပ်မလို့လာတာ တုံး(ဒုက္ခဝတ္ထု ဒုက္ခမှုတွေနဲ့ ယှဉ်ဘဲ့မလို့ သာတာပါဘုရား)၊

စေတနာကောင်းနဲ့ လာတယ်များ အောက်မေ့ကြသေးလား (မအောက်မေ့ပါဘုရား)။ ဘာလုပ်မလို့တဲ့တုံး (ဒုက္ခဝဋ္ဋ ဒုက္ခမှုတွေနဲ့ ယှဉ်တွဲမလို့ လာတာပါဘုရား)၊ ဒုက္ခဝဋ္ဋ ဒုက္ခမှုတွေနဲ့ ယှဉ်ဘွဲ့ပေးမလို့ လာတာတဲ့၊ ဦးချစ်ခ ခင်ဗျား တို့က သူလာတယ်ဆိုလို့ ရိုလျှင်ဖြင့် ဘာမှ မတွေးတော့ဘူး၊ လိုချင်တဲ့စိတ်ကလေး ပေါ်လာလျှင် သွားမှရမဲ့ပုဂ္ဂိုလ် သွား ဒုက္ခပေါ်လာတယ်၊ မပေါ်ဘူးလား....(ပေါ်ပါဘုရား)။

ဟိုကြတော့ ပြောဆိုရတဲ့ ဒုက္ခတွေရော၊ တခါတလေ တယောက်နဲ့တယောက် အလိုမကြလို့ မုန်းတီးပြီး အော်နေရ ဟစ်နေရပြီး လုပ်ခဲ့ရတဲ့ အလုပ်တွေကော မရှိဘူးလား.... (ရှိပါဘုရား)၊ မရ ရအောင် သိမ်းမယ်ကွာဆိုတဲ့ ဒုက္ခတွေရော (ရှိပါတယ်ဘုရား)၊ ဒါတွေဟာ ဘယ်သူဝင်လာလို့ ကြုံရပါ လိမ့်....(လောဘပါဘုရား)။

အဲဒါ ခင်ဗျားတို့က စုံချက်ကလွဲချင်တော့ ဩော်...ကံ မကောင်း အကြောင်းမသင့်ချင်တော့ကို ပေးထားတဲ့ပစ္စည်း က တောင်းကိုမရဘူး၊ ကိုယ်ဆင်းရဲရတယ်၊ ကံများမကောင်း ချင်တော့ကိုယ်ဆင်းရဲ စိတ်ဆင်းရဲနဲ့တွေ့ရတယ်၊ သူ့ကြောင့် ကံမကောင်းလို့လား (မဟုတ်ပါဘုရား)၊ သူလာလို့ ဒီဒုက္ခ တွေ့ရတယ်၊ ခင်ဗျားတို့က ဘယ်လို စွဲချက်တင်လိုက်သာတုံး၊ ကံမကောင်း အကြောင်းမသင့်လို့ ကိုယ့်ပစ္စည်း ကိုယ်ပေး ထားတာကို သွားတောင်းတာတောင် ကိုယ့်မျက်နှာ ကြည် ကြည်သာသာ မရခဲ့ဘူး၊ ကံများခေလိုက်တာ. ရိပ်မိပလား။

ကံခေတာလား၊ သူကလာလို့ အမှုပျက်ပြားတာလား.... (သူကလာလို့ အမှုပျက်ပြား တာပါဘုရား)၊ ခင်ဗျားတို့က ချတော့ ဘယ်သူ့ချသလဲ....(ကံကိုချပါတယ်ဘုရား)၊ ဩြ ခက် လိုက် ထာ မ ရ မ ဆုံး ကြီး ဖြစ် နေ တ ယ် လို့ ဒကာ ဒကာမတွေ မဆိုထိုက်ဘူးလား ဆိုထိုက်သလား....(ဆိုထိုက်ပါတယ်ဘုရား)။

သူမလာခင်က အိမ်က ထွက်ဖြစ်တာလား.... (မထွက်ဖြစ်ပါဘုရား)၊ မထွက်ဖြစ်ဘူး ဟိုလူနဲ့ကော ကတောက်ကဆ ဖြစ်စရာရှိရဲ့လား....(မရှိပါဘုရား)၊ သူလာတာနဲ့ ဖြစ်ရတဲ့ အဖြစ်ကို သူ့အပြစ်ပေါ့၊ သူတွန်းတဲ့ဂျောက် မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။

သူတွန်းတဲ့ဂျောက်ကို ခင်ဗျားတို့က ဘယ်သူ့ကြောင့်လို့ ဆိုသတုံး (ကံတွန်းတဲ့ဂျောက်ပါဘုရား)၊ ကံတွန်းတဲ့ဂျောက် ဆိုတော့ ကံက သက်သက် အနစ်နာခံရတယ်(ဟုတ်ပါတယ်ဘုရား)၊ လုပ်လဲမလုပ်ရဘူး၊ လက်သယ်က တခြား၊ အစွဲခံရတဲ့ လူကတခြား ဒီလိုဖြစ်နေတယ်၊ ဦးချစ်ခ နောက်ကြတော့ ခင်ဗျားတို့က သတိထားပါ ဟုတ်လား။

သူရောက်လာလို့ရှိလျှင် ဆရာဘုန်းကြီးက သတိပေးထား တယ်၊ ဘုရားကလဲ ဟောထားတယ်၊ ဒုက္ခဝတ္ထု ဒုက္ခမှုတို့နဲ့ မင်းနဲ့ကို မခွဲရအောင် လာခဲ့တာဟော့ ရှင်းပလား.... (ရှင်းပါဘုရား)၊

လောဘက ဘာကိစ္စနဲ့ လာခဲ့တာတုံး (ဒုက္ခဝဋ္ဋ၊ ဒုက္ခမှု တို့နဲ့ တွဲပေးမလို့ လာခဲ့တာပါဘုရား)အဲဒုက္ခဝဋ္ဋ၊ ဒုက္ခမှုတို့နဲ့ ခင်ဗျားတို့လို ပုဂ္ဂိုလ်တွေနဲ့ တွဲပေးမလို့ လာတာတဲ့ လာခြင်း ကောင်း ဟုတ်ကဲ့လား (မဟုတ်ပါဘုရား) လာခြင်းဆိုးပေါ့ (မှန်လှပါဘုရား)။

လာခြင်းဆိုးကိုပင်လျှင် ခင်ဗျားတို့ကလဲ သူလာဘို့ရာ၊ သူ့ အာရုံက လှူ့ဆော်တတ်တယ် (မှန်ပါ) ဟိုဘက် သွားတော့ ဟိုဘက်မှာ ရစရာရှိတဲ့အာရုံက ဒီက မနေ့ အကြည်နဲ့ တွေ့ လိုက်တော့ လိုချင်တဲ့ဇောက ဖြတ်ဆို ပေါ်လာတယ်၊ ဒီလို မပေါ် ပေဘူးလား ပေါ်တော့ ခင်ဗျားတို့က မှန်မဘည့် ကောင်းတဲ့ဘက်ကို မှန် သွား တည့် တယ် (မှန်လှပါဘုရား) ဟဒယဝတ္ထုက မှန်ကိုဗျ (မှန်ပါဘုရား)။

မှန်ကဟိုမှာ ကျေးရှိတဲ့ ပုဂ္ဂိုလ်သွားတည့်တယ်၊ (မှန်ပါ) သွားတည့်လိုက်တော့ ဒီလောအရိပ်က ဒီမှာ လာပေါ်တယ် (မှန်ပါ) ဒီလောဘရိပ်တွန်းပြီး ကိန်းရာပုဂ္ဂိုလ်မခိုင်းဘူးလား (ခိုင်းပါတယ်ဘုရား) ခိုင်းတဲ့အခါကြတော့ ဟိုကြလျှင် ပြောရ ဆိုရ၊ လိမ်ရ၊ ကောက်ရလို့ မောရ ပန်းရတဲ့ ဒုက္ခတွေမတွေ့ပေ ဘူးလား (တွေ့ပါတယ်ဘုရား)။

တွေ့တဲ့အခါကြတော့ မဖြစ်ချင်နေ ဖြစ်ချင်ဖြစ် ဆိုပြီးတော့ ဝိုင်းမြောက် ခံရအုံးမယ်၊ မခံရပေဘူးလား (မှန်လှပါဘုရား) အဲဒီလိုခံရတာတွေလဲ ဒကာဒကာမတွေ ဘယ်သူလာလို့ ဖြစ် ရတာပါလိမ့်(လောဘပါဘုရား)။

ဩြောင် ဒါဖြင့် ဒုနက္ခတ္တံ၊ ဒုမင်္ဂလံ ဆိုတာသူဘဲ၊မကောင်းတဲ့ နက္ခတ်နဲ့ကြုံတာမဟုတ်လား၊မကောင်းတဲ့နက္ခတ် မကောင်းတဲ့ မင်္ဂလာတွေနဲ့ ကြုံရတယ်ဆိုတော့ သူ့ကိုဆိုတာ ရိုပ်မိပလား (ရိပ်မိပါတယ်ဘုရား)။

သူကသဲ ဘုန်းကြီးပြောတာ ပြောနေတယ်၊ မနက်မိုးလင်း လို့ရှိလျှင် ဆွမ်းတော်ထက် စောတယ်လို့ ပြောတာ (ဆွမ်း တော်ထက် စောပါတယ်ဘုရား ) နံနက် မိုးလင်းလို့ရှိလျှင် မလာဘူးလား အိပ်ရာက ထလာလို့ရှိလျှင် ဘယ်သူ့ဆီမှာ ယူစရာရှိတယ်၊ ဘယ်သူ့ထံမှာ တောင်းစရာ၊ ဘယ်သူ့ကိုပေး စရာ အစရှိသည်နဲ့ ဆိုတော့ ခင်ဗျားတို့ ဆွမ်းတော်ထက် စောတယ်ဆိုတာ ငြင်းစရာမရှိဘူး မဟုတ်ဘူးလား၊ အဲဒီတော့ ခင်ဗျားတို့ အိမ်မှာ ဘာနက္ခက်နဲ့ ကြုံသလဲဆိုရင် ဒုနက္ခတ္တံ ဒုမင်္ဂလံ သာ မှတ်ထားတော့ ရိပ်မိပလား၊ ဘာနက္ခတ်နဲ့ ကြုံသတုံး (ဒုနက္ခတ္တံ၊ဒုမင်္ဂလံ ပါဘုရား)။

ဒုနက္ခတ္တံ၊ ဒုမင်္ဂလံ သူ့ကိုမထည့်နဲ့၊ သူလာ ကတည်းက ဒုက္ခပေးမလို့ လာတာ အဲဒါ နက္ခတ်ကောင်းနဲ့ ကြုံသလား နက္ခတ်ဆိုးနဲ့ ကြုံသလား (နက္ခတ်ဆိုးနဲ့ ကြုံပါတယ်ဘုရား) နက္ခတ်ဆိုတာ ဝမ်းထဲကဟာကိုဆိုတာ၊ ခင်ဗျားတို့က ကောင်း ကင်ကြည့်နေလို့ ခက်နေတာ ရိပ်မိပလား၊ ကောင်းကင်က နက္ခတ်ကအမှန်လား၊ သူက ဒုက္ခအကျိုးပေးတာလား (သူက ဒုက္ခအကျိုးပေးတာပါဘုရား)။

ဒါဖြင့် ဒီနေရာမှာ သူလာလျှင် ဝိပဿနာ ရှုလိုက်က သုနက္ခတ္တ၊ သုမင်္ဂလံနဲ့ ကြုံမကြုံ (ကြုံမှာပါဘုရား) မရှုလို့ ရှိလျှင် (ဒုနက္ခတ္တ ဒုမင်္ဂလံနဲ့ ကြုံမှာပါဘုရား) အဲဒါမှတ်ထားဗျ ပေါ်ကြပလား(ပေါ်ပါတယ်ဘုရား)

ကောင်းပြီ ဒါဖြင့် ဒကာဒကာမတို့ .. မိုးလင်းလို့ ရှိလျှင် သူကဘဲ အရင်ကြွလာလို့၊ သူ့ကိုအချင် ဖူးမျှော် နေရတယ် ဆိုတော့ ခက်နေတယ်၊ မခက်ဘူးလား (ခက်ပါတယ်ဘုရား) မိုးလင်းလျှင် ဘယ်သူကအရင်လာတုံး (လောဘ· သူကအရင် လာတယ်ဘုရား)

အဲ– လောဘက အရင်လာတယ် ဆိုတော့ ဒကာဒကာမတို့ ဖြင့် ဒီနေ့တော့ နက္ခတ်ဆိုးနဲ့ဖြင့် ကြုံပေါ့ မဆိုနိုင် ဘူးလား (ဆိုနိုင်ပါတယ်ဘုရား) ဒီနေ့ တနေ့လုံး ကောင်းစားမဲ့နေ့လား ဆိုးဝါးမဲ့နေ့လား (ဆိုးဝါးမဲ့နေ့ပါဘုရား)။

ဆိုးဝါးမဲ့ နေ့သာ မှတ်ပေတော့ သူက အရင်ကြွလာတာ ကိုဗျ၊ ကြွလာတော့လဲ သူချည့်လာတာမဟုတ်ဘူး ဣဿာရော မစ္ဆရိယရော၊မာနရော၊ဒိဋ္ဌိရော၊အကုသိုလ်စိတ်မှာ အကုသိုလ်နဲ့ ယှဉ်တဲ့ စေတသိက် ၂၇ နှင့် တ ကွ အ ပေါ် နဲ့ လာ တာ သဘောကျပလား (ကျပါဘုရား)။

တယောက်ထည်း လာတာလား(မဟုတ်ပါဘုရား)အခြွေ အရံနဲ့လာတာ အဲဒီအခြွေအရံနဲ့ လာပြန်တော့၊ အစိမ်း သူရဲ သားဘက်တွေ၊ (တင်ပါ့) အစိမ်းတို့၊ သူရဲတို့၊ သားဘက်တို့ ချည်းဘဲ၊ ဒီပြင်ဘာလာသေးတုံး (ဘာမှ မလာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ကို ဘာပေးမလို့ လာတာတုံး(ဒုက္ခပါ ဘုရား) ဒုက္ခဝဋ္ဋ ဒုက္ခမှုတွေကို မင်းတို့အား အပြည့်အစုံ ပေးမယ်တဲ့ ဒါနဲ့ လာခဲ့တာဆိုတော့ ခင်ဗျားတို့ မသိတော့ ဒီ လောဘကလေးကို ခင်ဗျားတို့က လက်သတ် မွေးထားတာ ဟုတ်လား (တင်ပါ့) လက်သတ်မွေးထား သူကလဲလာရင် သူ့စရိုက်နဲ့ သူ့ရည်ရွယ်ချက်ကတခြား ခင်ဗျားတို့က အမွေး လွဲနေတယ် မလွဲပေဘူးလား (လွဲပါတယ်ဘုရား)

နောက်တချက်က လွဲမယ် သေသေချာချာ သူလာလို့ ရှိလျှင် ဘုရားက "သရာဂစိတ္တံ သရာဂစိတ္တန္တိ ပဇာနာတိ" မင်းဒါလေး ဖြစ်ပျက်ကို သိအောင် လုပ်လို့ မပြောဘူးလား ပြောပါတယ်ဘုရား ပြောပြန်တော့ ဒါလေး ခင်ဗျားတို့ကလဲ မရှုမိဘူး (မှန်ပါဘုရား)။

မရှုမိတဲ့ အခါကြလို့ ရှိလျှင်ဖြင့် သူက အပေါ်အသင်းနဲ့ တကွ၊ ခင်ဗျားတို့လို ပုဂ္ဂိုလ်တွေကို ထင်သလို စီမံတော့မယ် (တင်ပါ့)အပြေးခိုင်းလျှင်ပြေးရမယ်(ပြေးရပါမယ်ဘုရား)။

ဟာ နောက်ကျသွားလိမ့်မယ် နောက်ပိုင်းက ထွက်သွားလျှင် မှီလိုက်မှာမဟုတ်ဘူး၊ ဟိုမှာရစရာတွေ၊ဘာတွေရှိတာကို အပြေးပေမဲ့ သွားရတယ် မသွားရဘူးလား (သွားရပါတယ် ဘုရား) မဟုတ်ဘူးလား ဟိုမှာ အသက် ငင် နေတယ် တော်တော်ကြာ မင်း သူ နဲ့ မှ တွေ့ မှ တွေ့ ပါ မ လား၊ သား သမီး တွေနှင့် တွေ့အောင်သွား မြန်မြန်သွားဆိုတဲ့အခါကောမရှိဘူး လား (ရှိပါတယ်ဘုရား) ဘယ်သူလာလို့တုံး (လောဘ လာတာပါဘုရား)အင်း....ကောင်းကျိုးပေးသလား ဆိုးကျိုး ပေးသလား (ဆိုးကျိုးပေးပါတယ်ဘုရား)။

လမ်းများ ခလုပ်တိုက်လဲနေလျှင်လည်း ဟုတ်လား အမျိုးမျိုးအဖုံဖုံ၊ ထမင်းမစားရ အငတ်နေပေါ့ကွ၊ ထမင်း အရေးလုပ်လို့၊ ထမင်း နေ့တိုင်း စားနေရတာ အချိန်လွန်သွားလိမ့်မယ်၊ တခါတလေ နှစ်ထပ်ကို တထပ်တည်း စားရတာ ဘယ်သူ့ကိစ္စပါလိမ့်....(လောဘကိစ္စပါဘုရား)။

သူပေးတဲ့ကိစ္စတွေဘဲ....၊ သူရောက်လာလျှင် မင်း အငတ်ပြဿနာနဲ့လဲ မင်းတွေ့ရလိမ့်မယ် စိတ်သာချ၊ ဆိပ်ုးရှိလျှက်နဲ့ ဆံအိပ်ရှိလျှက်နဲ့ မင်းမစားရတဲ့နည်း ငါပေးမယ်...၊ အဲဒီဒုက္ခ ငါပေးမယ်၊ ဆံအိပ် ဆိပုံးရှိလျှက်နဲ့ ကောင်းကောင်းမွန်မွန် မစားရတဲ့နည်း ငါပေးမယ် ငတ်တဲ့ဒုက္ခနဲ့ တွဲပေးမယ် ဆိုတာ ဘယ်သူပါလိမ့်...(လောဘပါဘုရား)။

ဘယ်လောက်များ ဆိုးတုံးဗျာ.... (ဆိုးပါတယ်ဘုရား)။ ကောင်းပြီ ဒါဖြင့် ဒကာဒကာမတို့ ဒုက္ခဝဋ္ဋ၊ ဒုက္ခမှုတွေနဲ့ဖြင့် အကုန် အကျွမ်းဝင်တယ်၊ ဘယ်အချိန် တွဲမှာတုံး ဆရာကြီးလို့ သူ့ကိုမေး၊ ရောက်တဲ့အချိန်ကစ တွဲပါမယ်လို့ ပြောမှာဘဲ၊ ဘယ်လောက်များ ဆိုးတုံး ရှင်းကြပလား .... (ရှင်းပါဘုရား)။

ကောင်းပြီ ... ဒါဖြင့် တွဲပုံကလေးကို ရှင်းပြပါအုံးမယ်၊ ခင်ဗျားတို့ရဲ့ ခန္ဓာကိုယ်နဲ့ ဒီခန္ဓာကိုယ်ပေါ်မှာ ရှက်ဆောင်ရမဲ့ ဝန်ထုပ်နဲ့မကွဲအောင် အမြဲတွဲထားမယ်တဲ့၊ ဘယ်လောက်ဆိုးတုံးဗျာ ပေါ်ကြပလား၊ ဦးဘအုံးဆိုတဲ့ ခန္ဓာကိုယ်နဲ့

ကိုယ်အပေါ်မှာ သူဆင့်တင်ထားတဲ့ ဒုက္ခတည်းဟူသော ဝန်ထုပ်တွေနဲ့ ဘယ်အခါကာလမှ ပြုတ်မကျအောင် တွဲပေးနေတယ်၊ အံ့မလေး ဖြစ်မှဖြစ်ရလေဗျာ ဘယ့်နှယ်တုံး ဒကာဒကာမတို့ ဝန်ထုပ်နဲ့ အထမ်းသမား မကွဲရအောင် (မှန်ပါ)၊ ရုန်းထွက်လို့မရအောင် ငါဘွဲ့ပေးမယ်၊ ဘယ်သူက တွဲပေးထားတုံး လောဘက တွဲပေးထားတာ(မှန်ပါ)၊ လောဘက တွဲပေးတယ်။

ခင်ဗျားတို့မှာလဲ ထမ်းနေရတဲ့ ဒီဝန်ထုပ်ကြီးကျသွားမှာကို သိပ်စိုးရိမ်တယ်၊ ကျောပေါ်က မချချင်အောင် ဒီလောက်တောင်ဘဲ ခင်ဗျားတို့က စေတနာ ပိုပါပေတယ်၊ အတော်မဆိုးဝါးဘူးလား.... (ဆိုးဝါးပါဘုရား)။

ဒါဖြင့် အင်မတန်စေတနာကောင်းနဲ့ ခင်ဗျားတို့က သားကလေးတယောက် မွေးလာလဲ ငါကြည့်ဘို့ ငါမွေးဘို့ဆိုပြီး ကျောပေါ်တင်တာဘဲ၊ သမီးကလေးတယောက် မွေးလာပြန်တော့ကော ...(ကျောပေါ်တင်တာပါဘဲဘုရား)၊ ကျောပေါ်တင်တယ်၊ ခင်တဲ့ ဆွေမျိုးရင်းချာလေး ရောက်လာပြန်တော့ကော ... (ကျောပေါ်တင်တာပါဘုရား)၊ မိတ်ဆွေရင်းလေး ရောက်လာပြန်ကော(ကျောပေါ်တင်ပါဘုရား)၊ ဒီပုဂ္ဂိုလ်တွေ ဖြစ်လိုက်ပါတော့လားဆိုတော့ ခြေဒ်....ဖြစ်လို့ မဖြစ်ဘူးတဲ့ သူတို့နဲ့ဘဲ အလုပ် လုပ်နေရတာဆိုတော့ ဘယ်သူ့ဖြစ်တာ ပါသေးတုံး....(မပါပါဘုရား)။

ဒါတွေအကုန် ကျောပေါ်တင်တာဘဲ၊ မတင်ဘူးလား (တင်ပါဘုရား)၊ ဘယ်သူက တင်ပေးတာတုံး....(လောဘက ပါဘုရား)၊ လောဘက ခင်လို့တင်တာကိုဗျ၊ မခင်တဲ့ပုဂ္ဂိုလ် ကျောပေါ်တင်ပါ့မလား....(မတင်ပါဘုရား)၊ အိမ်နား မသိ လာပါနဲ့တောင် ပြောလိမ့်အုံးမယ်၊ မပြောပေဘူးလား ပြောမလား... (ပြောမှာပါဘုရား)။

အခုတော့ ခင်ဗျားတို့က သားသမီးလေး ဇနီးဘက်က လာတော့ ကျွေးလိုက်မွေးလိုက် ဟုတ်လား၊ ယောကျ်ားဘက်က လာတော.... (ကျွေးလိုက်မွေးလိုက်ပါဘုရား)၊ ကျွေးလိုက် မွေးလိုက်၊ ပေးစရာ ကမ်းစရာရှိပြန်လို့ မမာမကျန်းရှိနေပြန် လို့ရှိရင်လဲ ပေးလိုက် ကျွေးလိုက် မလုပ်ရပေဘူးလား (လုပ်ရ ပါဘုရား)။

လုပ်တော့ သူတို့အားလုံးကိစ္စ သူတို့အပူတွေဟူသ၍ကော ကိုယ်ပါ ရောမပူရဘူးလား ... (ပူရပါဘုရား)၊ ပူရတော့ အပူဟူသ၍ဘဲ ခင်ဗျားတို့ကျောပေါ်တင်တာဘဲ၊ ဝန်ဟူသ၍ ကော ... (ကျောပေါ်တင်ပါဘုရား)၊ ဒါဖြင့် အတွင်းကလဲ အပူတွေ၊ ကျောပေါ်ကလဲ ဝန်ထုပ်မချနဲ့ သဘောကျပလား (ကျပါဘုရား)။ ဒါဖြင့် ဘယ်သူက တွဲကပ်ထားတာတုံး.... (လောဘကပါဘုရား)၊ လောဘက တွဲကပ်တယ်။

တယောက်ထဲနေရင် ကိုယ့်ခန္ဓာတထုပ်ထည်း ထမ်းရမယ် မဟုတ်လား....(မှန်ပါဘုရား)၊ တယောက်ထည်းနေရင်ဘာတုံး ဒကာဒကာမတို့(ကိုယ့်ခန္ဓာတထုပ်ထည်းထမ်းရမှာပါဘုရား) ကိုယ့်ခန္ဓာတထုပ်တည်းထမ်းရတော့ ဝန်နဲ့အလေးချိန်မျှတယ် တော်သေးတယ်....(မှန်ပါဘုရား)။

အခုခင်ဗျားတို့ သမုဒယရောက်တဲ့အချိန်ကစပြီး ဒီလို နေလို့ တော်မထင်ပါဘူး ဖြစ်လာတယ် (မှန်လှပါ)၊ ဘယ် အချိန်ကစလဲ.... (သမုဒယရောက်တဲ့ အချိန်ကပါဘုရား)၊ တော်မယ်မထင်ဘူးဆိုတဲ့ အခါကျတော့ တည်ထောင်မှာဘဲ၊ ယောကျ်ားဖြင့်လဲ မိန်းမတည်ထောင်၊မိန်းမဖြင့်လဲယောကျ်ား တည်ထောင်မှာဘဲ မလာပေဘူးလား လာမလား.... (လာပါ ဘုရား)။

ဘယ်သူက တည်ထောင်ခိုင်းတာလဲ.... (သမုဒယကပါ ဘုရား) သမုဒယကနော်။ ဒါဖြင့်ယောကျ်ားဝန်ကိုလဲ မိန်းမ က ထမ်း၊ မိန်းမဝန်ကိုကော ယောကျ်ားကထမ်းပါဘုရား)၊ နောက်သားသမီးတွေ မွေးဖွားလာပြန်တော့ကော.... (ထမ်းမြဲ ထမ်းပါဘုရား)၊ နောက် သား သမီး တွေ က ဆက်လက်ပြီး သကာလ မြေးမြစ်တွေကော(ထမ်းရပါဘုရား)၊ မွေးဖွားပြီး ထမ်းပေါ့ဗျာ (မှန်လှပါ)၊ ခွဲလို့ရရဲ့လား (မရပါဘုရား)။

ဒီသား ဒီသမီး ဒီမြေးတွေနဲ့များ ခွဲသွားရတော့မယ်၊ စွန့်များသွားရတော့မယ်ဆိုရင် မျက်ရည်များ ကျသေးတယ် (မှန်လှပါ)၊ ခွဲချင်လို့လား—မခွဲချင်လို့လား (မခွဲချင်လို့ပါ ဘုရား)၊ ဩော်....ဝန်ကျမှာကို သိပ်စိုးရိမ်တယ်၊ ဟင်...ဝန် ပိပြီး သေပါရစေဘုရား၊ ဝန်ကျပြီး ဆွေကွဲ မျိုးကွဲနဲ့ သားကွဲ သမီးကွဲနဲ့ မသေပါရစေနဲ့ ဆုတောင်းကိုဗျ ရိပ်မိပလား.... ဘယ်လိုသေချင်ကြသတုံး....(သားနဲ့သမီးနဲ့ဆွေနဲ့မျိုးနဲ့သေ ချင်ပါဘုရား)။

အဲဒါ ဖြစ်စဉ်—ဖြစ်စဉ် ဒကာဒကာမတို့ရဲ့ ဖြစ်စဉ်ကတော့ အတော်ဆိုးနေတာဗျ မဆိုးဘူးလား ဆိုးသလား.... (ဆိုးပါတယ်ဘုရား)၊ ခင်ဗျားတို့ဆုတောင်းတာကြည့်လေ သားကွဲ သမီးကွဲ မျိုးကွဲ တကောင်ကြွက် ဥတလုံးအဖြစ်နဲ့ မသေပါရစေနဲ့တဲ့....၊ ဟင်.... ဆွေတွေ မျိုးတွေ သားတွေ သမီးတွေရော အကုန်လုံး ဝိုင်းခြံပြီးသကာလ နှိပ်စက်သရှဲခံပြီးမှ ဝန်ပိ သေပါရစေဆိုတော့ ဝန်ကျပြီး သေပါရစေလို့မျှား ပါရဲ့လား (မပါပါဘုရား)။

အဲ....ဘုရားကတော့ ဝန်ကျသေမှုကြိုက်တယ်၊ ခင်ဗျားတို့က ဝန်ပိသေမှုကြိုက်တယ်၊ သေခြင်းဆိုးသေမှု ကြေနပ်မှာ ရိပ်မိပလား ဘယ်လိုသေမှု ကြေနပ်တုံး (ဝန်ပိသေမှုပါဘုရား) ဖြစ်မှုဖြစ်ရလေဗျာ အတော်ဆိုးနေပါလား ဒကာဒကာမတို့၊ အင်မတန် ဆိုးဝါးမနေဘူးလား၊ အဲဒါ.... သူ့အကြောင်း မသိလို့ (မှန်လှပါ)၊ ဝန်တင်တဲ့သူ့သာ သတ်လိုက်မယ်ဆိုရင် တင်မဲ့လူ ရှိသေးလား....(မရှိပါဘုရား)။

မရှိဘူး မရှိလို့ရှိလျှင် ကျုပ်တို့ဝန်တွေ မပေါ့ဘူးလား.... (ပေါ့ပါတယ်ဘုရား)၊ အဲဒါ....ခင်ဗျားတို့က သေတာတောင် ဆွေထဲ မျိုးထဲ သားနဲ့သမီးနဲ့ ကိုယ့်အိမ် ကိုယ့်ယာ သေပါရစေ၊ တကောင်ကြွက်မျှား သေရမှာ စိုးရိမ်လိုက်ဘဲဖြစ်ခြင်း မပြောပါနဲ့တော့ ဒီလို ဖြစ်မနေဘူးလား.... (ဖြစ်နေပါတယ်ဘုရား)။

ဦးဘအုန်း ဒီဆုများ တချို့တောင်းတာတွေ ခင်ဗျား ကြားဘူးပါလိမ့်မယ်၊ မကြားဘူးဘူးလား.... (ကြားဘူးပါတယ်ဘုရား)၊ ကြားဘူးတယ်ဆိုတော့ ဘယ်လိုသဘောနဲ့ သေချင်လို့လဲ.... (ဝန်ထုပ်ပိုပြီးသေချင်ပါဘုရား)။ သဘောကျပလား ဦးချစ်ခတို့ ကျွဲတွေ့မြင်းတွေ့ဘာတွေ ကျောက်လမ်းပေါ်မှာ ကားယားကြီး တခါတည်း ရင်ကွဲပြီးသကာလ ချက်ချင်းသေတာ မရှိဘူးလား(ရှိပါတယ်ဘုရား)။

အပေါ်ဝန် လေးလွန်းလို့ဗျ၊ ရထား ဆွဲရတာတမျိုး ရထားပေါ်တင်တဲ့ဝန်တွေ ကွဲရတာကတမျိုးဆိုတော့ တခါတည်း ကျောက်လမ်းနဲ့ ရင်ပတ်နဲ့ကို သွားဆောင့်တယ်၊ ဆောင့်ပြီး မသေဘူးလား....(သေပါဘုရား)၊ အဲဒါ ဘာပိုသေတာလဲ.... (ဝန်ပို သေတာပါဘုရား)၊ ဝန်ပိုသေတာတဲ့ ဝန်ပိုသေမှာဘဲတဲ့၊ ခန္ဓာ(မြင်း)က အထမ်းသမား၊ တဏှာ(မောင်းသမား)က အတင်သမား သဘော ကျ ပ လား .... (ကျပါဘုရား)။

ဦးချစ်ခရေ တဏှာဆိုတဲ့ မြင်းမောင်းသမားက သူ ငွေရဘို့သာအရေးကြီးတာ၊ မြင်းပျော့နေတယ် ပိန်နေတယ် သူဂရုမစိုက်နိုင်ဘူး မဟုတ်ဘူးလား(ဟုတ်ပါတယ်ဘုရား)၊ သွားရင်းသေတဲ့အခါကြတော့ မြင်းက ကံမကောင်းအကြောင်းမသင့်လို့ ခြေချော်ပြီး ရင်ကွဲသေတယ်လို့ အောက်မေ့တယ်၊ ခြေချော်သေတာ မဟုတ်ဘူး၊ ဝန်ပိုသေတာ ရိပ်မိကြပလား (ရိပ်မိပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့မှာတော့ တခါတခါ ဝန်ပိပြီးနေတာ သက်ပြင်းကြီးရှူနေတဲ့အခါ ပါသေးတယ်(ပါပါတယ်ဘုရား)၊ အိပ်ယာထဲမှာ ဝန်ပိနေတာ သားက သွီးကလဲ နေရာမကျ၊ ဟင်....ပစ္စည်း အရောင်းအဝယ်ကလဲ အချိုးကမကျ ဒီလိုဖြစ်နေတော့ ဟင်–လုံးဘဲ ချနေရတယ်၊ တဖယ်ထည်း ဝန်ပိနေတာကိုးဗျ၊ ဝန်ထမ်းတာက နည်းတာမှမဟုတ်ဘဲ၊ ဦးဝမျှား စောင်းဟောနေတာလား မပြောတတ်ဘူး၊ ဝန်ပိနေတာဗျ သဘောကျပလား။

ဒါဟာ ဘယ်သူတင်ပေးသတုံး၊ အေး....တဏှာလောဘက တင်ပေးသမားပေါ့ဗျာ....(တင်ပါ)၊ ကောင်းပြီ ခင်ဗျားတို့ အိမ်မှာနေလို့ရှိလျှင် အလုပ်ဟာ အမြဲကပ်နေတယ်၊ ဟိုဟာလေးလဲ အမြင်မတော်လို့ ကိုယ်တိုင် လုပ်လိုက်ရ၊ သည်ဟာလေးလဲ ကြားမကောင်းလို့ ကိုယ်ဘဲသွားပြီး ပြုပြင်လိုက်ရမရှိပေဘူးလား–(ရှိပါတယ်ဘုရား)။

ကဲဒီလိုသာဆိုရင်တော့ ကျောင်းကန်ဘုရား သွားကြ လာကြတော့ တနေ့တရက် သွားရတာတောင် လေးလံလိုက်တာ ခက်နေတာဘဲ ဘာလို့တုံးဆိုလို့ရှိလျှင် ဝန်တွေထဲက ထွက်သွားရမှာ စိုးလို့ ဒီနေ့ ဝန် မရှိတဲ့ နေရာ အလုပ်မရှိတဲ့နေရာ နေရမှာ၊ အချိန်ကို အတော်ဆွဲနေတယ် အိမ်ပြန်ကျလာပြီဆိုလျှင် သွက်လိုက်တဲ့ ဖြစ်ခြင်း ရိပ်မိပလား၊ အိမ်ပြန်ကျတော့ ဘယ်နှယ်ဖြစ်နေသလဲ (ခြေကသွက်နေပါဘုရား)။

ဘယ့်နှယ်ကြောင့်လဲ ဒီကျမှ လုပ်စရာ ကိုင်စရာရှိတာကို ဒါကြောင့်မို့ ခင်ဗျားတို့ ပြန်တဲ့အခါကြတော့ကို ဘုန်းကြီးက အကဲခတ်တယ်၊ ဒီတရားပွဲ ပြီးတဲ့အချိန် ပြန်ကြတာဘဲ၊ ဘာပြုလို့ ပြန်ကြတာတုံး (ဝန်ရှိတဲ့နေရာမို့ ပါဘုရား)။

ဒီမှာတော့ ဝန်ကျနေလို့ မဟုတ်ဘူးလား (မှန်လှပါဘုရား) ဝန်ပိမ့်ဆိကို ခတ်သုတ်သုတ် ပြန်ရတယ် မပြန်ရဘူးလား ပြန်ရသလား (ပြန်ရပါတယ်ဘုရား)။

အဲဒီအချိန် ကြလို့ရှိလျှင်ဖြင့် ဘယ်သူက ဘာလုပ်ပြန်ပြီ ဘယ်သူက ဘာလုပ်အုံး ဘယ်သူက ဘယ်သွားလို့ ဘယ်လိုဖြစ်မယ်မသိ၊ ခလေးချည်း ထား(စ်ခဲ့ရတယ် အစရှိသည်ဖြင့်ပေါ့ဗျာ၊ ခင်ဗျားတို့သည်ကား ဆိုလို့ရှိလျှင်ဖြင့် ဝန်ကင်းနေတဲ့ဆီ ပျော်သလား (မပျော်ပါဘုရား) ဒီမှာ လှုတ်လှုတ်လပ်လပ် နေကြရတယ် မဟုတ်လား ယောကျ်ားတွေဘဲ၊ မိန်းမတွေကလဲ သားသမီး မပါဘူး အဲ.... တပည့်တော်တို့ ရှင်းရှင်းဘဲနေကြပါတယ် ဒီနေရာဝန်မရှိတဲ့နေရာ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)။

ဝန်မရှိတဲ့နေရာမှာ ပျော်ပျော်ပါးပါးနဲ့ သူတော်ကောင်းတရားကို ကြိုးစား နေလိုက်ပါလား ဆိုလို့ရှိလျှင် မဖြစ်သေးဘူးဘုရား မဖြစ်သေးဘူးတဲ့ ဘယ့်နှယ်ကြောင့် ဒကာ ဒကာမတို့ မဖြစ်သေးဘူးလို့ လျှောက်ကြပါလိမ့် ဝန်ကျနေလို့ဗျာသိပြီ ခင်ဗျားတို့က ဆုတောင်းလာတာကို ခင်ဗျား တရား.... ထိုင်ပါအုံးဆိုတော့ ဘယ့်နှယ် ပြောတုံး (ကိစ္စလေးရှိသေးတယ်) ကိစ္စလေးရှိသေးတယ်လို့ ပြောတယ် မဟုတ်လား ခင်ဗျားတို့ကိစ္စက ဘာကိစ္စပါလိမ့် (ပြောစရာရှိလို့ပါဘုရား)။

ပြောစရာရှိလို့ ငါလုပ်မှပြီးမဲ့ကိစ္စလို့ မဆိုဘူးလား(ဆိုပါတယ်ဘုရား) ဒါဖြင့် ဒီမှာ ဝန်ထုပ် မတင်ရဘဲ ဝန်နဲ့ကင်းနေလို့ရှိလျှင်ဖြင့် ခင်ဗျားတို့ ဒီမှာ ခဏဘဲနေနိုင်မယ် (မှန်ပါ) ဝန်နဲ့နေရမယ်ဆိုလျှင်တော့ (တနေကုန်နေနိုင်တယ်) ဒါဖြင့် အမောဆိုက်မှ ကြိုက်တာကို ဒီလိုကျမနေဘူးလား(ကျနေပါတယ်ဘုရား)။

,ဒကာ ဒကာမတို့.... ခင်ဗျားတို့အလုပ် ပြောစမ်းပါဆိုလျှင် အမောဆိုက်မှ ကြိုက်တယ် (မှန်ပါ) ဖြစ်မှဖြစ်ရလေဗျာ.... အဲဒါကို ခင်ဗျားတို့က တော့ဖြင့် ဆုတောင်းမကောင်းဘူးတဲ့ သို့သော် အကြိုက်က အဲဒါဘဲ၊ အမောဆိုက်ရပါလို၏ ဆုတော့ ဘယ်သူ့မှ မတောင်းဘူး၊ ငေ ချမ်းချမ်းနဲ့ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ နေရပါလို၏ ဆုတော့...၊ အလုပ်သဘောကတော့ အမောဆိုက်မှ ကြေနပ်တယ် အမော မဆိုက်ရလျှင် မကြေနပ်ဘူး.... မကြေနပ်တော့ ဒကာဒကာမတို့က အမောဆိုက်တဲ့ ဒီအသွားကို ခင်ဗျားတို့က အပြေတော့ အတော်ကောင်းတယ် အမောခံနိုင်လို့ ကျေးဇူးရှိတာတဲ့ တကယ့်ကို ကြောက်စရာ ကောင်းတဲ့လူတွေ (မှန်ပါ) ကြောက်စရာ သိပ်ကောင်း၊ အမောခံလိုက်လို့ အတော် ကျေးဇူး ရှိသေးတာ၊ ဒီဖြင့်လျှာထွက်နေပြီ မဟုတ်လား (ထွက်နေပါပြီဘုရား)။

အတော် အကျည်းတန်တဲ့လူတွေ၊ အဲဒါက တခြားဟာက ပြောတာ မဟုတ်ဘူး၊ ဝန်တင်သမားက ပြောတာ (မှန်ပါ) တဏှာက အတင်သမား အတင်သမားကပြောတာ၊ ဉာဏ်က ပြောတာလို့ ဆိုမလား (မဆိုပါဘုရား)။

ကိုင်းဒါဖြင့် ခင်ဗျားတို့သည် ဒီဘဝမှာ၊ သားဝန်၊ သမီးဝန် ဆွေဝန် မျိုးဝန်တွေနဲ့၊ ကိုးဆယ့်ခြောက်ပါး လမ်းကြမ်း ကြီးမှာ သွားနေရတယ်လို့ ဘုန်းကြီး ခဏ ခဏ ဟောတယ် (မှန်ပါ့) ခင်ဗျားတို့ မြို့ထဲ ရွာထဲ သွားတယ်ဆိုတာ ကိုးဆယ့် ခြောက်ပါး လမ်းကြမ်းပေါ့ဗျာ(မှန်ပါ)။

ကိုးဆယ့်ခြောက်ပါး ဝေဒနာတွေက ဘေးက၊ ဥတုနာ တွေ၊ ဘာတွေ အမျိုးမျိုး၊ အနဲ့နာတွေကော မရှိဘူးလား (ရှိပါတယ်ဘုရား) အဲဒီအထဲမှာ ဝန်တွေကအပြည့် တင်ပြီး သကာလ ခင်ဗျားတို့ကပြေးတာကိုဗျ၊(မှန်ပါ)မပြေးဘူးလား (ပြေးပါတယ်ဘုရား)၊ ပြေးတော့ လွတ်လွတ် လပ်လပ်လား၊ ဝန်ထုပ်အပြည့်နဲ့လား (ဝန်ထုပ်အပြည့်နဲ့ပါဘုရား)။

အဲဒါ ခွဲသွားပါဆိုတော့လဲ ဒီမှာတောင်မှ မနေနိုင်ဘဲ တာရှည်ဝန်ထုပ်နဲ့ ခွဲရမှာစိုးလို့ မဟုတ်ဘူးလား....(ဟုတ်ပါ တယ်ဘုရား)၊ ဝန်ထုပ်နဲ့ခွဲရမှာစိုးလို့ဆိုတော့ ခင်ဗျားတို့ စိတ်ကလေးက ဒီဝန်ကြီး ထမ်းချင်တာကိုဗျ(မှန်ပါ)၊ အဲဒီလို ဖြစ်ပြီးသကာလနေတော့ လမ်းကလဲကြမ်းကြမ်း လူကြီးမှဘဲ ဝန်ထုပ်ကပို မပိုဘူးလား....(ပိုပါတယ်ဘုရား)။

ရှန်းနိုင်တဲ့အချိန်က ဝန်ထုပ်များတာလား၊ မရှန်းနိုင်တဲ့ အချိန်မှ ဝန်ထုပ်က များလာတာလား (မရှန်းနိုင်တဲ့အချိန်မှ ဝန်ထုပ်က များတာပါဘုရား)။ အိုလာတော့ မြေး,မြစ်က ရှုပ်လေကိုဗျ၊ သားသမီးတင် မကတော့ဘူး အိုလာတော့ ဘယ့်နှယ်ဖြစ်လာလဲ.... (မြေး,မြစ်တွေ ပွါလာတယ်ဘုရား)၊

မြေး,မြစ်တွေက ရှပ်လာတော့ ဒါတွေဘဲ လူကြီးမျက်နှာလဲ့ သွားလျှင် မျက်စိသူငယ်နဲ့ နေရစ်ခဲ့မယ်၊ ငါရှိတုံး သူတို့ကို အပြည့်အစုံထားနိုင်အောင်ကျိုးစားအုံးမှလို့ မလာဘူးလား လာသလား....(လာပါတယ်ဘုရား)။

ဦးဝရေ လာတယ်....၊ အဲဒီကဲ့သို့ လာတော့ကို ဒကာ ဒကာမတို့ ဝန်ထုပ်တွေဟူသရွေ့ ငါချည်း တာဝန်ယူပါမယ် ဆိုတဲ့ အဓိပ္ပါယ် မပါဘူးလား(ပါပါတယ်ဘုရား)၊ ပါတော့ ကိုတဲ့ ဒီဝန်ထုပ်တွေအတွက် စိတ်အေးလက်အေးနဲ့ နေရတဲ့ အခါရှိရဲ့လား....(မရှိပါဘုရား)၊ ရှာမှဘဲ—ရှာမှဘဲ ဟိုသွား ဒီသွား စက်ဘီးနဲ့ သွားလိုသွား၊ ကားနဲ့ သွားလိုသွား၊ မီး ရထားနဲ့ သွားလိုသွား၊ လေယာဉ်ပျံနဲ့ သွားလိုသွားပေါ့ဗျာ (မှန်ပါဘုရား)။

သွားတဲ့အခါကြလို့ရှိရင် လမ်းကြမ်း သွား ရ သ လား၊ လမ်းကောင်း သွားရသလား မေးလိုက်စမ်း.... (လမ်းကြမ်း သွားရတာပါဘုရား)၊ လမ်းကြမ်း နိုင်ဝန်လား မနိုင်ဝန်လား မေးလိုက်စမ်း....(မနိုင်ဝန်ပါဘုရား)၊ အဲ....ခုနက ပြင်းသေ နွားသေတော့ သေချာသဗျ(မှန်ပါဘုရား)၊ ခုနကပြောခဲ့တဲ့ ကျောက်လမ်းပေါ်မှာ ကားယားကြီး မသေရပေဘူးလား.... (သေရမှာပါဘုရား)၊ အဲ့ဒီတော့ ခင်ဗျားတို့ သတိထားပါ၊ သူကတော့ လျှော့မှာမဟုတ်ဘူး ဒုက္ခဝဋ္ဋ ဒုက္ခမှုတွေနဲ့ မကွဲရအောင်က ငါ့ဝါဒဝန်တဲ့....(မှန်ပါဘုရား)။

သေတောင်မကွဲရဘူး သဘောကျပလား (မှန်ပါ)၊ သေတောင်မှ ဟောဒါတွေ ဝန်ပိပြီး သားစိတ်မချ၊ သမီးစိတ်မချ ပစ္စည်းစိတ်မချနဲ့ မင်းသေစေ့မယ်.... (မှန်ပါ)၊ ဘယ်သူက ပြောတာတုံး(တကျာသမုဒယပါဘုရား)၊ သမုဒယဿသံဃောဂဋ္ဌောကိုဗျ ဒုက္ခဝတ္ထု ဒုက္ခမှုတွေနဲ့ အစဉ်မကွဲ ယှဉ်တွဲဆက်စပ်ဖွဲ့ရှက်ချည်နှောင်တတ်တဲ့သဘော သည်လည်းကောင်း(မှန်ပါ) သူ့သတ္တိ သေးသလား (မသေးပါဘုရား)၊ ဒုက္ခဝတ္ထုဟူသရွေ့နဲ့လဲ မင်းတို့နဲ့ မခွဲရဘူး(မှန်ပါ)၊ ဒုက္ခမှုဟူသရွေ့နှင့်ကော.... (မခွဲရပါဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ကလဲ ခင်ဗျားတို့ဟာ ခင်ဗျားတို့ဘဲ ဗျာဒိတ်ပေးနေတာဘဲ၊ အသက်တရာ မနေရပါဘူး အမှုတရာတွေ့ရတယ်၊ ခင်ဗျားတို့ကလဲ ဗျာဒိတ်ပေးနေလိုက်ကြတာ ဟုတ်သားဘဲ ပစ္စည်းကြောင့်ကိုဗျ(မှန်ပါ)၊ အသက်တရာတော့ မနေရဘူး အမှုတရာတော့ တွေ့ရတယ်ဆိုတော့ ဟင်....ဒါဘယ်သူပေးတာပါလိမ့် (သမုဒယပါဘုရား)။

ဟင်....သမုဒယဘဲတဲ့ ဒကာဒကာမတို့ အသက်တရာမနေရ အမှုတရာ တွေ့ရတယ်ဆိုတာ ဘယ်သူပေးတာပါလိမ့်....(သမုဒယပါဘုရား)၊ သမုဒယသစ္စာ တကျာလောဘ၏ဒါဏ်ချက်တွေဆိုတာ ပေါကြပလား (ပေါပါဘုရား)၊ ဘယ်လောက်များဆိုးတုံး(ဆိုးပါတယ်ဘုရား)၊ ထင်ရှားရဲ့လား (ထင်ရှားပါတယ်ဘုရား)၊ ဒါဖြင့်သူဟာ ဘာလုပ်တတ်တဲ့ ကိစ္စရှိသလဲ ဒုက္ခဝတ္ထု ဒုက္ခမှုတွေနဲ့ ယှဉ်တွဲတတ်ဘဲ့ကိစ္စရှိတယ် (မှန်ပါ)။

ဒကာဒကာမတို့ ဘာကိစ္စရှိသတုံး(ဒုက္ခဝတ္ထု၊ဒုက္ခမှုတွေနဲ့ ယှဉ်ဘွဲ့တတ်တဲ့ကိစ္စရှိတယ်)၊ အဲဒါ လက်မခံလေနဲ့ ဦးခင်း (တင်ပါ)၊ တင်ပါအရမ်းလိုက်လို့မရဘူး လက်မခံနဲ့၊ လက်ကို မခံမှုကိစ္စပြီးမယ်၊ လက်ခံသည်နှင့်တပြိုင်နက် ဒုက္ခဝတ္ထု၊ဒုက္ခမှု တွေနဲ့တွဲတော့မှာဘဲ၊ သူက ရောက်တဲ့အခိုက်ကပြီးသကာလ ဗျာ ဆိုးကျိုးပေးမလို့ ဒကာဒကာမတို့ ရောက်တဲ့အခိုက်က စပြီး ဘာလုပ်မလို့လာတာတုံး (ဆိုးကျိုးပေးမလို့ လာတာ ပါဘုရား)။

ဆိုးကျိုးပေးမလို့လာတာကို လာလာချင်း သိ လိုက်လို့ ရှိလျှင် လာတာနဲ့ မင်းဟာ သရာဂဖြစ်ဘဲ၊ သောဘာဟာ သမုဒယသစ္စာဘဲဆိုပြီးသကာလ သူ့ပြဲပုက် ငှနိုင်ငံ သဘော ကျပလား၊ သူ့ကိုမရှုလျှင် ဟာ—သူလာလို့ငိုလင်ကြင် တသည့် တော်တို့ ဒုက္ခဝတ္ထု၊ဒုက္ခမှုတို့ကိုပေးမှာ ကေန်ဖြစ်နေတယ်၊ သူ့ကိုဘဲ သတ်မှုဆိုလျှင်ဖြင့် သူ့ကိုမင်္ဂလင်ငါးပါးနဲ့ ဖြစ်ပျက် ရှုပေါ့ဗျာ (မှန်ပါ)၊ ရှုလိုက်တော့ သူအနိစ္စ ပြဲပသွားဘူး လား....(ဖြစ်ပါတယ်ဘုရား)။

အနိစ္စဖြစ်သွားတဲ့ လော ဘ က တော့ ဖြင့် ခင်ဗျားတို့ကို ဒုက္ခဝတ္ထု၊ဒုက္ခမှုတို့နဲ့ မဘွဲ့တော့ဘူး၊ တွဲသေးရဲ့လား... (မတွဲ ပါဘုရား)၊ ကိုင်း—ဒီဥ စ္စာ တော့ ဗျာ သူရောက်လာတယ် ဆိုလျှင်တော့ တန်သလောက်တော့ ပွေအုံးမှာဘဲ ဟုတ်လား မလာခင်က တားတာကောင်းပါတယ် ဆိုလျှင်တော့ ဝေဒနာ ဖြစ်ပျက်ရှု(တင်ပါ)၊ ဝေဒနာပစ္စယာ တဏှာဆိုတော့ ဝေဒနာ ဖြစ်ပျက်ရှုလျှင် တဏှာတွေ လာသေးရဲ့လား....(မလာတော့ ပါဘုရား)။

မလာတော့ကာ ခင်ဗျားတို့မှာ ဒုက္ခဝတ္ထု ဒုက္ခမှုတွေကို ဟိုတုံးကလို၊ယှဉ်ခဲ့ပေမဲ့ တွဲမဲ့ စပ်ပေးမဲ့ ပုဂ္ဂိုလ်ရှိသေးရဲ့လား ( မရှိပါဘုရား ) ဒါဖြင့် ခင်ဗျားတို့ ဒုက္ခဝတ္ထု ဒုက္ခမှုတွေနဲ့ ယခုပစ္စုပ္ပန်လဲ ဒုက္ခဝတ္ထု ဒုက္ခမှုတွေနဲ့ကင်းဘို၊ နောင်သံသရာလဲ ဒုက္ခဝတ္ထု ဒုက္ခမှုတွေနဲ့ ကင်းဘို့ တဏှာ ဥပါဒါန်· ဘဝ ဇာတိ ဇရာ မရဏနဲ့ ကင်းမှုတွေ မရှိဘူးလား (ရှိပါတယ် ဘုရား)

ဒါဖြင့် သူမလာခင် ရှုရင်လဲ ကောင်းတယ် (မှန်ပါ့) လာမှ ရှုရင်လဲ နိုင်အောင်ရှု သဘောကျပလား ဒါဖြင့် ဘယ်နှစ်ချက် ပေးတုံး(၂·ချက်ပေးပါဘုရား) သုခဝေဒနာ လာလို့ရှိလျှင် သုခဝေဒနာ ဖြစ်ပျက်ရှု (မှန်ပါ့) ဖြစ်ပျက် ရှုလိုက်လို့ရှိလျှင် တဏှာလာသေးရဲ့လား (မလာပါဘုရား)။

ဟာသုခဝေဒနာ မရှုလိုက်မိဘူးဘုရား၊ ဝေဒနာ ပစ္စယာ တဏှာမို့ တဏှာက ရှေ့ရောက်လာပြီ(မှန်ပါ့)ရှေ့ရောက်လာ လျှင်လဲ ဘာ လုပ် ရ မှာ လဲ ဆို ရင် တဏှာ ဖြစ်ပျက်ရှုပေးပါ တဏှာလဲ ဝေဒနာရဲ့အကျိုးတရားဘဲ(မှန်ပါ့)သောမနဿနဲ့ ဥပေက္ခာ တခုခုဖြစ်ရမယ် လောဘမူစိတ် ရှစ်ခုကို ဒိပြင်ဘာရှိ သေးလဲ၊ (မရှိပါဘုရား) ဒါဖြင့် ဝေ ဒ နာ ရှု တာ ဘဲ ပေါ့ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဒါပေမဲ့ လာမှရှုတာနဲ့ မလာခင်ကရှုတာနဲ့ ဘယ်ဟာ ကောင်းသတုံး(မလာခင်က ကောင်းပါဘုရား) အနာပေါက်မှ ကုရတာနဲ့ မပေါက်ခင်က မပေါက်အောင် လုပ်ရတာ ဘယ်

ဟာက သာကောင်းတုံး ( မပေါက်ခင် လုပ်ရတာ ကောင်းပါ တယ်ဘုရား)။

ခင်ဗျားတို့ ပြောတာကတော့ တော်တော်ကို သဘောပေါက် တာဘဲ၊ ကောင်း ကောင်း သိလာတော့ ဒါအချက်ဘဲဆိုတာ သိပြီးသားကိုဗျ ဟုတ်ဘူးလား၊ သို့သော် ပေါက်ထာ မကု ဖြစ်တာကခက်နေတယ်(မှန်ပါဘုရား)။

အတော်ဆိုးနေတာဗျ၊ ပေါက်ပြီးသားကို ကုဖြစ်သေးရဲ့ လား ( မကုဖြစ်ပါဘုရား ) မကုဖြစ်လို့ တွင်တွင်ကြီး ဒုက္ခ ရောက်တာ၊ စောစောက ဆွမ်းခံ မလာခင်က လာတဲ့ ဥစ္စာကို သာသိ တနေ့လုံး ဒုက္ခ ကင်းနေမယ် (မှန်ပါ)၊ မကင်းပေဘူး လား (ကင်းပါတယ်ဘုရား)။

အဲဒါ ခင် ဗျား တို့က ဒီအနာ ပေါက် လာ တော့ မကုဖြစ် တာနဲ့ ကုဖြစ်တာ ဦးချစ်ခ ဘယ်ဟာက များသတုံး (မကုဖြစ် တာကများပါတယ်ဘုရား) မကုဖြစ်တော့ အနာကြီးက ငန်း တွေ၊ မန်းတွေကြွလာတယ်ပေါ့ မကြွဘူးလား ( ကြွပါတယ် ဘုရား) ငန်းတွေ မန်းတွေကြွတော့ သေမဲ့သာ ပြင်ပေတော့ ကနေ့တော့ဖြင့် ဒီတိုင်းမနေပေဘူးလား (နေပါတယ်ဘုရား)။

အဲ ဒီလောက် ဆိုးဝါးလာတယ်ဆိုတော့ ဒကာဒကာမတွေ ရိပ်မိပလား(ရိပ်မိပါဘုရား) ကိုင်းဒါဖြင့် ဝေ ဒ နာ သုံး ပါး လှည့် ၍ ကြ လို့ ရှိလျှင်ဖြင့်၊ တ ဏှာ သုံးမျိုး ဦးချစ်ခ လာနိုင် မလာနိုင် (မလာနိုင်ပါဘုရား)။

ဝေဒနာ ပစ္စယာ တဏှာ ဟုတ်လား၊ ဝေဒနာ ပစ္စယာ လောဘလဲဖြစ်တယ်၊ ဒေါသလဲဖြစ်တယ် ကိလေသာ ဆယ်ပါး ပါ ဆိုလိုက်ပုံါတော့ဗျာ(တင်ပါ့) အားလုံး ဒကာ ဒကာတွေ ဘုန်းကြီးများက စေတနာ မေတ္တာ ရှေ့ထားလို့ ခင်ဗျားတို့ သတိပေးလိုက်ပါတယ်....၊ သူဟာတဲ့ အင်မတန် ဆိုးဝါးတဲ့ တဏှာဖြစ်ပြီးသကာလ နေတဲ့အတွက် ခင်ဗျားတို့ကိုဖြင့် ဘယ် ခါ ကာ လ မှ၊ စေ တ နာ ကောင်း နဲ့ လာ တယ် လို့ တခါမှ မအောက်မေ့ပါနှင့်(မှန်ပါ့)။

သတိပေးလိုက်တယ် လောဘဟာ ခင်ဗျားတို့ သဏ္ဍာန် ရောက်လာလို့ရှိလျှင်တဲ့ စေတနာ ကောင်းနဲ့ အိမ်ချမ်းသာဘို့ လာတယ်လို့များ မအောက်မေ့လိုက်ပါနဲ့(မှန်ပါ့) အိမ်ဒုက္ခ ပေးမလို့....၊ တယောက်ထဲ ပေးမှာ မဟုတ်ဘူး ကြားလား အကုန်ဒုက္ခပေးမှာ(မှန်ပါ့) တယောက်ယောက် ဒီဝန် ပိလိုက် တယ်ဆိုလျှင် ဘေးကလူတွေက ထိုင်ကြည့်နေလို့ မဖြစ်ဘူးဗျ ဖြစ်သေးရဲ့လား(မဖြစ်ပါဘုရား)။

သူဝင်လာတဲ့အချိန်ကစပြီး ရှေးဦးစွာ အိမ်ခေါင်းဆောင် ကို အရင် ဒုက္ခပေးလိုက်တယ် (မှန်ပါ့) ပြီးတော့မှ ခေါင်း ဆောင် နောက်က နောက်လိုက်တွေကို ဘာတုံး (ဒုက္ခပေးပါ တယ်ဘုရား) ဘယ်သူလာလို့ပါလိမ့် (လောဘပါဘုရား)။

သမုဒယဒုက္ခ လာတယ်ဆိုလျှင် တအိမ်လုံးဂွိုဟ်ဝင်နေလို့ ပဌမခေါင်းဆောင်ကို ဒုက္ခပေးတယ်၊ နောက်ကျတော့.... (တအိမ်လုံး ဒုက္ခပေးတယ်)၊ အချိန်ကုန် တနေကုန်ဒုက္ခမပေး

ဘူးလား၊ မင်းလဲဒီအလုပ်လုပ် ဒါမှတ် ဒါစဝ် အစရှိသဖြင့် မလာဘူးလား(လာပါတယ်ဘုရား)၊ ဒါဖြင့် လာတဲ့အချိန်က စပြီးသကာလ လာလာခြင်းတော့ အိမ်သားခေါင်းဆောင်ကို ဒုက္ခပေးတယ် ရှင်းပလား (ရှင်းပါပြီဘုရား)၊ သူက ဒုတိယ ခေါင်းဆောင်ဆိုလျှင် လောဘက ဘယ်သူ့ ဒုက္ခပေးမလဲ.... (ဒုတိယခေါင်းဆောင်ကို ပေးမှာပါဘုရား)။

ဦးချစ်ခက ဦးချစ်ခအိမ် ခေါင်းဆောင် ဆိုလျှင်ကော သူ့တင်ပေးမှာလား၊ သူ့ယ် ဝိုက် သော နည်း နဲ့ အကုန်လုံး မပေးပေဘူးလား(ပေးပါတယ်ဘုရား)။

တအိမ်လုံး အပါယ်သွားဘို့ သူခိုးသေဖေါ်ညှိတာ သူဘဲ ဗျ ရိပ်မိပလား ... (ရိပ်မိပါပြီဘုရား)၊ ဘယ်လောက်များ ဆိုးတဲ့တရားဆိုတာ ဒကာဒကာမတွေ ပေါ်ပလား(ပေါ်ပါပြီ ဘုရား)၊ ဒါဖြင့် ဒီတရားကို ဒကာဒကာမတို့ လက်သတ်မွေး ရမဲ့တရားလား၊ ချေမှုန်းပြစ်ဘို့ ကောင်းတဲ့တရားလား(ချေ မှုန်းပြစ်ဘို့ ကောင်းတဲ့တရားပါဘုရား)၊ ဒါဖြင့် သူ့ ဘာလုပ် ရမတုံး (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဩော်....ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သူ့ ချေမှုန်းပစ်ဘဲ့ ဖြစ်ပျက်ရှုဆိုတာ ခြေမှုန်းပြစ်လိုက်တာဘဲ သဘောကျပလား(မှန်ပါ)၊ အဲဒီလို ချေမှုန်းပြစ်လိုက်တော့ ချေမှုန်းပြစ်လိုက်ဘဲ့ဥာဏ်သည် ဒကာဒကာမတို့ ပဌမ အိမ် ခေါင်းဆောင်လူကို ချေမှုန်းပြစ်လိုက်တယ်....(မှန်ပါဘုရား)၊ နောက်လူတွေပါ အလွယ်ကင်းသွားတယ်(မှန်ပါ)။

ခေါင်းဆောင် နှိပ်စက်မဲ့တရားလာကထဲက ခေါင်းဆောင်ကို ဉာဏ်နဲ့ ချေပြစ်လိုက်ပါ သဘောကျပလား၊ ချေပြစ်လိုက်တဲ့အခါကြတော့ ခေါင်းဆောင်က ဒုက္ခရောက်သေးရဲ့လား...(မရောက်ပါဘုရား)၊ ခေါင်းဆောင် ဒုက္ခမရောက်တဲ့အတွက် တအိမ်လုံးကော (မရောက်ပါဘုရား)၊ အင်း....ဒါဖြင့် အမေမိဘလုပ်ပြီး ခင်ဗျားတို့က သားတွေ့ သမီးတွေခင်ပါတယ်ဆိုလို့ ရှိလျှင် ကိုယ်ကစ လက်မခံနဲ့ (တင်ပါဘုရား)။

ခင်ဗျားတို့ သားသမီးတွေဆင်းရဲလိမ့်မယ် မဆင်းရဲပေဘူးလား.... (ဆင်းရဲပါတယ်ဘုရား)၊ ကိုယ်က အဆင်းရဲခံတော့ ကိုယ်ဆင်းရဲခံတာ သားတွေသမီးတွေက မနေနိုင်၊ မင်းကဒါလုပ် မင်းက ဒါကိုင်ဆိုတာ ဝေဖန်လာလိမ့်မယ် (မှန်ပါ)၊ ဒါဖြင့် ကိုယ့် သားသမီးချစ်လို့ ရှိလျှင်ဖြင့် ဘာ လက်မခံရမှာတုံး.... (သမုဒယလောဘပါဘုရား)၊ ဒါ လက်မခံနဲ့ လက်ခံလို့ ရှိလျှင် ရှေးဦးစွာက ဘယ်သူတုံး ခေါင်းဆောင်ဒုက္ခအရင်ရောက်မယ်(မှန်ပါ)၊ ပြီးတော့ကို....(အခြွေအရံတွေ)။

အခြွေအရံတွေ ဒုက္ခရောက်မယ်ဆိုတော့ ခင်ဗျားတို့က ကိုယ်လဲ မဆင်းရဲချင်ဘူးလို့ ပြောတယ်၊ သားသမီးတွေကော (မဆင်းရဲချင်ပါဘုရား)၊ ဒါတော့လက်ခံတယ် ကောင်းသေးရဲ့လား.... (မကောင်းပါဘုရား)၊ ကိုယ်လဲ မဆင်းရဲစေနဲ့ ပြီးတော့ ခင်ဗျားတို့က ရှေ့စကား နောက်စကား မညီဘူး၊ မဆင်းရဲချင်လို့ ဒီဝန်ကြီးထမ်းနေရတာ မပျော်သေးဘူးလား ဆင်းရဲချင်လို့ ဒီဝန်ကြီးထမ်းနေရတာ ဆိုတဲ့စကား အလွန်ဆိုးတဲ့စကားဗျ....(မှန်လှပါဘုရား)။

ဒီဝန်ကြီးကို သက်သာအောင်ထားတယ်၊ အမျိုးမျိုးအဖုံဖုံ လုပ်ထားတယ်၊ ဒါတပည့်တော်တို့ ဆင်းရဲမှာစိုးလို့ ဒါကြီး ဝန်ထမ်းနေရတယ်.... (မှန်ပါ)၊ ဟုတ်ကော ဟုတ်ရဲ့လား (မဟုတ်ပါဘုရား)၊ ဆင်းရဲမှာစိုးလို့ဆိုတော့ ဒါကြီး လွှင့်ပြစ်လိုက်ရမှ ဆင်းရဲမှာကိုဗျ သဘောကျရဲ့လား ယခုတော့ ဘယ့်နှယ်တုံး တော်တော်တော့ ဆင်းရဲမှာစိုးလို့ ဒီဥစ္စာ ငွေ့ပင်စိုက်ထားတယ်ပေါ့ဗျာ ရိပ်မိပလား (ရိပ်မိပါဘုရား)။

တော်တော်နဲ့ အားသေးရဲ့လား (မ အား ပါဘုရား)၊ ကိုယ်ဆင်းရဲမှာ စိုးလို့တဲ့ မအားလဲ မအားဘူး ဆင်းရဲမှာလဲ စိုးသေးတယ် (မှန်ပါ)၊ ဘာဆင်းရဲနေတာတုံးဒီဥစ္စာ ဦးချစ်ခ ရဲ့ (မပြောတတ်ပါဘုရား)၊ မပြောတတ်ပါဘူးတဲ့ ဒီဥစ္စာ အရှုးထတာဘဲ၊ ဟင်... ဆင်းရဲမှာစိုးလို့ ခုကပင် စက်တွေ ထောင်ထားတယ်၊ ဘာပြုလို့ ထောင် ထား တုံး မေး တော့ ဆင်းရဲမှာစိုးလို့တဲ့။

ဒါဘဲဖြေရမှာဘဲ၊ ဆင်းရဲမှာစိုးလို့သာ ဖြေတယ်၊ ဒကာမ ကြီးတို့ အားရဲ့လားမေးတော့ (မအားပါဘုရား)၊ ခင်ဗျား ကကော(မအားပါဘုရား)၊ သားတွေသမီးတွေကော (မအား ပါဘုရား)၊ ကိုင်း–ဒါဖြင့် တပည့်တော်တို့ ဆင်းရဲမှာစိုးလို့ ဒါတွေ ဆင်းရဲတွင်းကို တခါတည်း အစပျိုးနေတာလို့ဆိုချင် လဲဆိုတော့ ဒီအဓိပ္ပါယ် မရောက်ဘူးလား(ရောက်ပါဘုရား)။

ကောင်းပြီ ဒါဖြင့် ခင်ဗျားတို့ တဏှာအကြောင်း ရိပ်မိပြီ လား(ရိပ်မိပါပြီဘုရား)၊ ရိပ်မိလျှင် စောစောကြီးကစ လက် မခံနဲ့ ဟုတ်ဘူးလား၊ အခုတော့ မရိပ်မိတော့ ဘယ့်နှယ်

နေကြတုံး--- (လက်ခံပါဘုရား)၊ အဲ...လက်ခံတော့ ခေါင်းဆောင်ကြီး နှိပ်စက်လိုက်တာဘဲ ဟုတ်ဘူးလား၊ ဓါးပြတိုက်တဲ့ အခါကြတော့ အိမ်ခေါင်းဆောင် ဝင်ရိုက်သလို ပေါ့ဗျာ (မှန်ပါဘုရား)။

သူဝင်လာလဲ ခေါင်းဆောင် အရင် ဝင်ကိုင်လိုက်တာဘဲ သဘောကျပလား၊ အဲဒီခေါင်းဆောင်ကိုင်ပြီးလို့ ရှိလျှင်တော့ နောက်ဟာတွေတော့ သေမှုပြင်ပေတော့ (မှန်ပါ)၊ ဘယ်သူ ချမ်းသာပေးလိမ့်မယ်ထင်တုံး....(မပေးပါဘုရား)၊ မပေးဘူး လူကြီးလုပ်တဲ့ပုဂ္ဂိုလ်ကလဲ ကိုယ့်ဒုက္ခ ကိုယ့်ဒုက္ခကြီးနေတာ၊ သားတွေ့သမီးတွေကလဲ ဒီအမေအဖေခင်တော့ ကူကြ ယူကြ မလာဘူးလား....(လာပါတယ်ဘုရား)။

မကူညီတောင်မှ အဖေလုပ်တဲ့ပုဂ္ဂိုလ်ကလဲ မင်းက ဒါနဲ့ တော်တယ်၊ မင်းကတော့ ဒါနဲ့တော်တယ်ဆိုပြီး ပေးဝေတာ မရှိဘူးလား(ရှိပါတယ်ဘုရား)၊ ဘာတွေပေးနေသလဲ....(ဒုက္ခ တွေပေးနေပါတယ်ဘုရား)၊ ဘယ်သူက ပေးတာလဲ(လောဘ ပါဘုရား)၊ လောဘကိုပေးတာ ဘယ်သူက အရင်လက်ခံ သတုံး (ခေါင်းဆောင်ပါဘုရား)၊ ဖြစ်မှဖြစ်ရလေ ဒီ ခေါင်း ဆောင်မိုက်တယ် မဆိုနိုင်ဘူးလား ဆိုနိုင်သလား (ဆိုနိုင်ပါ တယ်ဘုရား)။

ဒကာဒကာမတွေ ဒီခေါင်းဆောင် ဘယ့်နှယ်ဆိုကြမယ် (လူမိုက်ပါဘုရား)၊ သူကမိုက်တော့ သားတွေသမီးတွေ အငြိမ် နေရသေးသလား(မနေရပါဘုရား)၊ အဲ....ဒါဖြင့် အမိုက်တွေ ပွားသွားတာပေါ့ မဆိုနိုင်ဘူးလား ဆိုနိုင်သလား....(ဆိုနိုင်ပါ တယ်ဘုရား)။

ရှင်းကြပလား ဒါဖြင့် သူရောက်လာတဲ့တနေ့ ဘာလုပ်မလို့လာတာတုံး ရှင်းရှင်းမေးပါ.... (ဒုက္ခဝတ္ထု၊ ဒုက္ခမှုတွေနဲ့ ယှဉ်တွဲပေးမလို့ပါ ဘုရား)။ ယှဉ်တွဲပေးမလို့တဲ့ သဘောကျပလား၊ ဒုက္ခဝတ္ထု၊ဒုက္ခမှုတွေနဲ့ ယှဉ်တွဲပေးမလို့ဆိုတဲ့ဥစ္စာ သည် ခင်ဗျားတို့ မသေချာဘူးလား(သေချာပါတယ်ဘုရား) သေချာတော့ကို ရောက်လာလို့ရှိလျှင် ရောက်လာလာချင်း ဝိပဿနာရှုပေး (မှန်ပါ)၊ ဘုရားက ရှုလို့ဟောသလား မရှုနဲ့လို့ဟောသလား....(ရှုလို့ဟောပါတယ်ဘုရား)။

"သရာဂံ၀ါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ"ပညာနဲ့ရှုစမ်းကွ ပညာနဲ့ရှုလျှင် ပဇာနာတိဆိုလျှင် သူ့အနိစ္စဖြစ်ရမယ်၊ မဖြစ်ဘူးလား ဖြစ်သလား(ဖြစ်ပါတယ်ဘုရား)၊ သူ့အနိစ္စဖြစ်သွားတဲ့ တနေ့ကြတော့ ခေါင်းဆောင်လုပ်သူကို ဒုက္ခဝတ္ထုဒုက္ခမှုတွေနဲ့ တွဲပေးသေးလား....(မပေးပါဘုရား)၊ အဲ... ဒါဖြင့် နောက်လိုက်တွေ အန္တရာယ်မကင်းပေဘူးလား(ကင်းပါတယ်ဘုရား)၊ခေါင်းဆောင်မှ မတွယ်ရလျှင် နောက်လိုက်အန္တရာယ်ကင်းပြီဗျ (တင်ပါဘုရား)။

ဒါဖြင့် စောစောစီးစီး သူ့ကိုဘာလုပ်ရမလဲ (ရှုပြစ်ရမယ်ဘုရား)၊ ခင်ဗျားတို့ ယနေ့ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့နေချင်လျှင် စောစောစီးစီး ဘာလုပ်ရမလဲ (ဖြစ်,ပျက်ရှုရမယ်ဘုရား)၊ သူ့ကို ဖြစ်ပျက်ရှုပြစ်လိုက်၊ သူ့ အနိစ္စရောက်အောင်သာ လုပ်ပြစ်လိုက်၊ သူ့သာ လှည့်ထုတ် သဘောကျပလား....(မှန်ပါဘုရား)။

အဲဒီတော့ သူ့လှည့်ထုတ်လျှင်ဖြင့် ဒကာဒကာမတွေ တနေ့လုံး ချမ်းသာပြီမှတ်၊ မချမ်းသာဘူးလား ချမ်းသာမှာလား (ချမ်းသာမှာပါဘုရား)၊ တနေ့လုံးကို ချမ်းသာမှာဘဲ နို့မို့လို့ရှိလျှင် သူက လူကြီးချည်း ကိုင်ရိုက်မှာ မလုပ်ပေဘူးလား လုပ်မလား.... (လုပ်မှာပါဘုရား)၊ အဲဒီတော့ ခင်ဗျားတို့ ဖြစ်စဉ်က အတော်ဆိုးတယ်။

ဖြစ်စဉ်ကတော့ အတော်ဆိုးတယ်တဲ့၊ နွားသည် ထမ်းပိုးနဲ့ ကင်းလို့ရှိလျှင်ဖြင့် နေကိုမနေတတ်ဘူး(မှန်ပါ)၊ ဟာ–နွား ထမ်းပိုးနဲ့ ကင်းလို့ရှိလျှင် မနေတတ်ဘူးဆိုတာ ဘုန်းကြီး ပြောတာ လွန်သွားတယ်လို့ ဦးချစ်ခ ဆိုချင်ဆိုလိမ့်မယ်၊ မဆိုပါနဲ့တဲ့ ကဲကွာ မင်းခိုင်းစေပြီးပါပြီ လွှတ်လိုက်ပေမဲ့ ညနေကျတော့ ပြန်လာတယ်(မှန်ပါဘုရား)။

ထမ်းပိုးတတ်ခဲ့ဆီ ပြန်လာတယ်(မှန်ပါ)၊ ဒီအိမ်ကို မလာဘူးလား လာသလား.... (လာပါတယ်ဘုရား)၊ ဘာပြုလို့ လာသတုံးဆိုတော့ ခိုင်းမဲ့အိမ်ကိုလာတယ်(မှန်ပါ)၊ သို့သော် တိရစ္ဆာန်ဆိုတော့ မသိဘူးပေါ့ဗျာ(မှန်ပါ)၊ဒီအိမ်ရောက်လျှင် ခိုင်းတော့မယ်ဆိုတာတော့ မသေချာဘူးလား....(သေချာပါ ဘုရား)၊ လိုက်ဖမ်းနေရသေးသလား(မဖမ်းရပါဘုရား)။

သဘောကျပလား ခင်ဗျားတို့ကော ဘယ်သွားသွား ဟုတ်လား ဒီ ကိုယ့်အိမ်ကိုယ့်ယာ ပြန်ဝင်သေးသလားလို့ မေးလျှင်.... (ဝင်ပါတယ်)၊ ဘာပြုလို့လဲ ထမ်းပိုးရှိလို့ ရိပ်မိပလား ဒကာဒကာမတို့ (ရိပ်မိပါပြီဘုရား)၊ ကိုယ့်အိမ်

ကိုယ့်ယာပြန်တာ ဘာပြုလို့.... (ထမ်းပိုးရှိလို့ပါဘုရား)၊ ထမ်းပိုးရှိတော့ ပခုံးပွန်းတာလဲ အတော်ကြာခဲ့ပြီ....(မှန်ပါ)၊ သို့သော်လည်း နောက်ထပ် ပွန်းပါရစေအုံးဆိုတဲ့အဓိပ္ပါယ်ကော မပါဘူးလား ပါသလား.... (ပါပါတယ် ဘုရား)၊ ဒါကြောင့် ခင်ဗျားတို့ ရန်ကုန်သွားလဲ ဒီထမ်းပိုးရှိတဲ့ဆီပြန်လာတာဘဲ သဘောကျပလား(ကျပါဘုရား)။

မန္တလေးသွားကော (ထမ်းပိုးရှိတဲ့ဆီ ပြန်ပါတယ်ဘုရား)၊ မပြန်ဘဲနေလို့ ဖြစ်ကြရဲ့လား(မဖြစ်ပါဘုရား)၊ သွားတော့ သုတ်သုတ် သွားတာမဟုတ်ဘူး၊ ပြန်တော့သာ သုတ်သုတ် ပြန်တယ်(မှန်ပါ)၊ မဟုတ်ဘူးလား ဟုတ်သလား ...(ဟုတ်ပါတယ်ဘုရား)၊ ပြန်တော့ သုတ်သုတ်ပြန်တာ ဘာပြုလို့ ထမ်းပိုးနဲ့ကင်းနေလို့၊ အမှန်တော့မျာ မြန်မြန်ရှုန်းရအောင်လို့တဲ့၊ ဟုတ်ပလား (မှန်ပါဘုရား)။

တကြိမ်တခါသွားလို့ မဖြစ်ဘူးလား ....(မဖြစ်ပါဘုရား)၊ အဲဒါ အိမ်ပြန်တိုင်းပြန်တိုင်း သတိထားပါ၊ မထားသင့်ဘူးလား (ထားသင့်ပါတယ်ဘုရား)၊ ဩော်....ဒီမှာဆို ခင်ဗျားတို့ တံမြက်စီး တချက်မလှဲလဲ ဘယ်သူမှ ဘာမှမပြောဘူး၊ ဟုတ်ပလား(တင်ပါ)၊ အိမ်မှာဆိုလို့ရှိလျှင် တံမြက်စီးကအစ နောက်ဆုံး အိမ်သာအထိ ကိုယ့်တာဝန်ချည့်ဘဲ။

မကောင်းလျှင် ဆောက်ပေးရမယ်၊ ပြင်ပေးရမယ် အဲဒီတော့ ကိုယ်လုပ်ရမဲ့ ဝန်တွေ ဘယ်လောက် များသလဲဆိုလို့ရှိလျှင်....(များပါတယ်ဘုရား)၊ အဲဒီနေရာကြတော့ ခင်ဗျား

တို့က ဒီမှာပျော်သလား အိမ်မှာပျော်သလားလို့ မေးကြည့်လျှင် (အိမ်မှာပျော်ပါတယ်ဘုရား)၊ ဘာပြုလို့တုံး ထမ်းပိုးထဲ လျှိုချင်လို့ပေါ့ဗျာ၊ ထမ်းပိုး ထမ်းချင်လို့ပေါ့ဗျာ ရိပ်မိပလား....(မှန်ပါဘုရား)။

ထမ်းပိုးနဲ့လွတ်ကြည့်ပါတဲ့၊ လွတ်ကြည့် ခင်ဗျားတို့ အဲ.... ဒီတခါ ခင်ဗျားတို့ဇနီးက တော်လဲ ကျောင်းကန်ဘုရားနဲ့ဘဲ နေတော့ ဒီအထုပ်နဲ့ လွတ်ပြီဆိုကြပါစို့ လွတ်တယ်ထားအုံး တော့တဲ့ နင်တို့လွတ်တာ နင်တို့က မသိလို့လွတ်တာလို့ လာ အုံးမှာထင်တယ် မလာဘူးလား လာမှာလား.... (လာမှာပါ ဘုရား)၊ လာမှာဘဲတဲ့ ငါကတော့ ရွှေရေးနောက်ရေးသိတယ် ဘာသိတာတုံး ထမ်းပိုး ထမ်းရဲတယ်ပြောတာ အဓိပ္ပါယ်က ဒါဘဲမရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် ဒကာဒကာမတို့ ဘယ်လောက် ကြောက် စရာကောင်းသတုံး ...(ကောင်းပါတယ်ဘုရား)၊ ပခုံးနဲ့ ထမ်း ပိုးနဲ့ကို မခွဲအောင်လုပ်ထားတာက ဘယ်သူတုံး(လောဘပါ ဘုရား)၊ လောဘဗျ ရိပ်မိပလား(မှန်ပါ)၊ ထမ်းပိုးမှ လွတ် တာတောင်မရဘူး လောဘက ဘယ်လောက်ဆိုးသတုံး.... (ဆိုးပါဘုရား)၊ ပင်ပန်းတာ များလှပါတယ်၊ ကျုပ်တို့ဟာ ကျုပ်တို့လုပ်စားမယ်လို့ ဆိုတာတောင်မှ မဟုတ်သေးပါဘူး၊ ငါစဉ်းစားရအုံးမယ်၊ နင်တို့ မစဉ်းစားရင် ငါစဉ်းစားမယ် ဆိုရာကျနေပြီအတော်ဆိုးမနေဘူးလား (ဆိုးပါတယ်ဘုရား)။

အတော်ကို ဆိုးနေတာ၊ ကောင်းပြီ ဒါဖြင့် ဒကာဒကာမ တို့နဲ့ ယှဉ်တွဲထားတဲ့သတ္တိက ခွဲကိုခွဲခွင့်မပေးတာ....(မှန်ပါ)၊ သူ့သတ္တိ ဘယ်သူ့သတ္တိလဲ သမုဒယသတ္တိ၊ သူက ခင်ဗျားတို့ တည်းဟူသော ဝန်ထမ်းသမားနဲ့ ထမ်းပိုးနဲ့ တွဲပေးတာက သမုဒယ ဟုတ်ဘူးလား(မှန်ပါ)၊ ခင်ဗျားတို့ တာဝန်ခံထား တာသဲကြည့်ပါ ဆိုးလဲမဖြစ်ဘူး ကောင်းလဲမဖြစ်ဘူး ကျိုးလဲ မဖြစ်ဘူး ကန်းလဲမဖြစ်ဘူးဆိုတော့ သူထမ်းပါမယ်ဆိုတဲ့ဥစ္စာက သေချာနေတယ်၊ မသေချာဘူးလား သေချာသလား (သေ ချာပါတယ်ဘုရား)။

သေချာတော့ ဟိုက စိတ်ဆိုးလို့ပြောပြော၊ သဒ္ဒါတရားနဲ့ ပြောပြော ကိုယ့်ဝတ်မကျေမှာ စိုးနေတာဘဲ (မှန်ပါ)၊ ဝန် ထမ်းသမားက ဝန်ဘဲထမ်းချင်တယ် ရိပ်မိပလား....(ရိပ်မိပါ ဘုရား)၊ ဘယ့်နှယ်ကြောင့် ဝန်ထမ်းချင်ရသတုံးဆိုလို့ရှိရင် ဖြင့် ဒီသားကလေးတွေ သမီးကလေးတွေ အစရှိသည် မိန်းမ ဖြစ်လျှင် မိန်းမအလိုက်၊ ယောကျ်ားဖြစ်လျှင် ယောကျ်ား အလိုက် ဒါလေးတွေ ကိုယ့်အိမ်ကိုယ့်ယာ ပြန်လွှတ်ဘာကိုဗျ (မှန်ပါဘုရား)။

ဒါလေးတွေ အကြောင်းရင်းခံပြီး ဒီက အိမ်ထောင်ပရိ ဘောဂလေးတွေ အိမ်ပစ္စည်းလေးတွေ မရှိပေဘူးလား (ရှိပါ ဘုရား)၊ အဲဒါလေးတွေကို ပြန်လွှမ်းပြီး ဆွဲလိုက်တဲ့အခါကြ လို့ရှိလျှင် ခင်ဗျားတို့ ဘယ်လိုဘေးမဲ့လွှတ်လွှတ် ရရဲ့လား (မရပါဘုရား)၊ ဘာပြုလို့မရသတုံးဆိုတော့ ခုနင်က ဒါလေး

တွေက ကျန်နေတာကိုဗျ(တင်ပါ)၊ ကိုယ်ပြုစုထားတာလေး တွေ ဟုတ်လား၊ ကိုယ်ပြုစုထားတာလေးဆိုတော့ ကိုယ်ကျန်ခဲ့ ထားတာလေးတွေပေါ့ဗျာ သဘောကျပလား။ အဲဒါလေး တွေကို ပြန်ငဲ့ရသေးတယ်ဗျ သူတို့က လူလားမမြောက်သေး တော့ ထမ်းရပိုးရလိမ့်အုံးမယ် ဒီအခိုပ္ပါယ် မရောက်ဘူးလား ရောက်သလား....(ရောက်ပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ သေခြင်းသေ ကိုယ့်အိမ်သေပါ ရစေ ဆုတောင်းတယ်၊ ရိပ်မိပလား (ရိပ်မိပါဘုရား)၊ ကိုယ့် အိမ့် ကိုယ့်ယာ သေပါရစေဆိုတာ ဒကာဒကာမတွေ ဝန်ပိ ပြီးတော့ သေခြင်းဆိုး သေချင်တဲ့သဘောပါနေတာ(တင်ပါ့) ခင်ဗျားတို့က အတော်စကားကြမ်းတယ်လို့ဆိုပြီး ဒေါသဖြစ် မယ်၊ မဖြစ်ပါနဲ့ ကိုယ့်အိမ်ကိုယ့်ယာ သေချင်တာကိုးဗျ၊

သားကိုကြည့်လဲ စိတ်မချဘဲနဲ့ ဝန်ပိတယ်၊ သမီးကိုကြည့် ပြန်ကော....(စိတ်မချပါဘုရား)၊ ပစ္စည်းတွေ ကြည့်ပြန်ကော (စိတ်မချပါဘုရား)၊ စိတ်မချလက်မချနဲ့ဆိုတော့ ရင်ကြပ်ပြီး သေတာပေါ့ မသေဘူးလား(သေပါတယ်ဘုရား)၊ အဲဒါ ဝန်ပိ သေတဲ့ အဓိပ္ပါယ်ကော ရိပ်မိပလား(ရိပ်မိပါပြီဘုရား)။

အဲဒီတော့ လွတ်ရာကျွတ်ရာ သွားပါတော့ ဆိုတော့လဲ ခင်ဗျားတို့က နှင်လို့ပြုလို့ကော(မရပါဘုရား) ဒါဘာဖြစ်နေ တာတုံးဗျ(ထမ်းပိုးမိနေပါတယ်ဘုရား)၊

ဟင်-ထမ်းပိုးကပိနေတယ်၊ ထမ်းပိုးကပိနေတယ်ဆိုတော့ လွတ်ရာကျွတ်ရာ သွားပါလို့ဆိုတော့ အလုပ်ကပြွတ်မှာကိုဗျ (တင်ပါ့) အလုပ်မရှိဘူးဆိုတော့ ပခုံးနဲ့ထမ်းပိုးပြတ်နေတယ် မပြတ်ဘူးလား(ပြတ်ပါတယ်ဘုရား)။

ပခုံးနဲ့ ထမ်းပိုး ပြတ်နေတဲ့အတွက် ထမ်းပိုးမရှိလျှင် မနေ တတ်ဘူး မဟုတ်လား (မှန်ပါ့) ဘာသံမကြား ညာသံမကြား တောထဲ တယောက်ထည်း နေရမယ်ဆိုလို့ ရှိလျှင် ဦးချစ်ခတို့ မကြေနပ်ဘူး (မှန်ပါ့)၊ ကြောက် သ လို လို၊ လန့်သလိုလိုနဲ့ အိမ် ပြန်တာ ကောင်း ထင်ပါရဲ့၊ ဒီအဓိပ္ပါယ် ရောက် ရောက် မလာဘူးလား(ရောက်ပါတယ်ဘုရား)။

ရောက်တာက ဘာပြု လို့ ထမ်း ပိုး ရှိ လို့ ရိပ် မိ ပ လား (မှန်ပါ) ထမ်းပိုးဆိုဒါ တခြားမဟုတ်ပါဘူး ဒကာဒကာမတို့ ခင်ဗျားတို့ဘဲ စဉ်းစားပါ၊ သားငယ် သမီးငယ် တည်းဟူသော ဖွဲ့နှုနဲ့ မြက်ခြောက် လွမ်းတာ ရိပ်မိပလား(ရိပ်မိပါဘုရား)။

သားငယ် သမီးငယ်ဆိုတော့ ဖွဲ့နုနဲ့ မြက်ခြောက် ဆိုတဲ့ဟာ ဦးချစ်ခတို့က ဒို့နွား ဖြစ် နေ ပါ ပေါ့ လား ဆို ချင် ဆို လိမ့် အုံးမယ်....(မှန်ပါ) ဒီလိုဆိုဒါမဟုတ်ဘူးတဲ့ မြင်နေကျ ဖွဲ့နုဆို တာ မြက်ခြောက်ဆိုတာ ဒီဟာလေးတွေက မြင်မြင်နေရတယ် ဒါလေးတွေဟာ ခင်ဗျားတို့ မြက်ကလေးတွေ တရက် နှစ်ရက် သုံးရက်ရှိတော့ ဘာဖြစ်သွားတုံး (ခြောက် သွား ပါ တယ် ဘုရား)။

ဒီကလေးတွေဟာ ခင်ဗျားတို့ကြည့်လာတာ ဘယ်လောက်ကြာပလဲ (ကြာပါပြီဘုရား) ဒါဖြင့် ခြောက်သွားလို့ပေါ့ဗျ၊ သဘောကျပလား (တင်ပါ့) အဲဒါကို ကြည့်လို့ဆုံးရဲ့လား (မဆုံးပါဘူးဘုရား) မဆုံးတော့ ဒါလွမ်းလို့ပေါ့ (မှန်ပါ) ဒါမြက်ခြောက် လွမ်းဒါဘဲ၊ ရိပ်မိပလား အစိုဟုတ်ကဲ့လား (အစိုမဟုတ်ပါဘူးဘုရား)။

လေးလလောက်ဆိုလျှင်တော့ အစိုဆိုရမှာပေါ့ဗျာ၊ အခု ဘယ်နှစ်နှစ်ရှိပြီတုံးမေးတော့ ဘယ့်နှယ်တုံး....(ကြီးကုန်ပါပြီဘုရား) ကြီးကုန်ပြီဘုရား နောက်တော့ လူလားမြောက်တာတွေ၊ မြောက်ကုန်ပြီဆိုတော့ မြက်ခြောက်နဲ့ ဘာထူးသေးတုံး (မထူးပါဘုရား)။

ကိုင်းဘာကြောင့် ပြန်ပြန်လာတုံးမေးတော့.... လူကြီးတွေစိတ်ချပါတယ်၊ ခလေးတွေကို စိတ်မချလို့ မြက်ခြောက်စိတ်မချလို့ ရိပ်မိပလား ဘာလွမ်းတာတုံး (မြက်ခြောက်လွမ်းတာပါဘုရား)။

အဲဒါ တချို့ တောင်ဝှေးထောက်ပြန်တဲ့လူ ရှိသေးတယ်၊ မရှိဘူးလား အသက်အရွယ်ကြီးတော့လေ(ရှိပါတယ်ဘုရား)၊ ကိုထွန်းလှတို့အရွယ်ကြတော့ ကိုယ်ကလဲ ဝေဒနာနဲ့ဆိုတော့ တောင်ဝှေးထောက်ရသေးတယ် ဒုက္ခပေါ့လေ ဘယ်လောက်များ ဆိုးတယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)၊ အဲဒီတော့ ဒကာဒကာမတို့ သူကယှဉ်ဘဲ့ထားတော့ ခင်ဗျားတို့နဲ့ ခွဲလို့ကို မရဘူး၊ ဦးလှမောင်က သူ့အကြောင်းကောင်းကောင်းမသိဘူး ရှင်းပလား(ရှင်းပါဘုရား)။

ဒါဖြင့် သူဟာ ယှဉ်တွဲတတ်တဲ့ သဘောသတ္တိရှိတယ်လို့ သူ့အကြောင်းကောင်းကောင်း သိလာလို့ရှိလျှင်ဖြင့် ထမ်းပိုးနဲ့ သတ္တဝါတွေပခုံးနဲ့ ကင်းကွာအောင်လုပ်မှသာ ကောင်းတယ်(မှန်ပါ)၊ ဒါဖြင့် ဝေဒနာရှုပေါ့ဗျာ မရှုရဘူးလား.... (ရှုရပါဘုရား)။

ဝေဒနာနိရောဓါ တဏှာနိရောဓေါ၊ တဏှာနိရောဓေါ ဆိုကထဲက ဟာ....ဘေးမဲ့ဖြစ်ပြီ မဖြစ်သေးဘူးလား....(ဖြစ်ပါတယ်ဘုရား)၊ ဘာရှိသေးသလဲ (မရှိပါဘုရား)၊ ဘာမှမရှိဘူးတဲ့ပေးမဲ့ တင်ပေးမဲ့ပုဂ္ဂိုလ်ကော (မရှိပါဘုရား)၊ မရှိပါဘူးတဲ့၊ မရှိတော့ ဒီအလုပ်လုပ်ပါလို့ ဘုန်းကြီးက တိုက်တွန်းတယ်(မှန်ပါ)၊ ဝေဒနာ ကြပ်ကြပ်ရှုပေးလျှင် တဏှာနိရောဓေါဖြစ်တယ်၊ တဏှာနိရောဓေါဖြစ်လို့ရှိလျှင် ဒုက္ခနိရောဓေါဘဲ၊ မဆိုနိုင်ဘူးလား(ဆိုနိုင်ပါတယ်ဘုရား)။

တဏှာနိရောဓေါ ဘယ်နှယ်ဆိုမယ်.... (ဒုက္ခနိရောဓေါပါဘုရား)၊ ဒုက္ခနိရောဓေါ၊ ဒီလိုလဲ ဘုရားကဟောသေးတယ် (မှန်ပါ)၊ တဏှာချုပ်လျှင် ဒုက္ခချုပ်တယ်၊ ဩော်....ဝေဒနာနိရောဓါ (တဏှာနိရောဓေါပါဘုရား)၊ တဏှာနိရောဓေါ.... (ဒုက္ခနိရောဓါပါဘုရား)၊ ဒုက္ခနိရောဓေါ ဝိဘင်းပါဠိတော်က တမျိုး....(မှန်ပါ)။

ဝေဒနာနိရောဓါ (တဏှာနိရောဓေါ)၊ တဏှာနိရောဓါ ဒုက္ခနိရောဓေါဆိုတော့ ဘာကျန်သေးတုံး....(ဘာမှမကျန်ပါ

ဘုရား)၊ ဘာမှ မကျန်ဘူး ဆိုတော့ ဒုက္ခ နိ ရော ဓေါ်... ဒီဘက်ဒုက္ခတွေ ဘာလာစရာရှိသေးတုံး (မရှိပါဘူးဘုရား)၊ ဒါဖြင့်ဝေဒနာ ကြပ်ကြပ်ရှုပေး ဒုက္ခနိရောဓေါဖြစ်မယ် ရိပ်မိ ပလား၊ ကဲ...ဒီနေ့ ဒီတွင်တော်ကြစို့....။

(သာဓု.... သာဓု.... သာဓု....)

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အမရပူရမြို့ မဟာဂန္ဓာရုံ မင်္ဂလာတိုက်ဟောင်း
ကျောင်းတော်ရှင်
အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား
ဟောကြားတော်မူသော

# သမုဒယသစ္စာ၏ အနက်လေးချက်

တို့တွင်

စတုတ္ထမြောက်

## ပလိဗောဓဋ္ဌော တရားတော်။

ဒကာဒကာမတို့ ယနေ့ ဟောဒီ သွားမှု၊ ရပ်မှု၊ ထိုင်မှု၊ လျောင်းမှု ပြုပြင်ပြောင်းလဲနေတာက ရုပ်ကွန္ဒာ၊ ယခုထိုင်နေတဲ့အချိန်ထိ ကောင်း မကောင်း ခံစားတတ်တဲ့ဝေဒနာက ဝေဒနက္ခန္ဓာ၊ ဖြူတယ်,ကြောင်တယ်,ကျားတယ် မှတ်တတ်တဲ့ သညာကို သညက္ခန္ဓာ၊ သွားဘို့ လာဘို့ နေဘို့ ထိုင်ဘို့ စေ့ဆော်တဲ့ စေတနာက သင်္ခါရက္ခန္ဓာ၊ အာရုံ ဝမ်း တွေသိတဲ့ ဝိညာဏ်ဆိုတဲ့ စိတ်ဝိညာဏ်က ဝိညာဏက္ခန္ဓာ ဘယ်နှစ်ပါးရှိသလဲ (ငါးပါးပါဘုရား)။

ခန္ဓာငါးပါးရှိတယ်လို့ ဒကာဒကာမတွေ မှတ်ထားလိုက်တော့ ဒီခန္ဓာငါးပါးဟာ ခန္ဓာငါးပါးဘဲမှတ်ရမယ်၊ ငါ ငါ့ဥစ္စာလို့ မမှတ်ကြပါနဲ့လို့ သတိပေးလိုက်တယ်၊ ခန္ဓာငါးပါးကို ငါ–ငါ့ဥစ္စာလို့ မှတ်ထားလို့ရှိလျှင် တော်တော်ကြာကြာတော့ ငါ–ငါ့ဥစ္စာ မှတ် တဲ့ သဘောက လာပြီဆိုမှဖြင့် ခင်ဗျားတို့ ဒုက္ခဒေါမနဿ လိုက်လာလိမ့်မယ်၊ သောက ပရိဒေဝ လိုက်လာမယ်၊ အဲဒီတော့ မနေ့က သက္ကာယဒိဋ္ဌိဖြစ်ပုံ ပျက်ပုံကိုပြတယ်၊ ဒီနေ့ သက္ကာယဒိဋ္ဌိချုပ်ပုံကို တခါတမျိုးဘဲ ပြပြန်တယ်။

ဒါက ဘယ်ကလာတာတုံးလို့ဆိုလျှင်ဖြင့် သုတ္တန်ပါတ်ပါဠိတော်မှာ ကိုယ်တော်တိုင်ဟောတာ၊ ဥပမာ ရုပ်တရားကြီးရှိတယ်၊ မျက်လုံး ရုပ်ရှိတယ်၊ ငါ့မျက်လုံး ငါ့မျက်လုံးဆိုလို့ရှိလျှင်ဖြင့် မျက်လုံးက ရုပ်တရား၊ ရုပ်တရားဆိုတော့ ဒကာဒကာမတွေမှတ်ထား မျက်လုံးဟာ ကံကြောင့် ဖြစ် တယ်၊ အဲဒီတော့ ကံစီမံထားလို့ ဖြစ်တဲ့ မျက်လုံးကို ဒကာဒကာမတွေက ငါ့မျက်လုံးလို့ ထင်လိုက်လို့ရှိလျှင်ဖြင့် အတ္တဆိုတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်လာတယ်။

မျက်လုံး ဘယ်သူက လုပ်ထားတာတုံး နဂိုရ်လုပ်ထားတာက ကံ(မှန်ပါ)၊ ကံက လုပ်ထားတော့ကို ကံကသာ ပိုင်တယ်လို့ မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ်ဘုရား)၊ ခင်ဗျားတို့က ကြားက ဝင်ပြီးသကာလ ဒါ....ငါ့မျက်လုံး ငါဘဲလို့ သွားပြီး မလုပ်လိုက်နဲ့၊ သွားလုပ်လိုက်လို့ရှိလျှင်ဖြင့် သူများပစ္စည်း

ကိုယ့်ပစ္စည်းရယ်လို့ အထင်အမှတ်မှားထားတော့ကို တော်တော်ကြာ ဒီမျက်လုံးတွေသည်ကားလို့ဆိုလျှင် စ က္ခု၊ စက္ခု အနိစ္စလို့ဆိုတော့ စက္ခုရုပ်က အနိစ္စရောက်သွားရော ပျက်စီးသွားရော၊ ပျက်စီးတဲ့အခါကြတော့ ဘုန်းကြီးတို့ ဒကာဒကာမတွေက ငါမှဖြစ်ရလေခြင်းဆိုပြီးတော့ သောကပရိဒေဝတွေ မလိုက်ဘတ်ဘူးလား (လိုက်တတ်ပါတယ်ဘုရား)။

ထိုကဲ့သို့လိုက်ဘတ်တာ ထောက်လိုက်တဲ့အခါကြလို့ရှိလျှင် ခြေဒ်...ဒါက အစွဲမှားလို့ သောကပရိဒေဝ ဒုက္ခဒေါမနဿ လာတာကိုလို့ မဆိုနိုင်ဘူးလား... (ဆိုနိုင်ပါတယ်ဘုရား)၊ ဒါဖြင့် နဂိုရိုကမျက်လုံး ဘယ်သူကလုပ်ထားတာတုံး .. (ကံက လုပ်ထားတာပါဘုရား)၊ ကံကလုပ်ထားတာကို ခင်ဗျားတို့က ဒါလေး ငါမြင်တာဘဲလို့ သွားမလုပ်လိုက်ပါနဲ့၊ ကံက လုပ်ထားတဲ့ ဓမ္မလေးကမြင်တာပါ သဘောကျပလား (မှန်ပါ)။

အဲဒီတော့ ငါလို့တော့ မဆိုလိုက်ပါနဲ့ (မှန်ပါ)၊ ဒါလေးဟာ ငါပိုင်တယ်ဆိုတဲ့ ငါ့ဥစ္စာလို့လဲ မထင်လိုက်ပါနဲ့၊ ဒါဖြင့် ငါ–ငါ့ဥစ္စာပြုတ်ပေါ့(မှန်ပါ)၊ မျက်လုံးကို ငါလို့မထင်ကြပါနဲ့၊ ပြီးတော့ ငါ့ဥစ္စာလဲ မထင်ပါနဲ့၊ ဦးလှတို့လူစုတွေနော် ဘာပြုလို့ ဘုန်းကြီးက ဒါလောက် ကန့်ကွက်ရပါသလဲ၊ ငါ ငါ့ဥစ္စာလို့ ဦးလှရမ်းမစွဲနဲ့ ဦးခင်မောင်တို့ ရမ်းမစွဲနဲ့လို့ ဘုန်းကြီးက သတိပေးလိုက်တယ်နော်။

ခင်ဗျားတို့ဥစ္စာမဟုတ်လို့ မဟုတ်ဘူးပြောတာ ခင်ဗျားတို့ ငြိမ်ငြိမ်နေပါ မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)၊

ဒကာဒကာမတွေ ဟုတ်ပါရဲ့လား (မဟုတ်ပါဘုရား)၊ ငါ ကော ဟုတ်ကဲ့သား(မဟုတ်ပါဘုရား)၊ ငါ့ဥစ္စာကော(မဟုတ် ပါဘုရား)၊ ဒါ–ဘယ်သူက ပြုပြင်ထားတာပါလိမ့်.... (ကံက ပြုပြင်ထားတာပါဘုရား)၊ အဲ....ကံက ဖြစ်လာတဲ့ ကမ္မဇရုပ်၊ ကံကြောင့်ဖြစ်တဲ့ရုပ်၊ အဲဒီကံကြောင့်ဖြစ်တဲ့ရုပ်ကို ဒကာဒကာမ တွေက အရမ်း ဒါ–ငါဘဲ၊ ငါ့ဥစ္စာဘဲလို့ မလုပ်ပါနဲ့ သဘော ကျပလား(မှန်ပါ)။

ဝေဒနာဆိုတာသည် ဒကာဒကာမတွေ စဉ်းစားကြည့်၊ စာ လိုးပြောတော့ ဒီအာရုံနဲ့ဒွါရတိုက်ဆိုင်လို့ဖြစ်တာ၊ မြန်မာလို ပြောတဲ့အခါကြတော့ ဉပမာမယ်ကိုယ်နဲ့အပူနဲ့တွေ့လျှင် ပူတဲ့ ဝေဒနာ မပေါ်ဘူးလား(ပေါ်ပါတယ်ဘုရား)၊ ဒုက္ခဝေဒနာ မပေါ်ဘူးလား(ပေါ်ပါတယ်ဘုရား)၊ ပူတဲ့အခါ အေးတဲ့ လေတိုက်လိုက်ပြီဆိုလျှင် သုခဝေဒနာကော....(ပေါ်ပါတယ် ဘုရား)၊ ဝမ်းသာစရာတွေ့လျှင် ဝမ်း မသာပေဘူးလား.... (သာပါတယ်ဘုရား)၊ ဝမ်းနည်းစရာတွေ့လျှင်....(ဝမ်းနည်း ပါတယ်ဘုရား)၊ အဲဒီတော့ ဝမ်းနည်းတဲ့ ဝမ်းသာတဲ့သဘော လေးဟာ ရှေးကပေါ်လာတာလား အခုမှပေါ်လာတာလား (တိုက်ဆိုင်လို့ ပေါ်လာတာပါဘုရား)။

ခုမှ တိုက်ဆိုင်လို့ ပေါ်လာတာ ဆိုတော့ တိုက်ဆိုင်တဲ့ အကြောင်းတရားကသာ ဆိုင်တယ် ပိုင်တယ်ဆိုလျှင် ဟုတ်ပြီ ခင်ဗျားတို့က ကြား ဝင် ပြီး သ ကာ လ ဒါလေးဟာ ငါဘဲ ငါ့ဥစ္စာဘဲလို့ မလုပ်ပါနဲ့ရှင်းပလား(ရှင်းပါဘုရား)။

အကြောင်းနှစ်ခု လုပ်ထားတာ၊ သူတို့နှစ်ခုသာ ပိုင်တယ် ဆိုင်တယ်ဆိုတဲ့ အဓိပ္ပါယ် မှတ်ထားဘို့ ကိုထွန်းဦး မကောင်း ဘူးလား (ကောင်းပါတယ်ဘုရား) အဲဒီတော့ ဒကာ ဒကာမ တွေ ဝေဒနာဆိုတာ၊ ငါ၊ ငါ့ဥစ္စာလို့ မခွဲပါနဲ့ နော်.... မှတ် ထားတဲ့ သညာလေးဟာလဲ၊ ခင်ဗျားတို့မှတ်လိုက် မေ့လိုက် မှတ်လိုက်၊ ပျောက်လိုက် မနေဘူးလား(နေပါတယ်ဘုရား)။

တစ်ကို မှတ်နေတုံးရှိသေးတယ်၊ နှစ်ကို အာရုံကျလိုက်လို့ ရှိလျှင် တစ်မှတ်တာပျောက်ပြီး နှစ်မှတ်တာရောက်နေတာဘဲ (မှန်ပါ) နှစ်မှတ်ထားတုံးရှိသေး၊ သုံးဘက်ကိုရွှေ့ပြီးသကာလ မြင်လိုက် ကြည့်လိုက်ပြီဆိုမှဖြင့် သုံးမှတ်တာက သာလာတော့ တယ်....တစ်· နှစ်, မှတ်တာတွေ ရှိသေးရဲ့လား(မရှိပါဘူး)။

ဒါဖြင့် မှတ်တဲ့သညာလေးဟာ မြဲရဲ့လား(မမြဲပါဘူး)မမြဲ တော့ ဒါသည် အာရုံဒွါရ တိုက်ဆိုင်လို့ အကြောင်းနှစ်ပါး တိုက်ဆိုင်လို့ ဖြစ်ပေါ်လာတဲ့ သညာကို ဒကာ ဒကာမတွေက ကြားကနေပြီး သကာလ၊ ငါ ငါ့ဥစ္စာလို့ မလုပ်ပါနဲ့၊ သညာ တွေ ငါ ငါ့ဥစ္စာမလုပ်ပါနဲ့လို့ သတိပေးလိုက်တယ်နော်....

စေတနာကလဲ ထိုနည်းအတူတူဘဲတဲ့ စေတနာဆိုတာ လူ ချင်တယ်၊ တမ်းချင်တယ်၊ ပေးချင်တယ်၊ကမ်းချင်တယ်၊ သွား ချင်တယ်၊ လာချင်တယ် ဆိုတဲ့ စေတနာတွေဟာ သွားစရာ ရှိတဲ့ အာရုံကြောင့် ပေါ်လာတာ တခြားကြောင့် ပေါ်လာ တာမဟုတ်ဘူး၊

အဲဒီတော့ ဒီစေတနာလေးဟာ၊ တပါးသော အကြောင်းကြောင့်ဖြစ်လာတဲ့ဒီစေတနာဆိုတာခင်ဗျားတို့ကသိထားတော့ အဲဒါကို ငါ့စေတနာ ကောင်းတယ် ဆိုပြီးသကာလ ငါ့ဟာ ငါဘဲ ဆိုပြီးသကာလ မစွဲပါနဲ့ ခင်ဗျားတို့ကြားက စွပ်စွဲတဲ့ အမှုကြောင့် ဒီလိုဖြစ်ပြီး သကာလ သက္ကာယ ဒိဋ္ဌိ ဖြစ်ဖြစ် နေတယ်၊ အတ္တ အဟ္တနိယ ဖြစ်နေတယ်၊ စိတ်ကိုလဲ ငါ့စိတ်လို့ မထင်လိုက်ပါနဲ့ ဒကာဒကာမတို့ နော်....၊ ငါ့စိတ်ဆိုတာ ရှိကို မရှိဘူးလို့ မှတ်ကြစမ်းပါ ဦးဝတို့ ဘယ်လိုမှတ်မတုံး (ငါ့စိတ် ဆိုတာ ရှိကိုမရှိပါဘုရား)။

ငါ့စိတ် ရှိကိုမရှိဘူးတဲ့၊ ထမင်းနဲ့တွေ့မှ ထမင်းစားချင်စိတ် ပေါ်တယ် ဟုတ်လား မုန့်စရာနဲ့တွေ့မှ မုန့်စိတ်ပေါ်တယ် ဦးဘအုန်း ဒီအတိုင်း မနေဘူးလား ( နေပါတယ်ဘုရား ) ခင်စရာလူတွေနဲ့မှ ခင် စိတ် ပေါ် တယ် ဒါဖြင့် ခင်စရာလူနဲ့ ပတ်သက်ပြီး ဖြစ်တဲ့စိတ်၊ ဒါဖြင့်ရုပ်ကို ငါဘဲ၊ ငါ့ဥစ္စာဘဲလို့ တစ်နဲ့ - နှစ်, ဖြစ်လို့ရှိလျှင် သက္ကာယဒိဋ္ဌိ(မှန်ပါ့) တစ်နဲ့-နှစ် ဖြစ်လို့ရှိလျှင် ဘာပါလိမ့် ( သက္ကာယဒိဋ္ဌိပါဘုရား ) ငါဘဲ ငါ့ဥစ္စာဘဲလို့ စွဲလျှင် ဘယ့်နှယ်ဆိုကြမယ် (သက္ကာယဒိဋ္ဌိပါ ဘုရား)။

သက္ကာယဒိဋ္ဌိ ဖြစ်တဲ့လို့ မှတ်ထားကြစမ်းပါ၊ ငါလဲဆိုစရာ မရှိဘူး၊ ငါ့ဥစ္စာလဲ ဆိုစရာမရှိဘူးလို့၊ သုညဖြစ်အောင်၊ တစ် နှစ်, မခွဲဘဲနဲ့ သုညဖြစ်အောင်လုပ်ပါ သ ဘော ကျ ပ လား (မှန်ပါ) သုညဖြစ်လို့ရှိလျှင် တစ်လဲမဟုတ်ဘူး၊ နှစ်သဲ မဟုတ် ဘူး ဆိုတော့ ငါ ငါ့ဥစ္စာ မပြုတ်သေးဘူးလား(ပြုတ်ပါတယ် ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ငါ ငါ့ဥစ္စာ ပြုတ်အောင် သုညဆိုတဲ့ သဘောဖြစ်အောင်နှင့် ရေးနိုင်အောင်လုပ်ပါ၊ ငါလဲမရေးနဲ့ ငါ့ဥစ္စာလို့လဲမရေးနဲ့ ဒါဖြင့်ဘယ်လို ရေးမတုံးဆိုရင် သုည ရေးရမယ် ဒကာဒကာမတို့.... ဘာရေးရမယ် (သုညရေးရမှာ ပါဘုရား)။

သုည ရေးတဲ့အခါကြတော့ သုညဆိုတာ တစ်လို့လဲ၊ ဘတ်လို့ရရဲ့လား ( မရပါဘုရား ) နှစ်လို့ကော (မရပါဘုရား) ဘယ်လိုမှ ဖတ်လို့မရဘူး၊ သုည၊ သုညဘဲ ဖတ်ရမှာဘဲ၊ ဒါဖြင့် ငါ၊ ငါ့ဥစ္စာဆိုတဲ့ဥစ္စာ၊ ငါဟာတစ်၊ ငါ့ဥစ္စာဟာ နှစ်၊ အဲဒါ ဖြုတ်ပစ်ပြီးသကာလ ဒါ သက်သက် သုညဘဲ၊ ငါ ငါ့ဥစ္စာမှ ဆိတ်သုန်းနေတဲ့၊သုညဘဲလို့ရေးနိုင်အောင်လုပ်ပါ(မှန်ပါ)။

ဒါဖြင့် တစ်လဲမရေးနဲ့ နှစ်လဲ မရေးနဲ့၊ ရေးလျှင် ဘာရေးရမလဲဆိုရင် သုညရေးရမယ်၊ ဦးခင်မောင် ဘာရေးကြမလဲ(သုညရေးရမယ်ဘုရား) သုညရေးရမယ် ဒကာဒကာမတို့ ငါဆိုလျှင် တစ်ဖြစ်သွားလိမ့်မယ်၊ ငါ့ဥစ္စာ ဆိုလျှင် နှစ်ဖြစ်သွားမယ်၊ ကောင်းပြီ တစ်လဲ မရေးပါနဲ့ နှစ်လဲ မရေးပါနဲ့ ငါ ငါ့ဥစ္စာမှ ဆိတ်သုံ ပြီး မရှိတဲ့သဘောလေးလို့ မှတ်လိုက်လို့ရှိလျှင်ဖြင့် ဆိတ်သုံးတဲ့သဘောဟာ သုညဘဲ(မှန်ပါ)။

ဒါဖြင့် ခင်ဗျားတို့ ရုပ်တခုဖြစ်လို့ရှိလျှင်ဖြင့် တစ်လဲမရေးနိုင်အောင်၊ နှစ်လဲမရေးနိုင်အောင်၊ သုည ရေးနိုင်လို့ ရှိလျှင် သက္ကာယဒိဋ္ဌိ ပြုတ်တယ် ရှင်းပလား (ရှင်းပါပြီဘုရား)၊တစ်ကော (မရေးရပါဘုရား)၊ နှစ်ကော.... (မရေးရပါဘုရား)၊

ရေးလျှင် ဘာရေးရမလဲ (သုညရေးရမယ်ဘုရား) သုည ရေးလို့ရှိလျှင်ဖြင့်တဲ့ ခင်ဗျားတို့သည်၊ ငါ ငါ့ဥစ္စာ အဖြစ်မှ ပြုတ်ပါတယ် ဒါလေးဟာ ငါလဲမဟုတ်ဘူး၊ ငါ့ဥစ္စာလဲ မဟုတ်သောကြောင့် သုညဘဲ ရေးလိုက်ပါ ရှင်းပလား (မှန်ပါ့) ဝေဒနာလေးဟာကော ငါ ဟုတ်ကဲ့လား (မဟုတ်ပါဘူး) ငါ့ဥစ္စာကော (မဟုတ်ပါဘူး) ဒါဖြင့် တစ်လဲမရေးနိုင်ဘူး၊ နှစ်လဲမရေးနိုင်ဘူး၊ဘာရေးမလဲ(သုညပါဘုရား) သုညဘဲရေးပါ သုညဆိုက်လို့ရှိလျှင် နိဗ္ဗာန်ရောက်တယ်၊ ဦးဘဒင်ဘာတဲ့တုံး (သုညဆိုက်ရင် နိဗ္ဗာန်ရောက်ပါတယ်ဘုရား)။

ဩော်....ဒီသုည တော်တော် အဘိုးတန်တဲ့ သုညပါလား မဆိုထိုက်ဘူးလား(ဆိုထိုက်ပါတယ်ဘုရား) ဦးဘအုန်း တစ်လဲမဟုတ်ဘူး၊ နှစ်လဲမဟုတ်ဘူး၊ သုညဖြစ်အောင်ကြည့်၊ သုညဆိုတာ ဘာတုံးဆိုတော့ ဒီအထဲမှာ ငါလဲမဟုတ်၊ ငါ့ဥစ္စာလဲမဟုတ် ဟုတ်လား ရုပ်တရားနဲ့ နာမ်တရားသာဟုတ်၏၊အနိစ္စသာ ဟုတ်၏လို့ ဆိုလို့ရှိလျှင်ဖြင့်၊ ငါ ငါ့ဥစ္စာလို့ ရေးနိုင်သေးရဲ့လား (မရေးနိုင်ပါဘုရား)။

မရေးနိုင်တော့ ငါ ငါ့ဥစ္စာ မဟုတ်ကြောင်းကို၊ သုညဆွဲလိုက်၊ သုညရေးလိုက်၊ သဘောကျပလား၊ (မှန်ပါ့) ဒါဖြင့် ဘာရေးနိုင်မှ နိဗ္ဗာန် ရောက်မလဲ၊ (သုညရေးနိုင်မှ နိဗ္ဗာန်ရောက်မယ်ဘုရား)ခင်ဗျားတို့က တစ်နဲ့ နှစ်ကြည့် ရေးနေလို့ အမှားတော်ပုံ ကြီးနေတာလို့ မှတ်လိုက်စမ်းပါ (မှန်ပါ့) ဘယ့်နှယ်ကြောင့် အမှားတော်ပုံ ကြီးနေတာတုံး (တစ်နဲ့ နှစ်ချည်း ရေးနေလို့ပါဘုရား)။

တစ်နဲ့ နှစ်ချည်းရေးတယ် ဦးဝတို့ ကိုထွန်းဦးတို့ လူစုတွေက နေ့ဘ်....၊ ငါဘဲ ငါ့ ဥ စ္စ ာ ဘဲ၊ မိမိ ကိုယ်ကြတော့ ငါဘဲ တပည့်သားမြေးတွေကြတော့ ငါ့ဥစ္စာဘဲ၊ မိမိပစ္စည်းတွေကြတော့ (ငါ့ဥစ္စာဘဲ)၊ အဲဒီတော့ ငါနဲ့ ငါ့ဥစ္စာ ဖြစ်နေတော့ ခင်ဗျားတို့မှာ သက္ကာယဒိဋ္ဌိ ဖြစ်ပြီးသကာလ နေတော့၊မရှိတာ အရှိ လုပ်နေ ကြတာ နေ့ဘ်....၊ မရှိတာ မရှိဘူးလို့ ရေးတော့ မရှိလျှင် သုညဘဲ၊ ဘာမှ ဂဏန်းရေးမရတဲ့ သုညဘဲ၊ မရှိတာ မရှိတာ မရှိဘူးလို့ ရေးချင်တဲ့ အခါကြတော့ ခင်ဗျားတို့က ဘာရေးကြမလဲ (သုညပါဘုရား)။

အဲ ... သုညရေးနိုင်အောင်လုပ်ပါလို့ ဦး ခင် မောင် တို့ ကို ဘုရားကဟောတယ်၊သဘောကျပလား (မှန်ပါ့) ဘာရေးကြမယ် ( သုညရေးရမယ်ဘုရား ) သုည ရေးရမယ်၊ ကဲ ဒါဖြင့် သညာဆိုတဲ့ နာမ်ခမ္မလေးတွေ ငါမှတ်ထားတာလို့ ဆိုမလား (မဆိုပါဘုရား) ငါ့ သ ညာ လို့ ဆိုမလား ( မဆိုပါဘုရား ) ငါ့ဥစ္စာလို့ကော(မဆိုပါဘုရား)မဆိုပါနဲ့ တဲ့၊ ငါလဲမဟုတ်ဘူး ငါ့ဥစ္စာလဲ မဟုတ်ဘူး၊ ဒီဥစ္စာ သညာဆိုတဲ့ သညာက္ခန္ဓာ(ဝါ) အနိစ္စတရား၊ ဟုတ်လား (တင်ပါ့)၊ ငါ၊ ငါ့ ဥစ္စာလို့ နဲ့နဲမှ ဂဏန်းမမှတ်နိုင်လို ရှိလျှင်ဖြင့်၊ သုညသာမှတ်၊ သဘောကျပလား(ကျပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဝမ်းထဲမှာ သုညဖြစ်ဘို့ အတော်အရေးကြီးတယ်နေ့ဘ် ( အရေးကြီးပါတယ်ဘုရား ) ဒကာဒကာမတို့ ဗိနေ့စတဲ့တရား ဘာဖြစ်ဘို့ အရေးကြီးသတုံး ( သုညဖြစ်ဘို့ အရေးကြီးပါတယ်ဘုရား)။

သုညဖြစ်ဘို့ အရေးကြီးတယ်ဆိုတော့ သုညဆိုတာ တစ်မရေး၊ နှစ်မရေးမှသာလျှင်၊ တစ်, နှစ်, ကစပြီး ဂဏန်းကို မတတ်မှ သုညဖြစ်မှာ ဂဏန်းတတ်နေလို့ရှိလျှင်ဖြင့် သုညဖြစ်ပါ့မလား (မဖြစ်ပါဘူးဘုရား)။

ဂဏန်းတတ်နေလို့ရှိလျှင် တစ်လဲ ငါဘဲ၊ နှစ်လဲငါ့ဥစ္စာဘဲ ဟုတ်လား၊ ကျန်တဲ့အသုံးအဆောင်တွေ၊ ဆွေမျိုးတွေ၊ ညာတကာတွေကြတော့လဲ ငါ့ဥစ္စာထဲ အကုန်ပါမသွားဘူးလား(ပါသွားပါတယ်ဘုရား) ဟောဒါကအဘိုး၊ ဟောဒါကအဘွားနဲ့ တစ်တွေ၊ နှစ်တွေသာ၊ ရှောက်ရေးလျှင်၊ သားမယား၊ မြေး မြစ်တွေ၊ ကိုထွန်းဦး၊ တစ်-နှစ် သုံးတွေ၊ရှောက်ဆွဲမယ်ဆို ကုန်နိုင်စရာ ရှိရဲ့လား ( မရှိပါဘူး )၊ ဘာဆွဲနိုင်မှ အဘိုးတန်မလဲ ( သုညဆွဲနိုင်မှ အဘိုးတန်မယ်ဘုရား )။

အဲ—သုညရေး ဆွဲနိုင်မှ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အဘိုးတန်မယ်ဆိုတာ မှတ်ထားကြပါ၊ ဒါဖြင့် ဒီစေတနာလေးကလဲ ခင်ဗျားတို့ ငါဆိုကြမလား ( မဆိုနိုင်ပါဘုရား )၊ နာမ်ဓမ္မ သက်သက်၊ စေတနာ သက်သက်ဘဲ နော်....၊ သင်္ခါရက္ခန္ဓာ သက်သက်ဘဲ၊ ငါ့ဥစ္စာလို့ကော ဆိုနိုင်ပါ့မလား (မဆိုနိုင်ပါဘုရား)။

ဒါဖြင့် မဆိုနိုင်လျှင် ဘာဆိုမလဲ(သုညပါဘုရား) ငါ ငါ့ဥစ္စာမဟုတ်ဆိုတဲ့ သုညရေးမှဘဲ၊ဘာရေးကြမလဲ (ငါ ငါ့ဥစ္စာမဟုတ်ဆိုတဲ့ သုညရေးရမယ်ဘုရား)။

ဒါမှသာလျှင် ခင်ဗျားတို့နေရာကျမယ် ကဲစိတ်ကလေးတခု ဘာစိတ် ပေါ်ပေါ် ငါ့စိတ် မစမ်းနဲ့ ဆိုတာမျိုး မသုံးလိုက်ပါနဲ့ (မှန်ပါ) ခင်ဗျားတို့က အရေးရှိလာလို့ရှိလျှင်၊ တခါထည်း ငါ့စိတ်မစမ်းနဲ့၊ဟုတ်လား ငါသည်ကား ဆိုလို့ရှိလျှင် ဘာနေ့သွားဘဲ၊ ဘာသွားဘဲနဲ့ ရှုပ်လာကုန်ပြီ (မှန်ပါ) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

အဲဒီလိုဆိုလို့ရှိလျှင် ခင်ဗျားတို့ ငါ့မစမ်းနဲ့ မပြုနဲ့ အစရှိသည်ဖြင့် လာပြီဆိုမှဖြင့် စိတ်ကို ငါ့စိတ် ဟင်.... ငါ့စိတ်ထင်တော့ စိတ်က ငါ့စိတ်ဖြစ်တယ်၊ ရုပ်က ငါ့ကိုယ် ဖြစ်ရတော့မှာပေါ့ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား) စိတ်ကို ငါထင်လို့ရှိလျှင်ဖြင့် စိတ်နဲ့ပါတ်သက်ပြီးသကာလ၊ ဆက်သွယ်ထားတာတွေဟာ၊ ငါ့ဥစ္စာဆိုတာ မလာပေဘူးလား (လာပါတယ်ဘုရား)။

အဲဒီတော့ တစ်နဲ့နှစ်ရေးကြရော သည်တစ်နဲ့နှစ်ရေးကြတဲ့ ပုဂ္ဂိုလ်သည်ကားဆိုလျှင်ဖြင့် စဉ်းစားပါတဲ့၊ ဒါတွေက အနိစ္စ မရောက်ပေဘူးလား ရောက်မလား....(ရောက်ပါတယ်ဘုရား)၊ ရောက်တော့ နဂိုရ်က ငါ-ငါ့ဥစ္စာ မှတ်ထားကြမယ်၊ သုညတွေမရေးဘဲနဲ့ ငါ့,ငါ့ဥစ္စာလို့ ဒီကနေပြီးသကာလ ဝိပ္ပလ္လာသနဲ့ မှတ်ထားခဲ့ကြမယ် မမှတ်ပေဘူးလား(မှတ်ပါဘုရား)။

မှတ်တဲ့အခါကြတော့ သူတို့က ခင်ဗျားတို့မှတ်တဲ့အတိုင်း နေတဲ့တရားလား၊ သူ့သဘောနဲ့သူ နေတဲ့တရားလား.... (သူ့သဘောနဲ့သူ နေတဲ့တရားပါဘုရား)၊ သူကသဲ ဖြစ်ပျက်

အနိစ္စ၊ ဒီဘက်ကကော(အနိစ္စ) ဖြစ်ပျက်ကြီးဘဲလား ဒကာ ဒကာမတွေ သူတို့က အနိစ္စရောက်သွားတော့ ခင်ဗျားတို့က ငါ့ငါ့ဥစ္စာလုပ်ပြီးသကာလ ထားလိုက်တော့ ကိုယ်ကျိုးကြီး နဲ့ပေါ့ဆိုတဲ့ ဒီဘက်က သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ မလာပေဘူးလား (လာပါတယ်ဘုရား)။

နဂိုရ်ကထဲက ငါ့ငါ့ဥစ္စာ မဟုတ်တာ၊ ငါ့ငါ့ဥစ္စာ မဟုတ်ဘူးဆိုတဲ့ သူ့သဘောကျပလား (မှန်ပါ)၊ သူ့ ရေးထားလို့ရှိလျှင် နဂိုရ်က သူ့ရေးထားတာကို အထူး ဂဏန်းတတ်စရာ မရှိသည့်အတွက် နှမြောစရာပစ္စည်း ပါသေး လား (မပါပါဘုရား)၊ မပါတော့ ဒီဥစ္စာသည် ဒကာဒကာမ တို့ ခင်ဗျားတို့ အရေးကြီးတာကဖြင့် ငါ့ငါ့ဥစ္စာ ပြုတ်ပြီး သကာလ တစ်လဲမရေးကြပါနဲ့ နှစ်လဲမရေးကြပါနဲ့ ခန္ဓာ ငါးပါးအပေါ်၌ သူ့သာရေးနိုင်အောင် လုပ်ပါ၊ ဘယ်လို လုပ်ကြမလဲ....(သူ့ရေးနိုင်အောင်ပါဘုရား)။

တစ်ဆိုလျှင် ဘာထင်လဲ.... (ငါပါဘုရား)၊ ငါ–ခန္ဓာ ငါးပါးကို ငါထင်တယ်နေ၁်။ နှစ်ဆိုလျှင်....(ငါ့ဥစ္စာပါဘုရား) ငါ့ဥစ္စာထင်တော့ကို ငါ့ငါ့ဥစ္စာလို့ ခန္ဓာငါးပါးကို ခင်မင် ကာယ်၊ ပြင်ပပစ္စည်းတွေကို ခင်မင်တယ်ဆိုလို့ရှိလျှင်ဖြင့် ဒီဓမ္မ တွေဟာ ဘာတရားတွေတုံး မေးလျှင် ဘယ့်နှယ်ဖြေမလဲ.... (သက္ကာယဒိဋ္ဌိပါဘုရား)။ သက္ကာယဒိဋ္ဌိ နဂိုရ်ကသူတို့က အစွဲ ခံနိုင်တဲ့တရားလား၊ အစွဲမခံထိုက်တဲ့ တရားလား.... (အစွဲမခံ ထိုက်တဲ့ တရားပါဘုရား)။

နဂိုရ်က သင်္ခတသင်္ခါရ အနိစ္စ (တင်ပါ့)၊ ဘာတရားပါလိမ့် (သင်္ခတသင်္ခါရ အနိစ္စပါဘုရား)၊ သင်္ခတသင်္ခါရ အနိစ္စဆိုတဲ့ အနိစ္စတရားကို ခင်ဗျားတို့က ငါ့ငါ့ဉာဏ်ထင်နေတော့ အနိစ္စ တရားက အနိစ္စစစ်မလား အနိစ္စသဘော ပြောမလား.... (အနိစ္စသဘောပြောမယ်ပါဘုရား)။

အနိစ္စကို အနိစ္စသဘောပြောတဲ့အခါ ခင်ဗျားတို့က ခက်တယ်၊ ငါ့ငါ့ဉာဏ်ထင်တဲ့ပုဂ္ဂိုလ်က ငါဟာဖြင့် ဘာမှမရှိတော့ဘူး၊ ငါဖြင့် ကိုယ်ကျိုးကြီးနည်းပေါ့ဆိုတဲ့ သဘောက ပရိဒေဝတွေ နောက်က မလိုက်ဘူးလား (လိုက်ပါတယ်ဘုရား)။

နဂိုရ်က သုညရေးထားတော့ ဒီကဘာအနိစ္စ ပြပြ ဩော်.... ငါ့ငါ့ဉာဏ်မဟုတ်လို့ ဖြစ်ချင်သလိုဖြစ်တာကို မလာပေဘူးလား (လာပါတယ်ဘုရား)၊ ဓမ္မအလိုအားဖြင့် ဖြစ်ဘာဘဲလို့ ဒကာဒကာမတွေ ဉာဏ်ထဲမထင်ပေဘူးလား.... (ထင်ပါတယ်ဘုရား)၊ အဲဒါ ဦးဘာအုန်း ဘာရေးထားလို့ ဒီဉာဏ်ထွက်တာတုံး (သုညရေးထားလို့ပါဘုရား)၊ ဩော်...ဒါဖြင့် ဒကာဒကာမတို့ သုညရေးနိုင်ဘို့ အချက်အလက်ဟာက အင်မတန်အရေးကြီးပါကလားဆိုတာ မပေါ်လာသေးဘူးလား.... (ပေါ်လာပါတယ်ဘုရား)။ ဒါဖြင့် ဘာရေးနိုင်ဘို့ အရေးကြီးတုံး.... (သုညပါဘုရား)။

ဒါဖြင့် ဒီနေရာတွင် မရေးနဲ့နော် ဒကာဒကာမတို့ ဒီနေရာတွင် မရေးနဲ့၊ အိမ်ကျတော့ ရေးရမယ်(မှန်ပါ)၊ ဒီတွင်တော့ ဆရာသမားပြောလိုက်တာ ခန္ဓာကိုယ် တကိုယ်လုံးဟာ ခန္ဓာ

ငါးပါးဘဲ၊ ခန္ဓာငါးပါးမှာ ငါလဲမရှိဘူး၊ ငါ့ဥစ္စာလဲ မရှိပါဘူး၊ တပည့်တော်တို့ဖြင့် တစ်လဲမရေးတော့ဘူး နှစ်လဲမရေးတော့ဘူး၊ တစ်ဆိုတဲ့ ငါ၊ နှစ်ဆိုတဲ့ ငါ့ဥစ္စာ ရေးသေးလား.... (မရေးပါဘုရား)။

ငါ့ငါ့ဥစ္စာမရှိတဲ့ သုညသာတပည့်တော်တို့ မှတ်ထားပါတယ်လို့၊ ငါ့ငါ့ဥစ္စာမှ ဆိတ်သုဉ်းတဲ့သုညသာ တပည့်တော်တို့က အမှတ်အသားထားပါတယ်ဆိုတော့ သုညရေးထားပါ (မှန်ပါ)၊ သုညရေးထားပြီဆိုမှဖြင့် သားသမီးနဲ့ပတ်သက်လို့ ပစ္စည်း ချို့ယွင်းချက်ရှိပြန်လဲ လှုပ်သေးလား.... (မလှုပ်ပါဘုရား)၊ မိမိနဲ့ပတ်သက်လို့ ပစ္စည်းချို့ယွင်းချက်ရှိပြန်ကော (မလှုပ်ပါဘုရား)၊ ဘာရေးထားလို့လဲ.... (သုညရေးထားလို့ပါဘုရား)။

ဒါဖြင့် ဒီသုညရေးဘို့ရာ လက်မတုံ့ပါနဲ့၊ ရေးဖြစ်အောင်ရေး၊ ရေးပြီးကြပလား (မှန်ပါ)၊ သုညဘယ်လိုရေးရမှာတုံး ရဲရဲတင်းတင်းရေးကြပါ၊ ဒကာဒကာမတွေ ဘယ်လိုရေးရမယ် (ရဲရဲတင်းတင်း ရေးရမှာပါဘုရား)၊ မရေးရဲဘူးလား(ရေးရဲပါတယ်ဘုရား)၊ ရေးရဲပါတယ်တဲ့ ဟင်.... တော် တော့ ကို အသံတိုးသွားတယ်၊ ရေးရဲမှ ဘဝများစွာသံသရာက ငါ-ငါ့ဥစ္စာချည်း ရေးလာတာ (မှန်လှပါ)၊ ဒီဘဝကျမှ သုညရေးပါဆိုတော့ ဦးဘအုန်း ခက်နေတာပေါ့(မှန်ပါ)။

စင်စစ် ရေးထိုက်တဲ့တရားလား မရေးထိုက်တဲ့တရားလား (ရေးထိုက်ပါတယ်ဘုရား)၊ ရေးထိုက်တဲ့တရားကို မရေးဝန့်တာသည် ခင်ဗျားတို့မှာ အပင်းရှိနေတယ်၊ မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ်ဘုရား)။

ငါ့ငါ့ဥစ္စာဆိုတော့ သက္ကာယဒိဋ္ဌိအပင်းက ဝမ်းထဲခံနေတော့ ဟိုဟာလေး ကြည့်လိုက်ပြန်လဲ ဟင်....ဒါလေးတွေ ငါ့ငါ့ဥစ္စာ မဟုတ် သုညဘဲ ရေးရမှာဘဲဆိုပြီး သည်အတိုင်း သာ ရေးရေးသွားမယ် ဆိုလို့ရှိလျှင်ဖြင့် နဂိုရ်ကတည်းက ငါ·ငါ့ဥစ္စာမဟုတ်တော့ သုညဟာ သုညဘဲ မှတ် ထားမယ် ဆိုလို့ရှိလျှင်ဖြင့် ကိုထွန်းဦး မျက်ရေကြီးငယ်ကျစရာ လိုသေး သလား (မလိုပါဘုရား) ဒါ·ဘာမရေးမိလို့လဲ (သုညမရေးမိ လို့ပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ မျက်ရေမကျချင်ဘူး၊ ရင်မထု ချင်ဘူး၊ မြေမလူးချင်ဘူးဆိုရင်၊ သုည ရေးနိုင်အောင်လုပ်ပါ (မှန်ပါဘုရား) ဒါဖြင့် သုညရေးရတဲ့ဥစ္စာသည်၊ သောက ပရိ ဒေဝ၊ ဒုက္ခ၊ ဒေါမနဿ ဦးခင်မောင် မကောင်းဘူးလား (ကောင်း ပါတယ်ဘုရား) ဘာပြုလို့ မရေးချင်ရတုံး၊ သည်ဥစ္စာတွေ ရှိချင်လို့ မရေးရတာလားလို့မေးရမယ် (တင်ပါ့)မမေးထိုက် ဘူးလား(မေးထိုက်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ယနေ့ကစပြီး ဂဏန်း ရေးတတ် ပလား (ရေးတတ်ပါပြီဘုရား) မိမိ ခန္ဓာကိုယ်ပေါ် ဘာရေး မတုံး(သုညပါဘုရား) သားသမီးတွေအပေါ်·(သုညပါဘုရား) သုညရေး၊ ခန္ဓာကိုယ်ပေါ်မှာ ငါထင်တာဟုတ်လား၊ တစ်လဲ မရေးနှင့်၊ သား သမီး တွေကို ငါ့ဥစ္စာဆိုတဲ့ နှစ်လဲ မရေးနဲ့ ပစ္စည်းဥစ္စာတွေပေါ်မျှ ဘာရေးကြမလဲ(သုညပါဘုရား)။

အဲသည် သုညရေးထားတော့ သားသမီးတွေက ဖေါက်ပြန် ပျက်စီးလဲ ခင်ဗျားတို့က မျက်ရေကြီးငယ် ကြဘို့မရှိဘူး ပစ္စည်းကချို့ယွင်းချက်ရှိသွားပြန်ရင်ကော (မျက်ရေကြီးငယ် ကျဘို့မရှိပါဘုရား) ဘာရေးထားလို့လဲ (သုညရေးထားလို့ ပါဘုရား) ဒါဖြင့် မျက်ရေတိတ်တဲ့ တရားသည်၊ ဘာရေးနိုင်မှ တိတ်မလဲ(သုညရေးနိုင်မှ တိတ်မယ်ဘုရား) ဒါဖြင့် ဘုန်းကြီး တို့ ဒကာဒကာမတွေ မ ရေး ရဲ ဘူး လို့ ခတ်ခံခံနေလျှင်ဖြင့် မျက်ရေနှင့် ကြေနပ်လို့ပေါ့ (မှန်ပါဘုရား) မဆိုထိုက်ဘူးလား ဆိုထိုက်သလား ( ဆိုထိုက်ပါတယ် ဘုရား ) ဒကာ ဒကာမတို့ သဘောကျပလား (ကျပါဘုရား)။

ဒါဖြင့် သည်ဥစ္စာ အင်မတန် အရေးကြီးတဲ့ တရားနော် (မှန်ပါ) ဦးလှ ဘယ့်နှယ်နေတုံး၊(အရေးကြီးပါတယ်ဘုရား) ဘယ့်နှယ်ကြောင့် သည်ဒလာက် အ ရေး ကြီး ပါ သတုံးလို့ မေးတဲ့အခါကြလို့ရှိရင် သုညမရေးမိလို့တဲ့(မှန်ပါ) သုညရေး လျှင် မျက်ရေမကျရဘူး.... အဲသည်တော့ မျက်ရေကျရတဲ့ လူ အပေါင်းဟာ ဘာရေးမိလို့တုံး၊တစ်နဲ့နှစ်ရေးမိလို့၊သဘော ကျပလား၊ မျက်ရေကျရတဲ့ လူအပေါင်းဟာ ဘယ်လိုကြောင့် ပါလိမ့်(တစ်နဲ့နှစ်ရေးမိလို့ပါဘုရား) သုညရေးလျှင်....(မကျ ပါဘုရား)။

ဪ.... ခင်ဗျားတို့ နဂိုရ်က ဂဏန်းအခေါ် လဲ့နေတယ် မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား) ခန္ဓာကိုယ်တော့ ငါ ကိုယ်နှင့်ပတ်သက်လို့ မွေးဖွားပြီးရှာထားတဲ့ ပစ္စည်းတွေတော့

(ငါ့ဥစ္စာ) ပြောဒ်....နဂိုရ်ကိုက ခင်ဗျားတို့က ငိုစပြုချင်တဲ့ဇာတ် ခင်းတာနေဒ် ဘုန်းကြီးက ဟောလိုက်တယ်၊ ဘုရားက ဟော လိုက်တယ်ဟော့၊ ငါဆိုတဲ့ တစ်လဲမရေးပါနှင့်၊ ခန္ဓာ ငါးပါး အပေါ်၌၊ ပစ္စည်းအပေါ်၌ ငါ့ဥစ္စာလို့ဆိုတဲ့ နှစ်လဲ မရေးပါ နှင့်တဲ့၊ တစ်ဆိုတာလဲ မရေးပါနှင့်၊ တစ်ဆိုဒါ ငါ (မှန်ပါ့) နှစ် ဆိုတာ ငါ့ဥစ္စာ၊ အဲသည် တစ်နှစ် အစွဲကိုဖြုတ်ပါ သဘော ကျပလား ဒကာဒကာမတို့ ဘာဖြုတ်ရမလဲ (တစ်နှစ်ဖြုတ်ရ မယ်)ငါကဘယ်သူ့အပေါ်မှာ ဖြုတ်ရမှာတုံး (ကိုယ့်အပေါ် မှာပါဘုရား)။

ခန္ဓာအပေါ်မှာ ဟုတ်လား၊ သားသမီးနှင့် ပစ္စည်းအပေါ် မှာတော့ ဘာဖြုတ်ရမလဲ(ငါ့ဥစ္စာပါဘုရား)အေး ငါလဲဖြုတ် ငါ့ဥစ္စာလဲဖြုတ် ဟုတ်လား စင်စစ်ကတော့ ခင်ဗျားတို့က မဖြုတ်လဲ၊ သူကတော့ဖြုတ်နေတာဘဲနေဒ်(မှန်ပါ့)သူကတော့ သူ့သဘောအတိုင်း အနဖ္ဖချည်း မပြဘူးလား၊ (ပြပါတယ် ဘုရား) ပြပြီးသကာလနေတော့ ပြောဒ်.... နဂိုရ်ကတည်းက ငါ ငါ့ဥစ္စာနှင့် မဆိုင်ပါလား ဟုတ်လား၊ ငါ ငါ့ဥစ္စာမှ ဆိတ်သုဉ်း ပါလားဆိုတဲ့ သု ည ချ ည်း ရေး ပါ၊ ရှင်းပါလား (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် မိမိခန္ဓာကိုယ်ပေါ်လဲ ငါဆိုတဲ့ တစ်မစွဲလိုက်ပါနှင့် (တင်ပါ့) မိမိရှာထားတဲ့ပစ္စည်း၊ မိမိမွေးဖွါးထားတဲ့ သား သမီး တွေ အပေါ်၌လဲ ငါ့ဥစ္စာလို့ မထင်လိုက်ပါနှင့်(တင်ပါ့) ငါ ငါ့ဥစ္စာမှ ဆိတ်သုဉ်းတယ်၊ ဆိတ်သုဉ်းတယ်ဆိုတာ သုညဘဲ

သဘောကျပလား(မှန်ပါ)ဒါဖြင့် ဒကာဒကာမတို့၊ ဟိုအိမ်မှာ ကြည့်လိုက်လို့ရှိရင်လဲ တော်တော်ကြာ ငိုပွဲဆင်၊ သည်ဘက် အိမ် ကြည့်လိုက်ပြန်ရင်လဲ တော်တော်ကြာ ဘယ်သူဘာပြုလို့ တဲ့ ငိုပွဲဆင်၊ သည်ငိုပွဲဟာ ဘယ်ကလာတုံးဆိုတော့ ဂဏန်း ရေးမှားလို့လာတာ ဦးလှ ဘယ်က လာတာလဲ (ဂဏန်းရေး မှားလို့ပါဘုရား)။

ဂဏန်းရေးမှားလို့ ဘယ်လို ရေးမိကြတုံး(တစ်-နှစ်ရေးပါ တယ်ဘုရား)။ တစ် နှစ် ရေးတယ်၊ တစ်ဆိုတာလဲ ငါ၊ နှစ်ဆို တာက ငါ့ဥစ္စာ၊ဩော်- ခက်လိုက်တာ ခင်ဗျားတို့က အင်မတန် ခက်တဲ့လူတွေဘဲ၊ ကံ စိတ်-ဥတု အဟာရကြောင့်ဖြစ်တဲ့ အာရုံ ဒွါရကြောင့်ဖြစ်တဲ့ ကံ စိတ် ဥတု အဟာရကြောင့် ရုပ်ဖြစ်တယ် အာရုံဒွါရကြောင့် နာမ်ဖြစ်တယ် ဟုတ်လား၊ အဲသည် နာမ် ရုပ်တွေသည် ကိုယ်လုပ်ထားတာမဟုတ်ဘဲနှင့် ကိုယ်ဘဲ၊ ကိုယ့် ဥစ္စာဘဲလို့ ခင်ဗျားတို့က အရမ်း လုပ်ထားလို့.... အရမ်းငိုပွဲ နွှဲရတာ(မှန်ပါ) နို့မို့နွှဲရပါ့မလား (မနွှဲရပါဘူးဘုရား) အဲဒါ ဦးချစ်ခ ကြေနပ်လား(ကြေနပ်ပါဘုရား)။

ဘာစွဲမှားတုံးလို့ ဒကာဒကာမတွေ ရိပ်မိကြပလား၊ သုည သာစွဲ သုညသာ မှတ်ထား၊ ခန္ဓာငါးပါး အပေါ်၌လဲ သုည သာစွဲ၊ သားသမီးနှင့် ပစ္စည်းအပေါ်မှာကော (သုညပါဘုရား) သုညဘဲတဲ့၊ ငါ ငါ့ဥစ္စာအဖြစ်မှ ဆိတ်သုဉ်းတဲ့ သုညချည်းမှတ် အဲသည် သုညဟာ၊ တခြားသုည မဟုတ်ပါဘူးတဲ့၊ ဉာဏ်သုည ပါ၊ ရှင်းပလား (မှန်လှပါ) ဘာသုညတုံး (ဉာဏ်သုညပါ ဘုရား)။

ဉာဏ်သုညတဲ့ သုညစွဲနိုင်တဲ့ဉာဏ်ရှိတယ် ခင်ဗျားတို့ သဘောကျပလား (တင်ပါ) ဒါဖြင့် ဘုရားသခင် ကိုယ်တော် မြတ်ကြီးက သုညမှ မင်းတို့ နိဗ္ဗာန်ရောက်မယ်တဲ့၊ ဒါဖြင့် ဒကာဒကာမတို့ ခန္ဓာငါးပါးအပေါ်မှာ.... တစ် ဆိုတာကော စွဲထိုက်မစွဲထိုက်(မစွဲထိုက်ပါဘုရား) ဘာပြုလို့မစွဲထိုက်သတုံး မေးတော့၊ သည်အကြောင်း သည်ရုပ်နာမ်ဓမ္မတွေ ဟုတ်လား ငါလုပ်ထားတာကော ဟုတ်ကဲ့လားတဲ့ (မဟုတ်ပါဘုရား)။

ဒါဖြင့် ငါဟုတ်ပါမလား (မဟုတ်ပါဘုရား) ငါမဟုတ် လို့ရှိလျှင် တစ်လဲမစွဲပါနှင့်၊ ငါလုပ်ထားတဲ့ ပစ္စည်းဖြစ်ခဲ့လို့ ရှိရင် ငါ့ဥစ္စာလို့စွဲရရဲ့ သူ့အကြောင်းနှင့်သူ တိုက်ဆိုင်လို့ ပေါ်လာတာတွေ သဘောကျပလား(မှန်ပါ့)ဒါဖြင့် သူတပါး လုပ်ထားလို့လဲ ငါ့ဥစ္စာလို့ မစွဲလိုက်ပါနှင့် သဘောကျပလား (မှန်ပါ) ရုပ်နာမ်ဓမ္မတွေမို့ ငါလို့လဲ မထင်လိုက်ပါနှင့်၊ ရုပ်နာမ်ဓမ္မတွေကို၊ သူတပါးလုပ်ထားတဲ့အတွက် ငါ့ဥစ္စာလို့ လဲ မဆိုလိုက်ပါနှင့် ရှင်းပလား (တင်ပါ့)။

ရုပ်နာမ် ဓမ္မတွေမို့ ဘာတုံး ငါလဲ မစွဲပါနှင့်၊ ငါ့ဥစ္စာလဲ မစွဲပါနှင့်၊ ရုပ်နာမ်ဓမ္မတွေဟာ ရုပ်မှာ အကြောင်း လေးပါး နာမ်မှာ အကြောင်းနှစ်ပါးဆိုသလို လုပ်ထားလို့ သူများ ပြု ပြင်ထားခြင်းကြောင့် ငါ့ဥစ္စာလို့လဲ ခင်ဗျားတို့က ရမ်းမစွဲ လိုက်ပါနဲ့၊ ငါ ငါ့ဥစ္စာ လုံးဝ မဟုတ်ပါဘူးဆိုတဲ့ သုညသာ ခင်ဗျားတို့က မှတ်ထားလိုက်ပါ ရှင်းပလား(တင်ပါ့)ဘယ်လို မှတ်ကြမလဲ (သုညပါဘုရား)။

ငါ ငါ့ဥစ္စာမဟုတ်တဲ့သညာ၊ ငါ ငါ့ဥစ္စာမဟုတ်တဲ့သညာရေး ဖြစ်အောင်ရေးပါ၊ အခုအချိန်ကစရေး၊ဒကာဒကာမတွေနော် ကိုယ့်ကိုယ်ပေါ်မှာ ဘာရေးကြမယ် (သညာပါဘုရား)။

ကိုယ်နှင့်ပတ်သက်တဲ့ ပစ္စည်းဥစ္စာ ရတနာ ရွှေငွေ၊ဆွေမျိုး ညာတကာ အပေါ်မှာ ဘာရေးကြမယ် (သညာပါဘုရား) အဲ အကုန်နှစ်ခုစလုံးကိုသညာရေးပါ၊ နို့မို့လို့ရှိလျှင် ကိုယ့်ကိုယ် က-တစ်၊ ကိုယ်နဲ့ပတ်သက်တာက နှစ်သာရေးနေမယ်ဆိုလို့ ရှိလျှင် သညာ မလာတော့ဘူး လာပါအုံးမလား (မလာပါ ဘုရား) မလာလို့ရှိလျှင်၊ သညာ မလာလို့ရှိလျှင် ခင်ဗျားတို့ မှတ်ခဲ့တဲ့တစ်၊ ခင်ဗျားတို့မှတ်ခဲ့တဲ့နှစ်သည် အနိစ္စတွေ၊ဒုက္ခတွေ အနတ္တတွေလို့ မဆိုထိုက်ဘူးလား ဆိုထိုက်သလား (ဆိုထိုက် ပါဘုရား)။

အဲဒါ သူတို့က သူတို့ သဘော စွန့်သလား၊ မစွန့်ဘူးလား (မစွန့်ပါဘုရား) အနိစ္စက (အနိစ္စ သဘော ပြမယ်) ဒုက္ခက ကော....(ဒုက္ခသဘောပြမယ်ဘုရား) အနတ္တကော (အနတ္တ သဘောပြမယ်ဘုရား) အဲဒီလို ပြတဲ့အခါကြတော့ ခင်ဗျားတို့ က သူတို့ဟာသူတို့သဘောပြလေလေ၊ ခင်ဗျားတို့က ရင်ထု လေလေဆိုတော့ အတော်ခဲယဉ်းတယ်၊ (မှန်လှပါ)မခဲယဉ်း ဘူးလား(ခဲယဉ်းပါဘုရား)။

သူတို့က သူတို့သဘောပြတာ(မှန်ပါ)ခင်ဗျားတို့ရင်ထုစေ ချင်လို့ ပြတာလား၊ ကျုပ်တို့ သဘောက၊ သည်လိုဘဲ ပြ တာလား ( ကျုပ်တို့ သဘောက ဒီလိုဘဲပြတာပါ ) ကျုပ်တို့

သဘောက ဒီလိုဘဲလို့ပြောတာနဲ့၊ ခင်ဗျားတို့ဟာက ရင်ထု ရတယ်၊ မျက်ရည်ကျရတယ်၊ ဖြစ်မှဖြစ်ရလေချင်း၊ ကိုယ်ကျိုး ကြီး နဲ့ပေါ့ အစရှိသည်၊လက်မောင်းကြီးပြုတ်လို့၊တောင်ကြီး ပြိုပေါ့နဲ့၊ ရှုပ်နေတာဘဲ မရှုပ်ဘူးလား ရှုပ်သလား (ရှုပ်ပါ တယ်ဘုရား)။

ဒါဘာစွဲထားလို့တုံးနဂိုရိုက(တစ်နဲ့နှစ်ပါဘုရား)တစ်နဲ့ နှစ်စွဲထားလို့၊ ဂဏန်းကိုက အရေးသွဲ့နေတယ်၊ ငါ ငါ့ဥစ္စာ ငါကတစ်၊ ငါ့ဥစ္စာကနှစ်၊ စွဲထားတဲ့အတွက် ဒါဖြင့် အားလုံး ဒကာဒကာမတွေ ငိုပွဲဆင်တဲ့ ဒကာ ဒကာမတွေ အကြောင်း ကောင်း ကောင်း သိပလား (မှန်ပါ့) ဘယ်လို သိကြပါလိမ့် (တစ်နဲ့နှစ်စွဲထားလို့ပါဘုရား)

မိမိခန္ဓာတော့ဘာတဲ့ (တစ်ပါဘုရား)တစ်ဆိုတဲ့ငါ၊ မိမိနဲ့ ပတ် သက် တာ တွေကြတော့ (နှစ်ပါဘုရား) နှစ်ဆိုတဲ့ငါ့ဥစ္စာ စွဲထားတော့ ခင်ဗျားတို့က စွဲချင်လို့သာ စွဲတာ၊ သူတို့က အစွဲခံလို့စွဲတာလား ခင်ဗျားတို့ကဘဲ မစွဲမနေနိုင်လို့ စွဲပြီး နေတာလားလို့ မေးလျှင် ဘယ့်နှယ်ဖြေကြမယ် (မစွဲမနေ နိုင်လို့ စွဲပြီးနေတာပါဘုရား)။

ဖြစ်မှဖြစ်ရလေဗျာ ဓမ္မကာ၊ ခင်ဗျားတို့ကစွဲလို့၊ သူကလိုက် ပါ့မယ်လို့ တာဝန်ယူသလား မေးတယ် (မယူပါဘုရား) တာဝန်မယူတော့ သူ့သဘောသူ မပြပေဘူးလား(ပြပါတယ် ဘုရား) ပုတ်တတ်တဲ့အမျိုးမို့ပုတ်တယ်၊ကြေတတ်တဲ့အမျိုးမို့ ကြေတယ် ပျောက်တတ်တဲ့အမျိုးမို့ ပျောက်တယ်၊ ဒကာ ဒကာမတွေ နိုပ်မိပလား(တင်ပါ)။

အဲဒါခင်ဗျားတို့က ဖြစ်မှုဖြစ်ရလေခြင်း၊ ဖြစ်မှုဖြစ်ရလေခြင်းဆိုတော့ နဂိုရ်ဂဏန်းအစွဲလွဲလို့ ဖြစ်မှုဖြစ်ရလေခြင်းလာတာ(မှန်ပါဘုရား) ဂဏန်းအစွဲလွဲလို့နော်(မှန်ပါ) ဂဏန်းအစွဲမလွဲလျှင် ဖြစ်မှုဖြစ်ရလေခြင်း လာပါ့မလား (မလာပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့အတတ်နဲ့ ခင်ဗျားတို့စူးတာ ရိပ်မိပလား ဘယ့်သူ့အတတ်နဲ့ (ကိုယ့်အတတ်နဲ့ကိုယ်စူးပါဘုရား) တစ် မရေးထိုက်တာရေး၊ နှစ် မရေးထိုက်တာရေး (မှန်ပါ)ရေးရမှာကသုည(မှန်ပါ)။

ရေးရမှာက သုည၊ တစ်သွားရေး(မှန်ပါ)ပြီးတော့ ဘာရေးပြန်တုံး(နှစ်ပါဘုရား) အဲဒီတော့ ကိုယ့်အတတ်နဲ့ကိုယ်စူးပြီး၊ ဂျွမ်းထိုးပြီး သေကြတာဘဲ၊ မျက်ရည်ကျတာဘဲ၊ရိပ်မိပလား (ရိပ်မိပါပြီဘုရား) ဒါဖြင့် သုဿန်များ၊ တယောက်ပျက်စီးလို့၊ ဝိုင်းပြီးသကာလ၊ ကျီးလိုအာပြီး ငိုကြ၊ ယိုကြ၊ ဟုတ်လား၊ ရင်ထု၊ မြေလူး၊ အနှိပ်သည်တွေနဲ့။ နေကြရတာတွေ၊ ကိုထွန်းဦး သနားစရာလား၊ မသနားစရာလား (မသနားစရာပါဘုရား)

ဘာပြုလို့မသနားစရာလဲ၊ သူ့အတတ်နဲ့သူစူးတာ၊ ဘာဖြစ်ဖြစ်ကွာ(မှန်ပါ) ဒီလိုထားသင့် မထားသင့်(ထားသင့်ပါတယ်ဘုရား) ထားရပါ့မလား ခင်ဗျားတို့၊ တစ် နှစ်ထဲကဘဲနေမှာဘဲ၊ ခင်ဗျားတို့ကို သုညမရေးနိုင်လို့ဖြစ်ရတာ(မှန်ပါ) သဘောကျပလား(မှန်ပါ) ကြည့်နေရက်သလားလို့ မေးလိုက်လျှင် ခင်ဗျားတို့ကလဲ ထပြီး ကဗျာကရာ ပျာကြမှာဘဲ မပျာပေဘူးလား (ပျာပါ့ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ကော သုညရေးဘဲ့အထဲပါရဲ့လား(မပါပါဘုရား) ဘယ်အထဲကလဲ (တစ်နှစ်ထဲကပါဘုရား) တစ်နှစ်ထဲဖြစ်လျှင်၊အိမ်ရှေ့ပူ၊အိမ်နောက်မချမ်းသာဆိုတာ ကူးမှာဘဲ မကူးပေဘူးလား(ကူးမှာပါဘုရား) ကူးမှာဘဲတဲ့၊ အဲဒီတော့ ခင်ဗျားတို့သည်၊ အမွေခံလှဲပြီးသကာလ နေပြီလို့ မဆိုထိုက်ဘူးလား (ဆိုထိုက်ပါဘုရား)။

ဟင် ဆိုထိုက်ပါတယ်၊ ဟိုကအပူရတာ၊ ခင်ဗျားတို့က အပူခံနေတယ်၊ မခံဘူးလား (ခံပါတယ်ဘုရား) အဲဒါဖြင့်၊ ဒကာဒကာမတို့ အဲဒီအပူစွဲ စွဲရတာသည်၊ နဂိုရ်က အမှတ်လွဲနဲ့ ဂဏန်းရေး လွဲလို့ ဖြစ်ရခြင်းဆိုတာ၊ ယနေ့ ရိပ်မိကြပလား (ရိပ်မိပါဘုရား) ခင်ဗျားတို့ ဘယ်လို ဂဏန်းစွဲထားတုံး (တစ်နဲ့နှစ်ပါဘုရား) မိမိခန္ဓာတော့ ဘာတဲ့တုံး... (တစ်ပါဘုရား) တစ်ဆိုတဲ့ငါ စွဲထားတယ်၊ ရှင်းကြပလား (ရှင်းပါပြီဘုရား)။ ,

မိမိပိုင်ထားတဲ့ ပစ္စည်းနဲ့၊ သားသမီးအခြေအရံတွေကျတော့၊ နှစ်စွဲတယ်၊ နှစ်ဆိုတဲ့ငါ့ဥစ္စာစွဲတယ်၊ ဟုတ်ကော ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဘုရား) စဉ်းစားကြည့်ပါတဲ့ ဒီတစ်ကလဲ ကံ·စိတ် ဥတု-အဟာရ တည်းဟူသော၊အကြောင်းတရား လေးပါးကြောင့် ဖြစ်တယ်၊ သဘောကျပလား (တင်ပါး)၊ နှစ်ကလဲ့ ထို့အတူဘဲ အကြောင်းတရား လေးပါးနဲ့ ဆက်သွယ်ပြီးနေတော့ ကိုယ့်ထူနန်းဦး ကင်းရဲ့လား (မကင်းပါဘုရား) ဒါဖြင့်တစ်ဟာလဲ၊ သူများလုပ်တာ (မှန်ပါ)နှစ်ဟာ ကော (သူမျှားလုပ်တာပါဘုရား)။

သူများ လုပ်ထားတာ ခင်ဗျားတို့က၊ ပိုင်နက် ကြူးလွန်နေတယ်လို့ မဆိုသင့်ဘူးလား၊ သင့်သလား (သင့်ပါတယ် ဘုရား) သူများပစ္စည်းကို ခင်ဗျားတို့က ဟောဒီပစ္စည်းဟာ ကျုပ်၊ ကျုပ်နဲ့၊ ကျုပ်ဥစ္စာဘဲလို့ စွဲချက်တင်တော့၊ ခင်ဗျားတို့က၊ ဒီဥစ္စာ၊ လမ်းစလွဲတာ (မှန်ပါ့) ဦးဘအုံး စီရင်ချက်ချလျှင် ဘယ့်နှယ် စီရင်ချက် ချရမှာတုံး ဒီအတိုင်း ချရမှာဘဲ မိမိကမှားသလား၊ ငိုတဲ့လူက မှားသလား၊ (ငိုတဲ့လူကမှားပါတယ်ဘုရား)။

ဘာပြုလို့ ငိုတဲ့လူကမှားရတုံး၊ သူများလုပ်ထားတာကို ငါ့- ငါ့ဥစ္စာထင်တယ်၊ မဆိုနိုင်ဘူးလား(ဆိုနိုင်ပါတယ်ဘုရား) ဒါဖြင့် ဒကာဒကာမတွေ....ဘဝများစွာသံသရာမှာ၊ မျက်ရည်ကြီးငယ်ကျရတာ၊ သမုဒ္ဒရာလေးစင်းရေထက် များသေးတယ်ဆိုတာ၊ တစ်နဲ့နှစ်ချည်း ရေးနေလို့ဘဲ၊ မရေးဘူးလား၊ ရေးသလား (ရေးပါတယ်ဘုရား) ဘာရေးသလဲဗျ၊ (တစ်နဲ့နှစ် ရေးပါတယ်ဘုရား)။

တစ်နဲ့ နှစ်ဆိုတာ၊ ငါ, ငါ့ဥစ္စာပေါ့ဗျာ (မှန်ပါ့) အဲဒီ တစ်နဲ့နှစ်, ရေးနေသ၍ ကာလပါတ်လုံးဖြင့် ခင်ဗျားတို့မျက်ရည်တွေ သမုဒ္ဒရာလေးစင်းမကဘူး၊နောက်ရှစ်စင်းလဲလာအုံးမှာဘဲ၊ မလာပေဘူးလား (လာပါတယ်ဘုရား)ဘာပြုလို့တုံး ဂဏန်းတတ်လွဲလို့ ဂဏန်းရေးလွဲလို့ ဦးခင်မောင် မဆိုထိုက်ဘူးလား ( ဆိုထိုက်ပါတယ်ဘုရား ) အဲဒါ ကောင်း ကောင်း သဘောကျပလား (ကျပါတယ်ဘုရား)

တစ်နှစ်စွဲတာ ဘယ်သူလွဲတာတုံး (ကိုယ်လွဲတာပါဘုရား) ကိုယ်လွဲလို့ရှိလျှင်ဖြင့် ကိုယ်သာဖြစ်ရမယ်ဆိုတဲ့ အကျိုးကောသိပလား(သိပါတယ်ဘုရား)ကိုယ်ဘဲ ငိုရ၊ သောက၊ ပရိဒေဝဒုက္ခ၊ ဒေါမနဿ၊ လာရမှာလား၊ မလာရဘူးလား (လာရမှာပါဘုရား)

ဒါဖြင့် ဒကာဒကာမတို့....ဒီအလွဲဟာ ယခုဆရာ ဘုန်းကြီးနဲ့တွေ့တဲ့ အခါကျတော့ တည့်ပေးလိုက်ပြီ၊ ဟော့.... တစ်သွားမလုပ်နဲ့နော်၊ တစ်ဆိုတဲ့ဂဏန်း သွားမစွဲနဲ့၊ ငါးဆိုတဲ့ ဥစ္စာတစ်၊ငါးဥစ္စာဆိုတဲ့ ပစ္စည်းဥစ္စာ ရတနာနှင့်တကွ၊ ဆွေမျိုးပရိသတ်တွေကိုလဲ ငါ့ဥစ္စာလို့ မစွဲလိုက်နဲ့၊ (မှန်ပါ) စွဲလိုက်လို့ရှိလျှင်ဖြင့် မင်းတို့သည် ငိုပွဲနဲ့တွေ့ရလိမ့်မယ်၊ မတွေ့နိုင်ဘူးလား (တွေ့နိုင်ပါတယ်ဘုရား)။

မစွဲနဲ့၊ မစွဲလို့ရှိလျှင် ဘယ်လို ရေးမတုံး၊ သုသလို့ မှတ်ထားလေ၊ ဘာမှမဆိုင်ဘူး၊ တစ်လဲမဟုတ်ဘူး၊ နှစ်လဲမဟုတ်ဘူး၊ သုညသက်သက်ဘဲ၊ ငါ ငါ့ဥစ္စာမှု၊ ဆိတ်သုဉ်းတာဘဲလို့မှတ်လိုက်(မှန်ပါ) ဘယ်လိုမှတ်ကြမလဲ၊ (ငါ ငါ့ဥစ္စာမှု ဆိတ်သုဉ်းပါတယ်ဘုရား) ငါ-ငါ့ဥစ္စာမှု ဆိတ်သုဉ်းတာ၊ ဘုရားက သုညလို့ မပြောဘူးလား (မှန်ပါ) ကိုင်း....ဘုရား သုညကတော့ အဘိုးတန်သုံးတာဗျ၊ ရိပ်မိပလား(မှန်ပါ) ခင်ဗျားတို့လောကသုံးကတော့ ဘိုးသုည၊ ဆိုတာတော့ ပညာမတတ်တဲ့သူကိုသုံးတာ၊ ဘုရားကသုညသိပ်ကြိုက်တာဘဲ၊ ဒကာဒကာမတွေ ဘုရားကဘာကြိုက်သတုံး....(သုညပါဘုရား)။

သုညကြိုက်တယ် ခင်ဗျားတို့ကတော့ ဘိုးသုညဆိုလျှင် ဘိုးသုညဆိုလျှင် သိပ်နာတာဘဲ၊ မနာဘူးလား နာသလား (နာပါတယ်ဘုရား) နာတယ်တဲ့ ဘုရားကတော့ဖြင့်၊ ဒီခန္ဓာ ငါးပါး ရုပ်နာမ်တရားအပေါ်၌ သုညရေးနိုင်တဲ့ ပုဂ္ဂိုလ်ကို အလွန် ခြီး မွမ်း တယ်၊ မခြီး မွမ်း ဘူးလား (ခြီးမွမ်းပါတယ် ဘုရား) ငါ၊ ငါ့ဥစ္စာမဟုတ်ကြောင်း ကောင်း ကောင်း သိပြီ မျက်ရည် ကြီးငယ်၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ တွေ မလာဘူး၊ အလုံးစုံမှ အကုန်လွတ်ပြီ၊ ဒုက္ခ၊ ဒေါမနဿ တွေ ချုပ် ရာ၊ နိ ဗ္ဗာ န် မျက် မှောက် ပြု မယ်၊ သဘောကျပလား (မှန်ပါ့ဘုရား)။

သုညရေးနိုင်တဲ့ ပုဂ္ဂိုလ်က၊ သောက၊ ပရိဒေဝ ချုပ်ရာ၊ နိဗ္ဗာန်မျက်မှောက်ပြုမယ်၊နိဗ္ဗာန်ကိုရမယ်ဆိုဒါဘဲ၊ (မှန်လှပါ) သုည မရေး နိုင်တဲ့ ပုဂ္ဂိုလ်က၊ မျက်ရည် ကျမယ်၊ ရှင်းပလား (မှန်လှပါ) သုညမရေးနိုင်တဲ့ ပုဂ္ဂိုလ်က မျက်ရည်နဲ့၊ အပါယ် လေးပါးပေါ့ဗျ၊ သုညရေးနိုင်တဲ့ ပုဂ္ဂိုလ်က မျက်ရည်သိမ်း၍ နိဗ္ဗာန်ရောက်မယ်(တင်ပါ့) ကိုင်း ဘယ်ဟာ ကြိုက်ကြတုံး... (နိဗ္ဗာန်ရောက်တာပါဘုရား)။

နိဗ္ဗာန်ရောက်တာ ကြိုက်ကြတယ်တဲ့၊ ကြိုက်ပင်ကြိုက်ငြား ဇသော်လည်း၊ ရေးရမယ်ဆိုတော့ ခင်ဗျားတို့က၊ သုညလေး ရေးရတော့မယ်ဆိုလို့ရှိလျှင်၊ လက်ကိုတုန်နေတယ် မဖြစ်ဘူး ဟင် အထွေးဆုံးလေးကို သုညရေးစမ်းပါဆိုတော့ ဘယ့်နှယ် ဆိုကြမလဲ (လက်တုန်ပါတယ်ဘုရား)။

အထွေးဆုံးကလေး သုညရေးစမ်းပါဆိုတော့ ဦးလှ အခက်ဆုံးနေလိမ့်မယ်၊ ရိပ်မိကြပလား (ရိပ်မိပါတယ်ဘုရား) ဒီလိုလူ ချည့် ပါဘဲ၊ ဦးချစ်ခရဲ့ (မှန်ပါ့) သုညရေးဘို့ရာ အတော်ခက်နေတယ်၊ ဒါဖြင့် ငါလဲ မဟုတ်ဘူး၊ ငါ့ဥစ္စာလဲ မဟုတ်ဘူးကွ၊ သက်သက် ဟုတ်လား၊ သူ့ဟာသူ ..ကောင် ကြွက်၊ ဥတုလုံးလေး၊ သူဖြစ်ချင်သလို ဖြစ်နေတာလေး (မှန်ပါ့) ဒီလိုမပြောကြပါနဲ့ ဟုတ်လား(မှန်ပါ)၊ သူ့ ..ိုးနဲ့ ဘွားနဲ့ပါ လာချင်လာအုံးမှာကိုကွ၊ ရေးနေကြမို့၊ ဒါအမြဲ ရေးထားတာ(တင်ပါး) ရိပ်မိပလား(ရိပ်မိပါဘုရား)။

ခင်ပွန်းလုပ်တဲ့ ပုဂ္ဂိုလ်ကလဲ ငါ့ဇနီးကို ငါ့ဥစ္စာ၊ ဇနီးကလဲ ထို့အတူဘဲ၊ ကိုယ့်ကိုယ်ကို ငါ၊ ခင်ပွန်းသည်ကိုတော့ ငါ့ဥစ္စာ ဆိုတော့ ခင်ဗျားတို့ ဥစ္စာက ဂဏန်းရေးတာ၊ တယောက် အပေါ်မှာတယောက် လွဲနေတာ၊မလွဲကြဘူးလား(လွဲပါတယ် ဘုရား) လွဲနေတော့ ဒီဥစ္စာသည် ဇနီးကလဲ ရုပ်နာမ်အနိစ္စ၊ ခင်ပွန်းကတော့(ရုပ်နာမ်အနိစ္စပါဘုရား) မပြဘဲ နေမှာလား ပြမှာလား(ပြမှာပါဘုရား) ပြတဲ့အခါကျတော့ ငါ ငါ့ဥစ္စာ လုပ်ထားတဲ့ ပုဂ္ဂိုလ် တဦး တယောက် သည်၊ ငါ့ဥစ္စာ ပျက်လဲ မျက်ရည်ကျမယ်၊ငါပျက်ကော(မျက်ရည်ကျမှာပါဘုရား)။

အဲ မျက်ရည်ကျတော့ကို တစ်နဲ့နှစ်စွဲထားတာကို၊ စော စောစီးစီးက အတော်ဆိုးမနေဘူးလား (အတော်ဆိုးနေပါ တယ်ဘုရား) ဒါဖြင့် နောက် ဂဏန်း ရေး တတ် ကြ ပ လား ( ရေးတတ်ပါတယ်ဘုရား )

မိမိခန္ဓာပေါ်မှာ ဘာရေးမတုံး....(သုညပါဘုရား) မိမိနဲ့ ပတ်သက်တဲ့ ပစ္စည်းတွေ အပေါ်မှာကော (သုညပါဘုရား) သုညရေးတဲ့ အခါကြတော့ ခြေဒ်.... ငါ- ငါ့ဥစ္စာမဟုတ်လို့ သုည ရေး ရတာကိုး ဆိုတာ သိပလား (သိပါပြီဘုရား)။

သိတော့ သူတို့က ငါ ငါ့ဥစ္စာမဟုတ်ကြောင်း ခဏခဏ ဖြစ် ပျက်အဖြစ်နဲ့ မပြဘူးလား ပြသလား (ပြပါတယ်ဘုရား) ပြတဲ့အခါကျတော့ ခြေဒ်....ကိုယ်ရေးထားတဲ့ အတိုင်း ကိုက် နေတာဘဲ၊ သဘောကျရဲ့လား (တင်ပါဘုရား) သူတို့ကလဲ သုည, ကိုယ်က သုည၊ သူတို့အပေါ်မှာ ထားခဲ့တယ်၊ သူတို့က တော့ သုညသဘောနဲ့ဘဲပြတယ်(မှန်ပါ) ငါ ငါ့ဥစ္စာမဟုတ် ပါဘူး၊ အနိစ္စမပြောဘူးလား (ပြောပါတယ်ဘုရား)။

ပြောတော့ သူတို့အပြောနဲ့ ကိုယ်မှတ် ထား တဲ့ သုညနဲ့ ကိုက်နေတယ်၊ ကိုက်မိတဲ့ အချိန်ကျလို့ရှိလျှင် အနတ္တဉာဏ် ကောင်း ကောင်း ပေါက် တယ်၊ မ ပေါက် ဘူး လား၊ ပေါက် သလား(ပေါက်ပါတယ်ဘုရား)

ဒါဖြင့်လျှင် ဒကာဒကာမတွေ ယနေ့ညမှာ၊ သမုဒယသစ္စာ မဟောခင် သမုဒယ သစ္စာသည် သက္ကာ ယ ဒိ ဋ္ဌိ ကြောင့် ဖြစ် တာကို ..(မှန်ပါ) အဲဒါကြောင့် ဒါလေး မှတ်ပြီး ပြောနေ တော့၊ ဘု ရား က၊ သု တ္တ နိ ပါ တ် ဠ တိ ဝုစ်၊ ပါဠိတော်၌ " သုညတော၊ လောကံ အဝေက္ခဿု " လောကံ မင်းတို့ ရုပ် နာမ်နှင့်တကွ၊အတွင်းပစ္စည်း အပြင်ပစ္စည်းတွေကို၊ သုညတော သုည ဆိုက် အောင်၊ အဝေက္ခဿု ရှုပေး၊ သုည လုပ်ပေးကွ၊

" သုညတော လောကံ အဝေက္ခဿု၊ မောဃရာဇ သဒါ သတော " သဒါ၊ သဒါသည် သတော သတိထား ပြီးသကာလ၊ သုညတော၊ သုညရေးနိုင်အောင်၊ အဝေက္ခဿု သေသေချာချာ ကြည့်ထား၊ မင်းတို့ ခန္ဓာငါးပါးမှ အပ သေ့သချာချာထားတဲ့ ပစ္စည်းတွေပေါ်ဗျာ၊(မှန်ပါ) အဲဒါ တွေကို ဘာရေးနိုင်အောင် ကြည့်ထားရမှာတုံး... (သုညရေး နိုင်အောင် ကြည့်ထားရပါမယ်ဘုရား)။

အဲ–သုညတော၊ လောကံ၊ အဝေက္ခဿု၊ လောကံ၊ မင်းတို့ ခန္ဓာငါးပါးနှင့် တကွ၊ မင်းတို့ရှာထားတဲ့ ပစ္စည်းဥစ္စာကို၊ သုညတော၊ သုညရေးနိုင်အောင်၊ အဝေက္ခဿု၊ ခုကတည်းက ကြည့်ထားကွ၊ ကြည့်ထားပါ (မှန်ပါ) အဲဒီလို ဆိုလို့ရှိလျှင် ဘာဖြစ်မတုံးလို့ " အတ္တာနုဒိဋ္ဌိ၊ ဉဟစ္စတဲ့ "၊ငါငါ့ဥစ္စာဆိုတာ နှုတ်ပြီးသား ဖြစ်သွားတယ်ကွ၊ သုညရေးနိုင်တယ် (မှန်ပါ) ပါဠိတော်ကိုကလာနေတယ်၊ရိပ်မိကြပလား(ရိပ်မိပါဘုရား)။

ငါ–ငါ့ဥစ္စာကို သုညရေးနိုင်တဲ့ ပုဂ္ဂိုလ်ဟာ၊ ငါ–ငါ့ဥစ္စာ နှုတ်ပြီးသား၊ ပယ်ပြီးသား ဖြစ်နေတယ်၊ သဘောကျပလား (တင်ပါ့) တစ်နဲ့နှစ်ဖြုတ်ပြီးသား ဖြစ်တယ်ကွ၊ (တင်ပါး) ဘာရေးမှာတုံး (သုညရေးနိုင်မှပါဘုရား)။

ဒါဖြင့် ကိုထွန်းဦးတို့ ဦးလုတို့၊သုညရေးနိုင်ဘို့ အရေးဟာ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ကိုယ်တိုင် ဟောတာ၊ ဘုန်းကြီးက တန်ဆာဆင် ဟောတာ မဟုတ်ဘူး၊ ရိပ်မိကြ ပလား ( ရိပ်မိပါပြီဘုရား )။

ခင်ဗျားတို့က တစ်နှစ်ဖြုတ်ပါ၊ တစ်-နှစ်ကြောင့် ဘုန်းကြီးက ဖြည့်စွက်ထားတာ၊ ခင်ဗျားတို့ တစ်နှစ်ရေးဆွဲလို့ ဒုက္ခရောက်နေတာ၊ ဘုရားက သုညရေးတာ ကြိုက်တယ် (မှန်ပါ) ခင်ဗျားတို့ ဘာတွေ ရေးဆွဲလေ့ရှိတုံး (တစ်-နှစ် ရေးဆွဲလေ့ရှိပါတယ်ဘုရား)။

တစ်-နှစ်ဆိုတဲ့ဂဏန်းကို ခင်ဗျားတို့ ရေးဆွဲလေ့ရှိတယ်၊ ဘုရားက ဘာကြိုက်တုံး (သုညကြိုက်ပါဘုရား) အဲ-ခန္ဓာ ငါးပါး ရုပ်နာမ်တရားကို ဘာတဲ့၊ တစ်-နှစ်မင်းတို့မရေးပါနဲ့ ဘာရေးရမတုံး.... (သုညရေးရမှာပါဘုရား)။

ငါ ငါ့ဥစ္စာ မဟုတ်ကြောင်းကို ရေးနိုင်အောင် ရေးပါ (တင်ပါး) ရေးနိုင်လျှင် ဘာဖြစ်မတုံး ဆိုတော့၊ ဟ၊ ရေးနိုင် လို့ရှိလျှင်ကွာတဲ့၊ သေမင်းနိုင်ငံနဲ့ လွတ်ပဟေ့တဲ့ (မှန်ပါ) ကိုင်း—ဦးခင်မောင် ဘာတဲ့တုံး....(သေမင်းနိုင်ငံနဲ့ လွတ်တယ် ဘုရား) အင်း၊ ရေးနိုင်လျှင် သေမင်းနိုင်ငံက လွတ်တယ်ဆို တော့ ဦးလှရေ ကျုပ်တို့ ဒီ သေမင်းနိုင်ငံ ဆိုတဲ့ ဥစ္စာက ခန္ဓာ့မာန်၊ မစ္စုမာန်ရှိတဲ့ ပုဂ္ဂိုလ်နယ်မှ၊ ခန္ဓာ့မာန်၊ မစ္စုမာန် သို့၏ လွတ်ရာ ကျွတ်ရာ ဖြစ်တဲ့၊ နိဗ္ဗာန်ကိုဆိုတာ (တင်ပါး) သဘောကျပလား (ကျပါပြီဘုရား)။

သုညရေးနိုင်လျှင် ဘာရမသဲ (နိဗ္ဗာန်ရမယ်) သုညရေးနိုင် လျှင် နိဗ္ဗာန် ရမယ်ဆိုဒါဖြင့် အထင်အရှား မဟောမပြော ဘူးလား (ဟောပြောပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့ ဆုတောင်းတာ၊ ဘာဆုတောင်းကြတုံး (နိဗ္ဗာန်) နိဗ္ဗာန် ဆုတောင်းတာ အသာထားပါအုံး၊နောက်မှ တောင်းပါ သူညအရင်ရေးပါ သဘောကျပလား၊(ကျပါပြီ) နိဗ္ဗာန် နောက်မှ တောင်းပါ၊ ဘာရေးဘို့ ရွှေ့ထားရမလဲ (သုညရေးဘို့ပါဘုရား)။

ဟုတ်လား.... အိမ်ကျရေးကြည့်စမ်း ၊ါ(မှန်ပါ)ငါ ငါ့ဥစ္စာ ငါ့ကိုယ်ဟာ၊ ငါလဲမဟုတ်ဘူး၊ သားတွေ၊ သမီးတွေ၊ ပစ္စည်း ဥစ္စာရတနာတွေကော၊ ငါ့ဥစ္စာလဲ မဟုတ်ဘူး၊ ဘာရေးမတုံး (သုညရေးရမယ်ဘုရား)။

ငါ ငါ့ဥစ္စာ မရှိဘူးလို့ သုညဘဲရေးကြည့် သဘောကျပလား၊ ငါလဲမရှိ ငါ့ဥစ္စာကောမရှိ ဘာသာလျှင် ရှိတုံးဆိုလို့ရှိလျှင် သုညသာရှိတယ်၊ငါ ငါ့ဥစ္စာမှ ဆိတ်သုဉ်းတာတွေသာရှိတယ် သဘောကျပလား (တင်ပါ) ဒီဘက်က ငါးပါးဟာ ဘာတုံးဗျာ (ဆိတ်သုဉ်းတာပါဘုရား)၊ ငါ ငါ့ဥစ္စာမှ ဆိတ်သုဉ်းတယ်၊ သုညဘဲရှိတယ်လို့ မဆိုထိုက်ဘူးလား ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား)

အဲဒါလေး ခင်ဗျားတို့က နေ့တိုင်းရေးလျှင် ကောင်းတယ် ကိုထွန်းဦး ရေးရဲပါ့မလား (ရေးရဲပါတယ်ဘုရား)ရေးရဲလျှင် ရေးဆိုလို့ရေးလိုက်တာဘဲ၊ ဖြစ်ပျက်သိတာ မဟုတ်ဘူး၊ အဲဒီ တော့ ဒီလိုလုပ်ပါ ဒကာဒကာမတွေ ရေးနိုင်အောင် ခင်ဗျား တို့ ဂဏန်းရေးနေရတာ၊ ကြာပါတယ်၊ သူတို့ရဲ့ တခါတည်း

အလိုမလိုက် အကြိုက်မပါတာကလေးတွေ ကြည့်နေကြစမ်း သဘော ကျပလား (မှန်ပါ) ဝေဒနက္ခန္ဓာလေးတွေ အလို မလိုက် အကြိုက် မပါတာလေးတွေ၊ ဖြစ်လိုက်၊ ပျက်လိုက်၊ ဖြစ်လိုက်၊ ပျက်လိုက်၊ အင်း.... ဘယ်သူတားလို့မှမရ၊ ဘယ် သူ ဆီးလို့မှမရဘူး၊ ငါ့ဥစ္စာဆိုရအောင်လဲ ငါ့သဘောအတိုင်း လဲ မနေဘူး၊ ငါ ဟုတ် လို့ ရှိလျှင်လဲ မပျက်ရဘူး၊ ငါ့ဥစ္စာ ဖြစ်ခဲ့လို့ရှိလျှင် ငါ့သဘောအတိုင်း နေဘို့ဘဲ(တင်ပါး)နေလို့ ရရဲ့လား (မရပါဘုရား)။

အဲဒီလို ဝိပဿနာ ရှုနေတဲ့ ပုဂ္ဂိုလ်ကျတော့ ငါ ငါ့ဥစ္စာ ဆိတ်သုဉ်းပါတယ်၊ သုညဘဲ ရေးနေပါတယ်၊ မရေးဘူးလား (ရေးပါတယ်ဘုရား) အဲဒီတော့ ဘယ်မှာ သုည ဖြစ်မှာတုံး ဆိုတော့ ဉာဏ်ထဲမှာ သုညဖြစ်ရမယ် (မှန်ပါ) ဉာဏ်ထဲမှာ သုည ဖြစ် ရ မယ် နော်.... အဲဒီဉာဏ် မ ပါ တဲ့ အချိန် ဘာတုံး (တစ်နဲ့နှစ်ပါဘုရား)။

ဒါဖြင့် ဘုန်းကြီး စောစောစီးစီးဘဲ ဗျာဒိတ် ပေးပါမယ်၊ ဉာဏ်မပါတဲ့အချိန်၊ တစ်နဲ့ နှစ်နဲ့ ဖြစ်နေလို့ရှိလျှင်ဖြင့်၊ ငိုပွဲ ဆင်ကြရလိမ့်မည်လို့ မှတ်ပါ (တင်ပါး) ဒီပြင် ဘာပြောစရာ ရှိသေးတုံး (ဘာမှပြောစရာမရှိပါဘုရား) ဘာမှပြောစရာမရှိ ဘူး၊ တစ်နဲ့နှစ်ချည့်ဘဲ၊ မဆိုနိုင်ဘူးလား၊ တစ်နဲ့နှစ်ချည်းဘဲ ခင်ဗျားတို့ ရေးမှတ်နေကြမယ် ဆိုလို့ရှိလျှင်ဖြင့်၊ ဟင်.... ငိုဘို့ အစပျိုးတာဘဲ၊ မဆိုနိုင်ဘူးလား(ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် ငိုဘို့ အစ ပျိုး တာ လား၊ ကလေးလေး ကျတော့ ခင်ဗျားတို့က ဆော့တယ် မြူးတယ်ဆို၊ ကောင်လေး ငိုချင်ပြီ ထင်တယ်လို့ မ ပြော ကြ ဘူး လား (ပြော ပါ တယ် ဘုရား) ဆော့ဒါ မြူးဒါ လွန်နေတဲ့ အခါ ကျ တော့၊ ဦးခင်မောင်တို့ တခါတလေ မအော်ရဘူးလား....(အော်ရပါတယ်ဘုရား)။

ကောင်လေးငိုချင်လို့ အူရှင်တယ်ထင်တယ်၊ မဆိုဘူးလား (ဆိုပါတယ်ဘုရား) ဘာ ပြု လို့ တုံး ဆို တော့ ဒီကောင်လေး သည်ကား အူရှင် လွန်း လို့ ပေါ့ (မှန်ပါ့) ခင် ဗျား တို့ ပျော် ပျော် ပါး ပါး နေတဲ့ အခါကျတော့ ငါ ပျော် လိုက် တာ ကွာ ဟုတ်ဘူးလား (မှန်ပါ့) ဘာ နဲ့ ပျော် တုံး၊ ငါ့ ပစ္စည်း နဲ့ ငါ ပျော် တာ ဆို တော့၊ နှစ်နံပါတ်နဲ့ ပျော်တယ်၊ တစ်နံပါတ်က ငါ၊ နှစ်နံပါတ်က ပျော်စရာ ( တင်ပါး ) အဲဒီတော့ ငါ၊ ငါ့ပစ္စည်းနဲ့ ပျော်လိုက်တာကွာ၊ စိတ်ကူးကို ယဉ်နေတာဘဲ ဟော့၊ မလာဘူးလား လာသလား (လာပါတယ်ဘုရား)။

ဒီကောင်လေး ငိုချင်ပြီထင်တယ်၊ ဦးမှို့ ငိုချင်ပြီထင်တယ် လို့ မဆိုထိုက်ဘူးလား ဆိုထိုက်သလား (ဆိုထိုက်ပါတယ် ဘုရား) ငိုချင်လို့ဘဲ ရှာလာတာကိုဗျ၊ သဘောကျပလား ဇိဒကာဒကာမတွေ ဘာဖြစ်ချင်လို့လဲ (ငိုချင်လို့ပါဘုရား)။

ကိုယ့် ပစ္စည်းလေး ကို တိုးပြီး သ ကာ လ ရှိတာလေးနဲ့ ဟုတ်လား၊ရင်းလိုက်လို့ ရှိလျှင်၊အိုတောင်မှကုန်နိုင်စရာမရှိဘူး ကိုယ့်ဟာလေးနဲ့ ကိုယ်နဲ့ ကျေနပ်ပြီး ကိုယ့် သား သမီးတွေ -

အထောက်အပန့်ရမှာများ၊ မျော်လင့်ပြီးသကာလ၊ မျော်များနေတဲ့အခါ ပါသေးတယ် စိတ်ကူးယဉ်တာပေါ့ဗျ၊ အဲဒီစိတ်ကူးယဉ်တဲ့အခါ၊ ကိုယ့်ကိုယ်ကို ဘယ်လိုဆုံးမမလဲ... (ငိုချင်ပြီ ထင်တယ်လို့ ဆုံးမရမှာပါဘုရား) ငိုချင်ပြီထင်တယ်၊ ဟင်.... ငိုချင်လျှင်၊ ကိုယ်သာငိုရမှာပေါ့၊ မငိုရပေဘူးလား ငိုရမှာလား (ငိုရမှာပါဘုရား)။

အေးဒါကြောင့် ဒကာဒကာမတွေ ခင်ဗျားတို့ နောက်ဆုံးပိတ်တော့ ဒီဇာတ်ထုပ်ပေါ်တာဘဲ (တင်ပါး) အားကိုးရမည့် အထင်ရှိလို့၊ အခုကိုယ်ကျိုးကြီးနဲ့ပေါ့ မလာဘူးလား၊ လာသလား (လာပါတယ်ဘုရား) အဲ ဒါ အ မျော် လွဲ တာ ဗျာ (မှန်ပါ့) နဂိုရ်ကမှတ်တာ သေးသေးလား၊ ကြီးကြီးလား (ကြီးကြီးပါဘုရား)။

တောင်ကြီးပမာ လက်ရုံးကြီးပမာ ဒကာဒကာမတွေ အင်မတန် အားမကိုးကြဘူးလား၊ အားကိုးကြသလား (ကိုးပါတယ်ဘုရား) အဲဒါတွေက နောက် ဆုံး ဘိတ် နေ့ ကြ တော့၊ အနိစ္စမို့၊ အနိစ္စ ရောက်ပြတဲ့ အခါကျတော့ ခင်ဗျားတို့မှာ ခဲလေးသမျှ သဲရေကျ ဖြစ်ပါပေါ့ဆိုပြီး၊ အော်ကြတာဘဲ၊ မအော်ဘူးလား (အော်ပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့ အရှင်ကြလို့ (တင်ပါး) အမှရှင်လျှင်တော့ ဒီလို သူလာမှာမဟုတ်ဘူး၊ အရှင်ဇာတ်တော့ သိမ်းမှ ဖြစ်မယ်၊ သိမ်းနိုင်ကြပမလား (ကျိုးစားရမှာပါ့ဘုရား)။

ကျိုးစား၊ ဟာ.... အဲဒီတော့ ဘယ်သူကမှ ရိုက်လို့ငိုတာ မဟုတ်ဘူး၊ ခင်ဗျားတို့ လူကြီးတွေ ငိုတာကတော့ ဘယ်သူကမှ နှိပ်စက်လို့ ငိုတာမဟုတ်ဘူး၊ ကိုယ့်အမှတ်လွဲလို့ငိုတာ ချည့်မှတ် (တင်ပါ) ငါ ငါ့ဥစ္စာလို့ မှတ်ထားလို့ ဟုတ်လား ကိုယ့်ပစ္စည်းနဲ့ကို ငိုတာ၊ ကိုယ် အမှတ် လွဲ လို့ အဲဒီတော့ကို လူကြီးတွေငိုအောင်ဆို၊ လူကြီးဆိုတာက စိတ်ကြီးကြီးထားပြီး သကာလ နေရမဲ့ပုဂ္ဂိုလ်၊ စိတ်မချမ်းသာဘူး၊ လက်မချမ်းသာဘူး၊ မစားနိုင်ဘူး၊ မသောက်နိုင်ဘူး ဆိုတဲ့ဥစ္စာသည်၊ ဒကာ ဒကာမဘို့ အမှတ်လွဲထားလို့မှတ်ပါ၊ ဂဏန်းအစွဲလွဲလို့ မှတ်ပါ၊ တစ် ဆွဲ ထား လိုက်၊ မိမိ ခန္ဓာ ကိုယ် က ဘာတဲ့ (တစ်ပါ ဘုရား)။

တစ်ဆိုတဲ့ငါ မိမိနဲ့ ပတ်သက်တာတွေကျတော့ နှစ်ဆိုတဲ့ ငါ့ဥစ္စာ ဟုတ်ကော ဟုတ်ကဲ့လား (မဟုတ်ပါဘုရား) အဲဒီ တော့ မဟုတ်တာကို ဂဏန်းကအဆွဲလွဲထားတော့ နဂိုရ်ရေး ရမဲ့ ဂဏန်းကတော့ အဲဒီ ဂဏန်းမဟုတ်ဘူး၊ တစ်လဲ မရေးရ ဘူး၊ နှစ်ကော....(မရေးရပါဘုရား) ဘာရေးရမတုံး (သုည ရေးရမယ်ဘုရား)။

အဲ....ခင်ဗျားတို့သွားတာ ရှင်းပလား (ရှင်းပါပြီဘုရား) ဘုရားသခင် ကိုယ် တော် မြတ် ကြီး က၊ သုည ဘယ် လောက် အဘိုးတန်အောင် ဟောတယ်ဆိုတာ ဦးခင်မောင် ရိပ်မိပလား (ရိပ်မိပါပြီဘုရား)

နောက် ဒကာ ဒကာမတွေ ခုကဘည်းက သုညရေးမယ် နေ့ (တင်ပါး)သုညမရေးလျှင် တစ်နဲ့ နှစ်ချည့်သာနေ့တိုင်း ရေးကြမယ်ဆိုလို့ရှိလျှင် မကြာတော့ပါဘူး ငိုရမှာဘဲ၊ မငိုရပေဘူးလား (ငိုရမှာပါဘုရား) ကိုယ့် အတွက် နဲ့ ကိုယ် က မ သွား နိုင် မ လာ နိုင် ဖျား လို့ နာလို့ ဆို လျှင် ဘဲ၊ ကိုယ့် အတွက်နဲ့ ကိုယ်ဘဲ စိတ်မချမ်းသာဘူး၊ (မှန်ပါ့) ကိုယ့်သားသမီးတွေ မကျန်းမာ မချမ်းသာလျှင်ကော (ကိုယ်မချမ်းသာပါဘုရား)။

မချမ်းသာဘူးဆိုတော့.... အဲဒီ ကိုယ်ကို တစ်စွဲ ထားလို့ (တင်ပါး) သားသမီးနဲ့ ပစ္စည်းကို နှစ်စွဲထားလို့ ဒီဥစ္စာ၊ ဟိုက လာမေးရ၊ ဒီကလာမေးရ ခင်ဗျားတို့ နောက် လူမမာမေးတဲ့ အခါ၊ ဘာဖြစ်တာတုံးလို့ ဘေးကမေးကြလို ရှိလျှင် ဘာဖြစ်တာမှ မဟုတ်ဘူး တစ် နှစ် ရေးထားလို့ ဖြစ်တာ ဒီလိုသာ ပြောကြ (တင်ပါး) သု ည ရေး ထား လို့ရှိလျှင် ခင်ဗျားတို့ အိပ်ရာ ဖျာကပ် ဖြစ်တောင်မှ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ပါ့ မလား (မဖြစ်ပါဘုရား) အဲ့ ဘာဖြစ်တာတုံး လူမမာမေးလို့ ရှိလျှင် မေးတတ်ကြပလား (တင်ပါ့ဘုရား)။

ဘယ်လိုပြောမလဲ တစ် နှစ်ကြောင့်ဖြစ်တယ် ထင်တယ် သာပြော ရိပ်မိပလား၊ ခင်ဗျားတို့က နဒိုရိကိုကလဲ့နေတာ ခင်ဗျ၊ ဒီနေရာပြင်လိုက်အုံးဗျာ ကဲ....ခင်ဗျား စိတ်၏ ဆင်းရဲခြင်း၊ ကိုယ်၏ဆင်းရဲခြင်း ဖြစ်လို့ရှိလျှင် သုညလေးရေးစမ်းဗျာလို့ပြောပါ၊ ခင်ဗျားတို့ လူမမာမေးလျှင် သုညလေး ရေးရဲ့လားလို့မေးရမယ် မမေးထိုက်ဘူးလား(မေးထိုက်ပါတယ်ဘုရား)။

တရားဟောလာတဲ့ ဘုန်းကြီးကို ကန်မျှားထုတ်အုံးမလား အောက်မေ့တယ်၊ အရိုက်ခံရမှာ ကြောက်သေးတယ်၊ ဒကာ ဒကာမတို့ ဒါဖြင့် ဘယ်ပုဂ္ဂိုလ်စိတ်ဆင်းရဲနေတယ် စိတ်အလို မကျ သားနဲ့ သမီးနဲ့ ဆွေနဲ့ မျိုးနဲ့ ရောဂါနဲ့ အလိုမကျတာ တွေ မရှိကြဘူးလား(ရှိပါတယ်ဘုရား)၊ အဲဒါ ဘယ်ကလာ တယ်ဆင်သလဲ (တစ်နှစ်က လာတာပါဘုရား)၊ တစ်နှစ်က လာတာ၊ သူညက ဘယ်တော့မှ မလာဘူး၊ လာပါ့မလား (မလာပါဘုရား)။

ကိုင်း.. ဒါဖြင့် ဟိုသွားကြည့် ဘယ့်နှယ်နေတုံး၊ ဟိုဘက် သွားကြည့်ပြန်တော့ ဘယ့်နှယ်နေတုံး လျှောက်မေးရတာ တွေ ခင်ဗျားတို့ တစ် နှစ် တွေမို့မေးတာ ဟုတ်ဘူးလား၊ အဲဒါ မျက်နှာမကြည်မသာပြလိုက်ပဲ့အခါကြတော့ ခင်ဗျား တို့က တစ်နဲ့ နှစ် နှိပ်စက်ပြီဟော့လို့ မှတ်ရမယ် ရိပ်မိမလား (တင်ပါဘုရား)၊ ဘယ်သူ နှိပ်စက်တာတုံး.... (တစ်နဲ့နှစ်ပါ ဘုရား)။

တစ်နှစ် နှိပ်စက်ပြီ....၊ ခင်ဗျားဖြင့် တစ်နဲ့နှစ် နှိပ်စက် နေတာဘဲလို့ လွဲသေးလား (မလွဲပါဘုရား)၊ မလွဲတော့ ဘူး။ ဒါဖြင့် ရွာထဲမြို့ထဲမှာ ဒကာဒကာမတွေသည် မျက်နှာ မကြည်မသာ နေကြထိုင်ကြ စားမဝင် အိပ်မပျော်ဖြစ်ကြ၊ အားလုံးအိမ်တိုင်းလိုလိုဘဲ အလိုကျမှုဟာ ဘယ်သူမှမရှိဘူး၊ သူ့အချိုးနဲ့သူတော့ စိတ်ဆင်းရဲစရာ ပါဟာချည့်ဘဲ၊ မပါ ကြဘူးလား(ပါပါတယ်ဘုရား)။

အဲဒါ အိမ်တိုင်းယာတိုင်းမှာ ဘာတွေဂဏန်းရေးနေကြတုံး (တစ်နဲ့နှစ် ဂဏန်းရေးနေပါတယ်ဘုရား)၊ ဒါဖြင့် ဘယ်သူ နှိပ်စက်တယ်ထင်သတုံး.... (တစ်နဲ့နှစ်ပါဘုရား)၊ တစ်နဲ့နှစ်က သူများကရေးတာလား၊ ကိုယ်တိုင်က မှတ်သားပြီးရေးတာ လား (ကိုယ့်ကိုယ်တိုင်က မှတ်သားပြီး ရေးတာပါဘုရား)။

ဒါဖြင့် ကိုယ့်အတတ်နဲ့ ကိုယ်စူးတာပေါ့ သဘောကျ ပလား(မှန်ပါ)၊ ဘာနဲ့စူးတာတုံး (ကိုယ့်အတတ်နဲ့ ကိုယ် စူးတာပါဘုရား)၊ ကိုယ့်အတတ်နဲ့ ကိုယ်စူးတာဆိုတော့ ခင်ဗျားတို့ ဩဝါဒ... ဖြစ်မှုဖြစ်ရလေ ကံမကောင်းအကြောင်း မသင့်ရှာလို့ သူတို့မျက်ရည် ကြီးငယ်ကျရတယ်၊ ကံနဲ့ဘာမှ မဆိုင်ဘူး၊ ဒကာဒကာမတို့ ကံနဲ့ များဆိုင်ကြသလား(မဆိုင် ပါဘုရား)။

ဘာနဲ့များစူးနေကြတုံး ...(ကိုယ့်အတတ်နဲ့ ကိုယ်စူးနေ တာပါဘုရား)၊ ကိုယ့်အတတ်နဲ့ ကိုယ်စူးတာ၊ ခင်ဗျားတို့ ကံဖြင့် နေစရာကိုမရှိတော့ဘူး၊ ခင်ဗျားတို့အော်တာနဲ့ မခံ နိုင်ဘူး ဟုတ်ပလား၊ ဘာလေးလုပ်လုပ် ကံ–ကံ၏အကြောင်း မသင့်လို့ ကျုပ်တို့မှာ အတွေ့ကြီးတွေ့ရ အကြုံကြီးကြုံရ ဟုတ်လား(တင်ပါးဘုရား)။

သူများလို မဖြစ်ပါဘူး၊ သူမသိလို့ရှိတာဘဲ အတူဘူဘဲ ဟင်....အိမ်တိုင်း ဒကာဒကာမတွေ သူညရေးသေးသလား.... (မရေးပါဘုရား)၊ ဒီဂဏန်းစွဲမိဘဲ့ပုဂ္ဂိုလ် ဒီအတိုင်းဖြစ်ရမယ် ဘယ်အိမ်လွတ်မှာတုံး (မလွတ်ပါဘုရား)၊ ချုပ်တဲ့အိမ်ဟာ သုညရေးနိုင်တဲ့အိမ်ဘဲ သဘောကျပလား(ကျပါဘုရား)။

ဩော်....ကံမကောင်း အကြောင်းမသင့်လို့ မျက်ရည်ကြီးငယ် ကျရတာလား ဦးချစ်ခရဲ့ ဂဏန်းအရေးလွဲလို့ ဆိုကြမလား (ဂဏန်းအရေးလွဲလို့ပါဘုရား)၊ ဒါဖြင့် ကံနဲ့ဘာဆိုင်သတုံး(မဆိုင်ပါဘုရား)၊ ဟင်....သူ့အတွက်စဉ်းစားပါ၊ ဒီနေ့တရားကို ဒကာဒကာမတို့ ကံနဲ့ဆိုင်မဆိုင် (မဆိုင်ပါဘုရား)၊ မဆိုင်ဘူးနော် ကောင်းပြီ ဦးခင်မောင်ရဲ့ ဘာနဲ့မဆိုင်တာတုံး.... (ကံနဲ့ မဆိုင်တာပါဘုရား)၊ သားကြောင့် သမီးကြောင့် ဆွေကြောင့် မျိုးကြောင့် ကိုယ့်အတွက်သဲ ကိုယ်ပူရတာဘဲကွ၊ ကိုယ့်သားသမီးတွေနဲ့ ကိုယ့်ခင်ပွန်းတွေအတွက်လဲ ကိုယ်ပူတာဘဲကွ၊ မပူတတ်ဘူးဆိုတဲ့လူဟာ တိရစ္ဆာန်မို့လို့ဘဲတဲ့ ခင်ဗျားတို့က ပြောင်းပြန် ပြောလိုက်သေးတယ် (တင်ပါဘုရား)။

သူညရေးနိုင်တဲ့လူ တိရစ္ဆာန်ဖြစ်နေတယ်၊ ရိုပ်မိပလား (ရိပ်မိပါဘုရား)၊ သားမှန်း သမီးမှန်းမသိလို့ (မှန်ပါ)၊ အဲဒီကျတော့ ခင်ဗျားတို့က တစ်နှစ်ရေးတဲ့လူက များတော့ သူတို့က မခံတော့ နိုင်သွားတာကိုဗျ၊ သူညရေးနိုင်တဲ့လူက နည်းနေတယ်ဗျ သဘောကျပလား(မှန်ပါဘုရား)။

အဲဒီတော့ကို ဒါဖြင့် ခင်ဗျားတို့ ဘယ် ဘဲ သွား သွား၊ မသာအိမ်ဘဲသွားသွား၊ ဘယ်သွားသွား မသာအိမ်သွားတယ် ဆိုရင် ခင်ဗျားတို့က မျက်နှာသေနဲ့သွားရတယ်.... (မှန်ပါ)၊ ဦးလှက မျက်ရည်ကျအောင် ကြက်သွန်ဖြူဆောင်ရတယ်ဆိုတဲ့ အစားမျိုးပေါ့ဗျာ၊ အဲဒီလောက်ကျအောင် ဖြစ်နေတဲ့ဥစ္စာ

အတူတူခြင်းမို့ဆိုတဲ့ အဓိပ္ပါယ် ဒီအတိုင်း မနေဘူးလား.... (နေပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတွေ ငါ-ငါ့ဥစ္စာဆိုတဲ့ အဖြစ်သည် ကိုယ့်အတတ်နဲ့ ကိုယ်စူးတာလို့ ဆုံးဖြတ်ချက်ချ ရှင်းပလား (ရှင်းပါတယ်ဘုရား)၊ ငါဆိုတဲ့ အတ္တ၊ ငါ့ဥစ္စာဆိုတော့ အတ္တနိယ၊ အတ္တနဲ့ အတ္တနိယ မပြုတ်လို့ သောက ပရိဒေဝ ဗျာပါဒ လာရတယ် ဦးလှ (တင်ပါဘုရား)၊ သည့်ပြင် နည်းရှိသေးရဲ့ လား (မရှိပါဘုရား)။

ကံမကောင်း အကြောင်းမသင့်လို့ ဆိုအုံးမှာလား (မဆို နိုင်ပါဘုရား)၊ ကံမကောင်း အကြောင်း မသင့်လို့ဆိုလျှင် ကံကိုက ဟောဒီစက္ကူလုပ်ပေးတယ်၊ ကံကိုက ငါမလုပ်တော့ ဘူးဆို ချုပ်ရတယ်(မှန်ပါ) ကဲ....ကံပါတာဘဲ (မှန်လှပါ)၊ ကံကြောင့်အကျိုးပေး၊ ကံကြောင့်ချုပ်တယ်၊ ကံအကျိုးပေး တာ ကုန်လျှင် မချုပ်ဘူးလား ချုပ်မလား.... (ချုပ်ပါတယ် ဘုရား)။ ချုပ်တာဘဲ အကျိုးပေး မကုန်သေးဘူးဆိုလို့ရှိ လျှင် ဒီဟာချုပ်ပြီးလျှင် ကံက အစားထိုးမှာဘဲ သဘောကျ ပလား (မှန်လှပါဘုရား)။

အဲဒီတော့ ကံမကောင်းလို့ဆိုမလား မဆိုဘူးလား(မဆို ပါဘုရား)၊ မဆိုနဲ့ သူ့အကြောင်းနဲ့ သူ့အကျိုးဘဲ၊ သူလုပ် ပေးနေမှာဘဲ(မှန်လှပါ)၊ ဟုတ်ဘူးလား အဲဒီတော့ ဒကာ ဒကာမတို့ ကံမကောင်း အကြောင်းမသင့်လို့ မျက်ရည် ကြီး ငယ် ကျရတာလား၊ တစ်နှစ်ဆိုတဲ့ ဂဏန်း အဆွဲလွဲလို့ ဖြစ်ရတာလား(ဂဏန်းအဆွဲလွဲလို့ ဖြစ်ရတာပါဘုရား)။

ဒါဖြင့်လျှင် သုံးဆယ့်တဘုံမှာ လျှောက်ကြည့် မျက်ရည်ကြီးငယ်ကျ ... ပုဂ္ဂိုလ်တွေချည့် များတာ၊ ဒီဂဏန်းနှစ်ခု လဲ့နေတယ် ကိုထွန်းဦး....(မှန်လှပါ)၊ ပေါ်ကြပလား ဒကာ ဒကာမတို့(ပေါ်ပါဘုရား)၊ ဒီဂဏန်း နှစ်ခုဟာ ခင်ဗျားတို့ ကြောက်ရမဲ့ဂဏန်းလား ဆောင်ရမဲ့ဂဏန်းလား(ကြောက်ရမဲ့ ဂဏန်းပါဘုရား)။

အဲဒါ ဆောင်ထားလို့ ခက်နေတာ (မှန်ပါ)၊ ဒါဘာတုံး ဒါကျုပ်ပေါ့လေ၊ ဒီဘက်ကဟာတွေ ဘယ်သူတုံး ဒါ ကျုပ် သားသမီးတွေလေ အံမယ် ပြာပြာသလဲပြောတာဗျ ရှင်းပလား ဟင်....ငါ့ဥစ္စာကလေးတွေ အသေအချာ ထင်ရှားအောင် ပေါ်အောင် မပြောဘူးလား (ပြောပါတယ်ဘုရား)။

အဝေးနေတာ့တောင်မှ ငါ့ဥစ္စာလေးတွေလို့ လှမ်းပြီး လက်ညှိုးမထိုးဘူးလား(မှန်ပါ)၊ အဲဒီတော့ ခင်ဗျားတို့သည် ဂဏန်းကိုမစွဲရလျှင် နေလို့ရရဲ့လား (မရပါဘုရား)၊ ဪ ဒါဖြင့် ငိုလက်စမသိမ်းတော့ဘူး၊ သေလက်စကော (မသိမ်း တော့ပါဘုရား)၊ မသိမ်းတော့ဘူးတဲ့ ဒကာဒကာမတို့ ငိုလက်စ မသိမ်းဘူးဆိုတာ ယခုဘဝ၊ သေလက်စ မသိမ်းဘူးဆိုတာ ငိုတဲ့အခါကျတော့ အဝိဇ္ဇာကပါတယ် မသိလို့ပေါ့ဗျ(မှန်ပါ) ဒီတော့ အဝိဇ္ဇာပစ္စယာ သင်္ခါရာဆိုပြီး ဝိညာဏ်အစရှိသည်တို့သို့ သွားမလား မသွားဘူးလား (သွားမှာပါဘုရား)။

သွားရင်တော့ ဟိုဘက်ကျတော့ ငိုလက်စ သတ်မှာလား (မသတ်ပါဘုရား)၊ ဒါဖြင့် အခုလဲငိုဆဲ၊ နောင်ကော (ငိုမှာ ပါဘုရား)၊ ရှေးကလဲ ငိုပြီးပြီ ဗ်သုံးချက်ဟာ ခင်ဗျားတို့

ကိုယ်ပိုင်ပစ္စည်းမှတ်ပေတော့ ရိပ်မိပလား(မှန်ပါ)၊ အခုတော့ ဘာဆုံကြမတုံး.... (ငိုဆဲပါဘုရား)၊ နောက်ဘဝကျတော့.... ငိုလတံ့၊ ရှေးကတော့ငိုခဲ့လှပြီ အဲဒါခင်ဗျားတို့ ပစ္စည်းဖြစ်မယ် သဘောကျပလား(မှန်လှပါ)၊ ဒါဘာဂဏန်း အစွဲလွဲတာလဲ ဆိုတာ ရိပ်မိကြပလား (ရိပ်မိပါပြီဘုရား)၊ ဘာတုံး (တစ်နဲ့ နှစ်ပါဘုရား)။

ဪ... တစ်နဲ့နှစ်ဟာ တယ်ကြောက်စရာကောင်းပါလား ဒီတခါ သညာဖက်ထားကြပါ (မှန်ပါ)၊ ဘာဖက်ထားကြရမယ် (သညာပါဘုရား)၊ အဲဒါ ဒီနေရာတွင်မဖက်ပါနဲ့ ဆိုတာ ဦးဘာအုန်း သတိပေးလိုက်တယ် (မှန်ပါ)၊ အိမ်ကျလို့ရှိလျှင် တစ်လဲမဟုတ်ဘူးကွနော်၊ နှစ်လဲမဟုတ်ဘူးကွ သညာသက်သက် တွေကွနော် ခန္ဓာကြီးလဲ ဒီအတိုင်းဖြစ်ရမယ်၊ ဗဟိဒ္ဓခန္ဓာကြီး ကော(ဒီအတိုင်းပါဘုရား)။

ဒါကြောင့် အဇ္ဈတ္တံဝါ ဗဟိဒ္ဓါဝါလို့ ဟောတာမဟုတ် လား၊ အဇ္ဈတ္တမှာ သညာဖြစ်၊ ဗဟိဒ္ဓမှာကော.... (သညာဖြစ်ပါ ဘုရား)၊ အဲဒီလိုဆိုလို့ရှိလျှင်ဖြင့် ဒီဘဝမှာလဲ မျက်ရည်သိမ်း၊ အနာဂါတ်ဘဝမှာကော(မျက်ရည်သိမ်းမှာပါဘုရား)၊နောက် ကဟာတွေကောသိမ်းပြီးသားတွေဖြစ်ပါပြီ သဘောကျပလား (မှန်ပါဘုရား)၊ ဒါဖြင့် မျက်ရည်တိတ်တရားကော ရပလား (ရပါပြီဘုရား)။

မျက်ရည်မတိတ်ချင်လျှင် ဘာလုပ်ရမယ် (တစ်၊နှစ် ရေးရ မယ်ဘုရား)၊ မျက်ရည်ငြိမ်းချင်လျှင် သညာရေးဆွဲပါ၊ အံမယ် သူ့ဟာမှတ်လို့ အင်မတန်ကောင်းနေတာ မကောင်းဘူးလား

(ကောင်းပါတယ်ဘုရား)၊ အဲဒါ အိမ်ကျလို ရှိလျှင် စစ်ဆေးပါ၊ ဒါလေးတွေ သွားလေးထင်တော့မယ် သွီးလေးထင်တော့မယ် ငါ့ပနှည်းလေးထင်တော့မယ်ဆို ဟော့–အရှုး မထနဲ့ ကိုယ့်ဟာကိုယ်ဆုံးမပါ (မှန်ပါဘုရား)။

မင်းတစ်နဲ့ နှစ်ရေးပြန်ပြီ၊ ရေးလျှင် ငိုအုံးမယ်၊ မင်းငိုရ လိမ့်အုံးမယ် ကိုယ့်ကိုကိုယ် ဆုံးမရတာ အခက်ဆုံးနော်.... (မှန်ပါ) ဘယ်သူအခက်ဆုံးတုံး ( ကိုယ့်ကိုယ်ကို ဆုံးမတာ အခက်ဆုံးပါဘုရား) သူ တ ပါး ဆုံး မ ရ တာ က ဦးချစ်ခတ္တို လွယ်လိုက်တာ ဟုတ်လား၊ ဒီလူဟာ ဥပမာမယ် အကြေးယူ သွားတယ် လာမပေးလာဘူး၊ နောက် မပေးတော့ဘူးဆိုပြီး သွားတော ဒါဘဲ (မှန်ပါ)။

အကယ်၍၊ ကိုယ်ချစ်ခင်တဲ့ကလေး၊ အလုပ်သမား အစရှိ သည်ကို၊ တခါပြောလိုက်တယ်၊ နောက်တခါ ပြောလို့မရရင် ထုတ်ပြစ်လိုက် ပြီးသွားတာဘဲ၊ မပြီးဘူးလားဗျ (ပြီးပါတယ် ဘုရား) ကိုယ့်ကိုယ် ကျတော့ဗျ တစ်မစွဲနဲ့ဆိုလဲ လာပြီဟော့ ငါရှိသေးတယ်ကွ၊ ငါ့ရှုမှောက်တော့ မဟုတ်တာမလုပ်နဲ့ ဟောလာပြီ သူဟာက ကိုယ့်ကိုယ်ကျတော့ ဆုံးမခက်နေတယ် ဟုတ်လား၊ ဟ ငါမရှိပါဘူးဆိုလို့ ပြန်ပြီးသိမ်းဘို့ရာ၊တချက်မှ မလာဘူး လာရဲ့လား (မလာပါဘူး) ကောင်းပြီ ဘယ်သူ့ ဆုံးမရမှာ အခက်ဆုံးလဲ (ကိုယ့်ကိုယ်ကို ဆုံးမရမှာ အခက်ဆုံး ပါဘုရား) ဒါပြင့် ခင်ဗျားဘို့ဆေးမရှိပါဘူး (မှန်ပါ) အတော် ခက်နေတာ ဘုဘောကျကြပလား (ကျပါပြီဘုရား)။

ဘယ့်သူ့ ဆုံးမရ, အခက်ဆုံး ပါလိမ့် (ကိုယ့်ကိုယ်ကိုပါ ဘုရား) ကိုယ့် ကိုယ် ကို အ ဆုံး အ မ, အ ခက် ဆုံး ဆို တာ ဘုန်းကြီးက ဟောတဲ့ တရား မဟုတ်ဘူးနော်....။ "အတ္တာဟိ ကိုရဒုဒ္ဒမော" လို့၊ ဓ မ္မ ပ ဒ ပါဠိ တော်မှာ၊ သေသေချာချာ လာတယ်၊ အတ္တာဟိ၊ အတ္တာဧဝ၊ မိမိကိုယ် သည် သာ လျှင် ဒုဒ္ဒမောကိရ၊ သူတပါးထက် ပိုလွန်ထက်၍၊ ဆုံးမ ခက်သည် ဟောတိဖြစ်၏။

ဘုရားက ကိုယ့်ကိုယ်ကို ဆုံးမအခက်ဆုံးကွ၊ သဘောကျ ပလား(မှန်ပါ) အဆုံး အမ ဘယ် သူ အ ခက် ဆုံး လဲ ဒကာ ဒကာမတို့ (ကိုယ့်ကိုယ်ပါဘုရား) ခင်ဗျားတို့ သူများအတွက် သာငြိမ်းနေတာနော် ဟောဒီ က လေး လေး ဆုံးမ ပေးစမ်းပါ ဘုရား၊ ဒီကလေးကို တ ပြည့် တော် တော့ ခက်ပြီ၊ ဒီလိုပြော တာ ဒီလို မလာပေဘူးလား၊ (လာပါတယ်ဘုရား)။

ကိုင်းဒါဖြင့် ဒကာဒကာမတို့ ဘယ်သူဖြစ်ဖြစ် ခင်ဗျားတို့ ကိုယ့်ကိုယ် ကိုယ်တော့ ယဉ်ကျေး နေ တ ယ် ထင်ကျတယ် ဆုံးမအခက်ဆုံးက ဘုရားက ဘယ်သူတဲ့၊ (ကိုယ့်ကိုယ်ကိုပါ ဘုရား) ကိုယ့်ကိုယ်ကို၊ အဆုံးမ, အခက်ဆုံးတဲ့.... ကဲ ကိုယ့် ကိုယ် အဆုံးမ,အခက်ဆုံးဆိုတာ၊ ငါထင်တာလဲ၊ တကယ်ထင် ထာဘဲ၊(မှန်ပါ) ငါ့ဥစ္စာထင်တာရော ( တကယ်ထင်တာပါ ဘုရား )။

တကယ် ထင်တာ ဘဲတဲ့၊ ငါ့ဟာ ငါ့စည်း ငါ့ဝင်း ငါ့ခြံ ငါ့ပစ္စည်း အစရှိသည်နဲ့ တ ကယ် ထင် တာ ဗျ (မှန်ပါ)ကိုယ် ထင်လို့ ရှုံးရောက်တာပေါ့ဗျ၊ ဒီလိုမထင်လျှင် ရှုံးရောက်စရာရှိ

သေးရဲ့လား (မရှိပါဘုရား) အဲငါ့ဥစ္စာကြောင့် ရုံးရောက်တာ (မှန်ပါ) ငါနဲ့ ငါ့ဥစ္စာရှိလို့ ခင်ဗျားတို့မခံချင်လို့ ရုံးရောက်ကြတာ မရောက်ပေဘူးလား (ရောက်ပါတယ်ဘုရား)။

အဲဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဘာဖြစ်အောင်ရေးရမတဲ့တုံး (သုညဖြစ်အောင်ပါဘုရား) ဒါကြောင့် " သုညတော လောကံ၊ အဝေက္ခသု မောဃရာဇ သဒါ သတော၊ အတ္တာနုဒိဋ္ဌိံ ဥဟစ္စ၊ ဧဝံမစ္စုတရော သိယာ၊ ဧဝံလောကံ အဝေက္ခန္တံ မစ္စုရာဇာ နပဿတိ "၊ ဣတိပုစ်တို့ သုတ္တန်နိပါတ်တို့မှာ သည်ပါဠိတော်နှင့် မောဃရာဇ ရဟန်း ကျွတ်တာဘဲ အဲသည် ဂါထာကို အနက်ပေးနေလျှင် ဘုန်းကြီးသာမောနေရော့မယ်၊ ခင်ဗျားတို့ တစ်နဲ့နှစ် ဖြုတ်ပြီး သုညရေးပါ ရှင်းပလား (မှန်ပါ) ဘာဖြုတ်ရမတုံး.... (တစ်နဲ့နှစ် ဖြုတ်ရမယ်ဘုရား)။

အဲ တစ်နဲ့နှစ်တော့ ဖြုတ်ရမယ်နော် (မှန်ပါ) တစ်ကဘာပြုလို့ ဖြုတ်ရမှာတုံး (ငါမို့ပါဘုရား) နှစ်ကကော (ငါ့ဥစ္စာမို့ပါဘုရား) နို့ ငါ ငါ့ဥစ္စာလို့ ခန္ဓာငါးပါးက ဟုတ်ပါရဲ့လား (မဟုတ်ပါဘုရား)။

မိမိ ရှာထားတဲ့ ပစ္စည်းတွေက ရော (မဟုတ်ပါဘုရား) မဟုတ်ပါဘူးတဲ့ ငါ ငါ့ဥစ္စာ မဟုတ်လို့ပေါ့၊ ဖိုးလောင်လို့ အစိုးရက အခွန်အကောက်တို့ အမြတ်တော်ကြေးတို့နှုတ်လို့ ရေလွှမ်းမိုးလို့ စသည်ဖြင့် မရှိဘူးလား (ရှိပါတယ်) ဒါ ငါ၊ ငါ့ဥစ္စာဟုတ်ကြရဲ့လား.... (မဟုတ်ပါဘုရား)။

အဲဒါ-မဟုတ်တာမဟုတ်မှန်း စေ့စေ့စီးစီးက သိထားပါ ဆိုတာ သညာ ရေး ထား ပါ ဆိုတာ ဘဲ ( မှန်ပါ့ ) ဘာ ယ် လို ရေးထားရမယ် (သညာရေးထားရမယ်ဘုရား) ကဲရေးတတ်ကြ ပလား(ရေးတတ်ပါပြီဘုရား)။

တုန်မျှားနေအုံးမှာလား ဦးခင်မောင် မတုန်နှင့်၊ တုန်မှာ ဖြင့်၊ မျက်ရည်ကျချင်လို့ဘဲ၊ (မှန်ပါ့) ဟင် ကောင်းပြီ ဒါဖြင့် ဒီဟာတော့ ငါ၊ ငါ့ဥစ္စာဖြုတ်နည်း ဖြုတ်တတ်ပြီ ဆိုပါတော့ ဒီတရား တနာရီလောက် နီးသွားပြီနော်....၊ ကိုင်း ဒါ ဖြင့် သမုဒယသစ္စာကို ဒကာဒကာမတို့ စတုတ္ထအချက် ဟောမယ် ဒီငါ ငါ့ဥစ္စာ ဖြုတ်ရခြင်းက၊ သမုဒယရှိလို့လာတာ သမုဒယ မရှိလျှင် လာပါ့မလား (မလာပါဘုရား)။

မလာဘူးတဲ့ ဒါသူတို့သည် သဟဇာတ၊ သက္ကာယဒိဋ္ဌိနဲ့ လောဘဟာ၊ သဟဇာတဘဲ(မှန်ပါ့) လောဘ သတ်လိုက်လို့ ရှိလျှင်ဘဲ သက္ကာယဒိဋ္ဌိ အကုန်ပြုတ်တယ် သဘောကျပလား (မှန်ပါ့) အဲဒီတော့.... သဟဇာတ ပစ္စည်းတခု ပယ်လိုက်လို့ ရှိလျှင် တခုက ပြုတ်တယ်ဆိုတာ၊ ဘာမှငြင်းဆန်ဘို့မလိုပါဘူး ဒီနေ့ဟောရမဲ့ တရားက သမုဒယ သစ္စာမှာ ကိစ္စ လေးပါး ရှိတယ်၊ လေးပါးရှိတော့ကို၊ ခုပြီးခဲ့တာက အာယူဟနဋ္ဌော နိဒါနဋ္ဌော၊ သံယောဂဋ္ဌောတို့ ပြီးသွားပြီ ဒီနေ့ဟောရမှာက ပလိဗောဓဋ္ဌော၊ ပလိဗောဓဋ္ဌော သဘောကျပလား (ကျပါ ဘုရား)။

ပလိဗောဓဌေ္ဘာ ဆိုတာက ထွက်ရပ်လမ်းကြီး မဂ်ခရီးကို တားဆီးနှောက်ရှက် ကန့်ကွက်တတ်သောသဘောဘဲ၊ မဂ်ခရီးကို ကန့်ကွက်တာ၊ ထွက်ရပ်လမ်းကြီး မဂ်ခရီးကို တားဆီးနှောက်ရှက် ကန့်ကွက်တတ်သော သဘောသည် ပလိဗောဓဌေ္ဘာတဲ့(မှန်ပါ့)ဘာကန့်ကွက်သလဲ(မဂ်ခရီးကိုပါဘုရား)။

ထွက်ရပ်လမ်းကြီး မဂ်ခရီးကို တားဆီး နှောင့်ရှက် ကန့်ကွက်တတ်တယ်တဲ့၊ ဘယ်ဟာများ ကောင်းသေးလဲ၊ သဘောကျကြပလား၊ သမုဒယသစ္စာဆိုတဲ့ လောဘလေး တလုံးဟာ ဘာလုပ်တတ်သတုံးဆိုရင်၊ ထွက်ရပ်လမ်းကြီးမဂ်ခရီးကို၊ တားဆီးနှောင့်ရှက် ကန့်ကွက်တတ်တယ် ဦးချစ်ခ ဘယ်လောက်သတ္တိထက်သတုံး ... မထက်ဘူးလား၊ ထက်သလား (ထက်ပါတယ်ဘုရား)။

ထွက်ရပ်လမ်းကြီး ဘာလုပ်တတ်တုံး (တားဆီးနှောင့်ရှက် ကန့်ကွက်တတ်ပါတယ်ဘုရား)၊ တားဆီးနှောင့်ရှက် ကန့်ကွက်တယ်ဆိုတာ ဘယ်သူပါလိမ့် ( သမုဒယသစ္စာပါဘုရား ) သမုဒယသစ္စာသည် ဘာကိုတားမြစ်တတ်တုံးဆိုရင် ထွက်ရပ်လမ်းကြီး မဂ်ခရီးကို တားမြစ်တတ်တယ် သဘောကျပလား ( ကျပါဘုရား ) ထွက် ရပ် လမ်း ကြီး မဂ် ခရီး ကို တား ဆီး နှောင့်ရှက် ကန့်ကွက်တတ်တယ် သဘောကျရဲ့လား (ကျပါတယ်ဘုရား) ဘယ်သူတုံး....(သမုဒယပါဘုရား) သမုဒယတယ်ဆိုးပါလား ထွက်ရပ်လမ်းဟူသ၍ ဘာဖြစ်သလဲ (ကန့်ကွက်ပါတယ်ဘုရား)။

ကန့်ကွက်တယ်၊ နှောင့်ရှက်တယ်၊ တားဆီးတယ်၊ တူတူဘဲနော်(မှန်ပါ့) လက်ာမို့အရေးယူရေးထားတာကိုဗျ၊စင်စစ်တော့ ကန့် ကွက် ဆိုပြီး တာ ဘဲ၊ (မှန်ပါ့) ထွက်ရပ်လမ်းကို ဘာလုပ်တတ်ပါလိမ့် (ကန့်ကွက်ပါတယ်ဘုရား)။

အင်း....ထွက်ရပ်လမ်းကြီး မဂ်ခရီးကို တားဆီး နှောင့်ရှက် ကန့်ကွက်တတ်တယ်၊ တယ်ဆိုးပါလား၊(မှန်ပါ့)ဘာကန့်ကွက်သတဲ့တုံး ...(ထွက်ရပ်လမ်းကြီး မဂ်ခရီးကိုပါဘုရား) တားဆီး နှောင့်ရှက် ကန့်ကွက်ဘယ်ဟုတ်လား (မှန်ပါ့) ဒါဖြင့် မဂ်ကို ကန့်ကွက်တယ်လို့ တိုတိုမှတ်ပါ၊ နောက်က ဒကာဒကာမတွေ ရှင်းကြပလား၊ သမုဒယက ဘာကန့်ကွက်တုံး....(မဂ်ကိုကန့်ကွက်ပါတယ်ဘုရား)။

မဂ်ကို ကန့်ကွက်တယ်ဆိုတော့.... မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ကန့်ကွက်တာ၊ သမုဒယသစ္စာက ဘာကြိုက်သတုံး ဆိုတော့ ခင်ဗျားတို့ အိုဘေး၊ နာဘေးကြီး ထမ်းပြီး သံသရာဆိုတဲ့ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံထဲမှာ အိုဘေး၊ နာဘေးကြီး၊ ထမ်းပြီး လှည့်နေတာသာ ကြိုက်တယ်၊ ဒီသမုဒယသစ္စာက သံသရာအပြင်ဘက် ထွက်သွားမှာ သိပ်ကြောက်တယ်(မှန်ပါ့) ဘယ်ဒင်းကြောက်သတုံး(သံသရာအပြင်ဘက်ပါဘုရား)။

သဘောကျကြပလား....(မှန်ပါ့)၊ ခင်ဗျားတို့ အိုဘေး၊ နာဘေးဆိုတဲ့၊ ခန္ဓာကိုယ်ကြီး ထမ်းပြီ သုံးဆယ့်တဘုံထဲ လှည့်နေတာ၊ သူကကြေနပ်တယ် ဘယ်သူပါလိမ့် (သမုဒယသစ္စာပါဘုရား)။

တယ်ဆိုးတဲ့ တရားပါလား ဒကာဒကာမတို့၊ အင်မတန် မဆိုးဘူးလား(ဆိုးပါတယ်ဘုရား) သူ့အကြိုက်ကဘာတဲ့ထုံး (အိုဘေး-နာဘေးတွေ ထမ်းပြီး သံသရာကြီးထဲ လည်ချင်ပါ တယ်ဘုရား)၊ ငရဲနေလိုက်၊ နေ့ကန်းတော့ ပြိတ္တာဘုံနေလိုက်၊ အသူရကာယ်ဘုံနေလိုက်၊ နတ်ပြည်ရောက်လိုက်၊ ခုန်ချလိုက် ဟုတ်လား(မှန်ပါ) အိုခြင်းဆိုး၊ နာခြင်းဆိုး၊ သေခြင်းဆိုး တွေနဲ့ အဖန်ဖန်ကျင်လည်နေလေ၊ ကြေနပ်လေဘဲ၊ (မှန်ပါ) ဘယ် သူ ပါ လိမ့်( သမုဒယသစ္စာ ) သူ့ အ ကြောင်း က ဖြင့် နွားလဲ သတ်သေးတယ်၊ သရေပေါ် တော့မထိုင်ချင်ဘူးဆိုတဲ့ အသွားဘဲ၊သဘောကျပလား(မှန်ပါ) အတော်ဆိုးတဲ့တရားဗျ (ဆိုးပါတယ်ဘုရား)။

မဆိုးဘူးလား ဒကာဒကာမတို့ သေသေချာချာသိမှနော် (တင်ပါ)၊ မသိလျှင် ကိုထွန်းဦး ဒီ လောက် ခင် ဗျား တို့ မနွမ်းဘူး(မှန်ပါ)၊ အခုတော့ သိပလား.... (သိပါပြီဘုရား)၊ သူက ဘယ်သူ့ကြိုက်တာပါလိမ့် အိုဘေး၊နာဘေးတွေ ထမ်း ပြီး သံသရာကြီးထဲမှာ လည်တာမှ ကြိုက်တယ် (မှန်ပါ)၊ ဒါဖြင့် ခင်ဗျားတို့ ဒုက္ခ ပင်လယ်ဝေနေလေ သူ ပြုံးသား ကောင်းလေဘဲ(မှန်ပါဘုရား)။

ဘယ်လောက်ဆိုးတုံး.... (ဆိုးပါတယ်ဘုရား)၊ ခင်ဗျားတို့ ဒုက္ခပင်လယ်ဝေနေလေ သူကဘာတုံး....(ပြုံးလေပါဘုရား)၊ သူ့လက်ချက် မိပကောဗျ မမိသေးဘူးလား (မိပါပြီဘုရား)၊ အဲဒီတော့ နိဗ္ဗာန်ဘက် ထွက်ခွင့်ပေးသေးသလား (မပေးပါ ဘုရား)၊ သံသရာထဲမှာ အိုဘေး၊နာဘေး ထမ်း ပြီး နေကြ ဒါဘဲဗျသူ့သတ္တိကဘယ့်လောက်ဆိုးတုံး (ဆိုးပါတယ်ဘုရား)။

ဒါဖြင့် ထွက်ရပ်လမ်းကြီး မဂ်ခရီးကို တားဆီးနှောက်ယှက် ကန့်ကွက်တာဘယ်သူတုံးဆိုတာ ရှင်းပြအုံးမယ်၊ ခင်ဗျားတို့က သူဘယ်လောက် ကန့်ကွက်တယ်ဆိုတာ စဉ်းစားကြည့်တော့၊ အလှူလေး ဘာလေး ပေးလိုက်တယ်၊ ဆွမ်းကလေး ကွမ်းကလေး လောင်း လိုက် တယ်၊ ဆွမ်းကလေး ကွမ်းကလေး လောင်း၊ အလှူလေး ဘာလေးပေးလို့ ရှိလျှင်ဖြင့် နောက်ဘဝ ပေါမျိုးဘို့လုပ်နေ၁် နိဗ္ဗာန်ရောက်ကြောင်းတော့ မပါဘူး (မှန်ပါဘုရား)။

နောက်ဘဝ ပေါမျိုးဘို့ ကဲ....နိဗ္ဗာန်ဘက်ထွက်သွားမှာ စိုးတယ်၊ ဒီအထဲမှာပင် ဒါတွေ ဝဝစားပြီး မင်းသေချင်းဆိုး သေလို့ အပြောခိုင်းတာ(မှန်ပါ)၊ ဒီလို မခိုင်းဘူးလား ခိုင်း သလား(ခိုင်းပါတယ်ဘုရား)၊ အံ့မယ် ကြည့်စမ်း မင်းသည် ကားလို့ ဆိုလျှင်ဖြင့် ဆွမ်းကလေး လောင်းတယ်၊ ကွမ်းလေး လောင်းတယ်အစရှိသည်နဲ့ ဗုဒ္ဓဘာသာအတိုင်း ထုံးစံအတိုင်း ပေးကြ ကမ်းကြလို့ ရှိလျှင်ဖြင့် တခါထဲ ဒကာဒကာမတို့ နောက်ဘဝကို ရည်မှန်းတဲ့ သဘောလေးက ပါလာတယ်.... (မှန်ပါဘုရား)။

နောက်ဘဝ တပ်နှစ်သက်တာ ဘယ်သူပါလိမ့်ဆိုရင် သမုဒယတဏှာဘဲ(မှန်ပါ)၊ နောက်ဘဝကို တောင့်တခိုင်းတယ် (မှန်ပါဘုရား)၊ ဘဝဆုံးရာကို အသွားခိုင်းရဲ့လား (မခိုင်း ပါဘုရား)၊ ဘဝကိုတော့ တောင့်တခိုင်းတယ်၊ ဘဝဆုံးရာ ကြတော့....(မခိုင်းပါဘုရား)၊ လောဘကဒတာ တောင့်တ

တယ်၊ ဘဝဆုံးရာကျတော့ ကန့်ကွက်တယ်၊ ကန့်ကွက်တာ ဘယ်သူတုံး (သမုဒယပါဘုရား)၊ ဒါဖြင့် ဘဝဆုံးရာနိဗ္ဗာန်ဘဲ မဟုတ်ဘူးလားဗျာ၊ အဲဒါ ကန့်ကွက်ပါတယ်ဆိုကတည်းက မသေချာသေးဘူးလား ဦးချစ်ခ(သေချာပါတယ်ဘုရား)။

ဘာလေးလှလှ အခုအာနန္ဒာရာယ်ကင်းဘို့၊ အခု ဘေးရှင်းဘို့ ဆိုတော့ ဒီခန္ဓာကြီး ခင်လို့လုပ်တာ သဘောကျပလား.... (မှန်လှပါဘုရား)၊ ဒီခန္ဓာကိုယ် ခင်မှုနဲ့လုပ်၊ ဒီခန္ဓာလွတ်ငြိမ်း တဲ့ဆီကိုတော့ မလုပ်နဲ့ (မှန်ပါ)၊ သူ(သမုဒယ)ကပါတာ၊ မပါဘူးလား (ပါပါတယ်ဘုရား)။

ဒါဖြင့် သူသည် ဘာလုပ်တတ်သတုံး ... (မဂ်ခရီးကို ကန့် ကွက်တယ်ဘုရား)၊ အဲ... မဂ်ခရီးကို တားဆီးနှောက်ယှက် ကန့်ကွက်တယ် ဒကာဒကာမတွေ ရိပ်မိပလား(မှန်ပါ)၊ဒါဖြင့် သူသည် မဂ်ခရီးကို ဘာလုပ်တတ်တုံးဆိုလို့ရှိလျှင် ကန့်ကွက် တတ်တယ်ပေါ့၊ မဂ်ခရီးကို ကန့်ကွက်တယ်။

တဏှာသည် အရေးတကြီးကြုံလို့ရှိလျှင် သုဂတိကိုရောက် ချင်တဲ့စိတ်က အရင်လာသလား၊ နိဗ္ဗာန်ရောက်ချင်တဲ့စိတ်က အရင်လာသလားဆိုတာ ခင်ဗျားတို့ဘဲ တွေးကြည့်၊ မသိတဲ့ ပုဂ္ဂိုလ်မှာဖြင့် သုဂတိ ရောက်ချင်တယ်.... (မှန်ပါဘုရား)၊ မရောက်ချင်ဘူးလား(ရောက်ချင်ပါတယ်ဘုရား)၊ အဲဒီတော့ ဟိုဘက်က နိဗ္ဗာန်ဆိုတာကြီး ပါသေးရဲ့လား(မပါပါဘုရား) ဒါ–ဘယ်သူက ကန့်ကွက်လိုက်တာတုံး (တဏှာသမုဒယကပါ

သမုဒယတဏှာက ကန့်ကွက်လိုက်တဲ့အတွက် နိဗ္ဗာန်ရောက်သေးရဲ့လား (မရောက်ပါဘုရား)၊ ဘဝကောင်းစားရေးဘဲဖြစ်မသွားဘူးလား (ဖြစ်ပါတယ်ဘုရား)၊ ဘဝ ကောင်းစားရေး ဖြစ်သွားတော့ ဘဝအပြင်ဘက်မှာမှ နိဗ္ဗာန်ကရှိတယ်သဘောကျပလား (မှန်ပါဘုရား)၊ ဒါဖြင့် ဘယ်သူက ကန့်ကွက်ဘာပါလိမ့်.... (သမုဒယတဏှာကပါဘုရား)၊ သမုဒယတဏှာက ကန့်ကွက်တယ်ဆိုတာ ကြေနပ်ပလား.... (ကြေနပ်ပါပြီဘုရား)။

ကောင်းပြီဒါဖြင့်၊ တဏှာက ဝဋ်ကိုသာ ဖြစ်အောင်လုပ်ခိုင်းတယ်၊ ဝဋ်မှ ထွက်အောင် လုပ် ခိုင်း ရဲ့လား (မခိုင်းပါဘုရား) အတော်ဆိုးတဲ့တရားဘဲ၊ မဆိုးဘူးလား၊ ဆိုးသလား (ဆိုးပါတယ်ဘုရား) သေသေချာချာသိမှနော်၊ သူတို့ဓါတ်ကြောကို မ သိ လို့ ရှိ လျှင် ဖြင့်၊ ခင်ဗျားတို့က လှူရ၊ တမ်းရ၊ ပေးရ ကမ်းရတာတောင် သိလို့ သူမပါဘူးလို့ ထင်တယ်ဗျသူ (တဏှာသမုဒယ)ဟာ အမှန်တော့ မှန်မှန်ကြီး လိုက်တယ်မလိုက်ဘူးလား (လိုက်ပါတယ်ဘုရား)။

လိုက်တယ်တဲ့ လိုက်တယ် ဒကာဒကာမတို့....ဒီဘဝ၊ဒို့အခုဒို့စားနေရဘာဟာ နောက်ဘဝက ဒီလိုပြုခဲ့ စုခဲ့လို့ဟုတ်လားအဲဒီတော့ အဟောင်းစားမဖြစ်ရအောင်၊ အသစ်ကိုလဲမျိုးကြဲနောက် ဘ ဝ စားရအောင် ဆိုတာ ပါပြီးသား ဖြစ်နေတယ် (မှန်ပါ) နိဗ္ဗာန်ကိုမပါဘူး (မှန်ပါ) နောက်ဘဝ စားဘို့သာပါတယ်၊ ဘဝများစွာစားဘို့၊ အဲဒီလို ဘဝမှုမှုးစွာစားဘို့ကို

သူက ကန့်သတ်လိုက်သဖြင့် နိဗ္ဗာန်ဆိုတာဟာ မရောက်တော့ပါဘူး.... ဦးချစ်ခ ရောက်သေးရဲ့လား(မရောက်ပါဘုရား)။

ဘဝအကြိမ်ကြိမ် သူကစားချင် သောက်ချင်တာကို(တင်ပါး) ကြီးပွါးချင်တယ်၊ သူဌေး သူကြွယ် ဖြစ်ချင်တယ်၊ ဒီလို ဆိုလို့ရှိလျှင် ဒကာဒကာမတို့ ဘယ်သူ့ သတ္တိလို့ ဆိုကြမလဲ (သမုဒယသတ္တိပါဘုရား)။

ဒါဖြင့် ဘယ်သူ့ ကန့်ကွက်သတုံးဆိုရင် နိဗ္ဗာန် မဂ်ခရီးကို ကန့်ကွက်တယ်(မှန်ပါ့) မဂ်ခရီးလမ်း ကန့်ကွက်တယ်၊ နိဗ္ဗာန် ကန့်ကွက်တယ်၊ မကန့်ကွက်ဘူးလား (ကန့်ကွက် ပါတယ် ဘုရား) ခင်ဗျားတို့လုပ်ကြည့် သူ့ပါတာလေးဟာ အတော် နည်းတယ်နော် ဦးဘအုန်း မဟုတ်ဘူးလား (ဟုတ်ပါတယ် ဘုရား)။

ဒီဘဝ သားသမီးများနည်းလို့၊ နောက်ဘဝ ကျလို့ရှိလျှင် ခြွေရံ ပရိတ်သတ်များအောင် ကိုယ်လဲလှူ၊ အိမ်နီးချင်းလဲ ထည့်ဟာ၊ လာသေးတာဘဲ၊ ကိုယ်လဲ ကျိုးစားပြီး များ များ ထည့်၊ အိမ်နီးချင်းလဲ များများ ထည့်ပါစေ၊ ဒါမှကိုယ့် နောက်ဘဝ၊ အခြွေအရံ များမယ်ဆိုတာ၊ နောက်ဘဝတော့ မပါဘဲနေသေးသလား၊ ပါသေးတယ်မဟုတ်လား၊ ကိုယ်ချည့် လုပ်လို့ရှိလျှင် တကောင်ကြွက် ဥတလုံး ဖြစ်တတ်တယ် ဟုတ်လား အခြွေ အရံ နည်း တတ် တယ် တဲ့၊ သဘောကျပလား၊ ဘယ်သူ့ကို ကြည့်ပါလား ပစ္စည်းလဲပေါ အခြွေအရံလဲပေါ ကိုယ့်ကြည့်ပါလား အခုဘယ့်နယ် ဖြစ်နေတုံး အဲဒီတော့

နောက်လူလို့ ရှိလျှင်ဖြင့်၊ နောက်ဒီလိုမလုပ်ဘူး ဆိုပြီးသကာလ ချွေရံသင်းပင်းပေါ်တို့ ဆိုကတည်းက နိဗ္ဗာန် ပါသေးရဲ့လား (မပါပါဘုရား)။

ဘယ်လောက်ဆိုးတုံး ဒါဘယ်သူကဟောသတုံး (သမုဒယ သစ္စာပါဘုရား) ဒါဖြင့်သူသည် မင်္ဂကို ကန့်ကွက်တာ ဟုတ်ပါ ရဲ့လား (ဟုတ်ပါတယ်ဘုရား) နိဗ္ဗာန်ရော(ကန့်ကွက်ပါတယ် ဘုရား) အဲ....ခင်ဗျားတို့ကသာ မသိလိုက်တယ်၊ အလှူ·တလှူ တော့ပြီးသွားလို့ သာပြီးသွားတယ် နိဗ္ဗာန်မပါဘူး(မှန်ပါ့)။

ကန့်ကွက်တဲ့လူနဲ့ဘဲ ခင်ဗျားတို့သည်၊ တင်းတိမ်လိုက်ရ တာဘဲ၊ သဘောကျပလား (မှန်ပါ့)ဒါဖြင့် အလှူတခါ၊ တခါ လှူတိုင်း၊ လှူတိုင်း၊ စဉ်းစားကြည့် ကိုထွန်းဦးရ၊ ဝဠ်ကထွက် အောင် လှူတဲ့အလှူ၊ အတော် ရှားလိမ့်မယ် မရှားဘူးလား၊ ရှားသလား၊ (ရှားပါတယ်ဘုရား)။

လူတထောင်တသောင်း လျှောက်ကြည့်ရင် ဘဝကောင်း စားရေး ပါမပါ (ပါပါတယ်ဘုရား)၊ ပါတယ်လို့ ဆိုသဖြင့် ဒါဘယ်သူဝင်ပြီး နှောင့်ရှက်တယ်ဆိုတာကော ရိပ်မိပလား (ရိပ်မိပါပြီဘုရား)၊ ဘယ်သူဝင်ပြီး ကန့်ကွက်တယ်ဆိုတာ ကော (ရိပ်မိပါဘုရား)ခင်ဗျားတို့စဉ်းစားကြည့်ပါ၊ သားလေး သမီးလေးတွေရှိတယ်၊ သမီးကသီလရင် ဝတ်သွားမယ်၊ သားက ရဟန်းခံ သွားမယ်ဆိုလျှင်၊အမေလုပ်တဲ့ ပုဂ္ဂိုလ်ကကော နေနိုင် လျှင် ကောင်းပါရဲ့လို့ မပြောဘူးလား(ပြောမှာပါဘုရား)။

ဟင် နေနိုင်လျှင်ကောင်းပါရဲ့ ဆိုတာ ကန့်ကွက်တော့မလို့ မလာ ဘူးလား လာသလား ( လာပါတယ်ဘုရား ) သူတို့က ထွက်ရပ်လမ်း သွားမှာကိုဗျ (မှန်ပါ့) ထွက်ရပ်လမ်း သွားမှာ တောင်မှ ခင်ဗျားတို့က ကျေကျေနပ်နပ် လွှတ်ပါသလား ဟုတ်လား နေနိုင်လျှင် ကောင်းပါရဲ့ မနေနိုင်လို့ ရှိလျှင်ဖြင့် ချောက်ကျ နေမှာလဲ စိုးရတယ် ဆိုပြီး သကာလ၊ နေသ၍ အမြတ်ဘဲလို့တော့ မလာဘူးနော် လာသလား (မလာပါ ဘုရား)။

နေသ၍ အမြတ်ဘဲလို့မလာဘူး၊ ကိုယ့်မျက်စေ့အောက် မှာ အလကားနေရင်း ချောက်ကျနေမှန်းမသိတော့ ကောင်း တဲ့ လမ်းတော့သွားတာဘဲ၊ စဉ်းစားအုံးလေ၊ သုံးလလောက် စဉ်းစားပါအုံး၊ လေးလလောက် စဉ်းစားပါအုံး၊ အို-နာ-သေ ရေးတော့ ထည့်မစဉ်းစားဘူး.... အဲဒါ ဘယ်သူက ကန့်ကွက် တာတုံး (သမုဒယပါဘုရား)။

သူတို့ကို ခင်တာကိုဗျ၊ သူတို့ လူလားမြောက်စေချင်လို့ လူချင်းတူတူ နေစေချင်တာကိုး၊ နိဗ္ဗာန်တော့ မသွားစေချင် ဘူး....၊ ရိပ်မိပလား(မှန်ပါ့) ဘာနှင့်တူတူ နေစေချင်တာတုံး (လူချင်းတူတူ နေစေချင်တာပါဘုရား)။

လူချင်းတူတူဆိုတော့၊ အပါယ်သွားတော့ အဖေါ်ရတာ ပေါ့(မှန်ပါ့) ဒီလိုကျမနေဘူးလား၊ အဲဒီတော့ ခင်ဗျားတို့ ပုံစံကိုက ခက်နေတာ ကိုထွန်းဦးရ၊ (မှန်ပါ့) လူချင်းတူတူ သူချင်းမျှမျှ တော်တော်ကြာ ဖြစ်မှာ မဟုတ်ဘူး၊ ဟိုဘက်

ရောက်သွားရင် တော်တော်ကြာ ချောက်ကျနေမှာ ဆိုတော့ ခင်ဗျားတို့သည်ကားလို့ ဆိုလို့ရှိလျှင် ထွက်သ၍ ချောက်ကျမှာလား၊ ကျေးဇူး များမှာလားဆိုတာ မေးကြည့်ပါ ( ထွက်သ၍ ကျေးဇူးများပါတယ်ဘုရား)။

သို့သော် ခင်ဗျားတို့ ကျေနပ်ပါရဲ့လား (မကျေနပ်ပါဘုရား) ဘာလို့ မကျေနပ်တာတုံး (လူချင်းမတူမှာစိုးလို့ပါဘုရား) လူချင်းမတူမှာစိုးလို့ သူများ အကုသိုလ် လုပ်လျှင် လုပ် ဟုတ်ပလား၊ သူများအပါယ်သွားလျှင်သွား၊ ဒီလိုကိုဗျ၊ ဒါ အတွေးဉာဏ်ကိုဗျ၊ ကဲဒါ မဟုတ်ဘူးလား၊ ဟုတ်သလား တွေးကြည့်ပါ (ဟုတ်ပါတယ်ဘုရား)။

လူ့အလုပ် အကုန် လုပ်ရမှာကိုဗျ (မှန်ပါ) လူ့အသွား ဆိုတာ အရည် ကျို သောက် ရမယ် မသောက်ရပေဘူးလား (သောက်ရမှာပါဘုရား)မဟုတ်ဘဲနဲ့လောကွတ်ပြုငါတွေက မများရပေဘူးလား၊ ပရိယာယ်မာယာတွေကကော(များရပါတယ်ဘုရား)။

ဟန်ကိုယ့်ဘို့ ဆိုတာတွေကလဲ နည်းတာတွေ မဟုတ်ဘူး (မှန်ပါ့) အဲဒါတွေနဲ့လုပ်ရတဲ့အခါကြတော့၊ အဲဒီလိုပရိယာယ် မာယာတွေ နားမလည်ပေဘူး၊ တော်တော်ကြာ ဘုန်းကြီး လူထွက် ရဟန်းလူထွက် ဖြစ်လာလို့ ရှိလျှင် အဲဒီလို လူချင်း မတူမှာစိုးရိမ်လို့ မသွားနဲ့ဟုတ်ပလား (မှန်ပါ့) ဒါကြောင့် ခင်ဗျားတို့သည် ဓမ္မပဒပါဠိတော်မှာ တဏှာဟာ အမိနဲ့ တူတယ်လို့ မှတ်ထားလိုက်စမ်းပါ၊ အဝိဇ္ဇာက အဘနဲ့တူတယ် (မှန်ပါ့) တဏှာကဘာနဲ့တူသတုံး(အမိနဲ့တူတယ်ဘုရား)။

အချော့ကောင်းလို့၊ အမိက သားသမီးများ ပျော်အောင် မချော့နိုင်ဘူးလား ချော့နိုင်သလား၊ဟိုအရုပ်ကလေးခေါက်ပြ ဘာကလေးကျွေးတော့မလိုလို မဟုတ်ဘူးလား(မှန်ပါ့) ဒါမှ သားလေး သမီးလေးတွေ အငိုမတိတ်ရဘူးလား (တိတ်ရပါ တယ်ဘုရား)။

အငိုတိတ်ရတဲ့အခါကျတော့ အမိကအချော့ကောင်းတယ် လို့ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား) ကောင်းပြီ ခင် ဗျားတို့ တ ဏှာ က လဲ အင် မ တန် အ ချော့ ကောင်း တယ်၊ ခင်ဗျားတို့သဏ္ဍာန်မှာရှိတဲ့ မိခင်ကြီးက တဏှာသမုဒယသစ္စာ ပါဘဲ (မှန်ပါ့) သမုဒယသစ္စာက ကျောင်းကန်ဘုရား သွားရ မယ်လို့ ဆိုလို့ရှိလျှင်ဖြင့် ချော့ထားတယ် မဟုတ်ဘူးလား.... ရက်ရှည်လေး စောင့်မှ သွားပါလားတဲ့၊ ခက်တယ် လာပြီကွ မသွားနဲ့လို့လဲ မဆိုဘူး၊ သွားလို့ကော ဆိုသလား(မဆိုပါ ဘုရား)။

ရက်ရှည်လေး စောင့်နိုင်မှ သွားပါတဲ့၊ ဒီနောက်ပိုင်းလေး လုံတော့၊သာမကောင်းဘူးလားတဲ့ နောက်ပိုင်းကဘယ်တော့မှ မလုံဘူး၊ နောက်ပိုင်းက ဘယ်တော့ လုံသေးတယ်လို့ရှိတုံး.... ရှိသလား(မရှိပါဘုရား) ရက်ရှည်စောင့်နိုင်မှ သွားတာပေါ့ နောက်ပိုင်း စိတ်ချရမှဆိုတော့ နဂိုရ်ကမှ ငါ ငါ့ဥစ္စာ မပြုတ် တော့ နောက်ပိုင်းဘယ်တော့ စိတ်ချရမလဲ(မချရပါဘုရား)။

မချတော့ သွားဖြစ်သေးရဲ့လား (မသွားဖြစ်ပါဘုရား) မသွားဖြစ်တဲ့အခါ ဘယ်သူက ကန့်ကွက်တာတုံး(သမုဒယပါ ဘုရား) ဒါဖြင့် ထွက်ရပ်လမ်းကို ကန့်ကွက်တာ ဟုတ်ပါရဲ့ လား (ဟုတ်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတွေ ကျောင်းနဲ့ဝေး၊ ဘုရားနဲ့ဝေး တရားနဲ့ဝေး၊ အလုပ်တရားတွေနဲ့ ဝေးတာသည် ဘယ်သူ့ လက်ချက် မိတာတုံး (သမုဒယပါဘုရား) အဲဒီလို ချော့ထား လို့ရှိလျှင် ခင်ဗျားတို့က ပျော့ပြီးသကာလ နေတာဘဲ၊ မဆို ထိုက်ဘူးလား ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား)။

ချော့ထားတာမှ၊ ဟောဒီကုန်တွေက ခေတ်စားနေတယ် ဒီကုန်တွေက ဒီအချိန်ဘဲ တွင်ကျယ်နေတယ်၊ ဒါလေးပြီးမှ သွားတာပေါ့၊နောက်တော့ ဟိုဟာလုည့်ရှာပြန်တော့၊ ဟိုဟာ လေးပြီးမှ ရောက်တော့ခါ၊ အကြောင်းမညီညွတ်လို့ ကြွေး တင်တော့ ဒီကြွေးလေးကြေမှ ဒီလို ချော့ ထား တာ ကို ဗျ ဘယ်တော့များ ထွက်ခွင့်ပေးသေးတုံး(မပေးပါဘုရား)။

ရောင်း ကောင်း ပြန် တော့.... ကောင်း လို့ ဆိုင်း ပါ အုံး၊ အရောင်း အဝ ယ်ပျက်နေတော့ ပျက်နေလို့ နေရာမကျသေး ဘူး ဆိုင်းပါအုံး ထွက်ရပ်လမ်းကို ပါသေးသလား (မပါပါ ဘုရား) ပိလျှင်လဲသေရော့ အဲဒီနေရာမယ် ဝပ်ပြားပြီး၊ ဝန်ပိ သွေလို့ရှိလျှင် သူ့အကြိုက် တရားအားထုတ်ဘို့ ထွက်သွား မှာတော့ဖြင့် သူကအလွန်စိုးရိမ်တယ်၊ (မှန်ပါ) သူဘယ်နည်း နဲ့မှ၊ သဘောမတူဘူး၊ ဒါဖြင့် သမုဒယသစ္စာသည် ထွက်ရပ် လမ်းကို ကန့်ကွက်တယ်ဆိုတာ ကျေနပ်ပလား (ကျေနပ်ပါ တယ်ဘုရား)။

ဘယ်လောက် ကန့်ကွက်တိုးဗျာ အတော်ကို ကန့်ကွက်ပါတယ်၊ ဒါကြောင့် ဖြေးဖြေးတော့ ရောက်ပါလိမ့်မယ်၊ သူများသာစု ခေါ်လောက်အောင် ပြောသေးတယ် (မှန်ပါ) ရှေ့တော့ ရောက်ပါလိမ့်မယ် အရွယ်လေးက ရှိပါသေးတယ် မလာဘူးလား လာသလား (လာပါဘုရား)။

ဒီကြားမရောက်နိုင်ဘူးဆိုတော့၊ စိတ်ဆိုတာတော့ ခင်ဗျားတို့ သူသွားချင်တဲ့ဆီ သွားနေတာ၊ ရောက်ချင်တဲ့ဆီရောက်တာ ဒါ လောကွတ် လုပ်နေဘို့ မလိုဘူး၊ သဘောကျပလား (တင်ပါ၊)ကိုချစ်ခများ စောင်းပြောတယ် အောင့်မေ့မနေနဲ့ (မှန်ပါ) သူက စိတ်တင်ရောက်တဲ့လူကိုဗျ၊ အလုပ်မရောက်ဘူးကိုင်းဒါဖြင့် ဒကာဒကာမတို့.... စိတ်ရောက်ပေမဲ့လဲ ကျန်တဲ့ရုပ်နာမ်က မရောက်ပေဘူး၊ သဘောကျပလား(မှန်ပါ) အဲဒီကန့်ကွက်ထားတာ ဘယ်သူတဲ့တိုး(သမုဒယပါဘုရား)။

သမုဒယဆိုသဖြင့် ခင်ဗျားတို့ သမုဒယပိတ်ပင်ကြောင်းကို ကောင်း ကောင်း သိရောပေါ့ ( သိပါဘုရား ) သိတော့ကိုတဲ့ ပိတ်ပင်တာက သမုဒယ၊ ရရှိတာက ဒုက္ခမျိုးစုံ ဖြစ်မနေဘူးလား ကိုထွန်းဦး(မှန်ပါဘုရား)။

ရရှိတာက ဒုက္ခမျိုးစုံ ဖြစ်နေတော့ကိုတဲ့ ခင်ဗျားတို့ ယခု ရရှိထားကြတဲ့.... ဒုက္ခမျိုးစုံသည်ကား ဆိုလို့ရှိရင်၊ သမုဒယ လက်သယ်ဘဲ ဆိုတာ ပေါ်မလာဘူးလား (ပေါ်လာပါတယ် ဘုရား)။

လက်သယ်ပေါ်လာတော့ကိုတဲ့ လက်ရှိဒုက္ခမျိုးစုံမှ၊ ထွက်မြောက်လိုပါက လက်သယ်အကြောင်း သမုဒယ သတ်လိုက်ပေါ့ .. မ သတ် သင့် ဘူး လား ( မှန် ပါ ) သတ် သင့် တော့ အကြောင်း သမုဒယ ဖြစ်ပျက်ရှုပေး၊(မှန်ပါ) ဖြစ်ပျက်ရှုပေးတော့ အကြောင်း သမုဒယကြောင့် လာရသော အကျိုးဒုက္ခမျိုး လာအုံးမလား (မလာတော့ပါဘုရား)။

မလာတော့ကို ဒုက္ခချုပ်တာဘဲ၊ ဒုက္ခချုပ်တော့၊ ဒုက္ခနိရောဓေါ နိဗ္ဗာန်ဘဲ မဆိုသင့်ဘူးလား ( ဆိုသင့်ပါဘုရား ) ဩော်.... ဆိုသင့်တော့ ... ဒါဖြင့် ပိတ်ပင်တာက သမုဒယပိတ်ပင်လို့ ရရှိတာကဒုက္ခ၊ ရှုတာကမဂ္ဂ၊ ရှုရှုပေးတော့ ဒုက္ခမျိုးစုံ မလာနိုင်တော့တာက နိရောဓဘဲမှတ်၊ သဘောကျပလား (ကျပါဘုရား) ကျလို့ရှိရင် သည်ထိအောင်အားထုတ်သမုဒယရှုပေးလို့ ဒုက္ခမျိုးစုံ မလာနိုင်လို့ရှိရင် လိုအပ်ချက်ရောက်ပြီလို့မှတ် (မှန်ပါဘုရား)။

ကိုင်း ယနေ့ တော် ကြ ဦး စို့ ....၊

(သာဓု.... သာဓု.... သာဓု....)

ဤတွင်အမှတ်စဉ် (၁) ပြီးဆုံးပါပြီ။

( မှတ်ချက် )

( မှတ်ချက် )

# ပြင်ဆင်ဖတ်ရှုပါရန်၊

| မျက်နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၃၃၄ | ၁၄ | ဘာဝဏာ | ဘာဝနာ |
| ၃၃၃ | ၂၃ | မိစ္ဆာဒိဋ္ဌိ | မိစ္ဆာတိတ္ထိ |
| ၃၃၈ | ၂ | မိစ္ဆာဒိဋ္ဌိ | မိစ္ဆာတိတ္ထိ |
| ၃၈၂ | ၃ | သယ်လို့ရှိရင် | သတ်လို့ရှိရင် |
| ၃၉၈ | ၁၁ | မသ္မိ | အသ္မိ |
| ၄၀၀ | ၁၀ | သမုဒယေ | သမုခေ |
| ၄၀၂ | ၂ | နိဗ္ဗာန်တော့ပါပြီး | |
| ၄၀၃ | ၃ | အထင်သာ | အထင်ပါ |
| ၄၁၁ | ၆ | ငုက်နေတဲ့မီး | ငုတ်နေတဲ့မီး |
| ၄၂၀ | ၉ | ပြောရတော့မယ် | သိမ်းရတော့မယ် |
| ၄၂၀ | ၁၁ | နိဋ္ဌာနဋ္ဌော | နိဒါနဋ္ဌော |
| ၄၂၅ | ၁၄ | ဒီလောအရိပ်က | ဒီလောဘအရိပ်က |
| ၄၂၆ | ၅ | ပြောတာပြော | ပြောသာပြော |
| ၄၆၆ | ၂၀ | နှစ်ကြည့် | နှစ်ချည်း |
| ၄၈၆ | ၁၉ | သုတ္တနိပါတ် | သုတ္တနိပါတ် ပါဠိတော် |
| ၄၈၇ | ၁၂ | အပ္တာနုဒိဋ္ဌိ | အတ္တာနုဒိဋ္ဌိံ |
| ၄၈၈ | ၁၆ | မဍ္ဍု | မစ္စု |
| ၅၀၃ | ၆ | အဝက္ခ | အဝေက္ခ |
| ၅၀၃ | ၈ | အဝက္ခန္တိံ | အဝေက္ခန္တိံ |
| ၄၆၃ | ၄ | မခွဲပါနဲ့ | မစွဲပါနဲ့ |

# ပြင်ဆင်ဖတ်ရှုပါရန်၊

| မျက်နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၈၇ | ၁၁ | ခယောဘိက္ခု အနိစ္စတော | ခယာဘိက္ခုဝေ နိစ္စာတော |
| ၂၄၆ | ၁၉ | သုတံသုတ | သစ္စသံယုတ်မှာ |
| ၂၄၇ | ၁၂၊၁၅ | မဏ္ဍု | မစ္စု |
| ၂၈၂ | ၁၄ | အနိကန္တိဏာ | ဘဝနိကန္တိက |
| ၂၈၉ | ၁၄ | သုတ္တန်နိပါတ် | ဥဒါန်းပါဠိတော် |
| ၂၉၂ | ၇ | ပဋိဝိဇ္ဈာ | ပဋိဝိဒ္ဓါ |
| ၂၉၅ | ၂ | ရေလေးလျှတော် | ရေလေးလျှတော့ |
| ၂၉၅ | ၂ | သူတော့ကောင်း | သူတော်ကောင်း |
| ၃၀၇ | ၁၆၊၁၇ | ပဋိဝိဇ္ဈာ | ဗဋိဝိဒ္ဓါ |
| ၃၁၇ | ၆ | သဒ္ဓါဆန္ဒနဲ့ | သမ္မာဆန္ဒနဲ့ |
| ၃၂၉ | ၇ | ဝိဘက်ကတော့ | ဝိထိကတော့ |
| ၃၃၇ | ၂၀ | (သူကအကြောင်းရှိလို့၊ အမှား) | (လောကီမဂ်က အကြောင်းတိုက်ဆိုင်လို့ အမှန်) |
| ၃၃၇ | ၂၁ | ဝိစိကိစ္ဆာတော့ | ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကတော့ |
| ၃၃၉ | ၂ | (လူတယောက်၏ အသက်သည် ဒီ ဖြစ်စိတ်သာ ကြည့်ရမယ်၊ အမှား) | (လူတယောက်ဟာ စိတ်တစိတ်နဲ့သာ အသက်ရှင်တာယ်၊ အမှန်) |

# နိဂုံးစကား

ဤစာအုပ်တွင် ဒုက္ခသစ္စာအနက် လေး(၄)ချက်၊ သမုဒယသစ္စာအနက် လေး (၄) ချက်၊ ပေါင်း ရှစ် (၈) ချက်ဖြင့် အပိုင်း(၁)ပိုင်းခွဲကာ၊ အဆုံးသတ်ရပေတော့ပြီ။

နိရောဓသစ္စာ အနက် လေး (၄) ချက်၊ မဂ္ဂသစ္စာအနက် လေး(၄)ချက်ကို၊ (သစ္စာအနက် တဆယ့်ခြောက်ချက်) အမှတ်(၂) ဖြင့် ဒုတိယတွဲ မကြာမီထုတ်ဝေရန် အဆင်သင့်ဖြစ်ပါပြီ၊

ကျေးဇူးတော်ရှင် မိုးကုတ် ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ မူရင်း အမှန်ကို မကြာမီထုတ်ဝေပါမည်၊

ကျွန်တော်များ ဆရာတော်ဘုရားကြီး၏ တပည့်များပေါင်းတို့၊ ဝိမဿနာပြန့်ပွါးရေးအဖွဲ့မှ စေတနာ-သဒ္ဒါ-ဆန္ဒ အဓိက ရည်ရွယ်ချက်မှာ—

၁။ ခန္ဓာဥာဏ်ရောက် တရားတော်များကို လေးနက်စွာ ကြည့်ရှုမှတ်သား စေလိုခြင်း။

၂။ ကြည့်ရှုလေ့လာမှတ်သားပြီးလျှင် လေးလေး နက်နက် ထိရောက်စွာ ကျင့်ကြံအားထုတ်စေလိုခြင်း။

၃။ ကျင့်ကြံ အားထုတ်သဖြင့် ရရှိအပ်သော ဓမ္မရသ ဓမ္မသြဇာ၊ တရားအရသာများကို၊ ကိုယ်တိုင်ကိုယ်ကျ သုံးဆောင်ခံစားနိုင်ကြ စေလိုခြင်းပင်ဖြစ်ရာ၊

မည်သူမဆို ခန္ဓာဥာဏ်ရောက် တရားတော်များကို၊ လေ့လာ ကြည့်ရှုမှတ်သား ကျင့်ကြံအားထုတ်ပါက၊ တရားတော်၏ အရသာ ခံစားရမည်မှာ မလွဲပါ၊

မိမိတို့၏ ခန္ဓာက အမြဲပြနေသည်မှာ ဒုက္ခသစ္စာ တရားတွေသာ ပြသနေခြင်း ဖြစ်သော်လည်း၊ သမ္မုတိအသိမျိုး၊ စာဘတ်၍ သိသည့် အသိမျိုး၊ သူတကာ ပြောသံ ကြားသည့် အသိမျိုးတွေဖြင့် တရားရဲ့အရသာ ခံစားနိုင်ဘူး ဝေးနေတော့ ထိုး ထိုး ထွင်း ထွင်း ပိုင် ပိုင် နိုင် နိုင် သစ္စာ တရားကို ပိုင်းခြားနိုင်ရန် (သစ္စာအနက်တဆယ့်ခြောက်ချက်) အမှတ်စဉ်(၂)ဒုတိယတွဲကို စောင့်မျှော်ရန် သတိပေးအပ်ပါသည်။

ကျော်သိန်း

6-12-67